
www.burmeseclassic.com

# နက္ခတ္တကျောင်းမြည်




www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ... ဒို့အရေး

19 OCT 2014

# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်













လောကီပညာရသစုံမဂ္ဂဇင်း

F.1A. December, 2014.

www.burmeseclassic.com

# နှလုံးလှကျောင်းသားဂျာနယ်



ရှဲလေးရုံကျောင်းတော်ရာ စေတီလေးဆူဝင် ယောသိတာရုံစေတီတော်ကြီး၏ ရာဟုထောင့်အောင်မြေ ကျောက်ပေါ်အောက်တွင်...
● စာ-၁၃


နာယကကြီး

ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်သွေး
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း၊
တာဝန်ခံစာတည်း
ဓမ္မဒေဝ
နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ကိုမိုးဆန်း၊
သန်းထွန်း(ဘားအံ)
ပါဠိ အယ်ဒီတာ
✻ ဦးစံတင့်
(ဝေဒနိကာယကောဝိဒ၊ဝိနယရေး၊ဓမ္မာစရိယ)
✻ ဦးသန်းအောင်ရွှေ
[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)
ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ
(နိကာယဝိပုလ)]
ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)
ပန်းချီဖိုးပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်
မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်
ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ
ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း
အတွင်းဖလင်
ပါရမီ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၁၃၄၇၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊တိုက်၊
၂၃၃၊ ၂၉ လမ်း ရန်ကုန်မြို့၊
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊
ရန်ကုန်မြို့၊
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကယားဖြန့်ချိရေး
မိလျှံနာစာပေ (တောင်ကြီး)
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့၊
ဖ- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး – ကိုတင်မောင်ရွှေ
မင်္ဂလာ မီးမွှားရေးကြော်ငြာလုပ်ငန်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ
အမှတ် ၃၄၁
အုပ်ရေ
၁၀၀၀
ဖ-၀၁ ၂၄၂၂၈၄




F.1B. December, 2014.

www.burmeseclassic.com



အလိုဓော်ပေါက်ဘုရားကြီး၏ ထံတောင်ဆင်
အနောက်ဘက်အတွင်း ရှေးဟောင်းစေတီရှိရာ
အပေါက်ကို ထူးခြားစွာ တွေ့ရသည်... ➡ စာ-၁၁၃

မင်းဝံတောင်ရိုး မိုးညှင်းချောင်ကုန်းတော်
ရွှေမင်းဝံစေတီတော်၏ အောင်မြေနေရာမှ
ရေကန်တော်ကို... ➡ စာ-၉၂




### တွေ့ဆုံခြင်းရောင်ခြည်

ဟသ်ာတမြို့နယ် ရွှေပြည်စံ တိုင်းရင်းဆေးကုခန်းမှ
ဆရာမဒေါ်စံပယ်(တဆ-၆၂၈၈)နှင့် တွေ့ဆုံခြင်း
[ဦးခင်မောင်သန်း–အ.မ.က၊ ပခန်းတန်း] ၁၇၃
တိမ်လိုက်အပ်နှင့် ကုသသော ရှေးမိုးမျက်စိကုပညာ
[သူရမင်းနိုင်–ဖျာပုံ] ၂၁၁

### ပညာပေးရောင်ခြည်

တရုတ်ကြီးထုံးပညာ (၉၆) [ဟွာကျင်းဇီ] ၁၅၇
သင်္ကေတများ၏ ဘာသာစကား (၄၁) ၂၀၆

### လက္ခဏာရောင်ခြည်

အမေးရှိ၍ အဖြေရှိခဲ့ရပါသည်
[ဆရာဦးခင်မောင်လင်း–B.Sc၊ ရွှေဘို] ၆၂
လက္ခဏာပဟေဠိ အဖြေညီကြစို့ ၈၆
ဖအိမ်မဲမြို့ ကျုံတိုင်းမင်းကျောင်းဆရာတော်
ဘဒ္ဒန္တဥတ္တမထေရ်၏ လက္ခဏာတော် [သန်းပညာ] ၁၅၃
မဟာဘွဲ့ပညာရေးနှင့် လက္ခဏာပညာ
[ဆရာကြီးဦးအောင်မြင့်–ဥပဒေဘွဲ့] ၁၈၈

### လမ်းညွှန်ရောင်ခြည်

နှံ့လေး၍ ကျောင်းတော်ရာ စေတီလေးဆူ
ပုဒ်မှခနီးစဉ်(၁) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၉
မသိသူကျော်သွား သိသူလာသွားတဲ့
နာဂရာမြှောင်ဘုရားများ [အောင်နုတင်–မုံရွာ] ၃၃
သာသနာ့ဂုဏ်ဆောင် မြကင်းတောင်နှင့်
မြကင်းတောင်ဆရာတော်ကြီး [အင်ကြင်းပန်း] ၁၂၁
ကောင်းမှုတော်ဘုရားနှင့် မေတ္တာကန် [ခင်ထွန်း] ၁၂၉

### အထူးဆောင်းပါးရောင်ခြည်

ရွှေတောင်နယ်မှ ရဟန္တာ(၈၀)သိမ်များ
လော့လာပူဇော်မှုခရီး(၁) [ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၁၇
ကရင်တိုင်းရင်းသား ပုဂ္ဂိုလ်ထူး ဘိုးပိုက်ဆံ၏ဘဝခရီး
[ပြည့်ဖြိုးဝေ–လှိုင်ကော်] ၄၁
ဗောဓိတထောင် သာသနာမြေနှင့် ဗောဓိတထောင်
ဆရာတော် ဦးနာရဒ၏ ဘဝပုံရိပ်များ(၆) [စံထွန်းသာ] [illegible]
ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့ဟောင်းဆီသို့(၆)
[အောင်ဇ–L.C.B] ၁၀၅
အင်းခရုစေတီများနှင့် တရားအသိထူး [ခွန်မိုင်းဝမ်း] ၁၆၉

www.burmeseclassic.com

## ✌ ကိုယ်တွေ့ရောင်ခြည် ✌

ဆေးဂိုဏ်းဝင် အမှတ်တရဖြစ်စဉ်နှင့်
သိဒ္ဓိဆေးအစီအရင် [အောင်မြင့်မြတ်-ကလေး] ၁၉၀
ဂန္ဓာရီအဘိုးပုနှင့် အဆိပ်ပြီးကျင့်စဉ်
[မျိုးတင့်-ညောင်လေးပင်] ၂၁၄
စုန်းကဝေ ဟူသည်မှာ [ဝင့်ဝင့်အောင်-ခေတ္တ၊ ဟားခါး] ၂၃၃
သံသရာတစ်ကွေ့ တွေ့ကြရာဝယ်
[ပန်းတနော်-နောင်လတ်] ၂၃၇
ကိုယ်တွေ့ အစွမ်းထက်သော ဆေးတောင့်
[ဦးသန်းစိုး-ချောင်းနက်] ၂၄၁

## ✻ အပျင်းဖြေရောင်ခြည် ✻


ဆင်းစီးမြင်းရံဘုရားမှာ ဆုပန်ပါ [ဦးကိုဦး] ၇၁
ပြိုဟ်စောင့်နတ်မင်းကြီးများနှင့် မိတ်ဖွဲ့လို့ထားပါ
[အောင်နန္ဒ-ကျိုက်လတ်] ၁၄၈
သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)၏
မန္တလေးရောက်လျှင် အမိဋ္ဌာန်ဝင်ပါ
[သန်းခေါင်-ပညာရေး] ၁၅၅
ပဋ္ဌာန်းစကြာ [ကသာ သင်းမွှေး] ၁၆၁
ဗုဒ္ဓလေးဆူ အောင်တော်မူကျင့်စဉ်
[အောင်ရွှေမြတ်-စစ်ကိုင်းတောင်] ၂၀၁
အထွတ်အထိပ်ရောက် အောင်မြင်စေသည့် ကျင့်စဉ်
[ခရီးသည် သုတေသီ] ၂၄၈

## ● အမီအရင်ရောင်ခြည် ●

မြွေထုံကူးတွေ့လျှင် စီရင်နည်း [ဦးစိန်-တိုးချောင်ကြီး] ၁၅
ပေါက်နှစ်နှင့် အစီအရင်[ရွှေဖြူး စောလွှမ်းနိုင်-ဖြူးမြို့] ၁၀၉
သက်ရောက်အလိုက် ယတြာချေနည်း
[မောင်ဗဟိန်း-အင်းတော်] ၁၁၁
ဒိမ်ထောင်ရေး အေးချမ်းစေ [ကောင်းသုခ] ၁၆၆
ကျွန်တော်နှင့် လိပ်ပြာကက်တင်း တိုက်ဆိုင်ခြင်းများစွာ
[ကောင်းမြင့်မြတ်စိန်] ၁၇၉
ချစ်ခင်စေသည့် နည်းများ [တက္ကသိုလ် အပန်ငယ်] ၁၉၃

## ❐ အကျိုးရှိရောင်ခြည် ❐

ရွှေဆေးဒန်း ဓာတ်လုံးနည်း [အောင်သန့်-ပုသိမ်ကြီး] ၁၅၆
ကွမ်းအစ်ထဲက ဆေးနှစ်ပါး ပြဒါးမီးအောင်ဖမ်း(၂)
[ရွှေတောင် ခင်မောင်ကြည်] ၁၉၅
ရသေ့ကြီးဦးဩ၏ ရွှေသတ်နည်း [ဆရာဦးစန်းယု-
ခေတ်မီအဘိဓမ္မာ တောင်သာ၊ တိုင်းရင်းဆေး] ၂၇၂
သံနှင့်ဆေးဒန်း တွဲ၍ စီရင်နည်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၂၉၆



ဆရာတော်ကြီး၏ ပရိတ်အစွမ်းမှာလည်း
ထက်မြက်လှပါသည်
တော်ရုံ ရောဂါဝေဒနာများမှာ...


စာ-၁၂၁

ရှုတွန်းဇင်တောင် ဆရာတော်ကြီး၏
ဇီဝကဓာတ်တိုင်ကဲ့ ယူဆရသော
အရွယ်မပြောင်းလဲ ထူးခြားသော အပင်ဖြစ်ရာ...

စာ-၅၃



www.burmeseclassic.com



ဒီပစ္စည်းလေးဟာ ကျောက်ဂွံပူးဖြစ်ကြောင်း
အင်မတန်မှ တွေ့ရခဲပြီး သက်ဆိုင်ရာ
အစောင့်အရှောက်များရှိကြောင်း... စာ-၁၇၇

အနက်ရောင်သွား လူသားမှာ ရှိသလားဟု
စုံစမ်းကြည့်သည်
မည်သူမှ မတွေ့ဘူးကြတဲ့... စာ-၅၈



## ✳ ဂါထာမန္တန်ရောင်ခြည် ✳


ဘေးရန်ကာဆီး အကာတော်ကြီး [ကျော်ရင်-ဟသ်ာတ] ၇၉

ရွှေပေါ်ကျွန်း ဆရာတော်ကြီး ချီးမြှင့်သည့်
ထူးခြားပြီး အစွမ်းထက်သော ဂါထာတော်
[ဦးသိန်းထွန်းကြည်-အင်းဝ] ၁၇၅

ခြသေ့ရုပ်တု စီရင်ထုလုပ်နည်းနှင့် အန္တရာယ်အပေါင်း
တာကွယ်နိုင်သည့် ဂါထာတော်
[မြွာစရိယ ဦးသောင်းလှိုင်-အငြိမ်းစား စာပြင်မှူးချုပ်] ၁၈၅

သွားကိုက်သွားနာအတွက် စွယ်တော်လေးဆူဂါထာတော်
[ကျော်နိုင်လင်း-ပေလီ] ၂၃၀


BURMESE CLASSIC

## ✳ ဆေးနည်းကုံရောင်ခြည် ✳


ဆီးချိုအတွက် ဆေးနည်းတစ်လက်
[ခင်-စာသင်၊ ရေမြေ] ၁၁၈

ယောက်ျားခွန်အား ကြက်သံပျား
[မောင်နေသွေး-ဝက်လက်] ၁၄၂

စပါးကြီးသည်းခြေသည် ဤသို့အစွမ်းထက်၏
[မောင်စိုးနွယ်-ပညာရေး] ၂၈၀

ကင်ပွန်းရွက်နှင့် ဗိုက်ပူဝေဒနာ
[ရောဝတီမ်ကျော်-မအူပင်] ၃၀၄


## ◆ ဆေးဗေဒရောင်ခြည် ◆


ကိုယ်လက်လေးလံ အဆစ်အမျက် အကိုက်အခဲ
များနာအတွက် ဆေးကောင်းတစ်လက်
[အောင်မိုးမြင့်-နေပြည်တော်] ၁၂၆

မြွေပွေးပြာ အသုံးဝင်ပုံ ဖြည့်စွက်ပါရစေ
[ကိုစိုး-စိုးသိပ္ပံ] ၁၃၄

မြိတ်ဒေသထွက် ဆေးဖက်အသုံးဝင် ကန့်ဇော်ဆီ၏
လက်တွေ့အသုံးပြုနည်းများ [ဦးမင်းဇင်-ရွှေနဝင်း] ၁၈၁

ထုံကျဉ်ကိုက်ခဲ အကိုက်အခဲပျောက်စေသည့်ဆေး
[စလင်း ဦးကျော်] ၂၂၉

မြန်မာ့အမျိုးသမီးများအတွက် မီးယပ်ဆေးကျော်
[ရောမြေ ထွန်းထွန်း] ၂၉၅


## ✳ ဂမ္ဘီရပညာရောင်ခြည် ✳


ရဲမွန်စခန်းမှ ဖြစ်ရပ်ဆန်း(၂) [ဝသုန်သက်လွင်] ၂၁၇

ရွှေတလား ငွေတလားနှင့် ထူးခြားသော ကျိန်စာ
[မောင်မောင်သိန်း-သတင်းထောက်၊ ဗိုလ်ကုန်း] ၂၇၃


## ✢ ထူးခြားသစ်ပင်ရောင်ခြည် ✢


သစ်တံခါးလို့ပဲ ခေါ်လိုက်ချင်တယ် [မောင်နီး-ကျောက်မဲ] ၂၅

အိမ်မြေအေးချမ်း၍ ဘေးရန်ကင်းစေသည့်
ဂူမ္ဗက်တစ်တောင်ဂမုန်း [ထက်မင်းကျော်စွာ] ၂၀၉

www.burmeseclassic.com


✂ စာပေသုတရောင်ခြည် ✂

အိမ်ပိုင်းခြံမြေကို မြေသန့်ပရိတ်ရွတ်မည့် အစီအရင်
[အောင်(သိဒ္ဓိရာဇာ)နဝင်းမြို့တော်] ၁၀၂

ကိုယ်တွေ့ ကြက်မ,တွန်ခြင်း အတွေ့အကြုံ
[အောင်ဆန်းလင်း] ၁၆၄

✝ ထူးခြားပစ္စည်းများရောင်ခြည် ✝

အစွမ်းထက်သော ဆေးစေတီ [စော်သိင်းလ] ၂၃

အုံ့မခန်းထူးဆန်းဖွယ် ရွှေပေါင်းဂမ္ဘီရဖလားတစ်လုံး
[နိုင်မင်းဒွေး] ၂၅

အိဒ္ဓိဝင် အနက်(၉)ပါး ရှာဖွေခြင်းမှသည်(၂)
[ခင်ခင်ဝင်း–မောရဝတီ] ၅၇

* ကုထုံးများရောင်ခြည် *

ဆရာ ဦးတိုလေး(B.A)၏ သူငယ်နာ အနကြာပြုပြင်နည်း
[ဆေးသုတေသီတစ်ဦး] ၃၀၂

✳ အမျိုးသမီးအလှများရောင်ခြည် ✳

ခံတွင်းမြိုက်တဲ့ စားဖွယ်ဟင်းတစ်ခွက် အညီနဲ့
ပျောက်အောင်ချက်နည်း [ကိုစိုးဆန်း] ၁၃၅

○ သုတေသနများရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[ပဲခူး မင်းကျောင်းစာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သူရိယ(ပါဠိပါရဂူ ပိဋကတ္တယပါရဂူ(B.A) အား ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၆၁

သမီးသုံးယောက် သားတစ်ယောက်
[မောင်အေးကြူ–စီးပွားရေး] ၁၄၀

○ ဖြစ်ချင်းပြီးဆေးပင်ဆေးမြစ်များရောင်ခြည် ○

အမျိုးသမီးများ လှပစေဖို့ [သန်းထွန်းသိန်း–ဘားအံ] ၁၁၉

ဖလံတောင်ဓား [ဆေးသုတေသီ] ၂၀၀

ဓန့်သလွန်ပင်နှင့် သွေးတိုး
[အေးချမ်းအောင်–ရမည်းသင်း] ၃၀၁

✳ ဆီးရွှန်းများရောင်ခြည် ✳

ဖွားများ ဆီးချုပ် ဝမ်းချုပ် ဖြစ်သော်
[နတ်မောက် ကျောင်းမှုန်မြင့်] ၂၈၇





အရှေ့ဘက်တွင်ပိဋကတ်တော်ပင့်ထားသည့်
ဆင်ရုပ်နှင့်ကျောင်းလေးဟောင့်တွင်
ပိဋ္ဌာရုပ်တစ်ရုပ်စီ ထားရှိသည်မှာ ... ➡ စာ-၁၀၀


[illegible] ➡ စာ-၆၇






www.burmeseclassic.com

www.burmeseclassic.com



အထက်ဒေါင်းလောင်းမှောက်နေရာတွင် ခရုကြီးကို အစေးထိုး တည်ဆောက်ထားခြင်းဖြစ်ရာ ထူးခြားလှသည်...
၈၁–၁၀၁

ရွှေပေါင်းကို ဖျက်နှင့် ကိုင်ရုံမယုံ၍ စလေး၏ အဝေးမှတ်ခင်းအားအတိုင်း ဆက်ိုင်းလိုက် ပတ်ချွေးစုံနှင့်ပင် ပြောင်းချည်ခံလို အစဲရှိုး...
၈၁–၂၆



တိုင်းပြည်ဝယ် ထူးခြားမှု တစ်ခုတစ်ရာ ဖြစ်မည့်ဆိုပါက ဆန်စားဘည်းကဲ့သို့ တန်ခိုး နှောင်းကျွဲလာသည်...
၈၁–၁၁၀



## ✉ ကြည့်ညိုခြင်းရောင်ခြည် ✉

လိုရာရောက်မည့် အလိုတော်ပေါက်
သမိုင်းဝင်ဘုရားကြီး [နိုင်မင်းညို] ၃၃

## ✱ အောင်မြေရောင်ခြည် ✱

စပါးတောင်ခြေ သစ်ကျိုတ်တောင် သာသနာ့အောင်မြေ
သို့ ခရီးတစ်ထောက် (၂) [မောင်မောင်စိုး–ထားဝယ်] ၇၃
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏
အောင်မြေနှင့် ရှိုးပူဇော် ဂါထာတော်များ(၂၂)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၈၉

## ✧ ထီဗေဒရောင်ခြည် ✧

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ခေတ်ကြီးငါးပါး
ဗိုလ်မိုးမှုနှင့် ဒေါင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၂၀၈
၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ထီထိုးလိုက
ရွှေချယ်ပါ ဤဂဏန်း [ဆရာ ရောင်ခြည်] ၃၀၀

## ✣ ကိုက်ချိုးဆေးရောင်ခြည် ✣

နွားနေ့အစို့ အာဟာရဖော်ရည် ပြုလုပ်သုံးစွဲနည်း
[တင်ညိုအေး–နဂါးမြို့တော်] ၁၆၀

## ✷ အင်းဓာရောင်ခြည် ✷

မန်ကျည်းမင်းခေါင် မေးကိုင်ဆောင်
ဖိုးတောင် မဆင်းရဲနှင့် လူတိုင်းအတွက် နံ့ပေါ်အင်း
[ဘုရထီ ကျော်ဝိုင်း] ၁၄၅
ရှေးရောင်းကောင်းစေသော လက်ဖွဲ့အဆောင်
[ဘုမ္မဝတီ–ကိုကိုလေး] ၂၃၆
မြွေအန္တရာယ်ကင်းသော စမ [မောင်အောင်ကျော်–အိမ်မဲ] ၂၈၈

## ✎ ပုဂ္ဂိုလ်ထူးရောင်ခြည် ✎

မုတ္တမတောင်ထိပ်မှ ရှမ်းကလာပ်တော် မပုပ်မပျက်သည့်
အောင်သိဒ္ဓိဆရာတော်အား ကြည်ညိုပူဇော်ခြင်း(၂)
[ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်] ၆၅
မြင်းကပါ ရောကမ်းမှ မပုပ်သိုးသော ဆရာတော်(၁)
[ဇင်ညိုငယ်] ၉၇
ဝေဘူဆရာတော်ကြီး
[ဒေါ်သုမနစိစိတ္တ–B.Sc,H.G.P.Dip.Ed] ၁၃၇

www.burmeseclassic.com


## ❖ ထူးခြားဆန်းကြယ်ရောင်ခြည် ❖

ငှက်ပျောကတစ်ပင် ရွှေစင်က တစ်ဖလား(၂)
[ရွှေတောင် ကြည်မောင်အေး] ၂၂၅
မြန်မာ-ယိုးဒယား(ထိုင်း)နယ်စပ်မှ အံ့ဖွယ်ကောင်းသော
ကျိန်စာသင့် မန်ကျည်းပင် [ကိုအောင်-ရာမညမြေ] ၂၄၉
ဝမ်းခေါင်းအတွင်း၌ အူ၊အသည်း မရှိသည့်
ထူးဆန်းသော မွေ့ဖွေးကြေးနီကြီး [နေဝန်းနီ] ၂၆၂
ထူးဆန်းစွာ အရောင်များ ထွက်နေသည့်
စေတီကလေးနှင့် တောခြောက်ခံရသည့် ဖြစ်ရပ်ဆန်း
[ဒေါ်ခင်ဝင်းမွန်-ဘီအေ၊ သမိုင်း] ၂၆၇
အဖြူမီးလုံးများနှင့် တွေ့ဆုံခဲ့ရသည့် ဖြစ်ရပ်ဆန်း
[စောမိသွင်-ရန်ကုန်] ၂၉၇

## ❑ အမေးအဖြေရောင်ခြည် ❑

ဆေးကွမ်းအစ်ထဲမှ ကန့်ကူဆန်နက်ရုပ်တု
ပညာရှင်များမှ ဖော်ထုတ်ပေးကြပါ
[ဘုမ္မဝတီ ကိုကိုလေး-ဘီအေ] ၁၄၁
ကျောက်မှုန်နှင့်အသုံး သိသူများမှ ဖြေကြားပေးကြပါရန်
[စန္ဒာမိုး-တောင်ငူ] ၁၇၇

## ✂ နေ့စဉ်သုံး အလင်းညွှန်ရောင်ခြည် ✂

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ငွေကြေး
လာဘ်လာဘ သွက်လက်စေဖို့ [ထက်မင်းကျော်စွာ] ၈၇
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂
၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူဂျင်းဇီ] ၂၃၂

## ◆ ကျန်းမာရေး ဗဟုသုတရောင်ခြည် ◆

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း
ကျန်းမာရေးအတွက် အကြံပေးချက်များ [ဟူဂျင်းဇီ] ၂၂၄

## ● ပရလောကရောင်ခြည် ●


မိတ်ဆွေဖွဲ့သူ [ဦးစိုး-မတ္တရာ] ၂၄၆
လေယာဉ်ပျက်ကျရာမှ သေဆုံးသွားသော စစ်မှုထမ်းအရာရှိ
ဝင်စားသော ကလေးငယ် ကိုတိုး [ချို-အမရပူရ] ၂၅၅
ငါးဝယ်ကြဦးမလားရှင့် [မဟူရာ-ရောဝတီကသာ] ၂၆၁
လက်ဖွဲ့(၁) [ရွှေစံကင်း] ၂၆၅
သူ့အရပ် သူ့ဒေသနှင့် သူ့နယ်မြေတို့၏ သူဓလေ့ဆန်းများ
(ဒေသခံနတ်တို့၏ သဘောသဘာဝ) [ကသာ သင်းမွှေး] ၂၇၀
ဆယ်နှစ်ဆယ်မိုး ပရလောကရောက်သူတစ်ဦး
[အိုပယ်တွန်း] ၂၇၇
ယောဂီဆောင်ထဲမှ ပရလောကသားများ [ချမ်းသာ] ၂၈၁
စားပွဲနတ် [ထီလာဦး] ၂၈၉
လူပုလေးလား မှင်စာလား [ကျော်လင်းထွန်း-ရွှေသင်း] ၂၉၁




ဝိဇ္ဇာစရ
ဆိုင်ရာ
ရောဂါများ
အတွက်
ဤ
ဆေးစေတီ
မှ
အနည်းငယ်
ဖြစ်ယူကာ...
စာ-၂၃ ▶



ကန့်ကူဆန်နက်
နဲ့
ထုလုပ်
ထားသည့်
ရုပ်တု၏
စွမ်းရည်သတ္တိကို
သိရှိသူ
ပညာရှင်များမှ...
စာ-၁၄၁ ▶



မန်ကျည်း
မင်းခေါင်
မေးကိုင်
ဆောင်
အိုဇောင်
မဆင်းရဲရဲလို့...
စာ-၁၄၆ ▶



www.burmeseclassic.com


www.burmeseclassic.com

ရုံ့လေးရုံ

# ကျောင်းတော်ရာ စေတီလေးဆူ

ပူဇော်မှုခရီးစဉ် (၁)

● ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



လွန်ခဲ့သော (၆)နှစ်ခန့်က စလင်းကန်လယ်ဆရာတော် ဂါရဝပြု ပူဇော်မှုခရီးအတွက် မင်းဘူးခရိုင်သို့ စာပေခရီးနှင်ခဲ့ရာတွင် စာတည်းချုပ်က ရှောက်တောရွာအနောက် သုံးထပ်ကျောင်းမှ ဦးပဉ္ဇင်းတစ်ပါးထံ သွားရောက် တွေ့ဆုံရန် အကြံပေးလမ်းညွှန်ခဲ့ပါသည်။

ထိုဦးပဉ္ဇင်းနှင့် တွေ့ဆုံသောအခါ ရေလည်ကျောင်းဆရာတော် ဦးပညာသီဟထံသို့ ခေါ်ဆောင်သွားကာ ရွှေဘိုစေတီခေါ် မုန်းစက်တော်ရာ တတိယပါဒစေတီတော် ဘုရားဖူးလမ်းညွှန် ဆောင်းပါးရေးနိုင်ရန် ကူညီပေးတော်မူသည်။

ထိုစဉ်က သက်တော်(၈၃)နှစ် ရှိပြီဖြစ်သော ဆရာတော်ကြီးက ဘဒ္ဒကမ္ဘာ၌ ပွင့်တော်မူပြီးသော မြတ်စွာဘုရားလေးဆူ၏ ကျောင်းတော်ရာစေတီလေးဆူကို အမိဋ္ဌာန်ပြု ပူဇော်သင့်ကြောင်း အကြံပေး မိန့်မြွက်တော်မူသည်။

စေတီလေးဆူကို နေ့ချင်းပြီး (တစ်နေ့တာအချိန်အတွင်း ပြီးစီးအောင်) ဖူးမြော်ပူဇော်ရမည်ဖြစ်ရာ ကိုယ်ပိုင် သို့မဟုတ် သီးသန့်ငှားရမ်းထားသော မော်တော်ယာဉ်ဖြင့်သာ အဆင်ပြေလိမ့်မည်ဟုလည်း မိန့်တော်မူလေသည်။

ကျောင်းတော်ရာစေတီလေးဆူ


၁။ **ကုက္ကုရွာရုံစေတီ** ⇨ ပွင့်ဖြူမြို့နယ် အနောက်ယွန်းယွန်း (၈)မိုင်ခန့်အကွာ၌ ကိန်းဝပ်တော်မူသည်။ အုတ်ဖိုရွာအနီး၌ရှိ၍ **ကကုသန် မြတ်စွာဘုရား၏ ကျောင်းတော်ရာ** ဖြစ်၏။

● ယောသိတာရုံစေတီတော်ကြီး

၂။ **ယောသိတာရုံစေတီ** ⇨ ပွင့်ဖြူမြို့မှ အရှေ့မြောက်ယွန်းယွန်း (၆)မိုင်ခန့်အကွာ ရွာခိုင်ရွာအနီး၌ စံပယ်၍

www.burmeseclassic.com





◀ မြောက်ဘက်အာရုံခံမှ လျှောက်တော်မူ ရေလည်ကျောင်းဆရာတော်ကြီး ဦးပညာသီဟ ▶

**ကောဏဂုံ မြတ်စွာဘုရား၏ ကျောင်းတော်ရာဖြစ်၏။**

၃။ **ပါဝါရုံစေတီ** ⇨ ပွင့်ဖြူမြို့အနီး ဘုရားကုန်းရွာ၌ရှိ၍ **ကဿပ ဘုရားရှင်၏ ကျောင်းတော်ရာ ဖြစ်၏။ ရွှေပန်းမြိုင်စေတီ**ဟု လည်း ခေါ်ကြသည်။

၄။ **ဂန္ဓာရုံစေတီ** ⇨ ပွင့်ဖြူမြို့၏ အရှေ့တောင်ယွန်းယွန်း (၈)မိုင်ခန့် အကွာ ကျောင်းတော်ရာရွာအနီး၌ ရှိ၍ **ဂေါတမမြတ်စွာဘုရားရှင်၏ ကျောင်းတော်ရာဖြစ်၏။ စန္ဒကူး နံ့သာ ကျောင်းတော်ရာစေတီ**ဟု **လည်း ခေါ်ကြသည်။**

ဤသို့လျှင် ကြားနာခဲ့ရသော်လည်း ထိုစဉ်က လမ်းခရီးနှင့် အခြားသော အခြေအနေအချို့ကြောင့် နောင်အခွင့် အခါသင့်ပါက ပူဇော်ရန် တေးမှတ်

▼ စေတီသမိုင်းသရုပ်ဖော် ပန်းချီကားတစ်ချပ်





www.burmeseclassic.com

www.burmeseclassic.com



▲ လက်ဝဲဘက်မှ ဂဠုန်ခေါင်းဆောင်းနှင့် နတ်ရုပ်



▲ လက်ယာဘက်မှ နဂါးခေါင်းဆောင်းနတ်ရုပ်

ထားခဲ့ရပေသည်။

နိဒါန်း

၁၃၇၅ ခုနှစ် တပေါင်းလသမယ။


နွေကာလ အဦးအစဖြစ်သော တပေါင်းလတွင် တောအုပ်သည် ကောင်းစွာပွင့်သော ခက်ပန်းစုံဖြင့် အသရေရှိပါပေ၏။ ဘုရားရှင်ကိုယ်တော်တိုင်က…

'ဝနပ္ပဂုမ္ဗေ ယထ ဖုဿိတဂ္ဂေ၊ ဂိမှာန မာသေ ပဌမသ္မိံ ဂိမှေ'

ဟု ရတနသုတ်တွင် ဟောကြားတော်မူခဲ့သည်။

နှစ်စဉ် တပေါင်းလတိုင်းတွင် ထူးခြားသော နေရာဒေသများသို့ သွားရောက်လေ့လာပူဇော်ရလေ့ရှိရာ ယခုနှစ် တပေါင်းလတွင် ပွင့်ဖြူမြို့နယ်မှ ကျောင်းတော်ရာလေးဆူကို လေ့လာပူဇော်ဖြစ်ခဲ့သည်။

▼ ယောသိတာရုံစေတီအဝင်မုခ်




လမ်းပန်းဆက်သွယ်ရေး အတန်အသင့် ကောင်းမွန်၍ ဆိုင်ကယ်အငှားယာဉ်များ ပေါများလာသောကြောင့် စေတီလေးဆူ နေ့ချင်း ပူဇော်အဆင်ပြေခဲ့ရလေသည်။

www.burmeseclassic.com



◆ တောင်ဘက်အာရုံခံမှ ပါဒစေတီ


◆ အနောက်တောင်ထောင့်မှ ဃောသိတာရုံသိမ်တော်





www.burmeseclassic.com

www.burmeseclassic.com



◆ ရာဟုထောင့်မှ အောင်မြေ



◆ အရှေ့ဘက် အာရုံခံ
လက်ဝဲဘက် ရုပ်ပွားတော်

အရှေ့အာရုံခံ
◆ လက်ယာဘက်ရုပ်ပွားတော်



ရွှေးဦးစွာ ရေလည်ကျောင်းဆရာတော် အရှင်ပညာသီဟအား သွားရောက်၍ ဂါရဝပြုဖူးမြော်ရာ သက်တော်(၈၉)နှစ် ရှိပြီဖြစ်သော်လည်း ကျန်းမာသွက်လက်ဆဲ ဖြစ်သော ဆရာတော်ကြီးက စေတီတော်များနှင့် ပတ်သက်သည့် တေးထပ် တဘောင်များ ရွတ်ဆိုရှင်းပြလျက် သာဓုခေါ်ဆိုအားပေးတော်မူလေသည်။

ကျောင်းတော်ရာ စေတီလေးဆူကို တစ်နေ့တာအတွင်း ပြည့်စုံအောင် ဖူးမြော်၍ မိမိတို့ တတ်အားသမျှ ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ် အမှုများ ပြုခြင်းဖြင့်...


✦ စားဝတ်နေမှု ဖူလုံလောက်ခြင်း။
✦ အိမ်ထောင်မိသားစု ချစ်ခင်စည်းလုံးခြင်း။
✦ နေအိမ်ဂေဟာ တည်ငြိမ်အေးချမ်းခြင်း။
✦ လယ်ခရီးသွားလာမှု အဆင်ပြေချောမွေ့ခြင်း။
✦ ကျန်းမာပြည့်စုံစွာဖြင့် အများအကျိုး သာသနာ့အကျိုး ဆောင်ရွက်နိုင်ခြင်း စသည့် အကျိုးထူးများ ခံစားရရှိနိုင်သည်ဟု သိမှတ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com







▲ မြောက်ဘက်ဆီမှ နှစ်ထပ်တိုက်ကျောင်း

◀ အရှေ့ဘက် အာရုံခံမှ တင်ပျဉ်ခွေရုပ်ပွားတော်

▼ သာသနာ့အကျိုးဆောင် ဦးသောင်းခွေ

၁။ ယောသိတာရုံစေတီတော်

ပူဇော်မှုခရီး

ရွှေဘိုရွာ ရေလည်ကျောင်းမှ ပြန်ထွက်ကာ ရှောက်တောရွာမှ အရှေ့ဘက်သို့ သုံးမိုင်ခန့် ကွာဝေးသော ကျောက်ခင်းလမ်းအတိုင်း သွားရောက်ခြင်းဖြင့် ရွာနိုင်ရွာဦးရှိ ယောသိတာရုံ စေတီတော်သို့ ရောက်ရှိသည်။

စေတီရင်ပြင်ပေါ်သို့ မြောက်ဘက်မုခ်မှ ဝင်ရောက်ရကာ မုခ်ဦးထက်တွင် **"မဟာယောသိတာရုံ ဝိဟာရစေတီတော်"**ဟူသော ကမ္ပည်းကို တွေ့ရသည်။

စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် ပေ(၉၀)ရှိ၍ ထည်ဝါသပ္ပါယ်လှသော စေတီကြီးဖြစ်သည်။ အရံစေတီ (၁၇)ဆူ ဝန်းရံပူဇော်ထားသည်။ အနောက်ဘက်မျက်နှာမှလွဲ၍ ကျန်သုံးမျက်နှာတွင် အာရုံခံတန်ဆောင်း သုံးဆောင် ဆောက်လုပ်ထားသည်။

တောင်ဘက်အာရုံခံအတွင်း၌ ခြေတော်ရာပါဒစေတီတစ်ဆူ ဖူးတွေ့ရသည်။ စက်တော်(၁၀၈)ကွက် ပူဇော်ထားပုံမှာ တောင်ခွင်သာသနာပိုင် လက်ထက်ပူဇော်ပုံနှင့် မတူညီ ဖနောင့်တွင် ကြာပွင့်ခံ၍ ဆန်းသစ်သော ပူဇော်မှု ဖြစ်လေသည်။

အရှေ့ဘက် အာရုံခံတွင်းတွင် တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ကိန်းဝပ်တော်မူ၏။ ရှေ့တော်မှောက် ဝဲယာတွင် တန်ဆောင်းနံ့ရံကို မှီထွင်း၍ မတ်ရပ်တော်နှစ်ဆူ ပူဇော်ထားသည်။

မြောက်ဘက်အာရုံခံ တန်ဆောင်းတွင်မူ လျောင်းတော်မူ ရုပ်ပွားတော် တစ်ဆူ စံပယ်တော်မူသည်။ အရှေ့သို့ ခေါင်းပြုကာ လက်ဝါးကို အုံးပြုလျက် သက်သောင့်သက်သာ သီတင်းသုံးတော်မူသော **ရှင်ပင်ပေါင်းလဲ လျောင်းတော်မူ**ဖြစ်ပေသည်။


ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



# မြွေထုံကူးတွေ့လျှင်

စီရင်နည်း

စာရေးသူက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီးကို လစဉ် ဝယ်ယူဖတ်ရှု နေသူတစ်ဦးပါ။ တစ်ခါတစ်ရံတော့လည်း ဂမ္ဘီရဆောင်းပါးလေးတွေ ရေးသားပေးပို့ခဲ့ဖူးပါသည်။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီး၏ အမှတ်စဉ် (၃၃၇)၊ ၂၀၁၄ ခုနှစ်၊ ဩဂုတ်လထုတ်၊ စာမျက်နှာ (၁၆၉) တွင် **စာရေးဆရာ မင်းတပ် ဦးအောင်ခင်မှ ထူးဆန်းသော မြွေကွင်းဆက်နှင့် ပတ်သက်၍ သိရှိသူ ပညာရှင်များမှ ဖြေကြားပေးပါရန်** ရေးသားဖော်ပြချက်နှင့် ပတ်သက်၍ စာရေးသူ ကြားခဲ့ဖူးသော စီရင်နည်းကို ရေးသားပြန်ကြားလိုက်ပါသည်။

စာရေးသူသည် ပညာရှင်တစ်ဦး မဟုတ်ပါ။ ဂမ္ဘီရအကြောင်းအရာများနှင့်ပတ်သက်၍ ဝါသနာပါသူ တစ်ဦးသာ ဖြစ်ပါသည်။ ငယ်စဉ် ကျောင်းသားဘဝကတည်းက ဝါသနာ ပါ,ပါသည်။

လူကြီးမိဘများ ပြောကြားရာတွင် စိတ်ပါဝင်စားစွာ နားထောင် မှတ်သားခဲ့ဖူးခြင်းကြောင့် ဤမေးခွန်းအား ပြန်လည် ရေးသားနိုင်ခြင်း ဖြစ်ပါသည်။

စာရေးသူ ကြားဖူးခဲ့ခြင်းမှာ စာရေးသူ၏ဖခင် ဦးမောင်သင်နှင့် တိုင်းရင်းဆေးဝါသနာရှင် ဆရာဦးသိန်းတို့အားလက်ဆုံပြောကြားရာတွင် ဘေးမှဝင်ရောက်နားထောင်ခဲ့ခြင်းကြောင့် ကြားဖူးခဲ့ခြင်း ဖြစ်ပါတယ်။

စာရေးသူ၏ဖခင် ဦးမောင်သင်မှာ အင်္ဂုလိဝါသနာရှင်တစ်ဦး ဖြစ်ပါသည်။ စာရေးသူ၏ဖခင်အကြောင်းကို ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီး၏ စာမျက်နှာ(၂၄၁)တွင် မသေဓာတ်လုံးသား] ဟူသော ခေါင်းစဉ်ဖြင့် ရေးသားခဲ့ဖူးပါသည်။

အဖေနှင့်ဆရာဦးသိန်းတို့ ပြောကြားရာတွင် ဤကဲ့သို့ မြွေတစ်ကောင်ဟာ သူ့အမြီးကို သူ ပြန်မျိုတာကို **"မြွေထုံကူးသည်"** ဟုခေါ်ကြောင်း အထက်ပါဖြစ်ရပ်မျိုးမှာ အင်မတန်မှရှားပါး၍ မြင်တွေ့ခဲလှကြောင်း ပြောကြားကြပါသည်။

စီရင်နည်းမှာ မခက်လှပါ။ ဤကဲ့သို့ မြွေထုံကူးနေသည်ကို မြင်တွေ့ပါက အောက်ပါအတိုင်း ဆောင်ရွက်ပါ။

၁။ မိမိတွင် လက်ကိုင်ပုဝါ (သို့မဟုတ်) သဘက်၊ (ခေါင်းစည်းပုဝါ)ပါလာပါက ထုံကူးနေသော မြွေပေါ်တွင် အုပ်ထားလိုက်ပါ။

၂။ မိမိတွင် လက်ကိုင်ပုဝါ (သို့မဟုတ်) သဘက်၊ ခေါင်းစည်းမပါပါက ဘေးနားတွင် ပေါက်ရောက်နေသော သစ်ပင်ကြီးတစ်ပင်၏ အပေါ်အကိုင်းတစ်ခုကို ချိုးယူ ဖြတ်တောက်၍ မြွေကွင်း၏အလယ်တွင် ခိုင်မြဲစွာ စိုက်ထားလိုက်ပါ။ မြွေက လုံးဝ အန္တရာယ်မပေးပါ။

ထိုင်ကြည့်စရာမလိုပါ။ နောက်နေ့တွင်မှ မြွေကွင်းဆက်သောနေရာတွင် သွားရောက်ရှာဖွေပါ။ မြွေကတော့ ပျောက်သွားပါလိမ့်မည်။ လက်ကိုင်ပုဝါ (သို့မဟုတ်) ခေါင်းစည်းသဘက် (သို့မဟုတ်) စိုက်ထားခဲ့သော သစ်ကိုင်းသာ မြင်တွေ့ပါလိမ့်မည်။

စီရင်နည်းလို့ပဲ ခေါ်ဆိုပါတော့။ ဘာတွေအကျိုးဖြစ်ထွန်းသလဲ၊ ဘယ်လိုသိဒ္ဓိတွေလဲဆိုတော့ မြွေများကိုနိုင်သော သိဒ္ဓိနှင့် ပီယသိဒ္ဓိအားတွေ ရပါလိမ့်မည်တဲ့။

ပါးပျဉ်းထောင်၍ အန္တရာယ်ပြုမည့် မြွေကိုတွေ့ရင်သူ့ရဲ့ရှေ့ကနေ လက်ကိုင်ပုဝါ (သို့မဟုတ်) ခေါင်းစည်းပုဝါ (သို့မဟုတ်) စိုက်ခဲ့သောသစ်ကိုင်းနဲ့ ရမ်းလိုက်တာနဲ့ ခေါင်းငိုက်စိုက်ကျပြီး ထွက်ပြေးပါလိမ့်မည်။ မြွေတွေကို အလွန်နိုင်ပါတယ်တဲ့။

မြွေကိုက်ခံရတဲ့လူနာတွေကို ကုသရာမှာ သုံးပါသတဲ့။ ပီယသိဒ္ဓိအနေနဲ့ကတော့၊ လူချစ်လူခင် ပေါများပြီပေါ့။ တခြားကိစ္စတွေကတော့ ဉာဏ်ရှိသလို သုံးလို့ပဲ ကြားဖူးပါကြောင်းပါ ခင်ဗျာ။

**ဦးစိန်(တိုးချောင်ကြီး)**



www.burmeseclassic.com

www.burmeseclassic.com


# ထာဝစဉ်ကျန်းမာပြီး ရင်တွင်းလန်းချင်ရင် အင်ကြင်းပန်း သွေးတိုးကျဆေးကိုသောက်ပါ




မှတ်ပုံတင် ၀၀၀၆ (ပိုင်) ၀၀၂၄၃၃ လိုင်စင် ၀၀၃၈ (ထုံ)

အမှတ်တံဆိပ်

တစဝတ (တာနယ်ခံစာ) ၀၂၀/၀၆၀၇

"ကိုမင်းကျော်ပါလား . . . . မတွေ့တာကြာပြီ"
"ဆရာကိုယဉ်တင့်နဲ့ ဆရာကိုဇော်ရဲနိုင်တို့ကို . . စိတ်ထဲကတွေ့ချင်နေတာနဲ့ တိုက်တိုက်ဆိုင်ဆိုင်လာတွေ့တာ . . . ကံကောင်းတာပဲဗျို့"
"ကျွန်တော်တို့ဘာအကူပေးရမလဲပြောပါဦး"
"တခြားတော့မဟုတ်ပါဘူး . . . . ဆရာတို့က တိုင်းရင်းဆေးသုတေသီတွေဆို တော့ . . . သွေးတိုးရောဂါခံစားနေရတဲ့ ကျွန်တော့်ကို သွေးတိုးကျဆေးကောင်း တစ်လက် . . . ဆေးလမ်းညွှန်ပေးဖို့ပါ"
"ကိုမင်းကျော်သွေးတိုးက . . . ဘယ်အဆင့်မှာရှိနေပြီလဲ"
"အပေါ်သွေးအောက်သွေး ၁၆၀ နဲ့ ၉၀ ရှိတယ် . . . နိုင်ငံတကာဆေးတွေသောက်တာ . . . တက်လိုက်ကျလိုက်နဲ့ သံသရာလည်နေတာပဲ . . . "
"မပေါ့နဲ့ကိုမင်းကျော် . . . သွေးတိုးကျဆေးကောင်းကောင်းသောက်ဖို့လိုအပ်နေပြီး . . .
"ဒါဆို . . . ကျွန်တော်ဘယ်ဆေးသောက်ရင်ကောင်းမှာလဲဆိုတာ လမ်းညွှန်ပေးပါဦး"
ကိုမင်းကျော်ပြောသလိုတိုက်တိုက်ဆိုင်ဆိုင်ပဲ. . . အခုလဲ ကျွန်တော့်မိတ်ဆွေ . . . တိုင်ရင်းဆေးဆရာမ ဒေါ်ဝင်းဝင်းဇော် ထုတ်လုပ်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးပါလာတယ် . . . ဆရာမဒေါ်ဝင်းဝင်းဇော် . . . က သမားတော်ကြီးတွေဆီမှာ နှစ်ပေါင်းများ စွာနည်းနာခံယူပြီး၊ ဆေးကုသက် (၁၅) နှစ်အတွင်း . . . သွေးတိုးရောဂါရှင် ပေါင်းများစွာကိုကုသအောင်မြင်ခဲ့တဲ့ဆေးဖြစ်တဲ့အတွက် . . . သွေးတိုးရောဂါရှင်တွေရဲ့ တောင်းဆိုချက်အရ ထုတ်လုပ်လိုက်တဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ် သွေးတိုးကျဆေးပဲ"
"ဆရာတို့ကိုတွေ့ချင်နေတာနဲ့တွေ့လိုက်ရလို့ကံကောင်းသလို . . . ကျွန်တော်ခံစားနေရတဲ့ သွေးတိုးရောဂါအတွက် ဆေးလည်းပါလာတယ်ဆိုတော့ . . . ကံကောင်းပြီးရင် . . . ကံကောင်းတာပဲဗျို့"
" ဒါနဲ့တစ်ခုလောက်မေးမယ် . . . ခင်ဗျား နိုင်ငံတကာသွေးတိုးကျဆေးတွေစားပြီး . . . အစားအသောက် အနေအထိုင် ဆင်ခြင်ရဲ့လား"
" ရှောင်ကြဉ်ရမယ့်အစားအစာနဲ့စားသောက်ရမယ့်အစားစာတွေခွဲခြားမသိလို့ . . . အသိမိတ်ဆွေ တစ်ယောက်ကစား ချင်တာစား . . . ဒီဆေးဆောင်ထားဆိုတာနဲ့ သူပြောတဲ့ဆေးက . . . "
" ကျွန်တော်ပြောမယ်ကိုမင်းကျော် ကံ၊ စိတ်၊ ဉတု၊ အာဟာရဆိုတဲ့သမုဋ္ဌာန်တရား (၄) ပါးကို၊ လွန်, ယုတ်, လွဲများပြုဖန် များရင် . . . မဖြစ်သေးတဲ့ရောဂါတွေဖြစ်လာပြီး . . . ဖြစ်နေတဲ့ ရောဂါလဲ သံသရာလည်နေမှာပဲ . . . အုန်းနို့ခေါက်ဆွဲနဲ့ ဒံပေါက်ထမင်းစားပြီးဆေးစားလဲ . . . ရောဂါမတိုးချင်သာနေမယ် . . . သက်သာပျောက်ကင်းမှာ မဟုတ်ဘူး . . . အပ်နဲ့ ထွင်းရမယ့်နေရာမှာ ပုဆိန်နဲ့ထွင်းရမယ့်ကိန်းဆိုက်လိမ့်မယ် ...
" ဟုတ်ပါတယ်ဆရာ ကျန်းမာရေး အသိနဲ့ကျန်းမာရေးသတိမရှိလို့သွေးတိုးရောဂါထဲမှာသံသရာလည်နေတာ ပါ "
" ပြောနေတာနဲ့လိုရာ မရောက်ဘူးခုပါလာတဲ့ ***အင်ကြင်းပန်း*** အမှတ်တံဆိပ်သွေးတိုးကျဆေးကို တစ်နေ့ (၂) ကြိမ် သောက်ရင် . . . အပေါ်သွေးအောက်သွေး ၁၂၀ နဲ့ ၈၀ ကြားမှာ ရှိစေတဲ့မြန်မာဆေးစွမ်းကောင်းတစ်လက်ပဲ . . . အဲဒီဆေးကသွေးတိုးရောဂါကြောင့် ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ အိပ်မပျော်စားမဝင်ခြင်း၊ ဇက်ကြောတက်၊ နောက်ကြောတက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ မူးဝေခြင်း၊ ခြေဖျားအေးခြင်း၊ ဆီးဝါ, ဆီးနည်းခြင်း၊ ဆီး၊ ဝမ်း၊ လေချုပ်ခြင်းတို့ကိုသက်သာပျောက်ကင်းစေပြီး၊ သွေးတိုးကိုပုံမှန်ဖြစ်အောင်ထိန်းပေးနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲ . . . ရွေးချယ်မှုမှန်ကန်ဖို့တော့လိုတယ် ကိုမင်းကျော် . . . သွေးတိုးရောဂါကို ပုံမှန်ထိန်းပေးနိုင်တဲ့ဆေးဖြစ်လို့ . . . နှစ်ထပ်ရှိမှမှတ်မိမယ်ဆိုရင် . . . ထပ်ပြောလိုက်မယ် . . . **ထာဝစဉ်ကျန်းမာပြီးရင်တွင်းလန်းချင်ရင် . . အင်ကြင်းပန်း အမှတ်တံဆိပ်သွေးတိုးကျဆေးကိုသောက်ပါ။ . . . . .** "


ပင်ရင်း 'ဝင်း' ဆေးတိုက်
ဖုန်း — ၀၁ ၅၉၀၅၇၇

ဖြန့်ချိရေး — အောင်သိဒ္ဓိဆေးဆိုင်
၃/၀၁၄/၁၁၀ယမ္ဘူအိမ်ယာ
၈/တောင်ရပ်ကွက်၊ သယ်နိုးကျွန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း — ၀၅ ၅၃၁၃၃၄၀ ၀၅ ၅၁၅၀၃၃၊ ၀၅၅၀၂၅၅




www.burmeseclassic.com

www.burmeseclassic.com



● လျှောင်းတော်မူ ပုံတော်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ရွှေတောင်နွယ်မှ ထူးခြားဆန်းကြယ်

# ရဟန္တာ (၈၀) သိမ်များ

## လေ့လာပူဇော်မှုခရီး (၁)

### ရဟန္တာရှစ်ဆယ်

ပါဠိဘာသာဖြင့် **"အသီတိ အသောက"** မြန်မာဘာသာဖြင့် ရဟန္တာရှစ်ဆယ်ဟူသော ဝေါဟာရကို **ဇိနတ္ထပကာသနီကျမ်း**တွင် စတင် သိမှတ်ခဲ့ရသည်။

သီရိမေ္ဘာသောက မင်းကြီးသည် ရှစ်သောင်းလေးထောင်သော စေတီတို့ကို ပူဇော်ကြရန် တိုင်းသူပြည်သားတို့အားလည်း နှိုးဆော်ကာ သရဏဂုံနှင့်တကွ ရှစ်ပါးသောသီလကို ဆောက်တည်စေ၏။ ထိုသို့ ပူဇော်ရာတွင် မာရ်နတ်မင်းက နှောင့်ယှက်သဖြင့် ရှင်ဥပဂုတ်က တန်ခိုးဖြင့် ကာကွယ်ပေးသည်။

မာရ်နတ်နှင့် ရှင်ဥပဂုတ်ထေရ်တို့ တန်ခိုးပြိုင်ကြပြီးနောက် ရှင်ဥပဂုတ်က အနိုင်ရကာ မာရ်နတ်ကို တောင်တွင် ချည်နှောင်လျက် **"မင်းကြီး၏ ပူဇော်ပွဲ မပြီးမချင်း ဤအရပ်၌ နေရစ်"**ဟု မိန့်တော်မူသည်။

ပူဇော်ပွဲပြီးသောအခါ မာရ်နတ်ကို လွှတ်ပေး၍...


'မာရ်နတ်... ဘုရားဖြစ်တော်မူသောအခါ သင် မြင်ရဖူးသည်။ ငါမမြင်ရဘူးပါ။ မြတ်စွာဘုရား၏ ကိုယ်တော်ဟန်ကို သာဓကအခြံအရံနှင့်တကွ ဖန်ဆင်းပြပါ'

ဟု ဆို၏။ မာရ်နတ်က...

'ရှင်ဥပဂုတ် ကျွန်ုပ်အား ရှိမခိုးပါနှင့် ပြအံ့'

ဟု သဘောတူလျက် တောအုပ်တွင်းဝင်ကာ လက္ခဏာတော်ကြီးငယ်၊ ရောင်ခြည်တော် တောက်ထွန်းလျက် လက်ဝဲလက်ယာရံ အဂ္ဂသာဝက အရှင်မဟာသာဝက ရှစ်ကျိပ်တို့ ခယင်းပုံနှင့်တကွ ဘုရားအသရေအဆင်းတော်ကို ဖန်ဆင်း၍ ပြပေ၏။

www.burmeseclassic.com





▲ ကျောက်ရုပ်ပွားတော်တစ်ဆူ

◀ ချိတ်ဆွဲထားသော သတိပေးစာတမ်း

***(ကျီးသဲလေးထပ် ဆရာတော်၏ ပုံတော်စုံ ဓိနတ္ထုပကာသနီကျမ်း စာမျက်နှာ ၅၉၅၊ ၅၉၆ မှ ထုတ်နုတ်ပါသည်။)***

ထိုအကြောင်းကို ဆရာအရှင်ပညာဒီပအား မေးလျှောက်ကြည့်သည်။

'မြတ်စွာဘုရား ဒေသနာရိုကြွတော်မူရာမှ ရဟန္တာ(၅၀၀)၊ ရဟန္တာနှစ်သောင်း ခြံရံလိုက်ပါကြတာ ဘုရားသမိုင်းတွေမှာ ဖတ်ရပါတယ် ဘုရား။ အခု ရဟန္တာ(၈၀)နှင့်တကွ ဖန်ဆင်းပြတယ်ဆိုတာ ဘာကြောင့်ပါလဲ ဆရာတော်ဘုရား'

'တပည့်တော်တို့ ဗုဒ္ဓဝါဒမှာ တခြားကိုးကွယ်ယုံကြည်မှုတွေနဲ့မတူ၊ ထူးခြားတာက ဘုရားဆိုတာ အလိုအလျောက်ဖြစ်တည်နေတာ မဟုတ်ဘူး။ အမိဝမ်းက မွေးတာမွေးစဉ်အတိုင်း မွေးဖွားကြီးပြင်းလာပြီး ကိုယ်တိုင် ကျင့်ကြံအားထုတ်လို့ သာမန်လူသားဘဝကနေ ဘုရားဖြစ်လာတာပါ။

ဒီအကြောင်းကို စာမေးပွဲတွေမှာ နှစ်နှစ်တစ်ကြိမ်၊ သုံးနှစ်တစ်ကြိမ် မေးခွန်းတစ်ပုဒ်အဖြစ် ထည့်သွင်းဖြေဆိုစေပါတယ်။


ဂေါတမဘုရားရှင်ဟာ ရှိရင်းစွဲဥာနေ အယူဝါဒတွေကနေ ဖောက်ထွက် ရုန်းကန်ပြီး ဗုဒ္ဓဝါဒရယ်လို့ ထူထောင်၊ သာသနာပြုတဲ့အခါ မဟာသာဝက ရဟန္တာရှစ်ဆယ်က အတူတွဲပြီး ကူညီကြရတယ်။

ခရီးတစ်ကြောင်းမှာ သာဝက ရဟန္တာတစ်ပါးစီကြွပြီး ဘုရားရဲ့ ဆုံးမဩဝါဒတွေ ဖြန့်ဖြူးသာသနာပြုစေတယ်။ ပါဠိကို မပြောတော့ပါဘူး။ မြန်မာပြန် စကားပြေနဲ့ပဲ တပည့်တော်ရှင်းပြပါ့မယ်။

**"စရထ ဘိက္ခဝေ စာရိကံ"** ဆိုပြီး အစချီတာပေါ့။ စကားပြေကတော့...


'ရဟန်းတို့ လူအများ၏ အကျိုးစီးပွားတိုးတက်ရန်၊ ချမ်းသာရန်၊ လောကကြီးကို အစဉ်စောင့်ရှောက်ရန် နတ်လူတို့၏ အကျိုးစီးပွားချမ်းသာအတွက် အနယ်နယ် အရပ်ရပ်သို့

www.burmeseclassic.com



◆ မူလပြိုပျက်နေသော အပိုင်းအစများ ပေါင်းစပ်ထားပုံ

◆ ရွှေတော်ခြမ်းမြှောင်သောရတနာ ထွန်းစားကျောင်း



သာသနာပြု ဒေသစာရီ ခရီးလှည့်လည် သွားကြကုန်လော့။ တစ်ကြောင်းသော ခရီး၌ တစ်ပါးတည်းသာ သွားကြကုန်လော့'

'အစ၊ အလယ်၊ အဆုံး သုံးပါးစလုံး ကောင်းခြင်းနှင့် ပြည့်စုံသော တရားတော်များကို ဟောကြားကြကုန်လော့။

အပိုအလိုမရှိ ထက်ဝန်းကျင် ပြည့်စုံသော၊ မကောင်းမှု အညစ်အကြေးမှ ကင်းဝေးစင်ကြယ်သော၊ သီလ,သမာဓိ, ပညာ သုံးပါးသိက္ခာ သာသနာတော်တည်းဟူသော မြတ်သောအကျင့်ကို နတ်လူတို့အား ထင်ရှားပြုကြကုန်လော့'


အဲဒီလို မိန့်ကြား သာသနာပြုစေခဲ့လို့ ဗုဒ္ဓသာသနာ စည်ကားလာတဲ့အခါ ရဟန္တာငါးရာ၊ ရဟန္တာ နှစ်သောင်းစသဖြင့် သာဝကရဟန္တာတွေ တိုးတက်ဖြစ်ထွန်းလာကြတယ်'

ဘုရားရှင်ရဲ့ **မဟာသာဝက** (မဟာ = ကြီးသော၊ **သာဝက**= ဘုရား၏ တပည့်သား) ရှစ်ဆယ်ရှိတယ်။ အရှင်သာရိပုတ္တရာ၊ အရှင်မောဂ္ဂလာန် အပါအဝင် ရဟန္တာထေရ်(၈၀)ရှိသလို ရဟန္တာထေရီ (၈၀)နီးပါးလဲ ရှိတယ်။

အဲဒီထဲမှာ အထူးသာဝကလို့ အကြမ်းဖျင်း မှတ်နိုင်တဲ့ **မဟာဘိညာ (မဟာဘိညာပ္ပတ္တ)ပုဂ္ဂိုလ် လေးပါး ရှိတယ်။** ဘုရားတစ်ဆူတစ်ဆူမှာ မဟာဘိညာပုဂ္ဂိုလ် လေးပါးစီ ရှိကြတယ်။ ဂေါတမမြတ်စွာဘုရား

www.burmeseclassic.com





▲ ရှေးဟောင်းတွေ့ဘုရား။

◀ ရွှေတက်မြှောင်တောရ ဆရာတော် ဦးကောဏ္ဍည

တာ လက္ခဏာတော်ငယ် ရှစ်ဆယ်ကို ညွှန်းသလို **"ဘုရား"** ဆိုတဲ့အနက်ကို လဲ ပေးတယ်။ ဒါကြောင့် (၈၀)ဂဏန်း က လောကီအရာမှာတော့ နိမိတ် ကောင်းတဲ့ ဂဏန်းအဖြစ် မှတ်ယူလေ့ရှိ ကြပါတယ်'

လက်ထက် **မဟာဘိညာပုဂ္ဂိုလ်(၄)ပါး** က...

၁။ သာရိပုတ္တရာထေရ်၊

၂။ မဟာမောဂ္ဂလာန်ထေရ်၊

၃။ ဗာကုလထေရ်၊

၄။ ဘဒ္ဒကစ္စာနာထေရီ(ယသော်ဓရာ)တို့ပါပဲ။

အဲဒီမှာ လက်ယာရံ အရှင်သာရိပုတ္တ ရာနဲ့ လက်ဝဲရံ အရှင်မဟာမောဂ္ဂလာန် တို့က အဂ္ဂသာဝက၊ အကြီးဆုံးသာဝက နှစ်ပါးလို့ ခေါ်တယ်။

မဟာဘိညာပုဂ္ဂိုလ်တွေက **တစ် သချေ်္ာနဲ့ ကမ္ဘာတစ်သိန်း**ကို ဆင်ခြင် နိုင်ကြပြီး ကျန်တဲ့ မဟာသာဝကတွေက ကမ္ဘာတစ်သိန်းသာ ဆင်ခြင်နိုင်ကြပါ တယ်'

'ဘုရားတစ်ဆူမှာ မဟာသာဝက ရဟန္တာ(၈၀)စီ ရှိကြသလားဘုရား'

'အဲဒီလိုတော့ တပည့်တော် မလေ့ လာရသေးပါဘူး။ ဂေါတမဘုရားရှင် လက်ထက်မှာ သာသနာပြု ရဟန္တာ (၈၀)ရှိသလို (၈၀)ဆိုတဲ့ ဂဏန်းခြေက တိုက်ဆိုင်မှုတွေရှိပါတယ်။ ဘုရားရှင် ဝါတော်(၄၅)ဝါ၊ သမဏဝါတော်(၅၁)ဝါ အရ သက်တော်(၈၀)မှာ ပရိနိဗ္ဗာန်ပြု တော်မူတယ်။

နောက်ပြီး **အသီတာနုဗျဉ္ဇန** ဆို

## ရွှေတောင်မြို့နယ်မှ

## ရဟန္တာရှစ်ဆယ်သိမ်များ

၂၀၁၄ ခုနှစ်အတွင်း ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၌ ရဟန္တာရှစ်ဆယ် ရုပ်တုများပါရှိသည့် သိမ်တစ်ဆောင် တူးဖော်တွေ့ရှိကြောင်း ကြားသိရ သဖြင့် ဆရာအရှင်၏ မိန့်ကြားချက် များကို ပြန်လည် အမှတ်ရလာခြင်း ဖြစ်သည်။ မဂ္ဂဇင်းတိုက်သို့ ရောက် သောအခါ စာတည်းချုပ်က ရွှေမှော်

www.burmeseclassic.com






◄ မဟာရွှေစေတီတော်

◄ ကျောက်ဖြူသား ရုပ်ပွား

▼ ဆရာတော်၏ တစ်ပါးကျောင်း



မြေ မောင်ကြည်သိန်း၏ "........." ဆောင်းပါးမိတ္တူတစ်စောင်ကို ပေးကာ ထိုသိမ်သုံးဆောင်စလုံးအား မှတ်တမ်းပြု လေ့လာပူဇော်ပါရန် အကြံပြု လမ်းညွှန်သဖြင့် ရွှေတောင်မြို့သို့ ခရီးထွက်ခဲ့သည်။

ရွှေတောင်တွင် တစ်ညတာ အိပ်စက်၍ နံနက်စောစောတွင် တည်ကုန်းရပ်ရှိ ဆရာမောင်ကြည်သိန်းအား သွားရောက် တွေ့ဆုံရာ အားရဝမ်းသာ ကြိုဆိုညှဲခံ၍ ရေးဖော်တစ်ဦးဖြစ်သော ရွှေတောင် ခင်မောင်ကြည်ကို ဖုန်းဆက်ခေါ်ယူပေးသည်။

ဆရာခင်မောင်ကြည်က ရွှေတောင်မြို့နယ်အတွင်း ရဟန္တာရုပ်တု(၈၀) ပါဝင် ပူဇော်ထားသော သိမ်သုံးဆောင်အနက် အဝေးဆုံးဖြစ်သော ဆင်သေရွာ၊ ဆည်ကြီးကုန်းရွာအနီးရှိ ရွှေစက်မြှောင်စေတီ သိမ်တော်အား ဦးစွာ သွားရောက်လေ့လာရန် အကြံပြုသည်။ မိုးရာသီဖြစ်၍ ခရီးဖင့်နိုင်သည့် အဝေးဆုံးခရီးကို ဦးစွာ စတင်လိုခြင်းဖြစ်သည်။

ရွှေတောင်မြို့တွင် ယခုအချိန် (၂၀၁၄ ခုနှစ်၊ ဇွန်လ)အထိ တူးဖော်တွေ့ရှိပြီးဖြစ်သော **ရဟန္တာ (၈၀)သိမ်သုံးဆောင်ရှိ၏။**

၁။ ရွှေတောင်မြို့မှ ပြည်သို့အထွက် ကားလမ်းအနီး ဖိုးသိန်းတန်ရွာဦးသိမ် ***(၂၀၀၄ ခုနှစ်တွင် တူးဖော်တွေ့ရှိသည်။)***

၂။ ရွှေတောင်မြို့မှ အနောက်တောင်ယွန်းယွန်း (၁၀)မိုင်ခန့်အကွာရှိ ဆင်သေရွာနှင့် ဆည်ကြီးကုန်းရွာအနီး ရွှေစက်မြှောင်တောရသိမ် ***(၂၀၀၉ ခုနှစ်တွင် တူးဖော်တွေ့ရှိသည်။)***

၃။ ရွှေတောင်မြို့မှ အရှေ့ယွန်းယွန်း နှစ်မိုင်ခန့်အကွာ ပေကုန်းရွာဦးသိမ် ***(၂၀၁၄ ခုနှစ်တွင် တူးဖော်တွေ့ရှိသည်။)***

သိမ်သုံးဆောင်စလုံးသည် အလယ်ဗဟိုရှိ မြတ်စွာဘုရားရှင် ရုပ်ပွားတော်ကြီးအား ဗဟိုပြုခြံရံကာ တစ်မျက်နှာလျှင် အပါး(၂၀)စီ၊ လေးဖက်လေးတန်မှ ရဟန္တာအပါး(၈၀)တို့ အရိုအသေပေး

www.burmeseclassic.com

ပူဇော်နေဟန် သွန်းလုပ်ထားသည်ဟု သိရသည်။

ယခု ပေါ်တော်မူပြီးသော သိမ်သုံးဆောင်သည် (၅)နှစ်စီကွာခြား၍ ပေါ်ထွန်းလာသည်ကို သတိပြုမိသည်။ နောက်ဆုံးပေါ်တော်မူသည့် **ပေကုန်းရွာဦးသိမ်သည် နေထွက်သိမ်၊ ရွှေစက်မြှောင်စေတီသိမ်သည် မွန်းတည့်သိမ်နှင့် ဖိုးသိန်းတန်ရွာဦးသိမ်သည် နေဝင်သိမ်ဖြစ်ကြောင်း** ပြောစမှတ်ပြုကြသည်။

ယင်းနှင့်ပတ်သက်၍ ဆရာအရှင်ပညာဒီပက...

'မွန္တလေးမှာ ရှင်အရဟံ သမုတ်ခဲ့တဲ့ သိမ်လေးသိမ်ရှိတယ်။ သိမ်သမုတ်တဲ့အချိန်ကို မှတည်ပြီး နေထွက်သိမ်၊ မွန်းတည့်သိမ်၊ နေဝင်သိမ်၊ သန်းခေါင်သိမ်ရယ်လို့ ခေါ်တွင်ကြတယ်။ လောကုတ္တရာနယ်မှာတော့ မထူးခြားပါဘူး။ ရှင်သာမဏေကို ရဟန်းအဖြစ် ချီးမြှောက်တဲ့ ဌာနချင်းအတူတူပါပဲ။

ဒါပေမယ့် သိမ်သမုတ်ချိန်အရ အခါလည် (၂၄ နာရီပတ်လည်)အဓိကာရ အချိန် လေးချိန်ဖြစ်နေလို့ လောကီရေးရာမှာ ဖူလုံလောက်ငခြင်း၊ ပြည့်ဝကုံလုံခြင်း၊ အောင်မြင်ဖြစ်ထွန်းခြင်း၊ အကြားမလပ် တစ်ဆက်တစ်စပ်တည်း စည်းလုံးခြင်း စတာတွေအတွက် အဓိဋ္ဌာန်ဝင်ကုသိုလ်ပွားလေ့ ရှိကြပါတယ်။

တောင်သမန်အင်း တစ်ဖက်ကမ်း ကျောက်တော်ကြီးဘုရားက သိမ်ဟာ နေဝင်သိမ်တဲ့။ အဓိဋ္ဌာန်ကောင်းမှု ပြုချင်ရင် အဲဒီကိုသွားပြီး စုံစမ်းတဲ့အခါ ကျန်တဲ့ သိမ်သုံးနေရာကိုလဲ သိနိုင်ပါတယ်'

ဟု မိန့်ကြားတော်မူခဲ့သည်။


'ဘုရား တစ်ဆူ တစ်ဆူမှာ အထူးပြုကူညီကြတဲ့ **မဟာဘိညာပုဂ္ဂိုလ်၊ မဟာသာဝက လေးပါးရှိတာကို နိမိတ်ကောင်းယူစံပြုပြီး** ရဟန်းအဖြစ်ကို ရောက်နိုင်ဖို့ အရေးအကြီးဆုံးဖြစ်တဲ့ သိမ်တွေထဲက ဝိသေသထူးတဲ့ ဒီသိမ် လေးသိမ်မှာ ကောင်းမှုအဓိဋ္ဌာန်ပြုခြင်းဖြင့် သမ္မာဆန္ဒမှန်သမျှ ပြည့်ဝအောင်မြင်နိုင်တယ်လို့ ယုံကြည်ကြပါတယ်'

ဟုလည်း ဆက်လက်၍ မိန့်မှာတော်မူခဲ့သည်။

မန္တလေးရှိ ထိုသိမ်များဆီသို့ လွန်ခဲ့သည့် (၁၄)နှစ်ခန့်က သွားရောက်လေ့လာ ပူဇော်ခဲ့ပြီးဖြစ်သည်။ သို့သော် ထို သိမ်လေးသိမ်စလုံးတွင် မဟာသာဝက (၈၀)ရုပ်တုများ မတွေ့ခဲ့ရပေ။


ယခု ရွှေတောင်မြို့နယ်တွင်းသာ အပါး(၈၀)ရုပ်တုတော်များ တွေ့ရခြင်းက အကြောင်းရင်းတစ်ခုခု ရှိပေလိမ့်မည်ဟု တွေးဆရသည်။

တူးဖော်(ပေါ်တော်မူ)ပြီးသမျှ သိမ်သုံးသိမ်သာ ရှိသေးရာ သန်းခေါင်သိမ်တစ်ဆောင်လည်း ကျန်ရှိနိုင်သေးသည်ဟု ယူဆဖွယ် ရှိသည်။ တိုက်ဆိုင်စွာပင်...



◆ စေတီအနောက်ဘက် အခြမ်း လိုဏ်ခုံအချို့

◆ စေတီတောင်ဘက်မှ လိုဏ်ခုံများ




ရှေ့လ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com


www.burmeseclassic.com



▲ ဆေးစေတီ



▲ ဆေးစေတီအခြေပိုင်း




အစွမ်းထက်သော

# ဆေးစေတီ

မဟာလယ်တီတိုက်၊ ဒေါ်မေ အုတ်ကျောင်းတွင် သီတင်းသုံးသော ဦးပဥ္စင်း အရှင်သီလာစာရ၏ သိက္ခာထပ် သိမ်တက်အခမ်းအနားသို့ ဆွေမျိုးနီးစပ်နှင့် တပည့်ဒါယကာများ တက်ရောက် ပူဇော်ကြရာ ခိုင်ခိုင် အမည်ရှိ ကလေးမနှင့် မောင်နှမသုံးဦးထံမှ ထူးခြားအစွမ်းထက်သည့် ဆေးစေတီကို ဖူးတွေ့ခွင့်ရခဲ့သည်။

လေးထောင့်ခုံ အထက်ပစ္စယံ အဝိုင်းဆင့်၍ ခေါင်းလောင်းမှောက်၊ ထီးတော်များ ပြည့်စုံစွာ ပါဝင်သည့် စေတီဖြစ်သည်။ ဉာဏ်တော် အမြင့် လေးလက်မခန့် ရှိသည်။ အခြေတက်မှ စုစမ်းကြည့်သောအခါ နံ့သာနံ့များ ကြိုင်လှိုင်စွာ ရှုရှိုက်မိသည်။

**သူမတို့၏ အဘေး(ဖခင်၏အဘိုး)ဦးစိန် ပူဇော်ခဲ့သော ဆေးစေတီဖြစ်သည်။ ကလေးများ ငိုရယ်တာ မာတြာ ဖမ်းစားခြင်း၊ ဝိဇ္ဇာခရဆိုင်ရာ ဝေဒနာများအတွက် ဆေးမှုန့် အနည်းငယ် ခြစ်ယူကာရေတွင် ဖျော်တိုက်ပါလျှင် လျင်မြန်စွာပျောက်ကင်းစေသည်။**



▲ ဆေးပိုင်ရှင် မိုးပိုင်နှင့် မောင်နှမများ

အတိုက်အခိုက် ဖြစ်စဉ်များ အတွက် ဒဏ်ပြန်လိုပါက ဆေးမှုန့်ပါသော ရေခွက်အား လက်ယှက် လက်ပြန် တွန်းဟန်ပြုခြင်းဖြင့် အစီအရင်များ ပြယ်လွင့်စေသည်ဟု ဦးအောင်ကြီး (ဦးစိန်၏သား)က ကိုယ်တွေ့ဖြစ်ရပ် အဖြစ် ပြောပြခဲ့သည်။

အလွန်ရှားပါး၍ အစွမ်းထက်လှသော ဆေးအစီအရင်စေတီငယ် ဖြစ်ပေသည်။

စောသိင်းလ

www.burmeseclassic.com





# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . စည့်သည်လဲပါလာတာကိုး၊ တဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"တဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုတ်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုတ်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

ဆေးထုတ်လုပ်ပင်ရင်း
အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊
(၇၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)

ဆေးဖြန့်ချိရေး - ပြည်စိုး ဆေးကုဌာန
အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။



www.burmeseclassic.com

www.burmeseclassic.com


အံ့မခန်း ထူးဆန်းဖွယ် ရှေးဟောင်း

# ဂမ္ဘီရ ဗလားတစ်လုံး


နိုးမြင့်သို



◆ သာသနာ့ဝေပုလ္လမြို့ဦးကျောင်းတိုက်အတွင်းရှိ မဟာရန်အောင်စေတီတော်



ဆရာတော်ဘဒ္ဒန္တဝေပုလ္လမှ ကြေးဗလားတီးခတ်နေပုံ ▶



▼ သာသနာ့ဝေပုလ္လမြို့ဦးကျောင်းတိုက်မုခ်ဦး

အံ့ဖွယ် ဂမ္ဘီရဗလားတစ်လုံး၏

ပုံသဏ္ဍာန်

ရုံးကိစ္စဖြင့် ရက်ရှည်သင်တန်း တစ်လခွဲခန့်တက်နေစဉ် ရေးလက်စ ဆောင်းပါးများနှင့် စာရေးသူ အဆက် ပြတ်ခဲ့ရပါသည်။ ရပ်စောက်(နဂါးမြို့တော်)သို့ ပြန်ပြန်ရောက်ချင်းပင် စာရေးသူ၏ ကွန်ပျူတာဆရာလေးမှ သတင်းကောင်းတစ်ခုပေးလာသဖြင့် ခရီးရောက်မဆိုက်ပင် သတင်းအရင်းအမြစ်ရှိရာ နေရာသို့ အပြေးအလွှား ရောက်ခဲ့ရပါသည်။

ရရှိလိုက်သည့်သတင်းမှာ စာတည်းချုပ်နှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် အမှန်တကယ် တန်ဖိုးရှိကြောင်းကို ကာယကံရှင်ထံ မေးမြန်းလျှောက်ထား၍ ရေးသား တင်ပြလိုက်ပါသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ရပ်စောက်မြို့နယ်၊ မြို့ဦးရပ်ကွက်ရှိ သာသနာ့ဝေပုလ္လမြို့ဦးကျောင်းတိုက်၏ ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဝေပုလ္လ ဆရာတော်ထံ ရောက်သည်နှင့် ဝတ်ပြုကန်တော့ပြီး လိုရင်းကို လျှောက်ထားလိုက်ပါသည်။ ဆရာတော်မှလည်း သုနံဘေးရှိ ဦးပဉ္စင်းတစ်ပါးကို ယူခိုင်းပြီး စာရေးသူထံ ပေး၍ ကြည့်ရှုစေပါ

www.burmeseclassic.com



◆ ကြေးဖလားမြင်ကွင်း



◆ သာသနာ့ဝေပုလ္လမြို့ ဦးကျောင်းတိုက် လမ်းညွှန်

သည်။

ကြေးဖလား၏ အရွယ်အစားမှာ အချင်း ငါးလက်မခန့်ရှိပြီး အမြင့်မှာ လေးလက်မခန့် ရှိသည်ကို တွေ့ရပါသည်။ အလေးချိန်မှာ အနည်းဆုံး(၅၀) ကျပ်သားခန့် လေးသည်ဟု ယူဆရပါသည်။ ဘုန်းကြီးကျောင်းဖြစ်နေသည့်အတွက် အရေးပေါ်ချိန်ခွင် ရှာချိန်မရခဲ့ပါ။

ဖလား၏ နံဘေးပတ်ပတ်လည်တွင် ဖောင်းကြွလိုင်း ငါးလိုင်းပါပြီး သုံးလိုင်းအောက်တွင် ဆရာတော်ကြီးနှင့် စာရေးသူ ကျွန်တော်ပါ မခန့်မှန်းတတ်သည့် အက္ခရာသင်္ကေတစာလုံးများကို လှပစွာ တွေ့ရသည်။

ထိုစာသင်္ကေတများ၏ အောက်လိုင်း သုံးလိုင်း၏ ဖလားဖင်ပိုင်းတွင် လိပ်ပြာတောင်ပံကဲ့သို့ အပွင့်များကို ထပ်မံ တွေ့ရှိပြန်ပါသည်။

ဖလားအတွင်းဘက် အောက်ခြေရှိ မျက်နှာပြင်၌ လှပသော ကနုတ်ပန်းများနှင့် လက်သန်းတစ်ဆစ်ခန့်ရှိ ဘုရားဆင်းတုတော်ပုံ ငါးဆူကို ဖလား၏ အလယ်ဗဟိုချက်တွင် အဝိုင်းရှစ်ခုပါ ပန်းပွင့်ပုံသဏ္ဌာန်ဖြင့် ဝိုင်းရံ စီခြယ်ထားသည်ကို တွေ့ရှိရပါသည်။ ဘုရားပုံတော်များမှာ (၂)စင်တီမီတာခန့်အထိ ဖောင်းကြွများ ဖြစ်နေသည်ကို တွေ့ရသည်။






www.burmeseclassic.com

www.burmeseclassic.com



▲ ကြေးပလာအောက်တွင် ပါရှိသော တလုံ့အကွာကြာများ အနီကောင်ခြစ်ကွင်း

▼ ကြေးပလာပေါ်မှ အနီကောင်ခြစ်ရုပ်






www.burmeseclassic.com

www.burmeseclassic.com



◆ ကြေးဖလားကို အပေါ်စီးမှ မြင်ရပုံ


◆ ကြေးဖလားဖင်မှ မြင်ကွင်း





www.burmeseclassic.com

www.burmeseclassic.com



ကြေးလာဝပိုင်း၊ အနီးကပ်မြင်ကွင်း

ကြေးလာနှင့် တီးဆော်သောတုတ်



www.burmeseclassic.com

www.burmeseclassic.com

ထိုဘုရားပုံတော်များ၏ အပေါ်ဘက်တွင် လိုင်းသုံးလိုင်း ဆွဲထားသည်ကို မြင်တွေ့ရပြီး ထို လိုင်းသုံးလိုင်း၏ အထက်နှစ်လိုင်းကြားတွင် ကနုတ်ပုံ သဏ္ဌာန်လေးများ ရေးဆွဲထားသည်ကို ထပ်မံမြင်ရပါသည်။ ဖလား၏ ထုမှာ (၄)စင်တီမီတာခန့် ရှိပါသည်။

ဖလားကို မှောက်လိုက်ပါက ဖလား၏ ဖင်ပိုင်းမျက်နှာပြင်ပေါ်တွင် အင်းကွက်ပုံစံ အကွက် ကိုးကွက်နံဘေးတွင် လုံးကြီးတင်စံခတ်သဏ္ဌာန် အပိုင်းနှစ်ခု၊ လုံးကြီးတင်ကဲ့သို့ အပိုင်းတစ်ခုနှင့် ကနုတ်ပန်းပုံ အပွင့်ကြီးနှစ်ပွင့်ကို လှပစွာ တွေ့ရပြန်ပါသည်။ တရားအဓိဋ္ဌာန်ထွက်လာသည့် ညွှီသည်လင်မယားက ဂမ္ဘီရဆန်လွန်းသော အင်းကွက်တစ်ခုဖြစ်သည်ဟု ပြောပြပါသည်။

## အံ့ဖွယ် ဂမ္ဘီရကြေးစည်သံ

ဆရာတော်မှ စာရေးသူ လက်ထဲမှ ဖလားကို ပြန်ယူပြီး ဖလားနှင့် တစ်ပြိုင်တည်းပါလာသော တုတ်ငယ်တစ်ချောင်းဖြင့် ဖလားအပေါ်ဘက် နှုတ်ခမ်းနားကို အသာတို့ထိကာ အပိုင်းလိုက် ဆွဲပြီး တီးပြပါသည်။

ခွန်အား လုံးဝ စိုက်ထုတ်စရာ မလိုပါ။ ပထမဦးစွာ အသံလေးမှာ ကြေးစည်သံကဲ့သို့ တိုးတိုးလေး ထွက်လာကာ ဆရာတော်မှ မြန်မြန်ဆွဲလေ အသံမှာ ကြေးစည်သံကဲ့သို့ မြည်လာလေဖြစ်ရာမှ အပတ်နှစ်ဆယ်ခန့် ပတ်ဆွဲလိုက်သော် ကျောင်းတိုက်တစ်ခုလုံး ကြားရလောက်အောက် ကြေးစည်သံကြီးမှာ အဆက်မပြတ် ထွက်ပေါ်လာပါသည်။ နားထဲမှ နားစည်အတွင်းထိ တိုင်အောင် စူးနစ်ဝင်ရောက်သွားသည့် အထိပင်။

စာရေးသူနှင့် ဦးပဥ္စင်းတစ်ပါး ညွှီသည်သုံးဦးမှာ ထိုကြေးစည်သံကြီးကို မခံမရပ်နိုင်အောင် ဖြစ်လာသဖြင့် ဆရာတော်အား ရပ်နားလိုက်ရန် တောင်းပန်ယူရသည့်အထိ ဖြစ်ပါသည်။

ပိုမို အံ့ဖွယ်ကောင်းအောင် တွေ့ရလိုက်ရသည်မှာ အပတ်ရေ များလာလေ ထိုဖလားကို တုတ်နှင့် ထိစရာမလိုတော့ဘဲ ဖလား၏ အပေါ်နှုတ်ခမ်းသားအတိုင်း အဝိုင်းလိုက် ပတ်ဆွဲသွားရုံနှင့်ပင် ကြေးစည်သံမှာ ပိုမို ကျယ်လောင်လာပြီး အဆက်မပြတ် မြည်ဟည်းလေဖြစ်ခြင်းပင်။

နောက်ဆုံး စာရေးသူပြန်ခါနီး ဆရာတော်မှ အင်တာနက်ပေါ်တွင် ထိုဖလားအကြောင်းကို တွေ့လိုက်မိကြောင်း၊ ယိုးဒယားနိုင်ငံတွင် ဖလားလေးလုံးရှိနေပြီး ငါးလုံးပြည့်ရန် တစ်လုံးသာ လိုတော့ကြောင်း ထိုလိုအပ်သောတစ်လုံးမှာ ယခု မိမိတွင် ရှိနေသည့် ဖလားများဖြစ်နေမလားဟု မိန့်ကြားပါသည်။

ဆရာတော်မှာ ခေတ်ပညာတတ်ဆရာတော်တစ်ပါးဖြစ်ပြီး ထိုဂမ္ဘီရဆန်သော ဖလားကို ယခင်က စိတ်မဝင်စားခဲ့ဟု ဆိုပါသည်။

ယခု စာရေးသူမှ ဂမ္ဘီရ၏ ထူးဆန်းလှသော အကြောင်းအရာများကို ကျိုးကြောင်းလျော်ညီစွာ လျှောက်ထားလိုက်ပါမှ အဖိုးဖြတ်မရအောင် တန်ဖိုးကြီးမားကြောင်း သိလိုက်ရပြီး ဤအကြောင်းအရာနှင့် ပတ်သက်၍ စာရေးသူမှတစ်ဆင့် **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများနှင့် တတ်သိနားလည်သော ပညာရှင်၊ သုတေသီ**များထံ မျှဝေစေလိုကြောင်း မိန့်မှာလာသောကြောင့် ယခု ဤဆောင်းပါးမှတစ်ဆင့် ရေးသား တင်ပြလိုက်ပါသည်။

**နိုင်မင်းညို**

**စာရှုသူ သုတေသီနှင့် ပညာရှင်များသို့ ပန်ကြားလွှာ. . .**

ဤဖလား၏ စွမ်းအင်နှင့် ဖလားပေါ်ပါလာသော အက္ခရာများ၊ ပုံများ၏ အဓိပ္ပာယ်နှင့် စွမ်းအင်နှင့် အသုံးဝင်ပုံများကို ရေးသားပေးပို့ကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။

*လေးစားစွာဖြင့်. . .*

**ဦးကျော်မိုးသိန်း**
**စာတည်းမှူး**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

သီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အပူအပုပ် ကင်းစေတဲ့

# ဝကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံနေထိုင်နည်းစာမူ ရေးသားနေစဉ် ''ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား'' ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦးကြို နှုတ်ဆက်လိုက်သည်။

'သြော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်းပြီးစာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီးရေ။ အခု စာရေးဆရာကြီးကို အကူအညီတောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိတာတို့၊ အလုပ်ထဲကို အာရုံစူးစိုက်တာတို့၊ အထိုင်နည်းနည်းလေးကြာကြာ ထိုင်မိတာတို့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည်တော့ဘူး။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲတမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သုံးစွဲရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာတောင်းတာ'

'ညှို့သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကိုး။ ကော်ဖီလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီးမောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေသူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ်နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထလေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေးရတယ်။ သူ့ကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ ကျန်းမာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com






'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ၊ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ၊ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ၊ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဇနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး၊ ခေါင်းအုံ့၊ ခေါင်းကိုက်ခြင်း၊ မျက်ခုံး၊ မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်၊ သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူခိုး အပုပ်ခိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး၊ ဝမ်း၊ လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ၊ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


မင်ရင်း—ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး

သုဝဏ္ဏမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၉၁





www.burmeseclassic.com

www.burmeseclassic.com

မသိသူကျော်သွား သိသူလာသွားတဲ့

# နာဂရာမြောင်ဘုရားများ

ဇော်နိုင်ထက် ( မူဒို)



◆ ဆုတောင်းပြည့် လောကမုနိဗြိတ်ဗွာဘုရားရုံတော်

မူဆယ်မြို့ဟာ မြန်မာနိုင်ငံ အရှေ့မြောက်ဘက်မှာရှိပြီး တရုတ်နိုင်ငံ ကြယ်ခေါင်နဲ့ ထိစပ်နေတဲ့ နယ်စပ်မြို့လေးတစ်မြို့ ဖြစ်ပါတယ်။ မန္တလေးမြို့မှဆိုရင် (၂၈၇)မိုင် ကွာဝေးပြီး လားရှိုးမြို့မှဆိုရင် (၁၁၂)မိုင်ခန့် အကွာအဝေးမှာ တည်ရှိပါတယ်။ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ဟာ အာဆီယံနိုင်ငံများကသိတဲ့ စီးပွားရေးဇုန်တစ်ခု ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ တိုင်းနဲ့ပြည်နယ်များမှာ ထင်ရှားကျော်ကြားတဲ့ ဆရာတော်ကြီးများ၊ စေတီပုထိုးများ၊ ရှေးဟောင်းအဆောက်အအုံများ၊ လိုဏ်ဂူများ၊ မြောင်များ များစွာ တည်ရှိပါသည်။

မဂ္ဂဇင်းများ၊ ဂျာနယ်များမှာ ရေးသားဖော်ပြကြလို့လဲ စာရေးသူတို့တစ်တွေ ဖတ်ရှုရတဲ့အတွက် ဒေသန္တရဗဟုသုတများ ရရှိကြသလို သွားရောက် ဖူးမြော်ကြရတဲ့အတွက် ကုသိုလ်တွေ ရရှိကြပါတယ်။

ပြင်ဦးလွင်မှာ တည်ရှိတဲ့ ပိတ်ချင်းမြောင်ဆိုတာ မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ မသိသူ မရှိသလောက် ထင်ရှားပေမယ့် မူဆယ်မြို့မှာ တည်ရှိတဲ့ နာဂရာမြောင်ကိုတော့ ဒေသခံများနဲ့ မူဆယ်ကို လာရောက် ဖူးကြတဲ့သူများသာ သိရှိကြပါတယ်။

နာဂရာမြောင် ရွှေဂူနီသာသနာနယ်မြေဆိုတာ ယခင်ကတည်းက ရှိခဲ့တဲ့ နေရာဒေသတစ်ခု ဖြစ်ပါတယ်။ လူသူ အရောက်အပေါက် နည်းပါးပြီး သာသနာ မပွံ့ဖြိုးတဲ့အတွက် တောင်ကုန်းနှစ်ခုကြားမှာရှိတဲ့ ချောင်းငယ်တစ်ခုအပေါ်မှာ သစ်တောများ ဖုံးလွှမ်းအုပ်ဆိုင်းနေတဲ့ လျှိုမြောင်တစ်ခုအနေသာ တည်ရှိနေခဲ့ပါတယ်။


မူဆယ်ဒေသကို သာသနာပြုပုဂ္ဂိုလ်တစ်ဦး ရောက်ရှိလာတဲ့အခါမှာတော့ သူ့ရဲ့ဦးဆောင်စည်းရုံးမှုကြောင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စီးပွားရေးလုပ်ငန်းများ၊ ဒေသခံပြည်သူများရဲ့ ငွေအား၊ လူအားတွေကြောင့် နာဂရာမြောင် ရွှေဂူနီ သာသနာနယ်မြေတစ်ခုဟာ ပေါ်ထွန်းလာခဲ့ပါတယ်။

**နာဂရာမြောင်**ဆိုတာ ယခင်က **မြွေနဂါးတို့ တည်ရှိခဲ့တဲ့ အဓိပ္ပာယ်**လို့ ယူဆရပါတယ်။ ဘုရားတည်ဖို့ မြေကို ရှင်းလင်းစဉ်မှာပဲ ကြီးမားတဲ့ မြွေတွေကို တွေ့ရှိခဲ့ရသလို ဘုရား




www.burmeseclassic.com

www.burmeseclassic.com



◆ နာဂရာမြောင် ရွှေဂူနီသာသနာနယ်မြေမုခ်ဦး

◆ နာဂရာမြောင် အဝင်လမ်းဆုံ





◆ ရှင်သီဝလိရုပ်ပွားဆင်းတုတော်

တည်ပြီးတဲ့ အခါမှာလဲ ဘုရားလာဖူးတဲ့ မြွေတွေကို တွေ့ရှိကြရတယ်လို့ သိရှိရပါတယ်။ စာရေးသူတို့ ရောက်ရှိတဲ့ အချိန်မှာလဲ မြွေအငယ်များသာ တွေ့ရှိရပါတယ်။

နာဂရာမြောင်ဟာ လျှိုတစ်ခုဖြစ်ပြီး တောင်ကုန်းနှစ်ခုအကြားမှာ ရှိနေပြီး သစ်ပင်သစ်တောများ အုပ်ဆိုင်းနေတဲ့ ချောင်းငယ် တစ်ချောင်းပဲ ဖြစ်ပါတယ်။ မိုးရာသီမှာ ချောင်းဟာ ရေအပြည့်နဲ့ ရေစီးရေလာ ကောင်းမွန်တဲ့ ချောင်း တစ်ခုဖြစ်ခဲ့ပြီး အချို့နေရာမှာ ရေပြင်ဟာ ပေ(၂၀)ခန့်ရှိပြီး အနက်(၁၀)ပေလောက် ရှိပါတယ်။

နွေရာသီမှာတော့ ရေပြင်က သိပ်မကျယ်ပေမယ့် အချို့နေရာမှာ (၁၀) ပေလောက်ကျယ်ပြီး၊ အနက်(၄,၅)ပေခန့် ရှိနေပါတယ်။ ဒေသခံတွေဟာ နာဂရာမြောင်ထဲမှာ တစ်ပိုင်တစ်နိုင် ဆည်တည်ဆောက်ထားပြီး ပိုက်တပ်ဆင်ကာ ရေကို သုံးရေအဖြစ်နဲ့ သုံးစွဲနေတာကို တွေ့ရပါတယ်။

နာဂရာမြောင်ရွှေဂူနီ သာသနာနယ်မြေဟာ တောင်ကုန်းနှစ်ခု အကြားမှာ တည်ရှိနေပြီး အသွင်သွင် စီးနေတဲ့ ချောင်းရေကြောင့် သစ်ပင် သစ်တောများဟာ တစ်နှစ်ပတ်လုံး စိမ်းစိုအုပ်ဆိုင်းနေပြီး နွေရာသီမှာ အပန်းဖြေ ဘုရားဖူးလာရောက်ရန် ကောင်းမွန်တဲ့ နေရာတစ်ခု ဖြစ်ပါတယ်။

လာရောက်ကြသူ အားလုံးဟာ သဘာဝရဲ့ အေးမြတဲ့ အရသာနဲ့ ဘုရားဖူးရင်း ကုသိုလ်ရမယ့် စိတ်ချမ်းမြေ့ဖွယ်ရာ နေရာလဲ ဖြစ်ပါတယ်။


နာဂရာမြောင်မှာ သဘာဝအတိုင်း ဖြစ်ပေါ်တဲ့ ဂူတစ်ခု ရှိခဲ့ပါတယ်။ လက်ရှိ ဂူအဝကနေ အထဲကို ဝင်သွားရင် ရွှေလီမြစ်အထိ ပေါက်တယ်လို့ ဒေသခံအချို့ရဲ့ ပြောကြားချက်အရ သိရှိရပါတယ်။

ယခုအခါမှာတော့ ရာသီဥတုမြေ ငလျင် လှုပ်ခတ်မှုများကြောင့် ဂူအရှည်


www.burmeseclassic.com

www.burmeseclassic.com





◄ လိုဏ်ဂူအတွင်းရှိ ရုပ်ပွားတော်များ

◄ နဂါးရုံဘုရားပုံတော်



ရှင်ဥပဂုတ်ပုံတော် ►

ဟာ ပေ(၁၀၀)ကျော်ကျော်လောက်သာပဲ ရှိပါတော့တယ်။ ဂူရဲ့ အကျယ်ဟာ (၈)ပေလောက်ရှိပြီး အမြင့်က (၆)ပေလောက် ရှိပါတယ်၊ အတွင်းပိုင်းမှာ လူ(၂၀)လောက် ဘုရားဝင်ဖူးလို့ရအောင် ကျယ်ဝန်းပါတယ်။

အသံတိတ်ဆိတ်ပြီး မှိုးလုံတဲ့ အတွင်းပိုင်းမှာ တရားဘာဝနာ အားထုတ်လို့ အလွန်ကောင်းတဲ့ နေရာတစ်ခု ဖြစ်ပါတယ်။ ဗုဒ္ဓရုပ်ပွားတော်များကိုလဲ ပူဇော်ထားရှိပါတယ်။ ယခင်က လူမသိ သူမသိတဲ့ နာဂရာမြောင် ရွှေဂူနီ သာသနာနယ်မြေကို ၂၀၁၁-၁၂ ခုနှစ်မှာ စတင် ဖော်ထုတ်ပြုပြင်တည်ဆောက်ခဲ့ကြပါတယ်။


မူဆယ်ခရိုင် အုပ်ချုပ်ရေးမှူးတာဝန် ထမ်းဆောင်ခဲ့ဖူးတဲ့ ဦးမိုးဟိန်းလက်ထက်မှာ သာသနာပြုပုဂ္ဂိုလ် ဦးသိန်းတန်ဟာ မူဆယ်မြို့ကို ရောက်ရှိလာတဲ့အချိန်မှာ အဘဘိုးမင်းခေါင်ရဲ့ ညွှန်ကြားချက်နဲ့ နာဂရာမြောင် ဘုရားတည်တဲ့ လုပ်ငန်းကို ဆောင်ရွက်ခဲ့ပါတယ်။

ဦးသိန်းတန်ဟာ တပ်မတော်သား (အငြိမ်းစား)တစ်ဦးဖြစ်ပြီး မူဆယ်မြို့ကို မရောက်ခင် တပ်မတော်မှာ တာဝန်ထမ်းဆောင်စဉ် ကာလတစ်လျှောက်လုံး အချိန်ရတဲ့ အခိုက်မှာ ရောက်ရှိခဲ့ဖူးတဲ့ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်များမှာ ဘုရားစေတီများကို တည်ပြီး သာသနာပြုလုပ်ငန်းကို ဆောင်ရွက်ခဲ့သူတစ်ဦးပဲ ဖြစ်ပါတယ်။

တပ်မတော်မှ အငြိမ်းစားယူပြီး မူဆယ်မြို့ကို ရောက်ရှိလာစဉ်မှာပဲ ကြူကုတ်(ပန်ဆိုင်း)မြို့အဝင် စေတီနဲ့ နမ့်ခမ်းကို သွားတဲ့လမ်းပေါ်မှာရှိပြီး မူဆယ်မြို့အတွက် တောင်ကုန်းပေါ်မှာလဲ ဘုရားတည်ထားခဲ့ပါတယ်။


ဘာသာရေးပါရမီ အခံကောင်းသူ တစ်ဦးဖြစ်လို့ ရောက်ရှိရာ အရပ်ဒေသမှာ သာသနာတော် ထွန်းကားရေးအတွက် အဘအောင်မင်းခေါင်ရဲ့ ညွှန်ကြားမှုနဲ့ နာဂရာမြောင်အငွေ့ဒြဋ္ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကုန်သည်များနဲ့ ဒေသခံများကို စည်းရုံးနှိုးဆော်

www.burmeseclassic.com



▲ ကျွှာအေးစေတီတော်


▼ နဂါးမယ်တော်ပုံ





▲ မြတ်စွာဘုရား ခြေတော်ရာပုံတော်

▼ ကျွှာအေးစေတီကို လာရောက်ပူဇော်သော မြွေကြီး



ပြီး ၂၀၁၂ ခုနှစ်မှာ ဘုရားတည်တဲ့ လုပ်ငန်းကိုစတင်ဆောင်ရွက်ခဲ့ပါတယ်။

နာဂရာမြောင်ဟာ လှိုဏ်ဂူသဏ္ဌာန် ဖြစ်နေပြီး အဝင်ဝ မုခ်ဦးကနေ အဆုံးကားလမ်းထိကို (၆)ဖာလုံလောက် ရှိပါတယ်။ နာဂရာမြောင်ကို တောင်ကုန်းပေါ်ကကြည့်ရင် တောအုပ်ကို မြင်ရသလို ဖြစ်နေပြီး အတွင်းက ပေ(၃၀၀)ခန့် လမ်းလျှောက်ပြီး ဝင်လာမှသာလျှင် အံ့ဩဖွယ်ရာ ဘုရားစေတီများကို တွေ့ရှိရမှာ ဖြစ်ပါတယ်။ ဒေသခံ အချို့တောင် ရောက်ရှိလာသည့်အခါမှာ သာ အံ့ဩဝမ်းသာမှုများ ဖြစ်ကြရပါတယ်။


နာဂရာမြောင်ရှေ့ရှိသာသနာ နယ်မြေကို မုခ်ဦးကနေ စဝင်လာမယ်ဆိုရင် ပေ(၃၀၀)ရာခန့် တောင်ကုန်းပေါ်ကနေ ကွန်ကရစ်လမ်းအတိုင်း လျှောက်ဝင်လာရမှာ ဖြစ်ပါတယ်။ ပြီးရင် အောက်ဘက်ကို ပေ(၂၀)ခန့် နိမ့်ဆင်းသွားပြီး ချောင်းနဲ့ ကပ်လျက် ရှင်သီဝလီပုံတော်ကို စတင် ဖူးတွေ့ရမှာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com





▲ မဟာဗောဓိပင်နှင့် ဗြိတ်တိုင်များ

◀ ဗုဒ္ဓဝိတ်တော်လေးမြတ်စွာဘုရားပုံတော်

▼ ပဉ္စဝဂ္ဂီ(၅)ဦးအား တရားဟောတော်မူပုံ



▼ နဂါးညီအစ်မ(၃)ဦးပုံ



ပါတယ်။

အောက်ကိုရောက်ပြီး ဆက်လျှောက်လိုက်တဲ့အခါ ဘယ်ဘက်တောင်စောင်းမှာ လိုဏ်ဂူအဝကို တွေ့ရမှာ ဖြစ်ပါတယ်။ လိုဏ်ဂူကို မတက်ဘဲ ရှေ့ဆက်လျှောက်သွားရင် ညာဘက်တောင်ကုန်းမှာ **လောကမုနိမြတ်စွာဘုရားပုံတော်**ကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။

လမ်းရဲ့ ဘယ်ဘက် ကပ်လျက်မှာတော့ မြွေများ လာရောက် ဘုရားဖူးကြတဲ့ ကမ္ဘာ့အေးစေတီနဲ့ ရှင်ဥပဂုတ်ပုံတော်ကို တွေ့ရမှာ ဖြစ်ပါတယ်။ လောကမုနိမြတ်စွာဘုရား ပုံတော်ရဲ့ အနားမှာပဲ နဂါးရုံမြတ်စွာဘုရား ပုံတော်နဲ့ ခြေတော်ရာကို တွေ့ရမှာ ဖြစ်ပါတယ်။

တရုတ်နိုင်ငံနဲ့ နီးကပ်စွာ တည်ရှိလို့ ထင်ပါရဲ့ လောကမုနိမြတ်စွာဘုရားမှာ တရုတ်လူမျိုး ဗုဒ္ဓဘာသာဝင်တို့ လှူဒါန်းမှုကို အားကျဖွယ် တွေ့ရမှာ

www.burmeseclassic.com





ရွှေဂူနီဆုတောင်းပြည့်စေတီ

ကျိုက်ထီးရိုးစေတီ



ကျောက်စိမ်းချောင်းရဲ့ တည်ဆောက်ရန်နေရာ

ဖြစ်သလို လုပ်ငန်းရှင် မြန်မာနိုင်ငံသားတို့ လှူဒါန်းထားရှိမှုကိုလဲ တွေ့ရမှာ ဖြစ်ပါတယ်။ **လောကမုနိဘုရားဟာ ဆုတောင်းပြည့်တယ်လို့** ကျောက်ကုန်သည်အချို့ ပြောတာကိုလဲ ကြားသိရပါတယ်။


လောကမုနိမြတ်စွာဘုရားကို ဆုတောင်းဖူးမြော်ပြီး ရှေ့ဆက်သွားခဲ့လျှင် ဒေသခံများ ပြုလုပ်ထားတဲ့ ဆည်ရဲ့ ရှေ့မှာ နဂါးမယ်တော်ရုပ်တု ရှိရာကနေ တောင်ကုန်းပေါ်ကို တက်လိုက်တဲ့အခါ တောင်ကိုစောင့်တဲ့ **ဘီလူးရုပ်တု**ကို တွေ့ရှိရပြီး ရှေ့ကို ဆက်လျှောက်လိုက်ပါက ပဉ္စဝဂ္ဂီ(၅)ဦးကို မြတ်စွာဘုရား တရားဦးဟောနေသော ပုံတော်ကို ချောင်းရဲ့ နံဘေးမှာ ဖူးတွေ့ရမှာ ဖြစ်ပါတယ်။


ရှေ့ကို ဆက်လျှောက်လိုက်တဲ့အခါ နဂါးညီအစ်မ(၃)ဖော်ပုံကို တွေ့ရှိရမှာ ဖြစ်ပြီး စိတ်ဝင်စားဖို့ ကောင်းတာက တောင်စောင့် ဘီလူးပုံတော်နဲ့ နဂါးညီအစ်မ(၃)ဖော် ပုံများဟာ အိပ်မက်အရ ထုလုပ်ပေးထားတယ်လို့ သိရပါတယ်။

လမ်းအတိုင်း ဆက်သွားတဲ့အခါ **ဗျာဒိတ်ပေးမြတ်စွာဘုရား ပုံတော်**နဲ့ **ရွှေဂူနီဆုတောင်းပြည့်စေတီ**ကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။ ရွှေဂူနီဆုတောင်းပြည့်စေတီကနေ ကြည့်ရင် ရုပ်တော်မှု မြတ်စွာဘုရားပုံတော်နဲ့ ကွမ်ရင်မယ်တော်ရုပ်တုကို တွေ့ရှိရပြီး အောက်ကိုဆင်းသွားရင် **နှစ်ကျိပ်ရှစ်ဆူဘုရား**နဲ့ ရှေ့ကို ဆက်သွားရင် **ကျိုက်ထီးရိုးဘုရား**ကို ဖူးတွေ့ရ မှာ ဖြစ်ပါတယ်။ ကျိုက်ထီးရိုးဘုရားကို လွန်သွားတဲ့အခါမှာ ပွင့်တော်မူပြီးတဲ့ ဘုရား(၄)ဆူကို တည်ထား ကိုးကွယ်မယ့် လေးမျက်နှာဘုရားကို ရောက်ရှိပြီး ဆက်လျှောက်သွားရင်တော့ မြောင်အဆုံး ကားလမ်းပေါ်ကို ရောက်ရှိသွားမှာဖြစ်ပါတယ်။

နာဂရာမြောင် ရွှေဂူနီသာသနာ့နယ်မြေကို လာဖို့အတွက်ကတော့ လားရှိုးဘက်က လာရောက်ပါက အေရှားဝေါလ်ဂိတ်ကို ကျော်တာနဲ့

www.burmeseclassic.com





▲ နန်းကိုင်းကုန်းရှုမြတ်စွာဘုရားပုံတော်

မွန်းတော်မူပြီးသော

ဘုရားလေးဆူပုံတော်(တည်ဆဲ) ▶

◀ ရုပ်တော်မှုမြတ်စွာဘုရားပုံတော်နှင့် ကွမ်းရုပ်ယောင်တော်ပုံ



မူဆယ်မြို့အဝင်မုခ်ဦးကို စတင် တွေ့ ရမှာဖြစ်ပါတယ်။ မြို့အဝင်မုခ်ဦးကို ဖြတ်ကျော်ပြီးတာနဲ့ ကားလမ်းခွဲ(၂)ခု ကို တွေ့ရှိရမှာဖြစ်ပြီး ရှေ့တည့်တည့် လမ်းကတော့ မူဆယ်မြို့တွင်းကို သွား တဲ့လမ်းဖြစ်ပြီး ကားလမ်းရဲ့ ညာဘက် ခြမ်း လွှမ်းတိုက်ခမ်းတောင်မှာ တည် ထားတဲ့ ရုပ်တော်မူမြတ်စွာဘုရားကို ဖူးတွေ့ရမှာ ဖြစ်ပါတယ်။

မုခ်ဦးအကျော် ဘယ်ဘက်လမ်း အတိုင်း သွားရင်တော့ **"ကိုးမြို့ရှင်နတ်နန်း"**ကို တွေ့ရမှာဖြစ်ပြီး နတ်နန်း ကို မတက်ဘဲ တောင်ကုန်းကပ်လျက် မြို့ပတ်လမ်းအတိုင်း လာခဲ့ပါရင် "ကိုးမြို့ရှင်နတ်နန်း" ကျော်တာနဲ့ ဘယ်ဘက်ကို နိမ့်ဆင်းသွားတဲ့ကား လမ်းအတိုင်း လိုက်သွားပါရင် "နာဂရာ မြောင် ရွှေဂူနီသာသနာ့နယ်မြေ ဆိုင်း ဘုတ်" မုခ်ဦးကို တွေ့ရှိရမှာဖြစ်ပါတယ်။

နာဂရာမြောင် ရွှေဂူနီသာသနာ့ နယ်မြေကို ထိန်းသိမ်းရန် မူဆယ်မြို့မှ ပဓာနနာယက ဆရာတော်ကြီး ကိုးပါး ကို ဦးထိပ်ထားပြီးဂေါပက အဖွဲ့ကို စနစ်တကျ ဖွဲ့စည်းကာ ထိန်းသိမ်း ဆောင်ရွက်လျက် ရှိပါတယ်။

အပတ်စဉ် ရုံးပိတ်ရက်၊ကျောင်းပိတ် ရက်များမှာ ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများမှ သန့်ရှင်းရေး၊ ဘုရားတည်ရာတွင် လိုအပ်သော အုတ်၊ သဲ၊ ကျောက်များကို လာရောက် သယ်ပိုးကုသိုလ်ယူလျက် ရှိပါတယ်။

နာဂရာမြောင်တွင် အများပြည်သူတို့ လာရောက်တဲ့အခါတွင် နားနေရန် အတွက်လည်းကောင်း၊ ပဌာန်းပွဲတရား ပွဲများ ကျင်းပပြုလုပ်ရန်အတွက် လည်း ကောင်း **"ကျောက်စိမ်းမဏ္ဍပ်"**ကို တည်ဆောက်ရန် ပန္နက်တင် မင်္ဂလာ ပြုလုပ်ကာ စတင်ဆောက်လုပ်နေပြီ ဖြစ်ပါတယ်။

သဒ္ဓါကြည်လင် ပါရမီရှင်တို့အနေ ဖြင့် ကုသိုလ်စီးပွား တိုးတက်ရန် အတွက် သဒ္ဓါတရား နည်းများမဆို ကုသိုလ်ပါဝင် လှူဒါန်းမှုပြုနိုင်ပါရန်နဲ့ ဆုတောင်းပြည့် လောကမုနိမြတ်စွာ ဘုရားအား လာရောက် ဖူးမြော်နိုင်စေဖို့ နိဗ္ဗာန်အကျိုး မျှော်ကိုး၍ ရေးသား တင်ဆက်လိုက်ရပါတယ်။

**အောင်နုတင်(မုံ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁Y၀၀၈၉၅၄ လိုင်စင်၇/၂၀၀၈/တဆထလ(၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀



**အမောပြေ၊ လန်းဆန်း၊ ကျန်းမာဖို့**
**သားမင်း** (အမှတ်တံဆိပ်)
**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်…ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်… မောလိုက်တာ… နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း…

"နောက်မှပဲစိတ်ဆိုး… ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်… အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီမျက်နှာ ရွှင်ပျလာသည်။

"ဟယ်…ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ… အမောကို ပြေသွားတာပဲ… အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်… ဘရဏီရေ… ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ… နှလုံးသည်းခြေဆေးပါ… နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့… ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်… အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်… သေသေချာချာ နား ထောင်… နှလုံးသည်းခြေအားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ် လှုပ်ရှားရုံနှင့် မောပန်းနွမ်းနယ်နေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်…

ဆက်နားထောင် ဘရဏီ… နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သာ ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"

"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်ပေးချင်ပါရဲ့ ဘရဏီရယ်…"

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၀၁၃)၊ ဌက္ကနာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၅၅၆၇ ၊ ၀၉ ၅၀ ၉၇၉၇၃

www.burmeseclassic.com

ကရင်တိုင်းရင်းသား ပုဂ္ဂိုလ်ထူး

# ဘိုးပိုက်ဆံ၏ ဘဝခရီး

မြသန့်ဖြိုးဝေ
(ကျိုင်ကော်)

ဘိုးပိုက်ဆံသည် အဘ စောရွှေအေး၊ အမိ နော်ရယောဂ်စေးဟူသော မိဘနှစ်ပါးမှ ခရစ်နှစ် **၁၈၄၀ ပြည့်နှစ်**တွင် မွေးဖွားပြီး သားချင်း(၅)ယောက် အနက် တတိယမြောက်သားဖြစ်သည်။

ငယ်နာမည်မှာ **စောဆာဖောဝါး** ဖြစ်သည်။ အစ်ကိုကြီး စောထူးဘော၊ အစ်မ နော်မေဖော၊ ညီမ နော်ဆာတီး၊ ညီထွေး စောမတာတို့ ဖြစ်သည်။


စောဆာဖောဝါးသည် ငယ်စဉ်ကပင် အလွန်ရိုးသားပြီး လူကြီးမိဘများကို ရိုသေလေးစားကာ ဘုရားတရားကို ကြည်ညိုတတ်သူ ဖြစ်သည်။

လူကြီးသူမများ ပြောကြားသည့် ဆုံးမစကား၊ ပုံတိုပတ်စများ၊ ရိုးရာကဗျာလင်္ကာများ၊ မိမိတို့လူမျိုး၏ ရာဇဝင်သမိုင်း၊ ဓလေ့ထုံးတမ်း ယဉ်ကျေးမှုများကိုလည်း မှတ်သားကာ သိလိုသည်များကို မေးမြန်းလေ့ရှိသည်။

စကားအရာမှာလည်း အာဝဇ္ဇန်းရှင်ပြီး သူတစ်ပါးတို့၏စိတ်ကို ဆွဲဆောင်နိုင်သူဖြစ်သည်။

စောဆာဖောဝါးသည် ခန္ဓာကိုယ် ပိန်ပိန်ပါးပါး ဖြစ်နေသဖြင့် ခွန်အားသုံးပြီး တောင်ယာခုတ်ရသော အလုပ်မျိုးကို မလုပ်လိုဘဲ ပညာဖြင့် အသက်မွေးရသော အလုပ်မျိုးကိုသာ လုပ်လိုသဖြင့် မိဘများထံ ခွင့်ပန်ပြီး ပညာသင်ကြားရန် ရွှေကျင်မြို့သို့ ထွက်ခွာခဲ့သည်။

ရွှေကျင်မြို့ရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းတစ်ကျောင်းတွင် ပညာသင်ယူသည်။ ယင်းဘုန်းကြီးကျောင်းတွင် ပညာကို ကြာကြာမသင်ယူနိုင်ဘဲ မိသားစု၏ စားဝတ်နေရေးကို ပံ့ပိုးနိုင်ရန် ဦးလေးတော်စပ်သူတစ်ဦးထံ သွားရောက် အလုပ် လုပ်ကိုင်ပါသည်။



▲ [illegible] (ဆော်) ဘိုးပိုက်ဆံ

ဦးလေးက ဆင်ဝယ်ရန် ရှမ်းပြည်နယ်သို့ စေလွှတ်သည်။ စောဆာဖောဝါး ဆင်ဝယ်သွားချိန်သည် မိုးတွင်းကာလဖြစ်၍ လမ်းခရီးရှိ မြစ်ချောင်းများ ရေလျှံနေခြင်းကြောင့် ဆင်ဝယ်ပြီး ဦးလေးထံ ချက်ချင်း ပြန်မလာနိုင်ပါ။

မိမိရောက်ရှိနေသော ဒေသမှ သစ်လုပ်ငန်းတွင် မိုးကုန်သည်အထိဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ မိုးကုန်မှ ပြန်လာပြီး ဦးလေးထံ ဆင်ကို အပ်နှံရာ အချိန်ကြန့်ကြာမှုကြောင့် မိမိအပေါ် ဦးလေးက အထင်လွဲခဲ့သည်။

ထို့ကြောင့် ဦးလေးထံမှ ထွက်ခဲ့ပြီး သူးမွဲခီးကျေးရွာရှိ ဆင်သူဌေးကြီး စောသက်ဖောထံတွင် ဆင်သမားများအတွက်ထမင်းချက်အလုပ်ကို ဝင်ရောက်လုပ်ကိုင်ပါသည်။

တစ်နေ့ ဆင်ပိုင်ရှင်ကြီး စောသက်ဖောသည် တောထဲရှိ ဆင်တဲစခန်းသို့ ရောက်လာပြီး ယင်းအား အမဲဟင်းလျာများဖြင့် ချက်ပြုတ်ဧည့်ခံလိုသဖြင့် စောဆာဖောဝါးသည် သေနတ်တစ်လက်ဖြင့် တောလည်ခဲ့သည်။

ဤတောတောင်ဒေသ၌ ကျေးငှက်တိရစ္ဆာန်များ ပေါများလှသော်လည်း ထိုနေ့က မည်သည့် တောကောင်မှ မရရှိခဲ့ပါ။ သားကောင်များ မရရှိသဖြင့်

www.burmeseclassic.com

စိတ်တိုနေချိန်တွင် မိမိမျက်စိရှေ့၌ ဆင်ဖြူတော်တစ်စီး ဘွားခနဲ ပေါ်လာသည်ကို ကြက်သေ သေပြီး ကြည့်နေမိသည်။

သေနတ်ဖြင့် ပစ်ရန် ချိန်ရွယ်လိုက်ရာ ဆင်ဖြူတော်သည် ရုတ်တရက် ပျောက်သွားသည်။ သေနတ်ကို အောက်သို့ ပြန်ချလိုက်သောအခါ ဆင်ဖြူတော် ပြန်ပေါ်လာသည်။ ပစ်ရန် ပြန်ချိန်လိုက် ပျောက်သွားလိုက်နှင့် သုံးကြိမ်တိတိ ဖြစ်သွားသည်။

ထို့နောက် ဆင်တဲစခန်းသို့ ပြန်လာပြီး စောသက်ဖောအား မိမိ မြင်တွေ့ခဲ့ရသည်ကို ပြောပြရာ စောသက်ဖောက ဆင်ဖြူတော် ကိုယ်ထင်ပြလာခြင်းသည် မိမိတို့လူမျိုးအတွက် အမျိုးဘာသာ သာသနာကို ပြန်လည်ဖော်ထုတ်ကြရန် နိမိတ်ပြလာခြင်း ဖြစ်သည်ဟု မိမိယုံကြည်သည်။

ထို အမျိုးဘာသာသာသနာအတွက် မည်သူအနစ်နာခံပြီး ကြိုးပမ်းလုပ်ဆောင်ကြရမည်နည်းဟု မေးမြန်းပါသည်။

စောသက်ဖော၏ အမေးကို ဆင်လုပ်သားတစ်ယောက်မျှ မဖြေကြပါ။ စောဆာဖောဝါးသည် ဆင်လုပ်သားများအားလုံး၏ ရှေ့မှောက်တွင် မတ်တတ်ရပ်လိုက်ပြီး ကျွန်တော်တာဝန်ယူပါမည်ဟု ရဲရဲဝံ့ဝံ့ ကတိပြုလိုက်သည်။

ထိုအခါ စောသက်ဖောသည် အားရဝမ်းသာစွာဖြင့် ချီးကျူးအားပေးစကား ပြောကြားပြီး ဘုရားရှင်ထံ ဆုတောင်းပတ္ထနာ ပြုပေးလိုက်ပါသည်။

ထိုစဉ်က စောဆာဖောဝါးသည် အသက် ငယ်ရွယ်သေးသောကြောင့် ငယ်ရွယ်သူတို့၏ သဘာဝအတိုင်း အိမ်ထောင်ဖက်ရှာရာ နော်ဝါးဆိုသူနှင့် တွေ့ပြီး လက်ထပ်ထိမ်းမြားခဲ့သည်။

အိမ်ထောင်သည်ဘဝ ရောက်လာပြီးဖြစ်သော စောဆာဖောဝါးသည် သူငယ်ချင်း စောမူလား ပေးသော ဆင်တစ်ကောင်ဖြင့် ဝမ်းရေးအတွက် ကြိုးစား လုပ်ကိုင်ပါသော်လည်း ကံမကောင်း အကြောင်းမလှသဖြင့် ထိုဆင်မှာ သေသွားလေသည်။

ဇနီးဖြစ်သူ နော်ဝါးသည်လည်း နာမကျန်းဖြစ်ပြီး မကြာမီ ဘဝတစ်ပါးသို့ ကူးပြောင်းသွားသည်။ ရှေ့ဆင့်နောက်ဆင့်မှာပင် မွေးကင်းစ သမီးကလေး ဆုံးသွားပြန်ပါသည်။

ဤကဲ့သို့ ဆုံးရှုံးမှု အဖုံဖုံများနှင့် ရင်ဆိုင်ကြုံတွေ့ရသော စောဆာဖောဝါးသည် အလွန်အမင်း စိတ်ဆင်းရဲပြီး ဆောက်တည်ရာမရ ဖြစ်ခဲ့သည်။

ထိုအခါ မိမိစိတ်ကို တည်ငြိမ်အောင် လူသူများနှင့် မနီးသော တောင်ကုန်းတစ်ခုပေါ်၌ တဲကလေးတစ်လုံး ဆောက်လုပ်ပြီး ဝတ်ဖြူစင်ကြယ်ဝတ်ကာ သက်သတ်လွတ် တောဟင်းများကို စား၍ တရားအားထုတ်နေပါသည်။

တရားထူး အမြန်ရရန် အစာမစားဘဲ အပြင်းအထန် အားထုတ်နေစဉ် တစ်ညသည်၌ ကောင်းကင်ပေါ်မှ ကျက်သရေအပေါင်းနှင့် ပြည့်စုံသော အားဖြင့်...

'ငွေမြေး ဘိုးပိုက်ဆံ တင်းလွန်းတော့ ပြတ်တယ်။ လျော့လွန်းတော့လဲ ပတ်တယ်။ မလျော့မတင်း မျှမြ ပြုပြင်ကျမှသာလျှင် အကောင်းဆုံးဖြစ်တယ်။ ငွေမြေးလုပ်တာ တင်းလွန်းနေတယ်'

ဟူသော အသံကို ကြားလိုက်ရသည်။

ထိုအချိန်မှစ၍ စောဆာဖောဝါးမှ ဘိုးပိုက်ဆံဘဝသို့ ကူးပြောင်းသွားခဲ့ပါသည်။

ရွှေကျင်မြို့နယ်အတွင်းရှိ လေချွန်တောင်နှင့် သက်ကယ်တောင်ပေါ်တွင် သီလဆောက်တည်ခြင်း၊ မြဲမြံသော သတိသမ္ပဇဉ်ဖြင့် ကြိုးစားတရားအားထုတ်ရာ မကြာမီရက်အတွင်း တရားပေါက်အောင်မြင်ခဲ့သဖြင့် အနီးဝန်းကျင်ဒေသမှ လူများသည် တရားနာရန် မဖိတ်ကြားရဘဲ ရောက်ရှိလာကြသည်။

ထိုအခါ ဘိုးပိုက်ဆံသည် နေ့စဉ်ရောက်ရှိလာသော ပရိသတ်များကို တရားဟောကြားရင်း မိမိလူမျိုးနှင့် အများတွက် မှီခိုအားထားရသော ဘာသာ သာသနာသစ်တစ်ခုကို မိမိ အောင်မြင်စွာ တည်ထောင်ပေးနိုင်ကြောင်း မြွက်ကြားခဲ့ပါသည်။

ဗုဒ္ဓ၏ ဩဝါဒတရားတော်များကို မိမိ၏ တပည့်များအား အမြဲမပြတ် ဟောကြားပြီး သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်း၊ သဒ္ဓါတရားပွားများစေခြင်း စသော သူတော်ကောင်းတရား လမ်းစဉ်၌ တည်မြဲကြရန် ဦးဆောင်လမ်းပြခဲ့ပါသည်။

ဤသို့ဖြင့် ဘိုးပိုက်ဆံ၏ ဂုဏ်သတင်းသည် ထိုဒေသ၌ ပျံ့နှံ့လာသောအခါ ကြည်ညိုလေးစားသူများ များပြားလာရာ မိမိအပေါ် မနာလိုမရှုဆိတ်သော ပုဂ္ဂိုလ်များ၏ မဟုတ်မမှန် တိုင်ကြားမှုကြောင့် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးထောင်ချခြင်းကို ခံလိုက်ရသည်။ ဆရာဖားသဲ၏ အာမခံချက်ကြောင့် ထောင်မှ လွတ်လာခဲ့ပါသည်။

မြင့်မြတ်မြင့်မာလားသော သီလဂုဏ်၊ သမာဓိဂုဏ်ကြောင့် မိမိနှင့် ကြုံတွေ့ရသော လူဆိုးလူမိုက်များသည် လူတော်လူကောင်းဘဝသို့ ကူးပြောင်း

www.burmeseclassic.com

သွားကြသည်။ မိမိထံ တပည့်ခံယူသူ အလွန်များလာသောအခါ ရွှေကျင်မြို့သို့ ရောက်ရှိလာသော အရေးပိုင်မင်းကြီးသည် ဘိုးပိုက်ဆံအား ခေါ်ယူစစ်ဆေးမေးမြန်းခဲ့သည်။


ဘိုးပိုက်ဆံက မိမိသည် တပည့်များအား မေတ္တာတရား ထားကြရန်၊ သီလ ဆောက်တည်ထိန်းသိမ်းကြရန်၊ သဒ္ဓါ တရားပွားများကြရန်၊ တရားအားထုတ်ကြရန်ကိုသာ သွန်သင်ဆုံးမပါကြောင်း ရှင်းပြရာ ဘိုးပိုက်ဆံသည် လူကောင်းတစ်ယောက်ဖြစ်ကြောင်း အရေးပိုင်မင်းကြီး သိရှိလာသဖြင့် မည်သူတစ်ဦးတစ်ယောက်မျှ အနှောင့်အယှက် မပြုလုပ်ရဟူသော ထောက်ခံစာတစ်စောင်နှင့် ငွေဒင်္ဂါး(၃၀)ကို လှူဒါန်းခဲ့ပါသည်။

ဘိုးပိုက်ဆံသည် တပည့်များအား ဗုဒ္ဓဘာသာ တရားတော်အတိုင်း နေထိုင်သွားကြရန် (၇)နှစ်တိုင်တိုင် ရှေ့ဆောင်လမ်းပြခဲ့ပါသည်။

ဗုဒ္ဓဘုရားကို ပူဇော်သော အထိမ်းအမှတ်ဖြင့် လေချွန်တောင်နှင့် သက်ကယ်တောင်ပေါ်တွင် **ထမင်းခြောက်စေတီနှင့် သံထည်စေတီ** တည်ခဲ့ပြီး (၃၃၃)ပွဲသော ဆွမ်းဘောဇဉ်များနှင့် ဖယောင်းတိုင် (၃၃)တိုင် ထွန်းညှိပူဇော်ခဲ့ပါသည်။

ဘိုးပိုက်ဆံသည် ရွှေကျင်မြို့နယ် လေချွန်တောင်နှင့် သက်ကယ်တောင်မှ နောက်လိုက် တပည့်များနှင့်အတူ ဆင်းလာခဲ့ပြီး ညောင်လေးပင်မြို့နယ် ရန်ကုန်–မန္တလေးလမ်း အနောက်ဘက်ရှိ ကွင်းပြင်ကျယ်ကြီးကို ဖဒိုဗလော အမည်ပေး၍ ရွာတည်ထောင်အခြေချခဲ့ပါသည်။

နောက်လိုက်တပည့်များ လယ်ယာလုပ်ကိုင်စားသောက်နိုင်ရန် အင်္ဂလိပ်အစိုးရထံမှ လယ်မြေဧက (၃၀၀၀၀)



◆ ဖာပွန်မြို့ရှိ ဘူတာရုံအနီးရှိ ကိုးဆောင်တွဲ ဘုရားဝတ်ပြုကျောင်းတော်ကြီး

လျှောက်ထားတောင်းခံရာ အစိုးရက ဧက(၁၅၀၀၀) ခွင့်ပြုပေးခဲ့ပါသည်။

ဘိုးပိုက်ဆံသည် နောက်လိုက်တပည့်များအား အနောက်တိုင်းဘာသာ သာသနာကို လေ့လာနိုင်ရန် ယင်းဆရာကြီးများနှင့် ဆက်သွယ်ပြီး ကျိုးနွံစွာ တပည့်ခံပါသော်လည်း အနောက်တိုင်း သာသနာပြုပုဂ္ဂိုလ်များက ဘိုးပိုက်ဆံကို စိတ်မမှန်သူ၊ ကရင်လူမျိုးများအား လမ်းမှားသို့ ညွှန်ပြဦးဆောင်နေသူဟု သဘောထားဆက်ဆံကြသဖြင့် အဆင်မပြေခဲ့ပါ။

ဤသို့ဖြင့် တပည့်သားမြေးများအား ဗုဒ္ဓသာသနာ၊ အနောက်တိုင်းသာသနာ ကရင်ရိုးရာဓလေ့များမှ ကောင်းနိုးရာရာတို့ကို စုပေါင်းရွေးချယ်ပြီး လူတိုင်းလက်ခံနိုင်သော မေတ္တာတရားကို အဓိကထားသည့် မေတ္တာပြဟ္မစိုရ် သာသနာသစ်တစ်ခုကို ကရင်ပြည်နယ်၊ ဖာပွန်မြို့နယ်၊ နာခိုခီးရွာတွင် ဘိုးပိုက်ဆံသည် ခရစ်နှစ် ၁၈၆၆ ခုနှစ်၊ ဇန်နဝါရီလ(၁၉)ရက်၊ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ တပို့တွဲလဆန်း(၄)ရက် သောကြာနေ့တွင် တည်ထောင်ခဲ့ပါသည်။**(မေတ္တာပြဟ္မစိုရ် သာသနာသစ်ဟူသော်လည်း ဘိုးပိုက်ဆံ၏ ဟောပြောချက်များတွင် ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့၏ အဓိပ္ပာယ်ကို မတွေ့ရပါ။ *စာရေးသူ*)**

ဘိုးပိုက်ဆံသည် ကရင်မျိုးနွယ်စုအားလုံး မိမိသာသနာတော်ကြီးအတွင်းသို့ ပြန်လည် ပေါင်းစည်းနိုင်ကြရန် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းမှ ဧရာဝတီတိုင်းဒေသကြီးသို့ လှည့်လည်သာသနာပြုရာ ကျုံပျော်မြို့နယ်၊ ပေါင်းစုရွာတွင် ယခင်ဘဝဟောင်းမှ ဇနီးဖြစ်ခဲ့သူ ပိုးကရင်မလေး နန့်သနှင့် တွေ့ဆုံခဲ့သည်။

ဘိုးပိုက်ဆံသည် နန့်သတို့ မိသားစုနေအိမ်သို့သွားပြီး နန့်သသည် ဘဝဟောင်းမှ မိမိဇနီး နော်ဝါးဖြစ်ကြောင်း ပြောပြရာ အိမ်သားအားလုံးက မယုံကြည်ကြပေ။

ဤသည်ကို ရိပ်မိသော ဘိုးပိုက်ဆံသည် နန့်သအား မိမိယာပေးသော ကွမ်းတစ်ယာကို စားရန်ပေးလိုက်သည်။ ယင်းကွမ်းယာကို စားပြီးပြီးချင်း နန့်သ ဘဝဟောင်းကို ပြန်မြင်ရကာ ဘဝဟောင်းက အဖြစ်မှန်ကို မိဘများအား ပြန်ပြောနိုင်ခဲ့ပါသည်။

မိသားစုအားလုံး ယုံကြည်နိုင်ရန် ဘိုးပိုက်ဆံသည် နော်ဝါးအပြုရှိစဉ်က

www.burmeseclassic.com

မိမိပေးခဲ့သော လက်စွပ်၊ နားတောင်းနှင့် လက်ကောက်များ မည်သည့်နေရာတွင် ထားခဲ့သနည်းဟု မေးရာ နန္ဒသက ဖာပွန်မြို့နယ်၊ နာခိုခီးရွာတွင် မြှုပ်ထားကြောင်း ပြန်ပြောလိုက်ပါသည်။

ထိုအခါ ဘိုးပိုက်ဆံက ယင်းပစ္စည်းများကို သူ့ဘာသာ သွားရောက် ပြန်ယူလာစေခဲ့ပါသည်။ နန္ဒသသည် မကြာမီ အဖော်များနှင့်အတူ လက်ဝတ်ပစ္စည်းများယူ၍ ပြန်ရောက်လာပါသည်။

ထိုအခါကျမှ မိဘမောင်နှမနှင့် ကျေးရွာရှိ လူများအားလုံး ဘိုးပိုက်ဆံအပေါ် သံသယ ကင်းရှင်းပြီး နန္ဒသနှင့် ထိမ်းမြားပေးလိုက်ကြပါသည်။ ဘိုးပိုက်ဆံနှင့် နန္ဒသတို့ ထိမ်းမြားလိုက်ခြင်းသည် စကောကရင်နှင့် ပိုးကရင်တို့ မိမိ သာသနာတော်အတွင်းသို့ ပြန်လည် စုစည်းပေးသောသဘော သက်ရောက်ပါသည်။

ဘိုးပိုက်ဆံသည် ဖဒိုပလောရွာ (ယခု ဖဒိုမြို့)ကို ၁၈၈၈ ခုနှစ်တွင် စတင်တည်ထောင်ပြီး ၁၈၈၉ ခုနှစ်တွင် (၁၆)ကေကျယ်သော သာသနာ ကျောင်းဝင်းမြေ၌ (၁၃၁)တိုင်ရှိ ဘုရားဝတ်ပြုရာ ကျောင်းတစ်ဆောင် ဆောက်လုပ်ပြီး ကျောင်းကြီး၏နံရံတွင် လူနှင့်မတူ နတ်ထက်မြတ်သော ကောင်းချီးမင်္ဂလာအပေါင်းနှင့် ပြည့်စုံတော်မူသော စကောကရင်တို့၏ ဘုရားဝတ်ပြုကျောင်းကြီးဟူသော ကမ္ပည်းစာတန်း ထိုးထားပါသည်။

မိမိအမျိုးသားများ ရန်ကုန်သို့ ဘုရားဖူးသွားသောအခါ တည်းခိုရန် ယခုမြို့မနှင့် ရွှေဂုံရုပ်ရှင်ရုံများ နေရာတွင် သွပ်မိုးသံထည် မှော်ရုံကြီးတစ်ဆောင် ဆောက်လုပ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့ရှိ ပဲခူး ကရင် ဟိုက်စကူးကျောင်းဝင်းတွင် ဘော်ဒါဆောင်တစ်ဆောင်၊ ရေတွင်းတစ်တွင်း၊ သာသနာဆရာနေရန် တိုက်တစ်လုံး၊ ယခု အလုံအ.ထ.က (၁)နေရာတွင် တစ်ဆယ့်လေးနှစ်တိုင်အောင် ဆောက်၍ မပြီးနိုင်သော ဆရာဆန်းနားဗင့်တန် အောက်မေ့ဖွယ် ဝတ်ကျောင်းကြီးကို အပြီးဆောက်ပေးခဲ့ပါသည်။

ပဲခူးတိုင်းဒေသကြီး ဥက္ကံဘူတာရှေ့ ဇီးပင်ဆိပ်ကျေးရွာတွင် ဇရပ်တစ်ဆောင်နှင့် ဘုရားဝတ်ပြုကျောင်းတစ်ကျောင်း၊ မှော်ဘီမြို့နယ် မြူးကျင်းကျေးရွာတွင် ဘုရားဝတ်ပြုကျောင်းတစ်ကျောင်း၊ မှော်ဘီမြို့ ဆရာတီးတူ နေထိုင်ရန် အိမ်တစ်လုံး။

ဥက္ကံဘူတာ အနောက်ဘက်တွင် ဘုရားဝတ်ပြုကျောင်းကြီး တစ်ဆောင်၊ စပါးကျီတစ်လုံး၊ အဝီစီတွင်းတစ်တွင်း၊ လက်ပံတန်းမြို့တွင် ဘုရားဝတ်ပြုကျောင်းကြီးတစ်ဆောင်၊ ဟသ်ာတ ဘူတာအနီး၌ ဇရပ်တစ်ဆောင်၊ ဓနုဖြူမြို့တွင် ဇရပ်တစ်ဆောင်၊ ပန်းတနော်မြို့ ပြလင်းကျေးရွာတွင် ဘုရားဝတ်ပြုကျောင်းတစ်ဆောင်။

ကျုံပျော်မြို့နယ် ပေါင်းစုကျေးရွာတွင် ဇရပ်တစ်ဆောင်၊ ယင်းမြို့နယ် ဂမုံးစုကျေးရွာတွင် မှော်ရုံတစ်ဆောင်၊ မှော်ဘီမြို့ ဘူတာအနီး ကိုးဆောင်တွဲ ဘုရားဝတ်ပြု ကျောင်းတော်ကြီး၊ ညောင်လေးပင်မြို့ ဘူတာအနီး (၆) ဘာသာဝတ်ကျောင်းတော်ကြီး။

ယင်းမြို့တွင်း ဆန်စက်တစ်လုံး၊ ရေစုပ်စက်နှင့် ရေစင်တစ်ခု၊ အဝီစိတွင်းတစ်တွင်း၊ ယင်းမြို့နယ် ပုစွန်မြောင်းအရပ်တွင် ဇရပ်တစ်ဆောင်၊ ရန်ကုန်မြို့တွင် ဘုရားဝတ်ပြုကျောင်းတစ်ကျောင်း။

ရွှေကျင်မြို့နယ် စုမထာကျေးရွာတွင် ဘုရားဝတ်ပြုကျောင်း တစ်ကျောင်း၊ ကျောက်ကြီးမြို့နယ် ရေလဲကျေးရွာတွင် ရင်မာရိုး ဘုရားဝတ်ပြုကျောင်းတစ်ကျောင်း စသည်တို့ကို ဆောက်လုပ်ခဲ့ပါသည်။

## ဘိုးပိုက်ဆံ တန်ခိုးပြခြင်း

ဥက္ကံမြို့သား တစ်ယောက်သည် ဘိုးပိုက်ဆံ တန်ခိုးပြနိုင်လျှင် ကိုးကွယ်မည်ဟူသော ရည်ရွယ်ချက်ဖြင့် ဖဒိုပလောသို့ လာ၏။ ယင်းသူ ဘိုးပိုက်ဆံထံရောက်လျှင် (၇)တောင်ရှိ ဝါးတစ်လုံး ရှာခိုင်းပြီး ဥက္ကံသား ယူလာသော ဝါးလုံးကို တစ်နေရာ၌ ထောင်ထားပြီး ဘိုးပိုက်ဆံသည် ယင်းဝါးလုံးအား လက်ယာရစ် (၇)ပတ် လှည့်ပတ်ရာ ဘိုးပိုက်ဆံ၏ အရပ်သည် ဝါးလုံးထိပ်နှင့်အညီ ဖြစ်သွားသည်။

အချိန်ကား နေဝင်ရီတရောအချိန်ဖြစ်၏။ ဘိုးပိုက်ဆံသည် **"ငါ့မြေးမိုး ချုပ်တော့မယ် ဒီည ဘိုးဘိုးနဲ့ အိပ်ပါ"**ဆိုပြီး နှစ်ယောက်သား ဘုရားဝတ်ကျောင်းမှ အိမ်သို့ ပြန်လာခဲ့ကြသည်။ အိမ်သို့ ရောက်သောအခါ ဘိုးပိုက်ဆံသည် မိမိအိပ်ရာထက်၌ ပက်လက်လှဲအိပ်လိုက်ရာ နို့စို့သားလေး ဖြစ်သွားပြီး ခြေထောက်နှစ်ဖက်ကို မြှောက်ကာ ဟိုကန်ဒီကန် ကစားသည်ကို တွေ့မြင်ရပါသည်။

ဖဒိုပလောတွင် ဝတ်ပြုကျောင်း ဆောက်လုပ်ရန်အတွက် ဘိုးပိုက်ဆံနှင့် တပည့်များသည် ရဲနွယ်ချောင်း၏ အနောက်ဘက်တော၌ သစ်ခုတ် ထွက်ခဲ့ကြသည်။ တစ်နေ့တာ လုပ်ငန်းပြီး၍ ရွာပြန်ရန် နေမင်းကြီးကို မော့ကြည့်ကြသောအခါ အနောက်တောင်



www.burmeseclassic.com

www.burmeseclassic.com

စွယ်၌ ဝင်အုံ့ဆဲဆဲ နေမင်းကို တွေ့ရသည်။

တပည့်များက မကြာမီ နေဝင်တော့မည့် အကြောင်းကို ဘိုးပိုက်ဆံအား ပြောကြားကြရာ ဘိုးပိုက်ဆံက **"ဒီနေ မဝင်သေးပါဘူး"** ဟု ပြောပြီး ရွာသို့ ပြန်လာကြ၏။ ရွာရောက်၍ သစ်လုံးများကို လှည်းပေါ်မှ အေးအေးဆေးဆေး ချပြီးမှ နေဝင်သွားပါသည်။

တစ်နေ့တွင် ရန်ကုန်မြို့မှ ကန်ချောင်းကျေးရွာသို့ သကြားဟင်းအိုး အမည်ရှိ ကျောင်းဒကာတစ်ဦးနှင့် အနောက်တိုင်း သာသနာပြုဆရာကြီး ဆန်းနားဗင့်တန်တို့နှင့်အတူ ခရီးထွက်ခဲ့ကြသည်။ ရွာသားများက ထမင်းပွဲ တွင် ဟင်းအမည် စုံလင်စွာ စီမံထားသည်။

ဟင်းပွဲများတွင် ဘဲပြုတ်ကြော် (ROAST) နှစ်ကောင်ပါ၏။ ထမင်းသုံးဆောင်သောအခါ ဆရာဆန်းနားဗင့်တန်သည် ဘဲပြုတ်ကြော်တစ်ကောင်နှင့် အခြားသားငါး ဟင်းလျာများကို မြိန်ယှက်စွာ စားသောက်နေ၏။ ဘိုးပိုက်ဆံမှာမူ အသီးအရွက်ဟင်းလျာများကိုသာ သုံးဆောင်ပါသည်။

ဘိုးပိုက်ဆံက ဆရာဆန်းနားဗင့်တန်အား "ကျန်ရှိသော ဘဲပြုတ်ကြော်တစ်ကောင်ကို မသုံးဆောင်နိုင်တော့ဘူးလား" ဟု မေးလေ၏။ ထိုသူက မစားနိုင်တော့ကြောင်း ပြောသောအခါ ဘိုးပိုက်ဆံသည် ထိုဘဲပြုတ်ကြော်ကို လက်ညှိုးနှင့်ထိုးပြီး "မင်းကို စားမည့်သူ မရှိဘူး ဒီပန်းကန်ပြားပေါ်မှ ထပြန်တော့" ဟု ပြောလိုက်ရာ ဘဲပြုတ်ကြော်မှာ အမွေးအတောင်များ ချက်ချင်းပြန်ပေါက်လာပြီး ပန်းကန်ထဲမှ အတောင်ခတ်ကာ စားပွဲပေါ်မှ ဆင်းပြေးသွားပါသည်။

ဆန်းနားဗင့်တန်က ဘိုးပိုက်ဆံ



အား...

'ဆိုဟာ ကျုပ်ကို မျက်လှည့် လုပ်ပြနေတာလား'

ဟု မေးလေ၏။ ဘိုးပိုက်ဆံက...

'မျက်လှည့်လုပ်ပြနေတာ မဟုတ်ဘူး။ တည့်တည့်လုပ်ပြနေတာ ဖြစ်တဲ့အတွက် မျက်တည့်ပြနေတာပါ'

ဟု အေးအေးဆေးဆေး ပြန်ပြောလိုက်ပါသည်။

ထမင်းစားပြီးသောအခါ ငှက်ပျောသီး တည်ပေးထားသည်ကို မတွေ့ရသဖြင့် တပည့်များအား **"ခြံတွင်းမှာ ငှက်ပျောပင်များ တွေ့ရပါတယ်။ ငှက်ပျောသီး မရှိဘူးလား"** ဟု မေး၏။ တပည့်တစ်ဦးက ငှက်ပျောပင်များ စိုက်ထားတာ မကြာသေးသဖြင့် အသီး မသီးသေးကြောင်း ပြောပြ၏။ ထိုသူအား သွားကြည့်လိုက်ပါဦး ငှက်ပျောတစ်ပင်မှာ အသီးသီးနေပါသည်ဟု ပြော၏။

သွားကြည့်သောအခါ ငှက်ပျောတစ်ပင်သည် ထူးဆန်းစွာ သီးနေသည်ကို တွေ့ရ၏။ သို့သော် အလွန်နုသေးကြောင်း ပြောပြ၏။

ဘိုးပိုက်ဆံသည် ဆရာ ဆန်းနားဗင့်တန်နှင့် စကားပြောနေရာမှ တပည့်အား **"သွားကြည့်ပါဦး ငှက်ပျောသီး ရင့်နေပြီ"** ဟု ခိုင်း၏။ သွားကြည့်သောအခါ တကယ်ရင့်နေပြီကို သိရ၏။ အချိန်အနည်းငယ် ကြာသောအခါ ထိုတပည့်အား **" မင်း ငှက်ပျောသီး မှည့်နေပြီ သွားခုတ်တော့"** ဟု စေခိုင်းလိုက်သည်။

ထိုတပည့်သည် ဓားမတစ်ချောင်းကို ယူပြီး သွားကြည့်ရာ တစ်ခိုင်လုံး ညီညီညာညာ ဝင်းမှည့်နေသည့် ငှက်ပျောခိုင်ကို ခုတ်ယူပြီး ဘိုးပိုက်ဆံနှင့် ဧည့်သည်တော်ကြီး စားရန် စားပွဲပေါ်သို့ တင်ပေးလိုက်ပါသည်။

ငှက်ပျောသီးစားသုံးပြီး ဆရာဆန်းနားဗင့်တန်က ဘိုးပိုက်ဆံနှင့် အမှတ်တရ ဓာတ်ပုံရိုက်ရန် ပြောပြီး ဘိုးပိုက်ဆံကို အလယ်၌ ထိုင်စေကာ ဘေးတစ်ဖက်တစ်ချက်၌ ဆရာကြီး ဆန်းနားနှင့် သကြားဟင်းအိုးတို့ ထိုင်ကြသည်။

ဓာတ်ပုံ ထွက်လာသောအခါ ဘိုးပိုက်ဆံအစား ထူးဆန်းစွာ မိန်းမပျိုကလေးတစ်ဦးပုံ ပေါ်လာပြီး ဘိုးပိုက်ဆံ၏ပုံ လုံးဝမတွေ့ရပါ။

ဘိုးပိုက်ဆံသည် အမျိုးဘာသာ သာသနာ ပြန်လည် ထွန်းကားရေးအတွက် တစ်နယ်ဝင်၊ တစ်နယ်ထွက် ခရီးထွက်ခဲ့ရာ မြို့ရွာအတော်များများတွင် ဘုရားဝတ်ပြုကျောင်း၊ ရေတွင်း၊ ရေကန်၊ ဇရပ်၊ ဓမ္မာရုံ စသည့် သာသနာရေး အဆောက်အအုံများစွာကို တန်ဖိုး သန်းပေါင်းများစွာ အကုန်အကျခံ၍ ဆောက်လုပ်လှူဒါန်းနိုင်ပါသည်။

ထိုဖြစ်ရပ်အပေါ် သံသယမကင်းသော နယ်ချဲ့အင်္ဂလိပ်အစိုးရနှင့် ယင်းအပေါ် မနာလိုသော သူများ၏ မမှန်မကန်သော တိုင်ကြားချက်များကြောင့် လက်ပံတန်းမြို့၌ ဘုရားဝတ်ပြုကျောင်း ဆောက်လုပ်နေစဉ် ပုလိပ်အရာရှိတစ်ဦး ရောက်လာပြီး ဘိုးပိုက်ဆံအား မေးမြန်းစရာရှိ၍

www.burmeseclassic.com

ရဲစခန်းသို့ လိုက်ခဲ့ရန် ခေါ်ပါသည်။

မိမိတစ်ဦးတည်းကိုသာ လာရောက်ဖမ်းဆီးခြင်း ဖြစ်ပါသလားဟု မေး၏။ ပုလိပ်အရာရှိက ဟုတ်ပါကြောင်း ပြန်ပြောသောအခါ ဘိုးပိုက်ဆံသည် မိမိ၏အခန်းထဲမှ လွယ်အိတ်ကို ယူပါရစေဟု ပုလိပ်အရာရှိအား ခွင့်တောင်းပြီး အခန်းထဲ ဝင်သွားပါသည်။

အခန်းထဲမှ ပြန်ထွက်လာသောအခါ လွယ်အိတ်လွယ်သော ဘိုးပိုက်ဆံ၏ ပုံတူငါးဦးကို ပုလိပ်အရာရှိ တွေ့ရသည်။ အမူအရာအားလုံး ပုံတူပင်ဖြစ်၍ ဘိုးပိုက်ဆံအစစ်သည် ဘယ်တစ်ဦးဖြစ်သည်ကို ပုလိပ်အရာရှိသည် ဘယ်လိုမှ မခွဲခြားတတ်တော့ပါ။

သူ၏ခေါင်းထဲသို့ ဝင်လာသော အသိဉာဏ်တစ်ခုမှာ ဘိုးပိုက်ဆံသည် သာမန်ပုဂ္ဂိုလ်တစ်ဦး မဟုတ်ကြောင်း သိသွားသည်။ ထို့ကြောင့် ဘိုးပိုက်ဆံကို မနာလိုသူတို့၏ စကားကိုယုံ၍ အထင်လွဲမိသည်ကို ခွင့်လွှတ်ပါရန် တောင်းပန်ပြီး ပြန်သွားပါသည်။

**(ဘိုးပိုက်ဆံ၏ တန်ခိုးများစွာ ရှိသော်လည်း မဂ္ဂဇင်းစာမျက်နှာကို ငဲ့၍ ဤမျှသာ ဖော်ပြလိုက်ပါသည်။ စာရေးသူ)**

ဘိုးပိုက်ဆံသည် တပည့်သားသမီးများအား **"မင်းတို့နဲ့ ငါ မကြာခင် ခွဲရတော့မယ်"**ဟု ပြောကြားလိုက်ပါသည်။ ထိုအခါ တပည့်များက သူတို့ကို ပစ်မသွားရန် ငိုယိုတောင်းပန်ကြပါသည်။ ဘိုးပိုက်ဆံက...

'ကောင်းပြီ ဖိုးကို ထွက်မသွားစေချင်ရင် ဖိုးအတွက် မြေပုခက်တစ်ခု ပြုလုပ်ပေးပြီး နေအိမ်အလယ်မှာ ချိတ်ဆွဲပြီး ကန့်လန့်ကာနဲ့ ကာရံပေး။ ဒီကနေ့ကစ၍ (၇)ရက် (၇)ညတိတိ ဖိုးကို သတိဝီရိယနဲ့ စောင့်ကြည့်ရမယ်။ ဒီရက်များအတွင်း မင်းတို့ ဝီရိယပျော့လျော့ရင် ဖိုးကို မတွေ့နိုင်ကြတော့ဘူး'

ဟု ပြောပါသည်။

တပည့်များသည် ဘိုးပိုက်ဆံမှာကြားသည့်အတိုင်း ဆောင်ရွက်ကြပါသည်။ ဘိုးပိုက်ဆံသည် မြေပုခက်ပေါ်သို့ တက်ရောက်မည့် နံနက်တွင် ဇနီးသားသမီးများနှင့်အတူ ထမင်းထိုင်စားကြရန်ခေါ်ပြီး မိမိထမင်းပန်းကန်ထဲမှ ထမင်းတစ်ဆုပ်စီကို ကလေးနှစ်ယောက်အား ပေး၏။

ကလေးများသည် ဖခင်ကြီးပေးသော ထမင်းဆုပ်ကို ယူစားကြ၏။ ဇနီးသည်ကိုလည်း ထမင်းတစ်ဆုပ်ပေး၏။ ဇနီးသည် ဖီးသက ငြင်းဆို၏။ ထိုအခါ ဘိုးပိုက်ဆံက ဇနီးသည်အား...

'ငါကျွေးတဲ့ထမင်း မစားခြင်းကြောင့် ဖိုးအတွက် မင်း မျက်ရည်ကျဦးမယ်'

ဟု ပြောပါသည်။

ယင်းနောက် သူသည် မြေပုခက်ထက်သို့ တက်ရောက်လဲလျောင်းကာ ငြိမ်သက်စွာ ဥပုသ်သီလ ဆောက်တည်နေပါသည်။ တပည့်သားမြေး (၈၀)တို့သည် အချိန်မလပ် အလှည့်ကျ သတိဝီရိယဖြင့် စောင့်ကြည့်နေကြပါသည်။ (၇)ရက်မြောက်သော နံနက်တွင် ဘိုးပိုက်ဆံသည် တပည့်တစ်ဦးအား ငှက်ပျောတုံးတစ်တုံး ခုတ်ယူစေပြီး တံခါးရွက်၏နောက်တွင် ထောင်ထားစေပါသည်။

ဘိုးပိုက်ဆံသည် မြေပုခက်ထဲ၌ လဲလျောင်း၍ (၇)ညမြောက်သော သန်းခေါင်ယံ၌ တပည့်များအားလုံး နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေစဉ် အထက်ကောင်းကင်ယံမှ အလင်းတန်းနှစ်ခု ဘိုးပိုက်ဆံပေါ်သို့ တည့်တည့်ကျရောက်လာသည်ကို (ထိုည သန်းခေါင်ယံမှ မိုးလင်းသည်အထိ အိပ်မပျော်သော) ဖီးသ၏မောင် စောရွှေချင်း တွေ့မြင်လိုက်သည်။

ထိုအခါ ဘိုးပိုက်ဆံရှိရာသို့ အပြေးအလွှား ရောက်ရှိလာခဲ့သည်။ စောရွှေချင်း တွေ့မြင်လိုက်ရသော အရာမှာ နတ်သားလို ပုဂ္ဂိုလ်နှစ်ဦးက ဘိုးပိုက်ဆံအနားမှာ ရောက်နေသည်။ ဘိုးပိုက်ဆံသည် စောရွှေချင်း၏ နားရွက်ကို ဆွဲ၍...

'အခု ဖိုးသွားရတော့မယ်။ ဒီအကြောင်းကို မင်း ဘယ်သူ့ကိုမှ မပြောရဘူး။ ပြောတဲ့နေ့ဟာ မင်း လူ့ပြည်ကို စွန့်ခွာရမယ့်နေ့ပဲ'

ဟု ပြောပြီး နားရွက်ကို နာနာလေး လိမ်ဆွဲလိုက်ပါသည်။

ဦးခေါင်းအထက်ရှိ အိမ်ခေါင်မိုးသည် အလိုလို ပွင့်သွားပြီး နတ်သားလို ပုဂ္ဂိုလ်နှစ်ဦးက ဘိုးပိုက်ဆံ၏ လက်မောင်းတစ်ဖက်စီကိုမပြီး အထက်ကောင်းကင်သို့ ပျံတက် ပျောက်ကွယ်သွားပါသည်။ အိမ်ခေါင်မိုးလည်း နဂိုအတိုင်း ပြန်ဖြစ်သွားသည်။ ထိုစဉ်က စောရွှေချင်း၏ အသက်သည် (၂၅)နှစ်သာ ရှိပါသေးသည်။

အချိန်အနည်းငယ်အတွင်း ကျယ်လောင်သော အော်သံကြားလိုက်ရပြီး လူများ နိုးလာသော အသံနှင့်အတူ ဘိုးပိုက်ဆံ မြေပုခက်ထဲတွင် မရှိတော့ကြောင်း ဆူညံစွာ ပြောဆိုကြသော အသံများနှင့် လိုက်ရှာကြသူများကို တွေ့ရသည်။

နံနက်မိုးလင်းသောအခါ အိမ်ဝင်းအတွင်းရှိ ရေတွင်းနှုတ်ခမ်းထက်၌ သင်တိုင်းတစ်ထည် တင်ထားလျက်ရှိပြီး ရေတွင်းထဲ၌ လူသေအလောင်းတစ်ခုကို တွေ့ကြရသည်။ အလောင်းကို ဆယ်ယူကြပြီး မြေပုခက်ထက်၌ တင်ထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသသည် ပြင်ဆင်ထားသော အလောင်းရှေ့၌ ချုံးပွဲချ၍ ငိုကြွေးလေသည်။ အနီးရှိ ကလေးငယ် သားနှင့် သမီးတို့က **"မိုးမိုး ဘာဖြစ်လို့ ငိုတာလဲ၊ မငိုနဲ့လေ"**ဟု ပြောကြ၏။ ဖိုးသက **"ပုခက်ထဲမှာ နင်တို့ပါးပါး သေနေတာ မတွေ့ဘူးလား"**ဟု ပြောရာ ကလေးများက **"အဲဒါ ပါးပါး မဟုတ်ဘူး။ ငှက်ပျောတုံးကြီး"**ဟု ပြောကြပါသည်။

ထိုနေ့ နံနက်စောစောအချိန်လောက် လယ်သမားတစ်ဦးသည် အိပ်ရာမှနိုးစ ခြေလက်သုတ်သင်ရန် ထသွားစဉ် မိမိအနားမှ လယ်တောထဲကို ဖြတ်သန်းပြီး အရှေ့အရပ်သို့ သွားမည်ဟု ဘိုးပိုက်ဆံက ပြောသွားကြောင်း ရွာပနတွင် ပြောကြားပါသည်။

ယင်းနေ့တွင် ပိန်းဇလုပ်ဘုတာရုံသို့ လူအများအပြား ရောက်လာကြရာ မှူးပိုင်ကြီးက "ဘယ်သွားကြမှာလဲ"ဟု မေး၏။ လူအုပ်ကြီးက "ဘိုးပိုက်ဆံ ရွာပနသွားမလို့"ဟု ပြောကြရာ...

'ခင်ဗျားတို့ ကျုပ်ကို နောက်နေကြတာလား။ မနက်က ဘိုးပိုက်ဆံ ရန်ကုန်သွားမယ်ဆိုပြီး ရောက်လာတယ်။ အတူတူ လက်ဖက်ရည်သောက်ပြီး ရန်ကုန်သွားမယ့် ရထားပေါ် တက်လိုက်သွားတယ်'

ဟု ပြောပါသည်။

ဘိုးပိုက်ဆံ၏ ယောက်ဖ စောရွှေချင်းသည် အသက်(၈၀)နှစ်သို့ ရောက်သော် သူ တွေ့မြင်ခဲ့ရသော ဘိုးပိုက်ဆံကို နတ်သားနှစ်ယောက်က ထောင်းကင်သို့ ခေါ်ဆောင်သွားကြောင်း ကျောင်းဒကာ စောမြဒင်၏ဇနီး နော်ငွေပွင့်နှင့် သားသမီးတို့အား ပြန်ပြောခဲ့ပါသည်။ များမကြာမီ အချိန်အတွင်း စောရွှေချင်း ကွယ်လွန်သွားပါသည်။

ဤသည်ကား ဘိုးပိုက်ဆံ၏ ပဟေဠိဆန်သော ဇာတ်သိမ်းခန်း ဖြစ်ပါသည်။

## ဘိုးပိုက်ဆံ၏ ဩဝါဒ

ဘိုးပိုက်ဆံ၏ ဩဝါဒကို ခံယူရန် ရောက်လာကြသော တပည့်သားမြေးများအား ဘိုးပိုက်ဆံသည် လွယ်အိတ်ထဲမှ ဆေးတံကို ထုတ်ပြပြီး **"ဒီအရာကို ကရင်လို ဘာခေါ်သလဲ"**ဟု မေး၏။ တပည့်များက **"မော့သီနိ"** ခေါ်ပါသည်ဟု ဖြေ၏။

ဘိုးပိုက်ဆံက...

'တပည့်တို့ ခေါင်းကိုမော့ပြီး အဝေးသို့ ကြည့်ကြ။ မိမိတို့နဲ့ လှမ်းသောနေရာ၌ ဘယ်လို ဖြစ်ပျက်ပြောင်းလဲနေတာကို သိအောင်လုပ်ကြ။ မိမိတို့ရဲ့ ဘေးပတ်ဝန်းကျင် တိုးတက်ပြောင်းလဲခြင်းနဲ့အညီ လိုက်လျောညီထွေဖြစ်အောင် မကြိုးစားရင် မိမိတို့ဟာ သူတစ်ပါးတို့နဲ့ အလှမ်းဝေးကွာစွာ ခေတ်နောက်ကျ ကျန်ရစ်ကြလိမ့်မယ်။

တပည့်တို့ မျက်စိဖွင့်ထားကြ၊ နားစွင့်ထားကြ၊ ဦးနှောက်ကောင်းသူများကဲ့သို့ စဉ်းစားဝေဖန်ပိုင်းခြားသုံးသပ်ကြပါ။ သမ္မာအာဇီဝနည်းဖြင့် ကောင်းသော ဘဝလမ်းကြောင်း တိုးတက်မှုကို ကြံဆောင်ကြပါ'

ဟု ဩဝါဒပေးပါသည်။

ဘိုးပိုက်ဆံသည် သားဦးကရင် မေတ္တာပြုဟွစိုရ်သာသနာကို တည်ထောင်ရသည့် ရည်ရွယ်ချက်မှာ ရိုးသားကြသည့် စကောကရင်နှင့် ပိုးကရင်များသည် အခြားဘာသာ သာသနာဝင်အဖြစ်မှ မိမိတို့၏ ဘိုးဘေးဘီဘင်က ယုံကြည်ကိုးကွယ်ကြသည့် မူရင်းဘာသာ သာသနာသို့ ပြန်လည် ဝင်ရောက်ကြစေရန် ရည်ရွယ်ရင်းဖြစ်ပါသည်။

**[အရှင်ထွက် ပုဂ္ဂိုလ်ကြီးဟု ယူဆရပါသည်။(*စာရေးသူ*)]**

**[နော်မူလွယ်ထူးဒီဘိုးမင်း ပြုစုသည့် မေတ္တာပြုဟွစိုရ် သာသနာ သမိုင်းကျမ်းကို မှီငြမ်းပါသည်။]**

ပြည့်ဖြိုးဝေ (*လှိုင်ကော်*)

**စာရှုသူ သူတော်စင် ဝါသနာရှင်များသို့...**

**ဘိုးပိုက်ဆံ၏ ဘဝဇာတ်ကြောင်းနှင့် ကျွမ်းဝင်ခဲ့ရသူများ သိရှိသူ တပည့်များ၊ ပုဂ္ဂိုလ်များမှ နက္ခတ္တဗေဒင်ကြည်မဂ္ဂဇင်းသို့ ရေးသား ပေးပို့ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**ဦးကျော်မြင့်သိန်း**
*စာတည်းချုပ်*
*နက္ခတ္တဗေဒင်ကြည်မဂ္ဂဇင်း*



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဝေစာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိသည်

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၇၁၁ YR ဝဝ၆ဝ၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း)
၅၃/ဝ၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအား နည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ ''အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ''ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်း အတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြော အားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေး နိုင်တယ်။

ပန်းသေ၊ ပန်းညိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ် အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက် လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြော အားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်း ခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေ လျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်း နိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ဒါ့အပြင် ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေ ပါတယ်'

'ကျွန်တော်လဲ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေးကို သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည် လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေ တဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အား တိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင် စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာ မင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဓမ္မာလမ်းမကြီး၊ သွန္တာမှတ်တိုင်အနီး (စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၄၁၂၅၅၀

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com


ရတ္တနီးစင်တောင်ဆရာတော် ဓာတ်ပန္နက် စိုက်ထူခဲ့သည့် ကရာကုန်းကျောင်းမှ

# မနော်မယ အောင်တော်မူစေတီ (၂)

ဘုန်းကျော်စွာ
(မြို့ငတက္ကသိုလ်)

ယခင်လမှ အဆက်

ဇီဝမာတ်တိုင်ကတော့ ကျောင်းဝင်းအပြင်၊ အနောက်ဘက်က မယ်ဖော့ရေကန်နားမှာ ရှိတယ်။ မာလကာပင်ကလေးပါ။ ဘုန်းကြီး ဒီကျောင်းကို ၁၃၃၁ ခုနှစ်၊ ဒုတိယဝါဆို လဆန်း(၇)ရက်နေ့မှာ စပြီး ကျောင်းထိုင်တယ်။ အဲဒီတုန်းကလဲ အပင်က ဒီအရွယ်ပဲ။ အရွယ်မပြောင်းဘူး။ နောက်တော့ သွားကြည့်ကြတာပေါ့။ အခု ပစ္စည်းတစ်ခု ပြပေးမယ်'



လာဘမုနိစေတီ

## ကြေးဘူးကလေး

ဆရာတော်က အိတ်ငယ်ဖြင့် ထည့်ထားသော ပစ္စည်းတစ်ခုကို ပြပေးသည်။ ရှစ်မြှောင့်ကြေးဘူးဖြစ်၍ အဖုံးပါ ရှည်မျောမျောပုံစံ ရှိသည်။ အဖုံးပေါ်တွင် မျောက်၊ ကိန္နရာ၊ ငှက်ရုပ်များရှိ၍ အောက်ခံ နံရံပတ်လည်တွင် ခြေလေးချောင်းသတ္တဝါပုံများနှင့် နဂါးပုံ တစ်ပုံ ထွင်းထားသည်။

ခြေလေးချောင်းပုံများမှာ ဆင်၊ မြင်းနှင့် ခွေးဟု ယူဆဖွယ်ရှိ၍ သားကောင် ကိုက်ချီထားသော ပုံတစ်ပုံလည်း တွေ့ရသည်။ စုစုပေါင်း(၁၂)ကွက် ကန့်ကာ ရုပ်ပုံ(၁၂)ပုံပါဝင်သည်။

အလျား(၈)လက်မ၊ အနံ(၃ ဒသမ ၇) လက်မ၊ အမြင့် (၂ ဒသမ ၉)လက်မ ရှိ၍ မနော်မယ ကရာကုန်းကျောင်းတိုက်၏ အနောက်တောင်ထောင့်ရှိ ရေတွင်းဟောင်းမှ (၆-၂-၂၀၁၃)နေ့တွင် တွေ့ရှိရသော ရှေးဟောင်းသေတ္တာဖြစ်ကြောင်း ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့ မှတ်တမ်းစာအုပ် ဖတ်ရှုရသည်။

ဤသို့ အသုံးအဆောင်ပစ္စည်းများ တွင် ဆယ့်နှစ်ရာသီရုပ် သို့မဟုတ်

www.burmeseclassic.com

ဇာတ်နိပါတ် သရုပ်ဖော်ပုံများ ရေးထွင်းလေ့ရှိသော်လည်း ဤကြေးဘူးတွင် အောက်ခံ၌ ခြေလေးချောင်း သတ္တဝါများ၊ နဂါးတို့က မြေကြီးကို ညွှန်း၍ ငှက်ကိန္နရာ၊ မျောက်ရုပ်များက လှုပ်ရှားခြင်း၊ ပျံသန်းခြင်းသဘောနှင့် ကောင်းကင်ကို ညွှန်းဟန်ရှိသည်။

စိတ်ဝင်စားဖွယ် ကောင်းသော တန်ဆာဆင်မှု ဖြစ်သည်။ ကမ္ပည်း အမှတ်အသားများ မတွေ့ရပေ။


## ရွှေရုပ်ပွားတော်များ

ထို့နောက် ဘုရားခန်းတွင် ရွှေရုပ်ပွားတော်များကို ကြည်ညိုသည်။ စေတီပျက်များမှ ရရှိသော ဌာပနာပစ္စည်းများဖြစ်သည်။ တင်ပျဉ်ခွေ ရုပ်ပွားတော်များ၊ ညောင်ရွက်ခံ (ဗောဓိပင်၌ ရွှေပလ္လင်အောင်တော်မူခန်း) ရုပ်ပွားတော်များ၊ နဂါးရုံရုပ်ပွားတော်များနှင့် ပုဆစ်ဒူးတုပ်လျက် လက်အုပ်ချီထားသည့် သာဝက ရဟန်းတော်များ ပါဝင်သည်။

ကြေးဝါ သပိတ်တစ်လုံးကိုလည်း အဖုံးနှင့်တကွ တွေ့ရသည်။ ကြေးပုရပိုက်နှစ်ခုမှာ စာသားများ ဖတ်မရအောင် မှေးမှိန်နေပြီဟု ဆိုသည်။ ကမ္ဗဝါများဖြစ်၍ အနည်းငယ် မြင်ရသမျှ ရတနာပုံခေတ်လက်ရေးဟု ယူဆရလေသည်။

ဉာဏ်တော် အမြင့် (၃)ပေ၊ (၁၀) လက်မခန့်ရှိသော သစ်သားမတ်ရပ်တော်မှာ သင်္ကန်းတော်ကို သုံးသပ်ဟန် **"စီဝရဟတ္ထ"** မုဒြာ ဖြစ်သည်။ ရက္ကန်းစင်တောင်ဆရာတော် ကမ္မဋ္ဌာန်းဆောက်တည်ခဲ့သည့် စေတီလိုဏ်တွင်းပူဇော်ထားရာ ခိုးယူခြင်း ခံခဲ့ရသည်။

အာဂန္တုရဟန်း အယောင်ဆောင်



ကုလားကျောင်းဝင်းစေတီ အပြင်မှ မြင်ရပုံ

ချုံနွယ်ကြားမှ စေတီဟောင်းတစ်ဆူ



ကာ ခိုးယူသွားခြင်းဖြစ်သည်။ မန္တလေးမြို့ နိဗ္ဗာန်ကုန်ဆိုင် တစ်ဆိုင်တွင် တွေ့ရှိသဖြင့် ပြန်လည် ပင့်ဆောင်လာကာ ကျောင်းပေါ်၌သာ ပူဇော်ထားခဲ့သည်ဟု သိရသည်။

## မနောမယ အောင်တော်မူစေတီ

ထို့နောက် ကျောင်းဝင်းအတွင်း အရှေ့တောင်ထောင့်တွင် စံပယ်တော်မူသည့် မနောမယ အောင်တော်မူစေတီအား သွားရောက်ဖူးမြော်သည်။


(၈)မြှောင့်ပုံ ကုလားကျောင်းလိုဏ်ခံကာ အထက်၌ ပစ္စယံသုံးဆင့်တင် ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ အရှေ့လှည့် မုခ်ဝရှိ၍ ကျုံခုနစ်မျက်နှာကို မုခ်ယောင် ထွင်းထားသည်။

ပထမပစ္စယံ၌ မုခ်လေးခုအကြား အရံစေတီလေးဆူ၊ ဒုတိယနှင့် တတိယပစ္စယံတို့၌ မုခ်လေးခုအကြား ကလသာအိုးတစ်လုံးစီ ပူဇော်ထားသည်။

အရှေ့ဘက် အရုံခံတန်ဆောင်းငယ်တစ်ဆောင်ကိုလည်း တွေ့ရလေ

www.burmeseclassic.com

www.burmeseclassic.com



◆ မယ်ပော့ကန်

သည်။

လိုဏ်အတွင်း၌ မျက်နှာတော်ပြည့်ဝန်းသည့် တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူ ဖူးတွေ့ရသည်။ ဤရုပ်ပွားတော်သည် ၁၃၇၄ ခုနှစ်၊ ပြာသိုလဆုတ်(၁၄)ရက် ညဦးပိုင်းက ရောင်ခြည်တော်များ ကွန့်မြူးတော်မူသည်ကို ဖူးတွေ့ရကြောင်း ကရာကုန်းရွာနေ ဒေါ်စစ်အေးက ပြောပြသည်။ ကိုယ်လုံးတော်တစ်ခုလုံး အရောင်များ လင်းလက်တော်မူသည်ဆို၏။

အတူ လိုက်ပါလာသူ ဒေါ်အေးကြည်က ဤသို့ ပြောသည်။

'လွန်ခဲ့တဲ့ (၁၁)နှစ် ၁၃၆၄ ခုနှစ်၊ တပို့တွဲလဆောက်မှာ ဒီလိုဏ်ထဲမှာ ကန်တော့ပွဲပြင်ပြီး အဓိဋ္ဌာန်ပုတီး စိပ်ဖြစ်တယ်။ အိမ်ထောင်ရေး စီးပွားရေး စသဖြင့်ပေါ့ရှင်။ လူတစ်ခု ပူပူဆယ်ကုဋေပဲ။

အဲဒါတွေအတွက် အဓိဋ္ဌာန်ဝင် ပုတီးစိပ်ပြီး တဲ့အခါ မေတ္တာပို့ အမျှအတန်းဝေပြီး သီလရှင်ကျောင်းထဲ သွားပါတယ်။ (ကရာကုန်းကျောင်းတိုက် တောင်ဘက်တွင် လမ်းတစ်လမ်းခြား၍ ရွှေတောင်ဦး သာသနာ့ရိပ်သာ သီလရှင်ကျောင်းတည်ရှိသည်။)

ကျောင်းထဲရောက်တော့ သီလရှင်လေး ဒေါ်သုသီဂီက ညွှန်ပြလို့ ကြည့်လိုက်တဲ့အခါ ဒီစေတီ စိန်ဖူးတော်က အဖြူရောင်အလင်းတွေ ဖြာထွက်နေတာ။ နှစ်တောင်၊ သုံးတောင်လောက် ရှိမယ်။ အချိန် အတော်ကို ကြာကြာဖူးရပါတယ်'

'အဲဒီတုန်းက အဓိဋ္ဌာန်ကော အောင်မြင်ခဲ့သလား'

'အောင်မြင်တယ် ဆိုရမှာပါ။ ဆန္ဒပြည့်ဝတယ်လို့ မပြောလိုပါဘူး။ သာသနာပြုလုပ်ငန်း လုပ်တဲ့အခါ အိမ်ထောင်ဖက်နဲ့ မကြာခဏ အခြေအတင် ဖြစ်ရတယ်လေ။ အခုတော့ လမ်းခွဲပြီးကြပြီမို့ ဖောက်ချပြီး နောက်ဆံမတင်းဘဲ လုပ်ဖြစ်ပါတယ်'

ဤစေတီတော်သည် သာသနာဓာတ်၊ လောကဓာတ်၊ ဓနဓာတ် ပေါင်းစုရာဖြစ်ရာ ဒေါ်အေးကြည်မှာ သာသနာဓာတ်ကို ကောင်းစွာ ရရှိခဲ့သည်ဟု ယူဆဖွယ် ရှိပေသည်။

မနာမယအောင်တော်မူ စေတီတော်ကား သာသနာတော် ပျံ့ပွားရှည်ကြာရေး၊ လောကကမ္ဘာ ဝပြောသာယာရေးနှင့် ဓနဥစ္စာ ရိက္ခာအထောက်အပံ့များ ရရှိရေးတို့အတွက် ဓာတ်သက်ယူ ကုသိုလ်ပြုနိုင်သည့် စေတီတော်မြတ်ဖြစ်သည်။

မြောက်ဘက် မနီးမဝေးတွင် လာဘမုနိစေတီတော် ရှိသည်။ လေးထောင့်လိုဏ်မုခ်ခံ၍ သွယ်လျလျ, ခေါင်းလောင်းမှောက်စေတီ ပေါက်ထွားသည်။ လိုဏ်အတွင်း ရုပ်ဖူးရုပ်ပွားတော် စံပယ်တော်မူခြင်း မရှိပါ။

www.burmeseclassic.com



◆ မယ်ဒယာကန်အနီးမှ ရေတွင်း

ကျောင်းဝင်းအတွင်း ရှေးစေတီ(၂၄) ဆူအနက် ဤနှစ်ဆူသာ အကောင်းပကတိ ဖူးတွေ့ရသည်။ ပင်လယ်ဘူးမြို့နယ် နမ္မားရွာ အေးစေတီကျောင်းဆရာတော် ဦးကောဝိဒက ၁၃၅၈ ခုနှစ်တွင် ကရာကုန်းဆရာတော်ထံ ခွင့်တောင်း၍ ပြန်လည် မွမ်းမံပြုပြင်ခဲ့သည်ဟု သိရသည်။

ကျန်စေတီများမှာ ချုံနွယ်များအကြားမှ အုတ်ပုံများအဖြစ်သာ မြင်တွေ့ရသဖြင့် ကောင်းမှုရှင်ပေါ်ပေါက်၍ အမြန် ပွင့်ထွန်းစေရန် ဆုတောင်းမိသည်။

## အဓိဋ္ဌာန်ပုတီး

မနောမယ အောင်တော်မူစေတီတွင် သာသနာဓာတ်၊ လောကဓာတ်၊ ဓနဓာတ် လိုရာ ပွားစီးစေရန် ကမ္မဋ္ဌာန်းဆောက်တည်သောအခါ မြတ်စွာဘုရား၏ ဂုဏ်တော်ကို ပွားများကြည်ညိုလျက် ပုတီးစိပ်နိုင်သည်။ ရက္ခန်းစင်တောင် ဆရာတော်ကြီးက...

'ဘုန်းအနန္တ တန်ခိုးတော်အနန္တ ပြည့်စုံတဲ့ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ဂုဏ်တော်တွေကို ပွားများကြည်ညိုနေတဲ့အတွက် ဘုန်းတန်ခိုးရှိတဲ့လူမျိုး ဖြစ်တယ်။ လူမျိုးခြား မိစ္ဆာတွေ အားကောင်းလာချိန်မှာ ဘုန်းတန်ခိုး မညှိုးမှိန်အောင် ဘုရားရှင်ရဲ့ ဂုဏ်တော်ကို ပွားများရမယ်'

ဟု မိန့်မှာတော်မူလေ့ရှိသောကြောင့် ဖြစ်သည်။

ဒုတိယခန္တီးဆရာတော် ဦးသုဇနကလည်း ဂုဏ်တော် ကြည်ညိုပွားများရသော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းသည် ကမ္မဋ္ဌာန်းလေးဆယ်အနက် အမြတ်ဆုံးကမ္မဋ္ဌာန်း ဖြစ်သည်ဟု ညွှန်ပြတော်မူသည်။

ကမ္မဋ္ဌာန်းတကာတို့တွင် အမြတ်ဆုံးဖြစ်သော ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို ပွားများအားထုတ်သော ယောဂီပုဂ္ဂိုလ်၏ ခန္ဓာကိုယ်ကြီးသည် စေတီအိမ်ကြီးကဲ့သို့ ဖြစ်နေ၍ လူနတ်ဦးခိုက် ပူဇော်ခံထိုက်၍ လက်ရှိဘဝ မဂ်ဖိုလ်မရသည့်တိုင် နတ်ရွာသုဂတိသို့ လားနိုင်သည်ဟု ဘုရားရှင် ဟောကြားတော်မူခဲ့သည်။

ဤကမ္မဋ္ဌာန်းကို ဘုန်းကြီးကမ္မဋ္ဌာန်းဟုလည်း ခေါ်ထိုက်၏။ ဘုန်းကြီးများသည် လူရှင်ရဟန်းတို့ ရှိခိုးတိုင်း ရှိခိုးသူတို့ အကျိုးများသည်ထက် များအောင် ဂုဏ်တော်ကြီးတစ်ပါးပါးကို တတ်တတ်ထင်ထင် ဆင်ခြင်၍ နေရာသည်။

ကမ္မဋ္ဌာန်း လက်ကိုင်ရှိလျှင် စေတီ

www.burmeseclassic.com



◆ အရွယ်မပြောင်းသည့် မာလကာပင်

အိမ်နှင့်တူ၍ ပူဇော်ခံထိုက်၏။ မရှိလျှင် ခံထိုက်ဟု သတိပြုမိကြပါစေ။

ဟူ၍ ခန္တီးဆရာတော် အရှင်သုဇန ရေးသားတော်မူသော "ဘာသာ အလင်းပြကျမ်း" စာမျက်နှာ ၄၁၉၊ ၄၂၀တို့တွင် ဖော်ပြထားလေသည်။

## ဒေါ်သုသီဂီ၏ အဆို

စေတီတော်အား ဝတ်ပြုကန်တော့ ကြည်ညိုပြီးနောက် ဒေါ်အေးကြည်က သီလရှင်ကျောင်းသို့ ခေါ်ဆောင်သွားရာ ဆရာလေး ဒေါ်သုသီဂီနှင့် တွေ့ဆုံ ပေးသည်။ ဆရာလေးသည် ဤ ရိပ်သာကျောင်းတွင် နေထိုင်ကျင့်ကြံခဲ့ သည်မှာ (၁၈)နှစ်ရှိပြီဖြစ်ကြောင်း သိရ သည်။

အသက်(၅၄)နှစ်ခန့် ရှိသည်။ ဆရာ လေးက မနောမယစေတီ ရောင်ခြည် တော် ကွန့်မြူးခြင်းနှင့် ပတ်သက်၍ ဤသို့ပြောပြသည်။

'စေတီတော် ရောင်ခြည်ကွန့်မြူးတာ မအေးကြည်နဲ့အတူ ဖူးရတာ (၁၁)နှစ်ရှိပါပြီ။ ထီးတော်က အဖြူရောင် အလင်းတွေ ထွက်လာတာ ဒီ(သီလရှင်)ကျောင်းထိ တောင် ရောက်တယ်ထင်ရတယ်။

နောက်ပိုင်း နှစ်တွေမှာလဲ နတ်တော်၊ ပြာသို လရောက်တိုင်း ဖူးရတတ်ပါတယ်။ တစ်နှစ်မှာ နှစ်ကြိမ်လောက် ဖူးရတယ်။ အချိန်က ပုံမှန် မဟုတ်ပေမယ့် ကောက်ပဲ သီးနှံ ရိတ်သိမ်းပြီးချိန်လောက်မှာ ကွန့်မြူး လေ့ရှိတာ သတိပြုမိတယ်'

'ဘယ်လို အချိန်တွေမှာ ဖူးရလေ့ရှိ သလဲ။ ဥပမာ နေ့ဘက်၊ ညဘက် စသဖြင့်ပေါ့'

'နေ့ခင်းအချိန်မှာ ဖူးခဲ့ရပါတယ်။ ညဘက်မှာတော့ သတိမထားမိတာလဲ ဖြစ်မယ်။ မဖူးဘူးပါဘူး'

ဆရာလေးက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို အမြဲဖတ်ရှုကြောင်း၊ သာစု ခေါ်ကြောင်းတို့ မိန့်ကြား၍ လအလိုက် စီထပ်ထားသော မဂ္ဂဇင်းစာအုပ်များ ယူပြပေးသည်။

အမည် ရေးခဲ့ပါဟု ဆိုသဖြင့် နယ်လှည့်အယ်ဒီတာ စာရင်းရှိ မိမိ အမည်ကို မျဉ်းသားပေးခဲ့သည်။

## မယ်ဖော့ရေကန်

ထို့နောက်တွင် သီလရှင်ကျောင်း၏ အနောက်ဘက် ကရာကုန်းကျောင်း ဝင်း၏ အနောက်တောင်ထောင့်အရပ် တွင်ရှိသော မယ်ဖော့ရေကန်အား သွားရောက်လေ့လာသည်။ သီလရှင် ကျောင်းသို့ ရောက်ရှိနေသည့် ကရာ

www.burmeseclassic.com

ကုန်းရွာသူ ဒေါ်စစ်အေးလည်း လိုက်ပါကူညီပေးသည်။

'ဒီ မနှစ်ကမှ ပြန်ဆည်ပြီး အင်္ဂတေကိုင်ထားတာပါ။ အလယ်မှာ ရုပ်ပွားတော်တစ်ဆူပူဇော်မယ်လို့ ဆိုတယ်။ သဘာဝ မြေသားအတိုင်း ရှိနေတုန်းက ရေပြင်မှာ ငါးတွေပွက်နေတာ အတိုင်းသား မြင်ရတယ်။

တချို့က ဟင်းစားရအောင်ဆိုပြီး ဆင်းဖမ်းကြတာ ရေထဲရောက်တော့ ငါးတစ်ကောင်မှ မတွေ့ရတော့ဘူး'

ဖမ်း၍ မရသော်လည်း ပေါက်ပေါက်စသည်တို့ကို ပစ်ချပေးပါက အလုအယက်စားသောက်ကြသည်ဆို၏။

ရက္ကန်းစင်တောင် ဆရာတော်ကြီးက နမ မယ်ဖော့အား ကျန်းမာရေးမကောင်းသဖြင့် ကံမြင့်စေရန် ကန်ကိုဆည်ဖို့စေသဖြင့် မယ်ဖော့ရေကန်တွင်သည်ဟု သိရသည်။

ရှိရင်း ကန်ကို ဆည်ဖို့ခြင်းပေလော၊ အသစ် တူးဖော်ခြင်းပေလော ဆိုသည်ကိုမူ မသိရှိရဟု ပြောပြသည်။

ရေကန်အနီး တောင်ဘက်၌ ရေတွင်းတစ်တွင်းရှိကာ ဆရာတော်ပြပေးသော ကြေးဘူးကလေး ရရှိခဲ့သည့် ရေတွင်းဖြစ်သည်။ ရေတွင်းအနီး၌ မာလကာပင်ငယ် တစ်ပင်ရှိသည်။ အပင်ငယ်ဆိုသော်လည်း အပင်ခြေကို လေ့လာကြည့်ရာ မာကျောလှသော နှစ်ရှည်ပင်ဖြစ်ကြောင်း မှန်းဆရသည်။

ဒေါ်စစ်အေးကပင် ဆက်၍ ပြောပြသည်မှာ...

'ကျွန်မ ဒီကို ရောက်လာတာ အသက် (၂၇)နှစ် ၁၃၃၂ ခုနှစ်မှာပါ။ အဲဒီကတည်းက ဒီမာလကာပင်က ဒီအရွယ်ပါပဲ။ 'အသီးလဲ သိပ်မသီးတော့ ဖြတ်သွားဖြတ်လာကြတဲ့ ကလေးကအစ ဘယ်သူမှ စိတ်မဝင်စားကြ



◆ ကရာကုန်းရွာသူ ဒေါ်စစ်အေး

ဘူး။ ဆိုလိုတာက ချိုးဖဲ့ခုတ်ထစ်လို့ အပင်မကြီးနိုင်တာ မဟုတ်ဘူးလို့ ပြောတာပါ။

ရေတွင်းဆည် ရေကန်ပြင်နဲ့ ပြန်ပြီးမွမ်းမံကြတော့ အခုလို အပင်ခြေ အုတ်ပေါင်ကလေးနဲ့ သပ်သပ်ရပ်ရပ် ဖြစ်လာတယ်။ အသီးလဲ ဝေဝေဆာဆာ သီးလာတာ တွေ့ရတယ်'

ဟူ၍ ဖြစ်သည်။

အသီးများမှာ သီးကင်းဝင်စ အရွယ်များ ဖြစ်ကြသည်။ ရက္ကန်းစင်တောင် ဆရာတော်ကြီး၏ ဇိဝကဓာတ်တိုင်ဟု ယူဆရသော အရွယ်မပြောင်းမလဲ ထူးခြားသော အပင်ဖြစ်လေရာ **ကျန်းမာရေးအတွက် ဆေးပေးပါ**ဟု ခွင့်တောင်းကာ အသီးတစ်လုံး ဆွတ်ယူခဲ့သည်။

အခွံ၊ အသားများဖယ်၍ အစေ့နုများကို စားကြည့်သောအခါ အခြားမာလကာသီးများကဲ့သို့ ချဉ်းဖြုံးဖြုံး အရသာမရှိဘဲ ဆိမ့်၍ အနည်းငယ် မွှေးသည့်ရနံ့ကို ရရှိလေသည်။

## နိဂုံး


ကရာကုန်း ကျောင်းဝင်းတွင်းမှ မနောမယ အောင်တော်မူစေတီတော်သို့ ရက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသ ကြွရောက်အားထုတ်ခဲ့ရာ အချိန်တာ ခုနှစ်သက္ကရာဇ်တို့ကို တိကျစွာ မသိရသော်လည်း လက်တွေ့စခန်းဝင် ကမ္မဋ္ဌာန်း ဆောက်တည်ပါက အကျိုးထူးများ ခံစားရကြောင်း ဒေါ်သုသီဂီ၊ ဒေါ်အေးကြည်နှင့် ဒေါ်စစ်အေး စသည့် ယောဂီများက ကိုယ်တွေ့ အဖြစ်များနှင့်ယှဉ်၍ ပြောပြခဲ့ပါသည်။

သို့ဖြစ်၍ ခန၊ လောဘ၊ သာသနာ ဓာတ်ပန္နက်ယူကာ ကုသိုလ်ပြု ပူဇော်ကြည်ညိုသင့်ကြောင်း တိုက်တွန်းလျက် ပြိုပျက်နေသည့် ကျန်စေတီများလည်း ပြန်လည် ပွင့်ထွန်းတော်မူကြစေရန်နှင့် ပွင့်ထွန်းတော်မူအောင် ဆောင်ရွက်နိုင်ကြသော သာသနာပြု ပုဂ္ဂိုလ်ထူးများ ပေါ်ထွန်းပါစေဟု ဆုတောင်း တင်ပြလိုက်ပါသည်။

ဘုန်းကျော်စွာ
(မြို့ပတ္တသိဒ္ဓိ)

www.burmeseclassic.com

www.burmeseclassic.com



# သစ်တံခါးလို့ပဲ ခေါ်လိုက်ချင်တယ်

မန္တလေးက ကျောက်မဲကို ကားနဲ့ ဘက်လာခဲ့ရင် ကျောက်မဲရောက်ဖို့ (၆)မိုင်လောက်အလိုမှာ စခန်းသာရွာကို ရောက်ပါတယ်။ သီပေါစော်ဘွားနဲ့ ဟော်နန်းတည်ရှိရာ ရွာကလေးဖြစ်တာကတစ်ကြောင်း၊ ဒေါ်စောမြအေးကြည်က မိုးဒေဝါပတ်ပျိုးကို အဲဒီဟော်နန်းမှာပဲ စပ်ဆိုခဲ့တာက တစ်ကြောင်းဖြစ်လို့ ထင်ရှားပါတယ်။

အဲဒီရွာက အထွက်မှာ ခါတ်ပုံရိုက်ပြထားတဲ့(ဝဲဘက်ရှိ သစ်ပင်မြင့်မြင့်ကြီးကို ယာဘက်ရှိ နွယ်ပင်က ထိုးအထက်ထိ တက်လှမ်းပြီး ယှက်သွယ်ထားတဲ့) မြင်ကွင်းကို တွေ့ရမှာပါ။

စူးစမ်းတတ်တဲ့ လေ့လာဆည်းပူးတတ်သူဆိုရင် တွေ့ရမှာ မလွဲပါ။ ဘာသိဘာသာ နေတတ်သူဆိုရင်တော့လဲ မတွေ့လောက်ပါဘူး။ ဒီနေရာကို ကားက ခဏလေး ဖြတ်သွားတာ မဟုတ်လား။

ဝဲဘက်ရှိ သစ်ပင် အုပ်အုပ်ကလေးထဲက အဆောက်အအုံကတော့ **ကိုးမြို့ရှင်နတ်နန်း** ဖြစ်ပါတယ်။ ရှမ်းပြည်နယ်က လူတွေဟာ နတ်နန်းဆိုရင် ရိုသေလေးစားကြလို့ အဲဒီဧရိယာက သစ်ပင်ဆိုရင် မခုတ်ဝံ့ကြဘူး။

အဲဒါကြောင့် စိမ်းစိုညိုမှောင်နေတဲ့ လှပတဲ့တောအုပ်ကလေးကို လွင်တီးခေါင်ပြင်မှာ တွေ့လိုက်ရရင် အဲဒါဟာ နတ်နန်းလို့ တထစ်ချ မှတ်ယူနိုင်ပါတယ်။

**အဲဒီတော့ နတ်နန်းရှေ့တည့်တည့် မှာ သစ်ပင်နှစ်ပင်က အခြေ နီးနီး ကပ်ကပ် ရှိတဲ့ ပေါက်လာပြီး အထက် တော်တော် မြင့်မြင့် ရောက်တော့မှ ယှက်သွယ် ကူးပေါင်းသွားတာဟာ ထူးခြားပါတယ်။ သစ်တံခါးလို့ ဆိုရမလားပဲ။**

သစ်ပင်တစ်ပင်တည်းက ဝင်ပေါက်သဖွယ် ဖြစ်နေမှ သစ်တံခါးလို့ဆိုရင် အခုဟာက အမျိုးအစား မတူတဲ့ သစ်ပင်နှစ်ပင် အထက်ဘက်မှာ ပူးပြီး ဝင်ပေါက်သဖွယ် ဖြစ်နေလေတော့ ဘယ်လိုခေါ်ကြမလဲဆိုတာ သိချင်လို့ ဒီစာကလေး ရေးမိတာပါ။

မိမိကတော့ **သစ်တံခါးလို့ပဲ ခေါ်လိုက်ချင်တယ်။** ဘာကြောင့်လဲဆိုတော့ ဒီနေရာကို ဝင်ဝင်ထွက်ထွက် ဖြတ်သန်းနေရတော့ တံခါးနဲ့ တူနေလို့ပါပဲ။

**မောင်နိုး(ကျောက်မဲ)**

www.burmeseclassic.com

www.burmeseclassic.com





တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687

လိုင်စင်၇/၂၀၀၈၊တဆထလ(တိုး)-၁၃၁၂

အသိကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်၊ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်၊ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်၊ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်၊

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့၊ ကျွန်တော်လည်း သုံးမယ်ဗျာ၊ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊


ပင်ရင်း - မုံရွာ-ဆရာမိုး wi;&i;aq;0;xwvya&;Eiaq;uce;

အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅[illegible]၆၁၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)


www.burmeseclassic.com

www.burmeseclassic.com



အနက်သဲ အနီတန်းလေး ဝင်နေသည့် ကြောင်ကျောက်မျိုးနွယ်များ

ခင်ခင်ဝင်း
(မောရဂတီ)

# သိဒ္ဓိဝင် အနက်(၉)ပါး

## ရှာဖွေခြင်းမှသည်...

အပိုင်း[၂]

ကျောက်မျက်ရတနာများကို အခမဲ့ ကြည့်ပေးခြင်း၊ သင့်တော်သော ရောင်းဝယ်နိုင်မည့်ဈေးများ ပြောပြပေးခြင်းများကြောင့် ထင်သည်။

ကျွန်မထံသို့ ထူးဆန်းသော ကျောက်များ လာပြတတ်သည်။ နဝရတ်ကိုးပါး အနွယ်ဝင် တန်ဖိုးကြီး ရတနာတန်းဝင် ကျောက်များ မဟုတ်သော်လည်း ဂမ္ဘီရ ဆန်ဆန် ထူးဆန်းသောကျောက်များ ဖြစ်နေတတ်သည်။

အချို့ကျောက်များသည် ကျောက်မျက်ရတနာစာအုပ်များတွင် မပါဝင်ဘဲ နာမည် ဘယ်လိုတပ်ရမှန်း မသိအောင် ထူးဆန်းနေသည်။

သိဒ္ဓိဝင် အနက်(၉)ပါးအကြောင်း ရေးနေသဖြင့် အနက်ရောင် ထူးဆန်း ရတနာများအကြောင်းသာ ရေးသား ဖော်ပြမည် ဖြစ်ပါသည်။

ရှေးဆရာများမှ သိဒ္ဓိဝင်အနက်(၉) ပါးကို ဖော်ပြပေးသော်လည်း တကယ်တမ်း ရှာဖွေစုဆောင်းကြသောအခါ (၇)ပါးသာ စုမိကြသည်။ တော်တော်များများ လက်လျှော့သွားကြသည်။

ကျွန်မ၏ ပင်ကိုစိတ်က တော်ရုံနှင့် လက်မလျှော့ချင်။ ထို့ကြောင့် အနက်ရောင်ကျောက် ဘာမဆို ဝယ်သည်ဟု ကြေညာလိုက်သည်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် အတုအစစ် အစုံ လာရောင်းကြသည်။ အထူးသဖြင့် မြေမှတူး၍ရသော ရှေးဟောင်းကျောက်အစအန၊ ရောင်းမရသောကျောက်များ စုပြုံရောက်လာသည်။


နို့ဆီဘူးနှင့် ချိန်၍ဝယ်သည်။ တစ်ဗူး တစ်ထောင်ကျပ် မြွှေခွံအိတ်


www.burmeseclassic.com

www.burmeseclassic.com




▲ အံသွားနက်



▲ မုတ်ကောင်နက်ခွံ

▼ ပျူပုတီးအနက် အပေါက်ပါသည်



ဖြင့် စုပေါင်း ထည့်ထားလိုက်သည်။ နောက် အားမှ ကြည့်မည်ပေါ့။ ပြည်တောင်းနှင့်ချိန်လျှင် ပြည်နှစ်ဆယ်လောက် ရှိမလား မသိ။

နှစ်တွေလည်း ကြာပြီ၊ အိမ်မှာ အနားယူနေသောအချိန် ထိုကျောက်အိတ်ကြီးကို စိတ်ရှည်ရှည်ဖြင့် တစ်ခုချင်း ကြည့်ရှုမိသည်။ ရှေးပျူခေတ် ကျောက်ပုတီးအကွဲအခြမ်းများ၊ ပျူခေတ်သုံး ဒင်္ဂါးသေးသေးလေးများ၊ ထူးဆန်းသောဓာတ်လုံးများ တွေ့ရသည်။

အင်္ဂလိပ်ခေတ်သုံး ကြေးပြားများလည်း ပါသည်။ ဖန်ပုတီးအကွဲများ၊ ဖန်စများ၊ ကျောက်စငယ်များ၊ အစိမ်း အနီရောင်စုံများ အများဆုံး ပါဝင်သည်။ အသုံးပြု၍မရသော ပစ္စည်းများသာ ဖြစ်နေသည်။


အနက်ရောင်စုသမားမို့ အနက်ရောင်ပစ္စည်းများ သီးခြားခွက်တစ်ခုနှင့် ထည့်ထားသည်။ မမျှော်လင့်ဘဲ ထူးဆန်းသော **"အံသွားနက်"** တစ်ချောင်းကို တွေ့ရှိရလေသည်။ လူတစ်ယောက်၏ အံသွားအနေအထား ပင်။ အနက်ရောင်သွား၊ လူသားမှာ ရှိသလားဟု စုံစမ်းကြည့်သည်။ မည်သူမျှ မတွေ့ဘူးကြတဲ့။

သူငယ်ချင်း တစ်ယောက်ကတော့ ပြောသည်။ ခဲရောင်သွားများပိုင်ရှင် အမျိုးသမီးတစ်ယောက်ကို တွေ့ဖူးကြောင်း၊ မော်လမြိုင် သီရိမြိုင်ဈေးတွင် ဖြစ်ကြောင်း၊ အံ့ဩလွန်းလို့...

'သွားလေးတွေက ဘာကြောင့် ခဲရောင်ဖြစ်နေတာလဲ'


F.8B. December, 2014.

www.burmeseclassic.com



▲ အနက်ရောင် စာပါစပ် ကြောင်ကျောက်

▼ အနက်ရောင် ကြောင်ကျောက်၏ အရွယ်အစား



လို့ မေးမိကြောင်း...

'မွေးကတည်းကပါ'

လို့ ဖြေကြောင်း၊ သွားလေးတွေက သေးသေးလေးတွေနဲ့ ချစ်စရာကောင်းကြောင်း ပြောပြပါသည်။

လိပ်စာမသိဘူးလားဆိုတော့ မမေးလိုက်မိကြောင်း ပြောပြပါသည်။

ကျွန်မ ယခုရရှိသော အံသွားအနက်ရောင်မှာ နက်မှောင်နေသည်။ ပုလဲနက်လို ပြောင်လက်နေသည်။ သွားဖုံးမှ ကျွတ်ထွက်နေသော၊ အသားတွင် မြှုပ်နေသောအရာများ ရှိနေသည်။

ပြသမေးမြန်းရန် ဆရာကြီးများလည်း မရှိတော့ပြီမို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ရှေးမီနောက်မီဆရာကြီး ပရိသတ်များကို တင်ပြလိုက်ရပါသည်။

**ကြည့်ရှု အဖြေပေးကြပါရန်။**

နောက်ထပ်တွေ့ရသော အနက်ရောင်အလုံးများမှာ **မြေပုလဲ**ဟု ဆရာကြီးတစ်ဦးမှ ပြောပါသည်။

ပြောင်ပြောင်နက်နက် အချို့နေရာများမှာ ပုလဲအထပ်ကလေး ကွာကျသွားဟန်အနေအထားမျိုး တွေ့ရသည်။ မတွေ့ဘူး၍ အမည်မတပ်ရဲပေ။


အနက်ရောင်အပေါက်ပါ ပျူပုတီးကိုလည်း တွေ့ရသည်။ ပြောင်လက်လုံးချောနေသော အနက်လုံး တစ်လုံးကိုလည်း တွေ့ရသည်။ ဗီး(ဆီး)သီး ကင်းခန့်ရှိမည် ထင်ပါသည်။

အနက်ရောင် ပြောင်လက်သော မုတ်ကောင်ခွံတစ်ခုကိုလည်း လှပစွာ တွေ့ရသည်။ ပုလဲအထပ်ကလေး ကွာနေဟန် တွေ့ရသည်။ အနက်ပေါ် အနီတန်းလေးများ ဝင်နေသည့် ကြောင်ကျောက်မျိုးနွယ်ဝင်များလည်း တွေ့ရသည်။


အမာဆင့်(၇)အောက်ရှိပြီး ကြောင်ကျောက်အသားဖြစ်နေသည်။ **ကြောင်ကြိုးများ သိပ်မထင်သော ကြောင်ကျောက်များ ဖြစ်ပါသည်။**

မှတ်မီးဟု ခေါ်သော အနက်ရောင်ကျောက်များ လာရောင်းသွားပါသည်။ မှတ်မီးကို တချို့က မဟူရာကျောက်ဟု ခေါ်သလို **မိုးကုတ်ကျောက်သမားအချို့မှ ဖရဲအူကျောက်တွင် အနက်ရောင်ဝင်နေခြင်းကို မှတ်မီးဟု ခေါ်ကြောင်း သိရပါသည်။**

www.burmeseclassic.com



◆ ကြောင်လက်လုံးထွက်နေသော အနက်လုံး



◆ မြေပုလဲများဟု ဆရာတစ်ဦးက ပြောသည်

လောင်းကစားသမားများ ဆောင်ကြကြောင်း တွေ့ရပါသည်။ ငွေနှင့် လက်စွပ်ကွင်း၍ ဆောင်ကြသည်။ ဤကျောက်ကို ဆောင်ထားလျှင် အနိုင်ရသည်ဟု ဆိုကြပါသည်။

**အနက်ရောင် "ရေသံ"**များကိုတော့ အများကြီး တွေ့ရှိရပါသည်။ ထို "ရေသံ" ကျောက်များသည် "**ရန်သေ**" သည်ဆို၍ ရွှေနှင့်လက်စွပ်ကွင်းဝတ်ကြသည်ကို အများအပြား တွေ့ရပါသည်။

အနက်ရောင် ကြောင်ကျောက်လေး တစ်ပွင့်ကိုတော့ ထိုက်ထိုက်တန်တန် ဈေးပေး၍ ဝယ်လိုက်ပါသည်။

အဖြူရောင်ကြောင်ကြိုး နှစ်ကြိုးမှာ စာပါးစပ်လို အရှင်ပြေးနေသည်။ ဓာတ်ပုံထဲကအတိုင်း အရွယ်အစားရော အနေအထားပါ၊ တော်တော်လေး လှနေပါသည်။

"**ကြောင်က သိဒ္ဓိ**"ဟု ဆိုသည့် အတိုင်း သမိုင်းတစ်လျှောက်တွင် လူမျိုးအသီးသီးတို့ နှစ်သက်ခုံမင်စွာ လက်စွပ်ကွင်း၍ အဆောင်အဖြစ် ဝတ်ကြကြောင်း ဖတ်ရသည်။

နှလုံးသားရေးရာ၊ စိတ်စွမ်းအင် ပတ်သက်နေပြီး စိတ်ကျရောဂါကို တားဆီးကာကွယ်၍ ချစ်ခင်ရသူနှင့် တွေ့ဆုံစေနိုင်သည့် အစွမ်းသတ္တိများ ရှိနေသည်ဟု ဖတ်ရသည်။

စုန်းကဝေ ဖုတ်တစ္ဆေများကို ခြောက်လှန့်နိုင်သည့် အစွမ်းရှိသည်ဟု မှတ်သားရသည်။

**ကြောင်ကျောက်** (Cats eye)သည် ကြောင်တစ်ကောင်၏ သူငယ်အိမ် မျက်လုံးနှင့် အတော်တူသည်။ ဆရာကြီးဦးခန့်ကျော်မှ ညွှန်းသည်။

အံ့ဩထူးဆန်းသော ကျောက်တစ်မျိုးဖြစ်ပြီး လုပနှစ်လိုဖွယ် ပြန်လင်းတန်းသည်၊ ပိုမိုစိတ်လှုပ်ရှားဖွယ် စိတ်ထဲမချင့်မရဲ အဖိုးတန်ကျောက်မျက် ရတနာဖြစ်ပြီး မတော်မတရား ဖိနှိပ်ချုပ်ချယ်ခံရသူများ ဆောင်ထားပါက မကြာမီ ဖိနှိပ်ချုပ်ချယ်ခြင်းမှ အမှန်တရား ပေါ်ပေါက်၍ ဖိနှိပ်ခြင်းမှ လွတ်ကင်းစေကာ သစ္စာဘက်တော်သားများ ဝန်းရံအားပေးခြင်းခံရမည်ဟု ညွှန်းပါသည်။

မိခင်များ ဆောင်ထားပါက ကလေးလွယ်ကူစွာ မွေးနိုင်ခြင်း၊ ချောင်းဆိုးသူများ လည်ပင်းမှာ ဆွဲထားလျှင် သလိပ်ပျောက်ကျသည်။ ကလေးများ မကောင်းမှုဒုစရိုက်မှ ကာကွယ်ပေးခြင်း...

သွားများကို အမှုန့်ပြု၍ တိုက်ပါက သွားခိုင်သည်။ အနာအပေါင်း အဆွေးများအား အမှုန့်ဖြင့် သိပ်ပေးပါက အသားနုတက်ပြီး အနာအမြန်ပျောက်ပါသည်။

သက်တံရောင် ရောင်စဉ် (၇)မျိုးနှင့် စာပါးစပ်ရောင်ရှင် အနက်ရောင် ကြောင်ကျောက်လေးကို ရရှိပြီးနောက် သိဒ္ဓိဝင် အနက်(၉)ပါး ရှာဖွေခြင်းကို လက်လျှော့ အဆုံးသတ်လိုက်ပြီး...

အမျိုးအစားစုံလှသော ကမ္ဘာ့နိုင်ငံအသီးသီးမှ စိတ်ဝင်စားနှစ်သက်စွာ ဆောင်ထားကြသော လျှို့ဝှက်နက်နဲမှုစုံသော ကြောင်ကျောက်များ ရှာဖွေစုဆောင်း လေ့လာရန် ဦးတည်ချက် ပြောင်းလိုက်ရပါတော့သတည်း။

**ခင်ခင်ဝင်း(မေမြို့ဝတီ)**



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်

## နှင့် ကျေးဇူးရှင် ဆရာတော်ကြီးများ

ပဲခူးမြို့၊ မင်းကျောင်းစာသင်တိုက်
ဆရာတော်မဟာဂန္ထဝါစကာပဏ္ဍိတ
ဘဒ္ဒန္တသူရိယ ပါဠိပါရဂူ
ပိဋကတ္တယပါရဂူ(B.A)အား
ဂါရဝပြု ပူဇော်ခြင်း

ဆရာတော်သည် **၁၃၁၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း(၁၃)ရက်တွင်** ဖွားမြင်တော်မူသဖြင့် ၁–ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

| | | |
|---|---|---|
| | ၅ | |
| ⓪ | ၃ | ၆ |
| ၄ | ၁ | ၂ |

၁–ကြွင်း မဟာဘုတ်

**၁–ကြွင်းမဟာဘုတ်အရ...**

**စနေသည် အထွန်းအိမ်၌ ရပ်တည်နေသဖြင့်...**

÷ မွေးရပ်မြေ၌ အကျိုးမပေးခြင်း၊
÷ ရပ်ဝေး နိုင်ငံရပ်ခြားများနှင့် အကျိုးပေးခြင်း၊
÷ လူမျိုးခြားများနှင့် အကျိုးပေးခြင်း၊
÷ ထိပေါက်ခြင်း၊
÷ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်ရခြင်း၊
÷ အကြီးအကဲဖြစ်ရခြင်း...

စသည့်တို့ပဲ ဖြစ်ပါတယ်။

တစ်ဖန်...

**၆–ကြာသပတေးဂြိုဟ်သည်ရာဇ အိမ်၌ရပ်တည်နေသဖြင့်...**

✦ စကားပြော ပြတ်သားခြင်း၊
✦ ဘုရားဖူးခရီး သွားရခြင်း၊
✦ မကြာခဏ ခရီးကြွရခြင်း၊
✦ အာဏာစက်ထက်ခြင်း၊
✦ ပစ္စည်းလေးပါး ပေါများစေခြင်း၊
✦ ခြွေရံပရိသတ် ပေါများခြင်း...

စသည်တို့ပါပဲ။

တစ်ဖန်...

**၁–နေဂြိုဟ်သည် ဘင်္ဂ အိမ်၌ ရပ်တည်နေရသဖြင့်...**


❖ နေရာမတည်မြဲ လှည့်လည် သွားလာနေရခြင်း၊
❖ ဖခင်အကျိုး မခံစားရခြင်း၊
❖ ဦးခေါင်း ဝေဒနာပေါ်ခြင်း...

စသည်တို့ပါပဲ။

တစ်ဖန်...

**၃–ဂုဏ်ဂြိုဟ်သည် သိုက်အိမ်၌ ရပ်တည်နေသဖြင့်...**

○ စိတ်အေးချမ်းခြင်း၊
○ စိတ်ကောင်း နှလုံးကောင်းရှိခြင်း၊
○ ဆုံးဖြတ်ချက်၊ ယုံကြည်ချက် ပြတ်သားခြင်း၊
○ စာပေရေးသားခြင်း လုပ်ငန်းနှင့်



▲ မဟာဂန္ထဝါစကာပဏ္ဍိတ ဘဒ္ဒန္တသူရိယ
ပါဠိပါရဂူ ပိဋကတ္တယပါရဂူ(B.A)

အကျိုးပေးခြင်း...

စသည်တို့ပါပဲ။

**တစ်ဖန်...**

**၄–ဗုဒ္ဓဟူးဂြိုဟ်သည် မရဏအိမ်၌ ရပ်တည်နေသောကြောင့်...**

✦ လူမှုရေးပြဿနာ ဖြစ်ရခြင်း၊
✦ ဝမ်းနှင့်ပတ်သက်ပြီး ဥပဒ်ကြုံရခြင်း၊
✦ အစာအိမ်ရောဂါ၊ လေရောဂါ ဖြစ်ရတတ်ခြင်း၊
✦ လူယုံကြောင့် ပြဿနာကြုံရတတ်ခြင်း...

စသည်တို့ပါပဲ။

*အေးပါစေ၊ အောင်ပါစေ*

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

အဖြေရှိခဲ့ရပါသည်




ကြည့်ပါ။

**○ လက်မတွင် အရစ်ပိုများ ပါနေပါတယ်။ (က)**

ဒါကတော့...

ဈေးဆိုင်လုပ်ငန်း၊

စတိုးဆိုင်လုပ်ငန်း၊

အသင်းအဖွဲ့နှင့် စုပေါင်းလုပ်ရသော လုပ်ငန်း၊

ကုမ္ပဏီလုပ်ငန်း

စသည့် လုပ်ငန်းများနဲ့ အကျိုးပေးပါတယ်။

**○ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်များစွာ ပါနေပါတယ်။ (ခ)**

ဒါကတော့...

ဆေးဝါးဆိုင်ရာလုပ်ငန်း၊

ဆေးနှင့်ဆေးပစ္စည်းရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်း၊

ဆေးရုံဆေးခန်းဆိုင်ရာလုပ်ငန်းများ၊

ဆေးကုသရေးဆိုင်ရာ လုပ်ငန်းများ

စသည်တို့နဲ့ အကျိုးဖြစ်ထွန်းပါလိမ့်မယ်။

'ဘယ်လိုလုပ်ငန်းမျိုးကို လုပ်ကိုင်ရရင်ကောင်းမလဲ'

ဆိုတဲ့ လက္ခဏာရှင်ရဲ့ အမေးကို အကြံပြုကာ အဖြေပေးလိုက်ခြင်းပါပဲ။

*သင်၏ဘဝ သာယာချမ်းမြေ့ကြပါစေ။*

**ဆရာဦးခင်မောင်လင်း (*B.Sci* ရွှေဘို)**
(လက္ခဏာမဟာဘုတ်သုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက် စကြာမင်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်

ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ဟေ့... ကိုဉာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဪ... စာရေးဆရာကြီး မောင်ကိုဇော် (ဥက္ကလာ)ပါလား။ ဒီလိုပါဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုဉာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက် ရိုး (၄ + ၅) အဆစ်တွေမှာ အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရွှေနေကြီး ဦးညွန့်လှိုင် (ညီပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။ ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'တဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုဉာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုံ့ပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို နေ့စဉ် ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လို ရှိသလဲ ဆရာ'

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြော တက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆ရ၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံးဝ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ဝယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်,လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ဝယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်ကု လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘဝတူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း''လို့ မေးဝယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သင်္ဃာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၁)**



www.burmeseclassic.com

www.burmeseclassic.com

မုတ္တမတောင်ထိပ်မှ ရုပ်ကလာပ်တော် မပုပ်ပျက်သည့်

# အောင်သိဒ္ဓိဆရာတော်

အား ကြည်ညိုပူဇော်ခြင်း (၂)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

**ယခင်လမှ အဆက်**


ဆရာတော်သည် သက်န်းသုံးထည်ဖြင့် တိစီဝရိက်ဓုတင်ကို အစဉ်အမြဲဆောင်ယူကာ စကားကို တိုးညင်းစွာ ပြောဆိုမိန့်ကြားတတ်သည်။ အလိုဆန္ဒနည်းပါးကာ မြိုးခြံသော အကျင့်ရှိတော်မူသည်။ တပည့်များအားလည်း ဘဟိရကိစ္စ နည်းပါးစွာ နေထိုင်တတ်ရန်နှင့် ဝိနည်းသိက္ခာ လေးစားရန် အမြဲတစေ ဆုံးမ လမ်းညွှန်တော်မူသည်။

သက်တော်(၃၀)အရွယ်မှ စတင်ကာ အဆုတ် ချို့ယွင်းမှုဝေဒနာကို ခံစားခဲ့ရသော်လည်း (၃၉)နှစ်ကာလ သက်တော် (၆၉)နှစ်တိုင်အောင် သာသနာပြုလုပ်ငန်းတွင် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်တော်မူကာ (၂၅-၁၀-၂၀၀၄)ရက်နေ့ ည(၁၀း၁၅)နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်။

ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မုတ္တမတောင်ရိုး လွမ်းစေတီမြောက်ဘက် ကုန်းတော်တွင် ဗိမာန်ဆောက်လုပ် ပူဇော်ထားရာ ယနေ့ (၂၀၁၃ ခုနှစ်)တိုင်အောင် မပုပ်မပျက်ဘဲ ကောင်းစွာ ဖူးတွေ့နိုင်လေသည်။

**ဗိမာန်သို့**


ဦးဝိစာရ ဦးဆောင်မှုဖြင့် ဗိမာန်အတွင်း ဝင်ရောက် ကြည်ညိုဖြစ်သည်။ ခန်းမအလယ် အုတ်ပလ္လင်ထက်တွင်



ဆုတောင်းပြည့် လွမ်းစေတီ

ရုပ်ကလာပ်တော်ကို မှန်ခေါင်းဖြင့် ပူဇော်ထားသည်။ ပျံတော်မူပြီး တစ်နှစ်ခန့်ကာလတွင် ခြေလက်များ ကောင်းစွာ ကွေးညွတ်ရသည်အထိ ပျော့

www.burmeseclassic.com



▲ မှန်ထည်တလားနှင့် ရုပ်ကလာပ်တော်

ပျောင်းနေခဲ့သော်လည်း (၉)နှစ်ကျော် အကြာ ယခုအခါတွင်ကား မာကျော ခြောက်သွေ့သွားကြောင်း သိရသည်။

ရုပ်ကလာပ်တော်အား တစ်လ တစ်ကြိမ် သက်န်းလဲလှယ် သန့်ရှင်း ပေးလေ့ရှိသော်လည်း သက်န်းဆက် ကပ် လှူဒါန်းသူ အလှူရှင် ရှိပါက ကြားကာလများတွင်လည်း လဲလှယ် ကပ်လှူပေးခဲ့ရသည်ဟု သိရသည်။

ရုပ်ကလာပ်တော်မှာ ခြောက်သွေ့ မာကျောသွားသော်လည်း မျက်ခုံးမွေး၊ မျက်တောင်မွေးနှင့် ဆံပင်များကို ထင်ရှားစွာ မြင်တွေ့ရသည်။ ဆံတော် များမှာ ရှည်လျားလာသဖြင့် (၃)ကြိမ် တိုင် ရိတ်သင်ပေးခဲ့ရသည်ဟု ဆို၏။

ဦးခေါင်းမှ ဆံပင်များနှင့် ဖောင်းကြွ နေသည့် အကြောများကို တတ်နိုင် သမျှ ပေါ်လွင်စေရန် ဓာတ်ပုံမှတ်တမ်း ပြု ဖော်ပြလိုက်ပါသည်။

## ဆရာတော်၏ ကျင့်ကြံမှု

ဆရာတော် ဦးကုန္ဒာစာရသည် ပရိယတ္တိတွင် သင်ရိုးပေါက် သင်ယူ ဆည်းပူးတော်မူခဲ့သည်။ ကျင့်ကြံအား ထုတ်မှုအဖြစ် **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ကို အချိန်ပြည့် စီးဖြန်းလေ့ရှိ ကြောင်းသိရသည်။** ဆရာတော်နှင့် လက်တွဲ၍ သာသနာပြုလုပ်ငန်းများ တွင် ပါဝင်ခဲ့သည့် တပည့်ရင်းတစ်ပါး ဖြစ်သော ဦးဝိစာရက ဤသို့ မိန့်ကြား သည်။

'ဆရာတော်က ဘုရားတည်၊ ကျောင်းဆောက် သာသနာပြု လုပ်ငန်းကို နေ့ညမရွေး ကြိုးစား အားထုတ်တော်မူပါတယ်။ ပုတီးစိပ် တရားထိုင်တာ မတွေ့ရ၊ သတိမပြုမိ ပါဘူး။

**သာသနာပြုလုပ်ငန်းတွေ လုပ် ရင်းက သတိကပ်၊ ရှုမှတ်တယ်လို့ ယူဆရပါတယ်။** အနေအထိုင်၊ အပြောအဆို အေးဆေးပြီး သိုသိပ် တယ်။ ပအိုဝ်းတိုင်းရင်းသား ဆရာ တော်ဖြစ်ပေမယ့် အလံတရာ ဆရာ တော်၊ သာမည ဆရာတော် စတဲ့ ဆရာ တော်တွေနဲ့ ရင်းနှီးသွားလာတာ မတွေ့ ရဘူး။ (ထိုဆရာတော်များမှာလည်း ပအိုဝ်းတိုင်းရင်းသားများ ဖြစ်ကြ သည်။)

ပျံလွန်တော်မူရင် ဘယ်လိုလုပ်ပါ လို့လဲ မိန့်ကြားတော် မမူခဲ့ပါဘူး။ လက်ရှိဆရာတော် ဦးနန္ဒိယက ရုပ် ကလာပ်ကို ခွဲစိတ်ပြုပြင်ခြင်း မပြုလုပ် ဘဲ ဒီအတိုင်းထားရှိ ပူဇော်ချင်တဲ့ဆန္ဒ ဖြစ်ပေါ်လို့ ဆရာတော်ရှိစဉ် သာသနာ ပြုခဲ့တဲ့ ဒီမုတ္တမတောင်ရိုးမှာ ဗိမာန် ဆောက်ပြီး ပူဇော်ဖြစ်ခဲ့တာပါ။

အစပိုင်းမှာ တီးတိုးတီးတိုးနဲ့ အမျိုး မျိုး ပြောဆိုကြပေမယ့် နှစ်၊ နှစ်လောက်





www.burmeseclassic.com

www.burmeseclassic.com



◆ ဂျင်ကာလာဆီတော် မျောက်နှာဝိုင်း

◆ ရှည်ထွက်နေသော ဆံပင်များ



www.burmeseclassic.com



◆ သံလွင်မြစ် အရှေ့ဘက်ကမ်းရှုခင်း

အကြားမှာ ရုပ်ကလာဉ့်ပ် ပုပ်ပျက်ခြင်း၊ အနံ့ထွက်ခြင်း မရှိဘဲ ဆံပင်တွေ ရှည်လာလို့ ရိတ်ပေးရတော့မှ ရဟန်းထူး တစ်ပါးအဖြစ် အသိအမှတ် ပြုလာကြတယ်'

ဦးဝိစာရနှင့် ပြောဆိုမေးလျှောက်နေစဉ် ရုပ်ကလာပ်တော်အား ကြည်ညိုရန် ရဟန်းလူပရိသတ်အချို့ ရောက်ရှိလာကြသဖြင့် ဦးပဥ္စင်းအား နှုတ်ဆက်ကန်တော့ကာ ဝန်းကျင်ရှုခင်းကို လှေ့လာကြည့်သည်။

အရှေ့ဘက်တွင် သံလွင်မြစ်နှင့် အဝေးဆီမှ ဖွဲကပင်တောင်ကို မိုးသားတိမ်လိပ်များအကြားမှ မှန်းမျှော်ကန်တော့မိသည်။ မော်လမြိုင်မြို့နှင့် သံလွင်မြစ်ကူး တံတားတို့မှာ အနီးဆုံးရှိ ရွှေဘုန်းပွင့်စေတီကုန်းတော် ကာဆီးထားသဖြင့် မမြင်ရပေ။

အနောက်တောင်ထောင့်ရှိ ဘီလူးကျွန်းကို မြစ်နှစ်မြွာဝန်းရံလျက် တွေ့ရသည်။ သံလွင်မြစ်ဝအလယ်တွင် တည်ရှိသော်လည်း ဘီလူးကျွန်းသည် သံလွင်မြစ်၏ (တောင်ဘက်)အရှေ့ဘက်၌ တည်ရှိသည်ဟု သတ်မှတ်ထားသည်။

ဤသို့ သတ်မှတ်ခဲ့သော သမိုင်းဖြစ်စဉ်ကလေးကို ဗဟုသုတ လိုလားသူများအတွက် ဖော်ပြပေးပါမည်။

စစ်ကိုင်းမင်းလက်ထက်၌ ပထမ အင်္ဂလိပ်–မြန်မာ စစ်ပွဲတွင် မြန်မာတို့ စစ်ရှုံးသဖြင့် ၁၈၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄)ရက်နေ့တွင် ရန္တပိုစာချုပ်ချုပ်ဆိုရသည်။ ယင်းစာချုပ်တွင် ရခိုင်နှင့် တနင်္သာရီဒေသကို အင်္ဂလိပ်တို့အား ပေးရသည်။

တနင်္သာရီဒေသ နယ်နိမိတ်ပိုင်းခြားရာတွင် သံလွင်မြစ်၏ အရှေ့ဘက်ပိုင်းကို အင်္ဂလိပ်တို့အား ပေးအပ်၍ အနောက်ပိုင်းကို မြန်မာတို့ လက်အောက်တွင် ဆက်လက်ထားရှိသည်။

ထိုအခါ သံလွင်မြစ်ဝရှိ ဘီလူးကျွန်းကို အင်္ဂလိပ်နှင့် မြန်မာ မည်သည့်ဘက်က ရသင့်သည်ဟူသော ပြဿနာပေါ်လာသည်။

ဘီလူးကျွန်း၏ ကံကြမ္မာကို အုန်းသီးနှစ်လုံးက ဆုံးဖြတ်ပေးလိုက်သည်။ သံလွင်မြစ်သည် ဘီလူးကျွန်း အထက်နားသို့ ရောက်သောအခါ မြစ်ကြောင်းနှစ်မြွာကွဲသွားသည်။ အရှေ့ဘက်မြစ်ကြောင်းသည် မော်လမြိုင်မြို့ မုပွန်ကျိုက္ခမီလမ်းကြောင်းအတိုင်း စီးဆင်းကာ၊ အနောက်ဘက်မြစ်ကြောင်းသည် ပေါင်မြို့နယ် အလုပ် ဝဲပတန်လမ်းကြောင်းအတိုင်း စီးဆင်းသည်။

ထိုအခါ မြစ်၏ ရေကြောင်း အမှန်အတိုင်း ဆုံးဖြတ်ရမည်ဖြစ်၍ သံလွင်မြစ်အထက်ပိုင်းမှ အုန်းသီးနှစ်လုံးကို

www.burmeseclassic.com



◆ တောင်ခြေအနောက်ဘက်မြင်ကွင်း

မျှော်ချလိုက်သည်။

အုန်းသီးနှစ်လုံးသည် မော်လမြိုင်ဘက် မုပ္ပန်လမ်းကြောင်းအတိုင်း မလိုက်ဘဲ ပေါင်မြို့နယ်၊ အလုပ်ဝဲပတန်လမ်းကြောင်းအတိုင်း မျောပါသွားသဖြင့် ဘီလူးကျွန်းသည် မျက်မြင်အရ အနောက်ဘက်ကမ်းခြေ ဖြစ်သော်လည်း ရေစီးကြောင်းအရ အရှေ့ဘက်ကမ်းခြေဖြစ်ရပြီး အင်္ဂလိပ်လက်အောက်သို့ ရောက်ရှိသွားလေသည်။ ***(ဆရာဦးအံ့ကျော်၏ မော်လမြိုင်ဆောင်လေးလုံးကျောင်းတိုက် သမိုင်းအကျဉ်း ၁--၁၂၇)***

မုတ္တမတောင်စွယ်၏ အရှေ့ဘက်မျှော်မျှော်ယွန်း တောင်ထိပ်ပေါ်တွင် ဘီလူးတစ်ရာစေတီ ခေါ် ကျိုက္ကလွန်ပွန်းစေတီကို သပ္ပာယ်စွာ ဖူးတွေ့ရသည်။

ထိုကုန်းတော်၏ တောင်ဘက်အနည်းငယ် နိမ့်သော တောင်ထိပ်တွင် စံပယ်တော်မူသော ကျိုက်ဖျဉ်ကူစေတီကိုကား ရည်မှန်း၍သာ ဖူးမြော်ရသည်။

မြတ်စွာဘုရားရှင် ရှစ်ဝါအရတွင် ဒေသစာရီ ကြွချီတော်မူရာ ဤမုတ္တမတောင်ထက်သို့ ရောက်သောအခါ အရောင်အဝါ လင်းလက်တောက်ပနေသည်ကို မြင်ရသည့်''ခမင်''ခေါ် ရေဘီလူးတို့က ကျောက်၊ အုတ်ခဲတို့ဖြင့် ပစ်ခတ်ကြသည်။

ဘုရားရှင်အား ထိခိုက်တော် မမူသဖြင့် အလွန် ထူးဆန်း၍ တန်ခိုးကြီးသူ ဖြစ်မည်ဟု ရေဘီလူးတစ်ရာခန့်က ဝိုင်းဝန်းလာရောက်ကာ ဘုရားရှင်နှင့် ရဟန္တာတို့ နေထိုင်သီတင်းသုံးရန် အင်ဖက်များခင်းခြင်း၊ မိုးကာပေးခြင်း၊ တောင်သလဲသီး၊ ကြက်မောက်သီး ဖျော်ရည်များ ကပ်လှူခြင်း ပြုကြသည်။

ဘုရားရှင် တရားရေအေး တိုက်ကျွေးတော်မူသဖြင့် နူးညံ့သိမ်မွေ့ယဉ်ကျေးခြင်း ဖြစ်ကြသည်။ အသိဉာဏ် အားနည်းသဖြင့် တရားထူးမရဥပါသကာသာ ဖြစ်ကြရ၏။

ယင်းနောက် သုဝဏ္ဏဘုမ္မိသို့ ဆက်လက်ကြွချီရာ ဘီလူးများက ဘုရားရှင်အား မကြွမသွားပါနှင့်ဦးဆို၍ လက်ချင်းဆက်ကာ ဝိုင်းရံတားဆီးကြသည်။ ဘုရားရှင်က နှစ်သိမ့်မိန့်ကြားကာ သုဝဏ္ဏဘုမ္မိသို့ ကြွချီတော်မူသည်။

နောင်သော် ဘုရားရှင်နှင့် ရဟန္တာများ၏ ဓာတ်တော်မွေတော်တို့ကို ဌာပနာပြုလျက် စေတီတည်ထားကိုးကွယ်ကြရာ ဘုရားရှင်နှင့် ရဟန္တာတို့ ခေတ္တ စံပယ်တော်မူသော နေရာရှိစေတီကို ကျိုက္ကလွန်ပူ၊ ယခုအခါ ကျိုက်ဖျဉ်ကူတွင်၍ ဘီလူးများ လက်ဆက် ဝိုင်းရံတားဆီးသော နေရာရှိ

www.burmeseclassic.com

စေတီကို ကျိုက္ကလွန်ပွန်း (ဘီလူး) တစ်ရာဖက်စေတီဟု ခေါ်တွင်ကြလေသည်။

*[မုတ္တမတောင်ရိုး စေတီတော်များသမိုင်း (မြန်မာဘာသာ)နှင့် မွန်ရာဇဝင်စေတီတော်သမိုင်းပေါင်းချုပ်၊ စစ်ကဲဦးရွှေနော် (မြန်မာဘာသာပြန်)တို့တွင် လေ့လာနိုင်ပါသည်။]*

---

ကမ္ဘာလုံးကျောင်းဆရာတော်

မိန့်ကြားချက်

---

အောင်သိဒ္ဓိဆရာတော် ဦးကုဏ္ဍာစာရအား ကြည်ညိုပူဇော်ပြီးနောက် မုတ္တမတောင်ရိုးမှ ရှေးသမိုင်းဝင်စေတီအချို့ကို ဖူးမြော်ပြီးနောက် ဝါရီရုံရပ်ကွက်တွင်းရှိ ကမ္ဘာလုံးကျောင်းဆရာတော်ဦးဝဏ္ဏိတအား ဝင်ရောက်ဖူးမြော်သည်။ ဆရာတော်က ဤသို့ မိန့်ကြားတော်မူသည်။

'ဘုန်းကြီးရဲ့သာသနာပြုခရီးမှာ ဆရာတော် ဦးကုဏ္ဍာစာရလဲ ဆရာသမားတစ်ပါးအနေနဲ့ ကူညီပံ့ပိုး လမ်းညွှန်ပေးတော်မူပါတယ်။ မုတ္တမတောင်ရိုးက ရှေးဘုရားပျက်တွေ၊ သိမ်ဟောင်းတွေ၊ သာသနိက အဆောက်အအုံတွေကို (၃၉)နှစ်ကြာအောင် မွမ်းမံပြုပြင်သာသနာပြုခဲ့တဲ့ အောင်သိဒ္ဓိဆရာတော်ဟာ အသက်(၃၀)အရွယ်ကတည်းက အဆုတ်နာ ဝေဒနာပြင်းထန်စွာ ခံစားရပြီး အဆုတ်တစ်ခြမ်းပဲ ကျန်တော့တယ်လို့ ဆရာဝန်တွေက ပြောကြပါတယ်။

ဒီလို ဝေဒနာခံစားနေလျက်က (၃၉)နှစ်ကြာအောင် ဇွဲနပဲနဲ့ သာသနာပြုနိုင်တာကိုက ထူးခြားပါတယ်။ ဘုန်းကြီးကို တွေတွေထူးထူး မိန့်ကြားတာ မရှိပေမယ့် သာသနာပြုခရီးမှာ အဟန့်အတားကလေးတွေ ကြုံလာတဲ့အခါ အိပ်မက်ထဲကြွပြီး "ဘယ်ကုန်းတော်သွားပါ၊ ဘာလုပ်ပါ"စသဖြင့် ညွှန်ကြားတတ်ပါတယ်။

ညွှန်ကြားတဲ့တိုင်း လိုက်နာတဲ့အခါ အဟန့်အတားတွေ ပျက်ပြယ်ပြီး အဆင်ပြေသွားပါတယ်။ ဒါကြောင့် ဆရာသမားတစ်ပါးအနေနဲ့ ဘုရားခန်းမှာ အောင်သိဒ္ဓိဆရာတော်ရဲ့ ပုံတော်ကို ပူဇော်ထားပါတယ်'

ဆရာတော် ညွှန်ပြသော နေရာတွင် အောင်သိဒ္ဓိဆရာတော်၏ ပကတိလူအရွယ်ခန့် ကြီးမားသည့် ဓာတ်ပုံကြီးကို ဖူးတွေ့ရလေသည်။ ယခုတိုင်ပင်လျှင် ပုံတော်မမှုမိ သက်ရှိထင်ရှားရှိစဉ်ကအတိုင်း အိပ်မက်တွင်း ကြွရောက် ကူညီပေးတော်မူကြောင်း သိရှိရပေသည်။

---

နိဂုံးလမ်းညွှန်

---

ဤသို့ဖြင့် ရုပ်ကလာပ်တော် မပုပ်မပျက်ဘဲ ဆံပင်များ ရှည်ထွက်၍ ရိုတ်သင်ပေးရသဲဖြစ်သော အောင်သိဒ္ဓိဆရာတော် ဦးကုဏ္ဍာစာရ၏ ဗိမာန်တည်ရှိရာ မုတ္တမတောင်ရိုးသို့ သွားရောက်ကြည်ညိုလိုပါက **ပေါင်–မော်လမြိုင် အဝေးပြေးကားလမ်းနံဘေး၊ ကော့စိုင်ကျေးရွာ အောင်သိဒ္ဓိမင်္ဂလာကျောင်းရှေ့ သပြေပင်ထီးနှင့် နန်းဦးစေတီအနီး ကွန်ကရစ်လမ်းအတိုင်း တောင်ပေါ်အရောက် မော်တော်ကား၊ ဆိုင်ကယ်တို့ဖြင့် တက်ရောက် သွားလာနိုင်ကြောင်း လမ်းညွှန်ရပါသည်။**

**ဘုန်းကျော်စွာ (*မြိုင်တက္ကသိုလ်*)**

---

စာမျက်နှာ (၇၁)မှ အဆက်

✳ ဝိဝိဓေဟိ ဂါထာကို (၉)ခေါက်ရွတ်ပါ။

ဝိဝိဓေဟိ အလင်္ကာရေ၊ ဓဇေဟိ ပဋာကေ ဝိဝိ။
ဝိဝိတ္တာ သမ္ပန္နော၊ ပုဇ္ဇေ သုပါလကော ဝိဝိ။

ခက်ခဲသော ပါဠိအသံထွက်

**အလင်္ကာရေ** = အလင်ကာရေ

**ပဋာကေ** = ပင်ညာကေ

**သမ္ပန္နော** = သမ်ပန်နော

**ပုဇ္ဇေ** = ပုတ်ဇေ

✳ အသိနှဲ့အကျွံ့ ညီမျှသော ဘုရားရှင်အား ပူဇော်သော အားဖြင့် ပုတီးစိပ်ပါ။

ဝိဇ္ဇာစရဏသမ္ပန္နော (*ပုတီးတစ်လုံးချ–၉ပတ်*)

ခက်ခဲသော ပါဠိအသံထွက်

**ဝိဇ္ဇာ** = ဝိတ်ဇာ

**သမ္ပန္နော** = သမ်ပန်နော

အနက်

**ဝိဇ္ဇာစရဏသမ္ပန္နော**– ဝိဇ္ဇာသုံးပါး၊ ဝိဇ္ဇာရှစ်ပါး၊ စရဏတစ်ဆယ့်ငါးပါးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ပဋ္ဌာစရိယ(မဟာဝဂ္ဂါဒိမြန်မာ ဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

✳ လိုရာတစ်ခုတည်းကို တောင်းပါ။

ဤကျင့်စဉ်ကို ဗုဒ္ဓဟူးနေ့တိုင်း ကျင့်ကြအားထုတ်သွားနိုင်ကြရမှာ ဖြစ်ပါတယ်။


*အရှင်ဦး၍ ထူးပါစေ။*

**ဦးကိုဦး**



www.burmeseclassic.com

www.burmeseclassic.com



◆ ဆင်စီးမြင်းရုံဘုရား

# ဆင်စီးမြင်းရုံဘုရားမှာ

ဆုပန်ပါ

ဆင်စီးမြင်းရုံဘုရားတွင် ဆုပန်ခြင်း မပြုမီ ဆင်စီးမြင်းရုံဆိုသည့် စကားကို သုံးသပ်ကြည့်ရင်း...

ကြားဖူးကြပါလိမ့်မယ်။

ဆင်စီးပြီး မြင်းရုံတာကိုပဲ မြင်ချင်တယ်။

ဆင်နင်းပြီး မြင်းကန်တာတော့ မလိုချင်ဘူး။

ဆိုတဲ့စကားကို မိဘများက မိမိတို့ရဲ့ သားသမီးများနဲ့ ပတ်သက်ပြီး ပြောတဲ့ စကားဆိုရိုးတစ်ခုလဲ ဖြစ်ပါတယ်။ မိဘများက မိမိတို့ရဲ့သားသမီးများကို ကောင်းစားနေတာ ကြီးပွားနေတာကိုပဲ မြင်ချင်တယ်ဆိုတဲ့ သဘောပါပဲ။

ဒါကြောင့် မိမိရဲ့ သားသမီးတွေကို ကောင်းစားစေချင်တယ်ဆိုရင် ဆင်စီးမြင်းရုံဘုရားမှာ ဆုပန်ပါလို့ တိုက်တွန်းချင်ပါတယ်။

ဘယ်လို ဆုပန်ကြမလဲ ပြောပါ့မယ်။

ဝ,မရှိရင် ဝိမဖြစ်ဘူးဆိုတဲ့ စကားဆိုရိုးကို ဇမ္ဗူဒိပါတောင်ကျွန်း သြဘာနိမိတ်ထွန်းဆိုသလို ဝ,ရှိရင် ဝိ,ဖြစ်မယ်ဆိုတဲ့ နိမိတ်ပုံဆောင်ပြီး **"ဝရ–ဝိဝိဓေဟိ"** ဂါထာများနဲ့ ပူဇော်ရမှာ ဖြစ်ပါတယ်။

ဤတွင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးရဲ့ ဂုဏ်ကျေးဇူးတော်(၉)ပါးထဲမှာ **"ဝိဇ္ဇာစရဏသမ္ပန္နော"**ဆိုတဲ့ ဂုဏ်ကျေးဇူးတော်လဲ တစ်ပါးအပါအဝင် ဖြစ်ပါတယ်။ အသိနဲ့အကျင့် ညီမျှခြင်းကို ပြထားတဲ့ ဂုဏ်ကျေးဇူးတော်ပါပဲ။

ဒါကြောင့် မိမိသားသမီးကို ကောင်းစားစေချင်တဲ့ မိဘများလဲ အသိတရားနဲ့ အကျင့်တရား ဟန်ချက်ညီဖို့ လိုပါတယ်။ ဒါမှလဲ လိုရာအကျိုးကိုရမှာ ဖြစ်ပါတယ်။

သိလဲသိပြီး ကျင့်လဲကျင့်မှာသာ အောင်ကြောင်း ပြောလိုရင်းပါပဲ။ လောကီကျင့်စဉ်ပဲ ဖြစ်ဖြစ်၊ လောကုတ္တရာကျင့်စဉ်ပဲဖြစ်ဖြစ် အောင်မြင်ပြီးမြောက် အကျိုးရောက်ဖို့ကတော့ အသိတရားနဲ့ အကျင့်တရား ဟန်ချက်ညီဖို့လိုကြောင်းပါပဲ။

ကျင့်စဉ်ကို ပြောပါ့မယ်။

**ဆင်စီးမြင်းရုံဘုရား ရှပ်ပွားတော်ရှေ့တွင်** သက်တော်ထင်ရှား ဘုရားအသွင် အာရုံထင်မှတ်ပြီးရင်...

* **ရွှက်လှုပန်းများကို** ဝေဝေဆာဆာ လှူလိုက်ပါ။ ပြီးရင်...

* "ဝရ" ဂါထာကို (၉)ခေါက် ရွတ်ပါ။

| |
|---|
| ဝရဗုဒ္ဓေါ ဝရဓမ္မော၊ ဝရသံဃော ဝရိသရော၊ ဝရစေတော ဝရံဒေတု၊ ဝရေဟိ မေ ဝရံ ဝရံ။ |

ခက်ခဲသော ပါဠိအသံထွက်

**ဗုဒ္ဓေါ** = ဗုတ်ဓော

**ဓမ္မော** = ဓမ်မော

**ဝရိသရော** = ဝရိတ်သရော

အနက်

**ဝရဗုဒ္ဓေါ**– မြတ်သောဘုရားသည် လည်းကောင်း၊ **ဝရဓမ္မော**– မြတ်သောတရားသည် လည်းကောင်း၊ **ဝရသံဃော**– မြတ်သော သံဃာသည် လည်းကောင်း၊ **ဝရိသရော**– မြတ်သောဆုကို အစိုးရသောသူသည် လည်းကောင်း၊ **ဝရစေတော**– မြတ်သောစိတ်ရှိသူသည် လည်းကောင်း၊ **ဝရံ**– အလိုရှိအပ်သောဆုကို၊ **ဒေတု**– ပေးပါစေသတည်း၊ **ဝရေဟိ မေ ဝရံ ဝရံ**– အကျွန်ုပ်သည် မြတ်သောဆုတို့ဖြင့် လိုချင်တောင့်တရှိနေရပါ၏။

**(မှတ်ချက်။ ။ ဤဂါထာကား ပါဠိအဋ္ဌကထာတို့၌လာသော ဂါထာမဟုတ် ဝိစိတ္တက ပုဂ္ဂိုလ်များ ရေးသားထားသောဂါထာဖြစ်၍ သင့်သလို ကြံစည်၍ အနက်ပြန် ဆိုလိုက်၏။)**

 စာမျက်နှာ (၇၀) သို့

www.burmeseclassic.com


# ကျန်းမာပါစေဆေးတိုက်မှဖြစ်မြောက်သောဆေးစွမ်းကောင်းများ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါသည်။

ဆရာကြီး ဦးဝင်းလေး၊ ဆရာမကြီး ဒေါ်လှသိန်းနှင့် သားဆရာ ဦးသီဟတို့က နှစ်(၃၀)ကျော် ကာလ အောင်မြင်ခဲ့သောဆေးများကို ရောဂါဝေဒနာရှင်များ တောင်းဆိုချက်အရ ထုတ်လုပ် ဖြန့်ချိလိုက်ခြင်းဖြစ်ပါကြောင်း။



သည်း၊ ဝမ်း၊ လေ မှန်ပြီး အကြောများပြေစေဖို့အတွက်

**သရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောပြေဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011801(1215)

အကြောတက်ခြင်း၊သွေးကြောလေကြောပိတ်ခြင်း၊ရက်စီရောဂါ၊အတွင်းတိမ်၊ အပြင်တိမ်၊အော်ရှား၊သည်းဝမ်းလေချုပ်ရောဂါများအတွက်၊ဝမ်းတွင်းရှိအမှုအမှိုက် အညစ်ကို ယူထုတ်ပစ်သလိုကင်းစေပြီး၊သွက်လက်ပေါ့ပါးကျန်းမာစေပါသည်။

〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰



နေမှု၊ စီးမှု၊ ရှင်သန်သောကာအဂ္ဂါ မှန်သမျှ ငြိမ်းစေသည့်

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အမျိုးငြိမ်းသွေးဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011800(1215)

နှလုံးတုန်၊ရင်ခုန်မောပန်းခြင်း၊မူးဝေခြင်း၊အိပ်မပျော်ခြင်း၊ဓမ်းယပ်သွေးမမှန်ခြင်း၊ သွေးသားမကြည်လင်ခြင်း၊အသားအရေခြောက်သွေ့ခြင်းတို့ကို သက်သာပျောက် ကင်းစေပါသည်။

〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰

ကိုယ်ခန္ဓာအတွင်း ငုပ်လျှောင်နေသည့် အဆိုးအကျင်းမှန်သမျှ ပွင့်စေမည့်

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အဆိုးပွင့်ဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011825(1215)



ကိုယ်၊လက်၊ခြေကိုက်ခဲခြင်း၊ချွေးငုပ်ခြင်း၊ခေါင်းကိုက်ခြင်း၊ခေါင်းအုံခြင်း၊ အနာရောဂါအမျိုးမျိုးတို့အတွက် ငန်းမန်းတို့ကို သက်သာပျောက်ကင်းစေခြင်းနှင့် အဖျားရောဂါများကို သက်သာပျောက်ကင်းစေပါသည်။

〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰〰



ထုံကျဉ်ကိုက်ခဲလေးဖက်နာ နှင့် လေငန်းလေဖြတ်ရောဂါရှင်များအားထားရာ

**ဆရာကြီး ဦးဝင်းလေး ၏ ကျန်းမာပါစေ အကြောသိမ်းဆေး**

အမှတ်တံဆိပ် မှတ်ပုံတင် TMR 011826(1215)

အကြောတင်ခြင်း၊အကြောတပ်ခြင်း၊အကြောထုံခြင်း၊အကြောရောင်ခြင်း၊ အဆစ်အမျက်ရောင်ခြင်း၊ထုံကျဉ်ကိုက်ခဲ၍လေးဖက်နာဖြစ်ခြင်း၊မေးရွဲ့ပါးရွဲ့ခြင်း၊ ခြေကပ်လက်ကပ်ခြင်းနှင့် လေငန်းရောဂါ တို့ကို သက်သာပျောက်ကင်းစေပါသည်။

## ကျန်းမာပါစေ

**တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းနှင့်ဆေးကုဌာန**

အမှတ်(၈၂)ဓမ္မလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့

ဖုန်း-၀၉၇၃၀၀၅၅၄၄၀၊ ၀၉၇၃၀၂၉၉၃၀၊ ၀၉၄၂၀၀၆၆၇၉၈




www.burmeseclassic.com

www.burmeseclassic.com

မောင်မောင်မျိုး
(ထားဝယ်)

စဝါးတောင်ခြေ

# သစ်ကျွတ်တောင် သာသနာ့ဆောင်မြေသို့

ခရီးတစ်ထောက် (၂)

**ယခင်လမှ အဆက်**


ဤရေတွင်းကြီးကို ၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း(၁၅)ရက် ဗုဒ္ဓဟူးနေ့တွင် ဦးကလျာဏ ဦးဆောင်ပြီး ထားဝယ်၊ ရန်ကုန်၊ မြိတ်မြို့တို့မှ စုပေါင်းလှူဒါန်းသော ဝတ္ထုငွေများဖြင့် ကဒင်ဝရွာ၊ တနိုင်းဒါရွာမှ စေတနာရှင်များက ကျောက်၊ သဲ၊ ဘိလပ်မြေကို တောင်ပေါ်အရောက် သယ်ဆောင်လှူဒါန်းကြသည်။

ဤရေတွင်းကြီး ပြုပြင်ခြင်းလုပ်ငန်းကို ၁၃၆၇ ခုနှစ်၊ ကဆုန်လတွင် ပြီးစီးပါကြောင်း မှတ်တမ်းတင်ထားသည်ကို ဖူးမြင်လေ့လာမိပါသည်။

အရှေ့ဘက်တောင်စောင်း မြေပြန့်မှ အနောက်ဘက် အလယ်တောင်ကုန်းပေါ် လှေကားတစ်ထစ် ဆက်၍ တက်ရောက်ရာ တောင်မြောက် ပေ (၂၀၀)ခန့် ကျယ်ဝန်းသော မြေနေရာ၌ သစ်ကျွတ်တောင် ဘုန်းတော်ကြီးကျောင်း တည်ရှိ၏။

ထိုကျောင်းကြီး၏ အမိုးခေါင်းပြာသာဒ်သည် ထားဝယ်ဒေသအတွင်း ဘုန်းတော်ကြီးကျောင်းများ၌ တွေ့မြင်ရလေ့ရှိသော ရှေးဟောင်းအမိုးပြာသာဒ်ပုံစံမျိုးဖြစ်သည်။

ရှေးထားဝယ်သားတို့၏ လက်ရာမှန်ကို ထိန်းသိမ်းထားရှိသည့် ပြယုဂ်တစ်ခုသဖြင့် ဖော်ပြနေပေသည်။



ဆရာတော်ကြီး ဘဒ္ဒန္တ...၏ပုံတော်

ထိုကျောင်းကြီး၏ တောင်ဘက်တောင်စောင်းတွင် ဂမုန်းမျိုးစုံ စိုက်ပျိုးထား၍ လူသူသွားရောက်ခြင်းကို ခွင့်မပြုတားမြစ်ထားသည်ကို သိရှိရ၏။

အလယ်တောင်ကုန်း၌ လေ့လာပြီးနောက် အနောက်ဘက် တောင်ကုန်းမြင့်တောင်ထိပ်သို့ လှေကားတစ်ထစ် တက်ရောက်ကြပြန်ပါသည်။

တောင်ကုန်းမြင့်ထိပ် မြေပြန့်နေရာ

www.burmeseclassic.com


မြောက်ဘက်တွင် ရဟန်းသံဃာတော်များ ကံဆောင်ကြသည့် သမုတ်သိမ်ကြီးရှိ၏။ တောင်ဘက်တွင် ထုံးဖြူဖြူဖြင့် စေတီတော်တစ်ဆူကို ဖူးမြော်ရ၏။

အောက်ခြေလေးထောင့် ပလ္လင်ပေါ်တွင် စေတီတည်ထား၏။ အရုပ်လေးမျက်နှာရှိ လိုဏ်မုခ်အတွင်း ထိုင်တော်မူ ကျောက်ဆင်းတုတော်တစ်ဆူစီ ကိန်းဝပ်စံပယ်လျက်ရှိ၏။

အရုပ်လေးမျက်နှာ ထောင့်လေးထောင့်၌လည်း အရံစေတီတစ်ဆူစီ ကိန်းဝပ်တော်မူသည်။ အရှေ့မုခ်ဝနှင့် အနောက်မုခ်ဝတို့မှာ စေတီတော်ပစ္စယံပေါ် တက်ရောက်သော နတ်လမ်းရှိ၏။ ထိုနတ်လမ်းလှေကားမုခ်ဝ ထိပ်တစ်ဖက်ချက်တို့၌ ကလသာအိုးထားရှိ၏။

**ဤစေတီတော် အောင်မြေနေရာ ၌ အဓိဋ္ဌာန်ဝင် တောရဆောက်တည် အားထုတ်ခြင်းဖြင့် ကိုယ်စိတ်နှလုံး ချမ်းမြေ့ကြည်သာပြီး ဘာဝနာမှုများ ဖွံ့ဖြိုးပြည့်စုံစေကြောင်း သိရှိရ၏။**

မိုးသားတိမ်ညိုအုပ်မှိုင်းကာ မိုးနှင်းစက်ဖြူကလေးများ လေရှေ့တွင် လွင့်လျက်ရှိ၏။ တောတောင်သစ်ပင်ရိပ်ကြားမှ အလင်းနေရောင်ခြည် ရုတ်တရက် ထိုးဖောက်လင်းလက်ဖြာဆင်းလာသည်။



▲ သစ်ကျိုတ်တောင်စေတီ၏ အရှေ့မျက်နှာစာ အောက်ခြေမြင်ကွင်း၊

▼ သစ်ကျိုတ်တောင် သမုတ်သိမ်ကြီးပုံ



ခဏတာ နေရောင်ခြည် လင်းလက်လာအချိန်အတွင်း လိုအပ်သော မှတ်တမ်းဓာတ်ပုံများ အချိန်လုကာ ရိုက်ကူးရသည်။


သစ်ကျိုတ်တောင်စောင်း နေရာများမှ မှတ်တမ်းဓာတ်ပုံ ရိုက်ကူးရသည်က တစ်ကြောင်း၊ ရာသီဥတု အခြေအနေကတစ်ကြောင်းတို့ကြောင့် မှတ်တမ်းဓာတ်ပုံများ ရိုက်ကူးရာတွင် အခက်အခဲများနှင့် ကြုံတွေ့ရသည်။ သို့သော် ဓာတ်ပုံကောင်း ရရှိရေးအတွက် ကြိုးပမ်းရိုက်ကူးခဲ့ရလေသည်။

သစ်ကျိုတ်တောင်သည် မြို့နှင့် အလှမ်းဝေးပြီး တောတောင် အထပ်ထပ်အတွင်း နေရေးစားရေး အခက်အခဲတွေကြားက လူ့ဘောင်လောကကို စွန့်ပြီးကာ တောမှီ တရားအားထုတ်ခဲ့သည့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် **ဆရာတော်ကြီး ဘဒ္ဒန္တကုဏ္ဍဝံသ တစ်ပါး** ထွန်းတောက် ပေါ်ပေါက်ခဲ့ဖူးသည်။

**ဂဏဝိမုတ်ကူးတို့ဂိုဏ်း၏ ပထမဂိုဏ်းချုပ် ဘဒ္ဒန္တကုဏ္ဍဝံသ ဆရာတော်ကြီး တောရကမ္မဋ္ဌာန်း အားထုတ်ကာ သီတင်းသုံးတော်မူခဲ့ရာမှ** သစ်ကျိုတ်တောင်ဟူ၍ ထင်ရှားလာသည်။

ဤတွင် ဂဏဝိမုတ်ကူးတို့ဂိုဏ်း၏ ပထမဂိုဏ်းချုပ် ပိဋကတ်တိုက်ကျောင်းတွင် သီတင်းသုံးသည့် သစ်ကျိုတ်

www.burmeseclassic.com



◆ ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ၏ အလောင်းတော်ဂူအထက်တွင် အထိမ်းအမှတ် စေတီတော်ကြီး တည်ထားသည်ကို လောကသရုပ္ပကျောင်းတော်မှ ဘုရား၏ မျက်နှာစာတောင်ဘက်၌ ဖူးမြော်ရစဉ်

◆ လောကသရုပ္ပကျောင်းတော်မှ ဘုရားကြီး၏ အရှေ့ဘက်ခန်းအတွင်း မြောက်ဘက်နံရံတွင် တွေ့ရှိဖူးမြော်ရသော ဆရာတော်ကြီး၏ပုံတော်



တောင် တောရဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ၏ ဂုဏ်ရည်တော်ကို ဖော်ပြရန် လိုအပ်လာပါသည်။

ထားဝယ်မြို့ ဂဏဝိမုတ်ကူးတို့ကိုဏ်းကြီးကို စတင် တည်ထောင်သော ပထမဂိုဏ်းချုပ် ပိဋကတ်တိုက်လောင်းလျာကို ထားဝယ်မြို့၊ ကညုံရပ် ခမည်းတော် ဦးခွေးဖြူ၊ မယ်တော် ဒေါ်အေးမြတို့မှ ကောဇာသက္ကရာဇ် ၁၁၉၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော်(၉)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်သန့်စင်သည်။ သားသမီး(၅)ယောက်တွင် အငယ်ဆုံးဖြစ်သည်။

ဆရာတော်လောင်းလျာ မောင်ရွှေဆင်သည် (၇)နှစ်သားအရွယ်တွင် ထားဝယ်မြို့ ကညုံရပ်၊ မြေတိုက်ကျောင်း ဘုန်းတော်ကြီးရှင်ထွန်း(ခေါ်) ဦးသာရမဏ္ဍသာထံတွင် မိဘနှစ်ပါးတို့က အပ်နှံလေသည်။

ကောဇာသက္ကရာဇ် ၁၂၀၂ ခုနှစ်တွင် ဆရာတော်လောင်းလျာ မောင်ရွှေဆင်သည် အမရပူရမြို့၊ မဟာဝိဇိတာရာမကျောင်းတိုက် သာသနာပိုင်ဆရာတော် ဦးဥယျာဉ်သီတင်းသုံးသော ကျောင်းတွင်နေ၍ ပရိယတ္တိ ညဝါ နေ့ဝါ ပါဠိတော်များ သင်ကြားလေသည်။

ဆရာတော်လောင်းလျာ မောင်ရွှေဆင် အသက်(၁၂)နှစ်အရွယ်တွင် သုဓမ္မာဇရပ် စာမေးပွဲ၌ ပိဋကတ်သုံးပုံ ပါဠိတော်ကို အာဂုံ ပြန်ဆိုနိုင်ခဲ့သည်။

ထို့ကြောင့် မောင်ရွှေဆင်အား ဘုရင်မင်းမြတ်သည် နန်းတော်အတွင်းသို့ ဆင့်ခေါ်ကာ ပိဋကတ်သုံးပုံ ပါဠိတော်ကို ပြန်ဆိုစေလေသည်။


သာယာဝတီမင်းသည် မောင်ရွှေဆင်အား စာတော်ပြန်အပြီးတွင် တိပိဋကရေ ပထမကျော် စာတော်ပြန် ဘွဲ့ထူးကို ချီးမြှင့်တော်မူလေသည်။

ထို့နောက် မောင်ရွှေဆင်အား သီရိပဝရတိလောက မဟာရတနာ ပဒုမာဒေဝီမိဖုရားကြီးက သားတော် အမှတ်ဖြင့် မွေးစားပြီးလျှင် ရှင်သာမဏေအဖြစ်သို့ သွတ်သွင်း ချီးမြှင့်လေသည်။

သာမဏေမောင်ရွှေဆင် အသက် (၂၀)ပြည့်သောအခါ သာသနာပိုင် ဆရာတော်ကြီးအား ဥပဇ္ဈာယ်ပြု၍ အရှင်ကုန္ဒဝံသ ဟူသော ဘွဲ့တော်ကို ချီးမြှောက်ခြင်းကို ခံယူပြီးလျှင် ဆရာတော် သံဃာတော်တို့ဖြင့် ကောဇာသက္ကရာဇ် ၁၂၁၃ ခုနှစ်၌ မဟာဝိဇိတာရာမတိုက် အရှေ့ဘက် မရာဝိဇယဓဇ္ဇသိမ်တွင် ရဟန်းအဖြစ် ချီးမြှောက်မှုဖော်ခြင်းကို ခံယူတော်မူလေသည်။

အရှင်ကုန္ဒဝံသသည် ဆရာ ဘုန်းတော်ကြီး သာရမဏ္ဍသာနှင့်အတူ မင်းနေပြည်တော်၌ မင်းသုံးဆက်

www.burmeseclassic.com



◆ ဆရာတော်ကြီး ဘဒ္ဒန္တကုမ္ဘဝံသ
သီတင်းသုံးခဲ့သည့် မြေတိုက်ကျောင်းတိုက်ပုံ

◆ ဆရာတော်ကြီး ဘဒ္ဒန္တကုမ္ဘဝံသ သီတင်းသုံးခဲ့သည့် လောကသာရှူ
ကျောင်းတော်မှာဘုရားကြီး၏ အနောက်မြောက်ထောင့်
တောင်ကုန်းစောင်းတွင်တွေ့ရသော တောရကျောင်း



တိုင်တိုင် ပိဋကတ်၊ ပရိယတ်၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိကာယ်ကျမ်းများကို သင်ကြား အားထုတ်တော်မူခဲ့သည်။

ထို့နောက် ကောဇာသက္ကရာဇ် ၁၂၁၉ ခုနှစ်၊ သီတင်းကျွတ်လ(၆)ဝါကျော်တွင် ထားဝယ်မြို့သို့ ပြန်ကြွလာတော်မူခဲ့ပြီး ယနေ့တိုင် နှစ်တစ်ရာကျော် သက်တမ်း ရှိနေပြီဖြစ်သော ထားဝယ်မြို့ ကညိုရပ်၊ မြေတိုက်ကျောင်းတွင် သီတင်းသုံး နေထိုင်တော်မူခဲ့ကြောင်း လေ့လာသိရှိရသည်။

ကောဇာသက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် မြေတိုက်ကျောင်းမှ အရှေ့တောင်ဘက် (၂)မိုင်ခရီးရှိ ပေါက်တိုင်းချောင်းကြီး၏ အရှေ့ဘက်ကူးတို့ရွာသို့ ကြွရောက်၍ တောကျောင်းကလေးဖြင့် ပရိယတ်၊ ပဋိပတ်ဂုရု တရားနှစ်ပါးကို အားထုတ်လျက် သီတင်းသုံး နေထိုင်တော်မူလေသည်။

ထို့နောက်...

'ကုဏ္ဍလိ ဘိက္ခဝေတော သီလဝတော
စေတောပဏိဓိ ဝိသုဒ္ဓတ္တာ'

**အနက်**

**ဘိက္ခဝေ**–ရဟန်းတို့၊ **သီလဝတော**–သီလရှိသည့် ပုဂ္ဂိုလ်အား၊ **စေတောပဏိဓိ ဝိသုဒ္ဓတ္တာ** – စိတ်ဆောက်တည်မှု၏ စင်ကြယ်သည်အဖြစ်ကြောင့်၊ **ကုဏ္ဍလိ**–လိုအင်ဆန္ဒပြီးစီးရ၏။

*[ဤပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ (မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက – ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

ဆိုသည့်အတိုင်း ကျောင်း၊ ဇရပ်၊ သိမ် စသည်များသည် ပြည့်စုံလာလေသည်။

ထို့ကြောင့် စေတီပုထိုး၊ သိမ်၊ ကျောင်း၊ ဇရပ်တို့ကို ရှေးဟောင်းအမွေအနှစ်များအဖြစ် ယနေ့တိုင် ဖူးမြော်တွေ့မြင်နေရပေသည်။

အရှင်ကုမ္ဘဝံသ၏ ရဟန်းဒါယိကာမကြီး တောင်ညာဒေဝီနန်းမတော် မိဖုရားကြီး၏ အပျိုတော်များ၊ ဘဏ္ဍာစိုး သုသိရီသင်္ဂါတို့က လှူဒါန်းလိုက်သော ပိဋကတ်သုံးပုံပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာ၊ နိကာယ်ငါးရပ်ပေစာအထုပ်အစုံတို့ကို တိုက်ကျောင်းပေါ်၌ မှန်စီရွှေချ ဗီရိုထဲတွင် ရွှေတဝင်းဝင်းဖြင့် ထည့်ထားပူဇော်ကိုးကွယ်ကြလေသည်။

ထိုပိဋကတ်စာပေများကို အစွဲပြု၍ ပိဋကတ်တိုက်ဟု ခေါ်ဆိုကြကြောင်း သိရသည်။

ထို့ကြောင့် ရွှေဆင်(ခ) အရှင်ကုမ္ဘဝံသအားလည်း ပိဋကတ်တိုက်ကို အစွဲ

www.burmeseclassic.com

ပြု၍ ပိဋကတ်တိုက်ဆရာတော်ဟု မြန်မာနိုင်ငံ အထက်,အောက် ကျော်ကြား ခေါ်တွင်ကြကြောင်း လေ့လာမှတ်သားရပါသည်။

ရွှေကျင်ဂိုဏ်းကြီး၏ အထက်, အောက်မြို့ရွာများ၌ ဂိုဏ်းချုပ် ဂိုဏ်းအုပ် ဂိုဏ်းထောက်များ ခန့်ထားရာ၌လည်း ထားဝယ်မြို့တွင် လဗ္ဗိပေသလသိက္ခာကာမပုဂ္ဂိုလ်ဟု ထင်ရှားကျော်ကြားသော ပိဋကတ်တိုက်ဆရာတော်ကြီးကို ဂိုဏ်းချုပ်ဆရာတော်ဟု အသိအမှတ်ပြုထားကြောင်း သိရှိရသည်။

သံဃရာဇာသာသနာပိုင် ပုခန်းကြီး ဆရာတော်ကြီးသည် ကောဇာသက္ကရာဇ် ၁၂၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉)ရက်နေ့စွဲနှင့် စာချွန်တော်တစ်စောင်။

ကောဇာသက္ကရာဇ် ၁၂၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော် (၁၃)ရက်နေ့စွဲဖြင့် ကူးတို့ဂိုဏ်းနှင့်တကွ စာချွန်တော်တစ်စောင်။

ဂဏဝိမုတ်စာချွန်တော် နှစ်စောင်ကိုလည်း ပိဋကတ်တိုက် ဆရာတော်ကြီးအား ချီးမြှင့်ပေးအပ်ခဲ့ကြောင်း။

**ပိဋကတ်တိုက် ဆရာတော်ကြီး၏ ဂဏဝိမုတ်စာချွန်တော်မှာ...**

'ဘုန်းတော် အလွန်ကြီးမြတ်တော်မူလှသော အနာဝရဏမဟာဝဇိရ စသော ဉာဏ်တော်တို့ဖြင့် ခြံရံအပ်သော သဗ္ဗညုတ ဉာဏ်တော်ရှင် ဖြစ်တော်မူသော မြတ်စွာဘုရား၏ သားကြီးဩရသတွင် အရှင်မဟာကဿပ စသော ရဟန္တာအရှင်မြတ်တို့၏ သိဿာနုသိဿ ဖြစ်တော်မူကြကုန်သော ရှေးရှေးသော သာသနာပိုင် ဆရာတော်ကြီးတို့ကဲ့သို့ သာသနာတော်မြတ်ဝန်ကို ရွက်ဆောင်တော်မူသော အတုမရှိ ကျောင်းတိုက် သမုတိ



ဆရာတော်ကြီး ဘဒ္ဒန္တဇာဂရာဘိဝံသ သီတင်းသုံးခဲ့သည့် ပိဋကတ်တိုက်ကျောင်း

သာသနာပိုင် ပခန်းကြီးဆရာတော် အမိန့်တော်ရှိသည်။ နန္ဒသာရဓဇသိရီသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇာဂုရု။

ထားဝယ်မြို့ ကူးတို့တောရ ပိဋကတ်တိုက်ကျောင်းနေ ရှင်ကန္တဝံသသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့နှင့် ပြည့်စုံသော တောရပုဂ္ဂိုလ်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာသုခကို ရစေခြင်းငှာအထက် ဂဏဝိမုတ်အမိန့်တော် ပေးအပ်ရင်း ရှိသည့်အတိုင်း ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်တို့က အဆင့် အဆိုအပင့်အခေါ် မရှိစေနှင့်။

သက္ကရာဇ် ၁၂၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း(၉)ရက်နေ့ကစ၍ ဂဏဝိမုတ်အရာဖြင့် ချမ်းသာစွာ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများအားထုတ်နေထိုင်စေ' ဟု ပါရှိပါသည်။

**ကူးတို့ဂိုဏ်း ဂဏဝိမုတ်စာချွန်တော်မှာ...**

'ထားဝယ်မြို့ ကူးတို့တောရ ပိဋကတ်တိုက်ကျောင်းနေ ရှင်ကန္တဝံသကို ကူးတို့ဂိုဏ်း သံဃာတို့နှင့်တကွ သက္ကရာဇ် ၁၂၅၈ ခုနှစ်၊ နတ်တော်လပြည့်ကျော်(၁၃)ရက်နေ့ ဂဏဝိမုတ်အရာ ထားတော်မူသည်။

ဂိုဏ်းချုပ်၊ ဂိုဏ်းအုပ်၊ ဂိုဏ်းထောက်ဆို၍ အဆင့်အဆို မရှိစေနှင့်။ ချမ်းသာစွာ ဂန္ထဓုရ၊ ဝိပဿနာဓုရ တရားနှစ်ပါးကို ပွားများအားထုတ်နေထိုင်စေ'

***နန္ဒသာရဓဇသိရီသဒ္ဓမ္မဓဇမဟာဓမ္မရာဇာဓိရာဇာဂုရု***

ဟူ၍ ပါရှိကြောင်း သိရှိရပါသည်။

ထိုအခါမှစ၍ ဂဏဝိမုတ်ကူးတို့ဂိုဏ်းဟူ၍ ရဟန်းရှင်လူအပေါင်းက ခေါ်ဝေါ်အသိအမှတ် ပြုကြလေသည်။

အထက်ပါ စာချွန်တော်မျိုးကို ထားဝယ်(၄)မြို့နယ်၌ မည်သည့်ဆရာတော်မှ မရရှိခဲ့ဘူးပေ။

စာချွန်တော်များ ရပြီးနောက် ဆရာတော်ကြီး၏ တပည့်သံဃာတော်များနှင့် ကျောင်းများ ပေါ်ထွန်းလာကာ သီးခြား ပဓါနဂိုဏ်းတစ်ဂိုဏ်း ဖြစ်လာပြီး ဆရာတော်ကြီး၏ ဆရာအရှင်သာရမဏ္ဍသာသည် ဂိုဏ်းကို လက်မွန်အစ တည်ထောင်သူ ဖြစ်သော်လည်း ဆရာတော်ကြီးသည် ပထမဂိုဏ်းချုပ် ဖြစ်လာတော်မူပါသည်။

ဆရာတော်ကြီးသည် ဂိုဏ်းချုပ်ဆရာတော်အဖြစ် (၂၁)နှစ် ဖြစ်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးသည် စပါးတောင် ခြေရင်းရှိ သစ်ကျိုတ်တောင်တွင် တောရဝင်ကာ ပဋိပတ္တိအကျင့်များကို အားထုတ်တော်မူပါသည်။

ထိုနေရာသည် လူသူအရောက် အပေါက်နည်း၍ အလွန်ခေါင်သည်။ ဆရာတော်ကြီး တရားအဆင့်အတန်း ကို ခွဲခြားပြောရန် ခက်ခဲသော်လည်း မဂ်ပေါက်ဖိုလ်ဝင် အရိယာပုဂ္ဂိုလ်မြတ် ဖြစ်ကြောင်းကို ခေတ်အဆက်ဆက် ပါးစပ်မှာတမ်း ရှိခဲ့သည်။

ထားဝယ်မြို့ ကူးတို့တောရပိဋကတ် တိုက်ကျောင်းနေ ဘဒ္ဒန္တကုန္ဒဝံသသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ် တို့နှင့် ပြည့်စုံသော တောရပုဂ္ဂိုလ်ဖြစ် ၍ ဂဏဝိမုတ်၊ စာချွန်တော်နှစ်စောင် ကို ပေးအပ်ချီးမြှင့်ခံရသည်။


ထို့နောက် ဂဏဝိမုတ်ကူးတို့ဂိုဏ်း ဟူ၍ ထားဝယ်ဒေသတွင် ရဟန်းရှင် ပြည်သူအပေါင်းက ခေါ်ဝေါ်ကြသည်။

ဆရာတော်ကြီး ဘဒ္ဒကုန္ဒဝံသသည် ပထမကူးတို့ဂိုဏ်းချုပ်အဖြစ် ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ် မြတ် အရှင်သူမြတ်တစ်ပါး ဖြစ်တော် မူသည်။

သက္ကရာဇ် ၁၂၇၉ ခုနှစ်၊ နတ်တော် လပြည့်ကျော်(၃)ရက် နံနက်(၁၀)နာရီ (၁၅)မိနစ်အချိန်တွင် သက်တော် (၈၆)နှစ် သိက္ခာတော်(၆၆)ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူသည်။

ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ သည် ပရိယတ် ပဋိပတ်ဓူရ တရား နှစ်ပါးကို ပို့ချမြဲ အားထုတ်တော်မူကာ သီတင်းသုံး နေထိုင်တော်မူသည့် အတိုင်း သာသနာအမွေသည် ယနေ့ တိုင် ဆက်လက်ရှင်သန်ကြီးထွား စည်ပင်လျက် ရှိပေသေးသည်။

ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ



ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ သီတင်းသုံးခဲ့သည့် ပိဋကတ်တိုက် ကျောင်းဝင်းအတွင်းရှိ သစ်ကျောင်းဆောင်

ဘဝနတ်ထံပျံလွန်တော်မူသည့် နေ့ နံနက် (၁၁)နာရီ ဆရာတော် မိန့်ကြား ခဲ့သည့်အတိုင်း အလောင်းတော်ကို ဂူသွင်းမြှုပ်နှံသင်္ဂြိုဟ်သည်။ ထို အလောင်းဂူအထက်တွင် အထိမ်း အမှတ်စေတီတော်ကြီး တည်ထား သည်။

ထိုစေတီတော်ကြီးသည် လောက သရဖူလျှောင်းတော်မှ ဘုရားကြီး မျက်နှာစာအောက်ခြေရှိ စေတီတော် ကြီးဖြစ်သည်။ ယနေ့တိုင် ဖူးမြော် ကြည်ညိုနေကြရပေသည်။

ထိုစေတီတော်ကြီး ကိန်းဝပ်ရာ ကူးတို့ရွာ၌လည်း ဆက်လက်လေ့လာ စရာများ ရှိနေသေးသဖြင့် သစ်ကျိုတ် တောင်ပေါ်မှ မဆင်းချင် ဆင်းချင်ဖြင့် ဆင်းလာခဲ့ရသည်။ သစ်ကျိုတ်တောင် မြောက်ဘက်တောင်ခြေရင်း ရောက် တော့ သစ်ကျိုတ်တောင်ကို သမင် လည်ပြန် ကြည့်မိသည်။

**သစ်ကျိုတ်တောင်သည် ပိဋကတ် ဆရာတော်ကြီး ဘဒ္ဒန္တကုန္ဒဝံသ၏ တောရ ဆောက်တည်ခဲ့သော သာသနာ့ အောင်မြေဌာနတစ်ခု ဖြစ်ပေ သည်။ သစ်ကျိုတ်တောင်သည် စပါး တောင်ခြေ အောင်မြေ(၉)ဌာနရှိသည့် အနက် အောင်မြေတစ်ဌာန အပါအဝင် ဖြစ်သည်။**

သို့နှင့် စပါးတောင်ခြေ သစ်ကျိုတ် တောင် သာသနာ့အောင်မြေသို့ စာရေးသူ ခရီးတစ်ထောက် ရောက်ရှိ လေ့လာ မှတ်တမ်းတင် ရိုက်ကူးရေး သားနိုင်ခဲ့၍ ကြည်နူးဝမ်းသာပီတိ ဖြစ်ရပါကြောင်း…

***သတ္တဝါ ဝေနေယျအပေါင်း ကျန်းမာ ကြပါစေ၊ ချမ်းသာကြပါစေ။***

**မောင်မောင်စိုး(*ထားဝယ်*)**

ကိုးကား

၁။ ရှင်ကိုးရှင်ဘုရားများနှင့် ထားဝယ် သမိုင်းဝင် ဘုရားများ(မောင်သန်း ဆွေ-ထားဝယ်)

၂။ သာသနာ့တံခွန် ထားဝယ်ထေရ်မြတ် များ(မောင်သန်းဆွေ-ထားဝယ်)

၃။ ကိုယ်တိုင်သွားရောက် ဘုရားဖူး လေ့လာမှတ်တမ်းဓာတ်ပုံ ရိုက်ကူး ခြင်း(၁၉-၉-၂၀၁၃)



www.burmeseclassic.com

www.burmeseclassic.com

# ဟာရှန်ကာဆီး အကာကတော်ကြီး

ကျော်ရှင် (ပညာ-ဟင်္သာတ)



လောကတွင် ဂါထာကို ယုံကြည်စွာ ရွတ်ဆိုအသုံးပြုနေသူများ ရှိသလို ယုံကြည်သော သူများလည်း များစွာ ရှိနေပါသည်။ တချို့က ကိုယ်တွေ့ကြုံ၍ အကျိုးထူးသောကြောင့် ယုံကြည်ကြသလို တချို့က မကြုံဘူးသေး၍ ယုံကြည်ခြင်းလည်း ရှိပါသည်။

တချို့သူများက မကြုံဘူးသော်လည်း ယုံကြည်မှုနှင့် အမြဲရွတ်ဆိုကြသောကြောင့် ကိုယ်တွေ့ကြုံသည့်အခါ ထူးခြားမှုကိုတွေ့ပြီး အန္တရာယ်နှင့်ကင်းခဲ့သည့် အသက်ဘေးနှင့် ဝေးခဲ့ကြသည်။

စာရေးသူကိုယ်တိုင် လွန်ခဲ့သည့် အနှစ်လေးဆယ်ကျော် ကတည်းက ဂါထာတစ်ပုဒ်ကို လွန်စွာ ယုံကြည်နှစ်သြိုက်၍ အလွတ်ကျက်မှတ် ရွတ်ဆိုပါသည်။

နှစ်ပေါင်း ကြာမြင့်ခဲ့ပြီဖြစ်၍ ညီသည့်စာအုပ် (သို့မဟုတ်) မည်သူ့ထံမှ ဟူ၍ မမှတ်မိတော့ပါ။ ထိုပုဂ္ဂိုလ်များ သက်ရှိထင်ရှား ရှိနေသေးလျှင် ခွင့်လွှတ်စေချင်ပါသည်။

ဤဂါထာ တိမ်မြုပ်ပျောက်ကွယ်သွားမည်စိုး၍ လည်းကောင်း၊ အကျိုးထူးသောကြောင့် လည်းကောင်း ပြန်လည် ဖော်ထုတ်ပေးခြင်း ဖြစ်ပါသည်။

စာရေးသူ၏ ပထမဆုံး ကိုယ်တွေ့ကို တင်ပြပါမည်။ ၁၉၈၈ ခုနှစ် အရေးအခင်း ကာလတွင် ကျွန်တော် စာသင်ခဲ့သည့် ဟင်္သာတမြို့နယ်၊ ရွာသစ်မြောက်ကျေးရွာသို့ အလည်သွားခဲ့သည်။

မရောက်သည်မှာ အတော်ကြာပြီဖြစ်၍ တစ်အိမ်ဝင် တစ်အိမ်ထွက်နှင့် မိုးချုပ်သွားပါတော့သည်။ မပြန်လျှင်လည်း ကျွန်တော်၏ အိမ်သားများ စိတ်ပူကြမည်။ ပြန်ဖို့ရန်ကလည်း အချိန်မရှိ၊ ရွာမှ တပည့်များက အတင်းတားကြသည်။

နောက်ဆုံး တတ်ကျွမ်းထားသော ကိုယ်ခံပညာကလေးနှင့် ယုံကြည်စွာ ရွတ်ဖတ်နေကျ ဂါထာ အားကိုးဖြင့် ဖွတ်ပြန်လာခဲ့သည်။

ရထားသံလမ်းဘေး မြေလမ်းကျဉ်းကလေးမှ စက်ဘီးကို စီးလာပါသည်။ စက်ဘီးပေါ် ရောက်သည်နှင့် ဂါထာကို မပြတ်တမ်း ရွတ်ဆိုလာပါသည်။ လူပြတ်၍ ရိုက်နှက်လုနေကျ နာမည်ကြီးနေရာအနီးသို့ ရောက်လာသည်။

မီးရထားသံလမ်းပေါ်တွင် လူသုံး,လေးယောက်ခန့် ထိုင်၍ နှစ်ယောက်က မတ်တတ်ရပ်နေသည်။ မှောင်နေ၍ သဲကွဲစွာ မမြင်ရ။

စိတ်ထဲက စိုးရိမ်နေသော်လည်း ဂါထာကို မနားတမ်း ရွတ်နေသည်။ မျက်စိကလည်း လျှင်လျှင်ကြည့်နေမိသည်။ သို့သော် ထိုသူအားလုံးသည် စာရေးသူဘက်သို့ တစ်ယောက်မှ မကြည့်။ ထိုင်သူကထိုင် လျှောက်သူက လျှောက်နေကြပါသည်။

စာရေးသူကို မမြင်သလား၊ မြင်သလား မသိ။ ထိုသူတို့နှင့် အနည်းငယ် အလှမ်းကွာသည်နှင့် တစ်ပြိုင်နက် စက်ဘီးကို သုတ်ခြေတင် နင်းခဲ့ပါသည်။

ဤသို့ဖြင့် အိမ်သို့ ချောမောစွာ ပြန်ရောက်ခဲ့သည်။ အိမ်နားရောက်မှ ဂါထာရွတ်ခြင်းကိုလည်း ရပ်ပါသည်။ အိမ်သားများက စိတ်ပူ၍ "မနက်မှ ပြန်လာပါလား၊ အချိန်မဲ့ အခါမဲ့ ပြန်လာတယ်"ဟု အပြစ်တင်ကြပါသည်။

ထိုနေ့ညက ထိုနေရာတွင် လူနှစ်ဦး ရိုက်နှက်အလုခံရသည်ဟု နောက်ရက်များတွင် ကြားရပါသည်။ ဂါထာတော်၏ တန်ခိုးတော်ကြောင့် တထစ်ချ ယုံကြည်လိုက်ပါသည်။

နောင်ကာလများတွင်လည်း ထူးခြားမှု တိုက်ဆိုင်မှုများနှင့် ကြုံတွေ့ရပါသည်။ ဤဂါထာတော်ကပင် ကယ်တင်သည်ဟု ယုံကြည်မိပါသည်။

ထို့ကြောင့် ဤဂါထာတော်အား အများယုံကြည်စွာ ရွတ်ဆိုပွားများနိုင်ပါရန် ကိုယ်တွေ့အဖြစ်အပျက်များထဲမှ တစ်ခုကိုသာ အခြေခံ၍ ရေးသားတင်ပြလိုက်ရပါသည်။ ဂါထာတော်၏ အမည်မှာ "**အကာတော်ကြီးဂါထာ**"


စာမျက်နှာ (၉၅) သို့
www.burmeseclassic.com

www.burmeseclassic.com

။ မှတ်ပုံတင် - ၀၁၃၄၅/၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တအထလ၊တိုး (၁၃၁၂) ။

## နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်




'' ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး ''

'' ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ ''

'' နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး ''

'' နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နှမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ ''

'' ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ ''

'' ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ ''

'' ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် ''

'' ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် ''

'' သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး ''

'' သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

'' ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ ''

'' ကဲ ကိုချစ်ဆွေ နားထောင် ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ ''

'' ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ ''

'' အဆိကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် ''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**


အမှတ်-(၅၂/၁၅၆)ဗိုလ်ချုပ်လမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊

ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉၊ ၀၉-၅၁၀၈၆၁၂

**ပြောင်းမြဲ မောင်ယဉ်တင့်**

www.burmeseclassic.com

www.burmeseclassic.com



◆ ထန်းစေတီပေါ်မှ မြင်ရသော ဖောဓိတထောင်

စံလွင်သာ

ဖောဓိတထောင်သာသနာမြေနှင့် ဖောဓိတထောင် ဆရာတော်ကြီး

# ဦးနာရဒ၏ ဘဝပုံရိပ်များ (၆)

**ယခင်လမှ အဆက်**

နောင် နှစ်အတန်ကြာသောအခါ အနိစ္စရောက်ပြီးသည့် (ဆရာတော် ဦးနာရဒ၏)မယ်တော် ဒေါ်စောမြိုင်က ထိုထန်းပင်ကြီးနေရာ၌ စေတီတည်ရန် အိပ်မက်ပေးသဖြင့် ၁၃၄၇ ခုနှစ်တွင် ထန်းစေတီကို တည်ခဲ့သည်။

ထန်းပင်ကြီးကိုငုံ၍ မဏ္ဍိုင်ပြုကာ ကြောင်လိမ်လှေကား ပတ်လျက် အထက်သို့ တက်နိုင်သော ပြာသာဒ် မျှော်စင်ပုံစံဖြစ်သည်။ **ထန်းပင်ကို ငုံ၍ တည်သဖြင့် ထန်းစေတီ တွင်၏။**

အထွတ်ပြာသာဒ်တွင် တင်ပျဉ်ခွေ မင်းဝတ်ဘုရားလေးဆူ ပူဇော်ထားသည်။ ထန်းစေတီပေါ်မှ ဖောဓိတထောင် သာသနာမြေကို လွှမ်းခြုံရှုမြင်နိုင်သည်။


အောက်ခြေပတ်လည်တွင် ဖောဓိညောင်ပင်များနှင့် ညောင်ပင်အောက် ကျောက်ထီးဖြင့် စံပယ်တော်မူကြသော တင်ပျဉ်ခွေရုပ်ပွားတော် အစီအရီ ဖူးတွေ့နိုင်သည်။

အရှေ့ဘက်အဝေးဆီ၌ အောင်စကြာစေတီ၊ ရှင်ပင်ပက်လက်၊ လျောင်းတော်မူနှင့် ရပ်တော်မူ ရုပ်ပွားတော်တို့ကို ထင်ရှားစွာ ဖူးတွေ့ရကာ ဖမ္မူတောင်ထိပ်စေတီများကို ရေးရေးပျပျ ဖူးမြင်ရလေသည်။

## မယ်တော်၏ ထူးခြားသော ဖြစ်အင်

ဆရာတော် ဦးနာရဒ၏ မယ်တော် ဒေါ်စောမြိုင်သည် ဖောဓိတထောင် ကျောင်းတိုက် ပေါ်ပေါက်လာသော အခါ ကျောင်းဝင်းအတွင်း တစ်ပါး ကျောင်းဖြင့် နေထိုင်ကာ [ပွဲ?]တစ်ကုံး

www.burmeseclassic.com



ယောဂီကျောင်းပင်ခြေမှ တင်ပျဉ်ခွေရုပ်ပွားတော်များ

ဖြင့် ဗုဒ္ဓဂုဏ်တော်ကို ပွားများနေလေ့ရှိသည်။

မယ်တော်ကြီးထံသို့ သာမဏေများက အလှည့်ကျ ဆွမ်းပို့ပေးရသည်။ **ရှင်ကောဏ္ဍည (ယခုအခါ နာယကဆရာတော် ဦးကောဏ္ဍည)** ဆွမ်းပို့သောနေ့တွင် မယ်တော်ကြီးက...

'ကိုရင်တို့ နောက်ရက်ကစပြီး ထမင်းပို့တဲ့ကိစ္စ ပြီးပြီ။ တပည့်တော်က မနက်ဖြန်ကျရင် ဘဝပြောင်းတော့မှာ။ ကိုရင်တို့ကို သရဲလာမခြောက်ဘူး။ ကြောက်မနေနဲ့နော်'

ဟု ပြောကြားခဲ့လေသည်။

နောက်တစ်နေ့တွင် မယ်တော်ကြီး အနိစ္စရောက်သည်။ ဆရာတော်သည် အခြားမယ်တော်ပုံများကဲ့သို့ ကြီးကျယ်ခမ်းနားအောင်မလုပ်တဲ့ နေ့ချင်း ဂူသွင်းရန် စီစဉ်သည်။ ဒကာ,ဒကာမများ ဝိုင်းဝန်းတောင်းပန်သဖြင့် သုံးရက်ထားခဲ့သည်။

ထို့နောက် သံဃာ သက်စေ့ပင့်ကာ ကြေးစည်တီး၍ ကျောင်းနောက်မန်ကျည်းပင်အနီး ဂူသွင်းခဲ့သည်။ မယ်တော်ကြီး ကွယ်လွန်၍ နှစ်အတန်ကြာသောအခါ ဆရာတော်က လုပ်သားအချို့ခေါ်၍ မယ်တော်ကြီး အုတ်ဂူကို ဖောက်စေသည်။

ဂူပေါက်သွားသည်နှင့် တစ်ပြိုင်နက် ဂူအတွင်းမှ တောက်ပသော အလင်းလုံးကြီးထွက်လာ၍ ကောင်းကင်သို့ ပျံတက်သွားလေသည်။ ဆရာတော်က **"အေး ရပြီ ရပြီ။ အပေါက်ပိတ်ပြီး ပြန်ခဲ့ကြတော့"** ဟု အမိန့်ရှိလေသည်။ ***(ဆရာတော်၏ ဘဝသမိုင်းမှတ်တိုင်များ။ စာမျက်နှာ-၅၉၊ ၆၀)***

## ဆရာတော်၏ ထေရုပ္ပတ္တိ

ထန်းစေတီ ပြာသာဒ်ဆောင်မှာ လေနုအေး တဖြူးဖြူးနှင့် သက်သောင့်သက်သာ ရှိလှပါသည်။

အညာဒေသ၏ ပြင်းထန်သော ရာသီဥတုဒဏ်မှ သက်သာခွင့်ရသော နေရာကလေးဖြစ်ရာ ပြာသာဒ်ထက်၌ ခေတ္တနားနေကာ နာယကဆရာတော်များ စွန့်လှူလိုက်သည်။

ဆရာတော်ဦးနာရဒ၏ နောက်ခံဖြစ်စဉ် ထေရုပ္ပတ္တိကို လေ့လာကြည့်သည်။

ဆရာတော်လောင်းလျာ **မောင်တိုးကြွယ်**ကို ဒီပဲယင်းမြို့နယ်၊ ရွာကြပ်လေးရွာ**(ယခုအခါ အရာတော်မြို့နယ်၊ ရွှေတွင်းကုန်းရွာ)**နေ ဦးထွန်းမြတ်၊ ဒေါ်စောမြိုင်တို့မှ **၁၂၉၂ ခုနှစ်၊ တပို့တွဲလဆန်း(၁၄)ရက်၊ စနေနေ့ နံနက်(၄)နာရီတွင်** ဖွားမြင်ခဲ့သည်။


ကိုယ်ဝန်ဆောင်စဉ်ကာလ ဒေါ်စောမြိုင်သည် **"မိမိဝမ်းတွင်းသို့ နေလုံးကြီး ဝင်လာသည်"** ဟု အိပ်မက်မြင်





www.burmeseclassic.com

www.burmeseclassic.com



ရုပ်တော်မှုသံဘောင်တွင် အင်းမလေးများ ရေးသောစဉ်

မက်ကာ မွေးဖွားလာသောအခါ အချင်းစလွယ်သိုင်း၍ အံသွားများ ပါလာခဲ့သည်။ သူငယ်အိပ်နေစဉ် ပုခက်ပေါ်သို့ ကျီးတစ်ကောင် လာရောက်နားနေခဲ့သည်။

အသက်(၅)နှစ်အရွယ်တွင် ရွာကြပ်၊ ကိုးဆူကျောင်း ဆရာတော် ဦးသုဏေယျထံ စာပေသင်ယူကာ (၁၃)နှစ်အရွယ်တွင် ရှင်သာမဏေပြုရ ရှင်နာရဒဘွဲ့မည်တွင်၏။

၁၃၁၂ ခုနှစ်တွင် ကိုးဆူကျောင်း ကျွှာသိမ်၌ ဆရာတော် ဦးသုဏေယျကို ဥပဇ္ဈာယ်ပြု၍ ရဟန်းဘောင်သို့ ရောက်ရှိသည်။ ရဟန်းတစ်ဝါအရတွင် မြို့ မာလာရာမကျောင်းဆရာတော် ဦးမာလထံ သွားရောက်၍ ပရိယတ္တိ စာပေများ သင်ယူသည်။

ထို့နောက် ပခုက္ကူအလယ်တိုက်တွင် နှစ်နှစ်ကြာ ဆက်လက် သင်ယူခဲ့သည်။ ထို့နောက် မန္တလေးဘုရားကြီးတိုက် အမရပူရကျောင်း ဆရာတော် ဦးဥဂ္ဂံသထံ ကြွရောက်သင်ယူစဉ် အဆုတ်နာ၊ တီဘီရောဂါ ပြင်းထန်လာသဖြင့် မန္တလေးဆေးရုံသို့ သုံးလကြာ တက်ရောက် ကုသရသည်။

ဆေးရုံမှ ဆင်းပြီးနောက် မန္တလေးတောင် ကျောက်တော်ကြီးအနီးရှိ မဟာဒဿန ရွှေကျင်တောကျောင်း သံဃာရာဇာနန်းဦးဆရာတော် ဦးနန္ဒိယထံ တစ်လတာမျှ ခိုလှုံကာ ပညာသင်ယူခဲ့သည်။


ထိုမှ ဇာတိရွာ ကိုးဆူကျောင်းသို့ ပြန်ကာ သီတင်းသုံးစဉ် မဟာဗောဓိညောင်ပင်ကြီးမှ ပေါက်ပွားလာသော ညောင်ပင်ငယ်များကို မြူအိုးများဖြင့် စနစ်တကျ ပျိုးထောင်ပြုစုခဲ့သည်။

အဆုတ်နာရောဂါအတွက် ဆေးရုံမှ ပေးသော ဆေးဝါးများအပြင် သဖန်းသီးနှင့် ထန်းလျက်ကို ကျို၍ သောက်သုံးခဲ့သည်။

**၁၃၁၈ ခုနှစ်တွင်** အဆုတ်ရောဂါ ပျောက်ကင်း၍ မကြာခဏ အိပ်မက်မက်နေသည့် မြရိုပ်တောသို့ တပည့် ဦးဘချစ်နှင့်အတူ သွားကာ ရှေးစေတီဟောင်းနေရာမှ ဓာတ်ပျဉ်ခွေရုပ်ပွားတော်ကြီးတစ်ဆူကို တူးဖော်နိုင်ခဲ့သည်။ ထိုအချိန်မှစ၍ **"ပေါ်တော်မူ ဦးပဉ္စင်း"**ဟူ၍ ကျော်ကြားလာခဲ့သည်။

၁၃၂၁ ခုနှစ်တွင် ခမည်းတော်၏ ဇာတိ **"ခတက်ကန်"** **ရွာကျောင်းမှ** ဘကြီးတော်သူ (ခမည်းတော်၏ အစ်ကို) ဆရာတော် ဦးဥေယျ ပျံလွန်တော်မူသဖြင့် ပင့်ဖိတ်ချက်အရ ရွာပနကို ဦးစီးကျင်းပကာ ခတက်ကန်ရွာကျောင်းဆရာတော်အဖြစ် တာဝန်ယူရသည်။

www.burmeseclassic.com



ထန်းစေတီအရှေ့ဘက်မှ ရုပ်ပွားစေတီများ

၁၃၂၂ခုနှစ်တွင် ခတက္ကန်ရွာသား ဦးအုန်းမောင် အစပြု၍ ရွာသားများ စုပေါင်းလှူဒါန်းသော ရွာရှေ့ မြေ(၁၀) ဧကတွင် ဗောဓိညောင်ပင်များ စတင် စိုက်ပျိုးကာ ထန်းလက်တဲကျောင်းဖြင့် ဗောဓိတထောင်သာသနာမြေ စတင် ဖြစ်ခဲ့သည်။

ဆရာတော်ဦးနာရဒသည် ၁၃၁၇ ခုနှစ်မှစ၍ ၁၃၄၁ ခုနှစ်အထိ နှစ်စဉ် နှစ်တိုင်း မြန်မာနိုင်ငံနေရာအနှံ့သို့ သွားကာ အဓိဋ္ဌာန်ဝင် တရားအား ထုတ်ခဲ့သည်။

မန္တလေး ပတ္တမြားတောင်၊ မန္တလေး တောင်၊ မန်းစက်တော်ရာ၊ ပုပ္ပါး တောင်၊ မင်းဝံတောင်၊ ဇာသပြင်ကျိုက် မဆာ၊ စစ်ကိုင်းတောင်၊ ကောင်းမှု တော်၊ ကျောက်ဆည်တောင်၊ ဝေပုလ္လ တောင်၊ ကျောက်ကြီးတောင် စသည် ဖြင့် အဓိဋ္ဌာန်ဝင်ရာ နေရာ(၂၂)ဌာန ရှိခဲ့သည်။

၁၃၄၁ ခုနှစ် နောက်ပိုင်းတွင်လည်း (၄၅)ရက် အဓိဋ္ဌာန်စခန်းကို အလျဉ်း သင့်သလို ဝင်ရောက် အားထုတ်ခဲ့ သည်။

ဆရာတော်သည် သာမဏေဘဝ (၁၆)နှစ်မှ စတင်ကာ ခန္ဓာဝန်ချသည် အထိ နေ့စဉ် ပုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို မပြတ် ပွားများခဲ့ရာ **ဆရာတော်၏ လက်ရေးမှတ်တမ်းအရ ၁၃၂၂ ခုနှစ် မှ ၁၃၆၇ ခုနှစ်အထိ (၄၅)နှစ် ကာလအတွင်း မြတ်စွာဘုရား၏ ဂုဏ်တော် ကုဋေတစ်ရာ့ငါးဆယ် ပွားများခဲ့ကြောင်း** တွေ့ရှိကြရပေ သည်။

## အင်းစမပညာ

ဦးပဉ္စင်းငယ်ဘဝတွင် အင်းပညာ၊ စမပညာများ လေ့လာဆည်းပူး၍ အောင်မြင်ပေါက်ခဲ့သည်။

ဗောဓိတထောင် ဆရာတော် ဖြစ်လာပြီးနောက်ပိုင်း အင်းစမပညာ အစွမ်းပြတော်မူခြင်း မရှိတော့သော် လည်း အင်း၊ စမ၊ ဓာတ်၊ ဂါထာ မန္တန် စသည့် ဂမ္ဘီရနည်းများ အသုံးပြု သာသနာပြုလုပ်ငန်းများ ဆောင်ရွ တော်မူသည်။


တစ်ခါက ဒါယကာဦးတင်မော မှ...

'ဆရာတော်ဘုရား မြန်မာသမိုင်းမှာ ဘုရင်တွေ စစ်တိုက်တဲ့အခါ အင် အသုံးပြုတယ်လို့ မှတ်သားမူးပါတယ်။ အ ပေါက်ရင် မီးတောက်တယ်ဆိုပါတ အင်းချပ်က မီးတောက်တယ်ဆိုတာ ဖြ ပါသလား ဘုရား'

ဟု လျှောက်ထားသည်။

ဆရာတော်က အင်းချထားသေ ကြေးပြားတစ်ချပ်ကို ယူ၍ ဦး

www.burmeseclassic.com



ဆရာတော်ဒိုင်

မောင်လက်တွင်း ထည့်ပေးလိုက်သည်။ ဦးတင်မောင်သည် ကိုင်ထားလျက်က တဖြည်းဖြည်း ပူလာသဖြင့် လွှတ်ချလိုက်သောအခါ ကြမ်းပြင်အရောက်တွင် မီးထတောက်ကာ ပြာကျသွားလေသည်။

ဆရာတော်က သူ့ကို အဓိပ္ပာယ်အပြည့်ရှိသော အပြုံးဖြင့် ကြည့်တော်မူလေသည်။ *(ဆရာတော်ဘဝ သမိုင်းမှတ်တိုင်၊ စာ- ၂၉)*

ဆရာတော်အား နှစ်စဉ် တန်ဆောင်မုန်းလပြည့်နေ့တိုင်း သိင်္ကာထပ်ကသိုလ်ယူခွင့် ရခဲ့သည့် ဒါယိကာမ ဒေါ်ခင်ခင်သိန်း၏ သုံးလကြာ ခုတင်ပေါ် ပက်လက်အိပ်နေရသော ခါးနာရောဂါကိုလည်း အင်းပညာဖြင့် ကယ်မပေးခဲ့သည်။

မိုင်းကိုင်စက္ကူတွင် အင်းချ၍ ခါး၌ ကပ်ထားစေသည်။ ခဏတာအတွင်း ခါးနောက်ကျော၌ တဖြည်းဖြည်း ပူလာကာ ရုတ်တရက် ကြွတက်သွားသလို ခံစားရပြီးနောက် ခါးနာသည့်ဝေဒနာ ယူပစ်သလို ပျောက်ကင်းခဲ့သည်။ *(ဆရာတော်ဘဝသမိုင်းမှတ်တိုင်၊ စာ-၃၂)*

အလားတူပင် ဆရာတော်ကြီး၏ ဒါယကာတစ်ဦးဖြစ်သူ သန်လျင်မြို့နေ ဦးဝင်းမောင်၏ ညှပ်ရိုးကျိုးသည့် ဒဏ်ရာကိုလည်း ကုသပေးခဲ့သည်။

အလောင်းတော်ကဿပသို့ ဘုရားဖူးသွားရာတွင် ကားမှာ ချောက်တွင်းသို့ ထိုးကျ၍ ညှပ်ရိုးကျိုးသောနေရာများတွင် အင်းချပေးရာ အရိုးများ ပြန်ဆက်သွားခဲ့သည်။ *(ဆရာတော်ဘဝသမိုင်းမှတ်တိုင်၊ စာ-၃၂)*

ရပ်တော်မူ ရုပ်ပွားတော်ကြီး အထပ်မြင့်လာချိန် မိုးလေကြား၌ မိုးကြိုးရန် ကြောက်ရပါသည်ဟု အင်ဂျင်နီယာများက လျှောက်ထားသောအခါ သံပေါင်များတွင် အန္တရာယ်ကင်းစမများ ကိုယ်တိုင်တက်ရောက်၍ ရေးသားပေးခဲ့သည်။

ထို့အပြင် ဓာတ်လုံးများ ရေပေါ်စေခြင်း၊ ကျောက်ခဲများ ရေပေါ်စေခြင်း ပြုလုပ်ပြကာ လူမျိုးခြား ဘာသာခြားများကို သရဏဂုံတည်စေ၏။ ဗုဒ္ဓဘာသာဝင်များကို ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း စီးဖြန်းစေခဲ့လေသည်။

ဆရာတော်သည် ဘုရားဖူးများ၏ ဝေဒနာများကို အင်းစမပညာဖြင့် ကယ်တင်ကုသပေးသည့်အပြင် လိုအပ်ပါက ဘုရားဖူးများ၏ မော်တော်ယာဉ်များ၌ အန္တရာယ်ကင်းစမများကို ရေးသားစီရင်ပေးခဲ့သည်ဟု သိရသည်။

## အဂ္ဂိရတ်ပညာ

အဂ္ဂိရတ်ခေါ် လုပ်ရတ်နှင့်ပတ်သက်၍ ဆရာတော်ကြီးထံရှိ ညာတင်ကုတ်ဓာတ်လုံး၊ ကလပ်ကြီးဓာတ်လုံးနှင့် (၁၁)ဆင့်ဓာတ်လုံး သုံးလုံးသည် ဓနသိဒ္ဓိ၊ လာဘသိဒ္ဓိ၊ အာရောဂျသိဒ္ဓိ မြောက် ဓာတ်လုံးများ ဖြစ်ကြသည်။

ထိုဓာတ်လုံးများကို သာသနာပြုလုပ်ငန်းများ၌ အကြောင်းအားလျော်စွာ အသုံးပြုခဲ့၏။ သိဒ္ဓိမြောက်ဓာတ်လုံးများမှရသော ဓာတ်ကြီးချော်ဖြင့် အဆောင် ဓာတ်လုံးကလေးများ ပြုလုပ်၍တပည့်များကိုဝေငှတော်မူသည်။

ယင်းဓာတ်လုံးများအနက် ကလပ်ကြီးဓာတ်လုံးမှာ ချသံကို ထိုးထားသော ဓာတ်လုံးဖြစ်သည်။ ၁၃၃၀ ပြည့်နှစ်ခန့်က လက်ပံကျင်းရွာနေ ကိုချစ်အေးက ခြတောင်ပို့တွင်းမှရသော ခြသံကို ဆရာတော်အား ဓာတ်ထိုးရန် လာရောက် လှူဒါန်းသည်။

ခြသံမှာ ကလပ်ပုံရှိနေသဖြင့် ကလပ်သံ၊ ကလပ်ကြီးဟု ဆရာတော်က ခေါ်ဝေါ်ခြင်းဖြစ်သည်။

ခြသံကို ပေးလှူသွားသော်လည်း ဖိုထိုးရန် ပစ္စည်းများ မရှိသေးသဖြင့် ညည်းညူနေစဉ် နှစ်ရက်ခန့်အကြာ၌ လူကစ်ယောက်က လုံ၊ မီးသွေး စသည့် ဖိုခွင်အတွက် လိုအပ်သော ပစ္စည်းအစုံကို မြင်းလှည်းတစ်စီးဖြင့် တိုက်ကာ လှူဒါန်းသည်။ ထိုသူ၏ အမည်နေရပ်ကို မသိရချေ။

ရှေ့လ ဆက်ဖတ်ပါရန်

စံထွန်းသော

www.burmeseclassic.com

ညာလက်ပုံစံ

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရောကြီးဦးအောင်မြိုင် (ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံပိုင်ရှင်မှာ **ရခိုင်ပြည်နယ်ဖာတိ အသက် (၄၀) ခန့်** အမျိုးသားတစ်ဦး ဖြစ်ပါသည်။

လက်ဖဝါးနှင့် လက်ချောင်းတို့ကို သေချာစွာ ကြည့်ရှုလေ့လာပြီးမှ အောက်ပါမေးခွန်းတို့ကို ဖြေကြည့်ပါ။

၁။ ရည်မှန်းချက် မြင့်မားသူလား၊ နိမ့်ကျသူလား။

၂။ စီးပွားရေးတွင် ထိပ်ဆုံးရောက်နိုင်သသူ ဟုတ်,မဟုတ်။

၃။ ပြည်ပနိုင်ငံခြားနှင့် ဆက်သွယ်လုပ်ကိုင်နိုင်မည့် အခွင့်အလမ်း ရှိ,မရှိ။

အထက်ပါ မေးခွန်းများအတွက် အဖြေကို အကြောင်းပြချက်နှင့်တကွ သီးခြားစာရွက်လွတ်တွင် ရေးမှတ်ပြီးမှ ပဟေဠိအဖြေများနှင့် တိုက်ဆိုင်ကြည့်ပါရန် တိုက်တွန်းအပ်ပါသည်။ သို့မှသာ လက္ခဏာ ပညာသုတ ပိုမိုတိုးပွားနိုင်ပါမည်။


ပဟေဠိ အဖြေများကို
စာမျက်နှာ( ၈၇ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်အဆုံး ဒီဇင်ဘာ ဆောင်းလတွင် ငွေကြေးလာဘ်လာဘ များ နေ့ထွေးရွှင်လန်းစွာ ဝင်ရောက် နိုင်ရန်အတွက် မိမိတို့မွေးနှစ်အရ အောက်ပါအတိုင်း ဆောင်ရွက်နိုင်ကြ ပါသည်။



၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း

# ငွေကြေး လာဘ်လာဘ

ရွှင်လန်းစေဖို့

* * *

| မွေးနှစ် | ဒုရေ | အရပ်မျက်နှာ | ကူညီမည့်ပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား ကျား | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး မြွေ | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် မျောက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး ဝက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

**ဥပမာ** ။ ။ ဝက်နှစ်တွင် မွေးဖွားသူ သည် အရသာကောင်းမွန်သော သစ်သီး(၆)လုံးကို အနောက်မြောက် ထောင့်အရပ်တွင် – နေထိုင်သော ကြာသပတေး သားသမီးတစ်ဦးအား တနင်္ဂနွေနေ့၌ စွန့်လှူလျှက် သမ္မာဒေဝ များထံ ငွေကြေးလာဘ်လာဘများ ရွှင်လန်းဝေဆာစွာ ဝင်ရောက်လာစေ ရေးအတွက် ကူညီပေးကြပါရန် ဆုတောင်းနိုင်ကြသည်။

ပန်းသီး၊ သစ်တော်သီး၊ လိုင်ချီး စသဖြင့် ပကတိ သစ်သီးများကို လှူဒါန်းနိုင်သကဲ့သို့ ကြာရှည်ခံ ပြုပြင် ထားသော သစ်သီးယိုများလည်း လှူဒါန်းနိုင်သည်။ ထုပ်ပိုးထားခြင်းဖြစ် က မိမိအတွက် သတ်မှတ်အထုပ်ရေ အတိုင်း လှူဒါန်းရန်ဖြစ်သည်။

*လာဘ်လာဘ ပေါကြွယ်ကြပါစေ။*

( ထက်မင်းကျော်စွာ )

စာမျက်နှာ (၈၆)မှ အဆက်

**ဗေဒအာပဓေမာ၌ အခြေများ**

**ဆည်မှန်းချက် မြင့်မားသူ ဖြစ် သည်။**

အဘယ်ကြောင့်ဆိုသော် အသက် လမ်းကြောင်းမှ ထက်သော ရည်မှန်း ချက်လမ်းကြောင်း ထင်ရှားပြီး လက်ညှိုးအောက် ကြာသပတေးတောင် ရှိ လျှို့ဝှက်ဆော်လမ္မန်ကွင်းကို ထိ ... ကျော် ... တက်နေခြင်း ကြောင့် ဖြစ် သည် ... ၏အကွက်ရာ




* * *

**၂။ စီးပွားရေးတွင် ထိပ်ဆုံးရောက် နိုင်သောသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်သူ ကြွယ်အောက်တွင် အောင်မြင်ရေး လမ်းနှင့် အကူလမ်း ကောင်းမွန်ထင် ရှားခြင်း(ခ)အကွက်ရာ၊ လက်ချောင်း ကြားများတွင် ဇွေများရှိခြင်း (ဂ)အကွက်ရာတို့ကြောင့် ဖြစ်သည်။

* * *



**၃။ ပြည်ပနိုင်ငံခြားနှင့် ဆက်သွယ် လုပ်ကိုင်နိုင်မည့် အခွင့်အလမ်း ရှိသည်။**

အဘယ်ကြောင့်ဆိုသော် တနင်္လာ ဂြိုဟ်ခုံ လက်ဖဝါး အပြင် စောင်းမှအကူ လမ်းများက အသက်လမ်း မှထွက်သော နိုင်ငံခြားလမ်းကို လာရောက် ထိတွေ့ နေခြင်းကြောင့်ဖြစ်သည်။(ဃ)အကွက်ရာ



* * *

*လက္ခဏာပညာသုတ ကိုးမွားကြပါ စေ*

*အောင်မြင်ကျော်ကြား ချမ်းသာ ကြီးပွားစေသော်*

**ဆရာကြီး ဦးအောင်မြင့်**

**(ဥပဒေကျွဲ)**

**လက္ခဏာဗေဒပညာသုတေသီ**

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆ၀က(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရှေ့နေကြီး ဦးအောင်ဝင်းနိုင်တို့ကို။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နှင်းဆိုင်း,နှိပ်နိုင်းနေတာတွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'သြော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်၊ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျိုးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက်မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်းနည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်ထဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
**စကြာမင်းဆေးတိုက်**
အမှတ်-စ/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုန္ဒာမှတ်တိုင်အနီး
မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၆၅၃

**ဦးဇော်ထွန်း**



www.burmeseclassic.com

www.burmeseclassic.com

# စစ်ကိုင်းတောင်ရိုး သမိုင်းဝင်စေတီများ

၏ အောင်မြေနှင့် ဂုဏ်ပုဒ်ဂါထာတော်များ (၂၂)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

## ရွှေမင်းဝံ စေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။**

*[၃-ကြိမ် ရွတ်ဆိုပါ။]*

ဓမ္မာသောက ဘိဓေယျေန၊
နိမ္မိတံ ဓာတု သံယုတံ။
ရွှေမင်းဝံဝှ သုစေတီယံ၊
နမာမိ သိရသာအဲ။

**မြန်မာပြန်**

**အဟံ**–အကျွန်ုပ်သည်၊

**ဓမ္မာသောကာဘိဓေယျေန**– သီရိဓမ္မာသောက အမည်ရှိသော မင်းတရားသည်၊

**နိမ္မိတံ**–တည်ထား ကိုးကွယ်အပ်သော၊

**ဓာတုသံယုတံ**– ဘုရားဖိနော် ရွှေဓာတ်တော်နှင့်ယှဉ်သော (ဝါ) ဘုရားဖိနော် ရွှေဓာတ်တော်များ ပါရှိသော၊

**ရွှေမင်းဝံဝှသုစေတီယံ**– ရွှေမင်းဝံ ခေါ် စေတီတော်မြတ်ကို၊

**သိရသာ**– ဦးခေါင်းရတနာမြတ် အင်္ဂါအားဖြင့်၊

**အာဒရံ**–လေးမြတ်ကြည်ညို အလွန်ရှိသေလှစွာ၊


**နမာမိ**– ရှိခိုးဦးချ ကန်တော့ပါ၏ မြတ်စွာဘုရား။

**ဘုရားတည်နှစ်**

သက္ကရာဇ် ၂၂၄ ခုနှစ်။

**ဘုရားဒါယကာ**

သီရိဓမ္မာသောကမင်းကြီး။



▲ ရွှေမင်းဝံစေတီတော်အား
ရင်မြင်ထောက်မှ မှုမြင်ရပုံ

**တည်နေရာ**

စစ်ကိုင်းတောင်တန်း၏ အနောက်ဘက် မင်းဝံတောင်ရိုး မိုးညှင်းချောင်ကုန်းတော်။

**ပွဲတော်ရက်**

အတိအကျ မရှိပါ။

**အောင်မြေနေရာ**


ရွှေမင်းဝံစေတီတော်၏ အင်္ဂါထောင့်



www.burmeseclassic.com

www.burmeseclassic.com

ရွှေမင်းဝံစေတီတော်အား
ရှေ့တည့်တည့်မှ ဖူးမြင်ရပုံ ◆



ရေကန်တော်။

အဆောင့်အရှောက်

ရွှေမင်းဝံဘိုးဘိုးကြီး။

ထူးခြားချက်

ရွှေမင်းဝံ စေတီတော်ကြီးသည်ကား ဘုရားအလောင်းတော် ဝံသူတော်ကောင်း ဖြစ်ခဲ့စဉ် ဤတောင်တန်းအရပ်၌ လှည့်လည်ကျက်စား နေထိုင်ခဲ့လေ၏။

ထို့ကြောင့် ဤတောင်တန်းအား မင်းဝံတောင်တန်းဟု ခေါ်တွင်ခဲ့လေသည်။


သီရိဓမ္မာသောကမင်းကြီးက ဘုရားအလောင်းတော်ဝံမင်း အမှတ်တရအား ဖြင့် ရွှေမင်းဝံစေတီတော်ကို တည်ထားတော်မူလေ၏။

နောင်အခါ ခေတ်အဆက်ဆက် ပြောင်း၍ ယိုယွင်းနေသော ဤစေတီတော်မြတ်ကြီးအား ဗိုလ်ချုပ်လှမြင့်ဆွေမိသားစုက ထပ်မံပြုပြင်၍ ဘုရားဘွဲ့တော်ကိုလည်း **"ရွှေဘုန်းပွင့်"** ဟု ဘွဲ့မည်အသစ် သမုတ်လေသည်။

ဆရာတော်ကြီး အရှင်ကေလာသဓမ္မာစရိယ၊ ဂဏဝါစက BA.Hons ဝိဇ္ဇာဂုဏ်ထူး(သီရိလင်္ကာ) ရေးသားစီရင်သော **"စစ်ကိုင်းသာသနာဝင်ကျမ်း"** စာအုပ်တွင် အောက်ပါအတိုင်း မှတ်တမ်းတင်ထားလေ၏။

"ဂေါတမမြတ်စွာဘုရားသည် ညီတွားလိမ္မာအရှင်အာနန္ဒာနှင့်အတူ ဤသည့် စစ်ကိုင်းတောင်တန်း ပတ္တမြားတောင်သို့ ရောက်တော်မူ၍ "ညီတွားလိမ္မာ အာနန္ဒ သင့်နောင်တော် ငါ ဘုရားသည် ရှေးအခါ သမယက ဤအရပ်ဌာနဝယ် ဝံသူတော်ကောင်းဖြစ်၍ ကျက်စားနေထိုင်ခဲ့ဖူး၏။

◆ ရွှေမင်းဝံစေတီတော် အာရုံခံအတွင်းမှ ရွှေဘုန်းတော်ကံပွင့် ရွှေဘုန်းတော်ကံဆင့် ရွှေဘုန်းတော်ကံမြင့် ရုပ်ပွားတော်များပုံ



◆ ရွှေမင်းဝံစေတီတော်မှ အဓိဋ္ဌာန်နေရာတစ်ခု








www.burmeseclassic.com

www.burmeseclassic.com



ရွှေမင်းဝံစေတီတော်မှ
ကြည်ညိုဖွယ်ရာ
ရွှေပေါင်းလောင်း
ရုပ်ပွားတော်ကြီးအား ဖူးမြော်ကြပုံ

ထို့ကြောင့် ဤတောင်ကို မင်းဝံတောင်ဟု ခေါ်တွင်လေသည်။

သင့်နောင်တော် ငါဘုရား ရွှေပြည်နိဗ္ဗာန် ဝင်စံတော်မူပြီးနောက် အနှစ် (၂၁၈)နှစ် မြောက်တွင် ပါဋလိပုတ်မြို့တော်၌ နန်းစိုက်၍ မင်းပြုမည့် သီရိဓမ္မာသောကမင်းကြီးသည် ငါဘုရား ဓာတ်တော်များ ဌာပနာ၍ ရွှေမင်းဝံ စေတီ တည်လိမ့်မည်"

ဟု ဗျာဒိတ်တော် ထားရှိခဲ့သည့် အတိုင်း သီရိဓမ္မာသောကမင်းကြီး သည် ဤရွှေမင်းဝံစေတီကို တည် တော်မူခဲ့လေသည်။

ယင်းမင်းဝံတောင်၌ **ဘော်ဖြူ ကျောက်**ရှိ၏။


**လေလာယေျကျောက်**လည်း ရှိ၏။

**ကျောက်ကွမ်းသီး**လည်းရှိ၏။


**ပတ္တမြားကျောက်**လည်း ရှိ၏ဟု ရှေးသူဟောင်းတို့ ဆိုရိုးစကား ရှိကုန် ၏ ဟူ၍ ရေးသားထားလေသည်။

မြတ်စွာဘုရား၏ ဗျာဒိတ်တော် အတိုင်း အမှန်တကယ် ဖြစ်ပေါ်ခဲ့လေ ၏။

ရွှေမင်းဝံစေတီတော်မှ အဓိဋ္ဌာန်နေရာ အဆောင်တော်တစ်ခု



ရွှေမင်းဝံစေတီတော်ရင်ပြင်တော်မှ ရွှေဘုန်းပွင့်သိမ်တော်ကြီး



**စေတီတော်၏ပုံဟန်**

လေးထောင့် လေးမျက်နှာ ပစ္စယာ (၃)ဆင့်၏အပေါ်၌ ခေါင်းလောင်း မှောက် ပြုလုပ်ထားရှိပြီး ဖောင်းရစ် (၉)ရစ်ဖြင့် ဗုဒ္ဓမြတ်စွာ၏ ဂုဏ်တော် ကိုးပါး ရည်ညွှန်းထားလေ၏။

ဖောင်းရစ်၏ အထက်တွင် ရွှေထီး တော်အထွတ်တင် ပူဇော်ထားလေ သည်။

ခေါင်းလောင်းမှောက်၏ အလယ် ခါးပန်းစည်းအထက်နှင့် အောက်၌ ကြာမှောက်ကြာလှန်များဖြင့် တင့်တယ်

www.burmeseclassic.com

စွာ တန်ဆာဆင်ထားပါ၏။

အထက်ဆုံး ပစ္စယာ၏ ထောင့်(၄) ထောင့်၌ အရံရွှေစေတီတစ်ဆူစီ ပူဇော်ထားရှိလေရာ တစ်မူထူးလျက် ရှိလေ၏။

ဒုတိယပစ္စယာနှင့် အောက်ဆုံး ပစ္စယာများတွင် ကြာသွတ်ပန်းအိုး တစ်လုံးစီဖြင့် စီမံပူဇော်ထားရှိပါသည်။

ဖိနပ်တော် ထောင့်ချိုးများ၌မူ ခြင်္သေ့ရုပ်ကြီးများ လုံးဝ မထားရှိပါ။

စေတီတော်ကြီး၏ တောင်ဘက် အာရုံခံအတွင်း၌ (၉)ပေခန့်ရှိသော ရုပ်ပွားတော်(၃)ဆူက အကန်တော့ ခံလျက် ရှိနေလေသည်။

ရုပ်ပွားတော်(၃)ဆူ၏ ဘွဲ့တော် များမှာ...

၁။ ရွှေဘုန်းတော်ကံပွင့်၊
၂။ ရွှေဘုန်းတော်ကံဆင့်၊
၃။ ရွှေဘုန်းတော်ကံမြင့်

ဟူ၍ ရေးထိုးထားပါသည်။


**စေတီတော်၏ အဂ္ဂိထောင့် အောင်မြေနေရာတွင်** သီရိဓမ္မာသောကမင်းကြီး၏ ကုသိုလ်တော် ရေကန်ကို တွေ့မြင်နိုင်ကြလေသည်။

ရွှေဘုန်းပွင့် သိမ်တော်ကြီးကိုလည်း စေတီတော်၏ တနင်္ဂနွေထောင့်တွင် အသစ်ပြန်လည် တည်ဆောက်ပြီးနေ လေပြီ။

ရွှေမင်းဝံစေတီတော်ကြီး၏ အရံ ကုသိုလ်တော်များမှာ...


၁။ ရွှေဘုန်းပွင့်
၂။ ရွှေဘုန်းဆင့်
၃။ ရွှေဘုန်းမြင့်

ရုပ်ပွားတော်(၃)ဆူအား ရှေးဟောင်း အနုပညာ ပြောင်မြောက်စွာ ရုပ်လုံးရုပ်ကြွများဖြင့် အလွန်ခမ်းနားတင့်တယ်စွာ တည်ဆောက်ထားသော



▲ ရွှေမင်းဝံစေတီအနီးမှ အရံစေတီ "သီဟိုဠ်မင်းကြီး"ဝေါ် "ထယ်တန်မီးငြိမ်းစေတီ"

▼ ရွှေမင်းဝံစေတီတော်၏ အောင်မြေနေရာမှ ရေကန်တော်



(၉)ခန်းဓမ္မာရုံကြီးမှာ မြင်ရသူတိုင်း ရင်သပ်ရှုမောဖွယ် ဖြစ်လေသည်။

အမိဌာန်ကျင့်စဉ်အတွက် ဘွဲ့မည် တော်အလိုက် အကျိုးထူး ရရှိစေနိုင်သော နေရာမြတ် ဖြစ်လေ၏။

ဓမ္မာရုံတော်ကြီး၏ အတွင်းလိုဏ်ဂူ တော်အတွင်း ကိန်းဝပ်စံပယ်တော်မူနေသော ရှေးဟောင်း ရွှေဘုန်းပွင့် ရုပ်ပွားတော်မြတ်ကြီး၏ ထံပါး၌ စစ်ကိုင်းမြို့သို့ တစ်ခါတစ်ခေါက် ရောက်ရှိလာသော ဂန္ဓာရီပုဂ္ဂိုလ်များ အတွက် အောင်မြေနေရာထူးပင် ဖြစ်လေသည်။

ယင်းရုပ်ပွားတော်ကြီး တည်ရှိရာ လိုဏ်ဂူတော်၏အထက် ကုန်းတော် ထက်တွင် ရွှေမင်းဝံစေတီနှင့် မင်္ဂလာ ရေကန်တော် တည်ရှိလေသည်။

ထိုဓမ္မာရုံကြီး၏ မြောက်ဘက်တွင် အလျား(၇၂)ပေခန့်ရှိသော အဆောက် အအုံကြီး၏ အတွင်းတော်၌ အာရုံ ကြီးနှင့်အပြည့် ပူဇော်ထားသော ရွှေသာလျောင်း ရုပ်ပွားတော်ကြီးမှာ အံ့မခန်းဖွယ်ရာ ကြည်ညိုဖွယ်ရာ ဖြစ်လေတော့၏။




www.burmeseclassic.com

www.burmeseclassic.com



▲ အဓိဋ္ဌာန်လိုဏ်ဂူတော်အတွင်းမှ

"ရွှေဘုန်းပွင့်" ရှေးဟောင်းရုပ်ပွားတော်ကြီး



▲ ရုပ်ရုံမှော်ဂုံကြီးအတွင်း၊ စံပယ်တော်

မူသော ရွှေဘုန်းမြင့် ရုပ်ပွားတော်ကြီး

◀ ရွှေဘုန်းဆောင် ရုပ်ရုံမှော်ဂုံကြီးမှ

အနီးကပ်ရုပ်လုံးများ


▼ ရွှေမင်းပံတိုးတိုကြီးမဲ့



▼ ရွှေဘုန်းပွင့်ရုပ်ပွားတော်မြတ်ကြီး တည်ရှိသော

ရွှေဘုန်းဆောင် မှော်ဂုံကြီး၏ ရုပ်လုံးရုပ်ကြွများ အနီးကပ်ပုံ







www.burmeseclassic.com





▲ အဓိဋ္ဌာန်နေရာတော်တစ်ခုဖြစ်သော ဗောဓိပင်တန်း

▼ လျှို့ဝှက်သော အသွင်ဆောင်နေသည့် ရှစ်ထောင့်ချိုးရေကန်တော်



▲ အစအရာရာ လိုက်လံ၍ အကူအညီပေးသော ဦးသွင်ကြီးမိုးညို

▼ နတ်မယ်တော်ကြီး "ဒေါ်ဝွေတောင်" ပုံ



▼ နတ်မယ်တော်ကြီး "ဒေါ်ဝွေတောင်" ၏ နတ်ကွန်း



www.burmeseclassic.com

ဘုသိုလ်ရှင်မှာ စစ်ကိုင်းမြို့ ရွာအောင်ရပ်ကွက်မှ ဘုရားဒါယကာ ဦးဘုပ်နှင့်ဇနီး ဒေါ်ဖွားသိန်းမိသားစုတို့မှ သက္ကရာဇ် ၁၂၀၃ ခုနှစ်က ဆောက်လုပ်လှူဒါန်းထားလေရာ နှစ်ပေါင်း ရာကျော်နေလေပြီ။

စစ်ကိုင်းမြို့တွင် အလွန်ကြီးမားသော ရွှေသာလျောင်း ရုပ်ပွားတော်ဆုံးဆု တည်ရှိလေရာ ဤရွှေမင်းဝံစေတီတော် တည်ရှိရာမှ ရုပ်ပွားတော်ကြီးမှာ တောင်အရပ်သို့ ဦးခေါင်းတော် ပြုထားသောကြောင့် **"ရွှေပေါင်းလောင်းဘုရား"**ဖြစ်လေ၏။

စစ်ကိုင်းတောင်ရိုး ရှင်ဖြူရှင်လှစေတီတော်ကြီးအနီးတွင် တည်ရှိသော လျောင်းတော်မူကြီးမှာ ဦးခေါင်းတော် အရှေ့ဘက်အရပ်သို့ တည်ရှိထားသောကြောင့် **"ရွှေသာလျောင်းဘုရား"**ဖြစ်လေ၏။

စစ်ကိုင်းမြို့ ရေဝတီမြစ်ကမ်းမြောက်ဘက်ရှိ ထူပါရုံစေတီတော် မြတ်ကြီး၏ ရာဟုထောင့်တွင် တည်ရှိသော လျောင်းတော်မူ ရုပ်ပွားတော်ကြီးမှာ အနောက်ဂေါ်ယာအရပ်သို့ ဦးခေါင်း ပြုထားသောကြောင့် **"နေရမာန်ဘုရား"** ဖြစ်လေတော့သည်။

ရွှေမင်းဝံ စေတီတော်မြတ်ကြီး၏ အစောင့်အရှောက်ဖြစ်သော ရွှေမင်းဝံ ဘိုးဘိုးကြီးမှာ စေတီတော်သို့ အဝင်လမ်းမကြီး၏ ပေ(၁၀၀)ခန့်တွင် ရွှေမင်းဝံစေတီတော်အား မျက်နှာပြုလျက် အဆောင်နတ်ကွန်းဖြင့် တည်ရှိနေလေ၏။

ရွှေမင်းဝံဘိုးဘိုးကြီးသည်ကား စစ်ကိုင်းမြို့တွင် မသိသူ မရှိလောက်အောင် ခုနှစ်ရက်သားသမီး တို့အား ကူညီစောင့်ရှောက်နေသော ဘိုးဘိုးကြီးဖြစ်လေ၏။

ဘိုးဘိုးကြီး၏ အနောက်ဘက်လမ်းဘေးတွင် **"နတ်မယ်တော်ကြီး ဒေါ်ငွေတောင်"**၏ နတ်ကွန်းမှာ အမျိုးသမီးပရိသတ်များဖြင့် စည်ကားနေလေ့ရှိသော ဌာနတစ်ခုဖြစ်လေသည်။

ရုပ်စုံမွှော်ရုံကြီး၏ အရှေ့ဘက်တွင် ဗောဓိပင်စခန်းတည်ရှိလေရာ ဗောဓိပင်၏ (၄)မျက်နှာ၌ ပွင့်တော်မူပြီးသော ဘုရားလေးဆူတို့၏ ရုပ်ပွားတော်များဖြင့် ပူဇော်ထားရှိလေရာ အဓိဋ္ဌာန်နေရာထူး ဖြစ်လေသည်။

စိမ်းစိုသာယာသော အပင်ကြီးများဖြင့် အုပ်ဆိုင်းနေသော ဆိတ်ငြိမ်အေးချမ်းလှသည့် အဓိဋ္ဌာန်စခန်း ဖြစ်လေ၏။

**ဗောဓိပင်စခန်း၏ မြောက်ဘက်အရပ်၌ ရေပေါက်ရေကန်တော်ကြီးတစ်ခု တည်ရှိလေ၏။ ထိုရေကန်တော်ကြီးမှာ အရပ်ရှစ်မျက်နှာသို့ လမ်းရှုန်လျက် ရှိသဖြင့် ရေကန်တော်ကြီး ဖြစ်လေရာ လှို့ဝှက်ဆန်းကြယ်သော ထူးခြားနေရာတစ်ခု ဖြစ်လေသည်။**

ရွှေမင်းဝံ စေတီတော်မြတ်ကြီးသည်ကား လောကီလောကုတ္တရာ အကျိုးနှစ်ပါးအတွက် ဘုန်းကံပွင့်လိုသူများ၊ ဘုန်းကံထပ်ဆင့်လိုသူများနှင့် ပိုမိုထူးကဲသော ဘုန်းကံမြင့်လိုသူများ အတွက် အဓိဋ္ဌာန်အောင်မြေ နေရာမြတ် ဖြစ်လေသည်။

ဂမ္ဘီရလမ်းခရီး၌ ဂန္ဓာရီ တစ်ခေါက် ရောက်ရှိသင့်သော နေရာဖြစ်ပါကြောင်း လမ်းညွှန်လိုက်ရပါသည်။

**အောင်ရွှေမြတ်**
***(စစ်ကိုင်းတောင်)***

စာမျက်နှာ (၇၉)မှ အဆက်

ဖြစ်ပါသည်။

***ဂါထာတော် အမြည်အစုံမှာ...***

'ဦး... တကျက်ရာအစ ပါကမအဆုံး ပတ်ကုံးခြေညာ စိတ်နှလုံးမှာတွယ် ငါ့မှာကိုး ကိုးကွယ်ရာလှပါပေတည်း။

ဦး မဟာသမုဒ္ဒရာတစ်သီး မြင်းမိုရ်ကြီးနှင့်သွယ် မြင်းမိုရ်ချီးရာ သီတာနှစ်တန် ငုံ့အား ရှိလေသူ ကျောင်းစဉ့်နှစ်ထပ် ငါ့အားမတ်လေသာ နှစ်ထိန့်လေးဆောင်း အထုရှိသော မဟာပထဝီ ကျွန်းမြေကြီးသည် ဖုလုံ လိမ်ပါ ပုံးသိက်ကာလေ့၊ တစ်ရှူရှစ်လုံး ပြုပ်ကြီး ပုံးလော့၊ ရသေ့ရစ်သောင်း ကာတုံရှောင်းလော့...

ဦး... ငါ၏ ဆရာသည်ကား သဗ္ဗညုတ မြတ်စွာဘုရားသခင်တည်း။ လက်ယာဘက်က ရှင်သာရိပုတ္တရာ ကိုးကွယ်ပါ၏။ လက်ဝဲဘက်က ရှင်မောဂ္ဂလာန် ကိုးကွယ်ပါ၏။ ရှေ့က ဝိဇ္ဇကတ်သုံးပုံ နောက်က ညီတော် အာနန္ဒာ ကိုးကွယ်ပါ၏။ ပတ်လည်ရဟန္တာ ကိုးကွယ်ပါ၏။

ကြမ္မာမကောင်း ပယ်တုံ့ရှောင်းလော့၊ အသာမကောင်း ဝေးတုံ့ရှောင်းလော့၊ အိပ်မက်မကောင်း နှစ်တုံ့ရှောင်းလော့...

ဦး... ဘုရားဟူက မောဂ္ဂလီ နှစ်ဆယ့်လေး၊ တရားဟူက ဘာလီတွေ၊ လေးဆယ့်ငါး၊ သံဃာဟူက သံချပ်ဝတ် မြောက်ဆယ့်နှစ် စုတင်တော့ရသ ရှင်မဟာကဿပ ကိန်းဝပ်တော်မူသည် ဖယ်လေ ရှားလေ ဆုတ်လေ ခွာလေ'

***အကျိုးထူး ဂါထာတော်များကို ထိန်းသိမ်းနိုင်ကြပြီး တစ်ဆင့် ပြန့်ပွားနိုင်စေရန် ရည်ရွယ်လျက်...***

***ကျော်ရှင်(ပညာ–ဟသ်ာတ)***



www.burmeseclassic.com


www.burmeseclassic.com




ရိုပို– ကျားရတနာဆေးသည်
တရုတ်ပြည် ရှေးခေတ် ဧကရာဇ်မင်း

နန်းတွင်းတွင် အသုံးပြုသော
ဆေးတော်မြတ်ဖြစ်သည်။







# 龍鳳寶

## ရိုပို– အမျိုးသားအားဆေး ကျားရတနာဆေး

**မြန်မာတိုင်းရင်းဆေးဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါသည်။**

နဂါးဇာမဏီရတနာ (လုံဖုန့်ပေါင်)

(ယောကျ်ားသုံးအဆင့်မြင့်အားဆေး) မှတ်ပုံတင်အမှတ် TMR-009365 (1014)

ရိုပို– ကျားရတနာဆေး (မူလအမည်၊ နဂါးကျားအားမာန်ဆေးလုံး)သည် တရုတ်ပြည် ရှေးခေတ်ဧကရာဇ်မင်း နန်းတွင်းတွင် အသုံးပြုသော ဆေးတော်မြတ်ဖြစ်သည်။ ၎င်းသည် ဘုရင်မှ မောင်းမမိဿံများ၊ ချောမောလှပသည့် မိဖုရားတို့နှင့် ကာမပျော်ပါးရာတွင် သီးသန့်အသုံးချရန် ဖြစ်သည်။

ဤလျှို့ဝှက်ဆေးနည်းသည် ယနေ့အထိ စဉ်ဆက်မပြတ် ဆက်ခံလာသည်မှာ အနှစ်(၄၀၀)ကျော်ရှိပြီ ဖြစ်ပြီး၊ လူ့လောက၏ နတ်သိကြားဆေးဟု တင်စားခြင်းခံရပေသည်။ ဤဆေးကို ရေရှည်မှီဝဲသုံးစွဲပါက အသက်ရှည်၍ အစဉ်နုပျိုစေပါမည်။ မန်ချူးမင်းဆက် ဧကရာဇ် ချန်လုံသည် ကာမစည်းစိမ်ပျော်စံ၍ အသက်(၈၉)နှစ်အထိ နေထိုင်နိုင်ခဲ့ခြင်းမှာ ရိုပို–ကျားရတနာဆေးကို ရေရှည်မှီဝဲသုံးစွဲခြင်းကြောင့် ဖြစ်သည်။

**အဓိကကုသမှု ။** ယောကျ်ား ကျောက်ကပ်အားချို့တဲ့၍ သုက်ရည်နည်းခြင်း၊ ပန်းညှိုး၍ မထိန်းနိုင်ဘဲ သုက်လွှတ်စောခြင်း။

**အာနိသင် ။** ကာမရာဂစိတ် ပိုစေ၍ နုပျိုလာစေမည်။ ကျောက်ကပ်အားပေး၍ လုသန့်စွမ်းကာ အသက်ရှည်စေသည်။

**ဖြန့်ချိရေး– ဦးမြင့်ဆွေ၏သားများ–** မြန်မာဆေးမျိုးစုံဆိုင်၊ C-264(D)ရုံ၊ မြေအောက်ထပ်၊ သိမ်ကြီးဈေး။ ဖုန်း–၂၉၄၃၂၅၊ ၇၀၉၈၉၈။ ❖ဆိုင်အမှတ်(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း ၀၃၂–၂၃၁၁၄။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့။ ဖုန်း–၂၁၂၆၂။ ❖မဥ္စူရီမြန်မာဆေးဆိုင်–(၂၉)လမ်းနှင့်(၈၄)လမ်းထောင့်၊ မန္တလေး။ ❖မြနန္ဒာဆေးဆိုင်–အမှတ်(၁၀)၊မင်းလမ်း၊ ဖိုင်းဂနိုင်းတောင်၊ ပဲခူးမြို့။ ဖုန်း–၂၂၁၀၆။ ❖မောင်မျိုးဆေးဆိုင်–၄၅/ကျောင်းလမ်း၊ မြောက်ဥက္ကလာ။❖ကန့်ကော်ရုံ၊ အမှတ်(၈၁/၈၂/၈၃)၊လားရှိုးမြို့မဈေး။ ဖုန်း–၀၈၂–၂၂၁၁၆။ ❖နေလကြယ်ဆေးတိုက်–(၆)လမ်း၊ တောင်ငူမြို့။ ဖုန်း–၀၅၄–၂၁၈၃၉။ ❖အခန်း(၈) အဝေးပြေးဂိတ်ဝင်း၊ ကင်းမလင်းကျွန်း၊ ပုသိမ်မြို့၊ဖုန်း–၂၁၄၂၁။ ❖ကိုသိန်းရွှေ–အမှတ်(၁၈၇)၊ရွှေပြည်သာဈေး၊ ပုသိမ်မြို့။ ❖ရွှေစွန်ညိုစတိုး–ဒေါ်ခင်စန်းရီ(၃၁/အေ)၊ ကုန်သည်လမ်း၊ပုသိမ်မြို့။ ဖုန်း–၂၁၇၁၅။ ❖ရောစ်–အမှတ်(၅၂/၈)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ❖ဇော်ထွန်းဦး–ည/၁၅၀၊ ဦးကြီးခမ်းလော်လမ်း၊ ဦးကြီးခမ်း၊ တောင်ကြီးမြို့။ ဖုန်း–၀၈၁–၂၃၀၂၅။ ❖မြတ်မွန်ဆေးဆိုင်၊ မြစ်ကြီးနား။ ဖုန်း–၀၇၄–၂၂၅၉၅။ ❖ဝါးခယ်မမြို့ အမှတ်၆၂/၆၃၊ ဈေးရုံ(၈)၊ဈေးရပ်ကွက်–ဦးကျော်လင်း။ ❖အမှတ်(၁၂၂)၊ရာဇာလမ်း၊ ပိန်းကန်ရွာ၊ ခရမ်းမြို့နယ်၊ ရန်ကုန်တိုင်း။ ဖုန်း–၂၄၄၁၀၄။ ❖စကားဝါဆေးနှင့်ဆေးပစ္စည်းဆိုင်–အမှတ်(၇)၊ မြင်းခြံမြို့။ ဖုန်း–၀၆၆–၂၁၄၄၁။ ❖Topကုန်မာဆိုင်– လားရှိုးလမ်း(နာရီစင်အနီး) ပြင်ဦးလွင်မြို့။ ဖုန်း–၀၈၅–၂၁၂၅၆။ ❖ဒေါ်ဆယ်ဆေးတိုက်–အမှတ်(၆၉၉)၊တရုတ်တန်း၊ ပြည်မြို့၊ ဖုန်း–၂၁၂၆၂၊ ၀၈၅–၂၁၂၅၆။ ❖ဦးစိန်သန်း+ဒေါ်နီနီဝင်း–ဆေးပဒေသာ၊ ရတနာမာရ်တောင်ရပ်၊ စိတ္တသုခဂေဟာ၊ ရတနာမာရ်တောင်ဘုရားအနီး၊ မိတ္ထီလာမြို့–ဖုန်း၂၁၃၉၂။ ဦးအောင်မြင့်နှင့်သားသမီးများ(ဆေးပစ္စည်းဆိုင်)အမှတ် (မ/၁၂၂)၊ ဘုတာတောင်ဘက်လမ်း၊ အရှေ့ပြင်ရပ်၊ မိတ္ထီလာ–ဖုန်း–၂၂၀၄၂။ တက်နေဝန်းမြန်မာ့ဆေးလုပ်ငန်း–ဈေးအရှေ့ဘက်၊ နေပြည်တော်လမ်း၊ စစ်ကိုင်း၊ဖုန်း–၀၇၂–၂၂၀၀၂။ ထွန်းသောင်စတိုး–ဖုန်း–၂၁၆၉၇။ ဆောင်းဟေမာန်ဆေးပစ္စည်း မြို့မ ၆၃၊ အင်းဝဘက်ရှေ့၊ မြစ်ကြီးနား။ ဖုန်း–၂၂၁၀၆။ ❖ပျဉ်းမနားမြို့၊ ပွဲကတော်ဆေးဆိုင်အမှတ်(၁၁၁)၊ (၇)လမ်း၊ မင်္ဂလာရပ်ကွက်–ဦးထင်ဦး+ဒေါ်မြသန်း။ ❖ဦးကျော် ကွန်ပျူတာဆိုင်–ဗိုလ်ချုပ်လမ်း၊ ဝမ်ကောင်းရပ်၊ တာချီလိတ်မြို့။ ဖုန်း–၅၁၂၄၄။ ပဲခူးတိုင်း၊ သာယာဝတီမြို့၊ ဈေးအတွင်း–ဒွိညီနောင်ဆေးဆိုင်။ ❖ ကရုဏာဆေးဆိုင်–၃၂/အားကားဒေါင့်၊ သထုံတံတားလမ်း၊ မော်လမြိုင်မြို့။ ဖုန်း၀၃၂–၂၂၇၃၂။ ❖ရောထွန်းစတိုး(မြန်မာ့ဆေးမျိုးစုံနှင့်အလှကုန်ဆိုင်)ရုံ(၁)၊ လိုင်း(အေ)၊ ❖ဆိုင်အမှတ်–(၂၈)ဈေးကြီး၊ မော်လမြိုင်မြို့။ ဖုန်း–၀၃၂–၂၃၁၁၄။ ❖ပုံအင်ငယ်(ဆေးတိုက်) ထုံတိုလ်စိမ်း၊ ဆိပ်ငယ်ရပ်၊ မြိတ်မြို့။ ဖုန်း–၀၅၆–၄၁၆၀၄။

**ပင်ရင်းဖြန့်ချိရေး – ရိုပိုဆေးတိုက်အမှတ်(၁၄)၊ ပထမထပ်၊ ထီးတန်း(၂)လမ်း၊ ကမ်းနားလမ်း၊ သီရိမင်္ဂလာဈေးအနီး၊ ဟုမ်းလဲမှတ်တိုင်ဆင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၇၃၀ ၉၈၆၀၆၊ ၀၉–၅၀၅ ၈၁၀၈၊ ၀၉–၄၂၀၀ ၁၈၇၂၁။**

www.burmeseclassic.com

# မြင်းကပါ ရောက်ခဲ့မှ

မပုပ်သိုးသော ဆရာတော် (၁)

စင်သိုင်ယ်

#### နိဒါန်း

'မြင်းကပါရွာ မြစ်ကမ်းနံဘေးမှာ ရုပ်ကလာပ်တော် မပုပ်မပျက်တဲ့ ဆရာတော်တစ်ပါး ရှိသတဲ့။ မြစေတီနဲ့ မနုဟာဘုရားကြားမှာပဲ စုံစမ်းကြည့်ပါ'

'ထေရုပ္ပတ္တိအကျဉ်းကော ရနိုင်သေး'


'အဲဒီကိုရောက်ရင် မေးမြန်းလို့ ရမှာပေါ့။ ပြောသံကြားရတာက စက္ကတေးဆင်း ဝင်စားတယ်ဆိုလားပဲ။ သေသေချာချာတော့ မသိရဘူး။ ကျွန်တော်ဆိုရင် အသက်(၅၀)ကျော်၊ (၆၀)တန်းဝင်ပြီဖြစ်တဲ့ ညောင်ဦးဇာတိဖွားပဲ တစ်ခါမှ မဖူးဖြစ်သေးဘူး'

ညောင်ဦးမြို့ မဏိစည်သူ ဈေးအနီး သမီးတော် တည်းခိုခန်းပိုင်ရှင် ဦးပါက နှုတ်လမ်းညွှန် ပြောပြသဖြင့် ဆိုင်ကယ်တစ်စီးငှား၍ မြင်းကပါရွာသို့ သွားရောက်ဖြစ်ခဲ့သည်။

#### ရောက်ခဲ့ရောက်ခြင်းမှ လေသာကျောင်း

မြင်းကပါရွာရှိ စန္ဒကုမာရမင်းသား ကျောက်စာကမ္ပည်း စိုက်ထူထားသည့် မြစေတီသို့ ဝင်ရောက်၍ ယွန်းထည်ပုတီး အမှတ်တရပစ္စည်းများ အရောင်းဆိုင်တန်းတွင် စုံစမ်းကြည့်ရာ လေသာကျောင်းဆရာတော် အရှင်ဓမ္မသာမိသည် လွန်ခဲ့သော နှစ်လေးဆယ်ကျော်ခန့်က ပျံလွန်တော်မူ၍ ရုပ်ကလာပ်ထားရန် ဂူဗိမာန်ကို ကြိုတင်၍ ကိုယ်တော်တိုင် ဆောက်လုပ်ခဲ့သည်။

ပျံလွန်ခါနီးတွင် "**ဆန်တစ်ပြည်(၁၅)ပြားဖြစ်မှ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်ကြ**"ဟု ကြိုတင်အမှာထားခဲ့သည်။ ရုပ်ကလာပ်ထားရန် ဂူဗိမာန်ကို ကြိုတင်၍ ကိုယ်တော်တိုင် ဆောက်လုပ်ခဲ့သည်။



ရှုဌာဝါးစေတီတော်

www.burmeseclassic.com



◆ ရွှေဘောအတော်ကြီးပြင် တန်ဆောင်းတော်မှ ဂဠုန်ရုပ်

ခန္ဓာဝန်ချလုဆဲဆဲ မိနစ်ပိုင်းအလို တွင်…

'ငါသေရင် ဘုန်းကြီးပွဲ မလုပ်ကြနဲ့ လူတွေ ကရိကထ များလိမ့်မယ်။ နံဘေးက ကြည့်လို့ မြင်အောင် ချန်ပြီး ဂူသွင်းထားကြ'

ဟု မှာကြား၍ ဘဝနတ်ထံ ပျံလွန်တော်မူသည်ဟု သိရသည်။

သတင်းပါးသည့် မြင်းကပါသူမှာလည်း အသက် (၄၀)ကျော်မျှသာ ရှိကာ မိဘလူကြီးများစကား တစ်ဆင့်ကြား၍ ပြန်လည် ပြောပြခြင်းဖြစ်သည် ဆို၏။ မန္တဟာဘုန်းကြီးကျောင်း အနီးတွင် ထပ်မံ စုံစမ်းပါဟု အကြံပေးသည်။

ကျေးဖူးစကားဆို၍ နှုတ်ဆက်ထွက်ခွာလာရာ မန္တဟာဘုရားရှေ့ ကွမ်းယာဆိုင်တွင် ထပ်မံ ထောက်လှမ်းကြည့်သည်။ အသက်(၅၀)နှစ်ခန့်ရှိ ဖော်ရွေသော ဆိုင်ရှင်က…

'မန္တဟာ ကျောင်းထဲ ဝင်သွားပါ။ အဲဒီတော ကားလမ်းကုန်းမြင့်ထက် တက်ကာ လမ်းကျဉ်းလေးအတိုင်းသွားပြီး လမ်းခွဲအရောက်မှာ ဘယ်ဘက်ချိုးပါ။ အတန်ငယ် သွားမိရင် ရောဝတီမြစ်ကမ်းနှုတ်ခမ်းမှာ လေသာကျောင်းကို တွေ့လိမ့်မယ်'

ဟု အသေးစိတ် လမ်းညွှန်သည့် အပြင်…


'ဦးဓမ္မသာမိနောက် ဆက်ခံတဲ့ ဆရာတော်လဲ ပျံလွန်တော်မူလို့ အခု ကျောင်းထိုင်အသစ် တက်တာ မကြာသေးဘူး။ သက်တော်(၂၅)နှစ်လောက်ပဲရှိမယ်။ မိဘတွေက ချမ်းသာပေမယ့် တရားအလုပ်ပဲ စိတ်ဝင်စားလို့ ကိုရင်ဘဝနဲ့ တရားကျင့်တယ်။ လေသာကျောင်းမှာ ရဟန်းဖြစ်တယ်။

ဆိုင်ကယ်ဝယ်ပေးပါမယ်၊ ကားဝယ် ပေးပါမယ် စသဖြင့် လူငယ်ကာလသားတွေ စိတ်ဝင်စားတတ်တဲ့ ကိစ္စတွေနဲ့ ဖျောင်းဖျပေမယ့် မိဘကျေးဇူးကို တရားနဲ့ ဆပ်ပါရစေဆိုပြီး တရားကိုသာ တစိုက်မတ်မတ် ကျင့်ပါတယ်။

ကျောင်းအပ်တော့ တရားကျင့် ဖျက် မှာစိုးလို့ လက်မခံဘူး။ ကျေးရွာလူကြီး တွေက မိဘတွေကို အကူအညီတောင်း တယ်။ ခမည်းတော်၊ မယ်တော်တို့ မျက်ရည်စမ်းစမ်းနဲ့ တောင်းပန်တော့ မိဘ စိတ်မဆင်းရဲအောင် လက်ခံခဲ့ တာ။ အခုအချိန်ဆိုရင် ဆွမ်းခံ ကြွ လောက်ပါ ပြီ'

'ဆွမ်းချိန်လွန်လို့ ကျိန်းစက် ကျိန်း ပြီလားပဲ'

www.burmeseclassic.com



◆ စေတီအရှေ့မှ ပိုရှက်တင်ဆင်ရုပ်

'အအိပ်အနေ နည်းတယ်။ အချိန်ပြည့် တရားရှုမှတ်နေတတ်တယ်။ ဝတ္ထုငွေ မကိုင်လို့ တစ်ခါတလေ ဘုရားဖူးကြွရင် မိဘတွေက ကားဆရာတွေကို လက်သိပ်ထိုးပြီး ငွေတွေ ပေးထားရတယ်။ ကားခရော၊ ဆွမ်းချိန်တန်ဆွမ်း၊ ဖျော်ရည်ချိန်တန် ဖျော်ရည်ကပ်ပေးပါလို့ မေတ္တာရပ်ခံရတယ်။

ကားဆရာတွေကလဲ လေးစားကူညီကြပါတယ်။ ဆရာတော်ကလေးက ဆွမ်းကပ်မယ့်သူ မရှိလဲ သပိတ်ဆေးရေ ဘုဉ်းပေးပြီး သူ့အလုပ်မပျက်အောင် ကြိုးစားတာပဲ'

## ကျောင်းတော်ဆီတွင်

သူ လမ်းညွှန်သည့်အတိုင်း သွား၍ လေသာကျောင်းဝင်းသို့ ရောက်ရှိသွားသောအခါ လူသူတိတ်ဆိတ်၍ ကျောင်းတိုက်ကြီးကို သော့ခတ်လျက်တွေ့ရသည်။

ကျောင်းကြီးကို တစ်ပတ် ပတ်ကြည့်သောအခါ အနိမ့်ပိုင်းသစ်သားကျောင်းကလေးအောက်၌ ယွန်းထည်အုပ်ကလေးများ ပြုလုပ်နေသူတစ်ဦးကို တွေ့ရသဖြင့် စုံစမ်းကြည့်သည်။

ကျောင်းကြီးတွင် သီတင်းသုံး သံဃာမရှိပါ။ လက်ရှိ ဆရာတော်ကလေးက အရှေ့ဘက်ကျောင်းငယ်တွင် သီတင်းသုံးသည်ဆိုကာ သွား၍ လျှောက်တင်ပေးသည်။

ကြည်ညိုဖွယ် ဣန္ဒြေသိက္ခာနှင့် ပြည့်စုံသောရဟန်းတော် ဖြစ်သည်။

'အရှင်ဘုရား အလုပ်ကို နှောင့်ယှက်မိတာ ခွင့်လွှတ်ပါဘုရား'

'ရပါတယ်။ ဘုန်းကြီး အနားယူတဲ့အချိန်ပါ။ ဆရာတော်ကြီးကို ဘုန်းကြီးလဲ မမီလိုက်ဘူး။ ဆရာတော်ကြီး ပျံတော်မူတော့ မွေးတောင်မမွေးသေးပါဘူး။

ဓာတ်ပုံကိုတော့ ဆရာတော်အခန်းထဲက ရလို့ အသစ်ပွားပြီး ပြန်ကူးထားတာရှိတယ်။ ရွာထဲက လူကြီးတွေနဲ့လဲ စကားပြောကြည့်ပါဦး'

ကပ္ပိယတစ်ဦးက ရွာတွင်းမှ ဒါယကာအချို့ကို သွားရောက်ခေါ်ငင်ပေးစဉ် ဆရာတော်လေးက သူ ကြားသိရသမျှ မိန့်ကြားတော်မူသည်။


## စက္ကူတောင်းစေတီ

'တစ်ဆင့်စကား တစ်ဆင့်နားနဲ့ ကြားရသလောက် ပြောပြတာနော်။ မဂ္ဂဇင်းတိုက်က ဆိုတော့ အခိုင်အမာ ယူဆသွားမှာစိုးရိမ်လို့ပါ။ ဒီစေတီက စက္ကူတောင်းမင်း နတ်ရွာစံတဲ့ နေရာမှာ အထိမ်းအမှတ်စေတီ တည်ထားတာလို့ ဆိုပါတယ်'

ဆရာတော်က ဤသို့ စကားပလ္လင်ခံ၍ ကျောင်းကလေး၏ တောင်ဘက်ကပ်လျက်ရှိ ဆင်ခြေလျှောထိပ်၌ တည်ထားသည့် စေတီကလေးကို ညွှန်ပြပေးသည်။

စေတီမှာ ရှစ်မြှောင့်ပစ္စယံသုံးဆင့်





◆ ရုက္ခဒေဝတာနတ်ကွန်း။

◆ စေတီရင်ပြင်ထောင့်မှ ဗိဿနိုးရုပ်တစ်ရုပ်

အထက် သွယ်လျှလျှ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသည်။ ခေါင်းလောင်း၏ အရှေ့၊ တောင်၊ အနောက်၊ မြောက် လေးမျက်နှာတွင် ဘီလူးလေးရုပ်နှင့် ထောင့်လေးထောင့်တွင် နဂါးလေးကောင် တန်ဆာဆင် ပူဖော်ထားသည်။

စေတီရင်ပြင် ထောင့်လေးထောင့်တွင် သက်ဆိုင်ရာဂြိုဟ် အထိမ်းအမှတ်ရုပ်တုများ ထားရှိသည်။ ရာဟုထောင့်တွင် ဟိုင်းဆင်၊ တနင်္ဂနွေထောင့်တွင် ဂဠုန်၊ အင်္ဂါထောင့်တွင် ခြင်္သေ့နှင့် စနေထောင့်တွင် မြွေနဂါးတို့ဖြစ်သည်။

ပါပဂြိုဟ်ထောင့်များကို အထူးပြုထားခြင်းဖြစ်သည်။ အရှေ့ဘက်တွင် ပိဋကတ်တော် ပင့်ထားသည့် ဆင်ရုပ်နှင့် ထောင့်လေးထောင့်တွင် ဗိဿနိုးရုပ်တစ်ခုစီ သွန်းလုပ်ထားသည်။

## သမိုင်းနောက်ခံ

ပုဂံပြည် ညောင်ဦး စောရဟန်းမင်းသည် မင်းသမီး ညီအစ်မသုံးဖော်ကို

မိဖုရားမြှောက်ရာ အကြီးဆုံးတောင်ပြ
သည်တွင် ကျည်စိုး ပဋိသန္ဓေ ကိုးလ
အလယ်တောင်ပြင်သည်တွင် စုက္ကတေ
ပဋိသန္ဓေ ခြောက်လ ရှိသောအ
ညောင်ဦးစောရဟန်းမင်း အနိစ္စရော
သည်။

ကွမ်းဆော်ကြောင်းဖြူမင်း ဖြစ်သ
တွင် ထိုသုံးပါးကိုပင် မိဖုရားမြှော
သည်။ မြောက်ပြင်သည် မိဖုရာ
အနော်ရထာမင်းစောကိုဖွား၍ စည်
(၂၂)နှစ်တွင် ကျည်စိုးနှင့် စုက္ကတေ
က မင်းကြီးအားဖမ်း၍ ခြိမ်းခြော
ရဟန်းပြုစေကာ ထီးနန်း သိမ်းပို
သည်။

ကျည်စိုးမင်း နန်းသက် (၆)နှစ်
ဇန့်ကျိုနယ်၌ သမင်လိုက်စဉ် မု
တစ်ဦး၏မြား မှန်၍ အနိစ္စရော

www.burmeseclassic.com




▲ လေသာကျောင်းဆရာတော် အရှင်ဓမ္မသာမိ

သည်။ စုက္ကတေးမင်း ဆက်ခံသည်။

မြောက်ပြင်သည့် မိဖုရားသည် ကြောင်းဖြူရဟန်းကို ပြုစုနေထိုင်ရာ အနော်ရထာလည်း ခမည်းတော်၊ မယ်တော်တို့နှင့် အတူနေတော်မူသည်။

တစ်ကြိမ်တွင် စုက္ကတေးမင်းက အနော်ရထာအား "ညီသားနောင်မယ်" ဟုခေါ်၏။ မယ်တော်ကို မေးမြန်းရာ "အမောင့်မိခင်ကို ယူလို၍ဆိုသည်" ဟုမိန့်သည်။

အနော်ရထာ အမျက်ထွက်၍ ခမည်းတော်အား သိကြားမင်း ပေးအပ်သည့် အရိန္ဒမာလှံ၊ သီလဝံသဓား၊ ပတ္တမြားဦးသျှောင်ကျင်၊ ပတ္တမြားလက်စွပ်တို့ကိုယူ၍ ပုပ္ပါးအရပ်သို့ သွား၏။

ပုပ္ပါး၌ ကြောင်းဖြူမင်း နန်းကျကတည်းက လွတ်မြောက်သွားသော စီးတော် ကဏ္ဍိကလက်လှုမြင်းကို ပတ္တမြားလက်စွပ်ပြကာ ယူ၍ လူသူစုဆောင်း၏။

အင်အားပြည့်စုံသော် စုက္ကတေးအား စစ်မြူသည်။ စုက္ကတေးက ခံတွင်းမှ အမိန့်ဖတ် မစင်သေးသူက တိုက်မည်ဆိုလျှင်မြင်းစီးချင်းထိုးမည်ဟုစိန်ခေါ်သည်။

တိုက်ပွဲတွင် အရိန္ဒမာလှံသည် စုက္ကတေးကို ထုတ်ချင်းပေါက်၍ မြင်းနှင့်တကွ မြစ်ကမ်းနားသို့ပါ၏။ ထိုနေရာကို မြင်းကပါတွင်၍ အထိမ်းအမှတ်စေတီ တည်ထားရာ မြင်းကပါစေတီတွင်သည်။ ပုဂံခေတ်ဦး စပါးပုတ်ပုံစံ ရှေးစေတီဖြစ်သည်။ မြစေတီနှင့် မနီးမဝေးတွင်ရှိသည်။

ဤနေရာကား မြင်းနှင့်ပါ၍ နောက်ဆုံးဖိစိန်ချုပ်ငြိမ်း အနိစ္စရောက်သောနေရာဖြစ်မည်ဟုယူဆဖွယ်ရှိလေသည်။

ဆရာတော် ဦးဓမ္မသာမိသည် လုပ်ရတ်ပညာ၊ မြန်မာ့တိုင်းရင်းဆေးပညာ၊ နက္ခတ်ပညာများကို ကျွမ်းကျင်၍ သမထကမ္မဋ္ဌာန်း ပေါက်မြောက်အောင်မြင်တော်မူကာ ရှေးဖြစ်စဉ်များကိုလည်း သိမြင်မိန့်ကြားနိုင်သည် ဆိုလေသည်။

ဤနေရာ၌ စုက္ကတေးအတွက် ရည်စူးကောင်းမှုပြုသော စေတီကို စုက္ကတေးစေတီ၊ ဆရာတော်အားလည်း စုက္ကတေးဝင်စားသူဟု ပြောဆိုကြလေသည်။ ဆရာတော်ကိုယ်တိုင်မိန့်ကြားခြင်း ရှိ,မရှိကိုမူ မသိရပေ။

စေတီတော်၏ ပထမပစ္စယံတွင် ၁၃၂၇ ခုနှစ် ပြီးစီးသည်ဟူသော စာတန်းနှင့် အခြားတစ်ဖက်တွင် "**မင်းရာဇာစေတီ**" ဟူသော ဘွဲ့မည်ကမ္ပည်းကို တွေ့ရသည်။ စေတီ၏ တောင်ဘက်တွင် **စုက္ကတေးနတ်ကွန်း**ရှိသည်။

ရွှေလ ဆက်ဖတ်ပါရန်

**ဖင်ညိုငယ်**



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ပိုင်းခြံမြေကို

## မြေသန့်ပရိုဖ်ရွတ်မည့် အစီအရင်


[illegible] (သိဒ္ဓိရာဇာ)
နဝင်းမြို့ဇော်




နေ့တစ်နေ့က ကျွန်တော်၏ တပည့်ဖြစ်သူ မောင်စောမြင့်သန်းတစ်ယောက် ရောက်လာပါသည်။ မောင်စောမြင့်သန်းသည် ရိုးသားသူဖြစ်၏။ လွန်စွာ ပျော်ရွှင်စွာနေထိုင်တတ်သူလည်း ဖြစ်လေသည်။

ကျွန်တော့်ကို မြင်လိုက်သည်နှင့် အခါးရည် (လက်ဖက်ရည်အကြမ်း) သောက်နေသော စားပွဲသို့ လာရောက်ထိုင်ပါသည်။ ကျွန်တော် စကားမစမီမှာပင် မောင်စောမြင့်သန်းမှ အောက်ပါအတိုင်း ပြောပြပါတော့သည်။

'ဆရာရေ... ကျွန်တော့်အစ်မဝမ်းကွဲတစ်ယောက် မြို့သစ်မှာ ဝိုင်းမြေတစ်ကွက် ဝယ်လိုက်တယ်ဆရာ။ သူတို့ အဆောက်အအုံဆောက်မှာမို့ သစ်ဝါးနဲ့ အိမ်ဆောက်ပစ္စည်းတွေ စုဆောင်းနေကြပါပြီ။

အဆောက်အအုံ မဆောက်ခင်မှာ သစ်များကို ခင်းကျင်းပြီး သံဃာစင်ကို စီမံပြီးတော့ ဝိုင်းမြေကို သန့်ရှင်းအောင် မြေသန့်ပရိတ်နာကြမှာ။

အဆောက်အအုံဆောက်ဖို့ မင်္ဂလာအခါပေး ရက်ရွေးပေးဖို့နဲ့ နောက်တစ်ခု အဆောက်အအုံ မဆောက်ခင်မှာ မြေသန့်တော့ သံဃာတော်တွေပင့်ပြီး ပရိတ်ကမ္ဘဝါစာ ရွတ်ဖတ်ကြမှာပေါ့ ဆရာ။

ရက်ရွေးပြီး ပရိတ်ရွတ်တဲ့အခါမှာ ပရိတ်မရွတ်ခင်မှာ အိမ်ရှင်က ဘာတွေလျှောက်ထားရမယ်၊ ဘာတွေလျှောက်ထားသင့်တယ် ဆိုတာကို ဆရာက တစ်ခါတည်း စီမံပေးဖို့ပါ'

ဟု ပြောပြပါသည်။

'အေးပါ.... အိမ်ဆောက်ဖို့ မင်္ဂလာအခါ ရက်ကောင်းရက်မြတ် ရွေးလဲပေးပါမယ်။ နောက် အဦးလုပ်ရမယ့် မြေသန့်ပရိတ်ရွတ်ဖတ်ဖို့က ဆရာတော်သံဃာတော်တွေကို ပင့်ရင် ရနေတာပဲ ဘာတွေလိုသေးလို့လဲ'

ဟု ကျွန်တော်က ပြောလိုက်သည်နှင့်...

'ပရိတ်ရွတ်ဖို့ ပင့်မှာလေ ဆရာရဲ့၊ သံဃာတော်များ မြေသန့်ပရိတ်ရွတ်ပြီး ဒါယကာများကို ကြွရောက်ချီးမြှင့်ပြီး ကြွရောက်ဂါထာနဲ့ ဖိတ်ကြားထားတဲ့ ဧည့်သည်တွေလဲ စုံအောင် ရောက်တာနဲ့ ပရိတ်ကမ္ဘဝါရွတ်ဖတ် ချီးမြှင့်မယ့် ဆရာတော်များကို ကျွန်တော့်အစ်မက အိမ်ဝိုင်းခြံထဲမှ ဦးစွာ လျှောက်ထားချင်သေးတာတဲ့။ ဒါကြောင့် ဘယ်ပုံဘယ်နည်းနဲ့ လျှောက်ထားရမှာကို ဆရာက စာနဲ့ရေးပေးဖို့ ပြောတာပါ'

ဟု တပည့်မောင်စောမြင့်သန်းက ထပ်မံ ရှင်းပြပါလေတော့သည်။

ကျွန်တော့်အနေဖြင့် နောက်ထပ်ပြီး မေးမြန်းခြင်းမပြုတော့ဘဲ အိမ်ဆောက်မင်္ဂလာအခါပေးအတွက် တွက်စစ်ရန် စီစဉ်ပါတော့သည်။

တပည့် မောင်စောမြင့်သန်းကိုလည်း မြေသန့်ပရိတ်ကမ္ဘဝါ ရွတ်ဖတ်ခြင်းမပြုမီ သံဃာတော်အရှင်မြတ်တို့အား ဦးစွာလျှောက်ထားရန်အတွက် လျှောက်ထား တောင်းခံပန်လွှာ စာများကို ကူးယူစေပါတော့သည်။

မရှင်းလင်းသည်များကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောပြပြီး အိမ်ဆောက်မင်္ဂလာ အခါပေးစာတန်းနှင့် လျှောက်ထားလွှာစာတန်းတို့ကို ပေးအပ်လိုက်ပါသည်။

ယခု မြေသန့်ဝိုင်းခြံများ သန့်ရှင်းသည်ထက် သန့်ရှင်းအောင် ဆရာတော် အရှင်မြတ်တို့အား ပင့်ဖိတ်ပြီး ဝိုင်းမြေသန့် ပရိတ်ကမ္ဘဝါစာ ရွတ်ဖတ်ပြီး ဒါယကာတို့အကျိုးအတွက် ချီးမြှင့်စဉ် အခါသမယတွင် ဦးစွာ ဝိုင်းခြံမြေပိုင်ရှင် ဒါယကာတို့မှ လျှောက်ထားအပ်သော လျှောက်ထားစာလွှာကို အောက်တွင် ပြည့်စုံစွာ ရေးသားဖော်ပြပေးလိုက်ပါသည်။

ထိုလျှောက်ထားလွှာ စာတန်းသည် **ယခုအချိန်တွင် ပျံလွန်တော်မူပြီဖြစ်သော သာစည်ရိပ်သာ မဟာမင်္ဂလာကျောင်းတိုက်၏ ပဓာနသက်တော်**

www.burmeseclassic.com

**ရှည် ဆရာတော်ကြီး ဦးဣန္ဒာစာရမှ ချီးမြှင့်ခဲ့သောမှု ဖြစ်ပါသည်။**

ဈေ့ျာက်ထားလွှာ

***နမောတဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။***

'ဘဝတုသဗ္ဗမင်္ဂလံ'***[သုံးကြိမ်ဆို]***

'ရိုပ္ပဝေယျတု သဗ္ဗသော'***[သုံးကြိမ်ဆို]***

'အောင်ဝေယျတု'***[သုံးကြိမ်ဆို]***

အောင်တော်မူသခင် ဘုရားရှင်၏ ရွှေရင်တော်ဖွား သံဃာတော်အရှင်မြတ်တို့ ဘုရား...

ဘုရားတပည့်တော် ဒါယကာ......က ရှိသေစွာ လျှောက်ထားပါ၏ ဘုရား။ ဤနေရာဌာနမှ အရှေ့သို့လားသော် သတ်မှတ်ထားသော တိုင်၊ တောင်သို့လားသော် သတ်မှတ်ထားသောတိုင်၊ အနောက်သို့လားသော် သတ်မှတ်ထားသောတိုင်၊ မြောက်သို့လားသော် သတ်မှတ်ထားသောတိုင်၊ ဤသို့ သတ်မှတ်ထားသော နယ်နိမိတ်အတွင်းမှ မြေနေရာဌာနသည် တပည့်တော်ပိုင် ဖြစ်ပါသည်ဘုရား...

တပည့်တော်ပိုင်မြေ နေရာဌာနအတွင်း၌ လူကို မူးအောင်၊ ဝေအောင်၊ မောအောင်၊ ပင်ပန်းအောင် ဖျားအောင်နာအောင်၊ ခေါင်းခဲခေါင်းကိုက်အောင်၊ နှလုံးတုန်ရင်ခုန်အောင်၊ မေ့လျော့အောင်၊ ငိုကြွေး ရယ်မြူးရှိအောင် ပြုလုပ်တတ်ကုန်သော၊ ဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါး၊ အစိမ်းသရဲ၊ သင်းကွဲပြိတ္တာ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသော နတ်မိစ္ဆာများ အကယ်၍ ရှိနေခဲ့ပါလျှင် ယင်းတို့ ရှိတာ, နေတာကို တပည့်တော် အလိုမရှိပါ၊ မနှစ်သက်ပါ၊ သဘောမတူပါဘုရား...

သို့ပါ၍ ယင်းဘီလူး၊ ဂန္ဓဗ္ဗနတ်၊ ကုမ္ဘဏ်၊ နဂါး၊ အစိမ်းသူရဲ၊ သင်းကွဲ ပြိတ္တာ၊ တစ္ဆေ၊ မြေဖုတ်ဘီလူး စသော နတ်မိစ္ဆာများကို တပည့်တော်ပိုင်နက်၊ မြေနေရာဌာနမှ ထွက်ခွာ၍ သင့်တော်ရာဌာနသို့ ပြောင်းရွှေ့နေထိုင်ရန် မေတ္တာရပ်ခံ၍ ပေးတော်မူပါရန် ရိုသေစွာ လျှောက်ထားပါသည် ဘုရား...

ပရိတ်ကမ္မဝါ ရွတ်ဖတ်၍ ပေးတော်မူပါရန် အထူးလျှောက်ထားအပ်ပါသည် ဘုရား...

ဤစကားကို ပိုင်းခြမ်းမြေ ပိုင်ဆိုင်သူကိုယ်တိုင်က လျှောက်ထားရမည် ဖြစ်ပါသည်။ **[မှတ်ချက်။ ။ ဤလျှောက်ထားလွှာတွင် ......ကွက်လပ်ထားသည့် နေရာတွင် လျှောက်ထားသူ ပိုင်ရှင်၏ အမည်နာမကို ထည့်သွင်းရန် ဖြစ်ပါသည်။]**

ယခု ကျွန်တော်ရေးအပ်သော စာစုများမှာ အခွင့်အခါကြုံလျှင်ဖြစ်စေ၊ မြေသန့်ရန်ဖြစ်စေ၊ မြေကြမ်းများတွင် ဖြစ်စေ၊ သံဃာတော်အရှင်မြတ်တို့အား လျှောက်ထားလွှာအတိုင်း လျှောက်ထားသင့်ပါသည်။

ထိုသို့ တိတိကျကျ လုပ်ကိုင်ဆောင်ရွက်သော မြေနေရာ၊ မြေကွက်တို့တွင် နေထိုင်ကြရသူများအနေဖြင့် စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ပျော်ရွှင်စွာ နေထိုင်ကြရပါသည်။

တိုက်ဆိုင်မှုရှိခဲ့ပါလျှင် လုပ်သင့်လုပ်ထိုက်သော အကြောင်းကောင်းတစ်ရပ် ဖြစ်၍ စေတနာဖြင့် ရေးသားတင်ပြလိုက်ရပါတော့သည်။

***ကောင်းမှုကိစ္စမှန်သမျှ လိုလားတော့်တတိုင်း ရရှိ ပြည့်စုံကြပါစေ။***

**အောင် *(သိဒ္ဓိရာဇာ)***
**နဝင်းမြို့တော်**

---

# နားလေပျောက်သလား

**မီးယပ်ဖြူဆင်းသလား ငါးရုံ့ပတူစားပါ**

နားက လေတွေ အရမ်းထွက်လို့ စိတ်ညစ်နေရင်တော့ ရိုးရာဓာတ်စာလေးတစ်ခု တင်ပြလိုပါတယ်။

ဓာတ်စာလေးနဲ့ ပျောက်ပါတယ်လို့ဆိုတော့ ဟုတ်ရော ဟုတ်ရဲ့လားဟဲ့လို့ မေးစရာ ဖြစ်လာတော့တာပေါ့။

ဒီတော့လဲ မြန်မာတို့ရဲ့ ဓာတ်စာလေးတစ်ခုကို ဖော်ပြပါရစေ။ နား,လေ ထွက်ခဲ့ရင် **ငါးရံ့ပတူရွက်ကို ချောက်သီး အရည်ရွှဲရွှဲလေးဆမ်းပြီး သုပ်စားကြည့်ပါ။** ကိုယ်တွေ့ သိပါလိမ့်မယ်။

ဒါနဲ့ ဆက်ရေးလိုက်ပါရစေဦး တခြားတော့ မဟုတ်ပါဘူး။ အဲဒီ ငါးရံ့ပတူက ဘယ်လောက်အထိ စွမ်းသလဲဆိုရင် အမျိုးသမီးတွေ မီးယပ်အဖြူဆင်းတဲ့အခါမှာလဲ အားကိုးလောက်ပါရဲ့။

ဘာဆေးဝါးမှ မှီဝဲစရာမလိုတဲ့ ငါးရံ့ပတူ ရွက်ကို ငါးရံ့ဦးနှက်(ငါး)နဲ့ ရောစပ်ပြီး ဟင်းခါး ချက်စားလိုက်ပါ၊ မီးယပ်ဖြူဆင်းရင် အမြန်ပျောက်တဲ့ အံ့ဖွယ် ဆေးတစ်ခွက်ပါပဲဗျာ။

လက်တွေ့စမ်းကြည့်ပါ။ ငါးရံ့ပတူရွက်နှင့်ပတ်သက်ပြီး နောက်တစ်ခါ အစွမ်းထက်သည့်ဓာတ်စာလေးတွေ တင်ပြပါဦးမည်။



***ပသေသယျတ် ဝဿသတံ အာရောဂျံ။***

**ထွန်းလှိုင်(မြန်မာ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး


အမျိုးသမီးများ သွေးသားမွန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း) ၅၁/၀၅၁၃

'ကလ္လတ္ထိယ မိန်းမတို့၏ ဥစ္စာမနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ 'သွေးဆုံး အရွယ်(၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ–၄၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့ (၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနုံးပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရုန့်ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့ (၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက် ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနိုးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချွ လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်,အအေးဒဏ် မခံနိုင်ခြင်း သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

**ဆရာမ ဒေါ်တင်တင်အောင်**
**ဟိတ်းထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်။

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)


www.burmeseclassic.com

www.burmeseclassic.com

# တက်သော်ဝင်းမင်း၏ စိတ်ချွန်ခြိမ့်မှောင်းဆိုသို့ (၆)

ရွှေဝါ (LL.B)

ယခင်လမှ အဆက်



◆ မီးဖိုင်းတောင် အလုံးကြီးလယ်မှ ထင်းရှူးတောကျက်ဝိုင်း

ကျွန်ုပ်အား ရွှေဆတ်ကျောက်ကို ရလျှင် ရွှေပျော့ဖြစ်အောင် လုပ်ပေးနိုင်ပါသည်။ ရွှေဆတ်ကျောက်တွေ့သည့် နေရာတွင် ရအောင်ယူခဲ့ပါဟု အတန်တန်မှာ၍ ရှာဖွေခိုင်းထားသောမိတ်ဆွေများ၊ နော်ခလာခွန့်လွန် ဆောင်းပါးဖတ်ပြီး အိမ်တိုင်ရာရောက် ရွှေဆတ်ကျောက်လာတောင်းသော စာဖတ်ပရိသတ်ထဲမှ အဂ္ဂိရတ်ဝါသနာရှင်သုတေသီများကို အထူး သတိရမိပြန်ပါသည်။

ကျွန်ုပ် ယခုရောက်နေသော အချိန်မှာကား နို့ဝင်ဘာလ ဆောင်းကာလဖြစ်၍ ထို ရွှေဆတ်ကျောက်၊ ငွေဆတ်ကျောက်များ ရှာဖွေတွေ့ရှိရန် အချိန်မဟုတ်ပေ။ ထိုမိတ်ဆွေတို့ကိုခေါ်၍ မီးဖိုင်းတောင်ပေါ်သို့ မိုးတွင်းအခါ လာရောက်ချင်ပါသေးသည်။ သူတို့ဆန္ဒပြည့်ဝသွားပေလိမ့်မည်။ သို့ရာတွင် ခက်နေသည်က ဤဒေသမှာ ထိုအချိန်က အနက်ရောင်နယ်မြေ ငြိမ်းချမ်းသွားလျှင် ကောင်းလေစွဟု တောင့်တမိပါသည်။

နံနက်(၈)နာရီခွဲခန့်တွင် နေရောင်ကောင်းစွာ ရောက်ရှိလာ၏။ နှင်းကွဲစပြုနေပြီ။ ထို့ကြောင့် စေတီဝန်းကျင်သို့ သွားသွားလာလာ လှေ့လာနိုင်လေသည်။ တောင်ထိပ်ကမ်းပါးကြီးများမှာ အချွန့်အတက်တို့နှင့် ရဲတိုက်ကြီးများသဖွယ် ဖြစ်နေသည်။ သစ်ပင်မြင့်ကြီးများမရှိပေ။ ချုံနွယ်အပင်ငယ်မျှသာ ကြိုကြားရှိ၏။

မီးဖိုင်းတောင်ထိပ် ကမ်းပါးပေါ်တွင် ရေကန်တစ်ကန်ရှိ၏။ ရေကန် အနောက်ဘက် တာ(၅၀)အကွာသွားလျှင် ချောင်းရိုးတစ်ခု တွေ့မည်။ ထိုချောင်းရိုးနှစ်ဖက်၌ ဇော်ဂျီတို့စိုက်ထားသော ပိန်းချဉ်ပင် (၅၀၀)ရှိသည်။ ပိန်းချဉ်ပင်များ၏ ပင်စည်လုံးပတ်မှာ ဓားရိုးခန့်၊ လက်မောင်းခန့် ရှိကြသည်။

www.burmeseclassic.com






▲ မုတ်ဆိတ်ကမုန်း

◀ နန်းတိုင်ဘီလူးကမုန်း

▼ ရွှေဝါကမုန်း



အပင်အောက်၌ တူးလျှင် ချိပ်သေများ ကြေးအိုးနှင့် အပြည့်စီရှိ၏။ ဘင်တစ်ကျပ်တွင် ချိပ်သေတစ်မူးနှင့် ကြေးနီတစ်မူးပစ်က ကြာနနီရွှေဖြစ်သည်။ ယင်းချိပ်သေကို တစ်နေ့တစ်မူး စားက အိုသောသူ ပျို၏။ သုံးလစားသော် ကိုယ်ရောင်ကိုယ်ဝါ တောက်ပလာ၏။ ခြေဆစ်လက်ဆစ်မရှိ ဝါးလုံးကဲ့သို့ ဖြစ်၏။ နတ်ပြည်သို့ မြင်နိုင်သွားနိုင်သော သိဒ္ဓိနှင့် ပြည့်စုံ၏။

ယင်းဇော်ဂျီတို့မှာ ကုက္ကားအရပ်၌နေ၏။ တပည့်အများရှိ၏။ ပိန်းချဉ်ပင်ပွင့်လျှင် အပွင့်ကိုလည်း ရွှေလုပ်၍ရသည်။ အပင်သေလျှင် ရေညှိအုပ်ထားသည်။ ထိုရေညှိကို တုတ်နှင့်ကော်လျှင် **အချို့ မကာန်းရုပ်၊ အချို့ ပုစွန်ရုပ်၊ အချို့ ကင်းရုပ်၊ အချို့ ဖားရုပ်၊ အချို့ ငါးရုပ်၊ အချို့ ပင့်ကူရုပ် စသဖြင့် သဏ္ဍာန်တူကုန်၏။** ထိုအရုပ်တို့ကို လျှင်စွာကောက်၍ ယူရသည်။ ရုပ်သေ ရုပ်ရှင်များဖြစ်၏။


ရေကန်အရှေ့လေးတာတွင် အဆိပ်ပင်တစ်ပင်ရှိသည်။ ထိုအပင်ရင်းတွင် ဖုတစ်လုံးရှိ၏။ ယင်းအဖုတွင် ပြဒါးသေထည့်ထားသည်။ လုံးရေ (၅၅၀)ရှိ၏။ ထို ပြဒါးသေကို စိန်၊ ရွှေ၊ ငွေ၊ သံ၊ ပတ္တမြား ရတနာငါးပါး ရေနှင့် တစ်ရက်စိမ်၍ ငုံသော် မိုးပေါ်ပျံနိုင်၏။

ယူလိုသော် ထောပတ်၊ ကြံ၊ ကျွဲနို့၊ မုန့်ဆီကြော်၊ ပျားရည်နှင့်လုပ်သည့်မုန့်၊ ယို၊ ငှက်ပျော၊ ထန်းလျက် ခေါ်လေးခုလေးမျက်နှာချ၍ ပူဇော်။ ဥပုသ် ခုနစ်ရက်စောင့်၊ အထူ လက်ငါးသစ်ရှိသော သံသပိတ်တွင် တွေ့လိမ့်မည်။ အားလုံးမယူရ။ လူတစ်ကိုယ် သုံးလုံးသာယူပါ။

နောင် သီလစင်ကြယ်သူတို့အတွက် ထားရမည်။ အဆိပ်ပင်ကို မြင်စေရန် ဆေးပင်ကား ပဒုမ္မာကြာဖြူပွင့်၊ ကန့်ချုပ်ဖြူပွင့်၊ နံ့သာရည်နှင့်ကြိတ်၊ မျက်စိကွင်း၍ကြည့်မှ အဆိပ်ပင်ကို မြင်ရမည်။ ဆေးအစုတ်မန္တန်မှာ…


'ဦ ကာရမ ကက်ဓိမာဟာနယ်ဗာရုပ်ဓိသာ
သက္ကလံ သရေစိတ္တံ ဂုဏ်ယံအေး'

www.burmeseclassic.com



▲ မီးရိုင်းတောင်တန်းနှင့် တောပုံစေသော ဝိဇ္ဇာမြို့တော်အလုံ့ရှင်း

▼ ကားမောင်းအရှေ့ဘက် သံလွင်မြစ်လယ်မှ မြင်ရသော မီးရိုင်းတောင်တန်း



ဟူ၍ ခုနစ်အုပ်စုတ်ပြီးမှ မျက်စိတွင် ဆေးကွင်း၍ ကြည့်ပါ။ ရက္ခစိုးနတ်ကိုလည်း မြင်နိုင်၏။ ကောင်းကင်ပျံသော ဇော်ဂျီတို့ကိုလည်း မြင်နိုင်သည်။ ဇော်ဂျီတို့ ကိုးကွယ် ရွတ်ဆိုကြသောဂါထာကား...

'ဥုံ ပြိန်စက္ခုဿ နတ္တံ ဇမ္ဗုသာ သက္ကလံ ဘဝေ စိတ္တံ သွားဟ'

ဟူ၍ ခုနစ်အုပ်နေ့စဉ် စုတ်ကြသည်။

'အဲဒီလို ဝိဇ္ဇာမိုရ်သိုက်ညွှန်း ရှိတယ်။ ဘမ်းပါးပေါ်က ရေကန်ဆိုတာ ဟောဟိုမှာပဲ။ မိုးတွင်းရေရှိပြီး နွေမှာ ရေခန်းတယ်။ ဒါပေမယ့် ချောင်းရိုးဆိုတာကို ရှာမတွေ့ဘူး ဖြစ်နေတယ်။ တောင်ပြိုမြေဖို့ပြီး ကောသွားပြီလား။ ဒါမှမဟုတ် အစောင့်အရှောက်တွေက ကွယ်ထားသလားဆိုတာ မသိရဘူး။ ဒီပေါ်မှာ ရိက္ခာအပြည့်အစုံနဲ့ ရက်ရှည် လရှည် ဖွဲ့ရှိရှိအဓိဋ္ဌာန်ဝင်နိုင်ရင် အကျိုးထူးမယ်'

ကျွန်ုပ်သည် ရသေ့ကြီးညွှန်ပြသော ရေကန်ဆိုသည်ကို တက်ကြည့်၏။ နက်ရှိုင်းသော ချောက်ကမ်းပါးထိပ်၌ အလျား အနံ အတောင်(၄၀)ခန့်ရှိသော ချိုင့်ခွက်ကြီးဖြစ်နေသည်။ အနက်ကား သုံးတောင်ကျော်မျှသာ ရှိမည်။

အရှေ့ဘက် တာ(၅၀)ဆိုသည်မှာ မတ်စောက်သောချောက်အတွင်း ဆင်းရမည်ဖြစ်၍ သက်စွန့်ဆံဖျား စွန့်စားရလိမ့်မည်။ ရက်ရှည်လများ ဤတောင်တွင်နေထိုင်၍ ဖွဲကောင်းကောင်းနှင့် အချိန်ပေးရှာနိုင်သော ရသေ့ကြီးပင်လျှင် ချောင်းရိုးနှင့် ပိန်းချည်ပင်တို့ကို မတွေ့ခဲ့လျှင် အချိန်ပိုင်းမျှ နာရီပိုင်းမျှသာ ရှာနိုင်မည့် ကျွန်ုပ်အတွက် မျှော်လင့်ချက်နည်းလှ၏။

တွေ့အောင် ရှာမည်ဟူသော ရည်ရွယ်ချက်တစ်ခုတည်းဖြင့် သီးခြားလာပါမှ အဆင်ပြေလိမ့်မည်။ ယခုလို ခရီးသွားဟန်လွှဲ အနေမျိုးနှင့် မဖြစ်နိုင်ဟု သုံးသပ်မိတော့၏။

စိတ်ကိုလျှော့၍ နောက်လှည့်ပြန်ဆုတ်ခဲ့ကြသည်။ အခြားသွားရန်နေရာ မရှိတော့သဖြင့် ကျောင်းရှိရာ စေတီကုန်းသို့ ပြန်ဆင်းခဲ့ကြသည်။ အပြန်ခရီးကား ခြေလှမ်းသွက်၍ လျင်မြန်လှပေသည်။ နေ့ဆွမ်းစားချိန်အမီ ပြန်ရောက်ကြသည်။ ကျွန်ုပ်ကား ခေတ္တနား၍ ရေမိုးချိုး ထမင်းစား၏။

ထို့နောက် ဆရာတော်နှင့် ဦးပဉ္စင်းများကို နှုတ်ဆက်ပြီး တောင်ခြေသို့ ပြန်ဆင်းကြလေသည်။ အတက်လမ်းဖြစ်သော မင်းတက်လမ်းမှ ပြန်မဆင်းကြဘဲ ရေအေးကျောင်း ဆရာတော်နှင့် တပည့်ဒကာများ အသစ်ဖောက်လုပ်ထားသော လမ်းသစ်ဘက်မှ ပြန်ဆင်းခဲ့ကြခြင်း ဖြစ်ပါသည်။

လမ်းအသစ်မှာ ကျိုက်ထီးရိုးဘုရားလမ်းကဲ့သို့ ကျယ်လည်းကျယ်၊ မြေလည်းညီ၊ ပြေလည်းပြေသဖြင့် လူသက်သာလှ၏။ လမ်းတစ်လျှောက် လိုဏ်ဂူငယ်များ၊ စမ်းချောင်းငယ်များ၊ ထူးဆန်းလှပသော နေရာများကို ဖြတ်သန်းခဲ့ကြရ၏။ ရှုခင်းလှပသော လမ်းခရီး ဖြစ်ပေသည်။

ခြေလှမ်းသွက်သွက်နှင့် ရှေ့မှသွား

www.burmeseclassic.com

နေသော ရသေ့ကြီး၏ ထူးခြားမှုကို သတိပြုလိုက်မိသည်။ ထို့ကြောင့် လမ်းတစ်ကွေ့ ခေတ္တထိုင်နားစဉ် စုံစမ်းလိုက်မိ၏။

'ဘရသေ့ တောင်တက်တောင်ဆင်း ခရီးလမ်းတွေ သွားခဲ့တာ တစ်ချက်မှ မောပန်းနွမ်းနယ်တဲ့ အနေအထားမျိုး မတွေ့ခဲ့ရဘူး။ ဘရသေ့မှာ ဆေးကောင်း ဝါးကောင်းရှိရင် ပေးပါဦး'

'ဆေးကောင်းဝါးကောင်းတော့ မရှိဝဲပါဘူး။ ဒါပေမယ့် ရသေ့တို့တတ်အပ်တဲ့ ဂမ္ဘီရပညာတစ်ရပ်မှာ ဂါထာမန္တရားအတတ်ဆိုတာ ရှိတယ်။ အဲဒီမှာ ပထဝီသိဒ္ဓိမန္တန်တော်ရဲ့ အစွမ်းဟာ မြေညီမှာဖြစ်ဖြစ်၊ တောင်တက် တောင်ဆင်း ခရီးမှာဖြစ်ဖြစ် မမောမပန်း ခရီးသွားနိုင်စေတယ်ကွယ်။

တောမှီရသေ့တွေဟာ တစ်ခါတစ်ရံ မိုင် (၂၀)ကျော် တောင်တက်တောင်ဆင်းခရီးတွေမှာ ဆွမ်းခံရတာမျိုး ကြုံရတတ်တယ်။

ဒါကြောင့် ဒီမန္တန်တော်ကို နေ့စဉ်နံနက်တိုင်း သက်စေ့ ရွတ်ဖတ်သရဇ္ဈာယ်ကြရတယ်။ ခရီးသွားခါနီးမှာလဲ အနည်းဆုံး ခုနစ်အုပ်ရွတ်ကြတယ်။ ခရီးသွားရင်းလဲ ရွတ်နေကြတယ်။

အဲဒါကြောင့် လူငယ်လူရွယ်တွေနဲ့ အပြိုင် ရသေ့အိုကြီးတွေ ခရီးကြမ်းသွားနိုင်ကြတာပေါ့'

'အဲဒီမန္တန် သင်ပေးပါဦး ဘရသေ့ရယ်'

'မန္တန်က မှတ်မိလွယ်ပါတယ်။ တိုလဲတိုတယ်'

ဣတိပိသော ကာယေယော ပတိကာယော ဟောဝေယျ။

အဲဒါလေးပဲကွယ့်။ အလွတ်လိုက်ရွတ်ပြီး လျှောက်ပေါ့။ ကမမောင်းပြန်ရောက်ရင် ထူးခြားချက် သိလိမ့်မယ်'

ဤသို့ဖြင့် ကျွန်ုပ်တို့ ခရီးအထွက်မှစ၍ ပထဝီသိဒ္ဓိမန္တန်တော်ကို တစ်လမ်းလုံး ရွတ်ပြီးလျှောက်ရင်း ရောက်မှန်းမသိ။ ကမမောင်းရွာသို့ ပြန်ရောက်ခဲ့တော့၏။ ထိုညက ဦးတင်အောင်နှင့် နော်ထူးကျေးအိမ်၌ပင် ညအိပ် တည်းခိုကြလေသည်။

နံနက်လင်းမှ ကမမောင်းသင်္ဘောဆိပ်မှ မော်တော်စီး၍ အပြန်ခရီး စလေ၏။


သံလွင်မြစ်လယ်မှ မြင်တွေ့ရသော မီးဖိုင်းတောင်တန်းကြီး၏ သဘာဝရှုခင်းမှာ လွန်စွာ လှပလေသည်။ တောင်ထိပ်မှ ငုံ့ကြည့်ခဲ့စဉ် မြင်တွေ့ခဲ့ရသော အလျားလေးမိုင်ခန့်၊ အနံတစ်မိုင်ခွဲခန့် ရှည်လျားလျားသဏ္ဌာန် ဝက်ခေါင်းမင်း၏ ဝိဇ္ဇာမြို့တော် အလုံမြို့မှာ စိမ်းညို့သော တောအုပ်ကြီးအဖြစ်သာ မှုန်ပျပျ တွေ့မြင်ရတော့သည်။

ဂမ္ဘီရသုတေသီ မိတ်ဆွေများနှင့် အတူ ရိက္ခာအပြည့်အစုံ သယ်ဆောင်၍ ရက်ရှည်လများ လာရောက်နေထိုင်ရင်း ဂမ္ဘီရပစ္စည်းများ ရှာဖွေလျက် ဂမ္ဘီရသုတများ စုဆောင်းလေ့လာရန် နောက်တစ်ခေါက်တော့ ပြန်ရောက်ချင်ပါသေးသည်။

နယ်မြေကြီး ငြိမ်းချမ်းသာယာပါစေကြောင်း ဆုမွန်ကောင်းများ အခါခါ တောင်းရင်း နှုတ်ဆက်လက်ပြ ခွဲခွာခဲ့ရပါသတည်း။

***စေတနာမှန်လျှင် ကံကောင်းမည်။***

***အောင်ဇ(LL.B)***






www.burmeseclassic.com

www.burmeseclassic.com

# ပေါက်နှစ်

နှင့် အစီအရင်

ရွှေဖြူးစောလွင်နိုင်
(ဖြူးမြို့)



၁၉၉၈ခုနှစ်၊ စက်တင်ဘာလထုတ် နက္ခတ္တရောင်ခြည် လောကီပညာ ဆုံမဂ္ဂဇင်း၊ စာမျက်နှာ အမှတ် (၂၂၀)တွင် ဆောင်းပါးရှင် မျိုးသီဟ (မင်းတုန်း)မှ **"မသိလို့မေးပါရစေ ပညာရှင်များ ဖြေကြားပေးပါ"** ဟူသောစာမူတွင် **"ပေါက်နှစ်"သည် ဘယ်နှစ်မျိုးရှိသည်။ မည်ကဲ့သို့ သုံးစွဲရသည်။ ပေါက်ပင်၏ မည်သည့်နေရာတွင်"ပေါက်နှစ်"ရှိတတ်သည့် စသည်တို့ကို** ကျကျနန သိရှိထားသော ပညာရှင်များမှ ဖြေကြားပေးပါရန် လေးစားစွာ တောင်းခံထားသည်ကို ဖတ်ရှုရပါသည်။

မျိုးသီဟ(မင်းတုန်း)၏ ယင်းစာမူလေးကို ဖတ်ရှုရပြီးနောက် စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း နောက်တိုင်း အမေးအဖြေကဏ္ဍကို ဦးစွာဖတ်ရှုကြည့်မိပါသည်။ မည်သည့် ပညာရှင်မှ ဖြေကြားထားခြင်းကို မတွေ့ရပါ။

အမေးစာမူရှင် မင်းသီဟ(မင်းတုန်း) တောင်းခံထားသည်ကို ပြန်ကြားပေးနိုင်ရန် ဆန္ဒဖြင့် စာရေးသူသည် ကိုယ်ချင်းစာနာစိတ်ထားပြီး မိမိထက် အတွေ့အကြုံရှိသူ၊ သက်ကြီးဝါကြီးများထံ သွားလာမေးမြန်းသောအခါ "ပေါက်နှစ်"သည် ရှိတော့ရှိပါသည်။ သို့သော် တွေ့ကြုံရရှိရန် ခဲယဉ်းသည်ဟုသာ ပြန်ကြားခဲ့ကြပါသည်။

**"ပေါက်နှစ်"မှာ** နှစ်မျိုးရှိပါသည်။ **လီမွှော်ရောင်နှင့် အနက်ရောင်ဟူ၍** ဖြစ်ပါသည်။ ပေါက်နှစ်ရှိသောအပင်ကို တွေ့ရန် ခဲယဉ်းပြီး အပင်တစ်ရာမှာ တစ်ပင်တွေ့ရန် မလွယ်ပါ။ "ပေါက်နှစ်"အနက်ရောင်မှာ ပို၍ ရှားပါးပါသည်။

"ပေါက်နှစ်"ရှိသော အပင်သည် ပင်စည်၏အထက် **(မြေပြင်အထက်မှစ၍ ခြောက်ပေ၊ ခုနစ်ပေခန့်မှစ၍ "ပေါက်နှစ်"ကို တွေ့ရတတ်ပေသည်။)**

"ပေါက်နှစ်"အနက်ကို တောင်ပေါ်ဒေသ သစ်ကြီးဝါးကြီးများ ပေါက်ရောက်ပြီး အသက်တမ်းကြီးသော အပင်များထဲတွင် တွေ့တတ်ပါသည်။

"ပေါက်နှစ်"နှင့်ပတ်သက်၍ ရှာမှီးဖြေကြားရသော် ပေါက်,လက်ပံ,ငွေး, ဆန်ခွေးစသော အပင်များသည် အပင်မည်မျှကြီးထွားစေကာမူ အနှစ်သားကို တွေ့ရန် ခဲယဉ်းပါသည်။

ပေါက်ပင်သည် အနှစ်တစ်ခုခုရှိပါက ယင်းပေါက်နှစ်သည် သိဒ္ဓိတစ်ခုခု ပြီးမြောက်သည်ကို တွေ့ရသည်။

"ပေါက်နှစ်"ကို ရပြီ၊ တွေ့ပြီဆိုလျှင် အောက်ပါအတိုင်း ပေါက်နှစ် စစ်,မစစ် ဟုတ်မဟုတ် လက်တွေ့စမ်းသပ်ကြည့်ပါ။ **ပေါက်နှစ်စစ်ပါက ရေတွင် ထည့်လျှင် ရေမမြုပ်ပါ။**

ရေတွင် ပေါက်နှစ်ထည့်ပြီး ဆယ်မိနစ်ခန့်ကြာသောအခါ ပေါက်နှစ်ထည့်ထားသောရေသည် လီမွှော်ရောင်ဖြစ်သည်ကို တွေ့ရပေမည်။ ယင်းပေါက်နှစ်သည် **"လီမွှော်ရောင်ပေါက်နှစ်"** ဖြစ်ပါသည်။

**ပေါက်နှစ်အနက်သည် အစစ်ဖြစ်ပါက ရေတွင်နှစ်သော်လည်း ရေမှာ အရောင်မပြောင်းပါ။** ပေါက်နှစ်ကို အသုံးပြုရာ၌ **"ဥစ္စာလို ရန်ပြိုပျက်ရှာ"** ဟူသော စကားနှင့်အညီ **(ပေါက်+နှစ်) (ဓမ္မာ)**ရန်ခါတ်နှင့် ကိုက်ညီသဖြင့် အဆောင်ကောင်းများ ပြုလုပ်၍ ဆောင်ထားလျှင် ရန်အန္တရာယ်အပေါင်း မှကင်းဝေး၍ ကြာသပတေးသားသမီး များအတွက် ပို၍ သင့်တော်သည်။

မိမိတို့ ကြိုက်နှစ်သက်သလို ဘုရားရုပ်ပွားတော်၊ ရှင်ဥပဂုတ္တပုံတော် ပုတီး စသည် ထုလုပ်ပူဇော်နိုင်သည်။

အထူးသဖြင့် ရန်ခါတ်ကို အောင်နိုင်၍ လ,ဆယ့်နှစ်လတွင် မည်သည့်လ၌မဆို လဆန်း(၉)ရက်၊ လပြည့်ကျော် (၉)ရက်၊ ကြာသပတေးနေ့နှင့်လည်း တိုက်ရမည်။ ယင်းလဆန်း(၉)ရက်၊ လပြည့်ကျော်(၉)ရက်၊ ကြာသပတေးနေ့ စနေအချိန်မှာ...

**"ဝိတုန်း"**ရုပ် ထုလုပ်၍ အောက်ပါ **ရန်အောင်မြင်ဂါထာ**ကို ကိုးခေါက် ဘုရားရှေ့မှာရွတ်ဆိုပြီး ဘုရားမှာ (၉)ရက် လှူထားပါ။

ဂါထာရွတ်ဆိုသော အချိန်သည် နံနက်(၉)နာရီတိတိအချိန်တွင် ဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com

မည်။ ဘုရားတွင် (၉)ရက်လှူပြီး ဆောင်ထားလျှင် ရန်ဟူသမျှ အားလုံး အောင်နိုင်၍ လာဘ်လာဘရွှင်လန်း ကာ စီးပွားဥစ္စာ တိုးတက်လာပါမည်။

## ရန်အောင်မြင်ဂါထာတော်

၁။ ဗုဒ္ဓေါမေ ရက္ခတု နိစ္စံ
ဓမ္မောမေ ရက္ခတု သဒါ
သံဃောမေ ရက္ခတု ဒိနေ
သုခိဒီဃာ ယုကော ဘဝေ။

၂။ မာရာဋ္ဌ နာဠာဂိရိ
အင်္ဂုလိစ္ဆိ သစ္စကံ
နန္ဒော ပနန္ဒ ဗြဟ္မဋ္ဌ
ဇယော ဇယတု မင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

**၁။ဗုဒ္ဓေါမေ** = ဗုတ်ဓေါမေ
**ရက္ခတုနိစ္စံ** = ရက်ခတုနိတ်စံ
**ဓမ္မောမေ** = ဓမ်မောမေ
**ရက္ခတုသဒါ** = ရက်ခတုသဒါ
**၂။မာရာဋ္ဌ** = မာရာလဝ
**နာဠာဂိရိ** = နာလာဂိရိ
**အင်္ဂုလိစ္ဆိ** = အင်္ဂုလိစိန်စ
**နန္ဒော** = နန်ဒေါ
**ပနန္ဒ** = ပနန်ဒ
**ဗြဟ္မဋ္ဌ** = ဗြန်မင်စ
**မင်္ဂလံ** = မင်ဂလံ

**အနက်**

၁။ **ဗုဒ္ဓေါ**–မြတ်စွာဘုရားသည်၊ **မေ**–အကျွန်ုပ်အား၊ **နိစ္စံ**–အမြဲ၊ **ရက္ခတု**–စောင့်ရှောက်တော် မူပါစေသတည်း။

**ဓမ္မော**– တရားတော်မြတ်သည်၊ **မေ**– အကျွန်ုပ်အား၊ **သဒါ**–အခါ ခပ်သိမ်း၊ **ရက္ခတု**– စောင့်ရှောက်တော် မူပါစေသတည်း၊

**သံဃော**– သံဃာတော်မြတ်သည်၊ **မေ**–အကျွန်ုပ်အား၊ **ဒိနေ ဒိနေ**– နေ့တိုင်း နေ့တိုင်း၊ **ရက္ခတု**– စောင့်ရှောက်တော် မူပါစေသတည်း၊ (**အဟံ**–အကျွန်ုပ်သည်) **သုခိဒီဃာ ယုကော**– ချမ်းသာလျက် အသက်ရှည်ခြင်းသည်၊ **ဘဝေ ဘဝါမိ**– ဖြစ်ရပါလို၏။

၂။ **မာရာဋ္ဌ နာဠာဂိရိစ**–မာရ်နတ်တစ်ဖြာ၊ အာဠာဝကဘီလူး၊ မိုက်ရူးခဲ့ရာ၊ နာဠာဂီရိဆင်ကို လည်းကောင်း၊ **အင်္ဂုလိစ္ဆိသစ္စကဥ္စ**–အင်္ဂုလိမာလ ဓားပြလူဆိုး၊ ကိုယ်ကျိုးဆုံးရာ စိဥ္စမာဏမိန်းမလှနှင့်၊ ဝါဒဆိုးညစ် သစ္စကဆို၊ ပရိဗိုဇ်ကိုလည်းကောင်း၊ **နန္ဒောပနန္ဒဗြဟ္မဥ္စ**– တန်ခိုးထန်သော နန္ဒောပနန္ဒ၊ ခေါ်ကြထင်ရှား၊ နတ်နဂါးနှင့်၊ တရားအလွဲ အစွဲသန်လှ ဗကဗြဟ္မာကို လည်းကောင်း၊ **ဇယော**– အောင်တော်မူသော မြတ်စွာဘုရားသည်၊ (**မေ**–အကျွန်ုပ်အား) **ဇယတုမင်္ဂလံ**– အောင်ခြင်းမင်္ဂလာကို ပေးတော်မူပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂါဒိမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

စာရေးသူ တင်ပြဖြေဆိုထားသော ဖြေဆိုချက်သည် အားလုံးပြီးပြည့်စုံချင်မှ စုံပေမည်။

ဒါကြောင့် ပညာရှင်များအနေနှင့် ပေါက်နှစ်နှင့်ပတ်သက်၍ **လိုအပ်ချက်များ တွေ့ရှိထားပါလျှင် အမေးရှင်နှင့် အားလုံးအတွက် ပြန်လည်၍ ထပ်ဆင့်တင်ပြပေးပါရန် အနူးအညွတ် မေတ္တာရပ်ခံအပ်ပါသည်။**

*မေတ္တာမွန်ဖြင့်...*

ရွှေဖြူးစောလွှမ်းနိုင်
(မြူးမြို့)

စာမျက်နှာ (၁၁၁)မှ အဆက်

အရပ်မှ ရေကန်စောင့်နတ် ဖမ်းသ...
ထမင်း(၄)ဆုပ်၊ မုန့်ကြော်(၄)ခု၊ ငါးကြ...
(အမြီးမကျိုး၊ ခေါင်းမကျိုး) (၄)ကော...
မုန့်အဝါ(၄)ပွဲ၊ တံခွန်(၄) ခု ဆီမီးတို့...
တောင်အရပ်သို့ နေဝင်ရိုးရီ ပူဇော်ပါ။
ရှာနတ်ကိုမူ ထမင်းဖြူ ငါးကြော်...
ဂုက်ပျော့ရွက်ထဲထည့်ပြီး ကွမ်းယာ၊ လ...
ဖက်တို့ဖြင့် နေမထွက်ခင်ပူဇော်ပါ။ နေဝင်...
ပွန်းစာချပါ။
(၅)စနေသက်ရောက်ယတြာ
ထမင်းနှစ်ဆုပ်၊ အမဲသားဟင်း ခု...
တုံး ခေါ်မှာထည့်ပြီး အနောက် တောင်...
ပူဇော်ပါ။ ရွှေဆံတော်ဘုရားကို ဆွမ်းကပ်...
ပန်းလှူ၊ ရေကြည်တော်ကပ်ပါ။
(၆)ကြာသပတေးသက်ရောက်အာဧဟာ
မုန့်၊ ငါးကြော်တို့ကို အနောက်အရ...
ပူဇော်ပါ။ မုန့်ဖြူ၊ မုန့်နီ(၅)ခု၊ ငါးကြော်(၅)...
တို့ဖြင့် ပူဇော်ရပါမည်။ ကျန်းမာ၊ ချမ်းသာလ...
မည်။ ရွှေလှသွင်(ခေါ်)ဆံတော်တော်ကိုလှူ...
(၇)ရာဟုသက်ရောက်ယတြာ
စက်တော်ရာဘုရားအား ဆွမ်း...
ရေချမ်း၊ ပန်းတို့ဖြင့် ဆက်ကပ်လှူဒါန်း...
ပါက လူမှုရေး အကျပ်အတည်းနှ...
ကျန်းမာရေးအညံ့များကို ပြေပျောက်...
စေပါသည်။
(၈)သောကြာသက်ရောက်ယတြာ
အိမ်စောင့်နတ်ကို ထမင်း(၆)ဆုပ်...
ငါးကြော်(၆)ကောင်၊ သစ်သီး၊ ပန်း...
ပန်းဝါ ထည့်၍ မြောက်အရပ်သို့ပါ။
ရွှေဘုံသာမြတ်စွာဘုရားကို ရည်စူး...
ပန်း၊ ဆီမီး၊ ဆွမ်း၊ ရေချမ်းတို့...
ဆက်ကပ်လှူပါ။ လူမြို့သူမြို့...
ကျန်းမာရေး၊ စီးပွားရေးကအစ အဆ...
ပြေလာမည် ဖြစ်ပါသည်။
စာရေးသူ တင်ပြသည့် သက်ရောက်...
ယတြာမှာ ကျေးလက်တောရွာတ...
ယနေ့ထိ အသုံးပြုနေဆဲ ဖြစ်ပါသည်။
စုန်းပြူး၊ လူပြူး၊ နတ်ဖမ်းယတြာတို့...
ခေတ်နှင့် မလျော်ညီသော်လည်း ရိုး...
အစွဲ ပယောဂအစွဲရှိသူများအဖို့ ဆော...
ရှက်နိုင်ရန် အလို့ငှာ ရေးသားတင်ပြရ...
ဖြစ်ပါသည်။
မည်သို့ဆိုစေ ရိုးရာအစွဲ န...
ရှိသူများအဖို့ သိစေလို၍ရေးသားတင်...
လိုက်ရပါသည်။
အာယု ဝဏ္ဏော ...ဗလံ

မောင်ဗဟိန်း(အင်းတော်)



www.burmeseclassic.com

www.burmeseclassic.com

သက်ရောက်အလိုက် ယတြာချေ ည်းကို မတင်ပြမီ ဦးစွာ ယတြာချေ သူ၏ အသက်ကို တည်ပြီး (၈)နှင့် ပါ။

(၈)ဆိုတာ အရပ်ရှစ်မျက်နှာ ယ်စားပြု ဂြိုဟ်(၈)လုံးကို ဆိုခြင်း စ်ပါသည်။ အရပ်မျက်နှာပြ ဂြိုဟ် ခွင်မှာ အောက်ပါအတိုင်း ဖြစ်ပါ ည်။

* * *

| | | |
|---|---|---|
| တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
| သောကြာ | | ဗုဒ္ဓဟူး |
| ရာဟု | ကြာသပတေး | စနေ |

(ဂြိုဟ်ရှစ်ခွင်ပြပုံ)

တနင်္ဂနွေသားသမီးကို ဥပမာပြု၍ င်ပြလိုပါသည်။ တနင်္ဂနွေသားသမီး အသက်ကို တည်ပြီး(၈)နှင့် စား င်...

**(၁)ဂဏန်းကြွင်းလျှင်** တနင်္ဂနွေ က်ရောက် ဖြစ်ပါသည်။

**(၂)ဂဏန်းကြွင်းလျှင်** တနင်္လာ က်ရောက် ဖြစ်ပါသည်။

**(၃)ဂဏန်းကြွင်းလျှင်** အင်္ဂါ သက် က် ဖြစ်ပါသည်။

**(၄)ဂဏန်းကြွင်းလျှင်** ဗုဒ္ဓဟူး က်ရောက် ဖြစ်ပါသည်။

**(၅)ဂဏန်းကြွင်းလျှင်** စနေ က်ရောက် ဖြစ်ပါသည်။

**(၆)ဂဏန်းကြွင်းလျှင်** ကြာသ သက်ရောက် ဖြစ်ပါသည်။

**(၇)ဂဏန်းကြွင်းလျှင်** ရာဟု က်ရောက် ဖြစ်ပါသည်။

**(၀)ဂဏန်းကြွင်းလျှင်** သောကြာ

# သက်ရောက်အလိုက်

## ယတြာချေနည်း

မောင်ပေါ်ဦး
(အင်းတော်)

သက်ရောက် ဖြစ်ပါသည်။

ဂြိုဟ်ရှစ်ခွင်ပြပုံအရ လက်ယာရစ် မိမိမွေးနံမှစပြီး အကြွင်းအလိုက် ထောက်ကြည့်ပါ။

အသက်အရ မိမိသည် မည်သည့် ဂြိုဟ်တွင် သက်ရောက်ဖြစ်နေသည်ကိုတွေ့ရမည် ဖြစ်ပါသည်။ ကျန်နေ့သားသမီးများ တနင်္ဂနွေသားသမီး ဥပမာအရ အဖြေရှာကြည့်ပါ။

သက်ရောက်အလိုက်ယတြာချေနည်းကို ဆက်လက်တင်ပြသွားမည် ဖြစ်ပါသည်။

(၁)တနင်္ဂနွေ သက်ရောက်

ယတြာ

ဖောင်တော်ဦး ဘုရားကို ရည်စူးပြီး ဆွမ်းကပ်ပါ။ တစ္ဆေဖမ်းလျှင်၊ ထမင်း (၆)ဆုပ်၊ ကွမ်းယာ၊ ဆီမီး၊ ပန်းအနီ ထည့်ပြီး၊ ခေါလုပ်၍ အရှေ့မြောက် အရပ်သို့ ပို့ပါ။ ချမ်းသာ ကျန်းမာလာမည်။

(၂)တနင်္လာ သက်ရောက်

ယတြာ

ရွှေတိဂုံ၊ ရွှေစည်းခုံ ဘုရားအား ဆွမ်းကပ်ပါ။ သူငယ်နာ ခမည်းပေးပါက



ကျန်းမာ၊ ချမ်းသာစေရန် ရွှေတိဂုံ၊ ရွှေစည်းခုံဘုရားကို ဆွမ်းကပ်လှူပါ။ အိမ်နတ်၊ ရိုးရာနတ်များကို ပသပူဇော်ပါ။

ရိုးရာနတ်ကို ပူဇော်ပသပါက ကြက်ဖို၊ ကြက်မ တင်ရပါသည်။ အိမ်တွင်း ကျန်းမာရေး မကောင်းပါက ဆောင်ရွက်နိုင်ပါသည်။

(၃)အင်္ဂါ သက်ရောက်

ယတြာ

ဥစ္စာစီးပွားရေး အဆင်မပြေနှင့် ကျန်းမာရေး၊ လူမှုရေးတို့တွင်လည်း အဆင်မပြေဖြစ်ပါက ရွှေတန်ဆာ ဘုရားကို ဆွမ်း၊ ပန်း၊ ရေချမ်းတို့ဖြင့် ဆက်ကပ်လှူဒါန်းပါ။ အဆိုးအညံ့များ ပြေပျောက်သွားမည် ဖြစ်ပါသည်။

အရှေ့တောင် အရပ်က ဖမ်းစားယှဉ် ပူးကပ်ပါက ထမင်း၊ အသား မီးဖုတ်ဖြစ်စေ၊ အသားကင် (ငါးကင်)ကို ခေါတွင် ထည့်ပြီး အရှေ့တောင် အရပ်သို့ ပို့ပါ။

(၄)ဗုဒ္ဓဟူး သက်ရောက်

အဟော

သူနာ မေးလျှင် တောင်

 စာမျက်နှာ (၁၃၀) သို့

www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

• • • • • • • • • ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ • • • • • • • •

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီးနောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး၊ ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအိုနန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ဝ၅၁ဝ YR ဝဝဝ၉၉၅]*

*[လိုင်စင်အမှတ် ၁၁/၂ဝဝ၈ တဆထလ တိုး(ဝ၁၂၁)]*

မြန်မာ့နန်းတွင်း အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဖက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှူးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်**"အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်"**ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလှေအကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့်ကျိုးပေါင်း ရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ဝ၃ဝ၅ YR ၃ဝ၆၃]*

လူတစ်ယောက်၏ခန္ဓာ ကိုယ်အား သိပ္ပံနည်း ကျ သွေးစစ်ကြည့်ခြင်း ဖြင့် **ယူရစ်အက်ဆစ် အလွန် များနေခြင်း အေအက်စ်အို သီတာ ယူနစ်(၂ဝဝ)ထက် ခြင်း၊ နောက်ဆုံး အာ အေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာ ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကိုသိရှိနိုင်ပေသည်။

**လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး သွေး ... ပီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ ... သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။**

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါ... သည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်း... များ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာ... များ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်က... ကျန်းမာရေးနှင့်ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ဝ၃၁၁ YR ဝဝ၃ဝ၆]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ... ခြင်း၊ နှလုံးကျပ်ခြင်း၊ နှလုံးခုန်လွန်းခြင်း၊ မောပန်းခြင်း၊ နှ... အားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးတို့**ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း... ဉာဏ်ရည်ထက်မြက်စေသော **"သတ္တဂုဏ်"**နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်း... ကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီး... အခါ၌ လည်းကောင်း၊ ပရိယတ္တိ,ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်း... ကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေး... ကောင်းတစ်လက် ဖြစ်ပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (ထ... ဝ၂၉၁၇) ဖုန်း-ဝ၉-၄၉၂၆၄၄ဝ၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊

မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၂၉ဝ၆၁ဝ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

နှိုးအင်းသိ

လိုရာရောက်မည့်

# အလိုတော်ပေါက် သမိုင်းဝင်ဘုရားကြီး



▲ အလိုတော်ပေါက်ဘုရားကြီး၏ တံတောင်ဆစ် အနောက်ဘက်အတွင်း ရုပ်ပွားတော်ရှိရာ အပေါက်

[၁]

ရန်ကုန်မှ မိတ်ဆွေမိသားစုက ရှမ်းပြည်နယ်တောင်ပိုင်း အင်းလေးကန်ဒေသရှိ တန်ခိုးကြီးဘုရားများကို ဖူးမြော်ကြည်ညို ကန်တော့လိုသောကြောင့် စာရေးသူ ကျွန်တော်အား လူအညီတောင်းခံလာသဖြင့် အလုပ်အားလပ်ရက်ကို ချိန်းဆိုကြပြီး ညောင်ရွှေတစ်ဝိုက်နှင့် အင်းလေးကန်ရှိ ဘုရားများသို့ ရောက်ခဲ့ကြပါသည်။

အင်းလေးကန်ကြီးအတွင်း နာမည်ကျော် တန်ခိုးကြီးဘုရားဖြစ်သော ဖောင်တော်ဦးဘုရားကို ဖူးမြော်ကန်တော့ပြီး အင်းလေးကန်ဒေသရှိ စေတီဘုရားပုထိုးများတွင် နှစ်၊ လ၊ ရက်၊ နေ့ စသည်ဖြင့် ရှေးသမိုင်းဝင် အချက်အလက်(၃၄)ချက်နှင့် ထူးထူးဆန်းဆန်း မှတ်တမ်းတင်စာ၊ မှတ်တမ်းမှတ်ရာ အများဆုံးတွေ့ခဲ့ရသည့် **"လိုရာရောက်မည့် အလိုတော်ပေါက်"** တန်ခိုးကြီးဘုရားအကြောင်းကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာချစ်သူများအတွက် ရှာဖွေရေးသား တင်ပြလိုက်ပါသည်။

သာသနာတော်ကြီး ပြန့်ပွား ထွန်းကားရန်အတွက် အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ကြသော ဘုရားဒါယိကာကြီးများဖြစ်သည့် သီရိဓမ္မာသောကမင်းကြီး၊ မင်းကြီးအနော်ရထာ၊ မင်းကြီးအလောင်းစည်သူ၊ မင်းကြီးနရပတိစည်သူ၊ ပုဂံမင်းဆက်မှ ဘုရင်အာမွန်နစ်မင်း၊ ညောင်ရမ်းမင်းဆက်မှ မင်းတနန်းစံ ကေရာဇ်မင်းဖြစ်သော သီရိမဟာ သီဟသူရဓမ္မရာဇာဘွဲ့ခံ နေမင်း စသည့် မင်းများမှာ တစ်ဆက်ပြီးတစ်ဆက် တည်ထားကိုးကွယ်ခဲ့သော ဘုရားဖြစ်ပါသည်။

နှောင်းခေတ်တွင်လည်း ညောင်ရွှေစော်ဘွားစောမောင်နှင့် စောရွှေသိုက်တို့မှ ထပ်မံပြုပြင် ကိုးကွယ်ခဲ့သော ဘုရားတစ်ဆူဖြစ်ကြောင်းလည်း သိရှိခဲ့

www.burmeseclassic.com

ရပါသည်။

### ဘုရားသမိုင်းအစ သီရိဓမ္မာမင်းကြီးမှ

စေတီပေါင်း ရှစ်သောင်း လေးထောင်၊ ရေတွင်းပေါင်း ရှစ်သောင်း လေးထောင် တည်ခဲ့သော အိန္ဒိယနိုင်ငံ၊ သီရိဓမ္မာသောကမင်းကြီး(ဘီစီ-၂၇၂ မှ ၂၃၂)၏ စေတီပေါင်း ရှစ်သောင်း လေးထောင်ထဲမှ တစ်ဆူအဖြစ် ပါဝင်သောဘုရား ဖြစ်ပါသည်။


၁၈၈၂ ခုနှစ်၊ ဩဂုတ်လ(၁၁)ရက် သောကြာနေ့ မူရင်းပုရပိုက်မူမှ ဦးကျော်ကျော် ရေးကူးထားသည့် ဘုရားပေါက်သမိုင်း ရက်ချုပ်စာတမ်းတွင် အလိုတော်ပေါက်စေတီဟု မှတ်သားခဲ့ရပါသည်။

သီရိဓမ္မာလက်ထက် **"အင်းဘုရား"**ဟု တွင်ခဲ့ပြီး **"ငါးတင်းဝင်ပုတ်"**ကဲ့သို့ ဘုရားသဏ္ဌာန်ရှိသည်ဟု သိရှိရသည်။ ဖိနပ်တော်(၃)တောင် (၁)မိုက်၊ အထက်ပိုင်း (၃)တောင် (၁) မိုက်၊ ဓာတ်တော်(၂)ဆူ ဌာပနာ၍ ထီးတော်တင်လှူခဲ့သည်ဟု သိရပါသည်။

### ဒုတိယ ဘုရားဒါယိကာ
### မင်းကြီးအနော်ရထာ

ထို သီရိဓမ္မာသောကမင်းကြီး လက်ထက် တည်ထားခဲ့သော အလိုတော်ပေါက်ဘုရားမှာ ချုံနွယ်ပိတ်ပေါင်းများ လွှမ်းခြုံလျက် ဖိနပ်တော်သာလျှင် ကျန်ရစ်သည်ကို မင်းကြီးအနော်ရထာ (ခရစ်နှစ် ၁၀၄၄-၁၀၇၇) ညောင်ရွှေ အင်းလေးသို့ ရောက်ရှိစဉ် ပြန်လည်ပြုပြင်ခဲ့ပါသည်။

ဖိနပ်တော် (၄)တောင် (၁)မိုက်၊ အထက်ပိုင်း (၄)တောင် (၁)မိုက်၊ ဓာတ်တော်(၈)ဆူ ဌာပနာ၍ ထီးတော်



◆ အရှေ့ဘက်မှန် ဘုရားကြီး

သစ်တင်၍ ထပ်မံ တည်ထား ကိုးကွယ်ခဲ့သည်ဟု သိရှိရပါသည်။

### တတိယ ဘုရားဒါယိကာ
### အလောင်းစည်သူ

မင်းကြီး အလောင်းစည်သူ ခရစ်နှစ် ၁၁၁၃-၁၁၆၃)၌ အင်းလေး ဒေသမြစ်ဆုံဝ လိပ်ကုန်းဆိုသည့် အရပ်တွင် စခန်းချနေထိုင်စဉ် ဝန်းကျင်အနေအထားကို လေ့လာရာ ကုန်းတစ်ခုကို မြင်လေသည်။

ထိုကုန်း၏ သာယာမှုကို လိုလားသောကြောင့် စေတီတည်လိုသည်ဟု စုံစမ်းစေရာ ရှစ်သောင်းလေးထောင် အနွယ်ဝင် စေတီနေရာဟောင်းဟု သိလေသော် ရတနာဆယ်ပါး စီထား သော ဖလားမှောက်ပြီး အဓိဋ္ဌာန်ပြုလေ သည်။

ထိုအခါ မှောက်ထားသော ဖလား ထဲသို့ ဓာတ်တော်များ ကိန်းဝပ်သည်ကို မြင်လေသော် ထိုနေရာ၌ပင် ထပ်မံ၍ စေတီတည်ထားတော်မူသည်။


ဖိနပ်တော် (၄)တောင် (၁)မိုက်၊ အထက်ပိုင်း (၄)တောင် (၁)မိုက်၊ ဌာပနာတွင်း ရတနာဆယ်ပါး ဖလား (၁)လုံး၊ တိမ်တိုက်မှ ရသော ကျောက် (၁)၊ ဆင်စွယ်ဖျားမှရသော ကျောက် (၁)၊ တစ်သိန်းတန် ပုလဲ(၁)၊ ကျောက်





www.burmeseclassic.com

www.burmeseclassic.com



▲ ဖော်တော်ထိပ်မှ အတက် အလိုတော်ပေါက် စေတီတော်

▼ အမှတ်တရ ဈေးဆောင်းမျှည်း အရောင်းဆိုင်များ



သံပတ္တမြား(၃)ပြည် ထိုတိမ်ကျောက်၊ ဆင်စွယ်ကျောက်၊ ပုလဲ၊ ပတ္တမြားတို့ဖြင့် ဘုရားဆင်းတုတော်တစ်ဆူ ပြုလုပ်၏။

ထို့ပြင် ရွှေဆင်းတုတော် (၄)ဆူ၊ ငွေဆင်းတုတော် (၇)ဆူ ပါဝင်ပြီး အားလုံးကို ဌာပနာတော်မူပြီးမှ စေတီတော် တည်ထားသည်ဟု သိရှိ မှတ်သားခဲ့ရပါသည်။

ပြီးနောက် **"ရတနာစေတီ"**ဟု ပုရပိုက်၌ ရေးသား၏။ ထီးတော်တင်ပြီး စေတီအနီးရှိ လိပ်ကုန်းရွာတွင် နန်းတော်ဆောက်ကာ မိဖုရား၊ မှူးမတ်များ ခြံရံလျက် (၇)နှစ်တိုင်တိုင် နေထိုင်တော်မူသည်ဟု သိရပါသည်။ နောင်အခါ ဤနေရာ၌ မြစ်ဖြစ်လာမည်ဟု ပုဏ္ဏားဖြူ ဉီတို့က ဟောလေသည်။

## စတုတ္ထ ဘုရားဒါယိကာ

### နရပတိစည်သူ

နရပတိစည်သူမင်းကြီး (ခရစ်နှစ် ၁၁၆၈–၁၂၁၁) ရှမ်းပြည်နယ်တောင်ပိုင်းသို့ တိုင်းခန်းလှည့်လည်စဉ် **"မည်တွင်ခေါ်မြောက်၊ နီးဖော်တောက်တည်၊ ဖလားမှောက်စေတီ"**ဟု အဆိုရှိရာအရပ်တွင် မင်းကြီးစီးလာသော ဖောင်တော်မှာ အလိုလို ရပ်လေသည်။

ထိုအခါ မင်းကြီးမှ အဖြစ်မှန်ကို စုံစမ်းစေရာ စေတီဟောင်းကို ပြုပြင်တည်ထားစေလိုသောကြောင့် ဖောင်တော်ရပ်ကြောင်း သိလေသော် ဖိနပ်တော်(၇)တောင်၊ အထက်ပိုင်း (၉) တောင်၊ ဓာတ်တော်(၈)ဆူ၊ ရွှေနီဆင်းတု(၈)ဆူ၊ ငွေဆင်းတု(၁၅)ဆူ၊ ကျောက်သံပတ္တမြား (၇)ပြည်တို့ကို ဌာပနာသည်ဟု သိရပြီး **"စိတ်တော်၌လည်း၊ နှစ်မြိုက်ဝမ်းမြောက်၊ လိုတော်ပေါက်ဟု၊ နောက်နောက်လူပုံ၊ တွင်ကြကုန်အံ့၊ လိုတော်ပေါက်ဟု၊ သံမြောက်မြွက်ကြွား၊ ကမ္ပည်းထား၍"**ဟု ပုရပိုက်တွင် အထင်အရှား ရေးထားသည်ကို လေ့လာရပါသည်။

ဤဘုရားကို အရပ်ရှစ်မျက်နှာမှ ကုသိုလ်ရှင်များစွာက အကြီးအကျယ် လှူလိမ့်မည်ဟု မင်းကြီးနရပတိစည်သူက မိန့်ကြားလေသည်။

## ပဥ္စမ ဘုရားဒါယိကာ ပုဂံမင်းဆက်မှ


### စောမွန်နှစ်ပါ


ပုဂံမင်းဆက်မှ **စောမွန်နှစ်မင်း** (ခရစ်နှစ် ၁၃၂၇ – ၁၃၆၈) ကြီးက ဖလားမှောက်ခေါ် အလိုတော်ပေါက် ဘုရားကြီးကို ထီးတော်မှ မြေအထိ ရွှေသက်န်းတော် ကပ်လှူလေသည်။



www.burmeseclassic.com

www.burmeseclassic.com





◀ သမိုင်းဝင် အလိုတော်ပေါက် အဝေးမှ မြင်ကွင်း

ဘုရားကြီးအတွင်းရှိ ရှေးဟောင်း ကျောက်စာတိုင်

ပန်းလည်တိုင် ဓိဋ္ဌာန်တော် ကမ္ဗည်း ▶

အလိုတော်ပေါက်ဘုရားဟု သမုတ် လတ်၊ မွေတော်မာတ်ဟု ရွှေဂူဆရာ တော်ကြီး၏ ပုရပိုက်တွင် ရေးထားခဲ့ သည်ကို လေ့လာ မှတ်သားခဲ့ရပြန်ပါ သည်။

## ဆဋ္ဌမ ဘုရားဒါယိကာ စနေမင်း

ညောင်ရမ်းမင်းဆက်မှ အင်းဝနန်းစံ ကြေရာဇ်မင်း သီရိမဟာ သီဟသူရ ဓမ္မရာဇာဘွဲ့ခံ စနေမင်း(ခရစ်နှစ် ၁၆၉၈–၁၇၁၄)က အမတ်ကြီးသိယ်ကို အင်းဝနေပြည်တော်၌ ပြုလုပ်သော ထီးတော်ကို အင်းလေးသို့ အရောက် ပို့ခိုင်း၍ ခရစ်နှစ် ၁၇၀၃ခုနှစ်၊ ဖေဖော် ဝါရီလ (၁၈)ရက်တွင် အလိုတော် ပေါက်ဘုရားကို ထီးတော်တင်ခဲ့ပါ သည်။

'ရတနာပူရရွှေအင်းဝဟု၊ နာမည်တွင်စ ဘုရင်ရာဇာ-ကျွမ်းဝင်ထံနီး၊ မှူးတွင်ပြီးသော၊ မင်းကြီးသိယ်၊ မတ်ကျော်စွကို၊ စေထိုင်းပြီး၊ ထီးတော်ကြီးကို၊ ယူပြီးရောက်လာ၊ သံထီးမှာ ကား၊ ဦးစွာပထမ၊ အဝ ၅-တောင်၊ ပြီးလာ တောင်၏ တစ်တောင်ခြောက်ဆယ်၊ စွန်းဝယ် လေးနှစ်၊ သက္ကရာဇ်ရောက်ခါ၊ ရာသီမှာကား၊ ပိန်လတပေါင်း၊ ဆန်းဝင်ရောင်းလျက်၊ ဆယ့် ငါးရက်စေ့၊ စနေနေ့တွင်၊ ထီးတော်တင်၍ အောင်မြင် ကောင်းစွာပြီးရောက်ပါ၏'

ဟု ရွှေဂူပုရပိုက်လက်ဝဲ၊ ပိုဒ်ရေ(၆) တွင် ဖော်ပြပါရှိကြောင်း မှတ်သားခဲ့ရပါ သည်။

ထိုစနေမင်း တင်လှူသော အလို တော်ပေါက် ထီးတော်ကြီးမှာ ထီးဝ ၅–တောင်= ၇.၅ပေ= ၂.၈၆ မီတာ= ၆.၈၅၈ပေ ရှိကြောင်း သိရသည်။

[၂]

## အိုဟွယ်ထူးဆန်း ဆန်းပြားမှုများ

စနေမင်း တင်လှူသော ထီးတော် မှာ (၃၄)နှစ်ကြာသောအခါ သဘာဝ ဒဏ်ဖြင့် ၁၇၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၉)ရက် (သက္ကရာဇ် ၁၀၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁–ရက်) နံနက် အလင်းရောင်ပေါ်စအချိန် အလိုတော် ပေါက်၏ ထီးတော်နှင့် ပန်းလည်တိုင် ကျိုးလျက်ရေထဲသို့ ကျခဲ့ပါသည်။

၁၈၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ(၃)ရက် နေ့ (သက္ကရာဇ် ၁၁၆၃ ခုနှစ်၊ တပေါ်[...] လဆန်း၃–ရက် ဗုဒ္ဓဟူးနေ့)တွင် အ[...] ပေါက်ဘုရားကို ပြန်လည်ပြုပြင်ဆင်[...] တွင် ကြီးမားသော ရောင်ခြည်တော်[...] ကြီးများ လွှတ်သည်ကို အများပြည်[...] ဖူးတွေ့ကြရသည်။

ညောင်ရွှေစော်ဘွားကြီး လက်ထ[...] ၁၈၈၃ ခုနှစ်၊ မတ်လ(၂၃) (သက္ကရာ[...] ၁၂၄၅ ခုနှစ်၊ တန်ခူးလပြည့်ကျော်[...] ရက်)နေ့တွင် ပန်းလည်တိုင် ပြန်လည်[...] စိုက်ထူကြပါသည်။ ထိုပန်းလည်တို[...] ကို တင်စဉ် အထက်ဖျားကို **"သ[...] ဒေဝ နတ်ကောင်းနတ်မြတ်များ"**[...] ကူညီ ဆွဲယူသည်ကို လူအများ မြ[...] ကြောင်း ကျမ်းဂန်၌ ပြဆိုထားကြော[...] မှတ်သားရသည်။


၁၉၃၃ ခုနှစ်၊ မတ်လ(၅)ရ[...] (၁၂၉၄ ခုနှစ်၊ တပေါင်းလဆန်း–[...] ရက်)နေ့တွင် အလိုတော်ပေါက်ဘု[...] ကို ညောင်ရွှေစော်ဘွား စေဝ်ရွှေသိုက်[...] ဦးဆောင်၍ ထီးတော်တင်ပွဲ ထ[...] ကျင်းပကြောင်း [...]ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ အလိုတော်ပေါက်လမ်းညွှန် ဆိုင်းဘုတ်

◄ သဘာဝအကြောင်း ပီတိထားရာမှ

ဖြိုးလည်း ပွင့်လန်းသည့် အမှတ်တရ ကျောက်စာတိုင်

## ခရီးလည်းပေါက်

## လိုရာလည်းရောက်မည်

အထက်ပါ လိုရာရောက်မည့် အလိုတော်ပေါက်ဘုရားကြီးဆီသို့ သွားရောက် ဖူးမြော်လိုပါလျှင် ရှမ်းပြည်နယ်၊ **တလောမြို့နယ်မှ စတက်လာပါက အောင်ပန်း၊ ဟဲဟိုး၊ တောင်လေးလုံးမှ ရွှေညောင်မရောက်မီ ညောင်ရွှေသို့ (၇) မိုင်ဟူသော ဆိုင်းဘုတ်ကို ရှမ်းပြည်နယ်တောင်ပိုင်း အဝေးပြေးလမ်းမကြီး ညာဘက်တွင် တွေ့ရှိရမည် ဖြစ်ပါသည်။**

ထိုဆိုင်းဘုတ် ညွှန်ပြရာအတိုင်း တောင်ဘက်သို့ တည့်တည့်ဝင်သွားပါက လမ်းဘေးဝဲယာတွင် အောင်မြင်ဖြစ်ထွန်းနေသော နွှေစပါး၊ မိုးစပါးခင်းများနှင့် ရပ်ဝေးညှို့သည်များကို နွေးထွေးပျူငှာစွာ ခရီးဦးကြိုပြုလျက် စိတ်တိုင်းကျဖြစ်အောင် ရောင်းချပေးနေသော လတ်ဆတ်သည့် ငါးအကင်ဆိုင်များကို တွေ့ရမည် ဖြစ်သည်။

နှစ်လမ်းမောင်းမှ အဝင်လမ်းဖြစ်သည့် လက်ယာဘက်လမ်းအတိုင်း ဝင်သွားပြီး သိပ်မကြာမီတွင် ညောင်ရွှေမြို့အဝင်မုခ်ဦးကြီးကို တွေ့ကြရပါမည်။ ထိုမှ အလိုတော်ပေါက်ဘုရားကြီးနှင့် နီးစပ်ရာ ငါးရက်တစ်ဈေးကျင်းပပြီး ရှေးဟောင်းအမွေအနှစ်များများစွာရှိသည့် နန်းပန်ဈေးကို ရောက်ပါမည်။

ကုန်းလမ်းအတိုင်း သွားမည်ဆိုပါက မိုင်(၂၀)ခန့် ဝေးကွာပြီး ကောင်းမွန်သောလမ်းအတိုင်းမှ (၁)နာရီခန့် မောင်းရမည် ဖြစ်သည်။ ထိုမှ စက်လှေဖြင့် မိနစ်အနည်းငယ် သွားလိုက်လျှင် နန်းပန်ရွာရှိ အလိုတော်ပေါက်ဘုရားကြီးသို့ ရောက်ရှိမည် ဖြစ်ပါသည်။

ညောင်ရွှေမြို့၏ အနောက်ဘက်ရှိ မော်တော်ဆိပ်မှ စက်လှေများဖြင့် သွားမည်ဆိုပါက ရေမိုင်ခရီးအကွာအဝေး (၁၄)မိုင်ခန့်သွားလျှင် ရောက်မည် ဖြစ်ပါသည်။

ဘုရားကြီးပေါ်သို့ မြောက်ဘက်မော်တော်ဆိပ်မှ တက်သွားပြီး လက်ဝဲဘက်သို့ ကွေ့လိုက်သော် အရှေ့ဘက်လိုဏ်တွင် စံပယ်တော်မူသည့်ဘုရားကို ဖူးတွေ့ရမည်ဖြစ်ပြီး ဘုရားကြီး၏ မြောက်ဘက်တွင် မြေစိုက်ကျောက်စာတိုင်တစ်ခုကို မြင်ရပါမည်။

ထိုကျောက်စာတွင် ၁၃၃၂ ခုနှစ်၊ တန်ဆောင်မုန်းလပြည့် သောကြာနေ့၊ နေ့လယ် (၁၂)နာရီအချိန်တွင် အမြင့် (၉)လက်မ၊ လုံးပတ်(၉.၇၅)လက်မရှိပြီး စိန်ဖူးတော်ကို ရှေးအဆက်ဆက် ဆရာတော်ကြီးများနှင့် ထောင်သောင်းမကသော အင်းသားအင်းသူ ပြည်သူအပေါင်းမှ ကပ်လှူခဲ့ကြောင်း ရေးထွင်းထားသည်ကို တွေ့ရပါမည်။

အရှေ့ဘက်မုခ်မှ လက်ဝဲဘက်သို့ ချိုးကွေ့ ဖူးမြော်ရင်း ဘုရားကြီးအတွင်း နံရံများပေါ်တွင် ရှေးဟောင်းလက်မှုပညာနှင့် ခေတ်သစ်လက်မှုပညာကို ပေါင်းစပ်ဖော်ကျူးထားသည့် ဗုဒ္ဓဝင်လာဇာတ်တော်များ ရေးဆွဲထုထားသည်ကို ကြည်ညိုဖွယ်ရာ တွေ့ပါမည်။

www.burmeseclassic.com

လက်ဝဲအတိုင်း ဆက်လျှောက်လိုက်ပါက တောင်ဘက် လိုဏ်ဂူဘုရားကို ကြည်ညိုဖွယ် ဖူးတွေ့နိုင်ပြီ ဖြစ်ပါသည်။ ထိုဘုရားကြီး၏ လက်ယာဘက် တံတောင်ဆစ်ကွေး အနောက်တွင် အလိုတော်ပေါက်သမိုင်းဝင် ရှေးစေတီကို လှမ်း၍ ဖူးတွေ့ရမည် ဖြစ်သည်။

ရှေးလူကြီးများ၏ အရပ်စကားအရ ထိုစေတီ တည်ထားသောနေရာသည် ယခင်က ပေ(၄၀)ပတ်လည်ခန့်ရှိ ရေကန် တစ်ကန်ရှိကြောင်း၊ ထိုရေကန်တွင်းတွင် ရေချိုးခွင့်မရှိ၊ ရေဆင်းချိုးသောသူတိုင်း အသေအပျောက်မရှိသော်လည်း ရေနစ်ကြောင်း၊ ထိုကန်မှာ အလွန် ထူးခြားဆန်းကြယ်သည်ဟု ဒေသခံများမှ ယူဆကြောင်း...

တစ်နေ့တွင် ကိုရင်တစ်ပါး ထိုကန်အတွင်းဆင်း၍ ဝင်ရောက် ပျောက်ကွယ်သွား သဖြင့် အထူးမြင့်မြတ်သော ကန်ဖြစ်ခြင်းကြောင့် ကန်ဘေးတွင် စေတီငယ်တစ်ဆူ တည်ပြီး ရေကန်ကို ပါငုံ၍ တည်ထားခြင်းဖြစ်ကြောင်းကို ပါးစပ်ရာဇဝင်များအရ သိခဲ့ရပြန်သည်။

ထိုတောင်ဘက် လိုဏ်ဂူတော်ဘုရား၏ လက်ယာဘက် တံတောင်ဆစ်ကွေး အနောက်ရှိအပေါက်မှ လှမ်းကြည့်လျှင် ငုံ၍ ဌာပနာထားသည့် စေတီငယ်ကို ဖူးမြင်ရမည်ဖြစ်သည်။

လက်ဝဲရစ်အတိုင်း အနောက်ဘက်သို့ ဆက်သွားပါက အနောက်မြောက်ဘက် ဘုရားပုရဝုဏ်အတွင်းတွင် အလိုတော်ပေါက်ဘုရားကြီး၏ သမိုင်းကျောက်စာတိုင်ကို ခေတ်သစ်လက်ရာများဖြင့် မွမ်းမံ တည်ဆောက်ထားသည့် အဆောက်အအုံငယ် တစ်ခုအတွင်း စိုက်ထူထားသည်ကိုလည်း တွေ့ရှိနိုင်ပါသည်။

ထိုကျောက်စာတွင် မြန်မာသက္ကရာဇ် ၁၂၉၅ ခုနှစ်က သဘာဝဘေးဒဏ်ခံခဲ့ရပြီး ပိတ်ထားခဲ့ရသော စေတီတော်၏ တောင်ဘက်လိုဏ်ကို (၁၀-၁၀-၂၀၀၂)ခုနှစ်တွင် လည်းကောင်း၊ အရှေ့ဘက်လိုဏ်ကို (၁၀-၁-၂၀၀၉)ခုနှစ်တွင် လည်းကောင်း ဖွင့်လှစ်ကြောင်း ရေးထိုးထားသည်ကို လေ့လာသိရှိရပါမည်။

ထို့ကြောင့် သာသနာပြုမင်းကြီ[း] များအဆက်ဆက် တည်ထားကိုးကွ[ယ်] ခဲ့သည့် ရှစ်သောင်းလေးထောင်သော ဘုရားအဆူဆူတို့မှ တစ်ဆူအပါအဝ[င်] ဖြစ်တော်မူသော ရှေးဟောင်းသမိုင်းဝ[င်] တန်ခိုးကြီးဘုရားကြီးဆီသို့ **"နက္ခ[တ္တ] ရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသ[တ်] ကြီး၏ ရင်တွင်း၌ ရှိနေကြသော ဆန္ဒအလိုတော်များ ပြီးပြည့်ပေါ[က်] ရောက်ရန် လိုရာရောက်မည့် အလို[] တော်ပေါက်ဘုရားကြီး"**သို့ အလည် တစ်ခေါက် လာရောက် လည်ပတ် ဖူးမြော်ကြည်ညိုကြရန် လေးစားစွ[ာ] ဖိတ်ကြားရင်း စာရေးသူ ကျွန်တော် ရေးသား တင်ပြလိုက်ရပါသည်။

နိုင်မင်းညို

**ကျမ်းကိုး ။ ။ ဆရာကြီးသိန်းသ[န်း] ထွန်း (ရှမ်းပြည်နယ်တောင်ပိုင်[း] ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ[] နန်းပန်း၊ အလိုတော်ပေါက်ဘုရာ[း] သမိုင်း မှတ်စုများမှ)။**

## ဆီးချို အတွက်

### ဆေးနည်းတစ်လက်



ကြို့ကုန်းကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကုသလိယက ချီးမြှင့်သောနည်း ဖြစ်ပါသည်။

**ဆေးနည်းမှာ...**

လက်ခလယ်အရွယ်လောက် လုံးပတ်ရှိသော ဆင်တုံးမနွယ်ကို တစ်တောင်ခန့်ဖြတ်ပြီး မီးဖုတ်ရပါသည်။ အပေါ်ယံ ကျွမ်းခါနီးတွင် ပြန်ထုတ်ပြီး အပေါ်ယံမှ အမည်းများ ကုန်စင်သွားအောင် ခြစ်ထုတ်ပစ်ရသည်။

ပြီးလျှင် သန့်ရှင်းသော လက်ရိုက်တစ်ချောင်းဖြင့် ထုပြီး ဆန်ဆေးရည်(၂)ပိဿာထဲတွင် တစ်နေ့ တစ်ညစိမ်ပြီး ထိုအရည်ကို နေ့စဉ်အချိန်နှင့်ကန်တစ်လုံးစာ သောက်ပေးပါ။ ဆန်ဆေးရည်စိမ်ရာတွင် အဝကျယ်ကြွေဇလုံကို သုံးပါ။ သောက်လျှင် အပေါ်ယံမှ အမြှုပ်များကိုဖယ်၍ သောက်ပါ။ သောက်ပြီးတိုင်း ဆန်ဆေးရည် ပြန်ထည့်ပေးပါ။ တစ်လအထိ အသုံးပြုနိုင်သည်။


**တစ်လပြည့် အသစ်ပြန်လုပ်ရပါသည်။** တိုက်ဆိုင်သော ဝေဒနာရှင်မျ[ား] အတွက် အသုံးပြုနိုင်ရန် တင်ပြပေး[ပါ] သည်။

ခင်-စာသင်(ဒေါ့ဘမြေ)




www.burmeseclassic.com

www.burmeseclassic.com



◆ ဆေးဖက်ဝင် သဖင်ပန်းကလေး၊ ဂမုန်းအပွင့်ကလေးများပုံ



◆ အမျိုးသမီးများအတွက် အလှတိုးစေသည့် ဆေးဖက်ဝင် သဖင်ပန်းကလေး၊ ဂမုန်းဥများပုံ

# အမျိုးသမီးများ လှပစေဖို့

သဘာဝတောတောင်၊ ဥယျာဉ်ခြံမြေ သစ်ပင်ကြီးများပေါ်တွင် အလိုအလျောက် ပေါက်လေ့ရှိသော ကရင်ဘာသာအားဖြင့် ခေါ်ကြသော (ဖော့ရှုးပူး) မြန်မာလို သဖင်ပန်းကလေးလို့ခေါ်ကြသလို တချို့သော ဒေသများတွင် တုံတုံဂမုန်းလို့လဲ ခေါ်ကြပါတယ်။

**ပုံသဏ္ဌာန်**

ဖော်ပြပါ ဂမုန်းတစ်မျိုးမှာ သစ်ပင်ကြီးများရဲ့ အခေါက်ပေါ်တွင် အမှိုပြုတာ ပြောင်းဖူးစေ့အရွယ် ဥကလေးများတွဲကာ ပေါက်နေတတ်ပါတယ်။

ဥမှ သေးငယ်လှသော အရွက်ကလေးတစ်ရွက် ထွက်လာပြီးနောက် **အစိမ်းဖြားအရွယ်၊ ရိုးတံပန်းရောင်ကလေး တစ်လက်မခွဲ အရှည်ပေါ်တွင် ကြက်တူရွေးပန်းသဏ္ဌာန်၊ အပွင့်ဖြူဖြူကလေးပွင့်ကာ အလယ်ဗဟိုဆံမှာ အဝါရောင်တည်ရှိကာ ပွင့်တတ်ပါတယ်။**

**ပိုမိုတို့ လှပစေဖို့**

စာရေးသူ မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ကျောက်လုံးကြီးကျေးရွာကို ရောက်ခဲ့စဉ်က ဖော်ပြပါ ဂမုန်းတစ်မျိုးကို ဆရာတော်ကြီးများနှင့် စကားပြောကြရင်း ဆေးနည်းကောင်းကလေး သိခဲ့ရလို့ အလျဉ်းသင့်လို့ ရေးသား ဖော်ပြလိုက်ရပါတယ်။

ဖော်ပြပါ ဂမုန်းတစ်မျိုးကိုတော့ စာဖတ်သူများ သတိထားကြည့်ရင်တော့ မိမိအိမ်ခြံဝင်း သစ်ပင်ကြီးများပေါ်တွင် တွေ့မြင်ရတတ်ပါတယ်။

**အသုံးပြုနည်း**

စာရေးသူ ရောက်ရှိရာ ကျေးလက်ဒေသများတွေမှာတော့ ရှာဖွေရ လွယ်ကူလို့ အမျိုးသမီးတွေ မျက်နှာမှာဖြစ်တတ်တဲ့ ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်တွေကို ပျောက်ကင်းစေရန်အတွက် **အပင်က ဥအစိုကို ကျောက်ပျဉ်မှာသွေးကာဆားအနည်းငယ်နဲ့ နနွင်းအနည်းငယ်တို့ ရောပြီး သုံးကြိမ်လောက် လူးပေးရုံနဲ့ မျက်နှာမှာရှိတဲ့ ဝက်ခြံ၊ တင်းတိပ်၊ မှဲ့ခြောက်တွေ သက်သာ ပျောက်ကင်းလို့ တောဆေးတစ်လက်အဖြစ်** နာမည်ကြီးလှပါတယ်။

ဖော်ပြပါ ဂမုန်းဥ တစ်ပင်လုံး၊ ပဥ္စင်းပါးကို ရေဆေးပြီး အခြောက်လှန်း၊ အမှုန့်ပြုပြီးတော့ ကိုယ်အသုံးပြုနေတဲ့ သနပ်ခါးထဲမှာ ထည့်ပြီးလူးရင် အနံ့ရာယ်ကင်းပြီး မျက်နှာချောမွေ့စေတယ်လို့ သိခဲ့ရပါတယ်။

**သန်းထွန်းသိန်း (ဘားအံ)**



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား။ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့သြနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့သြဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဖနိုးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေး**ကိုး"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်၊ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်း စတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ အဆင်သင့်ထည့်ထားပြီးပြီ၊ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဖနိုးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာ မေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရခဲ့ပါပြီ၊ ဒါ့ကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

ပင်ရင်း – **စကြာမင်းဆေးတိုက်**
အမှတ် (၆၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၇၂၂၁၄၁။

www.burmeseclassic.com

သာသနာ့ဝုဏ်ဆောင် မြကင်းတောင်နှင့်

# မြကင်းတောင်ဆရာတော်ကြီး

မကွေးတိုင်းဒေသကြီး၊ ရောဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် **ခင်းဘူးမြို့မှ (၁၉)မိုင်ကျော်ခန့် ခရီးဆက်လျှင် အထက်မင်းလှမြို့ တည်ရှိနေပါသည်။** ကျွန်မသည် အထက်မင်းလှမြို့မှ သရက်မြို့သို့သွားသည့် မှန်လုံကားစီးရင်း စိမ်းလန်းစိုပြည်နေသောစိုက်ခင်းများနှင့် တောတောင်ချိုင့်ဝှမ်းအထပ်ထပ်တို့အား ဖြတ်ကျော်၍ ခရီးဆက်ခဲ့ပါသည်။

အထက်မင်းလှမြို့မှ (၂၄)မိုင်ခန့်ကွာဝေးသော ဒဟတ်ပင်ရွာလေးသို့ ရောက်သောအခါ ကျွန်မ ကားပေါ်မှ ဆင်း၍ **မြကင်းတောင် အေးရိပ်ငြိမ်တောရတောင်**ပေါ်သို့ တက်လာခဲ့ပါသည်။ မြကင်းတောင်သည် ပေ(၃၀၀)ခန့် အမြင့်ရှိပါသည်။

အေးမြသော သစ်ရိပ်၊ ဝါးရိပ်၊ မေတ္တာဘာဝနာ ပွားများနေကြသော သူတော်စင်တို့၏ မေတ္တာရိပ်တို့ဖြင့် လွှမ်းမိုးထားသောနေရာတွင် မြကင်းတောင် သာသနာ့နယ်မြေ တည်ရှိနေပါသည်။

မြကင်းတောင်ပေါ်သို့ ရောက်သောအခါ အေးမြသော လေနုအေးနှင့်အတူ ဆုတောင်းပြည့် ဘုရား(၃)ဆူမှ သာယာသော ဆည်းလည်းသံလေးများကလည်း ဘုရားဖူးလာသူတိုင်း၏ ရင်ကို အေးမြသာယာစေသည်မှာ အမှန်ပင်ဖြစ်ပါသည်။

မြကင်းတောင်၏ သမိုင်းကို တင်ပြရမည်ဆိုလျှင် သရေခေတ္တရာ(ပြည်) ဒွတ္တပေါင်မင်းနှင့် ဗိသနိုးမိဖုရား၏ အကြောင်းအား ဆက်စပ်၍ တင်ပြရမည်ဖြစ်ပါသည်။

ဗိသနိုးဘုရင်နှင့် ဒွတ္တပေါင်ဘုရင်တို့ စစ်ဖြစ်ကြရာ ဗိသနိုးဘုရင် စစ်ရှုံး၍




မြကင်းတောင်ဆရာတော်

www.burmeseclassic.com



◆ မြကန်တောင်ရှိ စေတီသုံးဆူ

◆ မြကန်တောင်ပေါ်တက်သော ကားလမ်းမုခ်ဦး



ဗိသသနိုးမိဖုရားမှာ ထွက်ပြေးခဲ့ရပါသည်။ ဒွတ္တပေါင်ဘုရင်၏ တပ်များက မိဖုရား၏ နောက်သို့ လိုက်ခံ ဖမ်းဆီးကြသောအခါ မိဖုရားနှင့် ယင်း၏ တပ်များမှာ ဆက်၍ မပြေးနိုင်တော့ဘဲ ယခု မြကန်းတောင်တည်ရှိရာ တောင်အနီး လယ်ရိုးကြီးထဲတွင် ပုန်းအောင်းနေခဲ့ကြပါသည်။

ထိုသို့ ပုန်းအောင်းနေစဉ်မှာပင် ဘုရင်မ၏ တပ်များသည် တစ်လှည့်စီ တာဝန်ယူ၍ ရန်သူကို ကင်းစောင့်ကြရပါသည်။ ဘုရင်မ၏ တပ်များ ကင်းတာဝန်ကျခဲ့သောနေရာမှာ ယခု မြကန်းတောင်ပေါ်တွင် ဖြစ်ပါသည်။

ဤကဲ့သို့ ကင်းစောင့်ခဲ့ကြရသည်ကို အစွဲပြု၍ မြကန်းတောင်ဟု ခေါ်တွင်ကြောင်း သမိုင်းအထောက်အထားများအရ သိရှိခဲ့ရပါသည်။

တစ်ဆက်တည်း သိရှိခဲ့ရသည်မှာ မြကန်းတောင်၏ မြောက်ဘက်တွင် တောင်ငယ်လေးတစ်ခု တည်ရှိပါသေးသည်။ ယင်းတောင်ငယ်လေးသည် ဘုရင်မ၏ တပ်များ ကင်းတပ်ချင်းလဲရာနေရာဖြစ်ခဲ့သည့်အတွက် ယခုတိုင် **ကင်းလဲတောင်**ဟု ခေါ်တွင်ခဲ့ကြောင်း သိရှိခဲ့ကြရပါသည်။

အနောက်ဘက်ရှိ လယ်ရိုးကြီးကိုလည်း ဗိသသနိုးဘုရင်မ ပုန်းအောင်းခဲ့သော နေရာဖြစ်ခဲ့သည့်အတွက် **အောင်းလယ်ရိုး**ဟု ခေါ်ဆိုခဲ့ကြသည်။

www.burmeseclassic.com

ထိုမြကင်းတောင်အနီး အရပ်လေး မျက်နှာသို့ စီးဆင်းနေသော ချောင်း များမှာ (၁) **သပြေစမ်း။ (၂)ထနောင်း စမ်း။ (၃)စွယ်တော်စမ်း။ (၄)ရုံးပင် စမ်း**ဟူ၍ စမ်းချောင်းကြီးလေးခု ရှိပါ သေးသည်။

မှတ်တမ်းအရ မြန်မာသက္ကရာဇ် ၁၁၆၃ ခုနှစ်၊ ခရစ်နှစ် ၁၈၂၃ခုနှစ်တွင် ဦးရန်လင်းဆိုသော ပုဂ္ဂိုလ်တစ် ယောက်သည် တောတောင်အတွင်း ခုတ်ထွင်းရှင်းလင်းသည့်အခါ ယခု ဓမ္မိကတောရ ကျောင်းတိုက်အနီး အထက်စက်တော်ရာနှင့် အောက်စက် တော်ရာနှစ်ဆူကို တွေ့ရှိခဲ့ပါသည်။

ထိုအခါ ဦးရန်လင်း၏ စိတ်ထဲတွင် သဒ္ဒါရွှင်လန်း ပီတိဖြန်းလျက် ရှင်တော် ဗုဒ္ဓကို အာရုံပြုမျှော်မှန်းပြီး **"နမက္ကာရ ပါဠိအနက်"**များကို ရွတ်ဖတ် ပူဇော် ပါသည်။

ထိုမှုမက သဒ္ဒါပွင့်လန်းကာ ဤ တောတောင်ထဲတွင် ဘုရားတည် ကျောင်းဆောက်လှူလိုသော ဆန္ဒ ပြင်းပြလာသဖြင့် ကျောင်းဆောက်ကာ တောရပ်မှီ ဆရာတော်များကို ပင့် လျှောက် ဆည်းကပ်ကိုးကွယ်ရာမှ အစပြု၍ မြကင်းတောင်သည် သာသနာ့နယ်မြေ ဖြစ်လာခဲ့သည်ကို သိရှိခဲ့ရပါသည်။

သာသနာ့ဂုဏ်ဆောင် မြကင်း တောင်တွင် **နောင်တော်၊ ညီတော်၊ နတ်ဘီလူးများနှင့် နှမတော်**ဟူသော နတ်ဘီလူးမောင်နှမ(၃)ဦးတို့ ရှိခဲ့ကြပါ သည်။ အာဋ္ဌာဝကအနွယ်ဝင် နတ် ဘီလူးများဟု သိခဲ့ရပါသည်။

နောင်တော်ကြီးသည် မြကင်း တောင်တွင် တောင်စောင့်နတ်မင်း ဖြစ် ၍ ညီတော်သည် မြကင်းတောင်၏ ရာဟုထောင့်တွင် တည်ရှိသော တောင်




▲ ဓာတ်ပုံတွင် ပေါ်လာသော ကြာမွှန်သဏ္ဍာန် အလင်းဓာတ်များထွက်နေပုံ

မြင့်ကြီးအား စောင့်ရှောက်ရပါသည်။ နှမတော်သည် ကင်းလဲတောင်တွင် စောင့်ရပါသည်။

**ထိုတောင်များအတွင်း၌ ဓာတ်တော် မွေတော်များ၊ ဘုရားဆင်းတုတော်များ၊ ရှင်ဘုရင်တို့၏ လက်ထက်ရတနာပစ္စည်း များ၊ ပြဒါးရှင်လုံးများအား ရှေးအသက်** **သက်တာရှင်များမှ စုဆောင်းထားရစ်ခဲ့ကြ ကြောင်း သိရှိရပါသည်။**

ထိုပစ္စည်းများမှာ နောင်ပွင့်တော်မူ မည့် **အရိမေတ္တေယျမြတ်စွာဘုရား ပွင့်တော်မူလျှင် သာသနာပြုရန် အတွက် ဖြစ်ကြောင်း** သိရှိခဲ့သည်။ ယင်းပစ္စည်းများအား နတ်ဘီလူး



◆ မြကန်းတောင်ဆရာတော် သီတင်းသုံးရာ ကျောင်းဆောင



◆ မြကန်းတောင်ဆရာတော် တရားကျင့်သည့် ဂူ



◆ မြကန်းတောင်ပေါ်ရှိ ဗောဓိညောင်ပင်

မောင်နှမ(၃)ဦးမှ စောင့်ရှောက်နေကြကြောင်းလည်း သိရှိခဲ့ရပါသည်။

မြကန်းတောင်ပေါ်တွင် ပြည်လုံးအေးစေတီတော်၊ ပြည်လုံးချမ်းသာစေတီနှင့် ဆုတောင်းပြည့်စေတီတော်ဟူ၍ စေတီတော်(၃)ဆူ တည်ထားကိုးကွယ်ပါသည်။ စေတီတော်(၃)ဆူအား ယခုမြကန်းတောင် ဆရာတော်ကြီးနှင့် အနီးနားရှိ ရွာများမှ တပည့်များက ဝိုင်းဝန်းပြုပြင်ခဲ့ကြပါသည်။

စေတီတော်(၃)ဆူမှာ (၃)လအတွင်း ရွှေထီးတော်များ တင်လှူပူဇော်ကာ အောင်မြင်စွာ ပြီးမြောက်ခဲ့ပါသည်။ စေတီတော် ထီးတင်ပွဲပြီးသည့်ညတွင် စေတီတော်များမှ ရောင်ခြည်တော်များ လွှတ်သည်ကို ဒေသခံပြည်သူအများ ဖူးတွေ့ခဲ့ကြရပါသည်။

ယခုအခါတွင် မြကန်းတောင်ပေါ်၌ တရားဟော မဏ္ဍပ်၊ စကြံ၊ ကျောင်းသိမ်တော်၊ လိုဏ်ဂူတော်၊ ကမ္မဋ္ဌာန်းကျောင်းများ၊ အုတ်ရေကန်များ၊ ဗောဓိညောင်ပင်၊ သစ်ပင်ပန်းပင်များနှင့် ပန်းသင့်လျက် ဘုရားဖူးလာသူတိုင်း၏ ရင်ကို ရွှင်လန်းချမ်းမြေ့စေသည်မှာ အမှန်ပင် ဖြစ်ပါတော့သည်။

* * *

## မြကန်းတောင်ဆရာတော်ကြီး

**ဆရာတော် ဘဒ္ဒန္တသာသန**သည် မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်၊ ညှင်းသွန်းရွာ ခမည်းတော် ဦးညိုမြ၊ မယ်တော်ဒေါ်ကြူးမေတို့မှ မြန်မာသက္ကရာဇ် **၁၂၈၉ ခုနှစ် ဝါခေါင်လဆန်း(၁၅)ရက် (လပြည့်)** သောကြာနေ့ ညနေ(၄)နာရီ(၃၀)မိနစ်တွင် မွေးဖွားသော သားကြီးရတနာ ဖြစ်ပါသည်။ ဆရာတော်ကြီးတွင်

မွေးချင်း(၅)ဦးရှိပါသည်။ ဆရာတော်ကြီး၏ ငယ်နာမည်မှာ မောင်ကျော်ဦး ဖြစ်ပါသည်။

ဆရာတော် လောင်းလျာသည် ၁၃၀၄ ခုနှစ် (၁၅)နှစ်သားအရွယ်တွင် ညောင်းသွန်းရွာဦးကျောင်း ဆရာတော် ဦးစက္ကိန္ဒမဟာထေရ်မြတ်ကို ဥပဇ္ဈာယ် ပြု၍ ရှင်သာမဏေပြုခဲ့ရာ ဘွဲ့အမည်မှာ "ရှင်သာသန"ဖြစ်ပါသည်။

ဆရာတော်သည် သင်ပုန်းကြီး၊ ဘုရားရှိခိုး၊ ဆယ်စောင်တွဲ၊ ဗေဒင်ကျမ်းဂန်များကို သင်ကြားပြီး သာမဏေဘဝတွင် ရှင်ကျင့်ဝတ်၊ သဒ္ဒါ၊ သင်္ဂြိုဟ်၊ ဝိနည်းအစရှိသော အဆိုယတ်၊ ပဋိပတ် အခြေခံကျမ်းစာများကို သင်ကြားတော်မူခဲ့ပါသည်။

အရှင်သာသနသည် မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ မဟာဝိသုတာရာမကျောင်းတိုက် ဆရာတော်ဦးဝဏ္ဏိတ(ဓမ္မာစရိယ)၊ မန္တလေးမြို့ မစိုးရိမ်ကျောင်းတိုက် ဆရာတော်ကြီး ဦးသူရိယာဘိဝံသ (အဘိဓဇမဟာရဋ္ဌဂုရု)၊ ဦးဉာဏောဘာသ (အဂ္ဂမဟာကျော်သိရောမဏိ)၊ တောင်ပြင်ဘုရားကြီးတိုက် ဆရာတော်ဦးနာရဒ၊ ဆီဘန်းနီတိုက် ဆရာတော်ဦးအာစာရာဘိဝံသ(အဂ္ဂမဟာပဏ္ဍိတ) ဆရာမြတ်တို့ထံ၌ ပိဋကတ်ကျမ်းစာအဖြာဖြာကို ကောင်းစွာ သင်ယူတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၁၅ ခုနှစ်တွင် အစိုးရဓမ္မာစရိယ(စာချ)တန်းကို ကျမ်းပေါင်း(၃)ကျမ်း၊ ဂုဏ်ထူးဆောင်(၆)ကျမ်း ပေါင်း ဓမ္မာစရိယ(၉)ကျမ်းတို့ကို အောင်ချင်းပေါက် အောင်မြင်တော်မူသဖြင့် နိုင်ငံတော်အစိုးရမှ ဆက်ကပ်သော **"သာသနဒ္ဓဇ သိရီပဝရဓမ္မာစရိယ" ဘွဲ့တံဆိပ်တော်ကို** လက်ခံရရှိတော်မူခဲ့ပါသည်။

၁၃၅၆ ခုနှစ်၊ပြာသိုလဆန်း(၄)ရက် (၁၉၉၅)ခုနှစ် ဇန်နဝါရီလ(၄)ရက်တွင် မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီမှ ဆက်ကပ်လှူဒါန်းသော **"အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်ကိုလည်း လက်ခံရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ၁၃၆၉ ခုနှစ်၊ ခရစ်နှစ် ၂၀၀၈ ခုနှစ်တွင်လည်း နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ဆက်ကပ်လှူဒါန်းသော **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကိုလည်း လက်ခံ ရရှိတော်မူခဲ့ပါသည်။

ဆရာတော်သည် ဓမ္မိကတောရ ဝတ်ရွတ်စဉ်၊ ရတနာသုံးပါး ဂုဏ်တော်ဖွင့်၊ ဝိနည်းကျင့်ဝတ်ပဒေသာ၊ ပါဠိဝါကျစီကုံးနည်း စာအုပ်တို့ကိုလည်း ရေးသားပြုစုတော်မူခဲ့ပါသည်။

ယခုလက်ရှိ သာသနာပြုနေသည်မှာ အစားကျွေး တရားပေးခြင်းဖြင့် နေ့စဉ်နေ့တိုင်း အမျိုးသားယောဂီ(၅၀)ခန့်၊ အမျိုးသမီးယောဂီ(၁၀၀)ခန့်တို့အား (၁၅)ရက် တရားစခန်းများ ဖွင့်လှစ်၍ တရားပေးလျက်ရှိပါသည်။

ဆရာတော်ကြီး၏ သာသနာတော်ပွင့်လင်း ပြန့်ပွားမှုကြောင့် ကျောင်းအနီး ဗောဓိညောင်ပင်ကြီး၏ **ညောင်ကိုင်းအရွက်မှ ကြာပွင့်သဏ္ဌာန် အပွင့်ကြီး(၅)ပွင့်** ပွင့်ခဲ့ကြောင်းကိုလည်း သိရှိခဲ့ရပါသည်။

**မြကန်တောင်ဘုရား ဌာပနာတိုက်အတွင်း၌ တည်ရှိသော မြခြင်းလုံးတစ်လုံးသည် နို့ဆီဘူးအရွယ်ခန့်ရှိ၍ ညသန်းခေါင်တွင် အရောင်မျိုးစုံတောက်သလျှက် တောင်စောင်းတစ်လျှောက် သွားလာနေကြောင်း၊ တရားကျောင်းအနီးသို့ ရောက်လာတတ်ကြောင်း မြကန်တောင်တောရကျောင်း၌ (၇)နှစ်ကြာ တရားအားထုတ်နေသော ဥပါသကာကြီး အဘဦးစိန်မှ ပြောပြခဲ့ပါသည်။**

ဆရာတော်ကြီး၏ ပရိတ်အစွမ်းမှာလည်း ထက်မြက်လှပါသည်။ တော်ရုံ ရောဂါဝေဒနာများမှာ ဆရာတော်ကြီး၏ ပရိတ်ရေ၊ ပရိတ်ဆီ၊ ပရိတ်ပျားရည်တို့အား သောက်ရုံ လိမ်းရုံနှင့်ပင် ပျောက်ကင်းသွားကြကြောင်းလည်း သိရှိခဲ့ကြရပါသည်။

မြကန်းတောင် ဆရာတော်ကြီးသည် ယခုအခါ သက်တော်(၈၇)နှစ်၊ သိက္ခာတော်(၅၁)ဝါရှိပြီ ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ်တွင် ထန်းကိုင်းရေနံမြေမှ အထွေထွေမန်နေဂျာ ဗိုလ်မှူးဆက်အောင်(ငြိမ်း)နှင့် ဇနီးဒေါ်ညိုညို အေးတို့မှ ဆရာတော်ကြီးအား ပဒုမ္မာကြာသက်နှန်း ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

ဆရာတော်ကြီးသည် ယင်းကြာသင်္ကန်းအား ဆင်မြန်းပြီး ပရိသတ်အရှေ့၌ အပူဇော်ခံသောအခါ ထန်းကိုင်းရေနံမြေမှ ကိုခင်မောင်ထွေးက ဆရာတော်ကြီးအား ခွင့်တောင်း၍ ဓာတ်ပုံရိုက်ခဲ့ပါသည်။

ဓာတ်ပုံကူးယူပြီးသောအခါ ဆရာတော်ကြီး၏ လက်ဝဲဘက် လက်ကောက်ဝတ်မှ ကြာပွင့်သဏ္ဌာန် အလင်းဓာတ်များ ထွက်နေသည်ကို ထူးဆန်းစွာ ဖူးတွေ့ကြရပါသည်။

အမြို့မြို့အနယ်နယ်ရှိ သာသနာ့မိတ်ဆွေများသည် ခရီးလမ်းကြုံပါက **သရက်-မင်းလှ ကားလမ်းပေါ်ရှိ ဒဟတ်ပင်ရွာအနီး တည်ရှိသော သာသနာ့ဂုဏ်ဆောင် မြကန်းတောင်စေတီတော်များနှင့် မြကန်းတောင် ဆရာတော်ကြီးတို့အား ဝင်ရောက်ဖူးမြော်၍** ကုသိုလ်ယူနိုင်ကြစေရန် မေတ္တာဖြင့် ဖိတ်ခေါ်လိုက်ရပေတော့သည်။

**အင်ကြင်းပန်း**

www.burmeseclassic.com



# ကိုယ်လက် လေးလံ အဆစ်အမျက်

## ကိုက်ခဲဝေဒနာအတွက် ဆေးကောင်းတစ်လက်

ယနေ့ လူတော်တော်များများ ခံစားနေရသော ဝေဒနာများထဲတွင် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်ခြင်း၊ အဆစ်အမျက်များ နာကျင်ခြင်း၊ အတိုင်အထခက်ခဲခြင်း၊ လမ်းလျှောက်ရာတွင် လေးလံခြင်း၊ ကိုယ်လက်မအီမသာ ဖြစ်ခြင်း စသည့် ရောဂါများ အဖြစ်များသည်ကို တွေ့ရှိရပါသည်။

ယင်းရောဂါများမှာ အညောင်းထိုင်များခြင်း၊ ကွန်ပျူတာသမားများ၊ ဆိုင်ကယ် ကယ်ရီသမားများ၊ ဆိုက်ကားဆရာများ၊ ရုံးဝန်ထမ်းများ အစရှိသည့် ကိုယ်လက်လှုပ်ရှားမှု နည်းပါးသူများ အဖြစ်များပါသည်။

အချိုမှုန့်၊ အချိုရည် အစရှိသည့် အစားအစာများ၊ ကိုယ်ဝန်တားဆေး အတိုးများခြင်း၊ အစားမှားခြင်းတို့ကြောင့်လည်း အဖြစ်များပါသည်။

ကျန်းမာရေးထက် ဝမ်းစာရေးကခက်နေရသူများအတွက် ဆေးဖော်ရတာလည်းလွယ်ကူ၊ ဆေးဖိုးကုန်ကျငွေလည်း သက်သာသည့် အထက်ဖော်ပြပါ ရောဂါများကိုလည်း သက်သာပျောက်ကင်းစေသော ဆေးကောင်းတစ်လက်ကို စေတနာမေတ္တာအပြည့်ထား၍ ရေးသားတင်ပြအပ်ပါသည်။

ဆေးနည်းမှာ အလွန် လွယ်ကူပါသည်။ ဒေသအတော်များများမှာလည်း ပေါများစွာ တွေ့ရှိရပါသည်။ အဓိက လိုအပ်သော ဆေးအမည်များမှာ...

**၁။ ဆင်တုံးမနွယ်၊**

**၂။ ရှောက်သီး၊**

**၃။ ထန်းလျက်၊**

**၄။ ဆားအနည်းငယ်တို့သာဖြစ်ပါသည်။**

**၁။ ဆင်တုံးမနွယ်ပင်မှာ...**

လေရောဂါကို အထူး နိုင်နင်းပါသည်။ အဆိပ်အတောက်ကို ပြေစေပါသည်။ သွေးအန်ရောဂါကို ပျောက်စေပါသည်။ အသက်ရှည်၍ အနာကင်းစေပါသည်။

မြန်မာစကားပုံတွင် အသက်ကြီးလျှင် ဆင်စီးပါဆိုသော စကားမှာ အသက်ရှည်လိုလျှင် ဆင်တုံးမနွယ်ပါသော ဆေးအစာကို မှီဝဲသုံးဆောင်သင့်ကြောင်း ရည်ညွှန်းခြင်း ဖြစ်ပါသည်။

ဆင်တုံးမနွယ် လေးခွက်တစ်ခွက် တင်ပြုတ်၍ သောက်သုံးပေးခြင်းဖြင့် နာတာရှည် အဆစ်ရောင်ရောဂါကို ပျောက်ကင်းစေနိုင်ပါသည်။

ဆင်တုံးမနွယ်ပင်စည်ကို ထုခြေ၍ ရေတွင် တစ်ညစိမ်ထားပြီး ယင်းဆေးရည်ကိုသောက်ပါက ဆီးချိုရောဂါ သက်သာစေနိုင်ပါသည်။ လေဖြတ်၊ လေငန်းရောဂါများ အတွက်လည်း အထူး အကျိုးပြုနိုင်သည့် ဆေးပင်ဖြစ်ပါသည်။

**၂။ ရှောက်သီး...**

ရှောက်သီးအခွံမှာ ခါး၏။ နူးညံ့၏။ ပိုးနာ၊ လေနာ၊ သလိပ်နာကို ပျောက်ကင်းစေ၏။ ရှောက်သီးခွံ၏ အတွင်းသားမှာ ထိုးအောင့်နာကျင်ခြင်း၊ ခါး၌ လေရှိခြင်း၊ ကိုက်ခဲခြင်း၊ သည်းခြေနာ၊ နှုတ်မမြိန်သောရောဂါများကို ပျောက်ကင်းစေနိုင်၏။

ရှောက်သီးအစေ့မှာ ဝမ်းမီးတောက်စေ၏။ ကြေကျက်ခဲ၏။ လေး၏။ ကိုယ်ကို ပူနွေးစေ၏။ အားကိုဖြစ်စေ၏ သလိပ်နာ၊ မြင်းသရိုက်နာ၊ ရောင်ရမ်းခြင်းနှင့် လေနာ၊ သည်းခြေနာတို့ကို ငြိမ်းစေ၏။

**[ကျမ်းကိုး ပုံပြဆေးအဘိဓာန် တတိယတွဲ]**

ဆေးဖော်နည်းမှာ...

ဆင်တုံးမနွယ်ပင်စည်(နွယ်) (၂၅)ကျပ်သား ရှောက်သီးအရည်ရွှန်းရွှန်းတစ်လုံး ထန်းလျက် (၁၀)ကျပ်သားနှင့် ဆားအနည်းငယ်နှင့် (၁)လီတာ (၂)ဘူးတို့ ဖြစ်ပါသည်။

ဆင်တုံးမနွယ်ပင်စည်(နွယ်)ကို တစ်လက်ခန့် ဖြတ်ပါက ရှောက်သီးကို အတုံးလေး ဖြစ်အောင်လှီးပါ။ ထန်းလျက်ကို ထု ရေ(၂)လီတာဆန့် ပလတ်စတစ်ပုံး ထည့်ပါ။ ယင်းသုံးမျိုး ထည့်ပြီးလျှင် အနည်းငယ်ထည့်၍ (၃)ရက်ခန့် စိမ်ထား လျှင် မနက် အဖန်ပန်းကန်တစ်လုံး ည အဖန် ပန်းကန်တစ်လုံး နေ့စဉ်သောက် က တစ်လခန့် စွဲ၍ သောက်စေချင်ပါ

မိမိရောဂါ အနုအရင့်ပေါ် မူတည် ဆိုခဲ့ပြီးသော ရောဂါဝေဒနာများ ပျော ကင်းချမ်းသာ၍ နုပျိုလန်းဆန်း ပေ လာပါလိမ့်မည်။ ခါးတော့ ခါးပါသည် ခါးရင်လည်းသောက်ပါ။

ရေရှည်စွဲသောက်ပါက မြန်မာ ရင်းဆေး၏အစွမ်းကိုသိလာပါလိမ့်

*စိတ်ထားကောင်းလျှင် ကံကောင်း*

**အောင်မိုးမြင့် (မြနှပြည်တော်)**

www.burmeseclassic.com



(ကြော်ငြာဆောင်းပါး)

# အဆီကျ အလှပို ဆီး,ဝမ်း မှန်စေလိုလျှင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို မှီဝဲပါ

ကျွန်မတို့လို မိန်းမသားတွေဟာ အမျိုးသားတွေ ထက် အနာရောဂါပိုပြီး ဖြစ်လေ့ဖြစ်ထရှိပါတယ်။ အမျိုးသမီးများ အနေနဲ့ အထူးအလေးပေး ဂရုတစိုက်ရှိတာကတော့ ဓမ္မတာ ပါ လစဉ် ၂၈ ရက်တစ်ကြိမ် ဆင်းသက်လာတဲ့ သွေးသား ပါ။ အဲဒီသွေးသား ဓမ္မတာမမှန်ကန်ဖောက်ပြန်ခြင်း ကြောင့် ရောဂါပေါင်းမြောက်မြားစွာ ဖြစ်ပေါ် ခံစားရသလို သွေးသားမှန်ကန်နေရင်လည်း အသားအရေ စိုပြေဝင်းပ ကျန်းမာပြီး လှပတင့်တယ်လို့နေပြန်ပါတယ်ရှင်။

ယနေ့ခေတ်မှာ ခေတ်မီသော အမျိုးသမီးများအတွက် ပဋိသန္ဓေတားဆေးတွေ သုံးစွဲခြင်းကြောင့်လည်း ရောဂါတစ်ခု မဟုတ်တစ်ခု ဖြစ်ပေါ် ခံစားနေရတယ်လို့ သမားတော်ကြီး ဆရာမြင့်မှ ပြောပြခဲ့ဖူးပါတယ်။ အလွန်မှန်ကန်တဲ့ ကျန်း မာရေးပညာပေးစကားဖြစ်ပါတယ်။ ယင်းပဋိသန္ဓေတားဆေး များ သုံးစွဲခြင်းကြောင့် ၂၈ ရက် တစ်ကြိမ် သွေးဖွားရမည့် လကျော် နှစ်ကျော်တဲ့အထိ ဓမ္မတာသွေးဟာ ဖွားခြင်းဆင်း ခြင်းမဖြစ်ဘဲ ခန္ဓာကိုယ်တွင်း ခိုအောင်းနေတတ်ကြပါတယ်။

ဒီလို သွေးဟောင်းလည်း မဆင်း၊ သွေးသစ်လည်း မပေါ်၊ လနှစ်ကြာလာသော် ကျွန်မတို့လို အမျိုးသမီးများမှာ အသားအရေ မကြည်လင်တော့၊ ပွယောင်ယောင်နှင့် ညို ညှိရောင်သန်းလာပြီး ဗိုက်ခေါက်ထူကာ ဝ,သထက် ဝ, လာ ကြပါတော့တယ်။ ခန္ဓာကိုယ် ဝ,လာတာနှင့်အမျှ ရောဂါ တွေလည်း ခုတစ်မျိုး၊ တော်ကြာတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်လာ တော့တာပေါ့ရှင်။

ကြာတော့ လူလည်း အလှပျက်၊ အသားအရေလည်း မကြည်လင်၊ ဗိုက်ပူနံကား ငါးစီပူခါးလို ပုံကပျက်၊ ရောဂါက ထွက်တော့ စိတ်ပျက်ရတော့တာပေါ့။ ဒီလိုနဲ့ သင့်တော်မယ့် ဆေးကို ရှာမိပါတယ်။ ဒါနဲ့ပဲ သမားတော်ဆရာမြင့်ထံ ရောက်သွားပါတယ်။ ဆရာ့ကို ဖြစ်ပျက်ခံစားနေရတာတွေ ကို အကုန်ပြောပြဆွေးနွေးမိတော့ ဆရာက-

"မကေသီအောင်ရေ အခုခေတ်မှာတော့ အများစု သော အမျိုးသမီးတွေ ဖြစ်ပေါ် ခံစားတွေ့ကြုံနေရတဲ့ ခေတ်မီရောဂါပေါ့ဗျာ" တဲ့လေ. .။

"ဆရာရယ် ဘယ်လိုကြောင့် ဒီလိုဖြစ်ရတာလည်း" ဆိုတော့ -

"မကေသီအောင်ရေ၊ မကေသီအောင် ပြောသလို ပဋိ သန္ဓေတားဆေးတွေကြောင့် ပါသလို နေ့စဉ် စားသောက်နေ ရတဲ့ အစားအသောက်တွေကြောင့်လည်း ပါပါတယ်။ ပြီး တော့ လူနေထိုင်မှုပုံစံ၊ နောက် ပတ်ဝန်းကျင်စတဲ့ အ ကြောင်းတွေကြောင့်လည်း ဒီလိုဖြစ်တတ်ပါတယ်"

"ကျွန်မတို့လို အိမ်ထောင်ရှင်အမျိုးသမီးများ အနေနဲ့ မကင်းနိုင်တဲ့ ပဋိသန္ဓေတားဆေးတွေကြောင့် လစဉ်မမှတာ မလာတာကနေစပြီး အမျိုးသမီးတွေ ဝ,လာတယ်၊ ရောဂါ တွေ ပိုထူပြောလာတယ်လို့ ခံစားရပါတယ် ဆရာ၊ အဲ့ဒါကို ဘယ်လိုကုသပြီး ဘယ်လိုဆေးမျိုးတွေ သုံးစွဲသင့်ပါလဲ ဆရာ" ဆိုတော့ -

"မကေသီအောင်မေးတဲ့ မေးခွန်းက ကောင်းပါတယ်။ အမျိုးသားတွေနဲ့ အမျိုးသမီးတွေရဲ့ စွန့်ထုတ်ပစ္စည်းမလ ကွာခြားချက်က ဓမ္မတာသွေးသားပဲ ဖြစ်ပါတယ်။ ကျန်တာ ကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး တွေဟာ အမျိုးသားရော အမျိုးသမီးပါ တူညီနေပါတယ်"

"ဟုတ်ကဲ့ ဆရာ"

"ဒီတော့ အမျိုးသမီးအနေနဲ့ အထူးသဖြင့် ပဋိ သန္ဓေ တားဆေးတွေ သုံးလို့ပဲဖြစ်ဖြစ် အစားအသောက် အနေအ ထိုင်တွေကြောင့်ပဲဖြစ်ဖြစ် ဓမ္မတာမမှန် ထိန့်ကျန်ချုပ် ငုပ်နေ တာ ကြာလာတာနဲ့အမျှ ရောဂါတစ်ခု မဟုတ်တစ်ခုတော့ စွဲကပ်လာပါတယ်။ ဒီလိုအခါမျိုးမှာ တားဆေးတွေကြောင့် ဓမ္မတာမပေါ်တာကို ကုစားဖို့လိုပါမယ်"

"ဘယ်လိုများ ကုစားရမလဲဆရာ"

"စောစောက ဆရာပြောခဲ့သလိုပေါ့ လူသားတွေ အ နေနဲ့ နေ့စဉ်စွန့်ထုတ် ဖယ်ရှားပေးရမယ့် မလအဆိပ် ဓာတ် တွေရှိပါတယ်။ ဒါတွေကတော့ ဆီး၊ ဝမ်း၊ လေ၊ ချွေး ပြီးတော့ အမျိုးသမီးတွေလစဉ်စွန့်ပေးရတဲ့ သွေးသားဓမ္မတာပေါ့။ သွေးသားဓမ္မတာကတော့ တားဆေးတွေကြောင့် ဖြစ်ဖြစ်၊ အစားအသောက်ကြောင့်ဖြစ်ဖြစ် လစဉ်မပေါ်ဘူးဆိုရင် ကျန်တဲ့ ဆီး၊ ဝမ်း၊ လေ၊ချွေးတွေ မှန်နေဖို့လိုပါတယ်။ ဒီ မလလေးမျိုးထဲက ဆီးနဲ့ဝမ်းဟာ အဓိကဖြစ်ပါတယ်။ နေ့စဉ် ဆီး၊ ဝမ်း မှန်စေရန် ဂရုတစိုက် ပြုပြင်နေဖို့ရပါ မယ်။ အဲဒီလိုတားဆေးသုံးသူတွေရော၊ တားဆေးမသုံးသူတွေ

www.burmeseclassic.com

ပါ ဖြစ်လေ့ဖြစ်ထရှိတဲ့ ဗိုက်ပူခြင်း၊ ဗိုက်ခေါက်တွေထူလာခြင်း၊ အဆီတွေ ဝမ်းဗိုက်ပြင်မှာ စုလာခြင်း၊ အသားအရေစိုပြည်မှု မရှိခြင်း၊ ကြည်လင်တောက်ပဝင်းလက်မှုမရှိခြင်း၊ နောက် ကြောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူး၊ ခေါင်းအုံဖြစ်ခြင်း၊ ကိုယ်လက်များ လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်း၊ ပေါ့ပါးသွက်လက်မှု မရှိခြင်း၊ ဆီးချို သွေးတိုး အသည်းအဆီဖုံး၊ နှလုံးသွေးကြောကျဉ်း စတဲ့ ရောဂါများနဲ့ အမျိုးသမီးရောဂါများကို ဖြစ်ပေါ်လာစေပါတယ်။ ဒါကြောင့် ဆီး၊ ဝမ်း၊ သွေး၊ လေ၊ ချွေးတို့ကို မှန်မှန်စွန့်ထုတ်နိုင်စေရန် နေထိုင်စားသောက်ရပါမယ်။ အကယ်၍ ကျန်းမာပြီး စိုပြည်လှပ အချိုးအစားကျတဲ့ ခန္ဓာကိုယ်ကို ပိုင်ဆိုင်ချင်တယ်ဆိုရင်တော့ ဆီးနဲ့ဝမ်းကိုတော့ မှန်ကို မှန်နေအောင် ပြုပြင်နေထိုင်ရပါမယ် မကေသီအောင်"

"ဒါဆို တားဆေးတွေကြောင့် သွေးသားမပေါ်ရင် ဆီး၊ ဝမ်းမှန်အောင် ပြုပြင်ပေးရင် အဝလွန်ခြင်း၊ ဗိုက်ပူခြင်း၊ အသားအရေညစ်ထေးခြင်း၊ အကြောတက်ညောင်းညာခြင်းများနဲ့အတူ အခြားသောရောဂါတွေပါ ဖြစ်ပွားမလာအောင် တားဆီးနိုင်တာပေါ့ နော်. . . ဆရာ"

"ဟုတ်ပါ့ဗျာ. . ."




"အဲဒါဆို ဘာဆေးသောက်မလဲ ဆရာ"

"ဆရာ့ဆီလာတော့လဲ ဟောဒီ **မြင့်မြန်မာ တော** **ရှောက်သီး အကြောပြေဝမ်းမှန်ဆေး**ကိုပဲ ညွှန်ရမှာပဲဗျ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးက ဘာတွေ ကောင်းလဲဆရာ"

"ဘာတွေကောင်းလဲဆိုတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချု ရောဂါတွေ၊ စမြင်းခံခြင်း၊ ဇက်ကြောတက်၊ နောက်ကြော ထိုးခြင်း၊ ခေါင်းအုံ့ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း လာလိပ်ခေါင်းဖြစ်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အ အပုပ်များခြင်း၊ ဆီးချုပ်,ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေ ချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ေ မွဲခြောက်ခြင်း၊ အဖုအပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေ မသန့်ခြင်း၊ ပါးစပ်နံခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပူ များ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျ ရည်ပူများကျခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အ နာတွေဖြစ်ခြင်း၊ သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအေ ဆီးဝါ၊ ဆီးနီ၊ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက် မှည့်ခြောက်ထွက်ခြင်း၊ သွေးမာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ အ အပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြ ဗိုက်ခေါက်ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး ကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသေ အဆီပိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွှတ်မှန်ကန်စေပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက် စေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေ ဖြင့် အထက်ပါရောဂါတွေကို ပျောက်ကင်းသက်သာပြီး မ သေးရင်လည်း ကာကွယ်ပြီးသားဖြစ်စေပါတယ်" **(ဝမ်း ဆေးမဟုတ်၍ နေ့စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်။ ဝမ်း တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲနိုင်ပါသ**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေရရှိအေ ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့်ဆေးပါ ညွှန်ပြ တဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆ


---

ပင်ရင်း - **စကြာမင်းဆေးတိုက်**
အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း - ၀၁ ၆၉၁၀၉၁၊ ၄၅၇၃၁၉၇



www.burmeseclassic.com

www.burmeseclassic.com



◆ ရာဇမဏိစူဠာ ကောင်းမှုတော်စေတီ

ခရီးသွား

# ကောင်းမှုတော်ဘုရား

နှင့် မေတ္တာကန်

'အချိန်ရရင် ကျွန်တော့်ဆီ အလည်လာရင်း ကောင်းမှုတော်စေတီ ဖူးသွားပါဦး။ ဌာန ဆိုင်ရာအဖွဲ့တွေ ဦးဆောင်ပြီး အများ ကောင်းမှုနဲ့ ကိုယ်လုံးတော်ပြည့် ရွှေသင်္ကန်း ကပ်ထားတာ. အင်မတန် သပ္ပာယ်တယ်။

ကျွန်တော်တော့ အလုပ်မှာဖြစ်စေ လူမှုရေး ကိစ္စတွေမှာဖြစ်စေ စိတ်အနှောင့်အယှက် ကြုံရရင် ကောင်းမှုတော်ငါးကန်မှာ ငါးစာ ကျွေး။ ငါးလွှတ်တယ်။ ဇီဇိတဒါနပြုရလို့ ကုသိုလ်စိတ်နဲ့ ဝမ်းမြောက်မှုအပြင် တခြား ဓာပါရတွေ တအံ့ မေ့ပျောက်ထားနိုင်လို့ အလုပ်ပြန်ဝင်တော့ အဆင်ပြေပြေ လုပ်နိုင် တာပေါ့'

စစ်ကိုင်းမြို့ ကောင်းမှုတော်ဘုရား အနီးတွင် နေထိုင်သူ မိတ်ဆွေပြောခဲ့ သည့်စကားကြောင့် ရွှေမင်းဝံရပ်ကွက် မှအပြန် အဝေးပြေးလမ်းမပေါ် ရောက် သောအခါ ရာဇမဏိစူဠာခေါ် ကောင်းမှု တော်စေတီဘက်သို့ ခြေဦးလှည့်ခဲ့ သည်။

ခံ့ညားသော အဝင်မုခ်ဦးမှ ဖူးမြင် ရသည့် ကောင်းမှုတော်စေတီကြီးမှာ ရွှေသင်္ကန်းရောင် ဖိတ်ဖိတ်တောက် လျက် ရွှေတောင်ကြီးပမာ ကြည်ညို ဖွယ်ကောင်းလှသည်။ စေတီတောင် ဘက်မုခ်ရှေ့ရောက်သော် လက်ဝဲဘက် ကားဝင်လမ်းမှ စေတီအား လက်ယာ ရစ်ပတ်ကာ မြောက်ဘက်ရှိ မေတ္တာ ကန်သို့ ဦးစွာ သွားရောက်သည်။

## မေတ္တာကန်

သာလွန်မင်း ကောင်းမှုတော်စေတီ တည်စဉ်ကာလ စေတီ၏ မြောက်ဘက် မျက်နှာစာတွင် ရေတွင်းရေကန်တူးရန် သိကြားမင်း မေတ္တာရပ်ခံ၍ ကန်၏ အရှေ့ဘက်တွင် ကွယ်ပျောက်သွား သည်ကို အစွဲပြု၍ မေတ္တာကန်ဟု ခေါ်တွင်ခြင်း ဖြစ်သည်။

အရှေ့, အနောက် အလျားပေ

www.burmeseclassic.com

(၂၀၀)နီးပါးနှင့် တောင်, မြောက် အနံ ပေ (၁၅၀)ကျော်ရှိသည်။ မေဃ္ဃာကန်၏ ထူးခြားချက်များအနေဖြင့်...

၁။ အခါခပ်သိမ်း ကန်ရေများ ကုန်ခန်းသည်ဟူ၍ မရှိခြင်း။

၂။ ကန်အနီးတစ်ပိုက် သစ်ပင်များရှိသော်လည်း ကန်အတွင်း၌ သစ်ရွက်၊ ရေညှိများ ကင်းစင်၍ အမြဲတမ်း သန့်ရှင်းကြည်လင်နေခြင်း။

၃။ တိုင်းပြည်ဝယ် ထူးခြားမှု တစ်စုံတစ်ရာ ဖြစ်မည်ဆိုပါက ဆန်ခေါးရည်ကဲ့သို့ ကန်ရေ နောက်ကျိလာခြင်း။

၄။ ကန်အတွင်းသို့ဆင်း၍ ရေချိုးခြင်း၊ ကန်ရေကို မိန်းမများ ရေချိုးခြင်း၊ အသုဘကိစ္စနှင့် မီးဖွားခြင်းကိစ္စများတွင် ကန်ရေကို သုံးမိပါက ဘေးဥပဒ်အန္တရာယ်များ ထင်ရှားစွာ ကျရောက်ခြင်း။

၅။ ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်တို့က



▲ မေဃ္ဃာကန် တန်ဆောင်း

ကန်တွင်းမှ ငါးများ, လိပ်များကို ဖမ်းယူစားသုံးရာ ဝမ်းကျ၍ သေဆုံးကြသည်။ မကြာမီ တစ်တပ်လုံး ဒုက္ခရောက်ကာ ထွက်ပြေးရခြင်း။

၆။ ကန်ရေကို သောက်သုံးခြင်း၊ မျက်စဉ်းခတ်ခြင်း ပြုလုပ်ပါက ဘေးရန်ကင်းပခြင်း။

၇။ အင်္ဂလိပ်တို့ ဆုတ်ပြေးရာတွင် ယင်းစစ်တပ်သုံးရန်အတွက် ကန်ရေကို စက်ဖြင့် တင်

▼ ကျယ်ပြောတည်ငြိမ်သည့် မေဃ္ဃာကန်ရေပြင်





www.burmeseclassic.com

www.burmeseclassic.com






▲ မေတ္တာကန်ပေါင်မှ ဖူးတွေ့ရသော ကောင်းမှုတော်

မြောက်ဘက်မုခ် ရုပ်ပွားတော် ▶

▼ စေတီရှေ့ တောင်ဘက်အဝင်မုခ်ဦး



ရာ စက်နှစ်လုံး ပျက်စီးပြီး ရေ မရရှိခြင်း။

ဖြစ်ပေါ်လေ့ရှိသည်ဟု မေတ္တာကန် အဝင်တန်ဆောင်းတွင် ကမ္ပည်းစာ ရေးထိုးထားသည်။ ကန်အတွင်း၌ ငါးများ၊ လိပ်များက ဘုရားဖူးတို့ ပစ်ချပေးသော ငါးစာများကို လုယက်စားသောက်နေကြသည်။


ကျယ်ပြောလှသော ကန်ရေပြင်အား ကြည့်၍ စိတ်အတွင်းသန္တာန်၌လည်း ကြည်လင်ငြိမ်းအေးမှုကို ခံစားလိုက်ရသည်။ တောင်ဘက်ဆီသို့ လှမ်းမျှော်ကြည့်သောအခါ သစ်ပင်များအကြား ငွားငွားစွင့်စွင့် ပေါ်လွင်နေသည့် စေတီအထက်ပိုင်းနှင့် ထီးတော်ကို မြင်တွေ့ရသည်။

ထီးတော်မှာ အမြင့် (၂၆)ပေ၊ အောက်ခြေလုံးပတ် (၅၄)ပေ၊ (၈) လက်မရှိကာ အလေးချိန် ၃၄၄၀ ပိဿာရှိသော်လည်း ဉာဏ်တော်အမြင့် (၁၈၈)ပေ၊ အောက်ခြေလုံးပတ် (၈၈၀) ပေရှိသော စေတီတော်ကြီးနှင့် နှိုင်းစာလျှင် သေးငယ်စွာ ဖူးတွေ့ရသည်။ တေပါးမင်းကောင်းမှု သရမာစေတီပုံစံ (စပါးပုံ)ယူ၍ တည်ဆောက်ခြင်းဖြစ်ကြောင်း သိရသည်။

ဤနေရာတွင် လွန်ခဲ့သော နှစ်(၅၀) ခန့်က ပဋ္ဌမပတ္တိအရာ၌ ကျော်ကြားသည့် ပရက္ကမညီနောင် ဆရာတော်နှစ်ပါးသည် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလေ့ရှိခဲ့သည်။ ပရက္ကမချောင်မှ အရှေ့ဘက် ဝါးချက်ရွာသို့ (၁၅)ရက်၊ အနောက်ဘက် ရွာထောင်ရွာသို့ (၁၅)ရက် တစ်လှည့်စီ ဆွမ်းခံထွက်ကြရာ ရွာထောင်ရွာဘက် ဆွမ်းခံကြွသည့် ရက်များတွင် ကောင်းမှုတော်စေတီသို့ လာရောက် ဖူးမြော်ကြသည်။

မြောက်ဘက် မေတ္တာကန်ပေါင်မှ နေ၍ စေတီမြတ်အား ဆွမ်းကပ်လှူ ဆွမ်းဘုဉ်းပေးပြီးသောအခါ ပိုသမျှကို ကန်တွင်းရှိ ငါးများ၊ လိပ်များကို ကျွေးမွေးလေ့ရှိကြသည်ဟု ဖယ်ထရုပ္ပတ္တိ

www.burmeseclassic.com



◆ တနင်္ဂနွေထောင့်မှ ဘီလူးရုပ်များ

စာအုပ်တွင် ဖော်ပြထားသည်။

ထို့ကြောင့် ကောင်းမှုတော် ဘုရားဖူးရန် ဖိတ်ကြားသည့် မိတ်ဆွေနှင့် ပရက္ကမဆရာတော်များထံ၊ နှလုံးမူကာ ဒါနပြုလျက် ကန်တွင်းနေ ငါး၊ လိပ်များမှအစ (၃၁)ဘုံရှိ ဝေနေယျ သတ္တဝါအားလုံးသို့ မေတ္တာပို့ အမျှပေးဝေခဲ့လေသည်။

## ရင်ပြင်တော်ဝယ်

ထို့နောက် မြောက်ဘက်စောင်းတန်းအတိုင်း စေတီရင်ပြင်တော်သို့ ဝင်ရောက်ခဲ့သည်။ စေတီ လေးဖက်လေးတန် အာရုံခံတန်ဆောင်းလေးခုနှင့် ရုပ်ပွားတော်များ ပူဇော်ထားလေသည်။

ရုပ်ပွားတော်အား ဦးခိုက်ပြီးနောက် ရင်ပြင်တော် တနင်္ဂနွေထောင့်သို့ သွားကြည့်သည်။ ထိုနေရာတွင် စေတီတော်အား စောင့်ရှောက်ပေးကြသည်ဟု ယူဆကြသည့် ဘီလူးရုပ်များ ထားရှိသည်။

ဘီလူးရုပ်ဖြစ်သော်ငြားလည်း ပြုံးရယ်သောမျက်နှာနှင့် ပုပုလုံးလုံး ထုဆစ်ထားသည့် ချစ်စဖွယ် ပန်းတမော့ ကျောက်ဆစ်လက်ရာများ ဖြစ်သည်။ သူတို့အားလည်း (၁၀၁)ဆူ ဆရာတော် မိန့်ကြားသည့်အတိုင်း အမနုဿများအနေဖြင့် အမျှုးထားကာ လွှမ်းခြုံ မေတ္တာပို့ပေးခဲ့သည်။

မွန်ပြည်နယ်၊ ပေါင်မြို့၊ မိုးနိုင်းရပ်ကွက်ရှိ တစ်ရာ့တစ်ဆူကျောင်း ဆရာတော်သည် နေအိမ်များမှ ဆွမ်းပင့်ဖိတ်၍ ကြွရောက်သောအခါ တင်ပျဉ်ခွေထိုင်၍ တရားဟောကြားလေ့ရှိသော်လည်း ကျောင်း၌ သီတင်းသုံးသောအခါ ပုဆစ်ဒူးတုပ်၍ တင်ပါးလွှဲထိုင်လေ့ ရှိသည်။

မိမိထက်နိမ့်သော လူ့, ဒွါယကာများသာ ရှိပါလျက် အဘယ်ကြောင့် ဤသို့ ထိုင်တော်မူသည်ကို မေးလျှောက်သောအခါ "ရဟန်းရယ်၊ လူရယ် ခွဲခြားနိုင်တာက မြင်အပ်သော ပုဂ္ဂိုလ်ဖြစ်လို့၊ အဲဒီလိုပဲ နတ်, ဗြဟ္မာအစ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေလဲ ရှိသေးတယ်။

အဲဒီမှာ သက်တော်, ဝါတော် ကြီးရင့်တာလဲ ပါတယ်။ ဒါကြောင့် အဂါရ
မဖြစ်အောင် ဒီလိုနေတာပါ" ဟု ရှင်
တော်မူသည်။ သာမန်လူတစ်ယော
အနေဖြင့် မနုဿတောဝါ၊ အမနုဿ
တောဝါ ဆိုပြီး နှစ်စုနှစ်ရပ် လွှမ်း
မေတ္တာပို့ပေးနိုင်ပါက သင့်မြတ်
ကြောင်း မိန့်ကြားခဲ့ခြင်း ဖြစ်သည်

## စေတီနိဒါန်းနှင့် မြန်မာ့ဝေဒ

## ပညာအစွမ်း


ကောင်းမှုတော်စေတီကို သက္ကရာ
၉၉၇ ခုနှစ်မှစ၍ သာလွန်မင်းတရား
စတင် ကြိုးပမ်းတော်မူရာ ပညာရှိတို့
**"နတ်ဂဠုန်ကြီး၊ ကောင်းမှုပြီးသော**
**ရုပ်သီးတောင်စွန်၊ ဖြိုးဖြိုးပျံ့**
စေတီတည်ပြီးလျှင် မင်းကြီး ကံ
ကုန်လိမ့်မည်ဟု လျှောက်ကြ
လည်း ဘုရင်က...

'ဖြစ်သမျှ ပျက်မြဲဓမ္မတာ ဖြစ်သည်။
မတည်တဲ့နေသော် ကမ္ဘာပတ်လုံး
ရှည်ရာသလော၊ ကုသိုလ်ကောင်း
သည် နတ်ရွာနိဗ္ဗာန်သို့ ရောက်
အကြောင်း ဖြစ်သည်'



www.burmeseclassic.com

www.burmeseclassic.com





▲ လယ်အောင်မုဒ်ဦးနှင့် စေတီမြင်ကွင်း

◆ ကန်တော်ဆောင်းမုံဂုံမှ

မှတ်တမ်းစာ

ဟု မိန့်တော်မူသည်။ သို့နှင့် ၉၉၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်တွင် စတင် ပန္နက်ရိုက်ကာ တည်ဆောက်သည်။ ၁၀၀၉ ခုနှစ်၊ တော်သလင်းလတွင် တောင်ငူမှ ရောက်လာသည့် ဗေဒင်တတ် ဆရာတော်အား စေတီထီးတင်ရန် အခါတောင်းသည်။

'ရေမြေရှင်လက်ထက် အခါပေးမည်ဟု လာသည်မဟုတ်၊ သက်တော်လက်ထက်မှ အခါပေးမည်ဟု လာသည်'

ဟူ၍ မိန့်တော်မူသဖြင့် ထိုဆရာတော်ကို ပုဂံသို့ ပို့စေသည်။ ထို့နောက် ပုဏ္ဏားတော် အဇာဂရုအားခေါ်၍ ထီးတင်အခါကို တောင်းပြန်ရာ "ကိုယ်တော်မြတ် ထီးတင်အခါကို မမီချေ"ဟု လျှောက်သည်။

'ငါ ဘယ်နံခါ (ဘယ်ချိန်ခါ) နတ်ပြည်စံမည်နည်း'

'မနက်ဖြန် တစ်ချက်တီးကျော်တွင် နတ်ပြည်စံရမည်'

'မှန်လျှင်မှန်စေ၊ မမှန်သော် သားမယားနှင့်တကွ မီးပုံ၍တိုက်မည်'

ဤသို့ မိန့်တော်မူပြီးနောက် မှန်မမှန် နာရီခွက်ထား၍ စောင့်ကြည့်စေသည်။ နေ့ သုံးချက်တီးချိန် ရောက်သောအခါ "ငါမည်သို့မျှ မရှိ"ဟု မိန့်ရာ "အခါ မရောက်သေး"ဟု ပြန်လျှောက်သည်။ ထိုည လေးချက်တီးအချိန်တွင် အဖျားရောဂါရောက်၍ နောက်တစ်နေ့ တစ်ချက်တီးကျော်တွင် နတ်ရွာစံလေသည်။

အဇာဂရုပုဏ္ဏားသည် လောကုတ်, လောကီ စွယ်စုံပေါက်မြောက်သည်ဟု ကျော်ကြားသော "ငရနဲ"ဆရာတော်အား ဖူးမြော်ရာ သင်္ကန်း ခေါင်းမြီးခြုံလျက် ကျိန်းစက်နေသဖြင့် ခြေဖဝါးတော်ကြည့်ကာ ဇာတာဖွဲ့ထားခဲ့သည်။ ဆရာတော်နိုး၍ မိမိဇာတာတွေ့သော် မေးမြန်း၏။ အကြောင်းစုံသိရသော် ထိုသူကျိန်ရစ်သည့် ခြေရာကိုကြည့်လျက် ဇာတာဖွဲ့ကာ အမီ လိုက်ပို့စေသည် ဆို၏။

ကောင်းမှုတော်စေတီ တည်စဉ်ကာလ သက္ကရာဇ် ၁၀၀၀ ကျော်ဝန်းကျင်တွင် ရဟန်း, လူ ပညာရှိများ၏ ဝေဒပညာအစွမ်းမှာ အံ့မခန်းလောက်အောင် ထက်မြက်လှပေသည်။

ကောင်းမှုတော်စေတီ ထီးတော်ကို ၁၀၁၁ ခုနှစ်၊ ကဆုန်လဆန်း (၈)ရက်နေ့တွင် သားတော် ပင်းတလဲမင်းက တင်လှူ ပူဇော်ခဲ့လေသည်။

ရာဇမဏိစူဠာခေါ် ကောင်းမှုတော်ဘုရား ဖူးမြော်ခြင်းအားဖြင့် စေတီမူလဒါယကာ သာလွန်မင်း၏ တရားပြည့်ဝသောအသိနှင့် ရဲရင့်သော သတ္တိကိုလည်းကောင်း၊ ထိုခေတ်ကာလ ရဟန်းပညာရှိ လူပညာရှိတို့၏ အံ့မခန်းသော ပညာအစွမ်းကိုလည်းကောင်း၊ အရိယာသူတော်စင်တို့၏ မေတ္တာမလေ့မြတ်သောစရဏကို လည်းကောင်း အသိအမြင် တိုးပွား၍ အားကျ ဝမ်းမြောက်ရသည့် ပူဇော်မှုခရီးတစ်ရပ် ဖြစ်ပေသည်။

ခင်ထွန်း

www.burmeseclassic.com

# မြွေပွေးပြာ

အသုံးဝင်ပုံ ဖြည့်စွက်ပါရစေ

ကိုစိုး (စိုးသိပ္ပံ)



နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ကလောင်ရှင်**ကိုကိုအောင်(မြကန်သာ)** ရေးသည့် **မြွေပွေးပြာ၏ အသုံးဝင်ပုံ** ကို ဖတ်လိုက်ရ၍ ဖြည့်စွက်ပြီး တင်ပြချင်သည့်စိတ်ကူး ပေါ်လာပါသည်။

စာရေးသူ ငယ်ငယ် ကျောင်းသားဘဝက အတွေ့အကြုံတစ်ခု ပြောပြတင်ပြချင်ပါသည်။ **၁၉၆၀ ပြည့်နှစ်**လောက်က ဘ.က ဘုန်းတော်ကြီးကျောင်းမှာ စတုတ္ထတန်းကျောင်းတက်နေစဉ် တစ်နေ့မှာ ဆရာတော်က...

'ဟေ့ မောင်ကျောင်းသား ဒီလွယ်အိတ်ယူပြီး ငါ့နောက် လိုက်ခဲ့ကွာ'

ဆိုတော့ စာရေးသူလည်း ဆရာတော်နောက် လိုက်သွားပါသည်။

ရွာထဲရောက်တော့ ဦးဘဆိုသူ၏ အိမ်မှာ အနာကြီးရောဂါ(ကူဋ္ဌနူနာ) ရှိသူတစ်ယောက် တွေ့လိုက်ရပါသည်။ ယင်းလူနာကို ကြည့်လိုက်တော့ နှာခေါင်းမှာ အနည်းငယ် ပိန်ချိုင့်နေပါသည်။

လက်မောင်း အသားတွေမှာလည်း အသားအရေမမှန် နီစပ်စပ်အရောင်များ ဖုတုတုများ မြင်တွေ့ရပါသည်။

ဆရာတော်က ယင်းလူနာကို သေချာစစ်ဆေးကြည့်ရှုပြီး...

'မင်း ငါပေးတဲ့ဆေး မှန်မှန်စားမလား။ ဆေးမှန်မှန်စားရင် ရောဂါပျောက်မယ်၊ လူထဲသူထဲ ဝင်ဆန့်နိုင်မယ်။ ဒီတော့ ဆေးတော့ မှန်မှန်စားဖို့လိုတယ်။ ရောဂါလဲ တဖြည်းဖြည်း လျော့ပြီး သက်သာသွားမယ်'

လူနာက ''ဆေးစားပါ့မယ်'' လို့ ကတိပေးပါသည်။

ဆရာတော်က စာရေးသူထံမှ လွယ်အိတ်ကိုယူပြီး အသင့်ပါလာသော ပုလင်းထဲမှ ဆေးကိုယူပြီး...

'ဆေးမှုန့်ကုလားပဲစေ့ခန့်ကို ပျားရည်စစ်စစ်နဲ့ ရောပြီး စားပါ။ ဒီဆေးစားပြီးရင် ညအိပ်ရာဝင်ချိန် ဝမ်းနုတ်ဆေးကို လက်ဖက်စားဇွန်းနဲ့ တစ်ဇွန်းစားပါ။ ရေ ဝဝသောက်ပါ။ ပထမဆေးစားပြီးနေ့မှာ ညအိပ်ရာဝင်ရင် ဆေးစားဖို့မမေ့နဲ့'

ဟု မှာထားခဲ့ပါသည်။

နောက် တစ်ရက်၊ နှစ်ရက်အကြာတွင် ဦးဘသည် ဆရာတော်ကျောင်းသို့ ရောက်လာပြီး...

'ဆရာတော်ဘုရား သားဖြစ်သူကတော့ မနေနိုင် မထိုင်နိုင် ဖြစ်နေပါတယ်ဘုရား။ ဆရာတော် လိုက်ကြည့်ပေးပါဘုရား'

ဟု လျှောက်ထားပါသည်။


ဆရာတော်က...

'ဒကာကြီးသား ဆေးမှန်မှန် စားရဲ့လား။ ပထမဆေးစားပြီးတိုင်း ညအိပ်ရာဝင် ဒုတိယဖြစ်တဲ့ ဝမ်းနုတ်ဆေးစားဖို့ မမေ့ စနစ်တကျစားဖို့ လိုတယ်။

ရောဂါပိုးတွေက ဟိုထိုးဒီထိုးနဲ့ ထိုးထို ထိုးတတ်တယ်။ ဒါကြောင့် ပိုးတွေ တစ်ထဲ သွားအောင် ဝမ်းနုတ်ဆေးစားဖို့ မမေ့ ပြောတာ'

ဟု မိန့်မှာပါသည်။

နောက် သုံးလကြာသော် သက်သာ ကြောင်း၊ အသားအရေချောလာ ကြောင်း အကြောင်းကြား လျှောက် ထားပါသည်။




စာမျက်နှာ (၁၃၅) သို့

www.burmeseclassic.com

ခံတွင်းမြိန်ကြတဲ့

# စားဖားဟင်းချက်



## အညှီအနံ့ပျောက်အောင် ချက်ပြုတ်နည်း

မိုးဖြိုင်ဖြိုင်ကျသော ကာလဖြစ်၍ ... ကျေးလက် ကျော်စ်ကေးများနှင့်အတူ ... သွားလွှား စားဖားကြီးများကိုလည်း ... များစွာ တွေ့ရတတ်သည်။

နယ်လှည့်စာသမားတစ်ဦး အနေ ... ဖြင့် တာဝန်ကျရာ ရွှေတောင်မြို့နယ်၊ ... ဆည်ကြီး(ကျေးရွာသစ်)သို့ ရောက်ရှိ ... သိမကျွမ်းသော်ငြားလည်း ဘုရားဖူး ... ဆည်သည်တစ်စု မိမိတို့ ရွာဦးသိမ် ... ကျောင်းသို့ ရောက်နေကြောင်း ဆရာ ... တော်ထံမှ ကြားသိရသည်တွင် နေအိမ် ... နှိုးထမင်း ရှိဟင်းဖြင့် ဖိတ်ခေါ်ကျွေး ... မွေးလေရာ ဆည်ကြီး(ကျေးရွာသစ်)ရှိ ဦးဆန်းဝင်း နေအိမ်သို့ ထမင်းစားရန် ရောက်ရှိခဲ့သည်။

ငါးကလေးခြောက်ကြော်၊ မျှစ်စို့ ... ဟင်း ကန်စွန်းချဉ်ရည်ဟင်းနှင့်အတူ ကြက်သားဟင်း၊ ဖားသားဟင်းများ ... ဆင်လှသည်။

သူတို့တည်ခင်းသော ဖားသားဟင်း ... ကြက်သားမွှကြော်နှင့် ဆင်တူ၍ ... အနံ့အသက်မညှီ အရသာကောင်းမွန် ... ဖြင့် စုံစမ်းကြည့်သည်။

'စားဖားကို အရင်မီးကင်ရတယ် ဆရာ၊ အညစ်စင်သွားတော့မှ ရေတိ၊ ချင်း၊ မဆလာ လိုရာထည့်ပြီး ကြော်ကြော် ချက်ချက် ညှီနံ့ မနံတော့ပါဘူး'

ဟု ပြောပြသည်။

တစ်လုပ်သာမက ထမင်းတစ်နပ် ... လင် လက်ဖက်၊ သကြား၊ ဆေးလိပ်၊ ... စုံလင်စွာ ဧည့်ခံ ဒါနပြုကြသော ဦးဆန်းဝင်းမိသားစု၏ စိတ်ရင်းစေတနာကို လှိုက်လှဲစွာ အသိအမှတ်ပြုပါသည်။

စားဖားဟင်း ချက်ပြုတ်နည်းကို ပေါင်မြို့တွင် အိုးသူကြီး ဦးချစ်သိန်းအား မေးမြန်းစပ်စုမိသည်ကိုလည်း ပြန်သတိရလာသည်။

ဦးချစ်သိန်းမှာ ပုံးပလိုင်(မွန်ဝေါဟာရဖြစ်သည်။ ကာလသားဟင်းဟု အဓိပ္ပာယ်ရသည်။)အိုးသူကြီးတစ်ဦးဖြစ်ကာ သူ ချက်ပြုတ်ကျွေးမွေးသော စားဖားဟင်းကို သတိရသဖြင့် မေးမြန်းကြည့်သည်။

'စားဖားဆိုတာ အရေခွံချွတ်လိုက်ရင် ပကာတိလူ့ပုံစံပဲ။ အကြီးအသေးသာ ကွာပါတယ်ဆရာ။ ဟင်းချက်မယ်ဆိုရင် ပေါင်ရင်းက အကျိတ်ကို ဖယ်ပစ်ရပါတယ်။

ကျွန်တော်တို့ မြေထောက်မှာ ဒယ်ရာအနာ တစ်ခုခုရရင် ပေါင်မွေးခုတယ်ဆိုတဲ့ အကျိတ်ပဲ။ အဲဒါကို ဖယ်လိုက်ရင် ဖားသားဟင်း ကြက်သားဟင်းရယ်လို့ ခွဲလို့မရ အနံ့မညှီတော့ပါဘူး'

ဟူ၍ ရှင်းပြလေသည်။ ကျွန်ုပ်လိုချင်သော ဥစ္စာကား ရလေပြီတည်း။

သို့ဖြစ်ရာ အိမ်ရှင်မများအတွက် ဖားသားဟင်း ညှီနံ့ကင်းအောင် ချက်ပြုတ်နည်းကို မျှဝေခြင်း ဖြစ်ပါသည်။

ကိုစိုးဆန်း

စာမျက်နှာ (၁၃၄)မှ အဆက်

၁။ ပထမဆေးက [illegible]

၂။ ဒုတိယဆေးက ဝမ်းနုတ်ဆေး ဖြစ်ပါသည်။ ဝမ်းနုတ်ဆေးနည်းကို ဖော်ပြလိုက်ပါသည်။

| | | |
|---|---|---|
| ၁။ | မှော်ဆိုင်း | ၂၅ ကျပ်သား |
| ၂။ | ကြံ(ကြီး) | ၅ ကျပ်သား |
| ၃။ | သိမ်ဖွှာ | ၅ ကျပ်သား |
| ၄။ | နွယ်ချို | ၅ ကျပ်သား |
| ၅။ | ဇက်သာ | ၅ ကျပ်သား |
| ၆။ | ဆားပုပ် | ၇ ကျပ်သား |
| ၇။ | ထင်းရှူးကတ်ဘူး | ၁ ကျပ်သား |
| ၈။ | ကြာပုပ် | ၁ ကျပ်သား |
| ၉။ | အလိုက်ချ | ၁ ကျပ်သား |

ယင်း (၉)မျိုးကို အမှုန့်ပြုလုပ်ပုလင်းထဲထည့်၍ ညအိပ်ရာဝင်လျှင် **လက်ဖက်စားဇွန်း တစ်ဇွန်းစား၍** ရေ ... ဝ သောက်ပါ။ ဆီးရွှင်၊ ဝမ်းသက်၊ မျက်စိကြည်ပါသည်။

မြွေပွေးကြာ မြုလုပ်ပုံ

မြွေပွေးအသေကို မြေအိုးအသစ်တစ်လုံးတွင် ထည့်၍ အဖုံးဖုံးပါ။ မြေစေးဖြင့် ဇော်မံပါ။

မြွေပွေးထည့်ထားသော မြေအိုးကို မြေကျင်းတူးထားသော ကျင်းထဲသို့ ထည့်၍ ဘေးပတ်လည်တွင် စပါးအခွံ အပြည့်ထည့်ပါ။ ယင်းစပါးအခွံတွေကို မီးရှို့ပါ။ မြွေပွေးပြာ ဖြစ်သည်အထိ ပြုလုပ်ပါ။

ယင်းပြာကို အမှုန့်ပြု၊ ပျားရည်နှင့်ရော၍ တစ်နေ့ မန်ကျည်းစေ့ခန့် စားပေးခြင်းဖြင့် ကိုယ်အရေပြားရောဂါများ သက်သာပျောက်ကင်းစေပါသည်။

***[ကျေးမှုရှင် ဆရာတော် ဦးပဏ္ဍိတသို့ မှခဇာ် ဦးခိုက်ပါ၏...]***

**ကိုစိုး (စိုးသိဗ္ဗ)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှဲ့ လိမ်းဆေး




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၇၁၀ YR ၀၀၆၀၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-၀၆၁၃ Y ၀၀၆၅၀၃)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

"မမမျိုးရေ မမမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"သြော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ဟိုဘက်၊ ဒီဘက် လှည့်တာတောင် မချိမဆံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"သြော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျီးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင် ပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်း နှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါး ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြော ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက် ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အော ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြော အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒ ခြင်း၊ အရိုးကျီးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်း၊ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရော များကို သက်သာပျောက်ကင်းစေတဲ့ ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေး လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျော ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက် သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း ဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ်-၈/၆၆၆၊ သုဝဏ္ဏာလမ်းကြီး၊
သန္တာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ဖုန်း-၇၂၂၅၁

www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး

ဒေါ်သုမနဝိစိတ္တ
(B.Sc,H.G.P,Dip.Ed)

**၁၉၆၄ ခုနှစ်၊ မေလတွင်** ဝေဘူဆရာတော်ကြီးကို ဖူးတွေ့ခွင့် ရခဲ့ပါသည်။ **စာရေးသူ (၁၂)နှစ်အရွယ်**ကပါ။ စာရေးသူတို့မြို့သို့ ကျောက်ဆည် ဝေဘူဆရာတော်ကြီး ကြွရောက်ခဲ့ပါသည်။ တရားချီးမြှင့်ရန်အတွက်ပါ။ သာသနာပြုခရီးပါ။

စာရေးသူဖခင်သည် နေ့ကျောင်းပိတ်လျှင် ဝန်းသိုခန္တီးဆရာတော်ကြီးထံ သွားပါသည်။ တရားအားထုတ်ရန် ဖြစ်ပါသည်။ ကျောင်းဖွင့်ခါနီးမှ ပြန်လာလေ့ ရှိပါသည်။

၁၉၆၄ ခုနှစ်၊ မေလတွင် ပညာရေးကိစ္စကြောင့် စောစော ပြန်လာပါသည်။ (၄)ရက်ကြာသောအခါ ဖခင်ကြီးက ဝေဘူဆရာတော်ကြီး ကြွချီပါမည်ဟု ပြောပါသည်။ တစ်အိမ်သားလုံး မဖူးမနေရ ကုသိုလ်မပြုမနေရဟု တိုက်တွန်းပါသည်။ အမိန့်ထုတ်ခြင်းပါ။

စာရေးသူ၏ အစ်ကိုကြီးသည် အလယ်တန်းပြဆရာ ဖြစ်ပါသည်။ အင်္ဂလိပ်တွင် (တပ်ဦး)ဆိုသော နိုင်ငံရေး လုပ်ခဲ့ပါသည်။ ဘာသာတရား မလေးနက်ပါ။ ဖခင်ကြီးက ဆရာတော်ကြီးနောက်မှ လှူဖွယ်ပစ္စည်းများကိုထည့်သော တောင်းကိုင်၍ နောက်မှလိုက်ရန် တိုက်တွန်းပါသည်။

အစ်ကိုကြီးက မငြင်းဆန်ရဲပါ။ အစ်ကိုကြီးက နေပူမခံနိုင်ပါ။ နေပူဒဏ်ခံရလျှင် ယားယံပြီး အဖုအပိမ့်များထွက်သောရောဂါ ရှိပါသည်။ သို့သော် တောင်းကိုင်၍ ဆရာတော်ကြီးနောက်မှ လိုက်ပါသည်။ ဝေယျာဝစ္စ ဆောင်ရွက်ပါသည်။


ဆရာတော်ကြီး တစ်မြို့လုံးပတ်၍ ဆွမ်းခံကြွခြင်းပါ။ နေ့(၁၂း၀၀)နာရီမှစ၍ ဆွမ်းခံကြွပါသည်။ အလွန် ပူလှပါသည်။ ကတ္တရာလမ်းများ အရည်ပျော်သော ရာသီပါ။ စာရေးသူတို့ရပ်ကွက်က ရုံးကြီးလမ်းတွင် လောင်းလှူရပါသည်။

နံနက်မှစ၍ ကတ္တရာလမ်းပေါ် သဲခင်းပြီး ရေဖျန်းကြပါသည်။ ခဏခဏရေဖျန်းကြပါသည်။ သဲများကလည်း ခြောက်သွေ့သွားကြပါသည်။

သဲပေါ် ဖျာကြမ်းကြီးများ ခင်းပါသည်။ ဖျာကြမ်း(အလယ်တွင်)ပေါ် အိပ်ရာခင်းများ၊ တဘက်များ ခင်းထားပါသည်။ ဆရာတော် ကြွလာမည့်လမ်းကို အဝတ်ဖြင့် ခင်းခြင်းပါ။ ဘေးတစ်ဖက်တစ်ချက်တွင် ဝါးရာဇမတ်ကွက်များဖြင့် ကာထားပါသည်။ မဏ္ဍပ်တစ်ခု ထိုးထားပါသည်။ မန်ကျည်းဖျော်ရည် စဉ့်အိုးကြီးများဖြင့် ဖျော်ရည်ဒါနပြုကြပါသည်။

သစ်ပင်ရိပ်များတွင်လည်း လူအပြည့်၊ မဏ္ဍပ်တွင်လည်း လူအပြည့်ပါ။ ဖခင်ကြီးနှင့် အစ်ကိုကြီးကတော့ အဆင်သင့်ဖြစ်ရန် နေပူထဲတွင် လှုပ်ရှားနေကြပါသည်။ ကုသိုလ်ရေးအတွက်ပါ။

နေ့(၂း၀၀)နာရီလောက် ဝေဘူ



ဆရာတော်ကြီးနှင့် သံဃာတော်များ ကြွလာပါပြီ။ ရာဇမတ်ကွက်ဘေးတွင် တန်းစီပြီး လောင်းလှူကြပါသည်။ အစ်မကြီးက ဆန်လောင်းလှူပါမည်။ မိခင်ကြီးက ဇာပြန်လေး လျက်ဆားထုပ်(စက္ကူထုပ်)လှူပါမည်။

မိခင်ကြီးသည် လေနာရောဂါ အလူးအလဲ ခံစားနေရသူပါ။ အမြဲစားနေကျ ဆေးကိုဝယ်ပြီး စက္ကူပြင်ထုပ်ကာ လှူခြင်းပါ။ စာရေးသူက မိခင်ဘေးတွင် ဇီဇဝါပန်းတစ်စည်းကိုင်

www.burmeseclassic.com

ပြီး ရပ်နေပါသည်။(**စာရေးသူ ကျေနပ်စေရန် သူများနည်းတူ မလှူလိုက်ရလျှင် စာရေးသူ စိတ်မပျော်မှာ စိုးရိမ်၍ ပန်းလှူစေခြင်းပါ။**)

အစ်မငယ်က ငွေငါးမူးစေ့များ(စက္ကူဖြင့် ထုပ်ထားပါသည်။) လောင်းလှူမှာပါ။ အရှေ့မှ လှူသူများက လှူပြီးကြပြီ။ အစ်မကြီးရှေ့ ရောက်လာပါပြီ။ တောင်းထဲသို့ ဆန်ကိုလောင်းပါသည်။ (**တစ်ပါးလျှင် တစ်ယောက် တောင်းကိုကိုင်သူ ပါ,ပါသည်။**)

ဆရာတော်ကြီး မိခင်ရှေ့မှ ကြွလာပါပြီ။ မိခင်က ဆေးထုပ်ကို သပိတ်ဖုံးပေါ် လောင်းလှူပါသည်။ ဆရာတော်ကြီး စာရေးသူရှေ့ ရောက်လာပါပြီ။ ဝေဘူဆရာတော်ကြီးက “**မွေးသဗျ လှူပါဗျ**”ဟုဆိုကာ ကိုယ်ကို ညွတ်ပြီး သပိတ်ဖြင့် ခံပါသည်။

မိခင်ကြီးက စာရေးသူဘက် လှည့်၍ ကန်တော့ပါဟု ဆိုပါသည်။ စာရေးသူ ဖျာကြမ်းပေါ် ထိုင်ချပြီး ကန်တော့ပါသည်။ ဆရာတော်ကြီးက အစ်မငယ်ရှေ့ ရောက်နေပါပြီ။ အစ်မငယ်က လှူနေပါပြီ။

စာရေးသူက ဆရာတော်ကြီး၏ ခြေတော်ကိုပဲ ဖူးရတာပါ။ တဘက်အဖြူပေါ် ခြေမကျဘဲ တဘက်အဖြူပေါ်မှ အမြင့်တွင် ခြေထောက်တော်က ရောက်နေပါသည်။ လေထဲမှာ ခြေတော်က ရှိနေပါသည်။ စာရေးသူမှာ အံ့အားကြီးစွာဖြင့် လက်ညှိုးထိုးပြီး “မထိဘဲ မထိဘဲ”ဟု အော်ပါတော့သည်။

မိခင်က မြင်လိုက်ပြီး ထိုင်ချကန်တော့ပါသည်။ ပါးစပ်မှ ဆုတောင်းနေပါတော့သည်။ ကျန်သံဃာများကို ဆေးထုပ်မလှူဖြစ်တော့ပါ။ နောက်ဆုံးတောင်းကိုင်လာသူကို ဆေးထုပ်



အကုန်လောင်းပါသည်။

စာရေးသူ ဖျာကြမ်းခင်းပေါ် ရပ်စက ပူလွန်းလှသည်။ ထိုင်ကန်တော့သောအခါ ဖျာကြမ်းက ပူသည်ဟု မထင်ရပါ။ ထူးဆန်းမှုပါ။ ယခုမှ စဉ်းစားမိမဝမ်းသာရ၏။

ညနေ အိမ်သို့ ဖခင်ကြီးနှင့် အစ်ကိုကြီး ပြန်လာသောအခါ သတင်းစုံကြားရ၏။ ဖခင်ကြီးက “**ဆရာတော်ကြီးသည် ရှေးဘုန်းရှေးကံ ကြီးမားလှသည်။ ငွေကြေးနှင့် ပစ္စည်းများ ပုံအောနေပုံ**”ကို ပြောပြပါသည်။

ဆရာတော်ကြီးကို ရေကပ်လှူသောအခါ ဖန်ခွက်တစ်ဝက်သာ သောက်ပြီး ကျန်တစ်ဝက်ကို ဖခင်အား စွန့်ပါသတဲ့။ သောက်လိုက်ရသဖြင့် သေပျော်ပါသတဲ့။

အစ်ကိုကြီးအားလည်း ဆရာတော်ကြီး ထိုင်နေသော နေရာထိုင်ကို ဆရာတော်ကြီးက ခါခိုင်းပါသတဲ့။ ကုသိုလ်ပေးခြင်းပါ။

ည(၇း၀၀)နာရီ ဝေဘူဆရာတော်ကြီး တရားဟောပါမည်။ ဖခင်ကြီးနှင့် အစ်ကိုကြီးကတော့ ညနေစာ စောစီးစွာ စားပြီး တရားဟောမည့်နေရာ ထွက်သွားပါပြီ။ အစ်မကြီးကလည်း သူတို့ဆရာမတွေစုပြီး တရားနာရန် သွားကြပါပြီ။ အိမ်စောင့်မရှိ၍ မိခင်ကြီးက တရားမနာနိုင်တော့ပါ။

စာရေးသူကို ငယ်စဉ်က ထိန်းခဲ့သော ထမင်းချက်အဒေါ် မရှိပါ။ သူ့အမျိုးများ အလှူသို့ ပြန်သွားသည်မှာ (၅)ရက်ခန့် ရှိပါပြီ။ အလှူပြီးသော်လည်း ရွာရောက်ခိုက် (၁၀)ရက်လောက် နေမှာပါ။

မိခင်က တရားနာလိုသော သဒ္ဓါဖြင့် အိမ်နီးချင်းများထံ စုံစမ်းနေပါသည်။ ထိုစဉ် မြင်းလှည်းတစ်စီး အိမ်ရှေ့သို့ ဆိုက်လာပါသည်။ ထမင်းချက်အဒေါ်နှင့် ဆွေမျိုးတစ်စု ဆင်းလာပါသည်။ ပစ္စည်းတွေ တပုံတပင်နှင့်ပါ။

အဒေါ်က ပြန်ရန် စိတ်မရှိသောလည်း သူ့ဆွေမျိုးများ ဝေဘူဆရာတော်ကြီးကို ဖူးလိုသောကြောင့်ဟု ဆိုပါသည်။ အဒေါ်ကို အိမ်စောင့်ထား၍ မိခင်ကြီးက စာရေးသူတို့နှင့် ရွာမှ လူ(၅)ဦးကို ခေါ်ဆောင်၍ တရားနာ သွားရပါတော့သည်။

တရားပွဲ မစသေးပါ။ မဏ္ဍပ်ထဲမှာ လူအပြည့်၊ မွှာရုံမှာအပြည့်၊ မြေပြင် (မြက်ခင်းပေါ်)ပေါ်မှာအပြည့် တစ်မြို့လုံး တစ်နယ်လုံး လူကုန်လောက်ပါရဲ့။ ငွေဖလားကိုင်၍ အလှူခံသူများထံ ငွေလှူကြသူများက များလှသည်။

မိခင်ကြီးနှင့် တောမှ လူများ (၅)ဦးက ငွေစက္ကူတွေ လှူလိုက်ကြတာ။ စာရေးသူကိုပင် မိခင်က တစ်ကျပ်တန် စက္ကူ(၃)ရွက် လှူခိုင်းပါသည်။

ဝေဘူဆရာတော်ကြီးအား လှူသော ငွေများမှာ ဂုန်နီအိတ်များဖြင့် ထည့်သိပ်၍ ထပ်ထားရပါသည်တဲ့။ (**စာရေးသူတို့မြို့၌ ရှိသော အလှူ**





www.burmeseclassic.com

www.burmeseclassic.com

**ငွေများ၊ ပစ္စည်းများကို၊ ဝေဘူဆရာတော်ကြီးမှ ဘုန်းတော်ကြီးကျောင်းများသို့ ပြန်လည် လှူဒါန်းသွားခဲ့ပါသည်။)**

ဆရာတော် ကြွလာပါပြီ။ တရားပွဲစသည်နှင့် ကန်တော့ချီးလည်း ဆရာတော်ကပဲ ဦးဆောင် တိုင်ပေးပါသည်။ သီလပေးပါသည်။ ငါးပါးသီလပါ။

'သီလပြည့်အောင် ဆောင်ကြဗျာ။ သီလပြည့်လျှင် အလိုရှိတာ ပြည့်ပါသဗျာ'

ဆရာတော် မိန့်သော "ဗျာ၊ ဗျ" တို့မှာ နားထောင်ကောင်းသလိုပါ။

'မွေးစဉ်ကတည်းက ဝင်လေထွက်လေ ရှိနေသဗျနော်။ ဒါကိုဝင်တယ်။ ထွက်တယ်လို့ မှတ်နေရတာ ပင်ပန်းသလားဗျာ။ မပင်ပန်းပါဘူးနော်ဗျာ'

(စာရေးသူ (၇)နှစ်အရွယ်ကပင် ဝင်လေထွက်လေ မှတ်တတ်ပါသည်။ ထိုတရားတော်ကို နာကြားရသောကြောင့် အလွန် အင်မတန် နှစ်ခြိုက်ခဲ့ရပါသည်။)

'လေရှူရှင်းကရတာ အဖိုးထိုက်တန်လှပါသဗျာ။ မြတ်စွာဘုရားကိုယ်တော်မြတ်ကြီးရဲ့ နည်းပါဗျာ'

ဝေဘူဆရာတော်ကြီးမှ ရုပ်နာမ်၊ ပညတ်၊ ပရမတ်၊ နိဗ္ဗာန်အကြောင်း ဟောတော်မူပါသည်။ စာရေးသူ ဉာဏ်မမီခဲ့ပါ။ ဆရာတော် တိုင်ပေးသော လင်္ကာသံပေါက်များလည်း လိုက်ဆိုပါသည်။ မေတ္တာပို့ တိုင်ပေးသောအခါလည်း လိုက်ဆိုပါသည်။ ရေစက်ချပေးပါသည်။

'ယနေ့ ဆွမ်းကြီးလောင်းလှူခြင်း၊ တရားနာကြခြင်းများ ဆောင်ကြတာ အောင်ကြပြီဗျ။ ဝမ်းသာကြဗျ'

မိန့်တော်မူပါသည်။ တရားအဆုံးသတ်ပါသည်။

တရားနာသူများ **(ဆရာတော်၏**



**ဆွေတော်မျိုးတော်ဟု ဆရာတော်က တင်စားပါသည်။)** ဝမ်းသာအယ်လဲနှင့် တရားပွဲမှ ပြန်ကြရပါသည်။**(ပရလောကသားများ ပါ,ပါမည်။)**

အစ်ကိုကြီး တစ်နေကုန် နေပူခံလှုပ်ရှားခဲ့သော်လည်း မယားယံခဲ့ပါ။ အဖုအပိမ့် မထခဲ့ပါ။ ထိုနေ့မှစ၍ သေသည်အထိ ယားယံသောရောဂါ မဖြစ်ခဲ့တော့ပါ။

ဆရာတော်ကြီး၏ နေရာထိုင်ခါရသော ကုသိုလ်က ရောဂါကို ခါလိုက်သည့်သဘောလား မတွေးတတ်နိုင်ပါ။ ဉာဏ်မမီပါ။ အံ့လောက်ဖွယ် အဖြစ်အပျက်ပါ။

မိခင်ကြီး ဝေဘူဆရာတော်အား ဖာပြန်လျက်ဆား လှူပြီးကတည်းက သေဆုံးသည့်အချိန် (အသက် ၈၀-ကျော်အထိ)ထိ လေနာရောဂါ မပေါ်တော့ပါ။ ဆုတောင်းပြည့်ပါသည်။ အံ့ဖွယ်ရာပါ။ မိခင်ကြီးက ဆရာတော်ကို ကျေးဇူးတင်နေပါသည်။

ဖခင်ကြီး ဝေဘူဆရာတော်၏ ရေဖန်ခွက်တစ်ဝက် သောက်ခဲ့ပါသည်။ သေဆုံးသည့်အချိန် (အသက်-၈၀ ကျော်)ထိ လျှင်မြန်ဖျတ်လတ် ပေါ့ပါးခဲ့ပါသည်။ အံ့ဖွယ်ရာပါ။

စာရေးသူကတော့ ဝင်လေထွက်လေကို ရှူနေပြီး ဆရာတော်ကြီးကို သတိရနေဆဲပါ။ ကျေးဇူးတင်နေဆဲပါ။ **(ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ကို ငယ်စဉ်ကပင် တွေ့မြင်ဖူးခဲ့ရပါသဖြင့် သဒ္ဓါတရားကောင်းအောင် အထောက်အပံ့ ပေးခဲ့သည်ကို ကျေးဇူးတင်နေဆဲပါ။)**

ငယ်စဉ်က ဖြစ်၍သာပါ။ အရွယ်ကောင်းစဉ် တွေ့ကြုံရလျှင် အကျိုးများမှာပါ။ စာရေးသူ အကုန်မမှတ်မိပါ။ မှတ်မိသမျှ ရေးပြခြင်းပါ။ သို့သော် ထူးခြားလှသည့် အဖြစ်အပျက်များဖြစ်၍ မေ့၍မရသော အဖြစ်အပျက်များပါ။ ငယ်သူဖြစ်၍ မသိခဲ့ပါ။

***ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြပါစေ၊ ခန္ဓာဝန်ကို လွယ်ကူစွာ ဆောင်ရွက်နိုင်ကြပါစေ၊***

**ဒေါ်သုမနဝိစိတ္တ**
***(B.Sc, H.G.P, Dip Ed)***

**စာကြွင်း**

စာရေးသူသည် အသက်(၁၂)နှစ်မှစ၍ ကျွန်တော် ဗျာ၊ ဗျဟု ပြောခဲ့သည်မှာ လူ့ဘဝတစ်လျှောက်လုံးပါ။ တက္ကသိုလ်တွင် ရွှေဘို၊ မုံရွာမှ အမျိုးသမီးများ ကျွန်တော်ဟူသော အသုံးအနှုန်း သုံးကြပါသည်။ ထိုစဉ်က မထင်မရှား ကျွန်တော် အသုံးပါ။

ကျောင်းဆရာမဘဝ လူကြီးပိုင်းရောက်သည်အထိ စာရေးသူ ကျွန်တော်၊ ဗျာ၊ ဗျ သုံးလျှင် လူများစွာက အံ့ဩသော အကြည့်ဖြင့် ကြည့်ခြင်း ခံခဲ့ရပါသည်။ ဝေဘူဆရာတော်ကြီး၏ အသုံးအနှုန်းကို ကြည်ညိုစိတ်နှင့် သုံးစွဲခြင်းပါ။

www.burmeseclassic.com




# သမီးသုံးယောက် သားတစ်ယောက်

မောင်မြအေး(တ)
(စီးပွားရေး)

ဆရာ နတ်မောက်လှမြင့်သစ်ရေ... ဆရာရေးတဲ့ **"သမီးသုံး သားတစ် မဖြစ်စေနဲ့"**ဆိုတဲ့ ခေါင်းစဉ်ပါ အယူအဆဟောင်းတစ်ခုနဲ့ ပတ်သက်တဲ့ ဆောင်းပါးကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လထုတ်၊ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးရဲ့ စာမျက်နှာ (၂၆၂)နဲ့ (၂၆၃)မှာ ဖတ်ရပါတယ်။

ဆောင်းပါးမှာ သမီးသုံးယောက် သားတစ်ယောက်မွေးရင် နိုက်တတ်တယ်။ ပြီးတော့ ဆရာနမူနာပြပြီး ရေးထားတာမှာ အထူးသဖြင့် သားဖြစ်သူမှာ နိုက်တတ်တယ်။ ပြီးတော့ အသက်ကြီးမှ နိုက်တာကို ဖော်ပြထားတာနော်။

ကျွန်တော့်အတွေ့အကြုံကို ပြောချင်ပါတယ်။ ကျွန်တော့်မှာ မွေးချင်းငါးယောက်ရှိပါတယ်။ ကျွန်တော်က အကြီးဆုံး။ ကျွန်တော့်အောက်မှာ ဒွေးဒွေး၊ အထွေး၊ မောင်ကြီးနဲ့ အေးလေးဆိုပြီး လေးယောက်ရှိပါတယ်။ အခုပြောချင်တာက ညီမလတ်အထွေးရဲ့ သားသမီးတွေအကြောင်းပါ။

အထွေးမှာ သမီးသုံးယောက်၊ သားတစ်ယောက်ရှိပါတယ်။ အစဉ်လိုက်အားဖြင့် မချို၊ အိလေး၊ ပုံ့ပုံ့နဲ့ ကိုကိုကြီးတို့ ဖြစ်ပါတယ်။ ကျွန်တော့်တူ၊တူမ အရင်းတွေပေါ့။

တူမအကြီးဆုံး မချိုက ခုဆိုရင် အသက်(၃၆–၃၇)နှစ်လောက် ရှိပါပြီ။ အငယ်ဆုံးကိုကိုကြီးက ခုဆို (၂၂)နှစ်ပေါ့။ နို့ညှာပုံ့ပုံ့နဲ့ဆို လေးနှစ်ကွာပေါ့။

မချိုက B.Sc(Chemistry),(Dip in Computer)၊ အိလေးက (B.Ed)(M.Ed)၊ ပုံ့ပုံ့က [BE,ME(Civil)]၊ ကိုကိုကြီးက [BE(Aero)]D.S.T.Aနဲ့ ဘွဲ့တွေလဲ အသီးသီးရခဲ့ပါတယ်။

အငယ်ဆုံးကိုကိုကြီးက ခုဆို ဗိုလ်ကိုကိုကြီးဖြစ်နေပြီး တပ်မတော်မှာ အမှုထမ်းနေပါတယ်။

ဆိုလိုတာကတော့ မိဘတွေရော၊ သားသမီးတွေရော ခုစာရေးနေတဲ့ အချိန်ထိ ဘယ်သူ့ကိုမှ ဘာမှ ထိခိုက်တာမျိုး မရှိသေးပါဘူး။ အားလုံးလဲ ပညာတတ် ကလေးတွေချည်းပါပဲ၊ တစ်မိသားစုလုံးလဲ အကောင်းပကတိ ကျန်းမာစွာ ရှိကြပါရဲ့။

ဆရာနတ်မောက်လှမြင့်သစ် ရေးတဲ့ အထဲမှာတော့ နောက်ဆုံးမွေးတဲ့ သားက အသက်ကြီးမှ ထိခိုက်ပျက်စီးမှုတွေ့ကြုံရတာ ဖတ်ရပါတယ်။

ကျွန်တော့်တူ မောင်ကိုကိုက ခုငယ်သေးတော့ အသက်ကြီးတဲ့အထိ စောင့်ကြည့်ဖို့တော့ ကျွန်တော့်အတွက် အတော်ခဲယဉ်းမှာပါ။ အသက်(၁၀၀) ကျော်နေရရင်တော့ ဆရာ့အယူအဆ ဟုတ်မဟုတ် မှန်မမှန်သိနိုင်မှာပေါ့လေ။

နောက်တစ်ဦးကို ပြောချင်ပါသေးတယ်။ အဲဒါက ကျွန်တော်နဲ့ တက္ကသိုလ်တက်ဖက် အင်မတန် ခင်မင်ရင်းနှီးတဲ့ သူငယ်ချင်း တစ်ယောက်ပါ။

သူမွေးထားတာက သမီးနှစ်ယောက် နောက် သားတစ်ယောက် နောက်ဆုံးက သမီးတစ်ယောက်ပါ။ သမီးသုံးယောက် သားတစ်ယောက်ဆိုတဲ့ အထဲမှာတော့ အကျုံးဝင်နေမလားပါပဲ။

သမီးအကြီးဆုံးက အသက်(၄၀) ရှိပြီ။ ကလေးခွဲစိတ်အထူးကု ဆရာဝန် မကြီးပါ။ ဘွဲ့တွေတော့ မရေးတော့ပါဘူး။ ဒုတိယသမီးက မျက်စိခွဲစိတ်အထူးကု ဆရာဝန်မပါ။ တတိယဖြစ်တဲ့ သားက B.E(Electronic)ပါ။ ခုခါ ရန်ကုန်မြို့တွင်းက မြို့နယ်တစ်ခုရဲ့ မြန်မာ့ လျှပ်စစ်ဓာတ်အားပေးလုပ်ငန်းမှာ E.Eတောင် ဖြစ်နေပါပြီ။

စတုတ္ထအငယ်ဆုံး မိန်းကလေး

စာမျက်နှာ (၁၄၁) သို့

www.burmeseclassic.com

ဆေးကွမ်းအစ်ထဲမှ

# ကန့်ကူဆန့်နက်ရုပ်တု

ပညာရှင်များမှ ဖော်ထုတ်ပေးကြပါ

စာရေးသူနှင့် ခင်မင်သော ဆေးဆရာကြီးတစ်ဦးမှာ ဘဝတစ်ပါးသို့ ပြောင်းသွားခဲ့ချေပြီ။ ဆရာကြီးမှာ ဘွဲ့ရပြီး သမီးတစ်ဦးကျန်ရစ်ခဲ့ပါသည်။

သမီးဖြစ်သူက…

'ဖေဖေရဲ့ ကန့်ကူဆန့်နက်နဲ့ ထုလုပ်ထားတဲ့ ရုပ်တုကို မက်မောတာနဲ့ ဆေးကွမ်းအစ်ကို ဝယ်ယူခဲ့ကြောင်း၊ ရုပ်တုမှာ သင်္ကန်းလဲ ဝတ်ဆင်ထားတာ တွေ့ရတဲ့အတွက် ရဟန်း သံဃာတစ်ပါးရဲ့ ရုပ်တုဖြစ်နိုင်ကြောင်း'

စာရေးသူအား ပြောပြပါသည်။

ဓာတ်ပုံထဲမှာ မြင်ရသည့်အတိုင်း **ကန့်ကူဆန်နက်နဲ့ ထုလုပ်ထားသည့် သံဃာတော်ရုပ်တု၏ စွမ်းရည်သတ္တိကို သိရှိကြပါသော ပညာရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှပြန်လည် ဖော်ထုတ်ရေးသားကြပါရန်** တင်ပြရေးသားလိုက်ရပါသည်။

ဘုမ္မဝတီ ကိုကိုလေး



ကန့်ကူဆန့်နက်ရုပ်တု

စာမျက်နှာ (၁၄၀)မှ အဆက်

ကလဲ ဆရာဝန်ပါပဲ။ M.B.B.Sဘွဲ့ရပြီး M.Med.Scကို(Medicine)နဲ့ ဘွဲ့လွန် တက်နေတာပါ။ ခုဆို ဒုတိယနှစ်ကိုတောင် ရောက်နေပါပြီ။ နောက်တစ်နှစ်ခွဲလောက်ဆို **ဆေးပညာအထူးကု**(Physician) တစ်ယောက် ဖြစ်လာတော့မှာပေါ့။

ဒီတော့ ဒီမိသားစုနှစ်စုရဲ့ အခြေအနေကို ကောက်ချက်ချကြည့်ရင် သမီးသုံးယောက် သားတစ်ယောက်ဖြစ်ရင် ထူးချွန်ကြတယ်လို့တောင် ကောက်ချက်ချရမလိုပါပဲ ဆရာရယ်။

နိဂုံးချုပ်ရရင်တော့ ဘာဆိုရင် ဘာဖြစ်မယ်ဆိုတာကို ကောက်ချက် တစ်ခုချဖို့ဆိုတာကတော့ တကယ့်ကိုစီစီပြီပြင်ပြင်နဲ့ သုတေသန(Research) လုပ်ကြည့်မှာပဲ သိနိုင်မယ်ထင်ပါတယ်။

ဒါတောင်မှ (၁၀၀)ရာခိုင်နှုန်း မှန်မယ်လို့ ပြောလို့မရပါဘူး။ There is always exceptional (နေရာတိုင်းမှာ ခြွင်းချက်ရှိတယ်)ဆိုတဲ့ စကားရှိတယ် မဟုတ်လားဗျာ။

**ဒီတော့ သိပြီး [illegible] ညီမိနိုင်ကြွင်း [illegible]။**

**တကြွင်း။ ။ ကိုကိုကြီးဆိုတဲ့ ယောက်ျားလေးက ကျွန်တော့်ညီမ အငွေ့သားလေး လိုချင်လှချည်ရဲ့ဆိုပြီး မြှတ်သားဗိုက်ထဲမှာ ဆုတောင်းလို့ မရတတ်ရတတ်ရလာတဲ့ ယောက်ျားလေးပါ။**

***(ရှင်လန်းချမ်းမြေ့ကြပါစေ)***

**မောင်အေးကြူ** ***(စီးပွားရေး)***

www.burmeseclassic.com

# ယောက်ျားခွန်အား

ကြက်-သံ-ပျား

တစ်နေ့တွင် အမျိုးသားများအတွက် ဆေးတစ်လက်ကို မမျှော်လင့်ဘဲ ရရှိလိုက်ပါသည်။

ကျွန်ုပ်သည် ညဦးပိုင်းက အိပ်ရေးဝအောင် မအိပ်ခဲ့ရသောကြောင့် နွမ်းနယ်နေသော ဒဏ်ကို တွန်းလှန် နံနက်စောစော ရေချိုး၍နေပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏အိမ်သို့ အလည်လာနေကျ ဦးလေးသောင်း တစ်ယောက် လမ်းလျှောက်ရင်း အလည်ရောက်၍ လာပါသည်။

'ဟဲ့ မောင်ထွန်း မနက်အစောကြီး ရေတွေချိုးလို့ပါလား ကောင်းတယ်၊ ကောင်းတယ်'

'ဩော်... ဦးလေးသောင်း အိမ်ထဲ ဝင်ထိုင်ပါဦး၊ ရေနွေးကြမ်းလဲ ခတ်ထားတယ်။ နားရင်း 'သောက်ဦးပေါ့'

ဟု ပြောကာ ကျွန်ုပ်လည်း ရေချိုးခြင်းကို အပြီးသတ်ကာ အဝတ်လဲ၍ ဦးလေးသောင်းအား ဧည့်ခံစကားပြောရန် ထွက်ခဲ့ပါသည်။

'အခုမှ ခေါင်းကြည်ပြီး လန်းသွားတော့တယ်။ ညက အိပ်ရေးဝအောင် မအိပ်လိုက်ရလို့ ဦးလေးသောင်းရေ'


'အေး ရေချိုးတာ ကောင်းပါတယ်ကွယ်။ ယောက်ျားရေချိုး ဆေးတစ်မျိုးလို့တောင် အဆိုရှိသေးတာ လိုအပ်လို့ ချိုးတာပဲ ကောင်းတာပေါ့'

'ဟော ဦးလေးသောင်းကတော့ ပြောရော့မယ်'

'အလို အခု မောင်ရင် ကိုယ်တွေ့ပဲ မဟုတ်လား'

'ဟုတ်ပါတယ် ဦးလေးသောင်းရယ်၊ ကျွန်တော်က ဘယ်အကြောင်းနဲ့ မဆို ဦးလေးသောင်းက အဆိုလေးတွေနဲ့ ပြောတတ်လွန်းလို့ သဘောကျလို့ပါ'

'အေး ငါလဲ တိုက်တိုက်ဆိုင်ဆိုင် စပ်မိတုန်း ယောက်ျားဆေးဆိုလို့ အမျိုးသား တိုးပွားတဲ့ ဆေးတစ်လက် ပြောထားခဲ့ဦးမယ်။ ဆေးမြီးတိုဆိုလို့ အထင်မသေးနဲ့ လက်တွေ့ သုံးကြည့်ရင် သိလိမ့်မယ်။



အမျိုးသား ခွန်အားနည်းတာ၊ ဦးခေါင်းမကြည်မလင် ဖြစ်ပြီး နွမ်းနယ်နေတာ တွေအတွက် အလွန်ကောင်းတာ။ သွက်ချာပါဒရောဂါတောင် ပျောက်တယ်ကွ'

'အဲဒီလိုဆို ကျွန်တော် ရေးမှတ်ထားလိုက်ပါဦးမယ် ဦးလေးသောင်းရာ၊ တော်ကြာ မေ့သွားမှာစိုးလို့'

'မမေ့ပါဘူးကွာ၊ မင်းပြောသလိုပါပဲ၊ အဆိုလေးနဲ့ကွ မှတ်ထား **ယောက်ျားခွန်အား ကြက်-သံ-ပျား**တဲ့ဗျာ။ အဲဒါ မင်း သုံးကြည့်ပေတော့'

'ဟာ ဦးလေးသောင်းကလဲ အဆိုကို ပြောပြီး လုပ်နည်းသုံးနည်းလေးလဲ ရှင်းပြဦးမှပေါ့'

'ဟ မောင်ထွန်းရ ရှင်းနေတာပဲကွ၊ ကြက်သံပျားပါဆို နားထောင်'

ကြက် ⟶ တောကြက်ဥတစ်လုံး
သံ ⟶ သံပရာသီးတစ်လုံးအရည်
ပျား ⟶ ပျားရည်တစ်ဇွန်း(ဟင်းစားဇွန်း)

အေး အဲဒီသုံးမျိုးကို သင့်ရာဖန်ခွက်၊ ပန်းကန်နဲ့ထည့် ရောမွှေပြီး သောက်ရုံပဲကွ။ ကြိုက်တဲ့အချိန် သောက်လို့ရတယ်။

မင်းတို့အရွယ် လူငယ်တွေတင်မ... ဘူး။ သက်ကြီးရွယ်အိုတွေအတွက်... ကောင်းတဲ့ဆေးပဲ။ အသောက်... မခက်ဘူး'

'ကျွန်တော်ကတော့ ကြားရတာ... သဘောကျနေပြီ။ အများသူ... ဝမ်းသာရအောင် မျှဝေလိုက်ဦးမ... ဗျာ'

'မောင်ရင် သဘောပါဗျာ၊ ကဲ... စကားကောင်းနေလို့ မဖြစ်ဘူး ပြ... မှ'

'ဟုတ်ကဲ့ ဦးလေးသောင်းရေ အ... သားတွေ အကျိုးများစေဖို့ပေါ့ဗျာ'

ဟု ပြော၍ နှုတ်ဆက်ကာ ဦးလေး... သောင်းအား အိမ်ခြံဝအထိ လို... လိုက်ပါတော့သည်။

**(သဘာဝဓမ္မဆရာကြီး ဦးလေး... သောင်းအား ဂါရဝပြုလျက်...)**

**သုခီ အတ္တာနံ ပရိဟရန္တု**

**မောင်နေသွေး(ကော်လက်)**



www.burmeseclassic.com

www.burmeseclassic.com

ကျော်ငြာဆောင်းပါး

# အသည်းရောဂါအတွက် ကိုယ်တိုင်ကုသ ထုတ်လုပ်ထားတဲ့

# မန်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၀၁၃ Y ၁၁၀၆၇၂) (တသဝက(စာနယ်ဇင်း) ၀၀၇/၀၂၁၂) ဦးအိုက်စံ(လားရှိုး)

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့်အညီလိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူ၍ မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ဝမ်းဗိုက်အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းအောင့်၏။ ပျို့အန်၏။ အစားအစာများစားချင်သောက်ချင်စိတ်မရှိ၊ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့်အသားအရေများ ဝါဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်ချည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်ကာချည့်နွဲ့လာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ ခေါင်းခေါင်းခေါင်း မိုးကြိုးပစ်ခံလိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်





www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲ့ဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက်ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့်အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူးဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အခုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အား တက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်၊ ဆရာထံရောက်တော့ "ဆရာရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား၊ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခုလောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော်လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကု[...] ကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေ[...] တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွ[...] ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်[...] ကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်[...] အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေး[...] ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရော[...] ဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။ "ဟာ[...] ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား၊" "ပေးပါ့ဗျာ၊ ပေး[...] ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူ[...] ပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေး[...] စားပါတယ် ဆရာ"

[...]ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံ[...] နေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာ[...] ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်[...] ကို ခံစားခဲ့ရသည့်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်[...] အရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်[...] သည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခ[...] လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်[...] ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်[...] ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသား[...] ရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်း[...] ကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်[...] အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရော[...] များအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး[...] ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာ[...] မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ[...] မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး [...] လိုက်ပါသည်။

**ဦးအိုက်စံ (လား[...]**


ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့်
အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။


**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ မ/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၉၁၊ ၀၉၇၃၂၄၁၀၉၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၁၂/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လား[...]မြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉၄၇၃၂၂၂၃။**





www.burmeseclassic.com

www.burmeseclassic.com



● မှော်ခွဲဘုရားမှ မှော်ပိတုန်းပါများကို လူအနည်းငယ် မပြုကြောင်း ယုံကြည်ကြသနေပုံ
မုံရွာအလုံမြောက်ဘက် သစ်ကိုးမယ်ကျောင်းမှ မှော်ပိတုန်းပါရှိ
မဲဘုရားဆင်းတုမျက်နှာတော် ။



# မန်ကျည်း မင်းခေါင် ပေးကိုင်–ဆောင်

## အိုးတောင်မဆင်းရဲနှင့် လူတိုင်းအတွက် နံ့ပေါ်အင်း

BURMESE CLASSIC

ဘရက်ဂီ ကျော်ဝိုင်း

မုံရွာမြို့၏ မြောက်ဘက် ခဝဲကျင်းအုပ်စု၊ မြစ်နားကိုင်းရွာ သစ်ကိုးမယ်ကျောင်းဆရာတော်ဦးနန္ဒိယထံ စာရေးသူ တစ်ခေါက်ရောက်ခဲ့စဉ်က ဖြစ်သည်။

နံနက်ခင်းစောစောအချိန်မို့ ဆရာတော်နှင့် အာလာပသလ္လာပ ပြောရင်း ဩဝါဒခံယူခဲ့ရသည်။

ဥပုသ်သီတင်းသည်များထက် အရင်ရောက်နှင့်၍ စာရေးသူ အခွင့်သာအချိန်ရခဲ့သည်။ ဆရာတော်မှ သူ၏ နံ့ပေါ်အင်းအကြောင်းကို ယခုလို ရှင်းပြ၍ စာရှုသူတို့အား တစ်ဆင့် ဖောက်သည်ချပါရစေ။

ဆရာတော်၏အဆိုမှာ... နံ့ပေါ်အင်းဆိုတာ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေလို့ ခေါ်တဲ့ ခုနစ်နေ့ ခုနစ်နံကို ခေါ်တယ်။

ဗေဒင်ဆရာတွေ သုံးနှုန်းတဲ့ နံသင့်အသုံးနဲ့ဆိုရင် ၁နွေ၊ ၂လာ၊ ၃ဂါ၊ ၄ဟူး၊ ၅တေး၊ ၆ကြာ၊ ၇နေ လို့ ဒီလို ရေးကြတယ်။

ဒီခုနစ်နံကို အကြောင်းပြုပြီး နံ့ပေါ်အင်းဆိုတာ ဖြစ်ပေါ်လာရတယ်။ (၇) ရက်သားသမီးများဟာ မိမိတို့ မွေးဖွားတဲ့ အချိန်နေ့ရက်ကို အမှီပြုပြီး တနင်္ဂနွေနေ့မှာ မွေးဖွားသူများကိုတော့ တနင်္ဂနွေသားသမီးလို့ ခေါ်တယ်။ သူတို့က တနင်္ဂနွေနံကို ပိုင်ဆိုင်ကြတယ်။ ထို့အတူ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေ အစရှိတဲ့ ကိုယ်ပိုင်နံတွေ ရှိကြတယ်။

အဲဒီလို ကိုယ်ပိုင်နံတွေကို အကြောင်းပြုပြီး နေ့နံအလိုက် ကိုယ်ပိုင်နံတွေကို ကောင်းအောင်ပြုပြင် ယတြာချေကြတယ်။ ဘယ်လို နံဆိုးဂြိုဟ်ဆိုးတွေပဲ ဖြစ်ဖြစ် ဆရာတော်အနေနဲ့ နံ့ပေါ်အင်းကိုဆောင် အောင်ရမယ်လို့ ဆိုလိုတယ်။

စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး အစရှိတဲ့ အရေးတွေမှာ ကံဇာတာ နံနိမ့်လာလျှင် လိုမ့်နေအောင် ခံတတ်ကြရတယ်။ အဲဒီလို ကံဇာတာနံ နိမ့်လာမယ့်အရေးတွေ မကြုံရလေအောင် နံ့ပေါ်အင်းကို ဆောင်ကြရမယ်လို့ဆိုတယ်။

နံ့ပေါ်အင်းဆိုတာက တနင်္ဂနွေသား ဖြစ်ခဲ့ရင် အထက်မှာ ဖော်ပြခဲ့သလို တနင်္ဂနွေနံကောက် ၁ကို အကြောင်းပြုပြီး ရှေ့ဆုံးမှစပြီး ချကာ ခုနစ်နံ ပတ်လည်ချရတယ်။

www.burmeseclassic.com

ဥပမာ

တနင်္ဂနွေ သားသမီးအတွက် တနင်္ဂနွေနံပေါ်အင်းကတော့...

***

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |

အထက်ပါ အင်းအတိုင်း တနင်္ဂနွေ သားသမီးအတွက် နံပေါ်အင်းမှာ တနင်္ဂနွေနံကောက် ၁ကို ထောင့်လေးထောင့်မှာ စည်းချပြီး (၈)ကွက် ပတ်လည်ချရတယ်။

ထို့အတူ ၂လာ၊ ၃ဂါ၊ ၄ဟူး၊ ၅တေး၊ ၆ကြာ၊ ရနေလို့ ခေါ်တဲ့ နံကောက်ဂဏန်းတွေကို ထောင့်လေးထောင့်မှာချပြီး မိမိတို့ရဲ့ ကိုယ်ပိုင်နံကို ဆောင်လို့ ရတယ်။

(၇)ရက်သားသမီးများ မိမိတို့ရဲ့ ကိုယ်ပိုင်နံကို စီရင်ဆောင်ဖို့ တင်ပြလိုက်ရခြင်း ဖြစ်ပါတယ်။

**"အင်းကောင်းလျှင် တစ်ကွက်၊ ဆေးကောင်းလျှင် တစ်စက်၊ အကြံကောင်းလျှင် တစ်ချက်၊ ကံကောင်းလျှင် တစ်သက်"** ဆိုသလို မိမိတို့ရဲ့ နံနဲ့ကံကို ပြုပြင်သွားဖို့ ဖြစ်တယ်။

စာရေးသူတို့အား ဆရာတော်စွန့်တဲ့ နံပေါ်အင်းမှာတော့ မိမိတို့နံသင့် နံပေါ်အင်းလဲပါတယ်။

အဲဒီထဲမှာ သီတာရေချမ်း ငြိမ်းအောင်ဖျန်းလို့ ခေါ်တဲ့ (၇)ရက်သားသမီး နံစုံအင်းလဲပါတယ်။

က-ဃ-ဋ-ဏလို့ ခေါ်တဲ့ ကြီးလေး



မန်ကျည်းသားဖြင့် ထုလုပ်ထားသော ဘိုးမင်းခေါင် ဖယောင်းရုပ်တုပုံ

ကြီးအင်းနဲ့ စ-ဓ-ဗ-ဝလို့ ခေါ်တဲ့ စမအင်းတွေကို ဘေးမှာရံထားပြီး အလယ်ကွက်မှာ မိမိမွေးနံကို ချပြီး စီရင်ထားတာကိုလဲ တွေ့ရတယ်။

ကျောတစ်ဖက်မှာတော့ **"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ"**အစချီပြီး...

ဗုဒ္ဓတေဇော၊ မဟာမဟိဒ္ဓိကော
ဓမ္မတေဇော၊ မဟာလာဘော။
သံဃတေဇော၊ မဟာပိယော။

ဉ္ဇု အရဟံ၊ က,ဃ,ဋ,ဏ၊ စ,ဓ,ဗ,ဝ အနုပိယ၊ ကာယ သဗ္ဗသုခသိဒ္ဓိ အရဟံ သီတာရေချမ်း ငြိမ်းအောင်ဖျန်း အရဟံ အမြဲရွတ်က ချမ်းသာလာမည် ဟု ပါရှိပါသည်။

အထက်ပါ ဂါထာအင်းကွက်များ ဆရာတော်မှ တပည့်များအား သော အဆောင်အင်းမှ ပါရှိသည်များ ကို စာရေးသူမှ စာဖတ်သူများအား မှုရင်းအတိုင်း မေတ္တာဖြင့် တင်ပြလိုက်

BURMESE CLASSIC





www.burmeseclassic.com

www.burmeseclassic.com

အနန္တော အနန္တငါးပါး အမြဲပတ်ပြုပါ ဧယစက္ကေ ဧယနွေယော ဧယိတဗ္ဗေ ဧယာသနေ ဧယာပေသိ ဧယေသိန် ဧယ်ဒေတု ဧယုတ္တရော။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |
| ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ |
| ၄ | ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ |
| ၅ | ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ |
| ၆ | ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ |
| ၇ | ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ |
| ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၁ | ၂ |

နံပေါ်အင်းဆောင်အောင်ရမည်

| | | |
|---|---|---|
| ၇ | ၄ | |
| ၆ | ၅ | ၂ |
| | ၁ | ၃ |

| | | |
|---|---|---|
| က | ဖ | ဃ |
| ဓ | ၂ | ဗ |
| ဏ | ဝ | ဋ |

ဦးနန္ဒိယ သစ်ကိုးမယ်ကျောင်း၊ ခဝဲကျင်းအုပ်စု၊ မုံရွာမြို့နယ်

▲ တနင်္လာနံပေါ်အင်း

ပါမည်။

ဆက်လက် တင်ပြလိုတာကတော့ ဤဆောင်းပါးရဲ့ ခေါင်းစဉ်းမှာ တင်ပြခဲ့တဲ့ **"မန်ကျည်း၊ မင်းခေါင်၊ မေးကိုင်၊ ဆောင် အိုတောင်မဆင်းရဲ"** လို့ ဆိုလိုပါတယ်။

ဆိုလိုတာက **"မန်ကျည်း မင်းခေါင် မေးကိုင်"**ဆိုတဲ့ ကက်ကင်းဓာတ်(၃)ခုကို အခြေခံပါတယ်။

ဒီကက်ကင်း(၃)ခုကို နံသင့်ကောက်ကြည့်တဲ့အခါမှာ အောက်ပါအတိုင်း တွေ့ရှိရပါလိမ့်မယ်။

*** ————————→

အဲဒီလို ကြာသပတေးနံ ၅နဲ့ တနင်္လာ ၂ကို ကက်ကင်း (၃)ချက်မိအောင် စီစဉ်ထားပြီးတော့ မန်ကျည်းသားနဲ့ ဘိုးမင်းခေါင်က မေးကိုင်နေပုံကို ထုလုပ် ဆောင်ထားသူများမှာ ကက်ကင်း (၃)ချက်မိနေခြင်းကြောင့် ဘိုးမင်းခေါင်လို တင်ပျဉ်ချိတ် မေးကိုင်ပြီးတော့နေသလို ခုနစ်ရက်သားသမီးများ စီးပွားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေးကအစ အကြံအစည်နဲ့ တကွ လုပ်ငန်းဟူသမျှ အဆင်ပြေစေပြီး အိုမင်းသည်ထိတိုင်အောင် မပင်မပန်း၊ ဒူးနှန့် မေးကိုင် နေသွားနိုင်တယ်လို့ ဆိုပါတယ်။

BURMESE CLASSIC

**ဘရဏီ ကျော်ဝိုင်း**

| | | |
|---|---|---|
| **မန်** | ၊ | **ကျည်း** |
| ကြာသပတေး၊ | | တနင်္လာ |
| ၅ | ၊ | ၂ |
| **မင်း** | ၊ | **ခေါင်** |
| ကြာသပတေး၊ | | တနင်္လာ |
| ၅ | ၊ | ၂ |
| **မေး** | ၊ | **ကိုင်** |
| ကြာသပတေး၊ | | တနင်္လာ |
| ၅ | ၊ | ၂ |

## လေငန်း၊ လေဖြတ်၊ သွေးတိုး ဆီးချို တင်ကြို ကာကွယ်သည့်ဆေး



"ဒီလိုရှိတယ်ဗျ... ကျွန်တော်တို့မျိုးရိုးကို လေငန်း လေဖြတ်မျိုး၊ သွေးတိုးဆီးချို မျိုးရိုးလို့ အပြောခံရ ပြောစမှတ်ပြုသည့်အထိ ဖြစ်ခဲ့ရဖူးတယ်ဗျ။

ပြောမယ်ဆိုလဲ ပြောစရာပေါ့ဗျာ။ ကျွန်တော့်အမေဟာ အသက်(၆၂)နှစ် မှာ သွေးတိုးဆီးချိုနဲ့ လေဖြတ်ပြီး ဘာဆေးမှ သောက်ချိန်မရဘဲ ဆုံးပါးသွားတယ်။

အဖေက အသက်(၆၇)နှစ်မှာ လေဖြတ်ပြီး အိပ်ရာထဲ လဲနေခဲ့ရတယ်။ (၇၇)နှစ်မှာ အဖေ ဆုံးပါးသွားတယ်။ အစ်မဝမ်းကွဲနဲ့ အစ်ကိုဝမ်းကွဲဟာလဲ လေဖြတ်ရောဂါနဲ့ပဲ ဘဝဆုံးပါးသွားခဲ့တယ်။

အဲဒီမှာ ကျွန်တော့်အသက် သုံးဆယ့်ငါးနှစ်အရွယ်ပေါ့။ ကျွန်တော် အလွန်ကို ကြောက်သွားတယ်ဗျ။ ဒီ လေငန်း လေဖြတ်၊ ဆီးချိုသွေးချို၊ သွေးတိုးရောဂါတွေ ကာကွယ်လို့ မရဘူးလား။ မဖြစ်ခင် တင်ကြို တားဆီးလို့ မရနိုင်ဘူးလား။

ကျန်းမာရေး အဆိုတစ်ခုရှိတယ်လေဗျာ။ ရောဂါတစ်ခုကို ဖြစ်မှကုသခြင်းထက် မဖြစ်မီ ကြိုတင်ကာကွယ်တာ အကောင်းဆုံးပဲဆိုတာ။

ဒါနဲ့ တစ်နေ့မှာ... ဟိုတစ်ချိန်က ဆေးဘုန်းကြီးလို့ နာမည်ကြီးခဲ့တဲ့ ဘုရားကြီးကျောင်း ဆရာတော်ကြီးနဲ့ သွားပြီး မေးလျှောက်မိတယ်။

ဆရာတော်ကြီးက ပြုံးပြုံးကြီးနဲ့ မိန့်တော်မူပါတယ်။ ဘယ်အရာမဆို ကြိုတင်ကာကွယ်လို့ရပါတယ် ဒကာကြီးရယ်။ မီးကို မလောင်ခင်က ကြိုတင်ကာကွယ် အသင့်ပြင်ထားသလိုပေါ့တဲ့။

အဲဒီစကားကြားတော့ ကျွန်တော် သိပ်ဝမ်းသာသွားတာပေါ့ဗျာ။ တပည့်တော်လိုက်နာပါ့မယ်။ ကြိုတင် ကာကွယ်နည်း

စာမျက်နှာ (၁၅၀) သို့

www.burmeseclassic.com


ကျိုက်လတ်မြို့နယ်၊ မြို့လယ်ရှိ ကမ္ဘာသစ်လက်ဖက်ရည်ဆိုင်၏ အပေါ်ထပ်၊ ထပ်ခိုးတွင် ကျွန်ုပ်တို့ သင်တန်းသား(၇)ဦးအား ဗေဒင်ပညာရပ်များကို သာမက စေတနာအနန္တဖြင့် အင်း,စမ ပညာရပ်များ၊ ဂါထာမန္တန်များနှင့် အခြား ဂမ္ဘီရပညာရပ်များကိုပါ တွဲဖက်သင်ကြား သင်တန်းပို့ချပေးနေသည်။

ထိုသင်တန်း၏ ဆရာမှာ တရုတ်လူမျိုး၊ အသက်(၇၀)ကျော်ပြီဖြစ်ပြီး ရွှေရင်မျှော်ဆရာတော်ကြီး၏ တပည့်အရင်းဖြစ်သည့် **အဘဆရာကြီး ဦးဝင်း (နာမက္ခရပညာရှင်)**သည် တစ်နေ့တွင် ဗေဒင်သင်ခန်းစာများ သင်ကြားပေးအပြီး ကျွန်ုပ်တို့အား...

'သားတို့... မနေ့က အဘ နတ်မင်းကြီး (၂၈)ပါး မေတ္တာပို့ကို သင်ပေးခဲ့ပြီးပြီ၊ ဒီနေ့လဲ တို့ (၇)ရက်သားသမီးတွေနဲ့ အဓိက ပတ်သက်နေတဲ့ နတ်မင်းကြီးတွေကို မေတ္တာပို့သပုံ၊ ပို့သ,နည်းကို ထပ်သင်ပေးပါမယ်'

ဟု ဆိုပြီး စကားကို အစချီလိုက်ရာ ကျွန်ုပ်တို့(၇)ဦးလုံး ငြိမ်သက်စွာ နားစွင့်နေကြ၏။ ကျွန်ုပ်တို့နှင့် အဓိက ပတ်သက်နေသည့် နတ်မင်းကြီးတွေဆိုတော့ ဘာနတ်မင်းကြီးတွေပါလိမ့်ဟူ၍လည်း အတွေးကိုယ်စီဖြင့် အဘ၏ စကားကို ငံ့လင့်နေကြ၏။ အဘက သင်ပုန်းတွင်အဌလက်ခွင်ကို ချလိုက်ပြီး...

***






# ဂြိုဟ်စောင့်နတ်မင်းကြီးများ

ဒေါက်တာနန္ဒစိုး
(ကျိုက်လတ်)

မိတ်ဖွဲ့လို့ထားပါ



'သားတို့... ဥပမာအနေနဲ့ ပြောပြရရင် တနင်္ဂနွေသား တစ်ယောက်ဟာ မွေးလာပြီဆိုတာနဲ့ တနင်္ဂနွေဂြိုဟ်ခွင်မှာ တစ်နှစ်တိတိနေရတယ်။ တစ်နှစ်ပြည့်ပြီးရင် တနင်္လာဂြိုဟ်ကို ကူးပြောင်းပြီး တနင်္လာဂြိုဟ်မှာ တစ်နှစ်နေရပြန်တယ်။

တနင်္လာဂြိုဟ်မှာ တစ်နှစ်ပြည့်သွားရင်လဲ နောက်တစ်ခွင် အင်္ဂါဂြိုဟ်ကို ကူးပြီး တစ်နှစ်တိတိ နေရပြန်တယ်။

အဲဒီလိုနဲ့ အင်္ဂါဂြိုဟ်ကနေ ဗုဒ္ဓဟူးဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်ကနေ စနေဂြိုဟ်၊ စနေဂြိုဟ်ကနေ ကြာသပတေးဂြိုဟ်၊ ကြာသပတေးဂြိုဟ်ကနေ ရာဟုဂြိုဟ်၊ ရာဟုဂြိုဟ်ကနေ သောကြာဂြိုဟ်၊ သောကြာဂြိုဟ်ကနေပြီးတော့မှ မိမိရဲ့ မူလဌာနေ တနင်္ဂနွေဂြိုဟ်ကို ပြန်ရောက်လာမယ်။

တနင်္ဂနွေဂြိုဟ်မှာ တစ်နှစ်နေရပြန်ပြီး ထုံးစံအတိုင်းပဲပေါ့။ တနင်္လာဂြိုဟ်၊ အင်္ဂါဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်၊ စနေဂြိုဟ် အစရှိသည်ဖြင့် နာရီလက်တံအတိုင်း ညာရစ်ဂြိုဟ်ခွင် အသီးသီးကို စဉ်ဆက်မပြတ် တစ်နှစ်တစ်ခါ ပုံမှန် လှည့်လှည့်နေရတယ်။

အဘတို့ သားတို့ (၇)ရက်သားသမီးအားလုံးတို့ဟာလဲ အဲဒီတနင်္ဂနွေသားလိုပဲပေါ့။ မိမိရဲ့ မွေးနံဂြိုဟ်ကနေစပြီး ဂြိုဟ်ရှစ်ခွင်ကို လက်ယာရစ် တစ်ဂြိုဟ်ပြီး တစ်ဂြိုဟ်၊ တစ်နှစ်ပြီး တစ်နှစ် ပုံမှန်လေး လှည့်ပတ်နေကြ... တယ်။

အဲဒီလို လှည့်လည်နေတဲ့အခါ... တို့တစ်တွေဟာ သက်ဆိုင်ရာ ဂြိုဟ်ခွ... တွေမှာ အသီးသီးရှိနေကြတဲ့၊ သ... ဆိုင်ရာ ဂြိုဟ်တွေကို စောင့်ရှောက်... ကြတဲ့ ဂြိုဟ်စောင့်နတ်မင်းကြီးတွေ... ရင်းနှီးနေဖို့၊ အကျွမ်းတဝင်ဖြစ်နေ... လိုတယ်ကွ။

သူတို့နဲ့ ရင်းနှီးမှု၊ နီးစပ်မှုရှိနေ... သူတို့နဲ့ သွားပတ်သက်တဲ့အခါ၊ ... တို့ရဲ့ ပိုင်နက်တွေထဲကို ကိုယ်ရော... ရှိလာတဲ့အခါမှာ ကိုယ့်အပေါ်ကို ... တစိုက်နဲ့ စောင့်ရှောက်ကြပြီး ကူညီ... တွေကို ပေးနိုင်ကြတာပေါ့။

အဲဒီတော့မှ **သက်ဆိုင်ရာ ဂြိုဟ်... ခွင်အသီးသီးမှာ ဘေးကင်းမယ်... အစစအရာရာ အဆင်ပြေမယ်... လိုရာဆန္ဒတွေ ပြည့်စုံစေနိုင်တ... ပေါ့ သားတို့ရယ်...** မဟုတ်ဘူးလာ...

'ဟုတ်ပါတယ် အဘ'

ကျွန်ုပ်တို့ သင်တန်းသား(၇)ဦး... သံပြိုင်ဖြေဆိုလိုက်ကြပြီး အဘ...

www.burmeseclassic.com

www.burmeseclassic.com

ကောားဆက်ဆို၏။

'ဂြိုဟ်စောင့်နတ်မင်းကြီးတွေနဲ့ ရင်းနှီးနေဖို့လိုတယ်ဆိုတာက ဘာမှ ထွေထွေထူးထူးလုပ်ရတာ မဟုတ်ပါဘူးကွာ။ သူတို့ကို မေတ္တာပို့သပေးရတာပါပဲ။ ကိုယ်က သူတို့အပေါ် မေတ္တာထားတော့ သူတို့ကလဲ ကိုယ့်အပေါ် မေတ္တာပြန်ထားကြတာပေါ့။

ဒါက မထူးဆန်းပါဘူးကွာ။ **လူလိုတော့ နတ်လိုတာပါပဲ၊ တူသောအကျိုးကို ပြန်ခံစားရတာပါပဲ။** မေတ္တာဟာ မမြင်ရတဲ့ နာမ်တရားဖြစ်နေပေမယ့် ယုံယုံကြည်ကြည်နဲ့ ထိထိမိမိ ကျင့်ကြံနေကြတဲ့သူတွေအတွက်တော့ တကယ့်ကို အံ့သြဖွယ်ရာ ကောင်းလောက်အောင် အကျိုးထူးတွေကို ရရှိခံစားနေကြရပါတယ်ကွာ။

သားတို့ လက်တွေ့ ကျင့်ကြံကြည့်ကြစမ်းပါ၊ လုပ်ဖြစ်အောင် လုပ်ကြည့်ကြစမ်းပါ။ အဘတိုက်တွန်းပါတယ်။ ဟဲ..အဲဒီတော့ အဘခေါ်ပေးမယ် လိုက်မှတ်ကြပါ'

ဟု ဆိုပြီး အဘသည် ဂြိုဟ်စောင့်နတ်မင်းကြီးများ မေတ္တာပို့ကို အစအဆုံး ခေါ်ပေးပါသည်။ ကျွန်ုပ်တို့သည်း စာအုပ်ထဲတွင် သေသေချာချာ လိုက်ရေးမှတ်နေကြရပါတော့သည်။

---

**ဂြိုဟ်စောင့်နတ်မင်းကြီး(၈)ပါး**


**မေတ္တာပို့**

---

◎ **ဂျွန်ကိုစီး တနင်္ဂနွေဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်း ကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ တနင်္ဂနွေ သားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်



ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင် ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

◎ **ကျားကိုစီး တနင်္လာဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ တနင်္လာ သားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင် ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

◎ **ခြင်္သေ့ကိုစီး အင်္ဂါဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ အင်္ဂါသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင် ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

◎ **ဆင်ကိုစီး ဗုဒ္ဓဟူးဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ ဗုဒ္ဓဟူးသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင် ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

◎ **နဂါးကိုစီး စနေဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ စနေသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင် ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။



www.burmeseclassic.com

www.burmeseclassic.com

**❂ ကြွက်ကိုစီး ကြာသပတေးဂြိုဟ်စောင့် နတ်မင်းကြီးသည်...**

❖ စိတ်၏ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ဂြိုဟ်ခွင်ဆိုင်ရာ ကြာသပတေးသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင်ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

**❂ ဟိုင်းဆင်ကိုစီး ရာဟုဂြိုဟ်စောင့်နတ်မင်းကြီးသည်...**

❖ စိတ်၏ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ ရာဟုသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင်ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

**❂ ပူးကိုစီး သောကြာဂြိုဟ်စောင့်နတ်မင်းကြီးသည်...**

❖ စိတ်၏ဆင်းရဲခြင်း ကင်းပါစေ၊ ကိုယ်၏ ဆင်းရဲခြင်းကင်းပါစေ။

❖ မိမိ၏ ဂြိုဟ်ခွင်ဆိုင်ရာ သောကြာသားသမီးများအပေါ် မုန်းမာန်မျက်ပွား၊ ငါးပါးရန်ဘေး ကင်းဝေးလေအောင် စောင့်ရှောက်၍ ကာကွယ်ပေးပါစေသတည်း။

❖ စိတ်ကောင်း၊ ဓာတ်ကောင်း ကိန်းအောင်းလာအောင် ဖွင့်နှိုး၍ ပေးကြပါစေသတည်း။

❖ ကြောင့်ကြပူဆာ ဗျာပါဒကင်းစင်ကြည်လင် အေးမြခြင်းသို့ ရောက်အောင် ကူညီနိုင်ပါစေသတည်း။

အစမှ အဆုံးအထိ တစ်ကြိမ်ဖြစ်ပြီး တစ်နေ့လျှင် (၈)ကြိမ် နေ့စဉ် မေတ္တာပို့သပေးပါ။

**အချိန်ရပါက သက်ဆိုင်ရာ ဂြိုဟ်ခွင်အလိုက် မျက်နှာမူ၍ ဂြိုဟ်သက်အရေအတွက် ခေါက်ရေကို ရွတ်ဆို၍ မေတ္တာပို့သပေးပါ။**

ဥပမာ... တနင်္ဂနွေဂြိုဟ်စောင့်နတ်မင်းကြီးကို မေတ္တာပို့သလျှင် **တနင်္ဂနွေ (အရှေ့မြောက်ထောင့်)**သို့ မျက်နှာမူ၍ (၆)ခေါက်၊

ပြီးလျှင် **တနင်္လာဂြိုဟ်စောင့်နတ်မင်းကြီးအတွက် (အရှေ့အရပ်)**သို့ မျက်နှာမူ၍ (၁၅)ခေါက်၊

ပြီးလျှင် **အင်္ဂါ(အရှေ့တောင်ထောင့်)**သို့ မျက်နှာမူ၍ (၈)ခေါက်၊ ဤသို့ဖြင့် နာရီလက်တံအတိုင်း **ဗုဒ္ဓဟူး (တောင်အရပ်)** (၁၇)ခေါက်၊

**စနေ (အနောက်တောင်ထောင့်)** (၁၀)ခေါက်၊

**ကြာသပတေး (အနောက်အရပ်)** (၁၉)ခေါက်၊

**ရာဟု (အနောက်မြောက်ထောင့်)** (၁၂)ခေါက်၊ **သောကြာ (မြောက်အရပ်)** (၂၁)ခေါက်စီကို အစဉ်အတိုင်း မျက်နှာမူ၍ မေတ္တာပို့သပေးသွားပါ။

ပို၍ ထိရောက်မှု ရှိလွန်းလှပါသည်။

*ဘဝအစစ လှကြပါစေ။*

**အောင်နန္ဒစံ(ကျိုက်လတ်)**

**စာမျက်နှာ (၁၄၇)မှ အဆက်**

မိန့်ပါဘုရား။

တပည့်တော် အကြောက်ဆုံးက လေ... ဖြတ်ရောဂါပါပဲဘုရား။ သွေးတိုးရောဂါ... နှလုံးရောဂါတွေဟာ လေဖြတ်ဖို့ ဖြစ်လာ... တာလို့ သိရပါတယ် ဘုရားလို့ လျှောက်... ထားတော့ ဆရာတော်ကြီးက . . . ဒါတွေ... ဟာ အစားမဆင်ခြင်ဘဲ ဖျင်းရိလို့ ဖြစ်ကြ... တဲ့ရောဂါ၊ စည်းစိမ်ယစ်လို့ဖြစ်ကြရတာပါ... ဒကာကြီး မကြောက်ပါနဲ့။

အဲဒီလို မဖြစ်အောင် အစားဆင်ခြင်ပါ။ ယူ... ပါ။ နေ့စဉ် ဝက်သားမစားဘဲ သိ လျှော့စား... အသွားအပြန် သုံးမိုင် လေးမိုင် လမ်းလျှော... ပေ။ စိမ်ရှုတွေ ရှောင်ပေ။ ဒီလိုဆိုရင် အများကြီး... ကျန်းမာရေး အထောက်အကူပြုနေပြီ။

ဒကာကြီး စွဲသောက်ဖို့က ဆေး... လက်ဖက်ခြောက်ပဲ။ ဆေးလက်ဖက်... ခြောက်ဆိုတာက **လောက်သေရွက်... ဆူးလေပဥ္စငါးပါး၊ ဥဒ်ရွက်နဲ့အခေါက်... ခံတက်မြစ်အခေါက်၊ နောက် ရှိုးမှိုး... လက်ဖက်ခြောက်တွေကို အလေးချိန်... တူ စုပြီး ရောမွှေထား။**

နေ့စဉ် လက်တစ်ဆုပ် ရေနွေးအိုးမှာ... ထည့်သောက်သွားပါ။ တစ်သက်လုံး... သွေးတိုး၊ ဆီးချို၊ လေငန်း၊ လေဖြတ်မဖြစ်... စေရဘူး။

ဆေးလက်ဖက်ခြောက်ကို ဟိုတုန်း... တော့ မန္တလေး ပရဆေးဆိုင်များမှ... အလွယ်တကူ စုဝယ်လို့ရတယ်။ ခု... ရမယ်ထင်ပါတယ်။

အဲဒီလို ဆရာတော်ကြီး မိန့်တာ... အသက်လေးဆယ်က စပြီး ဒီနေ့ထိ ဆေး... လက်ဖက်ခြောက် သောက်ခဲ့တာပဲ။

**ဝက်သား၊ ဝက်အူချောင်း လုံး... မစားဘူး။** ဆီလျှော့စားတယ်။ နေ့... လမ်းမှန်မှန် လျှောက်တယ်။ အ... ကျွန်တော် အသက်(ရှ၈)နှစ်ရှိပြီ ခု... သွေးတိုး၊ နှလုံးရောဂါ လုံးဝမရှိဘူ... တစ်နှစ်တစ်ခါ သွေး၊ ဆီး၊ ဝမ်း၊ သလိ... ဆေးစစ်မှု ပြုပါတယ်

အငြိမ်းစားအရာရှိတစ်ဦး၏ ပြော... ချက်ကို ရေးသားသင့်သည်ထင်၍... သား တင်ပြအပ်ပါသည်။

**နတ်မောက် မိုးနှော်**

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး)

# ဝမ်းတစ်လုံးကောင်း ခေါင်းမခဲရအောင်

# ဆရာမြင့်ရဲ့ မြင့်မြန်မာ အကြောပြေ ဝမ်းမှန်ဆေးကို ဆောင်

"ဆရာကို တွေ့မှတွေ့ပါ့မလားလို့"

"အော် အင်ဂျင်နီယာကြီး ကိုနိုင်ဦးပါလား၊ လာဗျာ ထိုင်"

"ဆရာကို အကူအညီလေး တောင်းချင်လို့"

"ရပါ့ဗျာ. . . ပြောလေ"

"ဒီလိုပါ ဆရာ၊ ကျွန်တော် ကိုယ်လက်တွေလေးလံ ညောင်းညာပြီး ဦးခေါင်းတွေလည်း အုံ့ခဲနေတယ် ဆရာ။ အဲဒါ ဘာဖြစ်လို့များလည်းလို့ပါ"

"ကိုနိုင်ဦး ညာဘက်လက်လေးခဏပြဗျာ၊ သွေးစမ်းကြည့်ရအောင်"

"ဟုတ်ကဲ့ ဆရာ"

"တွေ့ပြီကိုနိုင်ဦးရေ- ခင်ဗျားပြောသလို ခေါင်းတွေအုံ့ခဲနေမယ်။ မျက်လုံးမျက်ခွံတွေ လေးနေမယ်။ တစ်ကိုယ်လုံးလေးလံညောင်းညာနေတာတွေဟာ ဝမ်းတစ်လုံးမကောင်းလို့ဗျ"

"ဆရာပြောတာ ကျွန်တော်နားမရှင်းဘူးဖြစ်နေတယ်"

"ဒီလိုလေ ကိုနိုင်ဦးရဲ့၊ လူတစ်ဦးဟာ ကျန်းမာတယ် ကျန်းမာဘူးဆိုတာကို သိချင်ရင် ဆီး,ဝမ်း,လေ, ချွေးလို့ ပြောတဲ့ မလကြီးလေးပါးကို စိစစ်ရမယ်ဗျ။ ခင်ဗျားမှာက အဲဒီမလကြီးလေးပါးထဲက အဓိကအကျဆုံးဖြစ်တဲ့ ဝမ်းလို့ ခေါ်တဲ့ ဓာတ်ချုပ်တတ်တဲ့ လက္ခဏာတွေ့ရတယ်လေ"

"အော် ဟုတ်တယ်၊ ဟုတ်တယ်။ ကျွန်တော်က Construction လုပ်ငန်းကို လုပ်ကိုင်တာဆိုတော့ Site ထဲမှာ ခဏလေးအပေါ့သွားချင်တဲ့အခါ အဆင်မပြေတာနဲ့ မသွားဖြစ်ဘူး၊ ဒီတော့ ဝမ်းကချုပ်တတ်တဲ့ အလေ့အကျင့်ဖြစ်နေပါ ဆရာ"

"အင်းပေါ့ဗျာ. . . မတားအပ်တဲ့အဟုန်ထဲမှာ ဆီး၊ဝမ်း၊ လေတို့ပါနေတော့ ဒီထဲက အထူးသဖြင့် ဝမ်းကို တားဆီးလိုက်တော့ မကောင်းတဲ့ ဆီးအဆိပ်၊ ဝမ်းအဆိပ်၊ လေအဆိပ်တွေဟာ ခန္ဓာကိုယ်အပြင်ကို မရောက်တော့ပဲ ခန္ဓာကိုယ်ထဲ ပြန်လည်ပြီး စီးဆင်းပျံ့နှံ့ရာက ဦးခေါင်းပိုင်းရောက်ရင် ခေါင်းကိုက်တာ၊ ခေါင်းအုံ့တာ၊ ဇက်ကြောတက်၊ နောက်ကြောတင်းတာ၊ မျက်လုံးမျက်ခွံများလေးတာတွေ ဖြစ်စေတဲ့အပြင် ခန္ဓာကိုယ်အနှံ့ ပျံ့နှံ့ပါက ကိုယ်လက်တွေ လေးလံ ညောင်းညာတာတို့၊ ထုံကျဉ်ကိုက်ခဲတာတို့၊ မအီမသာ ဖြစ်ပေါ်ခံစားရတတ်ပါတယ်"

"ဟုတ်ကဲ့ဆရာ၊ အခုလို ဆရာပြောပြတော့မှ ဆီး, ဝမ်း, လေတွေနဲ့ ကျန်းမာရေးဟာ ဆက်စပ်နေတယ်ဆိုတာ သိရတော့တယ်"

"ဟုတ်တယ် ကိုနိုင်ဦးရေ၊ ဒါကြောင့် ရှေးကသမားတော်ကြီးတွေက ဝမ်းတစ်လုံးကောင်း၊ ခေါင်းမခဲဘူးလို့ မိန့်ခဲ့တာပေါ့ဗျ"

"ဟုတ်ကဲ့ ဆရာပြောမှ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲ ဆိုတဲ့ ဆိုရိုးစကားရဲ့ အဓိပ္ပာယ်ကို သိရတော့တယ်။ လူသားတွေရဲ့ ကျန်းမာရေးဟာ ဒီ ဆီး,ဝမ်း,လေတွေနဲ့ ဆက်စပ်နေတယ်နော် ဆရာ"

"သိပ်ပြီး ဆက်စပ်နေတာပေါ့၊ လူတစ်ယောက်ဟာ မကျန်းမမာဖြစ်တော့မယ်ဆိုရင် အရင်ဆုံး Sign ပြတာက ဆီးနီနည်းတာတို့၊ ဒါမှမဟုတ် ဆီးဖြူများတာတို့ ဝမ်းချုပ်တာ၊ ဝမ်းပျက်တာ၊ စမြင်းခံတာ၊ ဝမ်းကိုက်တာ၊ အပူဝမ်းသွားတာ၊ လေချုပ်တာ၊ ချွေးငုပ်တာတို့ဆိုတဲ့ လက္ခဏာတွေ ပြတတ်တယ်ဗျ"

"ဟုတ်ကဲ့ ဆရာ"

"အဲ. . . အဲ့ဒီထဲမှာ ဝမ်းပျက်ဝမ်းလျှောတာ၊ ဝမ်းကိုက်တာတွေက ထင်ရှားတဲ့လက္ခဏာ ချက်ချင်းကုသရတဲ့ ရောဂါအဆင့်ပေါ်လွင်နေတော့ အများက သတိထားမိကြတယ်ဗျ၊ ဝမ်းချုပ်၊ စမြင်းခံတဲ့အခြေအနေကိုတော့ အမှုမဲ့ အမှတ်မဲ့ နေတတ်ကြတယ်။ ဒီလိုဖြစ်တာ ကြာလာတာနဲ့အမျှ အဆိပ်အတောက် အဆင့်ရောက်နေတဲ့ ဆီး,ဝမ်း,လေ ဆိုတဲ့ မလအညစ် အကြေးတွေဟာ ခန္ဓာကိုယ်အတွင်းမှာ ပျံ့နှံ့စီးဆင်းကာ ကိုယ်တွင်းရှိ အတွင်းအင်္ဂါစုများဖြစ်တဲ့ ဦးနှောက်၊ နှလုံး၊ အသည်း၊ အဆုတ်၊ ကျောက်ကပ်၊ အစာအိမ်၊ ပန်ကရိယစတဲ့ ခန္ဓာကိုယ်အတွက် အရေးကြီးဆုံး အင်္ဂါစုများသို့ စုဝင်ရောက်ရှိ ခိုအောင်းအပြစ်ပြု ရာကစလို့ စောစောကပြောခဲ့တဲ့သာမန်ရောဂါလေးမှစပြီး ကင်ဆာလိုမျိုးရောဂါများအပြင် ကုသ



www.burmeseclassic.com

www.burmeseclassic.com

## ဆီး၀မ်းမှန်၍ လေလည်းရ အဆီကျလို့ အကြောလည်းပြေတဲ့ မြင့်မြန်မာ ဝမ်းမှန်ဆေး . . .

ရခက်ခဲတဲ့ရောဂါတွေ စွဲကပ်ဖြစ်ပေါ်စေပါတယ်"

"ဟာ . . ဟုတ်လားဆရာ၊ ကျွန်တော်တို့က ပေါ့ပေါ့တန်တန်ထားတဲ့ ဒီဝမ်းချုပ်ခြင်း၊ ဆီးနည်းခြင်းတွေဟာ အလွန် မတန်ကြောက်စရာကောင်းတဲ့ ရောဂါကြီးတွေရဲ့ ရှေ့ပြေးလက္ခဏာတွေပေါ့နော်"

"ဟုတ်ပါ့ဗျာ၊ ဟုတ်ပါ့"

"ဒါဆို နေ့စဉ် ဆီး၊ ဝမ်း၊ လေ၊ ချွေးတွေ မှန်နေအောင် ကျွန်တော်ဘာဆေးတွေ စားသင့်လဲဆရာ"

"ဆီး၊ ဝမ်းမှန်လို့လေရ အဆီပိုများကျပြီး ခန္ဓာကိုယ်ပေါ့ပါးကျန်းမာအောင်အတွက်ကတော့ ရော့ . . ဒီမှာ **မြင့်မြန်မာ တောရှောက်သီး အကြောပြေဝမ်းမှန်ဆေးကို** သုံးစွဲပေးပေါ့ဗျာ"




"ဒီမြင့်မြန်မာအကြောပြေဝမ်းမှန်ဆေးရဲ့ အာနိသင်ကိုလည်း ပြောပါဦးဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးရဲ့ အစွမ်းကတော့ ဆီးချုပ်၊ ဝမ်းချုပ်၊ လေချုပ်ရောဂါတွေ၊ စမြင်းခံခြင်း ဇက်ကြောတက်၊ နောက်ကြောထိုးခြင်း၊ ခေါင်းအုံ့, ခေါင်းကိုက်ဖြစ်ခြင်း၊ ကိုယ်လက်တွေ လေးလံညောင်းညာ ကိုက်ခဲခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဒူလာလိပ်ခေါင်းဖြစ်ခြင်း အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပူအပုပ်များခြင်း၊ ဆီးချုပ် ဆီးကျန် ဝမ်းချုပ်,ဝမ်းကျန်ခြင်း၊ လေချုပ်ခြင်း၊ အသားအရေ ယားယံခြင်း၊ အသားအရေ ညစ်ထေမွဲခြောက်ခြင်း၊ အဖု အပိန့်အကွက်များဖြစ်ပေါ်ခြင်း၊ သွေးမသန့်ခြင်း၊ ပါးစပ်နံ ခြင်း၊ ကိုယ်နံ့ပြင်းခြင်း၊ အပူခိုး၊ အပုပ်ခိုးများ အပေါ်ကို ဆောင်တက်ပြီး လည်ချောင်းနာခြင်း၊ မျက်ရည်ပူများကျ ခြင်း၊ လျှာ,နှုတ်ခမ်း, အာခံတွင်းတွေမှာ အပူနာတွေဖြစ်ခြင်း သွေးတိုးသွေးတက်ဖြစ်ခြင်း၊ ဆီးပူ၊ ဆီးအောင့်၊ ဆီးဝါ၊ ဆီးနီ ဆီးနည်းခြင်း၊ မျက်နှာမှာ တင်းတိပ်၊ ဝက်ခြံ၊ မှည့်ခြောက် ထွက်ခြင်း၊ သွေးခာတ်ထဲနဲ့ ခန္ဓာကိုယ်ထဲမှာ မလိုအပ်တဲ့ အဆီပို(မလ)တွေ ပွားများလာပြီး အဝလွန်ခြင်း၊ ဗိုက်ခေါက် ထူခြင်း စတဲ့ ရောဂါတွေအတွက်သုံးစွဲနိုင်ပြီး အကြောပြေကာ အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေသော အဆီဖိုများကို ဖယ်ရှားပေးနိုင်ပြီး ဆီး၊ ဝမ်း၊ သွေး၊ လေ ညီညွတ် မှန်ကန်စေ ပြီး ကျန်းမာပေါ့ပါးလန်းဆန်း တက်ကြွစေပါတယ်"

"ဟုတ်ကဲ့၊ ဘယ်လိုသုံးစွဲရမလဲ ဆရာ"

"မြင့်မြန်မာ အကြောပြေဝမ်းမှန်ဆေးကို ညအိပ်ရာ ဝင် ရေအေးနဲ့ ဆေး ၅ ပြားကို အစာနဲ့ဝေးဝေးမှာ သုံးစွဲပေး ခြင်းဖြင့် အထက်ပါရောဂါတွေကို ပျောက် ကင်းသက်သာ ပြီး မဖြစ်သေးရင်လည်း ကာကွယ်ပြီး သားဖြစ်စေပါတယ်" **(ဝမ်းနုတ်ဆေးမဟုတ်၍ နေ့ စဉ်မှန်မှန် သုံးစွဲနိုင်ပါသည်၊ ဝမ်းချုပ်တတ်သူများ ဆေး ၅ ပြားမှ ၇ ပြား အထိ သုံးစွဲ နိုင်ပါသည်။)**

"ဟုတ်ကဲ့ အခုလို ကျန်းမာရေးဗဟုသုတတွေ ရ အောင် ပြောပြလမ်းညွှန်ပေးတဲ့အပြင် သုံးစွဲရမယ့် ဆေး ညွှန်ပြပေးတဲ့အတွက် ဆရာ့ကို အထူးပဲကျေးဇူးတင်ပါတယ် ဆရာ"

---

ပင်ရင်း - **စကြာမင်းဆေးတိုက်**

အမှတ် (၆၆)၊ (စ) ရပ်ကွက်၊ သုဓမ္မာလမ်း

မြောက်ဥက္ကလာပ။ ဖုန်း - ၀၁၆၉၁၀၉၁ ၀၉၇၃၁၉၇၂၄




www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲမြို့ ကျွဲတိုင်းမင်းကျောင်း ဆရာတော်

# ဘဒ္ဒန္တဥတ္တမဇောတ်

၏ လက္ခဏာတော်



● ကျွဲတိုင်းမင်းကျောင်းဆရာတော်
ဘဒ္ဒန္တဥတ္တမဇောတ်




## ထေရုပ္ပတ္တိ

ဆရာတော်သည် ဧရာဝတီတိုင်း အသကြီး အိမ်မဲမြို့နယ်၊ လှည်းဆိပ် ဦးကုန်းကျေးရွာနေ ဒကာတော် ဦးကြည်၊ မယ်တော် ဒေါ်အုံးခင်တို့မှ ၁၃၁၄ ခုနှစ်၊ သီတင်းကျွတ်လဆုတ် (၁၁)ရက် တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူပါသည်။

၁၃၃၃ ခုနှစ်၊ ကဆုန်လ၌ အိမ်မဲမြို့ ကျောင်းဝရပ်ကွက် ရုံးကျောင်းဆရာတော် ဦးစန္ဒောကို ဥပဇ္ဈာယ်ပြုပြီး ကျွဲတိုင်းမင်းကျောင်း ဥဒကာကျွေပသိမ် ဦးသိန်းမောင် ဒေါ်ခင်သန်းတို့၏ အလှူ ဒါယကနုဂ္ဂဟကို ခံယူ၍ မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်တော်မူပါသည်။

ဆရာတော်သည် တွံတေးမြို့ ရွှေလက်ခုပ်ကျောင်း ဆရာတော် ဦးကုသလ(မွှာစရိယ)၊ ရန်ကုန်မြို့ ဆိပ်မောက်လမ်း ဆုထူးပန်ဆရာတော် ဦးနာယက၊ မန္တလေးမြို့ မျက်ပါးရပ် ကျောင်းဆရာတော် ဦးမေဓိယ၊ မန္တလေးမြို့ ပေါက်မြိုင်ဆရာတော်တို့ ထံတွင် ပညာဆည်းပူးခဲ့ပါသည်။

ဆရာတော်သည် မြို့နယ်ဝိနည်းဓိုရ် သက်တမ်း (၃)ကြိမ်တိုင်တိုင် ဆောင်ရွက်ခဲ့ပြီး ကျောင်းဝင်းအတွင်းရှိ ဗောဓိ ညောင်ပင်ကြီးအား ကဆုန်လပြည့်နေ့တိုင်း ညောင်ရေသွန်းလောင်းခြင်း၊ ရွှေရင်အေးတိုက်ကျွေးခြင်း၊ ဖျော်ရည်တိုက်ကျွေးခြင်းကို နှစ်စဉ် ပြုလုပ်ခဲ့သည်။

တပို့တွဲလပြည့်နေ့တိုင်း ထမနဲပွဲကို

www.burmeseclassic.com




ကျင်းပခဲ့ရာ ထမနဲ မကျွေးမီ ဘုရားကန်တော့ခြင်း၊ ငါးပါးသီလခံယူခြင်း၊ မေတ္တာပို့ခြင်း၊ ရေစက်ချ အမျှဝေခြင်းများ ပြုလုပ်လေ့ရှိရာ ထမနဲကျွေးရာ မွှာရုံအတွင်း စတင် ကျင်းပသည့်နှစ်မှ စတင်ပြီး မြွေများ(၁၀-ကောင်ခန့်) နှစ်စဉ်နှစ်တိုင်း လာရောက်ခြင်းကို ထူးထူးခြားခြား မြင်တွေ့ရသည်။

ထို့ပြင် နိုင်ငံအေး အောင်တော်မူစေတီ(နောင်တော်စေတီ)နှင့် ပြည်ကြီးချမ်းသာစေတီတော် (ညီတော်စေတီ) နှစ်ဆူအား ဘက်စုံ ပြုပြင်မွမ်းမံနိုင်ရန် ဘုရားပွဲများ ကျင်းပလေ့ ရှိပါသည်။ ထိုစေတီနှစ်ဆူမှာ ကျောင်းဝင်းအတွင်း၌ တည်ထားကိုးကွယ်ထားခြင်း ဖြစ်ပါသည်။

**လက္ခဏာတော် လေ့လာချက်**

- ❑ အသက်လမ်းကြောင်း အတွင်းမှ ထွက်ရှိနေသော ကံလမ်းကို တွေ့ရပါတယ်။ **အမွေခံထီးရိုးလဲ** ဖြစ်ပါတယ်။(၁)

ဒါကတော့ ဘာသာ သာသနာစိတ်ဓာ[t] ပြင်းထန်ခြင်းရဲ့ သင်္ကေတပါပဲ။

- ❑ **လက်မအရှား** ကောနေပါတယ်။ (၂)

ဒါကတော့ အားနာစိတ်နဲ့ စေတနာ သဒ္ဓါတရားစိတ် ရှိခြင်းရဲ့ သင်္ကေတပါပဲ။

- ❑ **လက်မမှာ အရစ်ပိုများ** တွေ့ရတယ်။(၃)

ဒါကတော့ အဖွဲ့အစည်း အသင်းအဖွဲ့များနဲ့ ဆောင်ရွက်ရသော လုပ်ငန်းများနဲ့ အကျိုးပေးပါတယ်။

- ❑ ကံလမ်းက ခွဲထွက်လာတဲ့ **အောင်မြင်ရေးလမ်းကြောင်းကို** တွေ့ရတယ်။(၄)

ဒါကတော့ အောင်မြင်မှု ကျော်ကြားမှု လူသိများ ထင်ရှားမှု ဖြစ်စေတတ်တဲ့ သင်္ကေတပါ။

- ❑ ညာဘက် **လက်သန်းထိပ်သည် အတွင်းဘက်သို့** ယိုင်နေတယ်။(၅)

ဒါကတော့ အနေအေးခြင်းနဲ့ သိုသိုသိပ်သိပ် နေတတ်ခြင်းရဲ့ သင်္ကေတပါပဲ။

- ❑ နှလုံးလမ်းရင်းမှာ **မြားမြီးသင်္ကေတ** ပါနေတယ်။(၆)

ဒါကတော့ ခြွေရံပရိသတ်များခြင်းနဲ့ တပည့်တပန်းများခြင်းရဲ့ သင်္ကေတပါပဲ။

- ❑ ညာဘက် လက်သန်းအောက် **ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် မျဉ်းမတ်ထောင်ကြောင်း** တွေ့ရတယ်။(၇)

ဒါကတော့ အာဝဇ္ဇန်းကောင်းခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ အပြောအဟောကောင်းခြင်းရဲ့ သင်္ကေတပါပဲ။

***အေးပါစေ၊ အေးပါစေ။***

သန့်ညာ





www.burmeseclassic.com

www.burmeseclassic.com

# သစ်တံခါးဆရာတော်

ဘဒ္ဒန္တမဏိဇောတ(ယော)၏

# မန္တလေးရောက်လျှင် အဓိဋ္ဌာန်ဝင်ပါ

မန္တလေးမြို့ကိုရောက်က **ချမ်းသာအောင် ဘုရားဖူးနည်းလည်း** ဖြစ်ပါသည်။

**မန္တလေးမြို့ကို ရောက်လျှင်...**

- ✦ မဟာမြတ်မုနိစေတီတော်မြတ်ကြီး။
- ✦ ရွှေကြီးမြို့မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး။
- ✦ ချမ်းသာကြီးမြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး။
- ✦ ချမ်းသာရ မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး။
- ✦ အောင်တော်မူ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး

စသည့် ဘုရားငါးဆူတွင် **ပူဇော်တာ အဓိဋ္ဌာန်ဝင်ပါ။ ဆုတောင်းမေတ္တာပို့ကြပါ။ ဘုရားဖူးကြပါ။**

ဤကဲ့သို့ ဘုရားငါးဆူတွင် အဓိဋ္ဌာန်သစ္စာပြုပြီး အောင်မြင်ပါက လောကီကောင်းကျိုး၊ လောကုတ္တရာကောင်းကျိုး အောင်မြင်တိုးတက်ပြီး စည်းစိမ်ဥစ္စာ လာဘ်ရွှင်ကာ လူ့ဒါနီးပေးကမ်းပြီး သာသနာပြု သတ္တဝါကယ် ပရဟိတ အကျိုးများ ဆောင်ရွက်နိုင်မှာ ဖြစ်ပါသည်။

ဤဘုရားငါးဆူအား နေ့ချင်းပြီး ဖူး၍ အောင်မြင်ပါက ချမ်းသာအောင် ဘုရားဖူးနည်းဟု ရှေးသူတော်စင် သူတော်ကောင်းတွေ ဆုံးမ ပညာပေးလေ့ရှိကြပါသည်။တကယ်ဟုတ်, မဟုတ်ကို ဆောင်ရွက်ကြည့်မှသိမည်။


ဆရာတော်က မန္တလေးသို့ ရောက်တိုင်း သွားရောက်ဖူးကာ အဓိဋ္ဌာန်ပြုပူဇော်လေ့ ရှိပါသည်။ ဒါကြောင့်လည်းအောင်မြင်မှုရ၏ ယုံကြည်ပါ၏။

ထို့ကြောင့် စိတ်ကြံစည်သမျှ အဓိဋ္ဌာန်မှ ရသတဲ့။ ဘာဖြစ်ပါစေ၊ ညာဖြစ်ပါစေ စိတ်အကြံပေါက်လိုပါလျှင် အဓိဋ္ဌာန်သစ္စာ မြောက်အောင်ကြိုးစားပါ။ ဝီရိယ ရှေ့ထား ကြိုးစားကြပါ အောင်မြင်ပါ၏။

❖ ပေးဆပ်မှုများမှ အောင်မြင်မှု များပါ၏။
❖ ပေးဆပ်မှုထုံလျှင် အောင်မြင်မှု တည်ပါ၏။
❖ ရယူချင်ပါလျှင် ပေးဆပ်မှု ရှိပါစေ။

***အေးမြရင်မှာရှိပါစေ။***

**သန်းခေါင်(ပညာရေး)**



✦ သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော)

မှီငြမ်းကိုးကားး


**သစ်တံခါးဆရာတော် ဘဒ္ဒန္တမဏိဇောတ(ယော) စည်းစိမ်ဥစ္စာဂုဏ်ရှိန်တိုးမည့် လောကီအောင်မြင်စေကြောင်း နည်းလမ်းကောင်းများ (စာ၊ ၈၄-၈၆)**

www.burmeseclassic.com

# ရွှေ့ဆေးဒန်း

## ဓာတ်လုံးနည်း

အောင်သန့် (ပုသိမ်ကြီး)



အဂ္ဂိရတ်ပညာတွင် လုပ်ရတ်ဓာတ်ထိုးနည်းမျိုးစုံ ရှိပါသည်။ အဂ္ဂိရတ်ကျမ်းပြုဆရာတော်ကြီးများ၊ ဆရာကြီးများက အဂ္ဂိရတ်ပညာကို လေ့လာလိုက်စားသူများအတွက် အထောက်အပံ့ ရရှိစေရန် ရည်ရွယ်၍ **ဟင်းရိုင်း၊ ဆေးဒန်း၊ သွပ်၊ သံ၊ ကြေး(ဒန်)၊ ဘော်** စသည့်ဓာတ်များကို ရွှေနှင့်ပေါင်းစပ်၍ အဂ္ဂိရတ်ရွှေ ဖြစ်စေနိုင်သည့် နည်းလမ်းမျိုးစုံအား လမ်းညွှန်ပေးခဲ့ကြပါသည်။

သို့သော် ယခု ကျွန်တော်ဖော်ပြမည့် **"ရွှေ့ဆေးဒန်း"**ဓာတ်လုံးထိုးနည်းမှာ သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)မှ ဆရာတော်ကြီးတစ်ပါးက ကိုယ်တိုင် လက်တွေ့အောင်မြင်နေသည့် **"ရွှေ့ဆေးဒန်း" ဓာတ်လုံးထိုးနည်း**ကို ချီးမြှင့်လိုက်ခြင်းဖြစ်ပါသည်။

သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)မှ ဘုရားတည်၊ ကျောင်းဆောက်၍ သာသနာပြုနေသည့် ဆရာတော်ကြီးက မြန်မာနိုင်ငံမှ ရှမ်းပြည်နယ် "ကျိုင်းတောင်း" ဆရာတော်အား လိုအပ်လျှင် အသုံးပြုနိုင်ရန် နည်းလမ်းပေးလိုက်ကြောင်း၊ ကျိုင်းတောင်း ဆရာတော်က သူ့ဒကာရင်းဖြစ်သူ လင်းခေးမြို့နေ ဆရာဦးစံအေးအား ထပ်ဆင့် ချီးမြှင့်လိုက်ကြောင်း သိရပါသည်။

ကျွန်တော့်ကို ဆရာဦးစံအေး၏ တူဖြစ်သူ ပလောင်ဦးပဥ္စင်းက ထပ်မံချီးမြှင့်ပေးပါသဖြင့် အဂ္ဂိရတ်လုပ်ရတ်ဝါသနာရှင်များ လိုအပ်ပါက အသုံးပြုနိုင်ရန် ရေးသား တင်ပြပေးလိုက်ပါသည်။

ကျိုင်းတောင်း ဆရာတော်ကြီး သီဟိုဠ်နိုင်ငံ(သီရိလင်္ကာ)သို့ ဘုရားဖူးသွားစဉ်က ခေတ္တတည်းခိုခဲ့သော ဘုန်းကြီးကျောင်းမှ ကျောင်းထိုင် ဆရာတော်ကြီးသည် စေတီပုထိုးပေါင်းများစွာနှင့် ဘုန်းတော်ကြီးကျောင်းများကို နေရာအနှံ့ တည်ဆောက်လှူဒါန်းနေကြောင်း တွေ့ရှိရသည့်အတွက် ဆရာတော်ကြီးနှင့် နှစ်ပါးတည်း တွေ့ဆုံချိန်တွင်...

'ဆရာတော်ဘုရား... ယခုလို ဘုရားတည်ကျောင်းဆောက် သာသနာပြုလုပ်ငန်းတွေ အများကြီးကို ဘယ်က ဝတ္ထုငွေ အလှူငွေတွေနဲ့ ဆောင်ရွက်နေပါသလဲ ဘုရား'

ဟု လျှောက်ထားရာ သီဟိုဠ်ဆရာတော်ကြီးက ပြုံးလိုက်ပြီး...

'တပည့်တော် ဘယ်မှာမှ အလှူမခံပါဘူး ဘုရား။ အလှူအတန်းလုပ်ဖို့ လိုတဲ့ငွေတွေကို ဒီကရပါတယ်'

ဟု ဆို၍ အဂ္ဂိရတ်ဖိုခန်းသို့ ခေါ်သွားပြီး လုံးခွံများကို ပြသပါသည်။

ဤတွင် ကျိုင်းတောင်းဆရာတော်က နားမလည်သေး၍ **"ဒီလုံးခွံတွေကနေ ဘယ်လိုရပါသလဲဘုရား"**ဟု ထပ်မံ မေးမြန်းလျှောက်ထားရာ...

'ဒီလုံးခွံတွေထဲကို ဘော်ထည့်ထိုးရင် ရွှေဖြစ်ပါတယ်။ ဘုန်းကြီး သာသနာပြုနိုင်ဖို့ ရွှေ့ဆေးဒန်းဓာတ်လုံးထိုးနည်းကို တပည့်တော် လှူဒါန်းလိုက်ပါမယ်'

ဟု ပြော၍ ချီးမြှင့်လိုက်သည့်နည်းဖြစ်ကြောင်း ပလောင်ဦးပဥ္စင်း[...] တစ်ဆင့် ကျွန်တော်တစ်ဆင့်ခံ ကြား[...] သိရခြင်းဖြစ်ပါသည်။

ရွှေ့ဆေးဒန်း ဓာတ်လုံးထိုးနည်း[...] အဆင့်ဆင့် ဆောင်ရွက်ပုံကို ဖော်ပြ[...] မည်။ ဆေးဒန်းကို ရက္ခမှုနည်းနှ[...] ဖမ်းရမည်။ **(ကျွန်တော် အတွေ့အကြုံ[...] အရ ဆေးဒန်းကို ချေးသီး၊ ကသော[...] သီး(၁၀)ကျပ်သားစီ၊ ဆေးဒန်း(၅) ကျပ်သားကို ကြေညက်အောင် ထောင်း၍ ဖန်ပုလင်းထဲသို့ ထည့်[...] ကာ ရေခံ၍ ဖမ်းယူနိုင်ပါသည်။)**

ရက္ခမှုနည်းဖြင့် ဖမ်းယူထားသော[...] ဆေးဒန်းသုံးမတ်သားကို ချိန်တွယ်[...] ပါ။ ထိုဆေးဒန်းသုံးမတ်သားကို စ[...] ပညာသဆေး၊ သာကျူံစုံတောဆေး[...] များဖြင့် ရင့်မာလာအောင် ထိုးရမည်[...]

ဤဆေးများဖြင့် တစ်လုံးပြီး တစ်[...] ဆေးတစ်မူးသားနှုန်းထည့်၍ လုံပိ[...] ထိုးပါက ဆေးဒန်းမီးထိုးခံ ဓာတ်သား[...] ကို ရပါသည်။ မီးထိုးခံ ဆေးဒ[...] သုံးမတ်သားကို ကိတ်(ရွှေ)တစ်မတ်[...] သားနှင့် တွဲပါ။ ဆေးဒန်းကိတ်ရော[...] ပြီးပါက လက်ချားချော်ဖြင့် ထိုးရမည်[...]

ဤအဆင့်တွင် လုံးဝ ချော်မလွှ[...] ပါနှင့်။ အန္တောချော်ကိုလည်း အသုံး[...] ၍ ထိုးနိုင်ပါသည်။ ယင်းသို့ တစ်လုံး[...] တစ်လုံးထိုး၍ မီးတက်သွားရမည်။

စတုပညာသဆေးနှင့် သာကျူ[...]

စာမျက်နှာ (၁၅၉) သို့

www.burmeseclassic.com

# သင်္ကေတများ၏

ဘာသာစကား ( ၄၁ )

ဗောင်းတော်နှင့် ရာဇပလ္လင်

**(ဘုရင်နှင့် မင်းညီမင်းသားတို့၏ ခေါင်းဆောင်း) ဗောင်းတော်အဆင်တန်ဆာနှင့်** ရာဇပလ္လင်တို့သည် အလယ်ဗဟို အခေါင်အချုပ်၊ မဏ္ဍိုင်ဟူသော အနက်ဖြင့် သုံးစွဲသော သင်္ကေတဖြစ်သည်။

အရှေ့တိုင်း အထူးသဖြင့် **မက်ဆိုပိုတေးမီးယားနှင့်** အိန္ဒိယတို့တွင် တွင်ကျယ်စွာ အသုံးပြုလေ့ရှိကြသည်။

တရုတ်ဓလေ့တွင် မြတ်စွာဗုဒ္ဓနှင့် ဆရာတော် သံဃာများ၊ ဘုရင်, မင်း, အရာရှိ,မိဘ,ဘိုးဘွား စသည့် လေးစားအပ်သော ပုဂ္ဂိုလ်များအား အရိုအသေပြု ကန်တော့သောအခါ ဖိနပ်ခြေနင်းကို (စီးနင်း)ဝတ်ဆင်၍ ခေါင်းဆောင်းဦးထုပ်ကို ချွတ်ထားရသည်။

ဖိနပ်ခြေနင်း ဝတ်ဆင်ခြင်းမှာ ပြည့်စုံစွာ ဂါရဝပြုခြင်းဖြစ်၍ ခေါင်းဆောင်းဦးထုပ်ကိုမူ အ,ဂါရဝသဘော သက်ရောက်သဖြင့် ချွတ်ထားရခြင်းဖြစ်သည်။

တစ်နည်းအားဖြင့် ခေါင်းဆောင်းဦးထုပ် မချွတ်ဘဲ ဂါရဝပြုခြင်းသည် ကြီးမြတ်သူအား စော်ကားရာရောက်သည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။ အခေါင်အချုပ်ဟူသည် ကြီးကျယ် မြင့်မြတ်ခြင်းလည်း မည်လေသည်။

ဘုရားကျောင်း၊ ရာဇပလ္လင်၊ နန်းတော် (တိုင်းနိုင်ငံတစ်ခု၏)မြို့တော်၊ **ဘုရင် သို့မဟုတ် ဘုရင်မ အုပ်ချုပ်သော နိုင်ငံတော်(Kingdom)နှင့်** ကမ္ဘာလောကတို့သည် အလယ်ဗဟို အခေါင်အချုပ်ကို ညွှန်းဆိုသော သင်္ကေတများ ဖြစ်ကြသည်။ ထိုမှ ဆင့်ပွား၍ ကမ္ဘာလောက၏ အလယ်ဗဟိုသည် မေယုတောင်(မြင်းမိုရ်တောင်)ဖြစ်သည်ဟုယူဆကြလေသည်။

မီးလင်းဖို

သမပိုင်းဒေသတွင် ချမ်းအေးသော ဆောင်းရာသီကာလ၌ နေအိမ်အတွင်း အနွေးဓာတ် ရစေရန် ဖိုထားသော မီးဖိုဖြစ်သည်။ **အိမ်တွင်းနေဝန်း**ဟု တင်စားလေ့ ရှိကြသည်။ ဤသင်္ကေတ၏ ဖွင့်ဆိုချက်မှာ လူနေအိမ်ဖြစ်သည်။ ပိပ်ထားသော အိမ်မဟုတ်ပါ။ တစ်ဦးနှင့်အထက် နေထိုင်လျက်ရှိသော အိမ်ဖြစ်သည်။

တစ်နည်းအားဖြင့် မီးလင်းဖိုသည် ထင်း(လောင်စာ)နှင့်တကွ အားကောင်းစွာ လောင်မြိုက်နေသော မီးဖြစ်လေရာ ပါရမီဖြည့်ဖက် ဇနီးသည်နှင့်တကွ အားကိုးရလောက်သော အားကောင်းမောင်းသန် အိမ်ထောင်ဦးစီးကောင်း (ခင်ပွန်းကောင်း)အဖြစ် တင်စားကာ မီးလင်းဖိုကိုလည်း "**ရှင်သန်နေသော အချစ်မေတ္တာ**"အဖြစ်လည်း အနက်ဖွင့်တတ်ကြလေသည်။ "**ဖို,မနှစ်ဦး အကြား အားကောင်းစွာ ဖြစ်တည်နေသည့်အချစ်**"ဖြစ်သည်။

လော်ရယ်ရွက်(Laurel)

(အနောက်တိုင်းအောင်သပြေ)

မြန်မာတွင် အောင်သပြေခက်ကဲ့သို့ အောင်မြင်မှု အထိမ်းအမှတ် သစ်ရွက်သစ်ခက်အဖြစ် **လော်ရယ်ရွက် (Laurel Leaves)**များကို အသုံးပြုကြသည်။

ဟူလွင်ဇီ





အဆောက်အအုံများတွင် စစ်ပွဲအောင်မြင်မှု အထိမ်းအမှတ်အဖြစ် ချိတ်ဆွဲလေ့ရှိသကဲ့သို့ စစ်နိုင်သူရဲကောင်းများကို လော်ရယ်ရွက်ဖြင့် ပြုလုပ်ထားသော သရဖူများ အပ်နှင်းဆင်မြန်းပေးတတ်ကြသည်။

လော်ရယ်ရွက်သည် အပိုလိုနတ်မင်းကြီးက အထူးလျှို့ဝှက်ထားသော အောင်မြင်မှု အထိမ်းအမှတ် သစ်ရွက်ဖြစ်သည် ဆိုလေသည်။

ခဲသတ္တု

ခဲသတ္တု၏ ထူးခြားသော အလေးချိန်နှင့် သိပ်သည်းမှုများကြောင့် ဝိညာဉ်လောကအတွက် ကိုယ်စားပြုသင်္ကေတ ထားတတ်ကြသည်။ ပဋ္ဌလက်ဆိုင်ရာ အဂ္ဂိရတ်ပညာရှင်များသည် ဝိညာဉ်များ ထည့်သွင်းသိုလှောင်နိုင်ရန် ခဲသတ္တုဖြင့် သွန်းလုပ်သော အိုးခွက်များကို စီမံဖန်တီးတတ်ကြသည်ဆို၏။

အရှေ့တိုင်းဒေသ အထူးသဖြင့် အရှေ့တောင်အာရှ ဒေသတွင်လည်း ခဲသတ္တုကို တမလွန်နှင့် ဆက်စပ်ပေးသည်ဟု ယုံကြည်ကြသည်။ သေဆုံးသူနှင့်အတူ ခဲဖြင့် သွန်းလုပ်ထားသော ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ရုပ်တု



www.burmeseclassic.com

www.burmeseclassic.com

ရုပ်ပွားတော်များ၊ သွားလေသူ အမြတ်တနိုး ရှိခဲ့သည့် အသုံးအဆောင် ပစ္စည်းများ စသည်တို့ကို ထည့်သွင်း မြှုပ်နှံပေးလေ့ ရှိကြသည်။

သို့မှသာ တမလွန်ဘဝတွင် သူတစ်ဦးတည်း ယောင်လည်လည် ဖြစ်မနေဘဲ ကိုးကွယ်ယုံကြည်ရာကို တွေ့ရှိနိုင်သည်။ သူ မြတ်နိုးသော အသုံးအဆောင် ပစ္စည်းပစ္စယများကို အဖော်ပြုသုံးစွဲနိုင်လိမ့်မည်ဟုယူဆကြလေသည်။

အေဒီ (၁၅)ရာစုခန့်က ယခု ထိုင်းနိုင်ငံ လန်ပူရီဒေသတွင် နေထိုင်ခဲ့ကြသော ရှေးဟောင်းမွန်တိုင်းရင်းသားတို့သည် ကွယ်လွန်သူနှင့်အတူ **ခဲဖြင့်သွန်းလုပ်ထားသည့် ရုပ်ပွားတော်** (Buddha Image)ကလေးများ ထည့်သွင်းမြှုပ်နှံပေးလေ့ ရှိခဲ့ကြသည်။ တမလွန်တွင် ဗုဒ္ဓ၏ အရိပ်အာဝါသ၌ အေးချမ်းစွာ နေထိုင်နိုင်လိမ့်မည်။ **"နောင်ဘဝတွင်လည်း ဗုဒ္ဓဘာသာဝင် ဖြစ်လိမ့်မည်ဟု ဆိုလိုဟန်ရှိ၏"**ဟု ယုံကြည်ကြလေ့ရှိသည်။

## သစ်ရွက်

တရုတ်သင်္ကေတ အယူအဆဆိုင်ရာ အသုံးများသော အမှတ်လက္ခဏာ(၈)မျိုးတွင် (၁)မျိုး အပါအဝင် ဖြစ်သည်။ သစ်ရွက်သည် ပျော်ရွှင်ခြင်း၏ အထိမ်းအမှတ်ဟု တင်စားကြသည်။

သစ်ရွက်များစွာ အစီအရီ စီတပ်ထားခြင်း(ပန်းကုံး ပန်းခွေ ပန်းစည်း ပြုလုပ်ထားခြင်း)သည် လူအများစု တစ်ဦးထက်ပိုသော လူစုကို ကိုယ်စားပြုသည်။ မိတ်ဆွေသင်္ဂဟများ သို့မဟုတ် လူအများ ပျော်ရွှင်စွာ စုဝေးနေကြသည်။

သို့မဟုတ် ပျော်ရွှင်မြူးထူးနေကြသူ







များဟု အဓိပ္ပာယ်ရသည်။ သစ်ရွက်သည် သစ်မြစ် သစ်ဥများကဲ့သို့ပင် ဗီဇ သို့မဟုတ် လူတို့၏ အသက်ရှင်နေထိုင်ခြင်းကိုလည်း သင်္ကေတပြုတတ်ကြသေးသည်။

လင်ပန်းတွင်းမှ သစ်ရွက်သည် လူသားတစ်ဦး လောကတွင် ဝင်ရောက်လာခြင်း၊ ကလေးမျက်နှာမြင်ခြင်းကို ညွှန်းဆိုသည်။

ရွှေလင်ပန်းဖြစ်လျှင်ကား တော်ဝင် မင်းသား မင်းသမီး ဖွားမြင်တော်မူခြင်း၊ မြင့်မြတ်သော အမျိုးအနွယ်ဆက် ဖွားမြင်ခြင်းကို ဖော်ပြခြင်းဖြစ်သည်။

စုတ်ပြဲပြတ်တောက်နေသော သစ်ရွက်ဖြစ်လျှင်ကား **"ကလေး အဖတ်မတင်"**ဟု ဆိုလို၏။

## ခြေယောက်

ခြေထောက်သည် ခြေဖဝါးနှင့် ကိုယ်ခန္ဓာဖွဲ့စည်းပုံအရ မကွာခြားလှသော်လည်း သင်္ကေတတွင်မူ အနက်အဓိပ္ပာယ် ကွာခြားလှပါသည်။

ခြေဖဝါးသည် ထွက်ခွာသွားခြင်း အနက် ရှိသော်လည်း ခြေထောက်မှာ မားမားမတ်မတ်ရှိခြင်း၊ ထောက်မပေးခြင်းနှင့် ရှာဖွေတွေ့ရှိခြင်းတို့ကို ဖော်ပြသည်။

**လူ့ခြေထောက်** (လူ၏ခြေ)သည် အခြားသတ္တဝါများနှင့် မတူပါ။ အထက်သို့ မားမားမတ်မတ် ထောင်လိုက်အနေအထား တလူလူရှိကာ တိရစ္ဆာန်တို့ကား ခြေပေါ်၌ အလျားလိုက် အားပြု လျက် ရှိကြသည်။

ထို့ကြောင့်ပင်လျှင် လူ၏ခြေအား အထက်ပါ အနက်အဓိပ္ပာယ်များဖြင့် တစ်စားသုံးနှုန်းခြင်း ဖြစ်သည်။

အခြား ညွှန်းဆိုချက်အနေဖြင့် ရုပ်တုများအောက်ခြေရှိ စမ္မခဏ် (ထောက်ပံ့ကူမပေးခြင်းကို ဆိုလို သည်။) လင်းလက်တောက်ပခြင်းတို့ ကိုလည်း ဖော်ညွှန်းလေသည်။

## မေထာရွန်(Matron)

ဤဝေါဟာရမှာ အိမ်ထောင်ရှင်မ သို့မဟုတ် မုဆိုးမ အမျိုးသမီး အထူ သဖြင့် ကလေးတစ်ယောက် မွေးဖွား ပြီးသူ မိခင်တစ်ဦး၏ ဟန်အမူအရာ ဓလေ့စရိုက်နှင့် နေထိုင်ပြုမူတတ်သူကို ဆိုလိုသည်။

ဘုရားရှိခိုးကျောင်း၊ စာသင်ကျောင်း နှင့် ဆေးရုံများတွင် အမျိုးသမီး အကြီး အကဲဖြစ်ကာ ရဲတိုက်(သို့မဟုတ်) တော်ဝင် နေအိမ်တော်များတွင်ဖြစ် လျှင် နေအိမ်လုံခြုံရေး၊ သာယာရေး ချက်ပြုတ်လျှော်ဖွပ်ရေး၊ စားသော ဖွယ်စီမံခြင်း၊ ငွေကြေးစီမံခန့်ခွဲခြင်း စသော တာဝန်များ ယူထားရသည့် အိမ်တော်ထိန်းအမျိုးသမီးကြီးဖြစ်သည်

**မေထာရွန်**ကို သင်္ကေတအဖြစ် သုံး သောအခါ မိခင်သဖွယ် ယုံကြည် အားထားလေးစားရသူ ဟူသော အဓိပ္ပါယ်ဖြင့် သုံးနှုန်းကြလေသည်

စိတ်ပညာဆိုင်ရာ အသုံးအနှု အနေဖြင့်ကား မိခင်ပမာ နိုင့်ထ စီးနင်းပြောဆို ဆက်ဆံတတ်သူ ရည်ညွှန်းသည်။ **(မိခင်သည် နိုင့်ထ ဆီးနင်း ပြောဆိုတတ်သည်ဟု ခြင်းမဟုတ်ပါ။) အရုပ်သုံး "ငါ့မအေကြနေတာပဲ ဩဇာပေး**



www.burmeseclassic.com

www.burmeseclassic.com

**ထိုက်တာ"ဟူသောအဓိပ္ပာယ်ရှိပါသည်။**

## လတာပြင်

ကမ်းခြေများတွင် ရေစီးရေလာ ထိုင်းမှိုင်းမှုကြောင့် ဖြစ်လာသော မြေရိုင်းဖြစ်သည်။ ကျွန်းမြေကိုင်း (နုန်းတင်မြေမာ)မြေများကဲ့သို့ စိုက်ပျိုး၍ မရပေ။

မြက်ပင်ငယ်များသာ ပေါက်ရောက်၍ ပိုးမွှားတိရစ္ဆာန်ငယ်ကလေးအချို့သာရှိသော ရွှံ့နွံမြေပျော့ဖြစ်သည်။

လူ့ဘဝတွင် ကံဆိုးမိုးမှောင်ကျတော့မည့် အခြေအနေတွင် **"လတာပြင်သို့ ဦးတည်နေသည်"**ဟု တင်စားသုံးနှုန်းကြသည်။ လတာပြင်ကားမျှော်ရွှင်မှုနှင့် မျှော်လင့်ချက်များ ဆိတ်သုဉ်းခြင်း၏ သင်္ကေတဖြစ်သည်။

## ကြေးမုံ(ကြည့်မှန်)

ကြေးမုံသည် ဝိညာဉ်တို့၏ နိုအောင်းရာ မှီတင်းနားနေရာ ဖြစ်သည်ဆို၏။

နေအိမ်တွင် တစ်ဦးတစ်ယောက် ကွယ်လွန်သွားပါက ကြေးမုံကို တစ်ခုခုဖြင့် ဖုံးအုပ်ခြင်း၊ နံရံဘက်သို့လှည့် (မျက်နှာမူ)ထားခြင်းတို့ ပြုလုပ်လေ့ရှိကြသည်။

သေဆုံးသူ၏ ဝိညာဉ်သည် ကြေးမုံတွင်း ဝင်ရောက်ကာ အခြားတစ်ဖက် (နောက်ကျောဘက်) ထွက်ခွာသွားနိုင်သည်ဟု ယူဆကြသောကြောင့်ဖြစ်သည်။

ကြေးမုံသင်္ကေတ၏ အဓိပ္ပာယ်ကို ရှုပ်ထွေးများပြားစွာ ဖွင့်ဆိုထားကြသည့်အနက် ယေဘုယအားဖြင့် ပဲတင့်ခြင်း၊ **အမြှာတစ်စုံ(ပင်ကိုရုပ်သွင်နှင့် ကြေးမုံရိပ်တွင် ထင်ပေါ်နေသောရုပ်ရိပ်ကိုဆိုလိုသည်။)**နှင့် များသောအားဖြင့် **မီးလျှံပင်လယ်(မပြည့်စုံသောဘဝနေမှု)ဟူ၍**ဖွင့်ဆိုကြလေသည်။

လက်ကိုင်ရိုးပါဝင်သော ကြေးမုံ (မုတ်ဆိတ်ရိတ်ခြင်း၊ နှုတ်ခမ်းနီဆိုးခြင်း စသည်အတွက် အသုံးပြုသော လက်ကိုင်ကြည့်မှန်)သည် **အမှန်တရား၏ သင်္ကေတ**ဟု အဓိပ္ပါယ်ဖွင့်ကြသည်။

တရုတ်လူမျိုးများက လက်ကိုင်ရိုးပါ ကြေးမုံကို ဖနီးမောင်နှံနှစ်ဦး သဘောချင်း တိုက်ဆိုင် ပျော်ရွှင်ကြည်နူးခြင်းဟု အဓိပ္ပါယ်ဖွင့်သကဲ့သို့ ကြေးမုံမှန်သမျှကို မကောင်းဆိုးဝါးများ၏ လှည့်လ ပယောဂများမှ ကာကွယ်တားဆီးပေးသည်ဟု ယူဆကြသည်။

တရုတ်ရိုးရာဓလေ့ ဒဏ္ဍာရီအချို့တွင် ကြေးမုံအတွင်း၌ မိစ္ဆာများ ဝင်ရောက်ခိုအောင်း နေထိုင်ကြသည်ဟု ဖော်ပြထား၏။ နေအိမ်ဂေဟာ မိသားစုဝင်တို့ထံသို့ ရောက်လာသော မကောင်းသည့် ပါပဓာတ်များ၊ မိစ္ဆာများသည်(အိမ်တွင် ထားရှိသော) ကြေးမုံများအတွင်း ခိုအောင်းနေထိုင်ကြသည်။

ထို့ကြောင့် နေအိမ်၏ အဓိက ဝင်ပေါက် သို့မဟုတ် မြောက်အရပ်သို့ မျက်နှာမူ၍ ကြေးမုံမှန်ချပ်ကို ထားရှိ တတ်ကြသည်။ ဝင်လာသမျှ အဆိုးများကို ကြေးမုံဖြင့် တားဆီးချုပ်နှောင်ထားခြင်းဖြစ်သည်။

ထို့ကြောင့်ပင်လျှင် အရေးကြီးသော အကြောင်းကိစ္စများ ဆွေးနွေးစဉ်၊ ကြိစည်စိတ်ကူးစဉ် ကြေးမုံမှန် အကွဲကို မြင်ရပါက နိမိတ်မကောင်းဟု ယူဆကြသည်။ ချုပ်နှောင်ထားသော အဆိုးများ လွတ်မြောက်လာခြင်း အဓိပ္ပာယ်ရောက်သောကြောင့်ဖြစ်သည်။

**ဟူရင်းဇီ**

## စာမျက်နှာ (၁၅၆)မှ အဆက်

ပေဟာဝေသများကို သက်တံရှည်စေတော်နှင့် ရောစပ်၍ ဖော်စပ်ကြိုစေတော် ထိုဆေးများနှင့်လည်း ထိုးသွင်းနိုင်ပါသည်။ ဆေးကို တစ်လုံးလျှင် တစ်မှုံသားနှုန်း ထည့်၍ ထိုးရမည်။

ဓာတ်သားဆေးဝီ ဆိုက်ပြီးလျှင်က နီးမှာန်တင် ကျွေးသောဖြင့် ထပ်မံ၍ ထိုးပါ။ ဤနည်းအတိုင်း ဓာတ်လုံးကို ထိုးသွားပါက တဖြည်းဖြည်းနှင့် ဓာတ်လုံး လုံးခြောက်ကျွတ်သည့် အဆင့်သို့ ရောက်လာလိမ့်မည်။ ဤတွင် ဓာတ်လုံး၏ လုံ့ခြုံကို ရရှိပြီဖြစ်၏။

ရရှိလာသော ရွှေဆေးခဲ ဓာတ်လုံး လုံ့ခြုံသို့ ထော်ဝိုးမှုသောကို ထည့်ထိုးပါ။ လုံ့ဝိတ်ထိုးရမည်။ ထိုဆေးသည် ကိတ်(အဂ္ဂိရတ်ရွှေ)အဖြစ်သို့ ရောက်လာလိမ့်မည်။ မိမိဥာဏ်ရှိသလို အသုံးပြုနိုင်ပါပြီဟု ဆို၏။

ထို ရွှေ ဆေးခဲဓာတ်လုံးအပေါ်သို့ မြွေပါးရည်ကို အနည်းငယ် အုပေးပြီး ထိုးတင်ပါ။ ဤသို့ မြွေပါးရည်ကို ထိုးတင်လိုက်ပါက မြွေပါးအမာခံကို ရမည်။

ဤမြွေပါးအမာခံများကို မှုံဓာတ်လုံးသို့ မြန်လည် ကျွေးထိုးသွားပါက တဖြည်းဖြည်းနှင့် ရရှိလာသော ထိုကျမြွေပါးသည် **ဘော၊ ခနဲ(ကြေး)၊ သွပ်ဓာတ်များကို** ဖမ်းကြည့်က စပ်လမ်း၊ တားလမ်းသို့ ရောက်ရှိလာနိုင်ကြောင်း ပလောင်ဦးပွင့်းက ဆက်လက် မိန့်ကြားပါသည်။

အဂ္ဂိရတ်ပါသနာရှင်များ သသသနာပြုနိုင်ကြရန်နှင့် ရှေ့ဘာတော်အဖြစ် အသုံးပြုနိုင်ရန် ရည်ရွယ်၍ ကျွန်တော်ရေးသား ဖော်ပြပေးလိုက်ပါသည်။

**ဤဆောင်းပါးဖြင့် ပလောင်ဦးပွင့်းအား ရှိခိုး ကန်တော့လိုက်ပါသည် ဘုရား...**

စေတနာမွန်ဖြင့်...


**အောင်သန့်(ဗုသိမ်ကြီး)**

**မှတ်ချက်။ ။ "သာ၊ ကျူး၊ စုံ၊ တော" ဆေးဆိုသည်မှာ စက်သား၊ လက်ရှားသား၊ ထုံးဓာတ်များ ပေါင်းစပ်ထားခြင်းဖြစ်၍ စတုပညာ သံခေသဆိုသည်မှာ ယမ်း၊ သား၊ သံမြှား ဓေးဘော်မှုဓာတ်တို့ ရောစပ်ထားသည့်ဆေးဖြစ်ပါသည်။**



www.burmeseclassic.com

www.burmeseclassic.com




▲ နွားချေးစိမ်ရည်သင်တန်းမှ သင်ခန်းစာပါပုံကို ရိုက်ယူ ဖော်ပြပါသည်

# နွားချေးအစို အာဟာရဖျော်ရည်

## ပြုလုပ်သုံးစွဲနည်း

တောင်သူဦးကြီးများ အတွက် သီးနှံများ အထွက်တိုးစေရန်နှင့် ဓာတုဗေဒ ဓာတ်မြေဩဇာများ အသုံးပြုမှု လျှော့ချနိုင်ရန်အတွက် စာရေးသူ၏ ဒေသရှိ တောင်သူ ဦးကြီးများ လက်တွေ့ အသုံးပြု အောင်မြင်နေသော နည်းကို ဖော်ထုတ်ရေးသား တင်ပြ လိုက်ပါသည်။

### ပြုလုပ်ပုံ

ပုံပါအတိုင်း လွယ်ကူစွာ ပြုလုပ်နိုင် ပါသည်။

၁။ **ဂုန်နီအိတ် (သို့မဟုတ်) ပီနံအိတ်တစ်ခုတွင်** အိတ်၏ လေးပုံသုံးပုံအတွင်း နွားချေးအစိုကို ထည့်၍ ကြိုးတစ်ချောင်းဖြင့် ချည်ပါ။

၂။ **ရေဂါလန်(၅၀)ဆံ့ ရေတိုင်ကီ (သို့မဟုတ်) ပလတ်စတစ်တိုင်ကီတစ်လုံးတွင်** သုံးပုံ့နှစ်ပုံရေ ဖြည့်၍ အိတ်ကို ထည့်ပါ။

နွားချေးအစို တစ်ဂါလန်ခန့်ကို ရေ နှစ်ဂါလန်နှုန်း သုံးရပါမည်။ ထိုနှုန်းထားသည် နွားချေးမြေဩဇာ အာဟာရ ဖျော်ရည် (၁၀၀)လီတာ သုံးနိုင်ပါသည်။ **(၁၀၀လီတာ = ရေ ၂၅ ဂါလံ)**

၃။ ရေတွင်နှစ်ထားသော အိတ်ကို ကျောက်တုံး (သို့မဟုတ်) အလေး ဖြင့် ဖိထားပါ။

၄။ ရက်သတ္တပတ် (၃)ပတ်၊ ရက်ပေါင်း (၂၀)ကျော်လျှင် အိတ်ကို ထုတ်ပြီးနောက် နွားချေးမြေဩဇာ အာဟာရ ဖျော်ရည်ကို အပင်များအတွက် အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

၅။ အသုံးပြုသည့်အခါ ဖျော်ရည် တစ်ဆလျှင် ရေသန့်(၄)ဆဖြင့် ရော၍ အသုံးပြုနိုင်ပြီ ဖြစ်ပါသည်။

၆။ မျိုးစေ့မှ အပင်ပေါက်ပြီး (သို့မဟုတ်)ပျိုးများ ရွှေ့ပြောင်းစိုက်ပြီး (၂)ပတ်မှ (၃)ပတ်အကြားတွင် အပင်ခြေရင်းတွင် လောင်း၍ သုံးပတ်လျှင် တစ်ကြိမ်ခန့် ထပ်မံ အသုံးပြု ကျွေးနိုင်ပါသည်။

၇။ ဓာတ်မြေဩဇာများအား ရောနှော၍ အသုံးပြုလိုလျှင် ရေရှည် အထားခံနိုင်ရန် ကြားခံဖျော်ရည် အဖြစ် အသုံးပြုနိုင်ပါသည်။

၈။ အိတ်အတွင်းမှ နွားချေးဖတ်များကို မြေဩဇာအဖြစ် ပြန်လည် အသုံးပြုနိုင်ပါသည်။

၉။ နွားချေးအစိုမရခဲ့ပါက ပဲမျိုးနွယ်ဝင်အပင်များ၏ အရွက်စိုများကို နွားချေး အစိုနှုန်းထားအတိုင်း အစားထိုး အသုံးပြုနိုင်ပါသည်။

၁၀။ အထက်ပါ နွားချေးအာဟာရ ဖျော်ရည်အတွင်း ဓာတုဓာတ်မြေဩဇာများကို တစ်ပါတည်း ထည့်သွင်းစိမ်ထား၍ အသုံးပြုနိုင်သည်။ **(ဓာတုဓာတ်မြေဩဇာများ ထည့်သွင်းပါက သုံးစွဲရမည့်နှုန်းထားကို လျှော့ချပြီးမှသာ သုံးစွဲသင့်ပါသည်။)**

အထက်ပါနည်းမှာ ဟင်းသီးဟင်းရွက်ပင်များ၊ သစ်သီးပင်များ၊ ကွမ်းပင်နှင့် ဖရဲပင်များအတွက် အလွန်ပင် သင့်တော်ကြောင်းကို သုံးစွဲအောင်မြင်နေသည့် တောင်သူဦးကြီးများထံမှ သတင်းကောင်းရရှိပါကြောင်းကို ရေးသား တင်ပြအပ်ပါသည်။

**တင်ညိုအေး(နဂါးမြို့မတော်)**



www.burmeseclassic.com

www.burmeseclassic.com

# ပဋ္ဌာန်းစကြာ



ကာလာသင်ဖွေ့

စာရေးသူသည် ပင်စင်စား ဆရာကြီးဦးကျော်စိန်ဝင်း၏ ဖိတ်ကြားမှုကြောင့် ကျားသေရွာသို့ရောက်ပြီး ဆရာကြီးနှင့် စကားပြောကြရာမှ ဆရာကြီး၏ အယူအဆတစ်ခုဖြစ်သော(တစ်နည်း) ဆရာကြီး သိထားသော အိမ်လျှာထွက်၊ ခြံဝင်းလျှာထွက်တွင် မနေသင့်ကြောင်း ပြောသည်ကို ရေးသားခဲ့ပါသည်။

ထိုမှတစ်ဆင့် အိမ်အကြောင်း ပြောဖြစ်ကြ၍ **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ၂၀၁၃ ခုနှစ်၊ အမှတ်(၃၂၃) နှစ်လဆုတ်၊ စာမျက်နှာ(၂၁၇)တွင်ပါသော ဂါမဏီဇော်(စစ်ကိုင်း) (ဝေဒဝိဇ္ဇာ ရေ)**ရေးသားထားသည့် **"အိမ်မြေပိုင်ဆိုင်ဖို့ ယတြာအစီအရင်"** အကြောင်း ရောက်သွားပါသည်။ ဆရာကြီး ဦးကျော်စိန်ဝင်းက ထိုဆောင်းပါး၌ပါသော ဂါထာနှစ်ပုဒ်အား အောက်ပါအတိုင်း ကူးရေးသားသည်ကို ဖတ်ပြပါသည်။

'သင့်ဝ ဟေမဝ ရတနံ၊ ဇေဟံ ဝတ္ထုဗ္ဗ ဘောဇနံ။
တဒဗ္ဗဉပိ ယထာစိတ္တံ၊ မာပေယျ တံ နမေ ဇိနံ။
သင့်ဝ ဟေမဝ ရတနံ၊ ဇေဟံ ဝတ္ထုဗ္ဗ ဘောဇနံ။
တဒဗ္ဗဉပိ ယထာစိတ္တံ၊ မာပေယျ ကမ္မ ဝိဒ္ဓိယာ'

ဟူ၍ ဖြစ်ပါသည်။ အနက်အဓိပ္ပာယ်ကိုလည်း ရွတ်ပြပါသည်။ *(စာရှည်မည်စိုး၍ ရေးမပြတော့ပါ။)*

ပြီးနောက်...

'ကျွန်တော်က ဆရာကြီးဂါမဏီဇော် ရေးထားတဲ့ ဂါထာနှစ်ပုဒ်ကို သဘောကျပါတယ်။ ယုံယုံကြည်ကြည်လုပ်ရင် အစွမ်းထက်မယ်ဆိုတာလဲ ယုံပါတယ်။ ဒါပေမယ့် ကျွန်တော် ဖြည့်စွက်ချင်တယ်'

ဟု ဆရာကြီးဦးကျော်စိန်ဝင်း ပြောပါသည်။

စာရေးသူလည်း ဆရာကြီးဂါမဏီဇော်က ဖြည့်စွက်စရာမလိုအောင် ရေးပြထားသည်ကို ဘာများ ဖြည့်စွက်လိုပါလိမ့်ဟု တွေးမိပါသည်။

စာရေးသူသည် ဆရာကြီးဂါမဏီဇော် ရေးသားသည်ကို ဖတ်မိမည်ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် စာရေးသူသည် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို လစဉ်ဝယ်ဖတ်နေသောကြောင့်ဖြစ်သော်လည်း အမှတ်မထားမိခြင်း ဖြစ်ပါသည်။

သို့ဖြစ်၍ ဆရာကြီးဦးကျော်စိန်ဝင်း ပြောသည့် ဆရာကြီးဂါမဏီဇော် ရေးထားသည့် "အိမ်မြေပိုင်ဆိုင်ဖို့ ယတြာအစီအရင်"ကို အိမ်ရောက်မှ ရှာပြီး ဖတ်ရပါဦးမည်။

ယခုတော့ ဆရာကြီး ဦးကျော်စိန်ဝင်းပြောတာကိုပဲ နားထောင်ရပြီး ဖြစ်သဖြင့် "ဘာများ ဖြည့်စွက်ချင်တာလဲ" ဟု မေးလိုက်ပါသည်။

'ဂါထာနှစ်ပုဒ်တည်း ရွတ်တာမဟုတ်ဘဲ လိုတရဂါထာကိုလဲ ရွတ်သင့်တယ်။ လိုတရဂါထာကို ဆရာကြီး ကြားဖူးသလား'

ဟုလည်း ပြန်မေးပါသည်။

ကုဿန္နော သာသပဂ္ဂေ၊
စက်မတိ ကူတော စိတော၊
ကုဿန္နော လောကမာတုမ္ဘိ၊
အတ္တဘာဝေန ဆာဒယိ။
(ကျိဂါထာသာ သဒ္ဒါနှင့် ပြည့်စုံ၏။)
ဇဝံ ကုဿာယ သမ္ဘူနံ၊
လောကဇေဋ္ဌ နမာမဟံ၊
တေနသစ္စဝဇ္ဇေန ကုဿာ ပုရတု မေသဒါ။

အနက်

**ယောလောကဇေဋ္ဌော**– အကြင်လောက၏ အကြီးအကဲဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ **ကုဿန္နော**– အလိုရှိတော်မူသည်ရှိသော်၊ **သာသပဂ္ဂေ**– မုန်ညင်းစေ့တိုက်ခန်း၌၊ **ကူတောစိတော**– ဤမှထိုမှ၊ **စက်မတီ**–စကြာကြွတော်မူနိုင်၏။ **ကုဿန္နော**– အလိုရှိတော်မူသည်ရှိသော်၊ **လောကမာတုမ္ဘိ**– လောက ခွက်တစ်ခုလုံးကိုသော်လည်း၊ **အတ္တဘာဝေန**– ခန္ဓာကိုယ် အတ္တဘောတော်ဖြင့်၊ **ဆာဒယိ**– ဖုံးလွှမ်းတော်မူနိုင်၏။ **ဇဝံ**–ဤသို့





www.burmeseclassic.com

www.burmeseclassic.com

ဆိုခဲ့သည့်အတိုင်း၊ **ဣစ္ဆာယသမ္ဗုန္ဓံ**– အလိုတော်အတိုင်း ပြည့်စုံတော်မူသော၊ **တံလောကဓေ္ဌံ**– ထိုလောက၏ အကြီးအကဲဖြစ်တော်မူသော မြတ်စွာဘုရားကို၊ **အဟံ**– အကျွန်ုပ်သည်၊ **နမာမိ**– ရှိခိုးပါ၏။

**ဓေတေနသစ္စဝဇ္ဇေန**–ဤမှန်သော သစ္စာစကားကို ဆိုရခြင်းကြောင့်၊ **မေ**– အကျွန်ုပ်၏၊ **ဣစ္ဆာ**–အလိုဆန္ဒသည်၊ **ပူရတု**–ပြည့်ဝပါစေသတည်း။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မြောစရိယ(မဟာဝဂ္ဂါဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။ ]*

ဆိုတဲ့ ဂါထာမဟုတ်လား။ မူကွဲတစ်မျိုးဆိုတာလဲ ရှိသေးတယ်'

ဟု စာရေးသူက ပြော်လိုက်ပါသည်။

'ဟုတ်တယ်... ဟုတ်တယ် လိုအင်ဆန္ဒပြည့်စုံစေတဲ့ဂါထာကိုလဲ ယုံယုံကြည်ကြည် ရွတ်ရမယ်။ ပြီးတော့ ပဋ္ဌာန်းအကျဉ်းအကျယ် နှစ်မျိုးစလုံးကိုလဲ ရွတ်နိုင်ရင် ပိုကောင်းတာပေါ့ဗျာ'

ဟု ပြောပါသည်။

'ဒါကတော့ ဆရာကြီးရယ် ပဋ္ဌာန်းအကျဉ်းဖြစ်ဖြစ်၊ အကျယ်ဖြစ်ဖြစ်ရွတ်နိုင်ရင် အထူးပြောစရာ မလိုပါဘူး။ အားလုံးကောင်းပြီးသားပါပဲ'

ဟု စာရေးသူက ပြန်ပြောပါသည်။

**(မှတ်ချက်။ ။ စာရေးသူသည် အိမ်သို့ ပြန်ရောက်သောအခါ ဦးကျော်စိန်ဝင်း ပြောလိုက်သည့် ၂၀၁၃ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ရှာပြီး ဆရာကြီး ဂါမဏိဇော် ရေးသားထားသည့်**



**"အိမ်မြေပိုင်ဆိုင်ဖို့ ယတြာအစီအရင်"ကို ဖတ်ကြည့်ပါသည်။**

**"အိမ်မှ စထွက်၍ လမ်းလျှောက်နေစဉ်တွင် မိမိရရှိထားသော ပရိတ်တရားများ၊ ဂါထာများ၊ ဂုဏ်တော်များ စသည်ရွတ်ဆို၏" ဟု ရေးထားပါသည်။**

**မည်သည့်ဂါထာ၊ ဂုဏ်တော်၊ ပရိတ်ဟူ၍ ခေါင်းစဉ်မတပ်ထားတာဘဲ ဖြစ်ပါသည်။ ဆရာကြီးဦးကျော်စိန်ဝင်းက အမှတ်မထားမိခြင်း ဖြစ်ပါလိမ့်မည်။)**

'ကျွန်တော်က ပဋ္ဌာန်းပစ္စယုဒ္ဒေသ (အကျဉ်း)နဲ့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသ (အကျယ်)နှစ်မျိုးစလုံး မရွတ်တော့ဘူး။ အရင်ကတော့ ရွတ်ခဲ့ပါတယ်'

ဟု ဦးကျော်စိန်ဝင်းက ပြောသည်ကို စာရေးသူလည်း စိတ်ဝင်စားသွားပါသည်။

အဘယ်ကြောင့်ဆိုသော် တချို့က ပဋ္ဌာန်းအကျဉ်းကိုပင် ပုတီးစိပ်ကြသလို အကျဉ်းအကျယ်နှစ်မျိုးစလုံး ရွတ်ကြသည်လည်းရှိပါသည်။

ဦးကျော်စိန်ဝင်းပြောသည်က နှစ်မျိုးလုံး မရွတ်တော့ဘူးဆိုတော့ ဘယ်လိုများ ရွတ်ပါလိမ့်ဟုလည်း တွေးမိပါသည်။ သို့ဖြစ်၍ "ဘယ်လိုရွတ်တာလဲ ပြောပါဦး" ဟု မေးမိပါသည်။

'ဒီလို ဆရာကြီးရဲ့ လွန်ခဲ့တဲ့ တစ်ဆယ့်ငါးနှစ်လောက်က ဖြစ်မယ်။ ဆရာတော်ကြီးတစ်ပါး ရေးထားတဲ့ ပဋ္ဌာန်းရွတ်နည်းတစ်မျိုးကို ဖတ်မိရာကသဘောကျပြီး ရွတ်ခဲ့တာပဲ။ ပဋ္ဌာန်းစကြာလို့ ခေါ်လို့ရမယ် ထင်ပါတယ်'

ဟု ဦးကျော်စိန်ဝင်းက ပြောရာ စာရေးသူလည်း မကြားမိဘူးပါ။ "ပြောပါဦး" ဟုသာ ထောက်လိုက်ရပါသည်။

'ကျွန်တော် ပင်စင်မယူခင်ကတည်းက ရွတ်လာခဲ့တာ ခုဆိုရင် ပင်စင်ယူပြီးလဲ ဆက်ရွတ်တုန်းပဲ။ ဆယ့်ငါးနှစ်လောက်ရှိပြီ အောက်မေ့တာပဲ။ ထူးတယ်ထင်လို့လဲ ပိုပြီး ယုံယုံကြည်ကြည်နဲ့ နေ့စဉ် အချိန်မှန် အရှုံမထိတက် ရွတ်လာတာပဲ'

'ဆရာ့ထူးပုံလေးတွေ ပြောပါဦး'

'ဒီလို ဆရာကြီးရဲ့ ကျွန်တော်တို့ မူလတန်းကျောင်းအုပ်ရဲ့ ပင်စင်က ဆရာကြီးတို့လောက် မရဘူးလေ။ မိသားစုတာဝန် ဘယ်ရုန်းနိုင်မလဲ။

ဒီကြားထဲက ဆရာကြီးရဲ့ တပည့်ခင်မောင်မောင်က တက္ကသိုလ်ဝင်တန်းအောင်တော့ အဝေးသင်ဆိုပေမယ့် စာမေးပွဲဖြေသွားရင် အနည်းဆုံး တစ်သိန်းခွဲလောက်မှမပါရင် လောက်တာမဟုတ်ဘူး။

တစ်ဖက်က စပါးခင်း၊ ပဲခင်းလေး လုပ်ရတာလဲ သူများလို တောင်သူကြီးမဟုတ်တော့ ပိုပိုလျှံလျှံ မဟုတ်ဘူးလေ။ ကျွန်တော် ပဋ္ဌာန်းစကြာကို ရွတ်လာပြီးတဲ့နောက် အဆင်ပြေမှုလေးတွေ ရှိလာတယ်။

**ဥပမာ**– သူများလို သီးနှံအပျက်အစီး သိပ်မရှိဘူး။ ငွေပြတ်နေရင် ဓာတာဖွဲ့နိုင်းသူ ရောက်လာတယ်။ ဓာတာတစ်ဆောင်ဖွဲ့ပေးရင် နှစ်သောင်းခွဲ၊ သုံးသောင်းလောက်ရတယ်။

ပြီးတော့ ကံအနိမ့်အဋ္ဌလေးတွေ လာမေးရင်လဲ ကျွန်တော်က ငွေမယူ





www.burmeseclassic.com

www.burmeseclassic.com

ဘူး။ ဒါကြောင့် အိမ်မှာ နို့ဆီ၊ မုန့်တို့ ပြတ်တယ်မရှိဘူး။ အခု ဆရာကြီးကို ညွှန်ခံတာက သူများလာ ကန်တော့ ထားတဲ့ နို့ဆီနဲ့ ကော်ဖီမစ်နဲ့ မုန့်ရှိလို့ ပေါ့ဗျာ'

ဟု ရှည်လျားစွာ ပြောပါသည်။

'ပင်စင်စားချင်းအတူတူပါ ဆရာကြီးရယ်၊ များများစားစား မကွာပါဘူး။ ဆရာကြီးရဲ့ ပဋ္ဌာန်းရွတ်နည်းကိုလဲ ပြောပြဦးလေ'

'ပြောမှာပေါ့ ဆရာကြီးရဲ့... မလောပါနဲ့။ ပဋ္ဌာန်းပစ္စယုဒ္ဒေသမှာ ဟေတုပစ္စယောက အဝိဂတပစ္စယောထိ (၂၄)ခုရှိတယ် မဟုတ်လား။ ဒါကြောင့်လဲ ပဋ္ဌာန်း(၂၄)ပစ္စည်းလို့လဲ ခေါ်ကြတာလေ။

ကျွန်တော်က ဟေတုပစ္စယောမှ အဝိဂတပစ္စယောထိ ဆုံးသွားရင် အာရမ္မဏပစ္စယောကစ၊ ဟေတုပစ္စယောမှာဆုံး။ ပြီးတော့ အဓိပတိပစ္စယောမှစ အာရမ္မဏပစ္စယောမှာဆုံး၊ နောက်အဆုံး အဝိဂတပစ္စယောမှစ ဝိဂတပစ္စယောမှာဆုံး ဒီလိုနဲ့ လည်သွားတာ ဆရာကြီး သဘောပေါက်သလား'

'ဟုတ်ကဲ့ သဘောပေါက်ပါတယ်။ ဒါပေမယ့် ကျွန်တော်သာ ရွတ်ရင် အလွဲလွဲတွေဖြစ်မှာ သေချာတယ်'

'ဒါကတော့ ဆရာကြီးရယ် ကျွန်တော်လဲ ရွတ်စက အထစ်ထစ် အငေါ်ငေါ်နဲ့ အလွဲလွဲပေါ့။ နောက် စိတ်ကူးရတာနဲ့ ဗလာစာအုပ်မှာ တစ်မျက်နှာချင်း ဘာပြီးရင် ဘာဆက်ရွတ်ရမှာဆိုပြီး ရေးထားတယ်။ အဲဒီ စာရွက်တွေကို ကြည့်ပြီး ရွတ်တော့ မမှားတော့ဘူးပေါ့။ ကျွန်တော် ရေးထားတာ ပြမယ်'

ဟု ပြောကာ ဘုရားစင်ရှေ့ရှိ စားပွဲပေါ်မှာ ဗလာစာအုပ်ယူလာပြီး ဆရာကြီးဦးကျော်စိန်ဝင်းကိုယ်တိုင် ရေးသားထားသည့် တစ်မျက်နှာချင်း တွင် ရွတ်ရမယ်တို့ကို ပြပါသည်။

(၂၄) ရွက်စလုံး ရေးထားသည့်တို့ကို ပြန်ရေးပြရလျှင် ရှည်မည်ဖြစ်၍ အစနှင့် အဆုံးကိုသာ ရေးပြလိုက်ပါသည်။

***

| | | | |
|---|---|---|---|
| ၁။ | ဟေတုပစ္စယော | မှစ | အဝိဂတပစ္စယောမှာဆုံး။ |
| ၂။ | အာရမ္မဏပစ္စယော | မှစ | ဟေတုပစ္စယောမှာဆုံး။ |
| ၃။ | အဓိပတိပစ္စယော | မှစ | အာရမ္မဏပစ္စယောမှာဆုံး။ |
| ၄။ | အနန္တရပစ္စယော | မှစ | အဓိပတိပစ္စယောမှာဆုံး။ |
| ၅။ | သမနန္တရပစ္စယော | မှစ | အနန္တရပစ္စယောမှာဆုံး။ |
| ၆။ | သဟဇာတပစ္စယော | မှစ | သမနန္တရပစ္စယောမှာဆုံး။ |
| ၇။ | အညမညပစ္စယော | မှစ | သဟဇာတပစ္စယောမှာဆုံး။ |
| ၈။ | နိဿယပစ္စယော | မှစ | အညမညပစ္စယောမှာဆုံး။ |
| ၉။ | ဥပနိဿယပစ္စယော | မှစ | နိဿယပစ္စယောမှာဆုံး။ |
| ၁၀။ | ပုရေဇာတပစ္စယော | မှစ | ဥပနိဿယပစ္စယောမှာဆုံး။ |
| ၁၁။ | ပစ္ဆာဇာတပစ္စယော | မှစ | ပုရေဇာတပစ္စယောမှာဆုံး။ |
| ၁၂။ | အာသေဝနပစ္စယော | မှစ | ပစ္ဆာဇာတပစ္စယောမှာဆုံး။ |
| ၁၃။ | ကမ္မပစ္စယော | မှစ | အာသေဝနပစ္စယောမှာဆုံး။ |
| ၁၄။ | ဝိပါကပစ္စယော | မှစ | ကမ္မပစ္စယောမှာဆုံး။ |
| ၁၅။ | အာဟာရပစ္စယော | မှစ | ဝိပါကပစ္စယောမှာဆုံး။ |
| ၁၆။ | ဣန္ဒြိယပစ္စယော | မှစ | အာဟာရပစ္စယောမှာဆုံး။ |
| ၁၇။ | ဈာနပစ္စယော | မှစ | ဣန္ဒြိယပစ္စယောမှာဆုံး။ |
| ၁၈။ | မဂ္ဂပစ္စယော | မှစ | ဈာနပစ္စယောမှာဆုံး။ |
| ၁၉။ | သမ္ပယုတ္တပစ္စယော | မှစ | မဂ္ဂပစ္စယောမှာဆုံး။ |
| ၂၀။ | ဝိပ္ပယုတ္တပစ္စယော | မှစ | သမ္ပယုတ္တပစ္စယောမှာဆုံး။ |
| ၂၁။ | အတ္ထိပစ္စယော | မှစ | ဝိပ္ပယုတ္တပစ္စယောမှာဆုံး။ |
| ၂၂။ | နတ္ထိပစ္စယော | မှစ | အတ္ထိပစ္စယောမှာဆုံး။ |
| ၂၃။ | ဝိဂတပစ္စယော | မှစ | နတ္ထိပစ္စယောမှာဆုံး။ |
| ၂၄။ | အဝိဂတပစ္စယော | မှစ | ဝိဂတပစ္စယောမှာဆုံး။ |

* * *

'ကျွန်တော် ရွတ်စတုန်းကတော့ ရိုးရိုးပါပဲ။ ဘုရားရှိခိုး ငါးပါးသီလယူ တတ်သရွေ့မှတ်သရွေ့ ဂါထာတွေ၊ ဂုဏ်တော်တွေရွတ်၊ ပြီးတော့ ပရိတ်ကြီး (၁၁)သုတ်ရွတ် ပြီးမှ ပဋ္ဌာန်းစကြာကို ရွတ်တယ်။ ပြီးမှ မေတ္တာပို့၊ ဆုတောင်း အမျှဝေပေါ့။

နောက်တော့ ပဋ္ဌာန်းစကြာကို ရွတ်တော့ မယ်ဆိုရင် သရဏဂုံ(၃)ပါးကို ရွတ်၊ သမ္ဗုဒ္ဓေဂါထာကို ရွတ်ပြန်တယ်။ အခု နောက်ဆုံးတော့ တစ်မျက်နှာချင်း မရွတ်မီ သရဏဂုံ(၃)ပါးရွတ်၊ သမ္ဗုဒ္ဓေဂါထာကို ရွတ်တယ်။

ဒါကြောင့် ပဋ္ဌာန်း(၂၄)ပစ္စည်းကို (၂၄)ခေါက်ရွတ်သလို သရဏဂုံ(၃)ပါးရော၊ သမ္ဗုဒ္ဓေဂါထာရော (၂၄)ခါ ရွတ်ဖြစ်သွားတယ်။

မကြာသေးခင်ကမှ အဝိတ်သဘောမျိုး ဟေတုပစ္စယောမှစပြီး အဝိဂတပစ္စယောအဆုံးကို ထပ်ရွတ်လိုက်တော့


(စာမျက်နှာ (၁၆၅) သို့)
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဧပြီလထုတ် အမှတ်စဉ် (၃၂၁)၊ စာမျက်နှာ (၃၈) **နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**ပါ ဆောင်းပါးရှင်**မြမြဝင်း(တောင်ငူ)**၏ **"ကြက်မ, တွန်ခြင်းနှင့် ပတ်သက်၍"** ဆောင်းပါးတွင် သိသူများမှ ဖြေကြားပေးပါရန်ဟု ပါရှိသဖြင့် ကိုယ်တွေ့ကြုံခဲ့ရသော ကြက်မ,တွန်ခြင်း၏ နောက်ဆက်တွဲ ဘဝအတွေ့အကြုံကို ရေးသား တင်ပြလိုက်ပါသည်။

ကျွန်ုပ် ကြားသိရဖူးသမျှတွင် ကြက်မ,တွန်ခြင်းနှင့် ပတ်သက်၍ ကောင်းသော နိမိတ်လက္ခဏာဟု မယူဆတတ်ကြပါ။ မကောင်းသော နိမိတ်အဖြစ်သာ ရှုမြင်ကြပါသည်။

ကြက်ဟူသော အိမ်မွေးတိရစ္ဆာန်သည် လူတို့၏နေအိမ်တွင် ဟင်းစားအဖြစ် သမိုင်းနှင့်ချီ၍ ရှေးပဝေသဏီကတည်းက မွေးမြူလာခဲ့ခြင်းကို သိရှိပြီး ဖြစ်ပါသည်။

ထိုသို့ မွေးမြူရာတွင် မည်သည့် ကြက်အမျိုးအစားမဆို ကြက်ဖကသာ တွန်စမြဲဖြစ်ပြီး ကြက်မက တွန်ရိုးထုံးစံ မဟုတ်ပေ။

ထို့ကြောင့် ကြက်မက တွန်လျှင် အစဉ်အလာထုံးစံကို ဖောက်ဖျက်သည်ဟု လူတို့ နားလည် သဘောပေါက်ကြပါသည်။

လွန်ခဲ့သော (၂၅)နှစ်ခန့်က ဗီဒီယိုပြသခြင်းလုပ်ငန်းများ ခေတ်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အိုးမကွာအိမ်မကွာဝင်ငွေရသောအလုပ်ဟု နားလည်၍ လည်းကောင်း ကျွန်ုပ်သည်လည်း ဗီဒီယိုရုံဖွင့်၍ ပြသပြီး မိသားစုဘဝ အသက်မွေးဝမ်းကျောင်းခဲ့ဖူးပါသည်။

ထိုအချိန်တွင် ကျွန်ုပ်၏ သားနှစ်ယောက်သည် အိမ်တွင် အပျော်

# ကိုယ်တွေ့ ကြက်မ,တွန်ခြင်း

အတွေ့အကြုံ

ဇွဲကောင်းသန်းလှိုင်



သဘော မွေးမြူရန် ကြက်သုံးကောင် ဝယ်လာခဲ့ကြပါသည်။

သူတို့ ဝယ်ယူလာခဲ့သော ကြက်များသည် ကြက်ဖမပါ၊ ကြက်မများသာ ဖြစ်နေသည်ကိုလည်း ကျွန်ုပ် သတိထားမိခဲ့ပါသည်။

တစ်နေ့ နံနက်ပိုင်းတွင် ထိုကြက်ထဲမှ ကြက်မတစ်ကောင်သည် ဗီဒီယိုရုံထဲတွင် တွန်ပါတော့သည်။ ထိုကိစ္စကြောင့် ကျွန်ုပ်၏ စိတ်ထဲတွင် မသက်မသာ ဖြစ်ခဲ့ရသည်။

'ဗီဒီယိုပြရတာ လုပ်ငန်းလို့ စိတ်ညစ်ရတဲ့ကြားမှာ ကြက်မက တွန်နေသေးတယ်'

ကျွန်ုပ်၏ အိမ်အနီးတွင် ရေခဲခြစ်ရောင်းရင်း ဝင်ငွေရှာသော ဦးတိုးအား ထုတ်ပြောမိသည်။

'ကြက်မ,တွန်တာကို ဘယ်[...] သဘောပေါက်လို့လဲ၊ သဘောမ[...] ဘူးလား'

ဦးတိုးက မွေးခွန်းပြန်ထုတ်သည်[...]

**"ဓမ္မုဒ္ဒီပါ၊ လက်ျာတောင်ကျွ[...] ဩဘာနိမိတ်ထွန်း"**သတဲ့ ဦးတို[...] ဒါက မကောင်းတဲ့နိမိတ်လို့ ကျွန်တေ[...] ထင်တယ်ဗျာ'

ထိုအခါ ဦးတိုးက...

'ကျွန်တော်ကတော့ ဒါမျိုးတ[...] အယုံအကြည်မရှိဘူး။ ကြက်ဖမပါ[...] ကြက်မချည်း ဝယ်လာပြီး မွေးတေ[...] ကြက်မက ထပြီး တွန်တာပေါ့။ ဘာ[...] မထူးဆန်းပါဘူး။

ခင်ဗျားစိတ်ထဲမှာ မသန့်ရင် [...] ကြက်မကို သတ်ပြီး ဟင်းချက်[...] လိုက်ပေါ့ဗျာ။ ဒါမှမဟုတ်ရင်လဲ ဝယ်[...] ရှိရင် ကြက်မကို ရောင်းစားလိုက်ပုံ[...]

'ကိုယ့်အိမ်က ကြက်ကို သတ်[...] နိုင်ပါဘူးဗျာ။ ဝယ်သူရှိရင် ရောင်းပုံ[...]

'ကဲ...ကဲ ဒီလောက်တောင်ဖြစ်[...] ရင်လဲ ကျွန်တော်ပဲ ဝယ်လိုက်ပါ[...] မယ်ဗျာ။ ည အိပ်တန်းတက်ရင်[...] ဖမ်းပြီး အသင့်ထားလိုက်ပါ'

ဤသို့ဖြင့် တွန်တတ်သော ကြ[...] သည် ဦးတိုးက ဝယ်ယူသဖြင့် ပါ[...] ပါတော့သည်။

ဦးတိုးနှင့် ဇနီးဒေါ်[...] အသက်(၅၀)နှစ်ခန့်စီရှိ [...]ယ်များ[...] ကြသည်။ နှစ်ယောက်လုံး[...]



www.burmeseclassic.com

www.burmeseclassic.com

အသားခြားများဖြစ်ကြသည်။ ထို့ကြောင့်လည်း ကျွန်ုပ်နှင့် ယုံကြည်မှုခြားနားသွားသလား ထင်မိပါသည်။

ဦးတိုးကလည်း ကြက်မကို သတ်မစားသေးဘဲ အိမ်မှာ ဆက်လက်မွေးမြူထားပြန်ရာ သူ၏အိမ် ရောက်တော့လည်း ကြက်မက တွန်မြဲ တွန်နေသည်ဟု သိရပါသည်။

အတိတ်နိမိတ်ကို ယုံကြည်သော ကျွန်ုပ်အတွက် တွန်တတ်သော ကြက်မကို ရောင်းလိုက်၍ မကောင်းသော ကြမ္မာဆိုးကို လွတ်ကင်းသွားစေပြီလား... မလွတ်ကင်းပါ ခင်ဗျား။

မကြာမီကာလမှာပင် မလိုမုန်းထားသူ၏ တိုင်တန်းမှုကြောင့် ကျွန်ုပ်၏ ဗီဒီယိုရုံကို ဆင်ဆာမဲ့ ဗီဒီယိုဇာတ်ကားပြသမှုဖြင့် ဖမ်းဆီးခြင်း ခံရပြီး ရုံးရောက် ဝတ်ရောက်ဖြင့် အမှုအခင်း ရင်ဆိုင်လိုက်ရပါသည်။

ကြက်မ,တွန်ခြင်း နိမိတ်ဆိုးကို လက်မခံ၊ မယုံကြည်သူ ဦးတိုးသည်ကော မည်သို့ ဆက်လက် ကြုံတွေ့ရပါသနည်း...

ကျန်းကျန်းမာမာရှိနေသော ဦးတိုး၊ မကြာမီရက်ပိုင်းကပင် ကျွန်ုပ်၏ အိမ်မှ အုန်းပင်ကို တက်၍ အုန်းသီးခူးပေးသွားသေးသည်။ အုန်းပင်ကို လှေကားမထောင်ပေးရဘဲ သစ်ပင်တက် ကျွမ်းကျင်စွာဖြင့် တက်ခဲ့ခြင်းဖြစ်သည်။

အရက် မသောက်တတ်သော်လည်း အသည်းရောဂါကို ဦးတိုး ရရှိကာ တပိန်ပိန် တလိမ်လိမ်နှင့် ထိုရောဂါကြောင့်ပင် သေဆုံးသွားပါတော့သည်။

ဦးတိုး သေဆုံးပြီး လပိုင်းအတွင်းမှာပင် ဦးတိုးဇနီး ဒေါ်နွဲ့တင်ကလည်း အဆုတ်ရောဂါ ရရှိကာ သေဆုံးပြန်လေသည်။

ဦးတိုးမှာ သားတစ်ယောက်၊ သမီးတစ်ယောက် ကျန်ရစ်သည်။ နှစ်ယောက်လုံး အပျိုလူပျိုအရွယ်များ ဖြစ်ကြသည်။ သူတို့မောင်နှမသည် မိဘများ မရှိကြတော့ပြီးနောက်တွင် နေအိမ်ကို ရောင်းချပြီး အရပ်တစ်ပါးသို့ ပြောင်းရွှေ့သွားကြပါသည်။

ယနေ့ ရန်ကုန်မြို့ အိမ်မြေဈေးနှုန်းနှင့် ယှဉ်ကြည့်လျှင် သူတို့ရောင်းချသွားသော ဈေးနှုန်းကား အလွန်တရာနည်းပါးလှချေသည်။

ကြက်မ,တွန်ခြင်းကြောင့် ဤဖြစ်ရပ်ဆိုးများ ဖြစ်ပေါ်လာရသည်ဟုတော့ ကျွန်ုပ် မပြောလိုပါ။ **သို့သော် ကြက်မ,တွန်ခြင်းသည် မကောင်းသော ဖြစ်ရပ်ဆိုးများ လာတော့မည်၊ သတိထားနေပေတော့ဟု အချက်ပေးခေါင်းလောင်း ထိုးလိုက်ခြင်းပေလား ဆိုသည်ကို စာရှုသူများကပင် စဉ်းစား ဆုံးဖြတ်ပေးကြပါရန်...**

ဖြစ်ရပ်ကတော့ ကြက်မ,တွန်ပြီးနောက် အမှန်တကယ် ကြုံတွေ့ခဲ့ခြင်းပင် ဖြစ်တော့သည်။

**အောင်ဆန်းလင်း**

စာမျက်နှာ (၁၆၃)မှ အဆက်

(၂၉)ခါရွတ်သလို ဖြစ်သွားတယ်'

'အကြိမ်အထပ်ထပ် ရွတ်နိုင်လေ ပိုကောင်းလေပေါ့ ဆရာကြီးရယ်။ ကျွန်တော်ကတော့ ဆရာကြီးလို နှစ်ပေါင်း ဆယ်ချီပြီး ရွတ်တာလောက် မကြာသေးပါဘူး။ မုဒ္ဒိဘိသေက ဘုရားအနေကဇာတင်၊ ပရိတ်ကြီး (၁၁)သုတ်၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသနဲ့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသဖြစ်တဲ့ မဟာပဋ္ဌာန်းတို့ကို ရွတ်တယ်။

ကျန်တာကတော့ ဓာတ်သရွေ့ မှတ်သရွေ့တွေနဲ့ မေတ္တာပို့ဆုတောင်း အမျှဝေပေါ့။ ဒါတင် တစ်နာရီကြာတယ်၊ ဘုရားရှိခိုးတာ မပါသေးဘူး'

'ကောင်းတယ် ကောင်းတယ်။ ဆရာကြီးတို့ ကျွန်တော်တို့က အသက်တွေလဲ ကြီးလာကြပြီ ကိုယ့်ဘက်ပါအောင် လုပ်နိုင်လေ ကောင်းလေပါပဲ ဆရာကြီးရယ်။ ကဲ... စကားပြောလို့ ဆုံးမှာ မဟုတ်သေးဘူး။ ဆရာကြီးကို ညွှန်ခံထားတဲ့ ကော်ဖီမစ်၊ နို့ဆီဖျော်ပြီး မုန့်လဲစားပါဦး'

ဟု ဆရာကြီးဦးကျော်စိန်ဝင်းက ပြောသဖြင့် စာရေးသူလည်း ကော်ဖီမစ်ကို မောက်ထည့် ရေနွေးလောင်း ထည့်၍ ဇွန်းဖြင့် ခလောက်နေစဉ် "နို့ဆီထည့်ဦးလေ" ဟု ဆရာကြီး ဦးကျော်စိန်ဝင်းက ပြောရာ စာရေးသူက

'တော်ပြီ နို့ဆီနဲ့သကြားမှာ ကျွန်တော်က ဆီးချိုကုထားရတာမို့ အတတ်နိုင်ဆုံး အချိုရှောင်တယ်။ အခုတောင် ဆရာကြီးက ညွှန်ခံလို့ သောက်တာပါ'

ဟု ပြန်ပြောရပါသည်။

'ဟုတ်တယ် ဆရာကြီးရေ... အစစအရာရာ သတိထားဆင်ခြင်ပြီး စားမှ သွားမှ ဖြစ်တော့တဲ့အရွယ်တွေ ရောက်နေကြပြီ မဟုတ်လား'

'ဒါပေါ့ ဆရာကြီးရယ်... အခုလို ကျွန်တော်တို့ ရွတ်လဲ ရွတ်ပေါ့။ တရားအလုပ်လဲ လုပ်ရမယ်လေ။ ဆရာတော်ကြီးတစ်ပါးပြောသလို အရွတ်တွေချည်း စားနေလို့ မဖြစ်ဘူး။ အသားလဲ စားကြဦးဆိုတာလိုလေ'

'ဟုတ်ပ... ဟုတ်ပ'

ဟု ဆရာကြီးဦးကျော်စိန်ဝင်းက ခေါင်းတညိတ်ညိတ် လုပ်ရင်း ထောက်ခံပါသည်။

***သစ္စာဝါဒပ်သိမ်း တရားကိန်း အေးငြိမ်းချမ်းသာကြပါစေ။***

**တာသာသင်းမွေး**



www.burmeseclassic.com

www.burmeseclassic.com

# အိပ်ကောင်းရေး

# ဆွေးချပြီးပေ

ကောင်းသူ



တစ်နေ့သ၌ မကွေးမြို့၊ သိဂ်္ဂိရိရပ်၊ အမှတ်(၁)သရဖီလမ်းရှိ ကျွန်ုပ်၏ ဗေဒင်လက္ခဏာ ဟောပြောခန်းသို့ ကိုမောင်မောင်ဇော်ဟု ခေါ်သော မိတ်ဆွေတစ်ယောက် ရောက်ရှိလာလေ၏။ ယင်းမိတ်ဆွေမှာ ကျွန်ုပ်နှင့် များစွာ ခင်မင်ပြီး သဘောကောင်းသူ တစ်ဦးလည်းဖြစ်၍ အစိုးရဌာနကြီး တစ်ခုမှ အရာရှိတစ်ဦးလည်း ဖြစ်လေ၏။ ကျွန်ုပ်၏တပည့်ကျော် ချာလီ ဆွေသက်နှင့်လည်း ကောင်းစွာ သိကျွမ်းသူဖြစ်၍ နေရာထိုင်ခင်းပေးပြီး ဧည့်ခံနေရစ်လေ၏။

ကျွန်ုပ်၏မိတ်ဆွေမှာ ကော်ဖီကြိုက်သူဖြစ်၍ လက်ဆောင်ရထားသော ကော်ဖီမှုန့်အစစ်များအား ရေနွေးအစား နွားနို့သက်သက်ဖြင့် ဖျော်၍ ချင်း(ဂျင်း) အရည် လက်ဖက်စားဇွန်းဖြင့် တစ်ဝက်ခန့်ထည့်ကာ တိုက်ကျွေးလေ၏။ ကိုမောင်မောင်ဇော်က ကော်ဖီသောက်ပြီးနောက်...

'မိုးမိလို့ ချမ်းစိမ့်စိမ့်ဖြစ်နေတာ ခင်ဗျားကော်ဖီပူရှိန်းရှိန်းနဲ့ အဆင်ပြေသွားတယ်ဗျာ'

ဟု ပြောလေ၏။ ယင်းနောက် လုပ်ငန်းအကြောင်း၊ ရာသီဥတုအကြောင်း၊ နိုင်ငံတကာအကြောင်းများကို ရောက်တတ်ရာရာ ပြောနေကြလေ၏။

ထိုသို့ ပြောနေသော်လည်း ကိုမောင်မောင်ဇော်မှာ ယင်းပြောပြချင်နေသည့် မူလအကြောင်း တစ်ခုခုရှိနေသည်ဟု ဗေဒင်ဆရာ၏ အာရုံ၌ တွေးပေါ်နေလေ၏။ ထို့ကြောင့်...

'ကိုမောင်မောင်ဇော် ဒီကို အလည်သက်သက်ပဲလား၊ အလည်ဆိုရင်တော့ ထမင်းစားပြီးမှပြန်ဗျာ'

ဟု ပြောရလေ၏။ ထိုအခါမှ ကိုမောင်မောင်ဇော်က သူ၏ ပြောင်လက်နေသော နဖူးပြောင်ပြောင်အား ပွတ်သပ်ရင်း...

'အေးဗျာ ပြောရမှာတော့ ရှက်တက်တက်နဲ့ အားနာနာပါပဲဗျာ'

ဟု ပြောလေ၏။ ထို့ကြောင့် ...

'ဘာလဲ ခင်ဗျားမှာ မတော်တရော် ရောဂါတွေ ရနေလို့လား'

ဟု လေသံတိုးတိုးဖြင့် မေးလိုက်ရလေ၏

'ဖွဟဲ့ လွဲပါစေ၊ ဖယ်ပါစေ။ ဗေဒ
ဆရာပါးစပ်က ဘာတွေပြောနေတာ
လဲ'

ဟု အထိတ်တလန့် ပြောလေ၏
'ဒါဆိုလဲ ဘာတွေ တုံ့ဆိုင်းနေတာ
လဲ။ ပြောလေဗျာ၊ ပိုက်ဆံချေးမယ်
ဆိုရင်တော့ နိုးပဲ ဆရာရေ'

'မဟုတ်ပါဘူးဗျာ ကိုယ့်မိသားစုကိ
ပါ။ ဒီလိုဗျ ကျုပ်က မိန်းမကို အ
လိုက်တတ်ပေမယ့် ကြောက်တဲ့သ
တော့ မဟုတ်ဘူးဆိုတာ ခင်ဗျား
သိတယ် မဟုတ်လား။ ကျုပ်တို့
လက်ထပ်လာခဲ့တာလဲ (၁၀)နှစ
တစ်ခု ရှိပြီ။ တစ်နေ့ထက် တစ်နေ့
သူနဲ့ စကားပြောရတာ အဆင်မပြေ
ဖြစ်နေတယ်ဗျာ။ ကြာရင် မလွယ်
ဖြစ်လာမယ်'

'ဘယ်လို အဆင်မပြေတာလဲ
တာ ပြောပါဦး'

www.burmeseclassic.com

www.burmeseclassic.com

'ဟိုတစ်နေ့က စာအုပ်တစ်အုပ်ဖတ်နေရင်း ကျုပ်မိန်းမက "ကိုဇော် ရှင်က ကျွန်မကို ရုပ်ချောလို့ လက်ထပ်တာလား၊ ဥာဏ်ကောင်းလို့ လက်ထပ်တာလား" လို့မေးတယ်။ ကျုပ်ကလဲ "အဲဒါတွေ မလိုပါဘူး။ ဒါကြောင့်လဲ လက်ထပ်ခဲ့တာပေါ့ကွာ" လို့ ပြောလိုက်တော့ တော်တော် စိတ်ဆိုးသွားတယ်။ အလကား စိတ်ကောက်နေတယ်ဗျာ'

'အေးလေဗျာ ခင်ဗျား ပြောပုံက ခင်ဗျားမိန်းမဟာ ရုပ်လဲ မလှဘူး။ ဥာဏ်လဲ မကောင်းဘူးလို့ ဆိုလိုရာ ရောက်ဘူးလား'

'မဟုတ်ပါဘူး၊ ဒါတွေမလိုဘူး ချစ်လို့ လက်ထပ်ခဲ့တယ်လို့ ပြောချင်တာ ဒါပေမယ့် ကလေးပဲ (၃)ယောက် ရှိမှ ချစ်တာတွေ၊ ဂစ်တာတွေ ပြောနေဦးမှာလားဗျာ။ မပြောဘဲ သိမှာ ပေါ့'

'ဒါဆိုရင်လဲ အစကတည်းက အိမ်ထောင် ဘာလို့ပြုခဲ့လဲဗျာ'

'ဒါကတော့ မိန်းမဆိုတာ စောင်နဲ့ တူတယ်။ ဖယ်ထားရင်လဲ ချမ်းတယ်။ ခြုံထားတော့ အိုက်တယ်။ လိုအပ် ... ထင်ရပေမယ့် အဆင်မပြေတဲ့ ... ညည်းလိုပါပဲဗျာ။ ဒါကြောင့် အိမ် ထောင်ပြုခဲ့တာပေါ့ ဆရာကောင်းရဲ့'

'ခုမှ ဒါတွေ ပြောမနေပါနဲ့ဗျာ။ ... သားစုဘဝကို ချစ်ခဲ့ကြလို့ တည် ... ထောက်ပြီးပြီ မဟုတ်လား'

'အိမ်ထောင်ရဲ့ ဒုက္ခမသိလို့ပေါ့။ အိမ်ထောင်ရေးဆိုတာ ရန်သူ့အဝိုင်းခံရ ... တိုက်လိုပဲဗျာ။ အထဲက လူတွေက ... မြို့ကို ထွက်ပြေးချင်တယ်။ အပြင် ... လူတွေကတော့ အထဲဝင်နိုင်ဖို့ ... အားခဲနေကြတယ်'

'ကြံကြံဖန်ဖန် ပြောမနေပါနဲ့ဗျာ။ ... ပြောတာနဲ့ အိမ်ထောင်မကျ



သေးတဲ့လူတွေ ကြောက်လန့်နေကြလိမ့်မယ်။ အိမ်ထောင်ရေး၊ အချစ်ရေး၊ အလုပ်အကိုင်အားလုံးဟာ ကံတရားပေါ်မှာလဲ မူတည်တယ်ဗျ။

အမှန်တကယ် အဆင်ပြေသာယာတဲ့ လူတွေလဲ အများကြီးပါဗျာ။ လောကမှာ ဘယ်ဟာမှတော့ လိုချင်သလို စင်းလုံးချော ကွက်တိ မရှိဘူး။ အလျှော့အတင်း၊ အပေးအယူ၊ နားလည်မှု၊ သည်းခံလိုက်လျောမှုတွေနဲ့ လိုက်လျောညီထွေ နေထိုင်ရတယ်'

ထိုအခါ နားထောင်နေသော ချာလီဆွေသက်က...

'ဆရာဇော်ပြောတာနဲ့ ကျွန်တော် တောင် အချစ်ရေး၊ အိမ်ထောင်ရေးကို တွေးကြောက်လာပြီ။ ချစ်သူတစ်ယောက်ထားဖို့ ခက်နေတယ်။ ကျွန်တော်လဲ နှစ်သက်တဲ့လူ ရှိတာပဲ'

ဟု ပြောလေ၏။ ထိုအခါ ကိုမောင်မောင်ဇော်က...

'မင်းချစ်ရင်လဲ လက်ထပ်လိုက်ပေါ့ကွာ။ မိန်းကလေးဆိုတာ နှင်းဆီပွင့်နဲ့ တူတယ်။ သူများက ပွင့်ဖတ်တွေ ခူးသွားရင် မင်းအလှည့်မှာ ဆူးပဲ ကျန်နေရစ်မယ်'

ဟု ပြောလိုက်လေ၏။ ထိုအခါ ချာလီဆွေသက်က...

'ဆရာကပဲ အိမ်က မိန်းမလို ဆူးတွေ မစူးအောင် နေပါဦး'

ဟု ပြန်နောက်ပြောင်လိုက်လေ၏။ ထို့ကြောင့် ကျွန်ုပ်လည်း ဖနီးနှင့် စိတ်ဆိုးနေသော ကိုမောင်မောင်ဇော်အား ဖျောင်းဖျပြောဆိုရလေ၏။

ကိုမောင်မောင်ဇော်လည်း စဥ်းစားဟန်ပြုပြီး...

'ဟုတ်ပြီဗျာ... ခင်ဗျားတို့ ဗေဒင်ပညာမှာကော အိမ်ထောင်ရေး အဆင်ပြေမယ့်နည်း မရှိဘူးလား'

'ရှိတာပေါ့ဗျာ များမှများပါပဲ။ အဲဒီပညာရပ်တွေထဲမှာ အကြိုက်ဆုံး၊ အထိရောက်ဆုံးဖြစ်ပြီး အမြဲလိုလို ပေးနေတဲ့ ယတြာရှိတယ်။ ယုံယုံကြည်ကြည်သာ လုပ်ပါဗျာ။ ကုသိုလ်လဲ ရပါတယ်။ ဒါက အိမ်ထောင်ရေး အမြဲ သာယာစေတဲ့ယတြာပါ'

'ကုသိုလ်နဲ့ ယှဉ်တယ်ဆိုတော့ လုပ်ကြည့်ပါမယ်။ ပြောပါဦး ဆရာကောင်း'

'အဲဒါကတော့ မည်သူမဆို မိမိနေထိုင်တဲ့ အရပ်ရဲ့ မြောက်ဘက် ဒါမှမဟုတ် အရှေ့မြောက်ထောင့်အရပ်မှာ သီတင်းသုံးတဲ့ သံဃာတော်တစ်ပါးပါးကို ဆွမ်းကပ်ရမယ်။ ကပ်ရမှာကတော့ ကိုယ့်နေ့နံသင့် နေ့အတိုင်းပေါ့။ တနင်္ဂနွေသားဆိုရင် တနင်္ဂနွေနေ့ပေါ့။ ကပ်လှူရမယ့်ဆွမ်းက မိမိနံသင့် အသားဟင်းတစ်ခွက် ကိုယ့်အိမ်ထောင်ဖက်နဲ့ နံတူနှစ်မျိုးရောထားတဲ့ ဟင်းချိုတစ်ခွက်ဖြစ်ရမယ်။ ဥပမာဗျာ... ခင်ဗျားက ကြာသပတေးနေ့သားဆိုတော့ ဘူးသီး၊ ခင်ဗျားဇနီးက တနင်္လာနေ့သမီးဆိုတော့ ခဝဲသီး၊ ဒါကြောင့် ဘူးသီးနဲ့ခဝဲသီးရောထားတဲ့ နှစ်မျိုးစပ်ဟင်းချိုချက် လှူရမယ်။ ရှင်းရဲ့လား'

'ရှင်းပါတယ်ဗျာ'

'ဒီတော့ ခင်ဗျားမွေးနေ့ မနက် (၆း၃၀)ဒါမှမဟုတ်(၀၉း၀၀)က (၁၀း၃၀) နာရီ မနက်ပိုင်းမှာ ခင်ဗျားနေတဲ့ အိမ်ရဲ့ အရှေ့မြောက်ထောင့် အရပ်မှာရှိတဲ့ သံဃာတော်သောကြာနေ့သား တစ်ပါးပါးကို ဒါမှမဟုတ် မြောက်အရပ် တနင်္ဂနွေသား သံဃာတော်ကိုခင်ဗျား

www.burmeseclassic.com

ရဲ့နံ့သင့် ကြာသပတေးဆိုတော့ ဘဲသားဆီပြန်ရယ်၊ ခင်ဗျားဇနီး တနင်္လာသမီးနဲ့ ခင်ဗျားကြာသပတေး နေ့ဖွားရဲ့ နှစ်မျိုးစပ် ဟင်းချို၊ ဘူးသီးနဲ့ ခဝဲသီးရောရာ ဟင်းချိုရယ် ဆွမ်းကပ် လှူဒါန်း ဆုတောင်းပေတော့ဗျာ'

'ကောင်းပြီဗျာ လုပ်မယ် ဘယ် နှစ်ကြိမ် လုပ်ရမလဲ'

'အနည်းဆုံးတော့ တစ်ကြိမ်ပေါ့ဗျာ၊ ဒါပေမယ့် ပဋ္ဌာန်းတရားတော်လို "အာသေဝနပစ္စယော" ပေါ့ဗျာ။ အကြိမ်ကြိမ် အထပ်ထပ်လုပ်ရင်း ကောင်းမှုတွေ ထုံမွမ်းလာရင် ကောင်း



နေ့သားတိုင်း အဆင်ပြေဖို့ ဇယား ကလေး ဆွဲပြီး ပေးလိုက်ရင် မကောင်း ဘူးလား ဆရာ'

ဟု ပြောလေ၏။ ကျွန်ုပ်လည်း...

'မင်းက တော်တော် အလွယ်ကြိုက် တတ်ပါလား ငါ့မှာရေးပြီးသားရှိတယ်။ ရော့ ဖတ်ကြည့်'

ကျွန်ုပ်ပေးလိုက်သော ဇယားကို ကြည့်၍ ချာလီဆွေသက်က...

အိမ်ထောင်ရေးကိစ္စတွေမှာ ကိုမော[င်] မောင်ဇော်ထက် ပိုပြီး စိတ်ဝင်စ[ား] တက်ကြွနေပါလားကွ'

'ဒါကတော့ ဆရာရယ်၊ တစ်ချိန်[...] အသုံးဝင်မှာပေါ့'

'ငါတော့ အဲဒီယတြာက မင်းအတွ[က်] တော့ ဒီတစ်သက် သုံးစရာလိုမ[ယ်] မထင်ပါဘူး။ အဲဒီစာရွက်တော့ ခြ[...] သွားမှာပါ'

ကျွန်ုပ်၏ စကားကြောင့် တပ[...] ကျော် ချာလီဆွေသက်မှာ ရှုံ့မဲ့[...] သဖြင့် ရယ်မောလိုက်ပါတော့သည[်]

***

| စဉ် | နေ့သားသမီး | နံ့သင့်အသားဟင်း | လှူရန်မိတ်အသီးအနှံဟင်း | နှစ်မျိုးစပ်ဟင်းချိုဟင်း | လှူရန်ပုဂ္ဂိုလ် |
|---|---|---|---|---|---|
| ၁ | တနင်္ဂနွေ | အမဲသား၊ အုန်းထမင်း (တစ်မျိုးမျိုး) | အုန်းသီး | ကာယကံရှင်နှစ်ဦး၏ နေ့နံ့သင့်နှစ်မျိုးစပ်ဟင်းချို တစ်ခွက် | မြောက်အရပ်ရှိ တန[...] သားသံဃာတော် [...] မဟုတ်)အရှေ့မြောက် ထောင့်အရပ်ရှိ သော[...] သားသံဃာတော် |
| ၂ | တနင်္လာ | ကြက်သား | ခရမ်းသီးနှပ် | | |
| ၃ | အင်္ဂါ | ဆိတ်သား | ပဲပုစွန် | | |
| ၄ | ဗုဒ္ဓဟူး | ဝက်သား | ဒန့်သလွန်သီး | | |
| ၅ | ကြာသပတေး | ဘဲသား | ပဲပုစွန် | | |
| ၆ | သောကြာ | သိုးသား | အုန်းသီး | | |
| ၇ | စနေ | ဒံပေါက် | ဒန့်သလွန် | | |

ကျိုးတွေ ဆင့်ဆက်လာမယ် မဟုတ် လား။ ဒါကလဲ လောကီကိစ္စ ယတြာ သဘောဆိုပေမယ့် သံဃာတော်ကို လှူတယ်ဆိုတဲ့ စိတ်ထားတတ်ရင် ကောင်းကျိုးရပါလိမ့်မယ်'

'သဘောပေါက်ပါပြီ... လုပ်နိုင် သလောက် အကျိုးများမယ်ပေါ့ဗျာ'

ကိုမောင်မောင်ဇော် ပြန်ထွက်သွား သောအခါ တပည့်ကျော် ချာလီဆွေ သက်က...

'ဆရာ့ယတြာအစီအရင်က ဆရာ ခဏခဏပေးလို့ ကျွန်တော်လဲ သဘောပေါက်နေပါပြီ၊ အဲဒါကို မေးတဲ့

'သောကြာမှာ သိုးသား၊ သမင် သားလို့ ရေးထားပါလားဆရာ၊ အဲဒါက လွယ်ပါ့မလား'

'အေး... မလွယ်မှန်းတော့ ငါလဲ သိသပေါ့ မောင်ရင်၊ ဒါပေမယ့် မရနိုင် တာတော့ မဟုတ်ပါဘူး။ ရနိုင်တဲ့နေရာ တွေ မှာပြီး အခြောက်လှမ်း ဒါမှမဟုတ် ကျပ်တင်ထားရင်တော့ လိုရင်သုံးလို့ ရတာပေါ့။ သောကြာနံ့ အသားငါး ကလဲ ရှားတာကိုး'

'ဟုတ်ကဲ့ ကောင်းပါပြီ'

'နေပါဦး မင်းလို ရည်းစားတောင် မှုးလို့ ရှူစရာမရှိတဲ့ကောင်က

**ဥပမာ ။ ။ တနင်္လာနှင့် ဗုဒ္ဓ[...] ဖြစ်ပါက တနင်္လာ(အမျိုးသာ[း]) [...] ကြက်သားဟင်း၊ ခရမ်းသီးနှပ်၊ [...] သီးနှင့် ကိုက်လန်ရွက် ဟင်းချို[...] ၍ တနင်္ဂနွေသား (မြောက်အ[...] သံဃာဖြစ်စေ၊ သောကြာ[...] (အရှေ့မြောက်ထောင့်အရပ်)မှ သံ[...] ကိုဖြစ်စေ ကပ်လှူရန် ဖြစ်ပါသ[ည်]**

ကျန်နေ့သားများ မိမိဉာဏ်ရှိ[...] အသီးအသားများ ဆင်ခြင်ချက်[...] လှူဒါန်းရန် ဖြစ်ပါသည်။

ကောင်းသုခ

www.burmeseclassic.com


www.burmeseclassic.com

# အင်းခရုစေတီများနှင့်

တရားအသိထူး

ဘုန်းမိုးဝေ





◄ အင်းခရုစေတီမုခ်ဦး

အင်းခရုစေတီတော် ►

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်တွင် ပုံသဏ္ဍာန် ထူးခြားသော စေတီတော်တစ်ဆူကို တွေ့ရသည်။

ပစ္စယံသုံးဆင့်အထက်တွင် ကြာလှန် ကြာပလ္လင်ခံ၍ ခရုကြီးတစ်ကောင် ပုံသဏ္ဍာန်နှင့် အထက်၌ ဖောင်းရစ်များနှင့် ထီးတော်ကို တင်ထားသည်။ **အင်းခရုစေတီ** ဟု ခေါ်တွင်ကြောင်း သိရသည်။


## ဖြစ်စဉ်တော်

နန္ဒပတိစည်သူမင်းကြီးသည် ဖောင်တော်ဖြင့် တိုင်းခန်းလှည့်လည်ရာ အောင်ပင်လယ်အနီး ယခုနေရာသို့ အရောက်တွင် ဖောင်တော်ရပ်ကာ ကြီးမားသော ခရုကြီးတစ်ကောင် ဖောင်ပေါ် တက်လာသည်။

ပညာရှိများ ဆန်းစစ်တွက်ချက်ကြည့်ရာ ရှေးဘိုးဘေးတော်တို့၏ ကောင်းမှုစေတီကို မွမ်းမံစေလိုသည်ဟု လျှောက်တင်ကြသဖြင့်, ရှာဖွေရာ သိရိမ္ဗာသောကမင်းကြီး၏ မုဒ္ဒော စေတီကို တွေ့မြင်ကြရသည်။

ထို့ကြောင့် အနုရုဒ္ဓသူရိယ အမတ်အား တာဝန်ပေးကာ ပေါင်းလောင်းရှင်

www.burmeseclassic.com



▲ အင်းခရုမုဋ္ဌောစေတီ



▲ မုန်တွင်းရုပ်ပွားတော်ဆွေ

ကာသပမထေရ်၏ လမ်းညွှန်ချက်ဖြင့် စေတီတော် မွမ်းမံပြုပြင်ခဲ့သည်။

ခရုကြီး တက်လာရာ နေရာ၌လည်း ခရုပုံစံစေတီတည်၍ အင်းခရုစေတီဟု ဘွဲ့မည် ကပ်လှူခဲ့လေသည်။

*(တင်မမနိုင် မန်းတက္ကသိုလ် သိမ်တော်ရှင်သမိုင်းနှင့် ပေါင်လောင်ရှင်ကာသပမထေရ် ထေရုပ္ပတ္တိစာအုပ်မှ ကိုးကားပါသည်။)*

*အင်းခရုမုဋ္ဌောစေတီ

**"အင်းခရုဆုတောင်းပြည့် စေတီတော်"**ဟု ကမ္ပည်းတင်ထားသော မုခ်ဦးနှင့်အတူ အင်းခရုမုဋ္ဌောစေတီကို မြင့်မားသော လေးထောင့်အုတ်ခုံ (တိုက်မ)ခံ၍ အထက်တွင် ကွမ်းတောင်နှင့် ခေါင်းလောင်းမှောက်စေတီ ပေါက်လျက် ဖူးတွေ့ရသည်။

အုတ်ခုံတိုက်မ လေးဖက်တွင် မုခ်လိုဏ်ထွင်း၍ တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူ ပူဇော်ထားသည်။

နေ့ခင်းအချိန်တွင် ပူပြင်းလှသော အရှိန်ကြောင့် ပန်း၊ ရေချမ်း ကပ်လှူနေသူ တစ်ဦးစ,နှစ်ဦးစသာ တွေ့ရသော်လည်း နံနက်ခင်းနှင့် ညနေအေးချိန်တွင် ပရိသတ် အထူးစည်ကားလှကြောင်း စေတီအနီး၌ ကွမ်းယာ, ရေသန့်, အချိုရည်ဘူးများ ရောင်းချသူ တစ်ဦးက ပြောပြသည်။

ဥပုသ် လပြည့် အခါကြီးရက်ကြီးများတွင်မူ နေ့ညမဟူ ပူဇော်ကြည်ညိုသူ အထူးများပြားသည်ဆို၏။

စေတီရင်ပြင် အရှေ့ဘက် ဓမ္မာရုံနှစ်ခုအတွင်း၌ ရေချမ်းအိုးများ ရှိသဖြင့် ပူလောင်နေသော ရင်ပြင်ကြွေပြားခင်းကို အသော့နှင်ကာ သွားရောက်ခဲ့သည်။

ရေသောက်ပြီးနောက် စေတီ တစ်ပတ် လှည့်လည်ကြည့်ရာ စေတီကြီးတစ်ဆူနှင့် ဓမ္မာရုံနှစ်ဆောင်ကို ရင်ပြင်တော်နှင့် တစ်ဆက်တည်း တွေ့ရသည်။ ပေါင်လောင်ရှင်ကာသပ သမိုင်းတွင် အရှင်မြတ်သည် မင်းနန္ဒ၏ အကူအညီဖြင့် အင်းခရုဘုရား သိမ်နှင့် တောကျောင်းတို့ ဆောက်လုပ် လှူဒါန်းသည်ဟု ဖော်ပြ၏။


ထို့ကြောင့် စေတီအနီးရှိ ဘုန်းကြီးကျောင်းသို့သွားကာ သံဃာတော်အား မေးလျှောက်ကြည့်ရာ စေတီ၏ အနောက်မြောက်ထောင့်ရှိ သိမ်တော် ညွှန်ပြသည်။





www.burmeseclassic.com

www.burmeseclassic.com



ခေါင်းလောင်းမှောက်အစား မြင်ရသော ခရုပုံ

ရှေးဟောင်းသိမ်နေရာ၌ သိမ်အဆောင် ပြိုပျက်သဖြင့် မကြာသေးသည့် ကာလကမှ အသစ်ဆောက်လုပ်ထားကြောင်း သိရသည်။ တောကျောင်းနေရာကိုကား မသိ မမီလိုက်ပါဟု မိန့်တော်မူသည်။

ပေါင်လောင်ရှင်ကဿပနှင့် စပ်လျဉ်းသော ပေါင်လောင်ညီနောင်ရုပ်၊ ဘီလူးညီနောင်ရုပ်တုများနှင့် ကျားမိကျောင်းရုပ်တုများလည်း မတွေ့ရပေ။ စေတီတော်ကြီးမှာ အောက်ခြေအလုံပိတ် တိုက်မကြီးကို ပထမပစ္စယံအဖြစ် ပူဇော်ထားရာ ယခင်စေတီနှင့် ရုပ်တုများသည် အတွင်း၌ တည်ရှိနိုင်သည်ဟုသာ တွက်ဆရလေသည်။

## အင်းခရုစေတီ

အင်းခရုမုဋ္ဌောစေတီမှ အနောက်ဘက် အနည်းငယ်လှမ်းသော နေရာ၌ အင်းခရုစေတီရှိကြောင်း ကြားနာရသဖြင့် သံဃာတော်အား ဦးချကန်တော့ကာ အနောက်ဘက်ဆီသို့ ထွက်ခဲ့သည်။

**အင်းခရုစေတီကား ပုထိုးများ အထက် ခေါင်းလောင်းမှောက်အရာ တွင် ခရုကြီးကို အစားထိုး တည်ဆောက်ထားခြင်း ဖြစ်သည်။**

နရပတိစည်သူမင်း၏ ဖောင်တော်ပေါ်သို့ တက်လာသော ခရုကြီးကို အစွဲပြု၍ ထို တက်ရောက်သည့် နေရာ၌ အထိမ်းအမှတ်စေတီ တည်ခဲ့သည်။

ထိုခရုသည် ကောင်းမှုပြုရန် သတိပေးသော (သီရိခေမာသောကမင်း၏ မုဋ္ဌောစေတီကို မွမ်းမံကုသိုလ်ပြုရန် အကြောင်းကြားခြင်း သဘောဆောင်သည့်) ရှေးအတိတ်ကာလ ဆွေတော်မျိုးတော် ဖြစ်ခဲ့သည့် အားလျော်စွာ ယခုဘဝ(ခရုတိရစ္ဆာန်ဘဝ)မှ လွတ်မြောက်၍ ကောင်းရာသုဂတိသို့ လားရောက်စေကြောင်း ကုသိုလ်ပြု အမျှပေးဝေခြင်းလည်း ဖြစ်ပေသည်။

## အထူးပြု၍ အမျှဝေပါ

ပေါင်လောင်ရှင် ကဿပမထေရ်မြတ်က နရပတိစည်သူမင်းကြီးအား အတိတ်ဘဝမှ ဆွေတော်မျိုးတော် အားလုံးကို သံသရာမှ လွတ်ကင်း၍ မဂ်ဖိုလ်နိဗ္ဗာန်သို့ ရောက်ရှိစေရန် မေတ္တာပို့သ အမျှပေးဝေရန် မိန့်ကြားသကဲ့သို့ပင် ရှင်တော်မြတ်ဘုရားသည် သံသရာ အတိတ်ဘဝ ဆွေမျိုးများကို ထောက်ပံ့တော်မူခဲ့သည်ဟု **ပင်းယ ရွှေစည်းခုံစေတီကုန်းတော်မှ သီလရှင်မယ်တော်ကြီး ဒေါ်သုမင်္ဂလာကလည်း မိန့်တော်မူခဲ့သည်။**

မယ်တော်ကြီးအား ဂါရဝပြု ဖူးမြော်စဉ် ဤသို့မေး၏။

'လူလေး ဒီကနေ ဘယ်ကိုဆက်သွားရဦးမလဲ'

www.burmeseclassic.com

'ဗိုလ်တက်ကုန်းရွာက ရှင်အရဟံ သိမ်ကို သွားဖို့တော့ ရည်မှန်းထားပါတယ်။ ရှင်အရဟံ နေထွက်နေဝင် သိမ်လေးသိမ် ပူဇော်မှု ဆောင်းပါးအတွက်ပါ'

'အင်း ဒီကနေ တံခွန်တိုင်ကို ဖြတ်သွားရမှာပဲ။ လမ်းမှာ အင်းခရုစေတီဆိုတာရှိတယ်။ ဝင်ဖူးကြည့်ပါလား'

'ထူးခြားမှုတွေကော ရှိသလား အမေ'

'ပေါင်လောင်ရှင်ရဟန္တာကြီးက ခရုကြီးဟာ ဘုရင်နရပတိစည်သူရဲ့ အတိတ်ဘဝက ဆွေတော်မျိုးတော် ဖြစ်ကြောင်း သိရှိပြီး အတိတ်ဘဝ အဆက်ဆက်က ဆွေမျိုးပါရမီ ဖြည့်ဖက်တွေကိုလဲ မမေ့မလျော့ အမျှဝေ မေတ္တာပို့သင့်ကြောင်း တိုက်တွန်းခဲ့တယ်။

မြတ်စွာဘုရားရှင်လဲ ဒီလိုပဲ ဟောတော်မူတယ်။ သားတော် ရာဟုလာကို ဘုရားရှင် သာသနာဘောင်တွင်း သွတ်သွင်းပေးလိုက်တော့ ယသော်ရောက စဉ်းစားတယ်။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးလဲ နတ်ရွာစံလေပြီ။ နန်းလျာနန္ဒမင်းသားနဲ့ ရာဟုလာ မင်းသားတို့ကိုလဲ ဘုရားရှင်က ရဟန်းဖြစ်စေပြီ။

နန်းအမွေဆက်ခံသူ မရှိသဖြင့် ကပိလဝတ်ပြည် ပျက်စီးရာ၏။ မိမိမှာ မိန်းမသားဖြစ်၍ မင်းပြုရန်မသင့်။

ထို့ကြောင့် သားတော် ရာဟုလာကို ဘုရားထံမှတောင်း၍ ထီးဆောင်း ဘိသိက် ခံစေအံ့လို့ ကြံပြီး အခြွေအရံများနဲ့တကွ ဘုရားရှင်ဆီ သွားပါတယ်။

ဝေဠုဝန်ကျောင်းတော်ကို ရောက်တော့ ဘုရားရှင်ကို လျှောက်တယ်။

"အရှင်မြတ်စွာဘုရား ကိုယ်တော်၏ အကျိုးကိုသာ မကျင့်ပါနှင့်။ သတ္တဝါအကျိုး ဆွေတော်မျိုးတော်တို့ အကျိုးကိုလဲ ကျင့်တော်မူပါ။

ကပိလဝတ်ပြည်တွင် မင်းဆက်ပြတ်၍ ပြည်သူပြည်သားတို့ အားကိုးရာ မဲ့နေပါသည်။ ရာဟုလာကို သာသနာမှ ထွက်၍ မင်းပြုစေမှ ဆွေမျိုးအပေါင်းနှင့် တိုင်းသူပြည်သားတို့ အားကိုးရာရပါမည်"

ဘုရားရှင်က...

"အချင်း ဘဒ္ဒကစ္စာနာ ငါ ဘုရားသည် မိမိ၏ အပွားအစီးကိုသာ မကျင့်ပါ။ ဘုံသုံးပါး၌ ဖြစ်သော သတ္တဝါအပေါင်းကို ရင်သွေး ရာဟုလာနှင့်မခြား စုံမက်သဖြင့် ထိုသူအားလုံး၏ အပွားအစီးကို ကျင့်၏။

မင်းစည်းစိမ်သည် ကာမဂုဏ်နှင့် ဒုစရိုက်တရားကို ပွားများစေကာ သေလွန်လျှင် အပါယဒုက္ခကို ခံရစေ၏။ သံသရာက ပါရမီ ဖြည့်ဖက်ဖြစ်သော ငါဘုရားနှင့် လည်းကောင်း ရာဟုလာ စသည့် မဟာဆွေတော်မျိုးတော်တို့နှင့်လည်းကောင်း စုပေါင်း၍ တူမကွာ ပြည်နိဗ္ဗာန်ကို လျင်မြန်စွာ လိုက်ရအောင် လူ့ဘောင်ကိုစွန့်၍ ငါ၏ သာသနာ၌ ရဟန်းပြုလော့"

လို့ မိန့်တော်မူပါတယ်။


ဘဒ္ဒကစ္စာနာလို့ခေါ်တဲ့ ယသော်ရောဒေဝီက ပါရမီရင့်ကျက်ပြီးဖြစ်လို့ သာသနာမှ ဘိက္ခုနီဝတ်ပြီး **ဘဝပေါင်း တစ်ဆယ့်ခြောက်သင်္ချေကို ဆင်ခြင် နိုင်တဲ့ မဟာဘိညာဏတေဒဂ် ရဟန္တာ ထေရီမ ဖြစ်လာတယ်။**

မင်းတို့ ငါတို့မှာတော့ ပါရမီ မရင့် ကျက်သေးလို့ ဖြည့်ဆည်းရတုန်းပဲ အတိတ်ဘဝက ဆွေမျိုး၊ သံသရာက ဆွေမျိုးတွေကို နိဗ္ဗာန်မင်္ဂဖိုလ်ရောက် အောင် မပို့နိုင်သော်မှ အမျှအတန်း ပေးဝေ မေတ္တာပို့ပေးသင့်တယ်။ ဒီလို အသိထူးကို ပေးတာမို့ အင်းခရုစေတီ ကို ဖူးစေချင်တယ် လူလေး'

သို့ဖြစ်လေရာ ပုဂံပြည်နရပတိ စည်သူမင်းလက်ထက် ပေါင်လောင်ရှင် ကဿပရဟန္တာမထေရ် ဦးဆောင်မှု ဖြင့် မင်း၊ အမတ်နှင့် ပြည်သူ စိတ်ရည် တူ တည်ထားခဲ့သော အင်းခရုစေတီ နှင့် အင်းခရုမုဒ္ဒောစေတီတို့အား ဖူးမြော် ပူဇော်ပါသည်။

ထို့နောက် ရပြီးသမျှ ကုသိုလ်အစုစု ၏ အဖို့ဘာဂကို သံသရာ အတိတ်ဘဝ အဆက်ဆက်က တော်စပ်ခဲ့ဖူးသည့် ဆွေတော်မျိုးတော် အားလုံးအား အမျှ ပေးဝေခဲ့လေသည်။

ခွန်စိုင်းဝမ်း



◆ အင်းခရုသိမ်



www.burmeseclassic.com

www.burmeseclassic.com

ဟသာၤတမြို့နယ် ရွှေပြည်စံ တိုင်းရင်းဆေးကုခန်းမှ

# ဆရာမ ဒေါ်စံပယ်ခင်

(တဆ-၆၂၈၈)နှင့် တွေ့ဆုံခြင်း

ဦးခင်မောင်သန်း
(အာ-မ-ဘ၊ ပခန်းတန်း)



ဆရာမ မန္တလေးမှာ ဘွဲ့ရစဉ်က အမှတ်တရ

စာရေးသူသည် **ဟသာၤတမြို့မှ ရွှေပြည်စံ တိုင်းရင်းဆေးကုခန်းသို့** ရောက်ရှိခဲ့ပြီးလျှင် ဆရာမ ဒေါ်စံပယ်ခင်နှင့် တိုင်းရင်းဆေး ပညာရပ်များအကြောင်း ဗဟုသုတဖြစ်ဖွယ်များကို ဆွေးနွေးဖြစ်ခဲ့ပါသည်။

▲ **'ပထမဦးဆုံးအနေနဲ့ ဆရာမရဲ့ ကိုယ်ရေးအကျဉ်းကို သိပါရစေ'**

○ 'ကျွန်မရဲ့ မိဘများကတော့ ဦးအုန်းခင်နဲ့ ဒေါ်အေးမြင့်တို့ ဖြစ်ပါတယ်။ ဇာတိကတော့ ဖျာပုံမြို့ဖြစ်ပါတယ်။ အလုပ်တာဝန်ကျတာကတော့ **နီဗ္ဗာန်တိုင်းရင်းဆေးကုခန်းမှာပါ။** နောက် နိဗ္ဗာန်ဆေးခန်းကပဲ အလုပ်ကထွက်ပြီး တိုင်းရင်းဆေးခန်း ဖွင့်ခဲ့တာပါပဲ'

▲ **'ဆရာမရဲ့ ဆေးပညာလောက ကို ရောက်ရှိခဲ့ပုံကိုလဲ ပြောပြပေး ပါဦး'**

○ 'ကျွန်မက ဆေးဆရာမျိုးရိုး ရှိတယ်လို့ ပြောရမလား။ အဖေ့ဘက်က အကြီးတစ်ယောက်နဲ့ အဖေ့ဘက်က တော်တဲ့ ကျွန်မရဲ့ အစ်ကို တစ်ဝမ်းကွဲတော့ ရှိပါတယ်။ ကျွန်မက ငယ်ငယ်ကတည်းက စာဖတ်ဝါသနာပါ,ပါတယ်။ စာဆိုရင် ဘာစာပဲဖြစ်ဖြစ် ဖတ်ပါတယ်။ ဆေးဆရာ ဖြစ်လာမယ်လို့တော့ မထင်ခဲ့ပါဘူး။

အဲကြောင့် အိမ်က ကျောင်းစာဘက်မှာစိုးလို့ စာဖတ်တာကို သိပ်မကြိုက်ချင်ဘူး။ နောက် ကျွန်မ ကံကောင်းအောင်တော့ တိုင်းရင်းဆေးကျောင်း ရခဲ့ပါတယ်။ အစ်ကို ဦးသိန်းကြည်ရဲ့ ကျေးဇူးပါပဲ။

ကျောင်းကတစ်ဖက် ပြီးတော့ ကျွန်မကကျန်းမာရေးညွှံ့တော့ ကျောင်းပြီးခါနီးမှ စာစ,ပြီး ရေးဖြစ်ပါတယ်။

အာရောဂျမဂ္ဂဇင်း၊ ဇီဝကမဂ္ဂဇင်း၊ ဖက်ရှင်(Image) မဂ္ဂဇင်းတွေမှာပါ။ ဆေးနဲ့ ထိစပ်နေတော့ ဆေးပစ္စည်း ဆေးဝါးနဲ့ သက်ဆိုင်တာတွေကို ရေးဖြစ်တယ်။

တဖြည်းဖြည်း ဆေးပညာတွေကို ပိုပြီး လေ့လာဖြစ်ပြီးတော့ စာရေးဆရာထက် လက်တွေ့မှာ ဆေးဆရာဘဝကို ရခဲ့တာပါပဲ။ ကျောင်းပြီးပြီးချင်း ကျွန်မ ဖျာပုံနဲ့ ရန်ကုန်မှာ အပြင်ဆေးခန်း ဖွင့်ဖြစ်ခဲ့ပါတယ်။ နောက်မှ အလုပ်ဝင်ခဲ့တာပါ'

▲ **'ဆရာ ရရှိခဲ့တဲ့ ဘွဲ့နဲ့ အထူးပြု ဘာသာကိုလဲ သိပါရစေဦး'**

○ 'ကျွန်မရခဲ့တဲ့ ဘွဲ့ရကတော့ **Dip.T. Med(Mdy)** တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့နဲ့ **B.A(Philosophy)** ဘွဲ့ကို ရခဲ့ပါတယ်။

အခု ရပ်တည်နေတာကတော့ တိုင်းရင်းဆေးပညာ ဒီပလိုမာဘွဲ့နဲ့ပါပဲ။ တိုင်းရင်းဆေးကို ၁၉၉၁ ခုနှစ်ကစပြီး တက်ခဲ့ပါတယ်။ ၁၉၉၄–၁၉၉၅ ခုနှစ်မှာ ကျောင်းပြီးခဲ့ပါတယ်'

▲ **'ကုသရေးနဲ့ ပတ်သက်ပြီးတော့ ဆရာမရဲ့ အတွေ့အကြုံကို တစ်ပြ ပေးပါဦး'**

○ 'ကုသရေးနဲ့ ပတ်သက်လို့ ကျွန်မ အရင်ဆုံး ပြောချင်တာကတော့ ကျောင်းတက်စဉ်က ကုသရေးဘက်ရော သင်ကြားရေးဘက်ရော ကျွန်မတို့ကို ဆေးကုဆေးချက်ချလမ်းညွှန်ရတဲ့အတွက် အများကြီး အကျိုးဖြစ်ခဲ့ပါတယ်။

ဒီတော့ ကျောင်းပညာထက် လက်တွေ့ကုသရေးမှာ အများကြီး အထောက်အပံ့ ဖြစ်ခဲ့ပါတယ်။ ခုထိ စာတွေ ပြန်ဖတ်တယ်။ လူနာကမေးလို့ မသိဘူးလို့ မဖြစ်ရအောင် ကြိုးစားပါတယ်။ ကြာလာတော့ ရောဂါနဲ့ဆေးကို မှန်ကန်အောင် ဆုံးဖြတ်ပြီး ကုသပေးနိုင်ခဲ့ပါတယ်။

ထူးခြားချက်တစ်ခုကတော့ ကျွန်မ ကျောင်းပြီးတော့ ရွှေတိဂုံဘုရားပေါ်မှာ ကျွန်မ ဆေးကုနေတဲ့ သက်တမ်းတစ်လျှောက်မှာ ခြေလေးချောင်းသားနဲ့ သားကြီး ငါးကြီး မစားပါဘူးလို့ လှူဒါန်းခဲ့ဖူးပါတယ်။ သစ္စာပြုခဲ့ဖူးပါတယ်။

▲ **'ဘာတွေ ထူးခြားမှု ရှိခဲ့ပါသလဲ'**

○ 'အဲဒါကလဲ ကျွန်မကို တော်တော်ကို အကျိုးထူးပါတယ်။ ရောဂါကြီးတဲ့သူ သက်ကြီးဝါကြီး၊ မရတော့ဘူးလို့ ထင်မိတဲ့ လူနာတွေဟာ ကျွန်မ ဆေးကုသပြီးလို့ **ညဘက်မှာ သစ္စာပြုပြီး ဆုတောင်းပါတယ်။** ထူးထူးခြားခြားပါပဲ။ ခုပြည့်လောက်အောင် သက်သာပျောက်



www.burmeseclassic.com

www.burmeseclassic.com

ကင်းသွားကြပါတယ်။

ကုသရေးဘက်ကို ထိထိရောက်ရောက် အကျိုးပေးပါတယ်'

▲ **'ဆရာမအနေနဲ့ ဘယ်လို ဝေဒနာရှင်တွေကို အများဆုံး ကုသပေးရပါသလဲ'**

○ 'အများဆုံးလာတဲ့ ဝေဒနာရှင်ကတော့ **လေးဖက်နာ၊ အရိုးကျိုးပေါင်း၊ ခါးနာ၊ မီးယပ်လူနာတွေ ပိုပြီး** များပါတယ်။ လေးဖက်နာဝေဒနာရှင်တွေဆိုရင် ကျွန်မ ဆေးမကုမီ (Aso)စစ်နိုင်းတယ်။ (Aso) အရေအတွက်ကို မှတ်နိုင်းပြီး ဆေးကုပြီး ပြန်စစ်နိုင်းပါတယ်။ သေသေချာချာပျောက်ကင်းအောင် တာဝန်ယူပြီး ကုသပေးပါတယ်။

**အရိုးကျိုးပေါင်းသမား ကျတော့** ဓာတ်မှန်ရိုက်ခိုင်းတယ်။ ပြီးမှ ကုသပေးတယ်။ ကျွန်မပြောသလို နားထောင်ပြီး သေသေချာချာ ကုရင် အတော်များများ သက်သာပျောက်ကင်းပါတယ်'

▲ **'အကြောအနေနဲ့ ပတ်သက်ပြီး ရော့လဲ ရှင်းပြပါဦး ဆရာမ'**

○ 'အကြောနဲ့ ပတ်သက်ရင်တော့ ကျွန်မမှာ **အထောက်အကူ ပစ္စည်းလေးတစ်ခု** ရှိပါတယ်။ အဲဒါကတော့ **ဆေးတောင့်လေး**ပါပဲ။ ကျွန်မ မင်္ဂလာတောင်ညွန့်မှာ ဆေးခန်းဖွင့်တုန်းက **ဆရာမင်းဝေအောင်**ဆီက ရခဲ့တာပါ။

သူက ဆေးတောင့်နဲ့ ပတ်သက်တဲ့ ပညာလဲ သင်ပေးတယ်။ အကြောနဲ့ ပတ်သက်ရင်၊ သွေးလေ ပိတ်ဆို့ရင် အဲဒီဆေးတောင့်နဲ့လဲ ရောပြီး ကုသပေးပါတယ်။ ထိရောက်မှုလဲ ရှိပါတယ်။

အဓိက,ကတော့ လူရဲ့ ခန္ဓာကိုယ်မှာ ဆီး,ဝမ်း,သွေး,လေ ညီညွတ်ရင် ခန္ဓာကိုယ်က မဖောက်ပြန်ပါဘူး။ တစ်ခုခု ချို့ယွင်းရင်တော့ ဝေဒနာဆိုတာ ဖြစ်တာပါ။ အဲဒါကို ပြုပြင်ပေးလိုက်ရင် ကောင်းသွားတာပါပဲ။

ကျွန်မတို့ရဲ့ တိုင်းရင်းဆေးက ဆေးပစ္စည်းဆေးဝါး အစစ်အမှန်ကိုလဲ သုံးရင် မထိရောက်ဘူးဆိုတာ မရှိပါဘူး။ လူတွေမှာ ဖြစ်ပေါ်တဲ့ရောဂါဟာ ရောဂါကြီးမဟုတ်ရင် ပျောက်လွယ်ပါတယ်။ အဓိက,ကတော့ ထိရောက်တဲ့ ကုသချက်ဖြစ်ဖို့ပါပဲ။အဲဒါပဲအရေးကြီးပါတယ်။

ကျွန်မက လူငယ်ဖြစ်လို့ ကျွန်မတို့ ကျောင်းမှာ သင်ရသလိုပဲ တိုင်းရင်းအမြင်၊ အနောက်တိုင်းအမြင်နှစ်ခုနဲ့ ဝေဖန်ပိုင်းခြားပြီး ထိရောက်တဲ့ ကုသမှုမျိုးကိုပဲ သုံးပါတယ်'

▲ **'ဓာတ်ပတ်သက်တဲ့အတွက် ဆေးနည်းတစ်ခုလောက် ဖော်ပြပေးစေချင်ပါတယ်'**

○ 'ကျွန်မ ထိရောက်တဲ့ ဆေးနည်းကို ပေးပါမယ်။ ဖော်စပ်ပြီး လက်တွေ့သောက်သုံးကြည့်ပါ။ ကျွန်မကိုယ်တိုင်လဲ သုံးပါတယ်။ ကျွန်မ ကိုယ်တိုင်လဲ သုံးပါတယ်။ အဲဒီဆေးကတော့**တိုင်းရင်းဆေးနံပါတ်(၁၇) သွေးဆေးနီးကြီး**ပါပဲ။ အဲဒီဆေးကို **အမိုးပွင့်ဆေး သွေးသန့်ဆေး**တွေအနေနဲ့ သုံးပါတယ်။

ဆေးနည်းကတော့…

- ❖ ဇာတိပ္ပိုလ်သီး
- ❖ လေညှင်း
- ❖ ကြက်ဆူ
- ❖ ပိန်းနှ
- ❖ ပိန်းမ
- ❖ ကတ္တူရသင်္ချေ
- ❖ နံ့သာဖြူ
- ❖ နံ့သာနီ
- ❖ ဖာလာယ်
- ❖ ကတိုဗိ
- ❖ နွယ်ချို
- ❖ ဆောင်ပေးခါး
- ❖ ကြံ့သွေး
- ❖ ဆေးပန်းနုတ်ပုံ
- ❖ ပရုတ်
- ❖ ဖုံးမသိန်
- ❖ သိန္ဓော
- ❖ ပဒုမ္မာကြာဝတ်ဆံ
- ❖ ကြာသီးဆံ
- ❖ ကံ့ကော်ဝတ်ဆံ (**ဆေးအမည်** ...

အလေးချိန်ကတော့ ဆေးပစ္စ... အားလုံး ဆတူပါပဲ။ ဆေးပစ္စည်း... တော့ အမည်များတယ်။ ဒါပေ... အလွန်ထိရောက်တဲ့ဆေးပါ။ အိမ်... ဆေးအဖြစ် ဆောင်ထားလို့လဲ ကော... ပါတယ်။ အသုံးကတော့…

- ❏ **မီးယပ်သွေးရှိလျက်နဲ့** အ... နည်းခြင်း၊ ထိမ်ခြင်း၊ ငုပ်ခြ... ဆေး ကော်ဖီဇွန်းမောက်... မှာ ဆားမန်ကျည်းစေ့ တစ်ဝ... ထည့်ပြီး ရေနွေးနဲ့ သောက်...
- ❏ **အအေးမိခြင်း၊ အမိုးပိတ်... များခြင်း၊ ချမ်းတုန်ခြင်း၊ ... ကြီးခြင်း၊ အမိုးမညီညွတ်ခြ...** ကို ရေနွေး(သို့မဟုတ်) ကွမ်း... ပြုတ်ရည်နဲ့ သောက်ပေးပါ။
- ❏ **ဝမ်းဖော၊ ဝမ်းရောင်၊ ဝမ်း...** ခြင်းကို ရေနွေးပူပူနဲ့ သော...
- ❏ ကလေးငယ်များကိုတော့ ဝမ်း... မယ်၊ အအေးမိပြီး ချောင်းဆိုး... အမိုးပိတ်မယ်ဆိုရင် မကြာ... ခွံ့ပေးခြင်းနဲ့ ပျောက်ပါတယ်...
- ❏ **ခန္ဓာကိုယ်မှာ ယားယံ... အကွက်အပိမ့်ထခြင်း**ကိုတော့... နွေးနဲ့ မှန်မှန်သောက်... ပျောက်ကင်းပါတယ်။

အဲဒီဆေးက **အပူအအေး သင့်... မျှတပြီး အမိုးညီညွတ်စေ...** အမျိုးသမီးများအတွက်ကတော့ **မီး... သွေးသန့် ဆေးကောင်းတစ်လ...**

တစ်ခုကတော့ မီးယပ်ငွေ့... ကို ပေါ်စေတဲ့အတွက် ကိုယ်ဝ... မှာ မသောက်သင့်ပါဘူး။ ကျန်... တော့ အမျိုးသား၊ အမျိုးသမီး ... များအတွက် အန္တရာယ်မရှိတဲ့ ... ကောင်းတစ်လက်ပါ။

▲ **'ကျေးဇူးတင်ပါတယ် ဆရာမ'... သင်ဓါဘဝ သာယာပါ...**

**ဦးခင်မောင်...**
**(အ.မ.က၊ ...)**




www.burmeseclassic.com

www.burmeseclassic.com

ကျေးဇူးတော်ရှင်

# ရွှေပေါ်ကျွန်းဆရာတော်ကြီး

## ချီးမြှင့်သည့် ထူးခြားပြီး အစွမ်းထက်သော ဂါထာတော်



၁၃၆၇ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၃)ရက်နေ့က မမ္မမိတ်ဆွေ ဦးမြခဲ(ကျောက်စိမ်း)မိသားစုမှ မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ မလှိုင်မြို့နယ်၊ ရွှေပေါ်ကျွန်း စေတော်ဝင်ကျောင်းသို့ ကထိန်ခင်းသွားသဖြင့် စာရေးသူ လိုက်ပါမိသည်။ ရွှေပေါ်ကျွန်းတွင် မမျှော်လင့်ဘဲ ကျိုက်လတ်မြို့ သာသနာ့အကျိုးဆောင် ဦးထွန်းဝေနှင့် စာရေးသူ တွေ့ဆုံမိသည်။

လွန်ခဲ့သော ၁၃၂၉ ခုနှစ်၊ တပို့တွဲလပြည့်ကျော်(၉)ရက်နေ့က ဆရာတော် ညစဉ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူသည့် **ဝ,(၁၂)လုံးဂါထာတော်** ကျင့်စဉ်ကို ရှာဖွေပြီး (၇)ရက်သားသမီးပါရမီရှင် စာဖတ်ပရိသတ်များအတွက် အလွယ်တကူ ရွတ်ဆိုကျင့်ဆောင်နိုင်ရန် ရေးသားခြင်းဖြစ်သည်။

'ဝ'ဂါထာတော် ကျင့်စဉ်အကြောင်း ရေးသားမီ ဆရာတော် ဟောပြောခဲ့သည့် 'ဝ'အက္ခရာနှင့် ပတ်သက်၍ ထူးခြားမှုကို **တစ်ကမ္ဘာ တစ်ခါ တဝတွေ့မည့် တဝစေတီတော် ရွှေထီးတော်တင်လှူပွဲ**တွင် ဆရာတော် ဟောကြား ခဲ့သည့် တရားတော်များမှ ကောက်နုတ်တင်ပြလိုသည်။

ကမ္ဘာနှင့် ပတ်သက်၍ **သာရကမ္ဘာ၊ မဏ္ဍကမ္ဘာ၊ ဝရကမ္ဘာ၊ သာရမဏ္ဍကမ္ဘာ၊ ဘဒ္ဒကမ္ဘာ၊ သုညကမ္ဘာ**ဟု ရှိပြီး ဘဒ္ဒကမ္ဘာတွင် ဘုရားလေးဆူ ပွင့်သွားသဖြင့်...

ဦးသိန်းထွန်း(ဂ)ည
(အင်းဝ)

၁။ ကကုသန်မြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သက်နှ်းအနားတွင် "စ"အက္ခရာ အမှတ်အသား
၂။ ကောဏာဂုံမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သင်္ကန်းအနားတွင် "မ"အက္ခရာ အမှတ်အသား
၃။ ကဿပမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သင်္ကန်းအနားတွင် "ဗ"အက္ခရာ အမှတ်အသား
၄။ ဂေါတမမြတ်စွာဘုရား ကိုယ်တော်မြတ်ကြီး၏ သင်္ကန်းအနားတွင် "ဝ"အက္ခရာ အမှတ်အသား

စသည်ဖြင့် အသီးသီးရှိပြီး **"စ, မ, ဗ, ဝ"**ဟု စမလေးလုံး အမြွတ်ဆုံး ဖွင့်ဆိုခြင်းဖြစ်သည်။

ယင်း အက္ခရာ စမလေးလုံးကို ဂြိုဟ်သက်အရ "စ"အက္ခရာမှာ အင်္ဂါဂြိုဟ်သက်(၈)နှစ်၊ "ဗ"အက္ခရာမှာ ကြာသပတေးဂြိုဟ်သက်(၁၉)နှစ် ယင်းနှစ်ခု ပေါင်းပါက သတ္တဗီသဓာတ်(၂၇)နှစ်ရှိပြီး ယင်း(၂၇)ကို ထပ်ပေါင်းသောအခါ (၉)ဂဏန်း ရရှိသည်။

ဒုတိယကောဏာဂုံ မြတ်စွာဘုရား၏ ဝါယောဓာတ် "မ"အက္ခရာသည် စနေနံဂြိုဟ်သက် (၁၀)နှစ်ဖြစ်ပြီး ဂေါတမမြတ်စွာဘုရား၏ အမှတ်အသားသည် "ဝ"အက္ခရာ ဗုဒ္ဓဟူးနံ ဂြိုဟ်သက်(၁၇) ပေါင်းပါက (၂၇) သတ္တဗီသကျေ ဖြစ်ပြီး အထက်က ၂၇ နှင့် ၂၇ ထပ်ပေါင်းပါက (၅၄) စတုပညာသဓာတ် ဖြစ်လာခြင်းဖြစ်သည်။

ယင်းအပြင် မြတ်စွာဘုရားကိုယ်တော်မြတ်ကြီး၏ သက်တော်၊ ဝါတော် (၄၅)ဝါ၊ အစုပ်တော် (၁၈)တောင် အားလုံးပေါင်း ကိုးနဝင်း ဖြစ်နေသည်ကို ထူးခြားစွာ တွေ့ရှိရသည်။

ဂဏန်းအခေါ်အဝေါ်အရ တစ်၊ နှစ်၊ သုံး၊ လေး၊ ငါး၊ ခြောက်၊ ခုနစ်၊ ရှစ်၊ ကိုးတို့မှ လွတ်ကင်းသဖြင့် သုညဟု လည်းကောင်း သိရှိရပြီး သုညကို လက်ဝဲ၊ "ဝ"ကို လက်ယာ စမတို့၏

www.burmeseclassic.com

ထိပ်ပိတ်သည် "ဝ"ဖြစ်ကြောင်း ထူးခြားစွာ ဆရာတော် ပြောဟောခဲ့ခြင်း ဖြစ်သည်။


ထို့ကြောင့် ကျေးဇူးရှင် ရွှေပေါ်ကျွန်း ဆရာတော်ကြီး ချီးမြှင့်ခဲ့သည့် ထူးခြားပြီး အစွမ်းထက်သော "ဝ" ဂါထာတော် ကျင့်စဉ်ကို စာရေးသူ ရှာဖွေဖော်ထုတ်ရေးသားခြင်းဖြစ်သည်။

ဤ "ဝ" ဂါထာတော်ကျင့်စဉ်ကို ကျင့်ဆောင်မည့် (၇)ရက်သားသမီး မိမိတို့၏မွေးနေ့ နံနက် (၉း၀၀)နာရီမှ (၁၀း၃၀)နာရီ အချိန်အတွင်း မိမိတို့၏မွေးနံ နဝင်းရောက်သောအချိန်မှစ၍ ဘုရား ရှိခိုးခြင်း၊ ငါးပါးသီလခံယူခြင်း၊ မေတ္တာပို့သခြင်းများ ပြုလုပ်ပြီး မိမိထိုင်မည့် ရှေ့နားက အဝတ်ဖြူပေါ်တွင် ရေတစ်ဖလား၊ အလင်းတိုင်(ဖယောင်းတိုင်)တစ်တိုင်တို့ကို ကြေးလင်ပန်းတွင် စိုက်ပြီး ရေအနည်းငယ်ထည့်၍ ညိုထွန်းထားရန်ဖြစ်သည်။

ကျင့်ဆောင်သော အချိန်ကာလအတွင်း ကျွဲ၊ နွား၊ ဝက်၊ အရက် (၄) မျိုးတို့ကို စားသောက်ခြင်းမှ အဓိဋ္ဌာန်ဖြင့် ရှောင်ကြဉ်ပြီး ဤ "ဝ" ဂါထာတော်ကို သက်စေ့ထက် တစ်ခေါက်ဖြစ်စေ၊ (၁၀၈)ခေါက်ဖြစ်စေ ရွတ်ဆိုပြီး မိမိတို့ နှစ်သက်ရာ ဆုတစ်မျိုးတည်းကို ဆုတောင်းရန်ဖြစ်သည်။

သို့မဟုတ် မိမိတို့မွေးနံရအရ ဂြိုဟ်သက်အတိုင်း တနင်္ဂနွေ(၆)ပတ်၊ တနင်္လာ(၁၅)ပတ်၊ အင်္ဂါ(၈)ပတ်၊ ဗုဒ္ဓဟူး(၁၇)ပတ်၊ ကြာသပတေး(၁၉)ပတ်၊ သောကြာ (၂၁)ပတ်၊ စနေ(၁၀)ပတ်၊ ရာဟု(၁၂)ပတ် စသည် ဂြိုဟ်သက်အတိုင်း အသီးသီး ပုတီးစိပ်နိုင်ပါသည်။

ဤ"ဝ"ဂါထာတော်၏ အစွမ်းတန်ခိုးတေဇာ်ကြောင့် ကိုယ်တွင်း



ကိုယ်ပ၊ အိမ်တွင်းအိမ်ပ၊ မြို့တွင်းမြို့ပ နှစ်ဌာနတို့၌ ငြိတွယ်ကပ်ရောက်နောင့်ယှက် ဖျက်ဆီးတတ်သော ဘေးဒဏ်ရန်မာန် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းလွင့်ပျောက် မထိရောက်နိုင်သည်ဖြစ်ပြီး စိတ်ဓာတ်အစဉ် ကြည်လင်ရွှင်လန်းမှု အေးချမ်းမှုကို ရရှိစေပါသည်။

ထို့ကြောင့် နှစ်နှစ်ခြိုက်ခြိုက် ဆန္ဒဓာတ် ပြင်းပြင်းထန်ထန်ထား၍ ရွတ်ဆိုခြင်း၊ ဆန္ဒပြုခြင်း၊ ဆုတောင်းခြင်း ပြုလုပ်နိုင်ပါက ပို၍ ထူးခြားစွာ အောင်မြင်မှုများ ရရှိစေပါသည်။

**ဆရာတော် ချီးမြှင့်သည့် "ဝ" ဂါထာတော်မှာ...**

"ဝရောပဏ္ဍာယ သီဝဝေါ၊
ဝညူသုရိယာ ဝဝေါ၊
ဝရဒေါ စက္ကဝါ ဌောဝ ဝေါ၊
ဝဟာရောကာသော ဝဝေါ"

ဂါထာအဓိပ္ပါယ်

မြတ်သောတရားဖြင့် ပြည့်တော်မူသည်ဖြစ်၍ အေးချမ်းသည့် လပြည့်ဝန်း အလား ဝန်းဝိုင်းသော ဝ,လုံးကဲ့သို့ မြတ်သောတရားကို သိတော်မူသည် ဖြစ်၍ နေမင်းအလား ဝန်းဝိုင်းသော ဝ,ကဲ့သို့ မြတ်သောဆုကို ပေးသနား တော်မူသည်ဖြစ်၍ စကြဝဠာအလား ဝန်းဝိုင်းသော ဝ,ကဲ့သို့ ဩကာသ လောကအလား ဝန်းဝိုင်းသော ဝ,ကဲ့သို့ အပြည့်အဝ မြတ်သောဆုကို ဆောင် တော်မူသော မြတ်စွာဘုရားသည် ပြည့်ပြည့်ဝဝ မြတ်သောဆုကို ပေး သနားတော်မူပါစေသတည်း။

**[မှတ်ချက်။ ။ ဤဂါထာမှာ ရတနသုတ်လာ ဝရော ဝရညူ ဝရ ဒေါ ဝရဟာရောဟူသော ဘုရား ဟောပါဠိကို ဆုံးအောင် မဆိုပါဘဲ မိမိတို့လိုရာ ဖြည့်စွက်ထားသည် မန္တန်ဖြစ်၍ ဖြစ်သင့်သော အဓိပ္ပာယ် ကို ကြံဆရေးသားလိုက်ရ၏။]**

***[ဤဂါထာတော် ပါဠိအနက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း တို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသ အောင်ရွှေ မွှာစရိယ(မဟာဝဂ္ဂိဒိမြန် ဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာ ကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆို ပါသည်။]***

အထက်ပါ "ဝ"ဂါထာတော် ကျင့်စဉ်သည် အလွန်ရှေးကျပြီး ရွှေ ကျွန်းဆရာတော်ကြီး ညစဉ် အ ရွတ်ဖတ်သော ဂါထာဖြစ်၍ ပျော ကွယ်မသွားစေရန် ရည်ရွယ်ချက် ဖော်ထုတ်ရေးသားခြင်းဖြစ်ပြီး **"ဝ"ဂါထာတော်ကို မိတ္ထီလာ ဦးကုလား(ဓမ္မသေဝိက)ထံမှ စာ သူ သိရှိရခြင်း ဖြစ်ပါသည်။**

***ကျန်းမာ ချမ်းသာ အောင်မြင်***


**ဦးသိန်းထွန်းကြည်(အင်းဝ)**



www.burmeseclassic.com

www.burmeseclassic.com





◆ မြေကြီးတူးရာမှရရှိသော သဘာဝကျောက်တုံးလေး

(ကျောက်မှို) ပြောင်မြိုက်သောရုပ်ပုံ

◆ ကျောက်မှိုပွား

# ကျောက်မိုးမှုနှင့်

## အသုံးသိသူများမှ ဖြေကြားပေးပါရန်

စန္ဒာမိုး (တောင်ငူ)

စာရေးသူသည် သူငယ်ချင်း ကိုကျော်ဇောနဲ့အတူ (၃-၆-၁၄)နေ့က တောင်ငူမြို့ မြောက်ဘက်အထွက်ရှိ ကန်တစ်ရာ ငါးမွေးမြူရေး သမဝါယမ အသင်းရှိ ဝန်ထမ်းဖြစ်သူ ဆရာဦးလော၊ နီးဒေါ်စန်းစန်း မိသားစုနေအိမ်ကို ရောက်ရှိခဲ့ပါတယ်။

သူ့ရဲ့နေအိမ်ရှေ့ ခြံပေါက်ဝတွင် စိုက်ပျိုးထားသော ပိတောက်ပင်မှ သစ်ကွင်းကြီး ဖြစ်ပေါ်နေတာကို သွားရောက် ကြည့်ရှုလေ့လာနေစဉ် ငါးကန်များဘက်(မြောက်ဘက်)မှ တက်လာသောစက်ဘီးနဲ့ လူတစ်ဦးက စာရေးသူတို့ထိုင်နေသော တဲအတွင်းကို ဝင်လာပြီး ပက်လက်ကုလားထိုင်မှာထိုင်ကာ စာရေးသူကို မေးပါတယ်။

'ဆရာ ထူးဆန်းတဲ့ ပစ္စည်းမျိုးတွေ တော်တော် မြင်တွေ့ဖူးပါသလား'

လို့ မေးလာပါတယ်။ စာရေးသူက...

'ဟုတ်ကဲ့ နည်းနည်းပါးပါး တွေ့ဖူးပါတယ်'

စာရေးသူက ကင်မရာစကရင်ထဲမှာ ယခင်ရိုက်ယူပြီး မဖျက်သေးသော ပုံအချို့ကို ပြရင်း...

'ဘာဖြစ်လို့လဲ ခင်ဗျ'

လို့ မေးရာ ထိုသူက သူ့မှာလဲ ထူးဆန်းတဲ့ ပစ္စည်းတစ်ခုရှိကြောင်း၊ ဒီပစ္စည်းနဲ့ ပတ်သက်လို့ အကျိုးအကြောင်း သိရှိပါက ပြောပြပေးပါရန် သူက ပြောလာပါတယ်။

စာရေးသူက ပစ္စည်းက ဘယ်မှာလဲ လို့မေးတော့ သူ့အိမ်မှာရှိကြောင်း ပြန်ယူလိုက်ဦးမယ်လို့ဆိုကာ စက်ဘီးစီးပြီး တောင်ဘက်ကို ထွက်သွားပါတယ်။

သူ ထွက်သွားမှ စာရေးသူက ကိုကျော်ဇောနဲ့ အိမ်ရှင်တို့ကို **"သူက ဘယ်သူလဲ"** လို့မေးရာ ဒီကန်တစ်ရာ ငါးမွေးမြူရေးကန်မှ လုံခြုံရေးဝန်ထမ်း ဦးဖေကျင်ဆိုသူဖြစ်ကြောင်း ပြောပါတယ်။ တအောင့်လောက်ကြာတော့ ထိုပုဂ္ဂိုလ် ပြန်ရောက်လာပါတယ်။

**ရောက်ရောက်ခြင်း သူ့အိတ်ထဲက ထုတ်တော့ မှိုပွင့်သဏ္ဍာန် ကျောက်တုံးလေးကို ထုတ်ပြပါတယ်။ စာရေးသူရဲ့ သေသေ**

www.burmeseclassic.com

**ရှာမှာ ယုံကြည့်ပါတယ်။**

**ကျောက်တုံးလေးဟာ အလွန် မာကျောသော သက်ရှင်ကျောက် ဖြစ်ပြီး မှန်ပါး မိုးရံစပလေးရှိကာ အရိုးတုံ အသုံဝိုင်မှာ ဖီပြန်မှာ ဖြစ်ပေါ်နေပါတယ်။ အလယ်မှာ ပါကျင်သားနေ့ ရှိပါတယ်။ ကျောက်ရဲ့အပြင်မှာ နှုတ်ဆက်ဆီးပါနေ့ ရှိပါတယ်။ အညှာရဲ့ အရင်းပိုင်းမှာ အနက် စင်းနှစ်ကြောင်း ရစ်ပတ်ထားပါတယ်။**

**ကျောက်မှိုရဲ့ အပေါ်မျက်နှာပြင်မှာ အညိုရောင်ရှိပြီး အပေါ်ပိုင်းကို အညိုရောင် စွပ်ထားသလိုမျိုး အနား ပတ်ပတ်လည်မှာ ကွပ်ထားသလိုမျိုး ဖြစ်ပေါ်နေပြီး ကျောက်မှို၏ အောက်ဘက် မျက်နှာပြင်မှာ အဖြူရောင် ဖြစ်ပါတယ်။**

စာရေးသူက…

'ကျွန်တော်တော့ ဒီလိုပစ္စည်းမျိုး ဒီတစ်ခါပဲ တွေ့ဖူးသေးတယ်။ ဒီပစ္စည်းနဲ့ ပတ်သက်လို့ အတွေ့အကြုံ ဗဟုသုတရှိသူများကို မေးမြန်းကြည့်ပေးပါမယ်'

လို့ ဆိုတော့ ဦးဖေကျော်က သူ့ပစ္စည်းလေးကို စာရေးသူလက်ထဲ ထည့်ခဲ့ပြီး စက်ဘီးစီး၍ ပြန်သွားခဲ့ပါတယ်။

စာရေးသူလဲ ကျောက်မှိုလေးကို ဓာတ်ပုံရိုက်ကြည့်ပြီး ကိုကျော်ဇောလက်ထဲထည့်ကာ…

'ကဲ ကိုကျော်ဇော ခင်ဗျားက သွားရင်းလာရင်း မေးခဲ့ပေးပါဦး'

လို့ ဆိုပြီး အပ်လိုက်ပါတယ်။

ထိုနေ့မှစ၍ တစ်ပတ်လောက်နေပြီးတော့ ကိုကျော်ဇောက စာရေးသူနေအိမ်ကို ရောက်လာပါတယ်။ ကိုကျော်ဇောက စစ်တောင်းမြစ် အရှေ့ဘက်ကမ်းမှ သံတောင်ကြီးဘက်သွားတဲ့ ငါးမိုင်စခန်းမှာ အကြားအမြင်ဆရာမ ဒေါ်ဌေးဌေးထံသို့ ရောက်ခဲ့ကြောင်း၊ ဆရာမက ဒီပစ္စည်းလေးဟာ **ကျောက်မှိုဖူး**ဖြစ်ကြောင်း၊ အင်မတန်မှ တွေ့ရခဲပြီး သက်ဆိုင်ရာ အစောင့်အရှောက်များရှိကြောင်း၊ ပါရမီပဋ္ဌာန်းဆက် ရှိသူများသာ ပိုင်ဆိုင်နိုင်ကြောင်း အာရုံယူ၍ ပြောကြားပေးပါတယ်။

ဆက်လက်ပြီး…

'အခုရှိတဲ့ ကျောက်မှိုဖူးကို ဆေးကြောသန့်စင်ပြီး ကျောက်ခွက် (သို့မဟုတ်) စတီးခွက် လိုမျိုး၏ အလယ်တွင် ဘိလပ်မြေခွက်ထည့်၍ ယင်း ဘိလပ်မြေခွက်တွင် ကျောက်မှိုဖူး အရင်းပိုင်းကို မြှုပ်ပေါက်နေတဲ့သဏ္ဍာန် ထည့်စိုက်ထားပါ။ ထိုခွက်အတွင်းသို့ ရေ အနည်းငယ် ထည့်ထားပေးပါ။ အမွှေးနံ့သာများ ပက်ဖျန်းပေးပါ။ အမွှေးတိုင်တစ်တိုင် ညစဉ် ထွန်းပေးပါ။ ဂုဏ်တော်များ ဂါထာတော်များ ညစဉ် ရွတ်ပွားပေးပါ။ အစောင့်အရှောက်များကို ယုံကြည်မှု ရှိရင်ရှိသလို ကောင်းကျိုး ခံစားရပါလိမ့်မယ်'

လို့ ဟောကြားပေးလိုက်ကြောင်း ယင်း မှိုစိုက်ထားသောခွက်ကို သန့်ရှင်းသောနေရာတွင်ထားဖို့ရန် မှာကြားလိုက်ကြောင်း ကိုကျော်ဇောမှ ပြောပြပေးပါတယ်။

အခု ရေးသားတင်ပြတဲ့ "ကျောက်မှိုဖူး" နဲ့ ပတ်သက်၍ **အတွေ့အကြုံရှိသူ သိမီသုတရှိသူများမှ ဆက်လက်ရေးသားဖော်ပြပေးကြပါရန်** မေတ္တာရပ်ခံရင်း…

**စေန္ဒာမိုး(တောင်ငူ)**

စာမျက်နှာ (၁၈၀)မှ အဆက်

ထို လတ်ဆက်ကိုင်ဆုတ်သောနေ့မှာ "**လပြည့်**" နေ့ဖြစ်ရမည်။ အချိန်မှာ နံနက် (၉) နာရီဖြစ်ရမည်။ သိဒ္ဓိတင်သောအခါ လပြည့်နေ့ အထူးသဖြင့် တန်ဆောင်မုန်းလပြည့်နေ့ (၉) နာရီ ဖြစ်ရမည်။ ဆေးပေါင်းသော **မဲဇလီဖူး** သုပ်စားရမည်။ မိတ်ဆွေသင်္ဂဟတို့အား ထိုမဲဇလီဖူးသုပ်အား ကျွေးရမည်။ ဝေငှပေးရမည်။ လပြည့်နေ့နှင့် အမြိုက်ဥစ္စာ နေ့ထပ်လျှင် ပိုကောင်းပါသည်။

ထို့ပြင် ထူးခြားသော အခါကြီးရက်ကြီး လပြည့်နေ့များတွင် ထပ်မံပြီး လိပ်ပြာအား သိဒ္ဓိတင်ပေးသင့်ပါသည်။ ရေမွှေး မကြာခဏ ဆွတ်ဖျန်းပေးရပါမည်။ သို့မှသာ အစွမ်းအာနိသင် မလျော့ဘဲ သက်ဝင် ရှမ်းတက်နေပါမည်။ မသန့်သော နိမ့်ကျသော နေရာတွင် မထားရပါ။ မိမိအကျီအိတ်ကပ်တွင် သန့်ရှင်းစွာ ဆောင်ရပါမည်။ မည်သူ့ကိုမျှလည်း ပေးမကိုင်သင့်။ ပြောမပြသင့်ပါ။ သတိထားရန် အချက်များကို သိနိုင်ရန် ဖော်ပြပေးခြင်း ဖြစ်ပါသည်။

သိဒ္ဓိတင်သော ဂါထာကိုလည်း ဖော်ပြပေးပါမည်။

'[illegible]

[illegible]'

ဤသော ရှင်သီဝလိဂါထာတော်ဖြင့် အနည်းဆုံး (၇၇)ခေါက်သိဒ္ဓိတင်ပေးရမည်။

**ကောင်းမြင့်မြတ်စိုး**



www.burmeseclassic.com


www.burmeseclassic.com


ကျွန်တော်နှင့်

# လိပ်ပြာကောက်ကြောင်း

တိုက်ဆိုင်ခြင်းများစွာ

ကောင်းမြင့် မြတ်စိန်





၂၀၀၈ ခုနှစ်အတွင်းက ကျွန်တော်သည် "**ရွှေရုပ်လှ ရွှေပန်းထိမ်**" မိသားစုနေအိမ်သို့ မကြာခဏ ရောက်ဖြစ်ခဲ့ပါသည်။ ပန်းထိမ်ဆရာကြီး ဦးတင့်ဆွေနှင့် ကျွန်တော်သည် အလွန်ခင်မင်ရင်းနှီးပါသည်။ သူသည် ပန်းထိမ်ပညာသာမက ပန်းပုပညာလည်း ကောင်းလှပါသည်။ အနုစိတ်ပုံဖော်ရာတွင် အလွန်စိတ်ရှည်ပါသည်။ လက်ရာလည်း အလွန်မြောက်ပါသည်။

သူ့အိမ်တွင် အလုပ်ထားသော ဆင်ရုပ်တု၊ ခြင်္သေ့ရုပ်တုများကို သူ ကိုယ်တိုင် နှစ်ရှည်လများ ထုလုပ်ပါသည်။ ယခုအခါ ပိတုန်းရုပ်တုများကို ထုလုပ်ပါသည်။ ထိုသို့ ထုလုပ်ရန် ပိတုန်းအရှင်ကို မိအောင် ဖမ်းပါသည်။ ပုလင်းထဲမှာ ထည့်ကာ သေချာ လေ့လာကြည့်ရှုပြီး ပိတုန်းပုံ ထုလုပ်ပါသည်။

ပိတောက်သား လှည်းပဒေါင်းဖြင့် ဂမ္ဘီရအစီအရင် ပိတုန်းရုပ် စီရင်ခြင်းဖြစ်ပါသည်။ ကျွန်တော် လိုအပ်၍ မှာယူသလောက် ရအောင် သူက ကြိုးစား လုပ်ပေးတတ်ပါသည်။

**ထိုပန်းထိမ်ဆရာကြီးက ပြောပြသည်မှာ သူ ပိတုန်းရုပ်ထုလုပ်နေပြီဆိုလျှင် ပိတုန်းများ တဝီဝီနှင့် ရောက်လာတတ်ကြောင်း၊ ပိတုန်းကို သူအလိုရှိလျှင် ဖမ်းယူ၍ ရပါကြောင်း။ ပြီးလျှင် ပြန်လွှတ်ပေးလိုက်ကြောင်း ပြောပြပါသည်။**

ယခုဆိုလျှင် သူ၏ တပည့်တစ်ယောက်က ပိတုန်းအသေတစ်ကောင် ပေးလာသဖြင့် ပုလင်းဘူးတွင် သိမ်းဆည်းထားကြောင်းလည်း ပြောပြပါသည်။

ဤသို့ ဂမ္ဘီရအကြောင်းများ ပြောကြရာမှ "**လိပ်ပြာ**"အစီအရင် အကြောင်း ရောက်သွားကြပါသည်။ "**လိပ်ပြာ**"၊ "**လာဘ်ပေါ်**' သဘောအကြောင်း ကျွန်တော်က သိထားပြီး ဖြစ်သော်လည်း သူ၏ ပြောပြချက်များက ပို၍ ပြည့်စုံပြီး၊ ပို၍ စိတ်ဝင်စားဖွယ် နှစ်သက်လက်ခံဖွယ် ကောင်းနေပါတော့သည်။

'ပလိုင်းလွယ်၍ လက်ဖက်ခူးလာသော ပလောင်တိုင်းရင်းသားအား လက်ဖက်ပင်က လက်ဖက်ကိုင်းကို ခုတ်ယူစေရပါမည်။ ထိုလက်ဖက်ကိုင်း လက်ဖက်သားဖြင့် "လိပ်ပြာ" ရုပ်ပုံ စီရင်ဆောင်ထားပါ။ "လာဘ်ပေါ်"မည်။ လက်ဖက်ကိုင်းခုတ်သူမှာ ပလောင်တိုင်းရင်းသူဖြစ်လျှင် ပို၍ အစွမ်းထက်သည်' စသည်ဖြင့် ပြောပြပါသည်။

ထို့ကြောင့် လွယ်မယောင်နှင့်ခက်ပါသည်။ တိမ်မယောင်နှင့် နက်နေပါသည်။ ကျွန်တော် အလွန်စိတ်ဝင်စားနေပါသည်။ သို့ဖြစ်၍ သူ့အား ထိုလက်ဖက်သားနှင့် ပြုလုပ်သော လိပ်ပြာကို လိုချင်ကြောင်း ပြောမိပါတော့သည်။

သို့သော် သူကလည်း မလွယ်လှကြောင်း ပြောပါသည်။ ကြိုးစားကြည့်ပါမည်ဟုလည်း ပြောပါသည်။ အမှန်အားဖြင့် ပန်းထိမ်ဆရာကြီး ဦးတင့်ဆွေကိုယ်တိုင် မိုးကုတ်မြို့သား ပလောင်တိုင်းရင်းသားတစ်ဦး ဖြစ်ပါသည်။ ထိုအကြောင်းကိုလည်း သူက ပြောပြခြင်း ဖြစ်ပါသည်။

ယခုအခါ မိုးကုတ်မြို့သို့ သူ မရောက်တော့ကြောင်း။ ပလောင်တိုင်းရင်းသားစကားပင် မေ့ချင်ချင်ဖြစ်နေကြောင်း သူပြောမှ သိရပါသည်။ သူ၏ ပုံဟန်သွင်ပြင် လေယူလေသိမ်းမှာ လုံးဝ ပလောင်တိုင်းရင်းသားနှင့် မတူ ဗမာဟုသာ လူတိုင်း ထင်နေကြပါသည်။ ပြီးလျှင် သူက ပလောင်တိုင်းရင်းသားပီပီပင် လက်ဖက်နှင့် ပလောင် ခွဲမရကြောင်း။ လက်ဖက်ကောင်းစားချင် ပလောင်တောင်တက်ရကြောင်းများကို ရယ်ရွှင်စရာထည့်သွင်း ပြောပြပါသည်။

www.burmeseclassic.com


ထိုနှစ် တန်ဆောင်မုန်းလပြည့် မတိုင်ခင် နှစ်ရက်အလိုတွင် ကျွန်တော် "ရွှေရုပ်လွှာ" ပန်းထိမ်နေအိမ်သို့ ရောက်သွားပြန်ပါသည်။ ဦးတင့်ဆွေက သူ့ လိပ်ပြာရုပ် ထုရန် လက်ဖက်သားရထားပြီဟု ဝမ်းသာအားရ ပြောလာပါသည်။

ကျွန်တော်ကလည်း တန်ဆောင်မုန်းလပြည့်နှင့် တိုက်ဆိုင်စွာ စီရင်ရတော့မည်ဖြစ်၍ လပြည့်အမီ ပြုလုပ်ပေးရန် တောင်းဆိုပါတော့သည်။ တန်ဆောင်မုန်း လပြည့်ညတွင် ကျွန်တော်ကိုယ်တိုင် ကောင်းစွာ သိဒ္ဓိတင်ကာ ဆောင်ခဲ့ပါသည်။

ထို့နောက် ဒီဇင်ဘာတွင် ကျွန်တော်သည် ကလောမြို့ "ပလောင်"တောင်သို့ ရောက်ခဲ့ပါသည်။ "ရွှေမိုင်း" တူးဖော်ရေး အင်ဂျင်နီယာအဖြစ် ရောက်ခဲ့ခြင်း ဖြစ်ပါသည်။ ရွှေမိုင်းလုပ်ကွက်မှာ "ပလောင်"ရွာ တောင်ပွဲကျေးရွာအနီး "လက်ဖက်"ခင်းများကြားတွင် ရှိနေပါသည်။

"ရွှေမိုင်း"တွင် "ပလောင်တိုင်းရင်းသား"များနှင့် ကြုံဆုံ ခင်မင်ခဲ့ရပါသည်။ ပလောင်အကြောင်း၊ လက်ဖက်အစို၊ လက်ဖက်အခြောက် အကြောင်းများ သိရှိ တွေ့ကြုံရပါတော့သည်။ လစာလည်း ကောင်းကာ "လာဘ်ပေါ်"ခဲ့ရပါသည်။

ကျွန်တော် သင်ကြားလေ့လာဆည်းပူးခဲ့သော ဂမ္ဘီရဗေဒင်ပညာများ အရလည်း လာဘ်ပွင့်ကာ လာဘ်ပေါ်များခဲ့ပါသည်။ ကုမ္ပဏီပိုင်ရှင်အား ဂမ္ဘီရ ပညာတစ်ခု သင်ပေး၍ သူကလည်း မကြာခဏ ကန်တော့ပါသည်။ ထူးထူးခြားခြား "ရေမွှေး"ပုလင်းပါလာ၍ "လိပ်ပြာ"ကို မကြာခဏ ဆွတ်ဖျန်း



ပေးခဲ့ပါသည်။

ပို၍ ထူးခြားသည်မှာ "ပလောင်တောင်"ဝါးတော တစ်နေရာအနီးမှ "ဝါးပျံ"ကိုပင် ရရှိခဲ့ခြင်း ဖြစ်ပါသည်။ ထိုဝါးပျံမှာ ထူးထူးခြားခြား သပြေပင်တစ်ပင်ပေါ်မှာ ပေါက်နေခြင်း ဖြစ်ပါသည်။ ကျွန်တော်တို့ ရွှေမိုင်း အလုပ်သမားတစ်ဦး ရရှိခဲ့ခြင်း ဖြစ်ပါသည်။

ကျွန်တော်သည် ကျောက်ပန်းတောင်းသား အညာသားတစ်ဦးပီပီ ငယ်စဉ်ကတည်းကပင် ရေနွေးကြမ်း၊ ထန်းလျက်၊ လက်ဖက်တို့ကို ကြိုက်ပါသည်။ ကျွန်တော့်အမေသည် ထမင်းစားပြီးလျှင် လက်ဖက်တစ်ရိုးမျှ မစားရလျှင် မနေနိုင်ပါ။ ယခု အသက်(၇၀)ကျော်အထိ တစ်နေ့မျှ လက်ဖက်မပြတ်ခဲ့။ လက်ဖက်ကို "ကြုတ်"ဖြင့်ထည့်ကာ အမြဲနှပ်ထားပါသည်။ နှမ်းဆီစစ်စစ်ဖြင့် ရွှဲအိနေအောင် ဆမ်းထားပါသည်။

ရေနွေးကြမ်းကို အမေလည်း ငယ်စဉ်ကတည်းက ကြိုက်ခဲ့ပါသည်။ လက်ဖက်ခြောက် မကောင်းလျှင် မသောက်ပါ။ လက်ဖက်ခြောက်ကောင်းကောင်း၊ လက်ဖက် ကောင်းကောင်း အမြဲဝယ်ပါသည်။ ဧည့်သည်လာလျှင်လည်း ဧည့်ခံပါသည်။ ယုတ်စွအဆုံး အမေ၏သား ကျွန်တော်သည်လည်း ယခုအချိန်ထိ အိမ်တွင် နေ့စဉ် လက်ဖက်ရည်ကြမ်း သောက်ပါသည်။ နေ့စဉ် လက်ဖက်စားပါသည်။

ယခုအခါ ကျွန်တော်သည် လက်ဖက်ရည်ဆိုင်ထိုင်လျှင်ပင် လက်ဖက်ရည်ကိုသာ သောက်ဖြစ်ပါသည်။ ကော်ဖီကြိုက်သော်လည်း ကော်ဖီကောင်းကောင်း ဆိုင်တွင် မရနိုင်၍ လက်ဖက်ရည်ကိုသာ ဆိုင်ထိုင်သောအခါများတွင် သောက်ပါတော့သည်။

အင်္ဂဝိဇ္ဇာပညာတွင် "**ကက်ကင်းသေရှင်ယူ၊ ထက်အောက်ပြန်လှန်ကူး နံ့တူသတ်ကအသေရ**"ဟူသော ပညာခန်းရှိပါသည်။ ဂမ္ဘီရပညာများတွင် "**နဝင်းကိုဆောင် အောင်ရမည်**" ဟု ဆိုထားပါသည်။ ယခု လိပ်ပြာ အစီအရင်တွင် ထိုသဘောတရားများ ပညာများ စိမ့်ဝင်နေပါသည်။

* * *

ပလိုင်း ⟷ လက်ဖက် ⟷ ပလောင် ⟷ လိပ်ပြာ = လာဘ်ပေါ်

| | | |
|---|---|---|
| ပလိုင်း | = | ၅ + ၄ = ၉ (နဝင်း) |
| လက်ဖက် | = | ၄ + ၅ = ၉ |
| ပလောင် | = | ၅ + ၄ = ၉ |
| လိပ်ပြာ | = | ၄ + ၅ = ၉ |
| လာဘ်ပေါ် | = | ၄ + ၅ = ၉ |

၄+၅=၉ (နဝင်း)ဖြစ်သကဲ့သို့ ၅+၄=၉ (နဝင်း)ဖြစ်ပါသည်။



စာမျက်နှာ (၁၇၈) သို့

www.burmeseclassic.com

www.burmeseclassic.com



မြိတ်ဒေသထွက် ဆေးဖက်အသုံးဝင်

# ကန်းဇော်ဆီ

၏ လက်တွေ့အသုံးပြုနည်းများ

ဦးမင်းဇင်
(ရွှေနဝင်း)

ယနေ့ကမ္ဘာမှာ လူသားတို့၏ အသက်ကို အများဆုံး သေဆုံးစေသည့် "ကင်ဆာ"ကဲ့သို့ ပျောက်ကင်းအောင် ကုသရန် ခက်ခဲသော ရောဂါဆိုးကြီးများကိုပင် တားဆီး သက်သာပျောက်ကင်းနိုင်စွမ်းရှိသည့် အဖိုးတန် ဆေးဖက်အသုံးဝင် **"ကန်းဇော်ဆီ"**ကို ထုတ်ယူနိုင်သည့် ကန်းဇော်ပင်များကို မြန်မာနိုင်ငံတွင် မြိတ်ဒေသဘက် တနင်္သာရီတိုင်းဒေသကြီး အတွင်းမှာသာ ပေါက်ရောက်သည့် ဆေးဖက်ဝင် ရှားပါး ရုက္ခပင်မျိုးဖြစ်ပါသည်။

ထိုသို့ရှားပါးပြီး အဖိုးတန်၍ ဆေးဖက်ဝင် အစွမ်းသတ္တိ ထက်မြက်မှုတို့ကြောင့် ရောဂါဝေဒနာခံစားနေရသူများသည် ကန်းဇော်ဆီကို မရမကရှာဖွေဝယ်ယူ၍ မိမိတို့ အနာရောဂါသက်သာ ပျောက်ကင်းစေရေးအတွက် အားကိုးတကြီး အသုံးပြုကြပါသော်လည်း ထင်ထားသလောက် ခရီးမပေါက်ဖြစ်ကြရပေသည်။

**အကြောင်းမှာ** ကန်းဇော်ဆီ၏ ဆေးဖက်တန်ဖိုးကို လူသိများလာသည်နှင့်အမျှ ကန်းဇော်ပင်များ ရှားပါးလာသဖြင့် ကန်းဇော်ဆီ တန်ဖိုးမှာလည်း လွန်စွာ ကြီးမြင့်လာလေသည်။

ထိုသို့ ကန်းဇော်ဆီ၏ တန်ဖိုးကြီးမြင့်လာသည်နှင့်အတူ မသမာမှုပြုကြသူများသည် မည်သူသေသေ ငတေမာ ပြီးရော စိတ်ထားဖြင့် ကန်းဇော်ဆီကို အရောအနှော အတုပြုလုပ်ကြပြီး ဈေးကြီးကြီးဖြင့် ရောင်းချနေသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါသည်။

ခေတ်အဆက်ဆက် ကန်းဇော်ဆီ ဈေးနှုန်းများသည် သူ့ခေတ်အခါနှင့်သူ ထိပ်တန်း တန်ဖိုးကြီးမားကြသည်ကို တွေ့မြင်ရပါသည်။

စာရေးသူ သိမိသမျှ ခေတ်အဆက်ဆက် ကန်းဇော်ဆီ၏ တန်ဖိုးများကို တင်ပြရသော်...

၁၉၄၅ ခုနှစ်ခန့်က ကန်းဇော်ဆီ(၅၀) ကျပ်သားဝင် တစ်ပုလင်းကို ကျပ်ရာဂဏန်းမျှ တန်ဖိုးရှိခဲ့ပါသော်လည်း ၁၉၉၀ ပြည့်နှစ်မှ ကျပ်ထောင်ဂဏန်းယင်းမှ ၁၉၉၅ ခုနှစ်လောက်မှာ (၅၀) ကျပ်သားဝင် တစ်ပုလင်းကို ငွေကျပ်နှစ်သောင်းခန့်ပေးရပြီး ယခု ၂၀၁၄ ခုနှစ်မှာတော့ (၅၀)ကျပ်သားကို ငွေကျပ် တစ်သိန်းသုံးသောင်းခန့်ပေးဝယ်ရပါသည်။ လစ်ပို(၁)ပုလင်း နှစ်သောင်းခန့် ရှိပါသည်။

ကန်းဇော်ဆီ၏ ဆေးဖက်တန်ဖိုးကို လူသိများလာသည်နှင့်အမျှ ကန်းဇော်ပင်များ ရှားပါးလာသဖြင့် ကန်းဇော်ဆီတန်ဖိုးမှာ ကမ္ဘာ့ခေါင်မိုးဖြစ်၍ သွားချေပြီ။

သို့ပါ၍ ကန်းဇော်ဆီဈေး မြင့်မားလှသဖြင့် ကန်းဇော်ဆီအမည်တပ်ပြီး အခြားသော အဆီများဖြင့် ရောနှောရောင်းချနေသည်များ ရှိနေကြပါသဖြင့် အမှန်တကယ် ဝယ်ယူ အသုံးပြုသူများ ကန်းဇော်ဆီစစ်စစ်ကို အကဲဖြတ် သိရှိနိုင်ရန် ကန်းဇော်ဆီစစ်ဆေးပုံကို တင်ပြပါမည်။

## "ကန်းဇော်ဆီစစ်စစ်"၏ ဂုဏ်သတ္တိများ

အနံ့အရသာမှာ **ကြမ်းပိုးနံ့ကဲ့သို့ စူးရှရှရနံ့ရှိပြီး** တစ်ခါရှူလိုက်တာနှင့် နှာခေါင်းထဲ စွဲထင်ကျန်ရစ်နေသည်။

**အရသာမှာ** ခါးဆိမ့်သက်သက် အရသာရှိသည်။

**အရောင်မှာ** ပုလင်းအပေါ်ပိုင်းတွင် ဆီရည်ကြည်ဖြစ်ပြီး ပုလင်းအလယ်ပိုင်းလောက်တွင် **ဝါနစ်နစ်**အရောင်ဖြစ်၍ ပုလင်းအောက်ခြေပိုင်းတွင် **လက်တစ်လုံးခန့် နီညိုရင့်ရင့်** အရောင် အနည်ကျနေသည်ကို ထူးခြားစွာ တွေ့ရပါမည်။

**ကန်းဇော်ဆီစစ်စစ်သည် ထိုနီညိုနက်ရောင် အနှစ်ပါမှသာ ကန်းဇော်ဆီစစ်စစ် ဖြစ်ပါသည်။** ပုလင်းကို ခပ်နာနာလှုပ်ပြီး ခေါက်လိုက်ပါက ထိုနီညိုနက်အနှစ်မှာ ဆီသားနှင့် ရောသွားပြီး ဆီမှာ နောက်နောက်အရောင်

www.burmeseclassic.com

ပြောင်းသွားပါသည်။

ကန်းဖော်ဆီစစ်စစ်ကို (၃/၄)နှစ်ထားသော်လည်း အနံ့အရသာ အရောင်ပြောင်းလဲခြင်းမရှိ၊ အာနိသင်နဂိုအတိုင်းသာ ရှိပါသည်။

အရောအနှော ပြုထားသည့် ကန်းဖော်ဆီဆိုလျှင် (၆)လခန့်ကြာလျှင် မူလအနံ့အရသာနှင့် အာနိသင်မရှိသလောက် ဖြစ်သွားပါသည်။

ထို့ကြောင့် မိမိတို့အသုံးပြုရန်အတွက် ကန်းဖော်ဆီ ဝယ်သူတော့မည်ဆိုလျှင် အထက်ပါ အချက်အလက်များနှင့် ကိုက်ညီသည့် ကန်းဖော်ဆီမျိုးကိုသာ ဝယ်ယူ၍ သုံးကြရန် သတိပေးလိုက်ပါသည်။

"အဖိုးနည်းလဲ မဝယ်နဲ့၊ အမျိုးနည်းလဲ မကျယ်နဲ့" ဆိုစကားလို ကန်းဖော်ဆီ၏ ယခု လက်ရှိပေါက်ဈေးမှာ One Liter (၅၀)ကျပ်သားကျော်ခန့်ရှိ တစ်ပုလင်းပေါက်ဈေးမှာ မြိတ်ဒေသတွင် ကိုးသောင်း၊ တစ်သိန်းဝန်းကျင်ရှိပြီး ရန်ကုန်မြို့ပေါက်ဈေးမှာ တစ်သိန်းနှစ်သောင်းမှ တစ်သိန်းသုံးသောင်းခန့် ဈေးရှိပါသည်။ ဒါဟာ ကန်းဖော်ဆီစစ်စစ် အရောအနှောမပါသည့် ပေါက်ဈေးဖြစ်ပါသည်။

ကန်းဖော်ဆီနှင့် ပတ်သက်၍ လက်တွေ့ သုတေသနပြုလုပ်ပြီး သိပ္ပံဓာတ်ခွဲခန်းတွင် စမ်းသပ် အတည်ပြုထားသော...

**ကန်းဖော်ဆီတွင် ပါဝင်သော ဆေးဖက်ဝင် ဒြပ်ပေါင်းများမှာ...**

- Polysaccharide
- Saponin
- Flavonoid
- Sterol
- B.Carotenes alenolid acid
- Fatty acid



- Palmitic
- Stearic
- Olesc
- Linoleic

စသည့် ဒြပ်ပေါင်းများ ပါဝင်ဖွဲ့စည်းထားသည်ကို တွေ့ရပါသည်။

ကန်းဖော်ဆီသည် မပြည့်ဝဆီအမျိုးအစားတွင် ပါဝင်သောကြောင့် ယင်းကို သောက်သုံးခြင်းဖြင့် Cholestrol (ကိုလက်စရော) ဓာတ်အဆီတက်ခြင်းမျိုး လုံးဝမရှိပါ။

**ကန်းဖော်ဆီကို...**

- အပူလောင်ခြင်း(Boils)
- သားအိမ်ကင်ဆာ(Uterus Cancer)
- ရင်သားကင်ဆာ(Breast Cancer)
- အစာအိမ်အနာ(Antipeptic Ulcer)
- လေဖြတ်ရောဂါ(Paralysis)
- အဆုတ်ပြွန်ရောင်ရမ်းခြင်း(Bronchitis)
- အင်ပြင်ထခြင်း(Rash)
- ရင်ဘတ်အောင့်ခြင်း(Chest Pain)
- ထိခိုက်ဒဏ်ရာ(Injury)
- အနာစိမ်း(Sores)
- အဖျားရောဂါ(Fever)
- ဝမ်းလျှောခြင်း(Diarrhoea)
- ဝမ်းကိုက်ခြင်း(Dysentery)
- ပြည်တည်နာ(Abscesses)
- နာတာရှည် အဆုတ်ရောဂါ(Chronic Lung)
- ဆီးလမ်းကြောင်းရောဂါ(Urinary Tract)

စသည်တို့ကို ဖြစ်စေသော ဘက်တီးရီးယား (Bacteria)များနှင့် ကန်းဖော်ဆီကို ဓာတ်ခွဲခန်းတွင် လက်တွေ့ သုတေသနပြုလုပ်ကြည့်ရာ သက်သာပျောက်ကင်းစေပြီး ဆေး အာနိသင် သက်ရောက်မှု ရှိသည်ကို ဝမ်းသာအားရစရာ တွေ့မြင်ရပါသည်။

တစ်ဖန်...

ကန်းဖော်ဆီနှင့် ကန်းဖော်စေ့ ထုတ်ယူသော Watery Extracts များကို ကြွက်ဖြူ(mice)များနှင့် အဆိပ် အာနိသင် ရှိ၊ မရှိ (Acute Toxicity) စမ်းသပ်ရာတွင် ကန်းဖော်ဆီ(40 mL/Kg) Watery extract(14 gm/Kg) ဆေးအား (dose)ဖြင့် တိုက်ကျွေးသော်လည်း ကြွက်ဖြူများ ထိခိုက်သေဆုံးခြင်း မရှိသည်ကို စမ်းသပ်တွေ့ရှိရ သည်။

ထို့ကြောင့် ကန်းဖော်ဆီစစ်စစ်ကို သာရရှိခဲ့လျှင် ကင်ဆာရောဂါနှင့် အထက်တွင် ဖော်ပြခဲ့သော ရောဂါများကို စိတ်ချလက်ချ ကုသသောက်သုံး နိုင်ကြောင်း သုတေသန စမ်းသပ် တွေ့ရှိရပါသည်။

**ကန်းဖော်ဆီ ဆေးစွမ်းဖြင့် ပျောက်ကင်းနိုင်သည့် ရောဂါများ**

၁။ အစာအိမ်ကင်ဆာ၊ ရင်သား ကင်ဆာ၊ အဆုတ်ကင်ဆာ အမျိုးမျိုးကို သောက်လိမ်းစေရ၏။
၂။ အလုံးအကျိတ်အဖု (ကင်ဆာ) တို့ကို သောက်လိမ်းစေရ၏။
၃။ ချောင်းဆိုးသော် ရင်ဝတွင် လိမ်း၍ သောက်စေရ၏။
၄။ ယောက်ျားများ ဘောကျလျှင် လည်ပင်းကြီးရောဂါ ဖြစ်လျှင် လိမ်း၊ သောက်ရ၏။
၅။ အနာအမျိုးမျိုးကို လိမ်းပေးနိုင်
၆။ ထိခိုက်ပွန်းပဲ့ရှနာနှင့် သွေးထွက် များသောနေရာ၊ ဆီးချိုကြော



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်သော အနာ၊ အနာအို့၊အနာဆွေးကို လိမ်းပေးရ၏။ ဆီးချိုကြောင့်ဖြစ်သော ပေါင်ခြံ၊ ဆီးခုံ၊ ချိုင်းကြား၊ နို့ကြား အနာဖုကလေးများကို လိမ်းပေးရ၏။

၇။ ခေါင်းကိုက်လျှင် နားထင်နှင့် ငယ်ထိပ်တွင် နာနာပွတ်လိမ်းပေးရ၏။

၈။ ယားနာ၊ အဖု၊ အပိမ့် အကွက်ပေါ်ခြင်း(Allergic)ကို လိမ်းပေးရ၏။

၉။ အပူလောင်နာအတွက် မီးလောင်ဖု မထရန်နှင့် အမာရွတ်ပေါ်ခြင်းကို လိမ်းပေးရ၏။

၁၀။ ကလေးများ အပူနာ၊ အနာစက်ပြည်တည်နာ၊ အိုင်းနာ၊ အဖုအကျိတ်နာကို လိမ်းပေးနိုင်၏။

၁၁။ ကလေးများ အဖျားအပူကျစေရန် ပါးပါးလိမ်းပေးရ၏။

၁၂။ လိပ်ခေါင်းရောဂါ၊ စအိုကွဲ၊ ဖနောင့်ကွဲ၊ နားကွဲ၊ နှုတ်ခမ်းကွဲ၊ လျှာကွဲ၊ မှက္ခရုကို လိမ်းပေးရ၏။

၁၃။ ဒူးနာ၊ ခါးနာ၊ အဆစ်အမျက်နာ၊ ညောင်းညာခြင်းကို အကြောပြင်၍ လိမ်းပေးရ၏။

၁၄။ အနာရောင်ရမ်း ကိုက်ခဲခြင်းကို လိမ်းပေးပါ။

၁၅။ လေဖြတ်၊ ထုံကျဉ်ကိုက်ခဲခြင်း၊ ဖက်ခိုင်ခြင်းကို အကြောပြင်၍ လိမ်းပေးရ၏။

၁၆။ နားနာ၊ နားလေထွက်ကို ဆီတစ်စက်ထည့်ပြီး ဂွမ်းဆို့ထားပါ။

၁၇။ အိပ်ရာကျောပူအနာကို တစ်နေ့ (၄)ကြိမ် လိမ်းပေးရ၏။

၁၈။ အသက်ရှည်ကျန်းမာရန် ထမင်းပူပူနှင့် နယ်စားစေ၏။ (အခြားဟင်းအမည်များနှင့် ရောမစားရ။)

၁၉။ ဝမ်းကိုက်၊ ဝမ်းလျှောကို သောက်စေ၊ လိမ်းစေရ၏။

၂၀။ လေဖြတ်၊ အဆုန်ပြွန်ရောင်ကို လိမ်းစေ၊ သောက်စေရ၏။

၂၁။ မြွေကိုက်သော် လိမ်းပေးပါ။ မြွေကိုက်၍ အနာပုပ်ကျခြင်းကို ကောင်းစေပြီး အနာကျက်စေ၏။

## ရောဂါဝေဒနာများတွင် ကန်းဖော်ဆီကို သုံးစွဲကုသပုံ

၁။ ဝမ်းတွင်း၌ ဖြစ်တတ်သော ရောဂါများ၊ အဖုအကျိတ်များ၊ အစာအိမ်အနာ၊ ချောင်းဆိုးသွေးပါ ရောဂါများတွင် အဆီ လက်ဖက်ရည်ဇွန်းတစ်ဇွန်းနှင့် ပျားရည်တစ်ဇွန်းရောစပ်ပြီး တစ်နေ့သုံးကြိမ်သောက်ပါက သက်သာစေသည်။

၂။ အပူလောင်ခြင်း၊ ရေနွေးပူလောင်ခြင်း၊ မီးပူလောင်ခြင်း၊ ထိခိုက်ရှနာများ၌ အဆီကို ဂါဝမ်းသန့်နှင့်ဆွတ်၍ လိမ်းပေးပါက အနာကို လျင်မြန်စွာ ကျက်စေသည်။

အရေပြား၌ အဖုထခြင်း၊ ပူခြင်း၊ စပ်ခြင်း၊ အသားအရေကို လောင်စေခြင်းများမရှိဘဲ ပကတိ အသားအရေအတိုင်း ပြန်လည်ကောင်းမွန်ပါသည်။

၃။ ပန်းနာ၊ ရင်ကျပ်၊ လေထိုးလေအောင့်၊ မီးယပ်ရောဂါအမျိုးမျိုး၊ အသားအရေ ခန်းခြောက်ခြင်း၊ အစာမကြေ ပျို့အန်ခြင်း ရောဂါများတွင် အဆီကို တစ်ခါသောက်လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ တစ်နေ့ သုံးကြိမ်၊ အစာမစားမီ သောက်စေခြင်းဖြင့် သက်သာစေပါသည်။

၄။ အနာရွတ်များ၊ အကွက်များ၊ အရေပြားပေါ်တွင် အနာအမျိုးမျိုးဖြစ်ပွားပြီး ကြမ်းတမ်းနေလျှင် အဆီကို တစ်နေ့ သုံးကြိမ် လိမ်းပေးရမည်။

၅။ နွေရာသီ၌ ကလေးများ အရေပြားပေါ်၌ ဖြစ်တတ်သော အပူနာအမျိုးမျိုး၊ အနာစက်၊ ပြည်တည်နာ၊ အိုင်း၊ အလုံးအကျိတ်ငယ်လေးများကို တစ်နေ့ သုံးကြိမ် လိမ်းပေးပါက သက်သာ ပျောက်ကင်းစေပါသည်။

၆။ ဒူလာ၊ လိပ်ခေါင်း၊ စအိုကွဲနာ၊ ခြေကွဲနာ၊ သားအိမ်ရောဂါများတွင် အဆီတစ်မျိုးတည်းဖြင့်ဖြစ်စေ၊ ထောပတ်နှင့် ရောစပ်၍ဖြစ်စေ လိမ်းပေးပါက အနာများကို အမြန်ကျက်စေ၊ ကျုံ့စေသည်။

၇။ အကြောရောဂါများ၊ ဖက်ခိုင်ခြင်း၊ အဆစ်အမျက် ကိုက်ခဲခြင်း၊ ရောင်ခြင်း၊ ထုံကျဉ်ခြင်း၊ အနာမန်းရှိပြီး ရောင်ရမ်းခြင်းတို့ကို တစ်နေ့လျှင် သုံးကြိမ် လိမ်းပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

၈။ နားအူခြင်း၊ နားတွင်း အနာဖြစ်ခြင်း၊ နားလေထွက်ခြင်း၊ နားထဲတွင် အဆီများ ခန်းခြောက်ခြင်း၊ တင်းခြင်း၊ ယားယံခြင်းများ ဖြစ်လျှင် အဆီကို နားထဲသို့ နှစ်စက်ခန့် နှစ်ကြိမ် ထည့်ပေးခြင်းဖြင့် သက်သာ ပျောက်ကင်းစေပါသည်။

၉။ အကျိတ်အဖုများ၊ အလုံးအကျိတ်များ၌ တစ်နေ့ သုံးကြိမ် လိမ်းပေးပါက သက်သာပျောက်ကင်းစေသည်။

၁၀။ နာတာရှည်လူနာများ၊ အိပ်ရာအပူလောင်နာမဖြစ်မီ အရေပြားနီမြန်းနေပါက အဆီကို တစ်နေ့ ငါးကြိမ်ခန့် လိမ်းပေးခြင်းဖြင့် မူလ



www.burmeseclassic.com

www.burmeseclassic.com

အသားအရေအတိုင်း ပြန်လည်ကောင်းမွန်လာပြီး အိပ်ရာနာ (Bed Sore)ဖြစ်ခြင်းမှ (၈၀)ရာခိုင်နှုန်း ကာကွယ်တားဆီးနိုင်ကြောင်း စမ်းသပ် တွေ့ရှိရပါသည်။

၁၁။ ဒေသခံပြည်သူများသည် ရောဂါကြီးများ၊ ရောဂါက ကျွမ်းနေပြီဖြစ်၍ ကုသ၍ မရနိုင်တော့ကြောင်း၊ မဖြစ်ပွားစေရန် အဆီကို ထမင်းနှင့် နယ်စားခြင်း၊ လက်ဖက်ရည်ဇွန်း တစ်ဇွန်းနေ့စဉ် တစ်နေ့ နှစ်ကြိမ် သောက်သုံးနေသူများကို တွေ့ရှိရပြီး အနာကင်းကာ အသက်ရှည်၍ ခွန်အားကို ဖြစ်စေပါသည်။

၁၂။ အဖျားတက်ပြီး အပူကြီးနေသူများကို (၁၅)မိနစ်ခြား တစ်ကြိမ် တစ်ကိုယ်လုံးကို ကန်းဖော်ဆီ မကြာခဏ လိမ်းပေးပါက ကိုယ်ပူကျစေပြီး ကလေးများ၏ ကိုယ်ပေါ်၌ မကြာခဏ လိမ်းပေးပါက အနီစက်များ လျင်မြန်စွာ ပျောက်ကင်းကြောင်း တွေ့ရှိရသည်။

ကန်းဖော်ဆီ အသုံးပြုစဉ် မလိုလားအပ်သော ဘေးထွက်ဆိုးကျိုးလက္ခဏာများ အပြစ်များ မတွေ့ရှိရပါ။

အထက်ပါ တင်ပြချက်များသည် ကန်းဖော်ဆီနှင့် ပတ်သက်၍ အများပြည်သူတို့ အသုံးပြုနိုင်စေရန် စေတနာထား၍ ပြည့်စုံအောင် တင်ပြပေးလိုက်ပါသည်။

ကန်းဖော်ဆီအကြောင်း ရေးသားထားသော ဆောင်းပါးများကို ဖတ်ရှုရပြီး အချို့က ကန်းဖော်ဆီစစ်စစ်ကို ဘယ်မှာ ရှာဝယ်ရပါ့မလဲဟု မေးမြန်းစဉ်းစားပြီး ခေါင်းမခြောက်ရလေအောင် ကန်းဖော်ဆီစစ်စစ် ရရှိနိုင်သော နေရာဌာနများကိုပါ ပြီးပြည့်စုံအောင်ဖော်ပြပေးလိုက်ပါသည်။

ယခု ဖော်ပြပေးသည့် နေရာ(၂)ခု စလုံးတွင် ကန်းဖော်ဆီစစ်စစ် ရရှိနိုင်ပါသည်။

၁။ အမှတ်(၂၄) မယ်ဇလီယ်လမ်း ကြည့်မြင်တိုင် ညဈေးအနီး ကြည့်မြင်တိုင်၊ ရန်ကုန်မြို့။ ဖုန်း-၅၁၅၁၄၉။

၂။ ပုဇွန်တောင်စာတိုက်အနီး ဈေးရောင်းထီးကြီးများ ပြုလုပ်ရောင်းချနေသော မြိတ်သား ကိုစိုးမြင့်ဆိုသူတို့ထံတွင် ကန်းဖော်ဆီစစ်စစ်ကို ဝယ်ယူရရှိနိုင်ပါသည်။

အထက်ဖော်ပြပါ ပုဂ္ဂိုလ်များနှင့် စာရေးသူသည် မည်သို့မှ ပတ်သက်မှုမရှိပါ စာရေးသူသည် ပုသိမ်မြို့တွင် နေထိုင်သူဖြစ်ပါသည်။

ယခုလို အတိအကျ ညွှန်းဆိုပြရခြင်းမှာ ကန်းဖော်ဆီကို အမှန်တကယ် အစစ်အမှန် သုံးစွဲလိုသူများ ငွေကုန်သလောက် အကျိုးရှိစေရန် စေတနာရည်သန်၍ ကန်းဖော်ဆီစစ်စစ် ရရှိနိုင်သည့် နေရာကို ညွှန်ပြပေးလိုက်ခြင်းဖြစ်ပါသည်။

စာရေးသူကိုယ်တိုင် ကန်းဖော်ဆီဆိုပြီး အရောအနှော အညံ့အဖျင်း (၄/၅)ကြိမ်မိခဲ့ဖူးပြီး နောက်ဆုံးမှ ကန်းဖော်ဆီစစ်စစ် ရသည့်နေရာကို သိရှိပြီး အစစ်အမှန်ကို သုံးစွဲရခြင်းကြောင့် ကိုယ်ချင်းစာပြီး ဖော်ပြလိုက်ပါသည် ခင်ဗျား။

***ရောဂါဝေဒနာ ခံစားနေရသူများ အနာနှင့်ဆေး အမြန်တွေ့၍ ရောဂါပျောက်ကင်းနိုင်ကြပါစေ။***

**ဦးမင်းဇင်(ရွှေနဝင်း)**

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နဂ္ဂတရောင်ခြည်မဂ္ဂဇင်း**




www.burmeseclassic.com

www.burmeseclassic.com

# ခြင်္သေ့ရုပ်တု ပုံထုလုပ်နည်း

## နှင့် အန္တရာယ်အပေါင်း ကာကွယ်နိုင်သည့် ဂါထာတော်



မော်စရိယ ဦးသောင်းလှိုင်
(အငြိမ်းစား စာပြင်မှူးချုပ်)

၁၉၈၈ ခုနှစ်လောက်က ဖြစ်ပါတယ်။ စာရေးသူနဲ့အတူ ဦးစိုးအောင်၊ ဦးအောင်တင် သုံးယောက်သားဟာ မဟာဝိဇယစေတီတော် အရှေ့ဘက်ရှိ အဆောက်အအုံတစ်ခုမှာ ကျောက်စာချပ်များ ထုလုပ်ရာ၌ ကွပ်ကဲဖို့ရာ သာသနာရေးအဖွဲ့ရုံးမှ တာဝန်ပေးခဲ့ပါတယ်။

ကျောက်စာချပ်များမှာ ဆဋ္ဌသင်္ဂါယနာအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်ကြီး ဦးရေဝတ ကျောက်စာချပ်၊ သင်္ဂါယနာအမေး "ပုစ္ဆက" ပုဂ္ဂိုလ် မဟာစည် ဆရာတော် ဦးသောဘဏ ကျောက်စာချပ်၊ သင်္ဂါယနာအဖြေ "ဝိဿဇ္ဇက" ပုဂ္ဂိုလ် တိပိဋကဓရ အရှင်ဝိစိတ္တသာရာဘိဝံသ ကျောက်စာချပ် ထေရုပ္ပတ္တိအကျဉ်းချုပ် အကြောင်းအရာများကို ထွင်းထုရာ သယ် အမှားအယွင်းကင်းစေရန် သေချာစွာ ကွပ်ကဲ ဖတ်ပေးရပါတယ်။

စာရေးသူတို့ရဲ့လုပ်ငန်းနဲ့ စပ်လျက်မှာပဲ မဟာဝိဇယစေတီတော်အနီးမှာ ထားရှိရန် ခြင်္သေ့ရုပ်တုပြုလုပ်နေတဲ့ လုပ်ငန်းတစ်ဖွဲ့လဲ ရှိပါတယ်။

အဲဒီနှစ်ဖွဲ့လုံးကို မြန်မာ့ဗိသုကာ ဆရာကြီးဦးငွေလှိုင်က အုပ်ချုပ်တာဝန်ယူရပါတယ်။ **ဆရာကြီးဦးငွေလှိုင်ဟာ မန္တလေးမြို့ ဗိသုကာဆရာကြီး ဦးဆိုင်၏သား ဖြစ်ပါတယ်။**

တစ်နေ့တော့ စာရေးသူတို့အဖွဲ့ဟာ ရုံးကားကြီးနဲ့ လုပ်ငန်းခွင်သို့ ထွက်လာခဲ့ပါတယ်။ ကားဆရာက ကမ္ဘာအေး ကုန်းမြေ၊ ဇမ္ဗူဒီပကျောင်းဆောင်မှာ ဆရာတော်တစ်ပါးကို ပင့်ရန် တာဝန်ရှိကြောင်း ပြောလာပါတယ်။

ထိုဆရာတော်ကား **မန္တလေး အနောက်ပြင် ဒေးဝန်းဆရာတော် ဦးဇောတိက** ဖြစ်ပါတယ်။ ဆရာတော်ဟာ အစည်းအဝေးတက်ရောက်ရန် ကမ္ဘာအေးသို့ ကြွလာခြင်းဖြစ်တယ်။

ညောင်ရမ်း ဆရာတော်ကြီးရဲ့ တပည့်အရင်းလဲဖြစ်တယ်။ ညောင်ရမ်း ဆရာတော်ကြီးရဲ့ ကျောက်စာချပ် ထုနေကြောင်း သိရတော့ လာရောက်ကြည့်ရှု အကြံဉာဏ်ပေးဖို့ လိုက်ပါလာခြင်း ဖြစ်ပါတယ်။

ဆရာတော်ကား ကျောက်စာချပ် ထုလုပ်တာကိုရော အတ္ထုပ္ပတ္တိ အကြောင်းအရာကိုပါ တစ်လုံးချင်း အသေးစိတ် ဖတ်ရှုပါတယ်။ အဲဒီနောက် အနီးရှိ ခြင်္သေ့ရုပ်တုပုံကို ကြည့်ရှု အကြံဉာဏ်ပေးပါတယ်။

ဆရာတော်ကား ခေတ္တနားပြီး ခြင်္သေ့ရုပ်တုအကြောင်းကို အမိန့်ရှိလိုက်ပုံကတော့...

**"ဒကာတို့ ပြည်မြို့ ရွှေဆံတော်ဘုရားကြီးကို ရောက်ဖူးကြရဲ့လား"**

မေးတော့ ရောက်ဖူးကြောင်း ဆရာကြီး ဦးငွေလှိုင်နဲ့အတူ ကျွန်တော်တို့ပါ လျှောက်ထားကြပါတယ်။

အဲဒီ ရွှေဆံတော်ဘုရားမုခ်ဦးမှာ ခြင်္သေ့ရုပ်တုပုံ နှစ်ခုရှိတယ်။ ခြင်္သေ့နှစ်ကောင်က အရွယ်အစားချင်းလဲ တူကြတယ်။ အထီး,အမ အင်္ဂါဇာတ် မပါကြပါ။

ဘယ်ဟာက အထီး၊ ဘယ်ဟာက အမ ပြောရမယ်ဆိုရင် သမင်ကို ကိုက်ထားတဲ့ရုပ်တုပုံဟာ ခြင်္သေ့မ ဖြစ်တယ်။ ကျားကို ကိုက်ထားတဲ့ ရုပ်တုပုံဟာ အထီးဖြစ်တယ်။

ဘာကြောင့်လဲလို့ မေးစရာပေါ့။ ခြင်္သေ့မ,များဟာ အထီးနဲ့စာရင် ခွန်အားသေးတော့ ကျားကို ဖမ်းဖို့ရာ အလွန် အားထုတ်ရတယ်။ ဒါကြောင့် သမင်ကိုပဲ ဖမ်းစားတယ်။

ခြင်္သေ့အထီးဟာ ခွန်အားကောင်းလေတော့ ကျားကို ဖမ်းစားတဲ့ရာမှာ အလွန် အားမစိုက်ရပါ။ နိုင်နင်း

www.burmeseclassic.com

တယ်ဆိုပါတော့...

ဆရာတော်တို့ မန္တလေး ဝေယျာဘုံသာ အရှေ့မြောက်ထောင့် ပဲလှော်ချောင် မိကျောင်းတံတားရှိ ခြင်္သေ့ရုပ်ပုံ၊ အိမ်ဝှော်ရာဘုရား တံခါးမုခ်ပေါက်ရှိ ခြင်္သေ့ရုပ်တုပုံများဟာ အချိုးအစားကောင်းကြပါတယ်။

တို့မြန်မာလူမျိုးတွေကတော့ ခြင်္သေ့နဲ့ အကျွမ်းဝင်သိကြပါတယ်။ မဟာဝင်ကို ဖတ်ပြီး ဝင်္ဂရာဇ်မည်တဲ့ ဘင်္ဂလားမင်းရဲ့သမီးတော် ကေသရီဟာ ခြင်္သေ့နဲ့ ပေါင်းဖော်ကာ သားတော် သီဟဗဟု၊ သမီးတော် သီဟသီဝလိတို့ကို ဖွားမြင်ကြောင်း သိကြပါတယ်။ ဒါကြောင့် စိတ်ဝင်စားကြတယ်။

**ခန္ဓသံယုတ်အဋ္ဌကထာ**မှာ တိဏခြင်္သေ့၊ ကာဠခြင်္သေ့၊ ပဏ္ဍုခြင်္သေ့၊ ကေသရခြင်္သေ့လို့ လေးမျိုး ပြထားတယ်။

ခြင်္သေ့မင်းဆိုတာ ကေသရခြင်္သေ့မျိုး ဖြစ်တယ်။ စွမ်းရည်ထက်မြက်တယ်။ ထူးခြားတဲ့ ကြန်အင်လက္ခဏာရှိတယ်။ ဒါကြောင့် မြတ်စွာဘုရားရဲ့ **"သီဟနာဒ"**ခေါ် **တရားမိန့်ဟောသံတော်ဟာ** ခြင်္သေ့အသံနဲ့ ဥပမာပြုထားခြင်းဖြစ်တယ်။

## မြန်မာမနုသီဟပုံ

ဆရာတော် ဆက်အမိန့်ရှိသည်မှာ **သာသနာဝံသပ္ပဒီပိကာ ကျမ်း**၌မူကား မနုသီဟ,ဟာ ဦးခေါင်းတစ်လုံး၊ ကိုယ်နှစ်ခု စပ်နေတယ်လို့ သိရတယ်။ ဒီခေါင်းတစ်လုံးဟာ လူဦးခေါင်း မဟုတ် ခြင်္သေ့ဦးခေါင်း ဖြစ်တယ်။

ယနေ့ မြန်မာနိုင်ငံအရပ်ရပ်မှာ ထုလုပ်ထားကြတဲ့ မနုသီဟရုပ်ပုံဟာဆိုရင် ခြင်္သေ့ဦးခေါင်းမဟုတ်၊ လူဦးခေါင်းပုံ ဖြစ်တယ်။



ရှေ့လက်၊ ရှေ့ကိုယ်ဟာလဲ လူလက်,လူကိုယ်ပုံသဏ္ဍာန် ဖြစ်တယ်။ နောက်ပိုင်းကသာ ခြင်္သေ့ပုံဖြစ်တယ်။

တစ်ဖန် အမိန့်ရှိပြန်သည်မှာ မန်လည်ဆရာတော်ကြီးဟာ ကသာမြို့ရှိ တာဝတိံသာ မဟာစေတီတော်ကို တည်တော်မူစဉ် စေတီတော်အနီးဝယ် မနုသီဟရုပ်ပုံ ထုလုပ်စေခဲ့ပါတယ်။

ထိုမနုသီဟရုပ်ဟာလဲ ခေါင်းပိုင်းမှစပြီး ရှေ့ပိုင်းကား လူ၊ နောက်ပိုင်းမှာ ခြင်္သေ့ပုံသဏ္ဍာန်ပင် ဖြစ်ပါတယ်။

အဲဒီ မနုသီဟဘွဲ့အချိုးကိုလဲ မန်လည်ဆရာတော်ကြီးက အောက်ပါအတိုင်း ရေးသား ဖွဲ့ဆိုတော်မူခဲ့ပါတယ်။ ဖွဲ့ဆိုလိုက်ပုံမှာ...

'နောက်ဆီမှာ ရွှေခြင်္သေ့နှင့်၊ ရှေ့ကိုယ်က
လူ့မျက်နှာ၊ ဘာကောင်လို့ခေါ်ရိုး ။ မေးပါနှင့်
အော့ မြတ်စိန္တေပွင့်ကာမှ၊ လူ့ရွာမှာ ဖြစ်ပေါ်
လေ့ပါတဲ့ နရသီဟ်ရွှေခြင်္သေ့ငယ်၊ ဘုန်းတော်
မြေ့(ပြည့်)မျိုး'

စသည်ဖြင့် ဖွဲ့ဆိုထားပါတယ်။

မနုသီဟခြင်္သေ့တွေဟာ ဘုရားပွင့်မှသာ ပေါ်ကြတယ်လို့ ဆိုကြတယ်။ ယင်းဟာ **"နိမ္မိတ" ဖန်ဆင်းသတ္တဝါမျိုးဖြစ်တော့** တန်ခိုး ရုပ်သိမ်းလိုက်ပါက သူ့ရဲ့ သတ္တဝါသဏ္ဍာန်လဲ ပျောက်သွားပါတယ်။

ကျမ်းဂန်မှာတော့ ဘီလူးထက်ကိုယ်နှစ်ဆကြီးအောင် ဖန်ဆင်းတယ်လို့ပဲ တွေ့ရတယ်။ ဒီနိမ္မိတသတ္တဝါမျိုးဟာ ပဋိသန္ဓေလေးမျိုးထဲက **"ဥပပါတ် ပဋိသန္ဓေမျိုး"**နတ်များကဲ့သို့ ဘွားဘွားပေါ်လာတဲ့ ပဋိသန္ဓေမျိုး ဖြစ်တယ်။ ကိုယ်နှစ်ခုလော၊ ကိုယ်နှစ်ဆလောဆိုတာ သုံးသပ်ရန် လိုပါတယ်။

## အန္တရာယ်အပေါင်း ကာကွယ်နိုင်သည့် ဂါထာတော်

သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသိသုံ။

ယင်းဂါထာဟာ ဝိနည်း ပါရာဇိကဏ် အဋ္ဌကထာ ဗာဟိရနိဒါန်း၌ လာတဲ့ ဂါထာဖြစ်ပါတယ်။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သုဝဏ္ဏဘူမိံ** | = သုဝန်နဘူမိန် |
| **ဂန္တွာန** | = ဂန်တဝါန |
| **သောဏုတ္တရာ** | = သောနုတ်တရာ |
| **မဟိဒ္ဓိကာ** | = မဟိတ်ဓိကာ |
| **နိဒ္ဓမိတွာန** | = နိတ်ဓမိတ်တဝါန |
| **ဗြဟ္မဇာလ** | = ဗြန်မဇာလ |

ဂါထာအနက်

**မဟိဒ္ဓိကာ–** ကြီးသော တန်ခိုး[illegible]တော်မူကြကုန်သော၊ **သောဏုတ္တရ–** အရှင်သောဏထေရ်, အရှင်ဥတ္တရ[illegible]ထေရ်တို့သည်၊ **သုဝဏ္ဏဘူမိံ–** သုဝဏ္ဏ[illegible]ဘုံ မြို့သထုံသို့၊ **ဂန္တွာန–** နောက်[illegible] အဖော် ရဟန်းသုံးပါးနှင့်အတူ [illegible]တော်မူ၍၊ **ပိသာစေ–** မြေဖုတ်ဘီလူး[illegible]တို့ကို၊ **နိဒ္ဓမိတွာန–** နှင်ထုတ်ကြကု[illegible]ပြီး၍၊ **ဗြဟ္မဇာလံ–** ဗြဟ္မဇာလသု[illegible]တော်ကို၊ **အဒေသိသုံ–** ဟော[illegible]မူကြလေကုန်ပြီ။

ဤဂါထာအလို အရှင်သောဏ[illegible]





www.burmeseclassic.com

www.burmeseclassic.com

အရှင်ဥတ္တရာထေရ် နှစ်ပါးတို့သာ သုဝဏ္ဏဘူမိခေါ် သထုံပြည်သို့ သာသနာပြု ကြွတော်မူကြတယ်လို့ အဓိပ္ပာယ်ရတယ်။ မဟာဝံသကျမ်းနဲ့ ညှိလိုက်ပါမှ နောက်ပါ ရဟန်းတော် သုံးပါးနဲ့ ကြွတော်မူခြင်းဖြစ်ပါတယ်။

ယင်းသို့ အနည်းဆုံး ငါးပါး ကြွပါမှ **"ဥပသမ္ပဒကံ"** ရဟန်းခံရန်ကိစ္စကို ဆောင်ရွက်နိုင်မည် ဖြစ်တယ်။ ထိုခေတ်အခါက သုဝဏ္ဏဘူမိခေါ် သထုံ အရပ်ဒေသဝယ် ဖြဟ္မဏဝါဒဟာ အိန္ဒိယကုန်သည်များမှတစ်ဆင့် ပျံ့နှံ့ရောက်ရှိလာပါတယ်။

ထိုအချိန်ဟာ ကိုးတိုင်းကိုးဌာနသို့ သာသနာပြုစေလွှတ်ချိန်လဲ ဖြစ်တယ်။ ယင်းမထေရ်များ သာသနာပြု ကြွလာပြီး သုဝဏ္ဏဘူမိရှိ ဘီလူးရန်ကို နှိပ်ကွပ်ရာဝယ် ဘီလူးထက် များစွာကြီးတဲ့ ကိုယ်ကို ဖန်ဆင်းပြီး ပိုင်းလေရာ ဘီလူးများ ထွက်ပြေးကြပါတယ်။

မထေရ်တို့ဟာ ထိုလူများ အပေါင်းအား ဖြဟ္မဇာလသုတ်ကို ဟောကာ သာသနာပြုတော်မူကြတယ်။

ဖြဟ္မဇာလသုတ်ဟာ **"ခြောက်ဆယ့်နှစ်ပါး"**ရှိတဲ့ ဒိဋ္ဌိ အယူဝါဒစွဲများကို အသေးစိတ် ဟောထားပါတယ်။ ထို့ကြောင့် ယင်းတရားကို နာကြားကြရတဲ့ လူအပေါင်းတို့ဟာ ကျွတ်တမ်းဝင်သူများ ရှိကြပါတယ်။

ဆရာတော်ဦးကေလာသ(ပခုက္ကူ)
အမိန့်ရှိပုံ

ဆရာတော် ဦးကေလာသနဲ့ စာရေးသူဟာ မန္တလေးမှာ အတူနေ,ဆရာတူ တပည့်များ ဖြစ်ကြပါတယ်။ ဆရာတော် အမိန့်ရှိပုံမှာ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်ကြီး တည်စဉ်က မဟာဝိသုတာရာမ တိုက်တည်တဲ့ ရေစကြိုဆရာတော်ကြီး အရှင်ဂန္ဓသာရဟာ **"ဤ သုဝဏ္ဏဘူမိ ဂန္ထာစတဲ့ ဂါထာကို အုတ်ချပ်၌ ရေးထိုးခဲ့တယ်၊ တံတိုင်းကြီး အရစ်လေး မျက်နှာနဲ့ ထောင့်အရပ်တို့၌ ယင်းအုတ်ချပ်ကို ထည့်သွင်းစေတော်မူခဲ့ပါတယ်။**

အဲဒါကြောင့် တစ္ဆေ,သရဲ,အပမှီတဲ့ ပုဂ္ဂိုလ်များ၊ သရဲနောက်က လိုက်လာတဲ့ ပုဂ္ဂိုလ်များဟာ မဟာဝိသုတာရာမ တိုက်ကြီးထဲ ဝင်လိုက်ရင် မလိုက်,မပါတော့ချေ။

ထို့ကြောင့် စာရေးသူ တိုက်တွန်းလိုသည်မှာ "**သုဝဏ္ဏဘူမိဂန္ထာ, ထူးခြားလှစွာ, ဤဂါထာကို, မကွာနေ့ည, ရွတ်လေကမူ,ဝေးပအန္တရာယ်, ကင်းစင်ကွယ်၍, ပြည့်ကြွယ် အသရေ, ရွှန်းရွှန်းဝေသည့်, မကွာနေ့ည, ရွတ်စေသော်**"လို့ ယင်း လင်္ကာကို ဆောင်ထားရန် ဖြစ်ပါတယ်။

**မဟာစရိယ ဦးသောင်းလှိုင်**
*(အငြိမ်းစား စာပြင်မှူးချုပ်)*


'ဆရာ ရသာယံန တစ်ဒါဇင်လောက် လိုချင်တယ်။ ဆေးတိုက်မှာ ဝယ်ရမှာလား'

'နေဦး ကျွန်တော် မေးကြည့်ဦးမယ်'

ဆရာဦးကျော်မြင့်က မဟောသဓ ဆေးခန်းသို့ ဖုန်းဆက်မေးပေးသည်။

'ကုန်နေသတဲ့၊ အေးဗျာ ဒီတလော စရဏဘက် နည်းနည်းပိုသွားလို့ ဆေးကုန်တာတောင် မသိလိုက်ဘူး။ ကျွန်တော် ဖော်ပြီးတာနဲ့ ပို့ပေးလိုက်ပါ့မယ်'

ဆရာ၏ တိုနံ့နံ့ ခေါင်းတုံး ဆံတောက်က ရက်ရှည်အဓိဋ္ဌာန် သက်နိုးဆီးရာမှ မကြာမီကာပင် ပရိသုဒ္ဓပြုခဲ့ကြောင်း ဖော်ပြနေသည်။

'ဆရာနဲ့တွေ့တုန်း သမားကိုင်ဆေးနည်း ကောင်းတစ်လက် အိန္နပြုရဦးမယ်၊ ပုဂ္ဂိုလ်ထူးလို့ သမုတ်ကြတဲ့ တောင်ဗီလာကျောင်း ဆရာတော် ဦးပဏ္ဍိတ စွန့်လှူတဲ့ ဆေးနည်းပါ။ ဒီ သူကိုယ်တိုင် ရေးပေးခဲ့တာ သူ့လက်ရေးပဲ'

အရွယ်တင်

# ဆံပင်နက်ဆေး



ဗလာစာအုပ်မှ ဆေးနည်းကား ဆေးအမည် ခေါင်းစဉ် တပ်မထားပါ။

ဆင်သမန္တယ်ဥတစ်လုံး (၂၅)ကျပ်သား
ကံန့်စွန်းအဖြူ (၂၅)ကျပ်သား

သကြားရည် (တော၌ ရစေရန် ပမာဏ)ကျို အအေးခံကာ ဆေးနှစ်မျိုး အမှုန့်ပြု၊ သကြားရည်နှင့် ရောတေလေလုံ့အောင် သိမ်းပါ။

နေ့စဉ် တစ်နေ့လျှင် ဆီးဖြူသီးလုံးခန့် တစ်ကြိမ်စားပေးပါ။ အာယုကောင်းသည်။ အရွယ်နုပျိုသည်။ ဖြူသော ဆံပင် ပြန်နက်၏။ ဆရာတော်၏ မယ်တော် သုံးစွဲရာ လက်တွေ့ပင် ဆံပင်ပြန်နက်သည်ဟု မှတ်သားထားလေသည်။

ခရီးသည် သုတေသီ

www.burmeseclassic.com

# မဟာဘွဲ့ပညာရေးနှင့်

လက္ခဏာပညာ


ဆရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ.)
လက္ခဏာဗေဒင်ပညာသုတေသီ




**အသက်အားဖြင့် သုံးဆယ်ကျော်** **အမျိုးသမီးတစ်ဦး၏** ဘယ်လက်ဖ
ပြင်ကို ပုံနှိပ်ပြီး ဤဆောင်းပါးနှင့်အ
ဖော်ပြပေးလိုက်ပါသည်။

**"က" အက္ခရာနှင့်** ညွှန်ပြထာ
သည်မှာ **အရံအသက်လမ်း (သို့)** **အင်္ဂါလမ်းနှစ်ထပ်ရှိခြင်း** ဖြစ်သည
မူလ အသက်လမ်းကြောင်း
ကျွန်းသကော်တများနှင့် အားမကောင်
လှပါ။ အလားတူ ဦးခေါင်းလမ်း
နှလုံးလမ်း
တို့လည်
ကျွ
သတော်
များနှ
အားနည်းပါသည်
သို့သော် အရံအသက်လ
နှစ်ထပ်ရှိခြင်းကြော
ကျန်းမာရေးဆိုင်
အညွှံ့အပျက်တို့
ကာကွယ်ပေးထားခြင်းဖြစ်သည
ကျန်းမာရေး ကောင်းပါမှ ပည
ရေးကို ရေရှည် ပြီးဆုံးအောင် သင်
ပြီးမြောက်နိုင်ပေလိမ့်မည်။

* * *




www.burmeseclassic.com

**“ခ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ကြာသပတေးဂြိုဟ်ခုံ၌ **ရည်မှန်းချက်လမ်း ခက်ရင်းနှစ်ခွနှင့် ဆော်လမွန်ကွင်း**တို့ ထိနေခြင်း ဖြစ်သည်။

ထို့ပြင် ထောင်လိုက်မျဉ်းမတ်တိုလည်း ထင်ရှားပြီး စတုဂံနှစ်ကွက်တွဲလို ဖြစ်နေသည်။


ဆရာသမား အကြီးအမှူး ဦးစီးခေါင်းဆောင်ဖြစ်ခြင်းနှင့် ပညာရေး ရည်မှန်းချက် မြင့်မားလွန်းခြင်း၊ ပညာရေး ရည်မှန်းချက်များ ပြီးဆုံး အောင်မြင်နိုင်ခြင်းအတွက် အထောက်အပံ့ သင်္ကေတပင် ဖြစ်ပေသည်။

* * *




**“ဂ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်ခလယ်ရင်း စနေဂြိုဟ်ခုံ အပေါ်ပိုင်းမှာ **ညောင်ရွက်သင်္ကေတ၊ သန်လျက်သင်္ကေတ** ထင်နေခြင်း ဖြစ်သည်။

* * *




ရာထူးကြီးဇာ မြင့်မားတိုးတက်ခြင်း မင်းအစိုးရ ချီးမြှင့်မြှောက်စားခံရခြင်း ဘွဲ့ထူး ဂုဏ်ထူးများ ဆွတ်ခူးရရှိခြင်းတို့ကို ဖြစ်စေလိမ့်မည်။

**“ဃ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ နှလုံးလမ်းကြောင်း၏ အထက်တွင် သောကြာခါးပတ်လမ်းများ အထပ်ထပ် ရှိနေခြင်းဖြစ်သည်။


* * *




ထိုသောကြာခါးပတ်များကြောင့် ပညာသင်ချိန်မှာ ဆရာသမား မိဘ၊ အကြီးအကဲတို့၏ အဆူအပူ ကြောက်သဖြင့် လည်းကောင်း၊ ရှက်တတ်သဖြင့် လည်းကောင်း ပညာကို အထူး ဝီရိယစိုက်ထုတ် ကြိုးစားတတ်သည်။ စာကျိုးဟု အခေါ်ခံရလောက်အောင်ပင် စာအုပ်နှင့်မျက်နှာ မခွာဘဲ ကျက်မှတ်လေ့လာလေ့ ရှိသည်။

ထို့ကြောင့် အတန်းထဲမှာ စာတော်သူများ စာရင်းဝင်ဖြစ်တတ်သည်။ ရယူလိုသော ပညာရေးဆိုင်ရာ ဘွဲ့ဒီဂရီများစွာ ရရှိနိုင်သူဖြစ်သည်။

* * *





**“င”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ လက်သူကြွယ်ရင်း ကပ်လျက် တနင်္ဂနွေလမ်း (အောင်မြင်ရေးလမ်း) အလွန်ထင်ရှားရှိပြီး အဖျက်လမ်း ကင်းခြင်း ဖြစ်သည်။

အောင်မြင်မှု ထိပ်ဆုံးရနိုင်သည့် သင်္ကေတ ဖြစ်သည်။ မိမိယူလိုသော ပညာရေးမှာ ထိပ်ဆုံးပြီးဆုံးအောင် သင်ယူအောင်မြင်နိုင်စေမည်။

အလုပ်အကိုင်တွင်လည်း အမြင့်ဆုံး ရာထူးမျိုးအထိရနိုင်သည်။ ထိုအောင်မြင်ရေးလမ်းကို သေချာကြည့်လျှင် **အောင်လံသဖွယ်** ဖြစ်နေကြောင်း တွေ့သည်။ **တနင်္ဂနွေအောင်လံ** ဟု ခေါ်နိုင်သည်။

* * *




**“စ”အက္ခရာနှင့်** ညွှန်ပြထားသည်မှာ ဦးခေါင်းလမ်းကြောင်း တစ်ဆစ်ချိုးကွေးဆင်းခြင်း၊ ကြာဖူး သင်္ကေတ ဖြစ်ပေါ်နေခြင်းဖြစ်သည်။

ဉာဏဗလယုဂ်ရသူ ဖြစ်သည်။ ဉာဏ်ပညာ ထက်မြက်ထူးချွန်ပြီး ပညာရေးဆိုင်ရာဘွဲ့ထူး ဂုဏ်ထူးများ ရရှိစေနိုင်သည်။

မဟာသုတေသနဘွဲ့အတွက် ပညာရေးပြီးဆုံးနိုင်မလား ဟူသော မေးခွန်းကို အဓိက မေးမြန်းသူဖြစ်၍ သူမ၏ လက္ခဏာက မီးစိမ်းပြထားကြောင်း ဟောပြော အားပေးလိုက်ရပါသည်။

***လက္ခဏာပညာသုတ တိုးပွားရရှိကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

ဆရာကြီး ဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

www.burmeseclassic.com



ဆေးဝိုက်းဝင် အမှတ်တရဖြစ်စဉ်မှ

# ဂါဗွီဘော

# အပ်အချင်

တောင်မြင့်မြတ်
(တလေး)

လွန်ခဲ့သော **နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်ခန့်က** ဖြစ်သည်။

ဆေးဝါသနာရှင် လူငယ်များ ဖြစ်ကြသည့် ကိုသန်းရွှေ၊ ကိုသောင်းညွှန့်၊ ကိုကြည်သန်း၊ ကိုအုန်းမြင့်နှင့် အမည်မမှတ်မိသူ သာသနာရေးဝန်ထမ်းတစ်ဦးတို့သည် ထိုအချိန်က နာမည်ကြီးနေသော ဆရာကြီး ဦးဘိုးညိုအသက်(၈၅)နှစ် ရှိသူမှ "**ငါ မသေမီ မင်းတို့တို့ ပညာအမွေပေးမယ်**"ဟု ပြောသဖြင့် ဆေးအတတ်ပညာကို သင်ယူရန် တပည့်ခံကြသည်။

ပညာယူပွဲတွင် အုန်း၊ ငှက်ပျော(၁)ပွဲ၊ ကြက်လျှာတိုင် တိုင်(၂၀)၊ ပရိတ်အပ်ချည်(၁)လုံး ပါရသည်။

**ဆေးဂိုဏ်းဝင် အစီအရင်ပြ ဌာနများမှာ...**

၁။ သုသာန်သချိုင်းနေရာတွင် ... ပတ်ရေ(၂၀)၊

၂။ ပင်ထိီးသစ်ပင်ကြီး တစ်... အောက်တွင် ပတ်ရေ(၂၀)၊



www.burmeseclassic.com

www.burmeseclassic.com

- ကိုးမြို့ရှင်နတ်စင်တွင် ပတ်ရေ (၂၀)၊
- ရှာလဲယ်ကောင် နေရာတွင် ပုတီး ပတ်ရေ(၂၀)ကို တစ်ညဥ့်တွင်း ပြီးစီးအောင် စိပ်ကြရသည်။ ယင်းနောက် ဆရာကြီး၏ နေအိမ်တွင် ပုတီးပတ် တစ်ထောင်ကျစီ စိပ်ကြရသည်။



'သချႋုင်းကုန်းကစပြီး ပုတီးစိပ်ကြရ ဘယ်ဆိုတော့ အကြောက်အလန့် အခြောက်အလှန့်တွေနဲ့ မတွေ့ကြရဘူး သား'

'ကြောက်တော့ ကြောက်တာပေါ့ ဆရာရယ်။ ဆရာကြီးကိုယ်တိုင် ရှေ့က ဆောင်ပြီး လက်ထပ်သင်ပေးသလို င်းတော့လဲ လုပ်ကြရတာပေါ့'

'ဘယ်အချိန်မှာ သချႋုင်းကို သွားကြ သလဲ'

'ဆရာကြီးအိမ်မှာ ပွဲပြင်ပြီးကတည်း က သီလခြုံ မေတ္တာပို့ အမျှဝေပြီး ညဥ့်ဦးယံအချိန် လူခြေမတိတ်မချင်း ကိုယ့်နေရာနဲ့ကိုယ် ပုတီးစိပ်နေကြရ တယ်။ လူသံသူသံ တိတ်ဆိတ်မှ ဆုံးက တပည့်တစ်ယောက် အုပ်ပွဲ ခေါင်းရွက်ပြီး အိမ်ပေါ်က ဆင်းတယ်။ ဒုတိယဆရာကြီး၊ တတိယက ဆရာ ကြီးရဲ့ သားတပည့် လက်ထောက် ဆရာ၊ အဲဒီနောက်က ကျွန်တော်တို့ လေးယောက် တန်းစီလိုက်တယ်'

'သချႋုင်းရောက်တော့ ဘာတွေ လုပ်ကြသလဲ'

'သရဏဂုံတင်တဲ့ ဇရပ်မှာ စုဝိုင်း ထိုင်ကြပြီး ဆရာကြီးနဲ့ လက်ထောက် တပည့်က အဖွဲ့သားအားလုံး ဘေးမှ ဆိတ်ချည်အပြင်ဘက်မှာ ကြက်လျှာ ထိုင်(၂၀)ကို ပတ်ချာလှည့်စိုက်တယ်။ ခုံရှင် ဝင်ထွက်ပေါက် လုပ်ထားတဲ့ ချည်နေရာက ပြန်ဝင်ကြပြီး သူ့နေရာ ကိုယ့်နေရာ ထိုင်ကြတယ်။ ဆရာကြီးက ပုတီးစိပ်စ,လို့ ပြောတာနဲ့ တစ်ယောက်ကို ပုတီးပတ်(၂၀)ကျစီ စစိပ်ကြတယ်'

'နေရာတိုင်းမှာ ဒီလိုပဲလား၊ အခက် အခဲ ဘာတွေ တွေ့ရသေးလဲ'

'နေရာတိုင်းမှာ ဒီလိုပါပဲ။ နည်းနည်း ပါးပါး ထူးခြားတာကတော့ ကိုးမြို့ရှင် နန်းမှာ ပုတီးစိပ်တဲ့အခါနဲ့ ရှာလယ် ကောင်မှာ ပုတီးစိပ်တုန်းက တွေ့ရ တယ်'

'ဘယ်လို တွေ့ရလဲ ဆက်ပြောပါ ဦး'

'ဒီလိုဗျ ကိုးမြို့ရှင်နန်းမှာ ပုတီးစိပ် ကြတော့ "ကျွတ်…ကျွတ်…ကျွတ်… ကျွတ်" ဆိုတဲ့အသံ နားထဲမှာ ကြားလာ လို့ ကြောက်စိတ်ဝင်ပြီး ထပြေးချင်စိတ် ပေါက်လာတယ်။ နောက်မှ ဆရာကြီး မျက်နှာ လှမ်းကြည့်ပြီး တည်တည် ငြိမ်ငြိမ် ပုတီးစိပ်နေတာ တွေ့ရလို့ ကိုယ့်ပုတီးကိုယ် ပြည့်အောင် မနည်း ထိန်းစိပ်လိုက်ရတယ်'

'ရှာလယ်ကောင်မှာ စိပ်တုန်းက တော့ ဘယ်လို ကြုံရတာလဲ'

'ဒါကတော့ စိတ်ချောက်ချားနေလို့ လား မသိပါဘူးဗျာ ပုတီးစိပ်လို့ (၁၀)ပတ်လောက် အရောက်မှာ အုန်းဆိုတဲ့ အသံနက်ကြီး အုန်းပင်ပေါ် က အုန်းသီးကြွေကျသလို ကြားကြရ လို့ အားလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်နေကြရာက ဆရာကြီးက ချောင်းတစ်ချက် ဟန့် လိုက်မှ ကိုယ့်ပုတီးကိုယ်ပြည့်အောင် ဆက်ပြီး စိပ်ကြရတယ်'

'ရှာလယ်ပြီးတော့ ဘာဆက် လုပ်ကြသလဲ'

'ရှာလယ်ပြီးတော့ ဆရာကြီး ဓာတ်ခန်းမှာ တစ်ယောက်ကို ပုတီးပတ် တစ်ထောင်စီ စိပ်ကြရတယ်'

'ပုတီးပတ် တစ်ထောင်ဆိုတော့ မနည်းပါလား၊ မမှားအောင် ဘယ်လို များ သင်္ကေတလုပ် စိပ်ကြသလဲ'

;'တချို့က ပုတီးတစ်ပတ် ကျောက်ခဲ တစ်လုံးကျ ကျောက်ခဲနဲ့ မှတ်ကြတယ်။ ကျွန်တော်နဲ့ ကိုကြည်သန်းတော့ အမှတ်ရလွယ်အောင် ပုတီးကို တီထွင် ထားကြတယ်'

'ဘယ်လိုများ လုပ်ထားကြသလဲ ဗျ'

'ကိုကြည်သန်းက တစ်ရာ့ရှစ်လုံး ပုတီးကုံး(၉)ကုံးစာ ပုတီးလုံးရေ(၉၇၂) လုံး တွဲထားတယ်။ ကျွန်တော်ကတော့ ပုတီး(၅)ကုံးစာ ပုတီးလုံးရေ(၅၄၀)နဲ့ ပုတီးကုံး လုပ်ထားတယ်'

'အံ့ဖွယ်ပုတီးကြီးတွေပါလား၊ ဒါပြီး တော့ ဘာအစီအရင်တွေ လုပ်ကြသေး သလဲ'



www.burmeseclassic.com

ကြီးလို့ ပြောတယ်။ တပည့်ဖြစ်သူရဲ့ ကံအကျိုးပေးအလိုက် အပွင့်ခါတ် ဆောင်ပြီး အောင်တယ်လို့ ဆိုတယ်'

'အဲဒီဆေး အစီအရင်ကိုရော နည်းနည်းပါးပါး ပြောပြပါလား'

'ဟုတ်ကဲ့ သိသလောက် မချွင်းမချန် ဖွင့်အန်ပြောပါ့မယ် ဆရာရယ်၊ နောင်လာနောက်သားတွေလဲ ဗဟုသုတအဖြစ် မှတ်သားရတာပေါ့။ ဒီလိုဗျ တော်ရုံတန်ရုံ ဖွဲ့ လို့လ ပီရိယ သတ္တိမျိုးနဲ့ ဆေးစီရင်လို့ မရနိုင်ဘူး'

'ဟုတ်ကဲ့ အမိန့်ရှိပါဗျာ'

'နံပါတ်(၁) ဒီဆေးအတွက် အရေးကြီးတာက သီတင်းကျွတ်လပြည့်နေ့ (သို့မဟုတ်) တန်ဆောင်မုန်းလပြည့်နေ့မှာ ဆီမီးပူဇော်ပွဲနဲ့အတူ ဘုရားကို လှူထားတဲ့ ပန်းပေါင်းတစ်ထောင်ရဲ့ ပန်းခြောက်ပါရတယ်။

နံပါတ်(၂) အဲဒီနေ့တွေမှာ ရေတော်တစ်ထောင်အဖြစ် လှူခဲ့တဲ့ ရေတစ်ခွက် ပါရတယ်။

နံပါတ်(၃) **နံ့သာဖြူ၊ နံ့သာနီ၊ အကျော်၊ ကရမက်၊ စံပါ**ဆိုတဲ့ နံ့သာမျိုးငါးပါး အမှုန့်စီ ပါရတယ်။

(၄)က **ဆင်မုန်ပါရတယ်။ ဆင်မုန်ဆိုတာ ဆင်ထီး၊ ဆင်မ ဘယ်ကရရ မုန်ကျတဲ့အချိန်မှာ ရသလောက် ဝါဂွမ်းနဲ့ တို့ယူထားတဲ့ အရည်ခြောက်ပါပဲ။**

အဲသလို မှုလေးချက်စုံတဲ့ ဆေးရပြီဆိုရင် ဓာတ်ခန်းမှာဝင်ပြီး ဆေးစုံကို ကျောက်ပျဉ်မှာတင်လို့ ရေတော်နဲ့ ဖျန်းဖျန်းပြီး မှုန့်ညက်နေအောင် တစ်ယောက်တစ်လဲ ကြိတ်ကြရတယ်။ အားလုံး မှုန့်မှုန့်ညက်ညက်ကြေလို့ စေးပိုင်သွားတဲ့အခါ လူရုပ်သဏ္ဌာန် ဆေးတောင့် လုပ်ရတယ်'

'ဒါဆို ပြီးရောလားဗျာ'



'စိတ်ရှည်ရှည်ထားပြီး နားထောင်ပါ ဆရာရယ်၊ အခက်ဆုံး ဓာတ်သိမ်းပိုင်း အလွမ်းသယ်ပုံလေး ကျန်ပါသေးတယ်'

'တယ်ဆိုတဲ့ စာပါလား၊ စိတ်ဝင်စားစရာ ကောင်းလာပြီ၊ ဆက်ပြောဗျာ'

'ဆေးရုပ်လုပ်ပြီးတဲ့အခါ ဆေးတောင့်လူရုပ်ကို အစိမ်းသေ သေတဲ့ ကိုယ်ဝန်ဆောင်မိန်းမဖြစ်စေ၊ အပျိုစင်ဖြစ်စေတို့ အောက်မှာ တစ်ညဉ့်သိပ်ထားရတယ်။ များသောအားဖြင့် လူမသိအောင် လုပ်နိုင်တာကတော့ သင်္ချိုင်းရောက် မြေမြှုပ်ပြီးမှ စိတ်တိုင်းကျ ထားလို့ရတယ်။

အဲဒီလို တစ်ညဉ့်သိပ်ပြီးရင် ဆေးတောင့်ကို သင့်လျော်ရာ အသုဘရှင်ရဲ့ အဝတ်စနဲ့ ပုခက်လုပ်ပြီး ယေင်ကျူးရတယ်။ ယေင်ကျူးတယ်ဆိုတာ ဘုန်းကြီးပျံပွဲတွေမှာ ဓာတ်မင်းသမီးတွေ လုပ်သလို အဆိုအငိုတွေနဲ့ လွမ်းငိုပြတဲ့သဘောပေါ့'

'လွမ်းစရာတောင် ကောင်းပါပြီ။ ဒါဆိုပြီးရောလား'

'မပြီးသေးဘူး ဆရာရေ့ အဲဒီဆေးကို ဆရာကြီးအိမ်က ကလပ်ပေါ်မှာ တင်ပြီး ဆရာကြီးကိုယ်တိုင် ဆီမီး၊ ရေချမ်း၊ ပန်းနဲ့ ဘုရားလှူ သီလခံ မေတ္တာပို့ အမျှဝေပြီး '**အရဟံ** ... **ဘဂဝါ**'' ဂုဏ်တော်တစ်ထောင် ... တယ်။ ဂုဏ်တော်တစ်ထောင် စုံ... အမျှအတန်းဝေပြီးရင် ''**အောင်... အောင်ပြီ အောင်...** သုံးကြိမ်ဆိုပြီးမှ ဆေး... အစီအရင် ပြီးပါတ...

'ဆေးအစီအရင်... ဆုံးခန်းတိုင် ပါဝင်ကြ... ပည့်များကို ဆရာကြီး စိတ်တိုင်း... ဝေငှပါတယ်။ ကျွန်တော်... ကိုကြည်သန်းကတော့ ဆေးပု... လုပ်ပြီး ဆောင်ကြတယ်။ ကျွန်တော်... ဆေးပုတီးကိုတော့ သရိုးပုတီးလုပ်... သိမ်(၉)သိမ် ဝင်ထားတယ်'

'ခင်ဗျား ဆေးပုတီးက ဆေး... မစွမ်းတောင် ဘုရားဂုဏ်တော်... သိမ်(၉)သိမ် ဝင်ထားတဲ့ သိဒ္ဓိအစွ... တွေ ဝင်နေပြီဆိုတော့ ကြိတ်... အောင် ဆောင်တိုင်းမြောက်ပြီး အ... ဓာတ်တွေ အစုံပေါက်ရောက်နေ... ပေါ့ဗျာ'

'မှန်လိုက်လေဗျာ ကျွန်တော်... စိတ်ဝင်တစား အလုပ်တစ်ခု... လုပ်ရင် အောင်မြင်တာချည်း... အသက်သေဘေးကလဲ နှစ်ကြိမ်... တိုင် လွတ်ခဲ့ပြီးပြီဆိုတာ ဆရာ... ပြောပြပြီးပါသကော'

ဤကား ဓမ္မမိတ်ဆွေ ကိုအုန်း... လေး ပြောပြသော သူ၏ ဘဝမှတ်တ... တစ်နေရာမှ ဖြစ်ရပ်မှန် ဓာတ်လမ်း... လေးတစ်ပုဒ်သာပါတည်း။

***စာရှုသူအပေါင်း ကောင်း...***
***ချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်...***
***ပါစေ။***

**အောင်မြင့်မြတ်(...လေး)**

www.burmeseclassic.com

# ချစ်ခင်စေသည့် နည်းများ

တက္ကသိုလ် ဘုန်းနိုင်





မောင်လှမြင့်တစ်ယောက် ရောက်မလာဘဲ ပျောက်နေတာကြာပြီ ဖြစ်သည်။ မောင်လှမြင့်မှာ ပတ္တလားအတီးသမားဖြစ်၏။ ဆိုကရေးတီးပြိုင်ပွဲရောက်လျှင် ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့်သူများကို ပံ့ပိုးအတီးအဖြစ် ပတ္တလားတီးခတ်ပေးရသည်။ ပြိုင်ပွဲမှာ မကြာခင် ကျင်းပတော့မည်ဖြစ်သဖြင့် သီချင်းတိုက် လေ့ကျင့်ရန် မောင်လှမြင့်ကို အသည်းအသန် ရှာဖွေရတော့သည်။

နေအိမ်သို့ သွားမေးရာတွင် လွန်ခဲ့သောလက သီချင်းတိုက်ဖို့သွားမည်ဟု ပြော၍ ထွက်သွားပြီး ပြန်မလာတော့ကြောင်း၊ စိတ်ပူ၍ သွားနေကျနေရာများတွင် စုံစမ်းမေးမြန်းသော်လည်း သတင်းအစအနမရကြောင်း ပြောပြပြီး အကူအညီတောင်းခံလေသည်။

တစ်နေ့တွင် သီချင်းတိုက်နေရာသို့ ဆရာကြီးဦးဆန်နီ ရောက်လာပြီး အဆိုညာကို စည်း၊ ဝါးတကျ မှန်ကန်စေရန် သင်ကြားပြသပေးသည်။ အတီးသမားမရှိ၍ ဆရာကြီးက တယောထိုးပေး၏။ ပြိုင်ပွဲနီးကပ်လာပြီ ဖြစ်သဖြင့် မောင်လှမြင့် ပြန်ရောက်လာအောင် လုပ်ပေးပါရန် ဆရာကြီးကို ပူဆာရတော့သည်။

ဆရာကြီးမှာ ဗေဒင်ပညာအပြင် အင်္ဂဝိဇ္ဇာ ရတ်ပညာကိုပါ အထူးတတ်ကျွမ်းသူဖြစ်၏။ သို့ရာတွင် တတ်ကျွမ်းသောပညာကို လိုအပ်မှသာ အသုံးချတတ်သည်။ ဆရာကြီးက မောင်လှမြင့်နေအိမ်တွင် ဗုဒ္ဓဟူးနေ့၌ ဗုဒ္ဓဟူးသားအတွက် အောက်ပါအတိုင်း ဓာတ်ဆင်ဓာတ်ရိုက်ပြုလုပ်ရန် အကြံပေးသည်။

'ဗုဒ္ဓဟူးသား ပြန်လာစေလိုသော် ဗုဒ္ဓဟူးနေ့ နာရီပြန်(၂)ချက် (၁၀)မိနစ်အချိန်တွင် တနင်္လာသားသမီးကို စေခိုင်း၍ နေအိမ်၏ တောင်အရပ်တွင် ရှိတော်မူသော မြတ်စွာဘုရားတွင် ရွှေပြား (၁၇)ချပ် အလှူရှင်းရမည်။ ယင်းနောက် (၃)နာရီတွင် တောင်အရပ်ကို မျက်နှာပြုပြီး ရှောက်သီးနှင့်ထန်းလျက်ကို နယ်၍ စားပေးရမည်။ (၃)ရက်၊ (၆)ရက်၊ (၉)ရက်အတွင်း ပြန်ရောက်မည်'

မောင်လှမြင့်၏နေအိမ်သို့ သွားကြပြီး ဗုဒ္ဓဟူးနေ့တစ်နေ့တွင် ဂီတာကိုခင်မြင့်အား အကူအညီတောင်း၍ ဆရာကြီး ညွှန်ကြားသည့်အတိုင်း ဓာတ်ဆင်ဓာတ်ရိုက်သည့်လုပ်ငန်းကို ပြုလုပ်ခဲ့ရာ (၃)ရက်မြောက်နေ့တွင် မောင်လှမြင့်တစ်ယောက် ပြန်ရောက်၍ လာပေတော့သည်။

မောင်လှမြင့်အား အကျိုးအကြောင်း မေးမြန်းကြရာတွင် အလုံရှိ သူငယ်ချင်းတစ်ယောက်၏ နေအိမ်တွင် သီချင်းတိုက်နေစဉ် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များက သင်ကြားပြသပေးရန်အတွက် ဘားအံမြို့သို့ ခေါ်သွားသဖြင့် လိုက်သွားရကြောင်း၊ အိမ်သို့ အကြောင်းကြားပေးရန် မှာခဲ့သော်လည်း ခရီးလွန်နေသဖြင့် အကြောင်းမကြားဖြစ်ခဲ့ကြောင်း ပြောပြ၏။ ဂီတာသမားများသည် ရောက်ရာနေရာတွင် ပျော်နေတတ်သည့် သဘာဝရှိ၏။

ဘားအံမြို့တွင် စားရေးသောက်ရေး၊ နေရေးထိုင်ရေး အဆင်ပြေကြောင်း၊ ဉာဏ်ပူဇော်ခလည်း အထိုက်အလျောက်ရခဲ့ကြောင်းနှင့် ရန်ကုန်မှ ဓာတ်ဆင်ဓာတ်ရိုက်လုပ်သော နေ့တွင် အိမ်သို့ ပြန်ချင်စိတ် ပြင်းပြလွန်းသဖြင့် ချက်ချင်း ထပြန်လာခဲ့ကြောင်း ရယ်မော၍ ပြောလာ၏။ ဆရာကြီးဦးဆန်နီနှင့် ဆုံတွေ့သော တစ်နေ့၌ မောင်လှမြင့်က ဆရာကြီးအား...

'ဆရာကြီး ကျွန်တော်တို့က အနုပညာသမားဆိုတော့ လူချစ်လူခင်များဖို့ လိုတယ်။ လူချစ်လူခင်များရင် ထင်ပေါ်မယ်။ ထင်ပေါ်ရင် ငွေများများ ရှာလို့ရမယ်။ လူချစ်လူခင် ပေါ်များတဲ့နည်းရှိရင် တပည့်တွေကို ပေးဦးမှပေါ့။ ဆရာကြီးကျေးဇူးကို တစ်သက်မမေ့ပါဘူး'

မောင်လှမြင့်က ရယ်မော နောက်ပြောင်သလို ပြောလာသောအခါ ဆရာကြီးက ပြုံး၍...

'အေးလေ ပရိသတ်တစ်ဦးချင်းနဲ့ တွေ့တဲ့အခါ ကိုယ့်ကို ချစ်ခင်လာအောင်လုပ်တဲ့နည်းတော့ ရှိတယ်။

www.burmeseclassic.com

နည်းကောင်းလေး သိချင်တော့ မှတ်ထားပေါ့'

ဟု ပြောပြီး အောက်ပါ ဓာတ်ဆင်နည်းကို ပေးသွားကြပါသည်။

(က) ဗုဒ္ဓဟူးသားကို တနင်္ဂနွေသားက ချစ်ခင်စေချင်လျှင် ဝါးဥ၊ ဝ,ဥ၊ ဝက်အူ စားပြီးသွားပါ။

(ခ) ဗုဒ္ဓဟူးသားကို တနင်္လာသားက ချစ်ခင်စေချင်လျှင် လက်ခုပ်သားကို လိမ်း၍ ဆောင်သွားပါ။

(ဂ) ဗုဒ္ဓဟူးသားကို အင်္ဂါသားက ချစ်ခင်စေချင်လျှင် လက်စွပ်ကို လက်နှင့် ဆုပ်သွားပါ။ ဝတ်မသွားပါနှင့်၊ လက်စွပ်ကို လက်ညှိုးနှင့် ထိထားရမည်။

(ဃ) ဗုဒ္ဓဟူးသားကို ဗုဒ္ဓဟူးသားက ချစ်ခင်စေချင်လျှင် ရွက်လှပန်းကို ဆောင်သွားပါ။

(င) ဗုဒ္ဓဟူးသားကို ကြာသပတေးသားက ချစ်ခင်စေချင်လျှင် လက်ပံသားလိမ်း၍ ဆောင်ပါ။

(စ) ဗုဒ္ဓဟူးသားကို သောကြာသားက ချစ်ခင်စေချင်လျှင် ဝါးသီးကို ဆောင်သွားပါ။

(ဆ) ဗုဒ္ဓဟူးသားကို စနေသားက ချစ်ခင်စေချင်လျှင် လက်ထုတ်ခေါက်ကို လိမ်း၍ ဆောင်ပါ။

အင်္ဂဝိဇ္ဇာနည်းအရ **"ကဗ္ဗာအရင်း၊ ကံနောက်သွင်း၊ လိုရင်းရှိ တတ်စေ"** ဆိုသည့် စာဆိုအတိုင်း ကျန်သောနေ့သားများနှင့် ပတ်သက်၍ စားရမည့်သစ်သီးနှင့် ဆောင်ရမည့် ပစ္စည်းများကို အကျဉ်းချုပ် ဖော်ပြလိုက်ပါသည်။

**တနင်္ဂနွေ၊ တနင်္လာနှင့် အင်္ဂါနေ့သားသမီးများအတွက်** အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။ **ဥပမာ။** ။ တနင်္ဂနွေသားသည် တနင်္ဂနွေသားနှင့် တွေ့ပါက အင်ဥစား၍ အုန်းသား ဆောင်ရမည်။ အင်္ဂါသားနှင့်တွေ့ပါက ဩဇာသီး စားသွားပြီး ဩဇာညွန့် ဆောင်သွားရမည်။

***

| တွေ့လိုသည့် နေ့သား | တနင်္ဂနွေ | တနင်္လာ | အင်္ဂါ |
|---|---|---|---|
| တနင်္ဂနွေ | အင်ဥ၊ အင်သား၊ အုန်းသား | ကြက်ဥပြုတ်၊ ခအောင်းသား | စာအုပ်ကိုင် |
| တနင်္လာ | အကျော် | ကုက္ကို၊ ကံ့ကော်၊ ကျွန်းသား | စက္ကူကိုင် |
| အင်္ဂါ | အုန်းသီးဆန်၊ ဩဇာသီး | ကောက်ညှင်း၊ ကညွတ် | ဆီကိုလက်နှင့်တို့ |
| ဗုဒ္ဓဟူး | အုန်းလက် | စောင်းလျား၊ ခရာ | ဆေးလိပ်ကိုင် |
| ကြာသပတေး | အုန်းမြစ်၊ အုန်းပွင့် | ချည်ပေါင်၊ ချည်ပေါင်မြစ် | စိန်ပန်း |
| သောကြာ | အုန်းသီး၊ အုန်းသား | ကသစ် | ဆပ်ပြာသား |
| စနေ | ဦးထုပ် | ခံတက်သား | ဆေးအုန်း၊ စစ်တံ[illegible] |

**ကြာသပတေး၊ သောကြာနှင့် စနေသားသမီးများအတွက်** အောက်ပါအတိုင်း ဆောင်ရွက်ရပါမည်။ **ဥပမာ။ ။ ကြာသပတေးသားသည်** တနင်္ဂနွေသားနှင့် တွေ့သည့်အခါ ပန်းဥကို သွေးလိမ်း၍ ဆောင်သွားရမည်။ **တနင်္လာသားနှင့်တွေ့ပါက** မန်ကျည်းသား သွေးလိမ်း၍ ဆောင်သွားရမည်။

တွေ့ရမည့်သူများ အဆင်ပြေချောမော ချစ်ခင်လာစေရန်အတွက် **အထက် ဖော်ပြပါ အသီးများကို စားသွားရမည်။ အပွင့်အရွက်များကို ဆောင်သွားရမည်။ အပင်များကို သွေး၍ နဖူးတွင် လိမ်းသွားရမည်။**

စကားမပြောမီ တွေ့လိုသည့် နေ့သားကို အာရုံပြုပြီး မေတ္တာသုတ်ကို ကြိုတင် ရွတ်ဖတ်သရဇ္ဈာယ်သွားပါက ချစ်ခင်မြတ်နိုးမှုကို မလွဲမသွေ ခံစား[illegible]

***

| တွေ့လိုသည့် နေ့သား | ကြာသပတေး | သောကြာ | စနေ |
|---|---|---|---|
| တနင်္ဂနွေ | ပန်းဥ | သစ်အယ် | နှင်းဥ |
| တနင်္လာ | မန်ကျည်းသား | သကြား | ဒန့်ကြီး |
| အင်္ဂါ | မှုန့်ဆန်း | သစ်ဆိမ့်သီး | တစောင်းပင် |
| ဗုဒ္ဓဟူး | မရွေး၊ မလွှဲသား | သရက်သီး | ထန်းလက် |
| ကြာသပတေး | ပေါက်ပေါက်၊ ပျို့မ | သဘော်သီး | နှမ်းပျစ်၊ တယ[illegible] |
| သောကြာ | ဖက်သန်းသား | သီးသီး | ထန်းသီး၊ ထိ[illegible] |
| စနေ | ပန်းနု | သီတင်းသား | နာနတ်သီး၊ [illegible] |

အလုပ်အကိုင်အတွက် Interview လုပ်မည့်သူများ၊ ဝန်ထမ်းအကြီးအကဲနှင့် တွေ့ရမည့်သူများ၊ ချစ်သူနှင့် မည့်ဖြစ်ကြောင်း တင်ပြလိုက်ပါ[illegible]

**တက္ကသိုလ် အဖေ့ငယ်**





www.burmeseclassic.com

www.burmeseclassic.com



# ကျွန်းအောက်ယက ဆေးနှစ်ပါး

ရွှေတောင် ခင်မောင်ကြည်

ပြဒါးမိအောင်ဖမ်း (၂)

ယခင်လမှ အဆက်

၂၀၁၂ ခုနှစ်၊ မေလ (၂၅)ရက်၊ သောကြာနေ့က ဖိုးဟန် ရန်ကုန်မြို့ကို ရောက်ပါတယ်။ မနက် (၁၀)နာရီခွဲ လောက်မှာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း တိုက်ကိုရောက်တော့ စာတည်းချုပ်နဲ့ တွေ့ရပါတယ်။

တွေ့ကြဆုံကြ ပြောကြဆိုရင်း စာတည်းချုပ်က စကားတစ်ခွန်းကို ဆိုတယ်။ နားထောင်ကြည့်ကြပါ။

'ချွန်ခဲ့ပါဗျာ'

စာတည်းချုပ် ဘာကို ဆိုလိုက်မှန်း မောင်ဖိုးဟန် နားမလည်ပါဘူး။

'ဆရာကျော် ဘာပြောတာလဲဗျ' လို့ မေးလိုက်တော့...

'အသက်မသေခင် ကျွန်အောင် ချွန်ထားခဲ့ပါဗျာ'

အ,လိုက်တဲ့ဖိုးဟန် တည့်တည့်ပြောမှ သိပါတော့တယ်။

အဂ္ဂိရတ်၊ မီးအတတ်၊ ပညာရပ် မောင်ဖိုးဟန် သိခဲ့သမျှလေး၊ တတ်ခဲ့သမျှလေး မသေခင် ရေးခဲ့ဖို့၊ သေရာယူမသွားခဲ့ဖို့၊ ပြောနေတာပါလား။

အဂ္ဂိရတ်လောကမှာ တိမ်မြုပ် ပျောက်ကွယ်တော့မယ့် မီးပညာနဲ့ နည်းပညာ ပညာရပ်(၂)သွယ် မကွယ် ပျောက်စေဖို့။

စာတည်းချုပ်ရဲ့ မေတ္တာထားလို့ စေတနာပွားတဲ့ စကားတစ်ခွန်းကို ညွှန်းဆိုရ၊ အဖိုးအနဂ္ဃ ထိုက်တန်လှစွာ အတိသယဝုတ္တိအလင်္ကာ...

မောင်ဖိုးဟန် ဒီလိုတွေ တွေးလို့၊ ဒီလိုတွေ ရေးပါတယ်။

အဖျက်အဆီး မကြောက်ပါဘူး။ ကြောက်စရာလဲ မလိုဘူး။

ထွက်ရပ်စခန်း မြန်းကြွတော်မူကြတဲ့ ထွက်ရပ်ပေါက်ပုဂ္ဂိုလ်ကြီးတွေက ဖြစ်စေချင်လွန်းလို့မှ အဂ္ဂိရတ်ကျမ်း အစောင်စောင်ကို ရေးသား ပြုစုခဲ့ကြတာပဲ။ သူတော်ကောင်းကြီးတွေပါ။ တချို့ဆို အလောင်းအလျာကြီးတွေပါ။ ဓာတုပရိနိဗ္ဗာန်ပွဲ ဆင်နွှဲကြမယ့် ဆုကြီးပန်တွေပါ။

**ဓာတုပရိနိဗ္ဗာန်ပွဲ နတ်တို့ရဲ့ပွဲ ဝိဇ္ဇာတို့ရဲ့ပွဲ ။ လူသားမနီ မရောက်နိုင်တဲ့ပွဲ၊ ကဲ ...စဉ်းစား။**

သူယုတ်မာနတ်ဆိုး လူဆိုး မကောင်းဆိုးဝါးတွေကသာ ဖျက်ကြမှာ။ ဖျက်ကြတာ။ အဖျက်အဆီးဆိုတာ ပါရမီဖြည့်ဖက်တွေ။ ဖျက်ကြစမ်းလေ။ ကိုယ့်လူတို့။

မြတ်ဗုဒ္ဓကို မာရ်နတ်ဖျက်တယ်။ ဒေဝဒတ်ဖျက်တယ်။ စိဉ္စမာနဖျက်တယ်။ သူတို့ကိုယ်တိုင် အကျိုးယုတ်ကြ၊ နစ်နာကြ။ တချို့ဆို အဝီစိက မတက်နိုင်...

သုံးလောကထွတ်ထား မြတ်ဘုရားကို မကောင်းကြံ၊ ခံရတာက သူတို့။ သူတို့က အနစ်နာခံပြီးတော့ကို ပါရမီဖြည့်ကြတဲ့သူတွေ။ မထူးခြားဘူးလား။ ထူးခြားလိုက်တာမှ ဆန်းဆန်းပြားပြား။ တွေးတွေးကြည့်လေ အံ့သြလေ။ သြော်...သူတို့တွေ။

အခုလဲ ထိုနည်းလည်းကောင်း ထိုနည်းလည်းကောင်းလို့ ထင်ပါတယ်။

ဖျက်ကြပါစေ။ သေသည်အထိ။ ထိကြမှာက ပြုသူတွေ။ ပြုသူအသစ်၊ ဖြစ်သူအဟောင်း။

ပရိကံလေးကလဲ ကောင်းမှ၊ ဖြည့်ဆည်းမှု စရဏကလဲ အမြဲမှာန် ရက် မပျက်။ ဆက်တိုက်။ ရှိမယ်။

www.burmeseclassic.com

ရှေးဘုန်းရှေးကံ အကြောင်းဖန်တဲ့ ပါရမီလဲပါလာမယ်ဆိုရင် ဘယ်သူတွေ ဘယ်လောက်ဖျက်ဖျက် ပျက်လိမ့်မယ် မထင်လေနဲ့။ ဖျက်လိုက်ကြစမ်း။ အဝီစိလောက်တော့ တန်းခနဲပဲ။

ပဌာန်းဆက်တွေက လက်ဆွဲခေါ်ကြလိမ့်မယ်။ မနေဘူး။ ခေါ်တဲ့ အချိန် လိုက်နိုင်ဖို့ အသင့်သာ ပြင်ထားကြပေရော့။ ပါရမီရှင်တွေကို ပြောတာ။

ကဲ ဖြစ်နိုင်ကြောင်းလေးတွေကို တော့ စေတနာကောင်းနဲ့ ရေးခဲ့ပါပြီ။

ကွမ်းအစ်ထဲက ဆေးနှစ်ပါး ဆက် ကြပါစို့ရဲ့…

'ကွမ်းအစ်ထဲက ဆေးနှစ်ပါးဆိုတာ **လောကီသိပ္ပံဝိဇ္ဇာဓိုရ်ကျမ်း စာမျက် နှာ (၉၀)မှာပါတဲ့ ရှားစောင်းမြို့ဆရာ ကြီး ဦးမင်းရဲ့…**

'ဗေဿုတ္တ။ ဿသတ်သည့် ရောဂ်ဆေးတဲ့ ငွေပေးလို့ မဝယ်ရနိုင်…

၁။ ကွမ်းအစ်ထဲက ဆေးနှစ်မည်

၂။ ဟင်းရွက်သည်က ဆေးနှစ်ခု

၃။ တရုတ်စုက ဆေးနှစ်တွေ ရောယှက်လို့မွှေ ဖယောင်းသားကျ သူ့အနေကို ညက်စွာလေ ကြိတ်ခြား ကြိတ်ပြီးရ ထိုဆေးကို လုံးသေး သေးလုပ်ပါလေ ဖုံးပိတ်နှပ်ပေး

ပြီးရည် မတ်မသွေကို ထည့်ပါလေ လုံတွင်း သို့လေး'

ဆရာရသေ့ဦးအောင်နက် တစ်ချက် ကလေး မမှား၊ စာဝါးသလို ရွတ်လိုက် တာ ဘာကျမ်းမှ မသိတဲ့ ဘာကျမ်းမှ မကြည့်တဲ့ မောင်ဖိုးဟန်အဖို့တော့ ရွတ်ပြတုန်း ကြားကာ မတ္တ။ အနှ ဘာမှ မသိ။

'နေ့ချုပ်ရက်ချုပ် ရှားစောင်းမြို့ ဆရာကြီး ဦးမင်းရဲ့ မူရင်းမူမှန်က စာပိုဒ်(၈)ပိုဒ်ရှိတယ်။ (၁)ကနေ (၅)အထိက လင်္ကာစဉ်တော်။ (၆)ကနေ (၈)အထိက အင်္ဂရုတ်သုတေသီ တို့ လိုက်နာရမယ့် ဆုံးမစကား'



ဆရာရသေ့စကား ကြားရတော့ မောင်ဖိုးဟန်အံ့လဲ အံ့ဩ။ ပြောလဲ မပြောနိုင်။ ငေးငိုင်။

'ကွမ်းအစ်ထဲက ဆေး(၂)မည် မသိတဲ့ကောင်၊ ဟင်းရွက်သည်က ဆေး(၂)ခုလဲ သိမှာ မဟုတ်ဘူး။ တရုတ်စုက ဆေး(၂)မယ်တွေတော့ ဝေးရော ဟဲဟဲ…ဟဲဟဲ…ဟဲဟဲ'

တသောသောနဲ့ ရယ်လိုက်တဲ့ ဆရာရသေ့။ မရပ်ဘူး။ ဆက်တိုက်။ ပြက်ရယ်ပြုလိုက်ပုံက မောင်ဖိုးဟန် အနေခက်။ ရှက်တောင်ရှက်လာ။ မျက်နှာထူပူလျက်က…

"ဘာရှက်စရာလဲ" ကိုယ့်ဟာကိုယ် အားတင်း "ဆရာတပည့်အရင်း"

'တပည့်တော်က သိမှ မသိဘဲ ဆရာတော်ရဲ့။ တပည့်တော် မသိတာ ကို သိအောင် သင်ပေးရမှာက ဆရာ တော်လေ'

'ဟုတ်ပဗျာ ကိုဖိုးဟန်ရဲ့ ရသေ့ ဆရာ ငါ တာဝန်ကျေလိုက်ပါ့မယ်'

ဖိုးဟန်သိရတော့မယ်။ ကြည်နူးဝမ်းသာ ရှိလိုက်ပါဘိ။ မျက်နှာမှာ ပီတိဖုံး။ ပြုံးပြုံးကြီးဖြစ်လာ။

'ကွမ်းအစ်ထဲက ဆေး(၂)ပါးဆိုတာ **ကွမ်းရွက်နဲ့ ဆေးရွက်ကြီးကွ။ အစဝ် အစဝ်**'

အလိုလေး ဆင်ဆိုသည့်မှာ ဆိုတာ မျိုး မဟုတ်ပါလား။ တဲ့တိုးကြီးပါလား။ ဖွင့်ပြောလိုက်ပုံကြီးက။ ဖိုးဟန်မြင်ပြီ။ လင်းလင်းချင်းချင်းကြီး။

ရသေ့ဆရာ ဖွင့်သာ မပြလို့ကတော့ စုံလုံးကန်းမယ့်အဖြေ၊ သိဖို့ကလဲ ခက် ခဲနေ။

'ဟင်းရွက်သည်က ဆေး(၂)ခုဆို တာက **တမာရွက်နဲ့ ပဒိုင်းခတ္တာ (၃)ဆင့်အရွက်။** ပဒိုင်းခတ္တာ အပွင့် ပွင့်ရင် အပွင့်က (၃)ဆင့်ရှိတယ်။ တချို့က ပဒိုင်း(၃)ဆင့်အစား ကြက် ဟင်းခါးရွက်ကို သုံးကြတယ်။ **အခါး** ကွ'

မောင်ဖိုးဟန် ပဒိုင်း(၃)ဆင့် ခတ္တာ ပင်ကို မြင်ဖူးပါတယ်။ တရုတ်မော်ရွာ ဥသျှစ်ပင်ကျောင်းထဲမှာ၊ ဆွမ်းစား ကျောင်းရဲ့ အနောက်တောင်ထောင့် မှာ။ ဝေဝေဆာဆာ ရွက်ဖားဖား ကျကျ။ သန်စွမ်းမြင့်မား။ လူတစ်ရပ် နီးပါး။

ဆရာတော်ကြီး ဦးကလျာဏ အင်္ဂရုတ်မှာ သုံးတာလိုလို၊ အဲဒီတော့ ဖိုးဟန်သိလိုက်ရပါတော့တယ်။ သိချင် စိတ်က ပြင်းတော့ အတင်းအတင်း မေးလိုက်တယ်။

**'တရုတ်စုက ဆေး(၂)တွေ ဆို** တာကရော ဘုရား'

ဆရာရသေ့က ဂနာမငြိမ် စောင့်နိုင် အောင့်နိုင်ခြင်းမရှိ။ သိပ်သိချင်နေတဲ့ ဖိုးဟန်ကို စေ့စေ့ကြည့်တယ်။

ဖိုးဟန်ကလဲ မျက်နှာမလွှဲပါဘူး။ တည့်တည့်ပဲ ပြန်ကြည့်တယ်။ဒါပေ မယ့် မျက်နှာလေးက ညိုလို့။ တစ်ဖက် သား ပြောကြားချင်စဖွယ်…

'မင်းက သိချင်နေလိုက်တာ သနား စရာတောင် ကောင်းနေပြီ၊ ပြောရသေး တာပေါ့။ တရုတ်စုက ဆေး(၂)တွေ ဆိုတာ **လေးညှင်းပွင့်နဲ့ ရေ ကောင်းစေ့ပဲကွ။ အပူ'**

'မသိရင်တော့ ခက်ပြီပေါ့ ဘုရား နားနဲ့ မျက်စိ ကပ်ရှိပါလျက် ဝေးသလို



www.burmeseclassic.com

www.burmeseclassic.com

'မင်းတို့ခေတ်မှ မင်းမသိတာ။ သူတို့ခေတ်က သူတို့သိတယ်'

မောင်ဖိုးဟာန် ဆင်ကြံ ကြံပြီး မပြောချင်လေ မေးချင်လေ။

'ဆရာဟာန်နဲ့ ဆရာပုဏ်တို့ အဲဒါ သုပ်နေကြတာလား ဘုရား'

'အေး ဟုတ်တယ်။ ဆေးအမည် (၆)ပါးစလုံးတော့ မဟုတ်ဘူး။ ဆေး (၂)ပါးတည်းရယ်... ရှားစောင်းခြံ ဆရာကြီးရဲ့နည်းနဲ့တော့ အနည်းငယ် သွေဖယ်။ တစ်မျိုးကြံထားတယ်'

မောင်ဖိုးဟာန် ဘကုံးအကွာရာ ရှေ့ဘင်လို့ မေးခွန်းတွေ ဆက်တိုက် မေးလိုက်ပြန်ပါပြီ။

'ဘယ်ဆေးတွေလဲ ဘုရား'

'ကွမ်းအစ်ထဲက ဆေး(၂)ပါး'

'ဘာလုပ်မလို့လဲ ဘုရား'

'ပြဒါးဖမ်းနေတာဟေ့ သိပလား၊ ပြဒါးခဲနေတာ'

'ဘယ်လိုလုပ်တာလဲ ဘုရား'

ရသေ့ဆရာ ပြုံးလိုက်ပြန်ပါပြီ။ မဲ့ပြုံး ဖိုးဟာန်ကို မကြည့်ဘူး။ မျက်နှာတော် တစ်ဖက်လွှဲလို့... ပြီး... ဖိုးဟာန်ကို ပေါင်းစီးကရက် တစ်လိပ်ပေးတယ်။ နှုတ်ဆိတ်စေချင်လို့ နှုတ်ပိတ်လိုက်တာနဲ့ တူပါရဲ့။ သူလဲ တစ်လိပ်သောက်တယ်။

စီးကရက်ကို မှိန်းရင်း ဖိုးဟာန် တွေးချက်ကို ဖြန့်လိုက်တယ်။ တစ်မျိုးပြီး တစ်မျိုး မရိုးနိုင်ပါလား။ အရင်တစ်ခါက တဲ နာကျိုးနဲ့ ပြဒါးဖမ်းတယ်။ အခုလဲ တစ်ခါ... တစ်မျိုးဆန်း။ ဖမ်းပြန်ပြီ... ပြဒါး။

ဖိုးဟာန်ဆိုတာ ဆရာရသေ့ရဲ့ တပည့်ရင်း။ သံယောဇဉ်ကင်းလို့တော့ ဘယ်ရမလဲ။ ပြောရပြီ။ စိတ်ပါလက်ပါ နဲ့ ဆရာရသေ့တို့များ ဆိုတာလေ။ ဟုတ်ပဲ။



'ကွမ်းရွက် (၁၀)ကျပ်သား အရိုးမပယ်နဲ့ သံဆုံထဲ ထည့်ပြီးထောင်း။ ထောင်းလို့ရတာကို ကြွေဇောက်ပန်းကန်လုံးကြီးထဲကိုထည့်၊ ရေထည့်၊ သတ္တုရည်ဖြစ်အောင်ဖျော်။

ဆေးရွက်ကြီးကိုလဲ အဲဒီအတိုင်းလုပ်၊ ဆေးရွက်ကြီး သတ္တုရည်က နီညိုရောင်အဝါဖောက်၊ သတ္တုရည်(၂)ခုကို ပေါင်း'

'ပြီးတော့ရော ဘုရား'

'ဟာန်တိုးနဲ့ လှသန်းတို့ လုပ်ကိုင်နေတဲ့ဆီသွားကြည့်'

တုံးတိကြီးဗျာ ပြောချလိုက်တာ။ ဒါလေးများ ဆက်ပြောရောပေါ့။ ဟုတ်ဘူး လက်တွေ့သိစေချင်လို့နဲ့ တူပါရဲ့။ ရှိပါစေတော့။ ကိုယ်က လိုချင်တာမှ လား။ သည်းခံထားပါမှ တော် မယ် မောင်ဖိုးဟာန်။

မြင်လဲမြင်ရ။ သင်ပြသလို။ အဲသလို ဆရာရသေ့...

ဆရာရသေ့နဲ့ မောင်ဖိုးဟာန် အချီအချ မေးသံ ဖြေသံတွေကို ဆရာဟာန်နဲ့ ဆရာပုဏ်တို့ ကြားကြတယ်။ ဒါပေမယ့် တစ်ခွန်း ဝင်မပြောဘူး။ မထောက်ဘူး။ မစွက်ဘူး။ နေရက်လိုက်ကြတာ။ မေတ္တာကိုဖြတ်။ သံယောဇဉ်ပဲ ပြတ်သလိုလို... အလကား။

ဟန်ဆောင်ပန်ဆောင်။ ပြတ်ပါလိမ့်မယ်။ အားကြီး။ မောင်ဖိုးဟာန် တပည့် အကောင်းစားလေးကို...

တန်ဆောင်းလေးက တရားကူ(၂)နဲ့ (၃)ရဲ့ အကြားမှာရှိတာ။ တန်ဆောင်းကျဉ်းကျဉ်းလေး။ အနံက(၁၀)ပေ၊ ရှေ့မျက်နှာစာ အလျားက(၁၅)ပေလောက်။ လူ(၁၀)ယောက်လောက်သာ ထိုင်လိုက်ကြ။ နေရာက ကျပ်နေပြီ။ ဖင်မလှည့်သာ ခေါင်းမလှည့်သာ။

ဆရာရသေ့နဲ့ ဆရာဟာန်တို့ ထိုင်နေကြတာက ကြားထဲမှာ (၃)တောင်လောက်ပဲ ကွာမယ်။

ဆရာရသေ့က တန်ဆောင်းလေးရဲ့ အရှေ့မြောက်ထောင့်။ ဆရာဟာန်နဲ့ ဆရာပုဏ်က အနောက်မြောက်ထောင့်။ ဖိုးဟာန်က တန်ဆောင်းလေးရဲ့ တောင်ဘက်အစပ်။ တောင်အရပ်ကို ကျောပေး မြောက်အရပ်ကို မျက်နှာမူ၊ ရှေ့တူရှုမှာက သူတို့(၃)ယောက်စလုံး ရှိနေကြတာ။ မြင်နေရတာ။ မမြင်ချင်အဆုံး အတိုင်းသား။ ထင်းထင်းကြီး။

လှမ်းကြည့်လိုက်တော့ အရင်တစ်ခါလို နာကျိုးနဲ့ ပြဒါးဖမ်းနေကြတာကတော့ မဟုတ်ဘူး။ ပုံစံကတော့ တော်တော်တူတယ်။

မှန်အိမ်လေးရဲ့ ထိပ်ကိုင်းမှာ ဇောက်လုံနံပါတ်(၂) အကြီးလေးတစ်လုံးကို သွပ်နန်းကြိုး နှစ်ချောင်းနဲ့ ဘယ်ညာ (၂)ဖက်ဟ။ ခွပြီး ချိတ်ထားတယ်။

(၂)နံပါတ် ဇောက်လုံရဲ့ ဖင်အောက်မှာ သွပ်နန်းကြိုးကို (၀)လုံးပုံ ခွေပြီး ခံထားတယ်။ အဲဒီ သွပ်နန်းကြိုး (၀)လုံးပုံအဝိုင်းလေးကို မှန်အိမ်ကိုင်းထိပ် ချိတ်ထားတဲ့ သွပ်နန်းကြိုး(၂)ချောင်းက ခက်ခက်ပြီး ဆက်ထားတယ်။ ဆိုင်းထမ်းလေးလို၊ ပုခက်လေးလို။ တွဲလောင်းလေး...

မှန်အိမ်လေးရဲ့ မီးစာမှာ မီးတင်ထားတယ်။ မီးရှိန်အနိမ့်အမြင့် ကာလစ်

www.burmeseclassic.com

ကလေးကိုလဲ ကစားနေတယ်။ နှိမ့်လိုက်၊ မြင့်လိုက်။ အလင်းတောက်လိုက်။ ပျောက်သွားလိုက်။

မှန်အိမ်ကလေးခမျာ ဆရာဟန့်လက်နဲ့ နှိပ်စက်ချင်တိုင်း နှိပ်စက်တာခံနေရရှာတယ်။ မသက်သာဘူး။ ဖွတ်ဖွတ်ညက်ညက်ကို ကြေလို့။ တကယ်ပဲ။ မသေရုံတမည်...

ဖိုးဟန် မှန်အိမ်လေးနားကို ရောက်သွားတော့ ဆရာဟန်က မှန်အိမ်လေးရဲ့ မီးစာကို နှိမ့်လိုက်တယ်။ ဖိုးဟန် ငုံ့ကြည့်လိုက်တော့ မှန်အိမ်ပြောင်းထိပ်ဝက ဖောက်လုံလေးထဲမှာ ရေခန်းတော့မှာပါလား။ စပ်ကျဉ်းလေး...

ဖောက်လုံထဲမှာက ပြဒါးလုံးကလေး ရေခန်းစပြုပြီ။ ပြဒါးလုံးလေး ဘေးတစ်ဖက်မှာ အိုင်တိုင်တိုင်လေး ရစ်နေတယ်။ သတ္တုရည်။

လုံအောက်က မီးပူတော့ ပြဒါးလုံးလေး မျက်နှာပြင်က ကျဲသွားလိုက်။ ပြန်စုသွားလိုက်။ ပွင့်သွားလိုက်။ မှိတ်သွားလိုက်။ ကျယ်သွားလိုက်။ ကျဉ်းသွားလိုက်။

ဆရာဟန်က ကြွေဖောက်ပန်းကန်လုံးကြီးထဲက အရည်တွေကို လက်ဖက်စား ကြွေဇွန်းကလေးနဲ့ ခပ်တယ်။ ဇွန်းတစ်ဝက်မရှိ။ တရှိ။

လုံထဲကို လောင်းထည့်လိုက်တယ်။ လုံထိပ်ဝမှာ ကြွေဇွန်းကပ်ပြီးတော့မှ လောင်းထည့်တာ။ သေချာတိကျလိုက်ပုံက...

အရည်တွေ ထည့်တာကို ဖောက်လုံအတွင်းဘက် တစ်ဝက်အထိ ထည့်တယ်။ ကြည့်လိုက်တော့ ဖောက်လုံအတွင်းဘက် အောက်ဘက်က အရည်။ သူ့အပေါ်တစ်ဝက်ကတော့ လေဟာနယ်။ နောက် မှန်အိမ်ကလစ်ကလေးကို လက်ယာရစ်လှည့်ပြီး တင်



လိုက်တယ်။ မီးမြှင့်လိုက်ပြီ။

မကြာလှဘူး။ လုံထဲကရေ ပလုံကလေးတွေ စီလာတယ်။ (၂)မိနစ်အတွင်း ဆူလာပြီ။ ပွက်လာပြီ။

ဆရာဟန်က ဆူတာကို အပွက်မခံဘူး။ မီးကို လျှော့လိုက်ပြီ။ လုံဖင်ကို ဟပ်နေတဲ့ မှန်မီးအိမ်ရဲ့ တေဇောကလဲ အပူရှိန် လျော့သွားပြီ။

ပလုံစီတာလေးတွေ ပျောက်၊ လုံထဲက ရေငြိမ်ပြီး ပြဒါးလုံးကို ဖောက်မြင်ရလောက်တဲ့အချိန် မီးရှိန်ကို ပြန်ပြီး မြှင့်ပြန်တယ်။ တေဇောသွင်းလိုက်ပြန်ပါပြီ။

လုံထဲကရေ ဆူလာပြန်တော့ မီးရှိန်ကို ပြန်လျှော့။ ပွက်တယ်ဆိုရုံလေး။ မီးပေးထားလိုက်ပြန်ပြီ။

ပလုံလေးတွေစီပြီး ပွက်လိုက်၊ အငွေ့ကလေးထွက်လိုက်။ ပွက်လိုက်။ ထွက်လိုက်။ ချိန်ကိုက်ပြီး ပေးထားတဲ့ မီး။ မီးရှိန်က မှန်...

ဖိုးဟန် တွေးကြည့်တယ်... ကြက်သားကို ပြုတ်သလို... ပြဒါးကို ပြုတ်နေတာပဲ။ ရေလုံပြုတ်။

ကြက်သားပြုတ်အိုးက အိုးအဖုံးကို ဖွင့်တယ်။ ပိတ်တယ်။ ဖွင့်တဲ့အခါဖွင့်၊ ပိတ်တဲ့အခါပိတ်။

ပြဒါးပြုတ်တဲ့ လုံကတော့ အဖုံးမပါ။ ဟာလာဟင်းလင်း။ ထုတ်ချင်းခတ်မြင်ရ။ စိတ်ချရတဲ့ နည်းစနစ်။ ဘေးဖြစ်ဖို့မလွယ်။ လွယ်လိုက်လေ...

ခက်လှတယ်လို့ ထင်ရတဲ့ နည်းပညာနဲ့ မီးပညာ။ ပြဒါးကို ရက္ခ... သတ္တုရည်နဲ့ ဖမ်းနေတာပါလား။ (မ... မနှောတဲ့ မူလသဘော။ ပြောကြ... တောင် ယုံနိုင်စရာမရှိ။

ဒါကြောင့်လဲ "**လောကီသိပ္ပံ ဓိ... ဝိုရ်ကျမ်းအမျိုးမျိုး**" ထဲမှာပါ... "**ကပ္ပိလက်ာရကျမ်း**" စာမျက်... (၉၃) "ငြိုဟ်(၁၀)ပါး သဘော... လက္ခဏာ" စကားစဉ်ထဲမှာ...

'အလွန်တရာ ဆင်းရဲသူကိုသော...
ထမင်းချက်သည်ထက် လွယ်ပါသည်'
လို့ ရေးသားထားခဲ့တာပဲ။

လူလဲ သက်သာ ကုန်ကျစရိတ်... နည်း။ အချိန်ကုန်တာ တစ်ခုပဲ။ ... စရာရှိ။

ဟော ကြည့်နေရင်း ခန်းသွား... ပါပြီ။ ဆရာဟန် သတ္တုရည်ကို ... ထည့်ပြန်ပါပြီ။ လက်ငြိမ်ငြိမ်နဲ့ ကြွေ... ကလေးကို ဖြည်းဖြည်း ဖြည်း... စောင်းစောင်းပြီး လောင်းလောင်း... တာ။ လုံတစ်ဝက်ထက်တော့ မ... တစ်ဖက်မရှိတရှိသာ...

သတ္တုရည်ကို ကြည့်လိုက်... ကွမ်းရွက်ရည်နဲ့ ဆေးရွက်ကြီးရည်... ပေါင်းစပ်ထားတာပါလား။ စိမ်းဝါ... ပြာနောက်နောက်။

'ဆရာဟန် ပြဒါးဖမ်းတာ ဘ... လောက်ကြာမလဲ'

'မနေ့က မနက်(၈)နာရီမှာ ... စတင်တယ်။ ညနေ(၄)နာရီမှာ မီး... တယ်။ ကနေ့တော့ မနက်(၉)နာ... မီးတင်တယ်။ အခု မင်းရောက်... အထိပဲ'

'ပြဒါးအခြေအနေ ဘယ်လိုထဲ...

'မီး တစ်ရက်တင်ရုံလောက်နဲ့... ဘာခဲဦးမလဲကွာ။ ကြက်... သာ'

'ကြက်ချေးစုသ...သာ... တယ်...



www.burmeseclassic.com

www.burmeseclassic.com

တ်ပါလားဗျ'

'အဲဒါတောင် (၁)ရက်တည်းရှိ သေး။ မနက်ဖြန်ဆို (၃)ရက်...ခဲပြီ'

ဆရာဟန် ပြောလဲပြော ပြောနေ င်း လုံထဲက သတ္တုရည်ကို ကြည့် တယ်။ ထပ်ထည့်တယ်။

ခန်းခါနီးလိုက်၊ ထည့်လိုက်။ ထည့် လိုက်နဲ့ ပြဒါးက တင်းလာတယ်။ ပြောင်လာတယ်။ အပေါ်ကြော။

ညနေ (၃)နာရီကျော်ကျော်မှာတော့ သတ္တုရည် ခန်းခါနီးအထိ ထားတယ်။ ပြဒါးထိပ်မှာ သတ္တုရည်က စပ်ကျဉ်း လေး။ ခပ်ပါးပါး။ အုပ်လို့။


သတ္တုရည် ပါးပေမယ့် ပြဒါးကငြိမ်။ လှုပ်။ တေဖောအလုပ် လုပ်နေပြီ။ မှာနေသလိုပဲ... သေလုမျောပါး။

ဖိုးဟန် လုံကို ညှပ်နဲ့ ညှပ်ယူပြီး ပ်ကြည့်လိုက်တော့ ဘောလုံးတစ်လုံး လို လိမ့်...လိမ့်ပါလာတယ်။ ပေါက် ထွက်ဘူး။ ဆန်ကွဲ မကွဲဘူး။ ငါးစီ ပေါင်းကလေးကို လက်ညှိုးနဲ့ လက်မ ညှပ်ပြီး ဖိလိုက်တော့ ထိထိမိမိ ခံစား လိုက်ရတဲ့ တွန်းကန်မှုလေးလို

ပလတ်စတစ်အိတ်ထဲမှာ ရေထည့်။ လုံအောင်ပိတ်။ အထုပ်လိုက်ကလေး။ လက်ထဲမှာထည့်။ လက်ညှိုးနဲ့ ထိုး ကြည့်လိုက်ရင် ဖောင်းနေသလိုမျိုး။ တင်းတင်းရင်းရင်း။ ခပ်ထပ်ထပ် ကလေး။ တုံ့ပြန်မှု အားအပြည့်နဲ့။

ပြဒါးလုံးကလေးက သူ့အထဲမှာ ဝင်နေတဲ့အပူ... လုံအပူတို့ကြောင့် ထေဝီဆိုက်နေတာတော့ သေချာပြီ။ တစ်နေ့နဲ့ နေ့တစ်ဝက် ဓာတ်ပြုထားပြီ။ ဓာတ်ပြောင်းနေပြီ။ ပူနေသေးလို့သာ ခဲသေးတာ။ အအေးခံလိုက်ရင်တော့ ခဲတော့မှာ...

လုံကို သွပ်နန်းကြိုးပေါ် ပြန်တင် လိုက်တဲ့ ဖိုးဟန်ကို ဆရာဟန်က ကြည့်



တယ်။ မေးတယ်။

'ဘယ်လိုလဲကွ ဘယ့်နှယ်လဲ'

'ဟာ ကောင်းလိုက်တဲ့ပြဒါး။ ကြိုက် သွားပြီ'

'သတ္တုရည်ထဲ ထည့်ပြီး ပြုတ်တာ ဆိုတော့ အညိုနည်းနည်းတက်တာပဲ ရှိတယ်။ အပေါ်ယံလွှာ။ ပါးပါးလေး'

'အဲဒီ အညိုက...'

'ထည့်တွက်မနေနဲ့၊ နောက်တော့ ပျောက်သွားတာပဲ'

'အလွှာရစ်ပြီး ဖုံးနေတာ ဘယ်လို လုပ် ပျောက်မှာလဲဗျ'

'လွယ်တယ် မြေပဲကို ဒယ်အိုးထဲ ထည့်လှော်လိုက်ရင် အခွံကျွတ်သလို ပေါ့'

'ဘယ်လိုကြီးလဲဗျ'

'ဟာကွာ မင်းကလဲ အခု လုပ်နေ တာက ပြဒါးခဲနေတာ။ မီးနေဖို့ ချော် နဲ့ ထိုးရဦးမယ်။ ဓာတ်ကျစ်ပြီး ကလပ် စည်းစိပ်ဖို့ ဃနစီးဖို့ လုံခြောက်ထိုးရ ဦးမယ်။ ဦဖွနဲ့တော့ ဘယ် ကိစ္စပြီးမလဲ'

'ဩော်...ဒီလိုကြီးလား'

'အေး...ဒီလိုကြီးပဲ'

ကွမ်းရွက်နဲ့ ဆေးရွက်ကြီး ရောထား တဲ့ သတ္တုရည်ကို ည(၉)နာရီအထိ မီးတင်တယ်။ မှန်အိမ်မီးကို အေးလိုက်

ပြီ။

မီးငြိမ်းသွားပြီ။ လုံကတော့ နေမြဲ။ သွပ်နန်းကြိုး ပုခက်စင်လေးပေါ်မှာ။ မလှုပ်မယှက်။ ငြိမ်။

မောင်ဖိုးဟန် အဓိဋ္ဌာန်စဖို့ ဆရာ ရသေ့ကို ဦးချ။ ကမန်းကတန်း နေရာ ကထ။ တောင်တော်ပေါ်ဆီကို တစ် ဆစ်ချိုး လှေကားကလေးကနေတက်။

ရွှေဆံတော် စေတီတော်မြတ်ရဲ့ ရင်ပြင်တော်ပေါ်မှာ လူ စဲစပြုပြီ။ ကျဲ သွားပြီ။ ညကလဲ (၉)နာရီကျော်ပြီ။ မြောက်ဘက်စောင်းတန်း လှေကား ထိပ်နဲ့ သောကြာတန်ဆောင်း ကြားက နေ ဖြတ်။ လက်ယာရစ်ပတ်။ သုံးပတ် မြောက်မှာရပ်။ စေတီတော်မြတ်ရဲ့ တနင်္ဂနွေထောင့်မှာ နေရာယူ။

ပရိက်ပြု။ ရတနာ(၃) အမြတ်ဆုံးကို လုံးလုံးကြည်ညို ရှိသေအားထား ဝပ်တွားကော်ရော် ပူဇော်ဦးချ။ ကန်တော့ရပြီ။

ရှင်တော်ဘုရားမြတ်ဗုဒ္ဓနဲ့ ဟော ကြားတော်မူအပ်တဲ့ တရားတော်မြတ် ဒေသနာ သံဃာတော် အရှင်မြတ်(၃) ရပ်သော ရတနာ...

သြကာသ... အစချီ ဆဗ္ဗညုတ္တရဲ့သိ ရောင်ခြည်တော်ဖွင့်... ဘုရားပင့်။ နေ့စဉ် ဝတ်မပျက်။ မြတ်စွာဘုရား ဟောကြား တော်မူခဲ့တဲ့ ဒေသနာများ။ ပရိတ်ကြီး(၁၁)သုတ်။ နှုတ်တက်ရွရွ အာဂုံဆောင်ခဲ့တဲ့ ဂါထာတော်များကို နှုတ်ကဖွင့်ထွက်၊ ဝတ်တက်ပွားများ။ မနေမနား။ ကြည်ညိုပါလို့ အားထား။ ရတနာမြတ်(၃)ပါး။ လောက(၃)ပါးမှာ နှိုင်းဘက်မရှိ၊ တုမရှိ။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

မိုးဖြိုင်ဖြိုင်ရွာစပြုပြီဖြစ်၍ ဈေးအတွင်း၌ ဖလံတောင်ဝှေး(ဖူးတံ)များ ရောင်းချနေသည်ကို တွေ့ရသည်။ သက်သတ်လွတ်စားသုံးသူ မဟုတ်သော်လည်း အရွက်အညွန့် သစ်ဥ သစ်ဖုများ နှစ်သက်သည်ဖြစ်၍ အနည်းငယ် ဝယ်ယူခဲ့သည်။

ယင်းတို့ကို အခွံကြမ်းသင် တစ်ညှိုးခန့်ဖြုတ် ပင်စည်ကြီးလျှင် လေးစိတ်စိတ်ကာ **ဆားအနည်းငယ် ဖြူးလျက် ရေစိမ်ထားလိုက်သည်။ တိုင်းရင်းဆေး ဝေါဟာရအနေဖြင့် အကင်းသတ်သည် ဆို၏။**


ဘေးထွက်ဆိုးကျိုးများ ဖယ်ရှားခြင်း ဖြစ်သည်။ ထိုသို့ မပြုပါက အာခံတွင်း၌ စေးထန်းထန်း ဖြစ်တတ်သည်။ မွန်ပြည်နယ် ဒေသိယဝေါဟာရအနေဖြင့် **ပအာ**သည်ဆို၏။

ထိုစဉ်တွင် သတင်းစာ ရောက်လာသဖြင့် လှန်လှောကြည့်ရာ စာမျက်နှာ (၁၈) ဒုတိယကော်လံတွင် ဖလံတောင်ဝှေးအကြောင်း ရေးထားသော ကျန်းမာရေးဆောင်းပါးကို ဖတ်ရှုရ၏။ ယင်းဆောင်းပါး၌...

ဖလံတောင်ဝှေးကို ဝါးပြားရိုက်ရန် ဟင်းချက်သောက်က အမျိုးသမီးများ နို့မထွက်ခြင်း၊ နို့ပူခြင်း၊ ယားယံခြင်း၊ နို့နာပေါက်ခြင်း၊ နို့ကြောင်းပိတ်ခြင်း၊ သကျည်းကိုက်ခြင်း ပျောက်စေနိုင်၏။

ဖလံတောင်ဝှေးကို အခြောက်လှန်း အမှုန့်ပြု၍ အုန်းဆီဖြင့် ဖျော်ပြီး စအိုနှင့် ဆီးစပ်ကို လိမ်းထားပါက သားအိမ်လျှောကျခြင်း၊ သားအိမ်အောင့်ခြင်း၊ ယောက်ျားများ အူကျခြင်း တိုနာဖြစ်ခြင်းတို့ကို ပျောက်စေသည်။

အမျိုးသမီးများ ဖြစ်တတ်သော ရင်သားပေါ်မှ သာမန် အဖုအကျိတ်များအား ဖလံတောင်ဝှေးကို ထုခြေ၍ အကျိတ်ပေါ်အုံကာ အဝတ်စည်းပေးခြင်းဖြင့် အကျိတ်ကြေစေပါသည်။



◆ ဖလံတောင်ဝှေးအညွန့်များ

# ဖလံတောင်ဝှေး

အမျိုးသားများ ဒူလာရောဂါ ခံစားရပါက ဖလံတောင်ဝှေး သုံးခွက်တစ်ခွက်တင်ကျို၍ လည်းကောင်း၊ အခြောက်လှန်း အမှုန့်ပြု၍ ချင်း၊ သကြားတို့နှင့် ရောစပ်၍ လည်းကောင်း သောက်သုံးပါက မုချ ပျောက်ကင်းစေလိမ့်မည်။

ဖလံတောင်ဝှေးကို ငါးခူနှင့် ရော၍ ချက်စားပါက ကာမအားကို ကောင်းစေသည်။ ရကြက်သားနှင့် ချက်စားလျှင် ဆီးကျောက်တည်ခြင်း၊ ဆီးပူဆီးအောင့်ခြင်း၊ ဆီးနည်းဆီးကျန်ဆီးဝါခြင်းတို့ကို ပျောက်စေသည်။

နွားသားနှင့် ချက်စားပါက ဆီးရွှင်စေပြီး ကျောက်ကပ်ရောဂါကို ကာကွယ်ပေးပါသည်။ ဖလံတောင်ဝှေး ပဥငါးပါးအကျိုးကား အဖျား၊ နူနာ၊ ဒူလာ၊ ချောင်းဆိုး၊ သွေးနှင့်စပ်သော ရောဂါတို့ကို ပျောက်ကင်းစေသည်။

မေ ၂၉၊ ၂၀၁၄နေ့တွင် ထုတ်ဝေသော ကြေးမုံသတင်းစာ စာမျက်နှာ (၁၈)ပါ ဇေယတု(မကွေး)၏ **"အမျိုးသမီး၊ အမျိုးသား ဖလံတောင်ဝှေး ဆောင်လို့ထား"** ခေါင်းစဉ်… ဆောင်းပါးတွင် တွေ့ရှိရခြင်း ဖြစ်… သည်။

**အရှင်နာဂသိန်၏ ပုံပြ… အဘိဓာန် ဒုတိယတွဲ စာမျက်နှ… (၃၀၂)တွင်...**


'ဖလံတောင်ဝှေးသည် ခါးစပ်၏၊ သတ္တိအေး… ၏၊ ဝိပါက၌စပ်၏၊ ကြေကျက်စေ၏၊ ဝမ်း… တောက်စေ၏၊ နှလုံးကို အကျိုးပြု၏၊ သ… သည်းခြေ၊ အဖျား၊ နူနာ၊ ချောင်း… တုလာသရောနှော သွေးနှင့်စပ်သော ရော… တို့ကို ပျောက်စေ၏'

ဟု ဖော်ပြထားသည်။


ဖလံတောင်ဝှေးကို ရခိုင်တိုင်းရင်း… သားတို့က **"သခေါ်ဘူး"**ဟုခေါ်… ချက်ပြုတ် ကြော်လှော်စားကြ… တရုတ်တို့က (闭鞘姜)**ဗီတောက်…** (bì qiào mĕi)ဟုခေါ်ဝေါ်၍ ဟင်းလျာ… အဖြစ် စားသုံးခြင်း မပြုကြပေ။ ကာ… အားဆေး၊ အစာကြေဆေးများတွင်… ထည့်သွင်း ဖော်စပ်သုံးစွဲကြသည်…

**ဆေးသုကာသိ**

www.burmeseclassic.com



▲ ကာကုသံမြတ်စွာဘုရားရုပ်ပွားတော်



▲ ကောဏဂုံမြတ်စွာဘုရားရုပ်ပွားတော်

# ပဋ္ဌာန်းလေးဆူ အောင်ပေါ်မှု

ဇော်ဖြူမြတ်
(စစ်ကိုင်းတောင်)

ကျင့်စဉ်

တစ်နေ့သောအခါ...

ကျွန်ုပ်၏သူငယ်ချင်းဖြစ်သူ ပင်စင်စား ကျောင်းဆရာကြီး ဦးနေထွန်းသည် ပဋ္ဌာန်းတရားနှင့်ပတ်သက်သော အတွေးတစ်ခု ရရှိလေရာ လူပြန်တော်ဆရာရိုကလေးဖြစ်သော ဝေဒဝိဇ္ဇာရေ ဆရာလေးဂါမဏိဇော်အား ဖူးလေ တော့၏။

ဆရာလေးဂါမဏိဇော်က ပဋ္ဌာန်းတရားနှင့်စပ်သမျှကို မေးလေတိုင်း ကျေနပ်အောင် ဖြေကြားပေးနေလေရာ ကြာတော့ ပဋ္ဌာန်းရှင်းတမ်းစာအုပ်လေးကို ထုတ်ပေးလိုက်ရလေတော့၏။

ပဋ္ဌာန်းတရားသည်ကား အရွတ်အဖတ် သက်သက်သာမဟုတ် အလုပ်လက်တွေ့ သဘောထား အပြည့်ပါရှိလေရာ အားထုတ်နိုင်ပါက အကျိုးကျေးဇူးမှာ ပြောလို့မကုန် ရေးလို့မကုန်အောင် အနှစ်သာရနှင့် ပြည့်စုံလှပေတော့၏။


ကျွန်ုပ်က ထိုအကြောင်းများကို စဉ်းစားနေခိုက် ဆရာဆောင်း ရောက်ရှိလာလေ၏။

'ဘကြီးအောင်ရေ... ဟိုနေ့က ဆရာဦးနေထွန်း ပြောနေတဲ့ ပဋ္ဌာန်းက အခု တစ်မြို့လုံးဘုရားတွေမှာ ရွတ်ဖတ်ပူဇော်နေတဲ့ ပဋ္ဌာန်းပဲ မဟုတ်လား'

'အေး... ဟုတ်တယ်ဟ၊ မောင်ရင် ဘာသိချင်လို့လဲ'

'ပဋ္ဌာန်းစာက အလွန်တန်ခိုးကြီးတယ်၊ အကျိုးကျေးဇူးကလဲ အရမ်းကြီးတယ်ဆိုလို့ စိတ်ဝင်စားတာနဲ့ မေး

www.burmeseclassic.com



▲ ကဿပမြတ်စွာဘုရားရုပ်တော်



▲ ဂေါတမမြတ်စွာဘုရားရုပ်တော်

ကြည့်တာပါ'

'ဟုတ်တာပေါ့ ကိုရင်ရယ် ရှင်တော်မြတ်ဘုရားတောင်မှ ပဋ္ဌာန်းတရားတော်ကြီးကို ခုနစ်ရက် ခုနစ်လီ ဆင်ခြင်တော်မူပြီးမှ ရောင်ခြည်အစုံကို ရရှိတော်မူခဲ့တာပဲ'

'အဲဒီအကြောင်း ကျွန်တော့်ကို ပြောပြပေးစမ်းပါ၊ ကြည်ညိုချင်လို့ပါ'

'အေးပါ... ငါသိသလောက်တော့ ပြောပြပါမယ် ဒီလိုကွ...

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့ညကျော်လွန်တဲ့ အရုဏ်မတက်မီအချိန်ကလေးမှာ ရှင်တော်ဂေါတမဟာ သဗ္ဗညုတရွှေဉာဏ် ရခဲ့တယ်။

ကဆုန်လပြည့်ကျော် (၁)ရက်ကစပြီး (၇)ရက်တိုင်တိုင် ပလ္လင်္ကသတ္တဟအဖြစ် မဟာဗောဓိပင်နဲ့ ရွှေပလ္လင်မှာ (၇)ရက်ပတ်လုံး ဖလသမာပတ် ဝင်စားတော်မူတယ်။

ကဆုန်လပြည့်ကျော် (၈)ရက်က လပြည့်ကျော်(၁၄)ရက်အထိ ဗောဓိပင်ရဲ့ အရှေ့မြောက်ထောင့်မှာ အနိမိသသတ္တဟအဖြစ် မတ်တတ်ရပ်ပြီး မလှုပ်မယှက် မဟာဗောဓိပင်ကို မျက်တောင်မခတ်(၇)ရက်တိုင်တိုင် ရှုစားတော်မူတယ်။

ကဆုန်လကွယ်နေ့က နယုန်လဆန်း(၆)ရက်အထိ ပလ္လင်တော်နဲ့ အနိမိသအကြား အရှေ့မှ အနောက်သို့ အနောက်မှအရှေ့သို့ စင်္ကြံတော်မှာ (၇)ရက်တိုင်အောင် မရပ်မနား စင်္ကြံကြွတော်မူတယ်။

နယုန်လဆန်း(၇)ရက်နေ့မှ လဆန်း (၁၃)ရက်နေ့အထိ မဟာဗောဓိပင်၏ အနောက်မြောက်ထောင့်မှာ နတ်... ဖန်ဆင်းလှူဒါန်းထားတဲ့ "**ရတန... ဃရရွှေစံအိမ်**"မှာ ထက်ဝယ်ဖွဲ့... ထိုင်တော်မူကာ အဘိဓမ္မာပိဋ္ဋ... တရားတော်မြတ်ကို သုံးသပ်တော်... တယ်။

အနန္တနယ သမန္တပဋ္ဌာန်း... တော်ကြီးကို သုံးသပ်ဆင်ခြင်တော်... သောအခါ သဗ္ဗညုတ ရွှေဉာဏ်... သည် ရွှင်လန်း ကွန့်မြူးတော်မူ... ရာ "ရောင်ခြည်တော် ၆-သွယ်... ထွန်းလင်း တောက်ပတော်မူခဲ့တယ်... ပဋ္ဌာန်းစာအုပ်တွေမှာ ဖတ်မှ... တယ်။ ကိုဓောင်းလဲ လေ့လာ... ပေါ့'

'တကယ်တော့ ငါလဲ ပဋ္ဌာန်း...





www.burmeseclassic.com

www.burmeseclassic.com

မြတ်ရွှေစာကို ဘာမှ ရေရေရာရာ သိသေးတာ မဟုတ်ပါဘူးကွာ။ ငါရဲ့ ဆရာအရှင် ဆရာတော်ကြီး ဦးဥတ္တမသိဒ္ဓိက ပဌာန်းကျင့်စဉ် ပေးဖူးတယ်။

ပေးတာမှ အများကြီးမှ အများကြီးပါပဲ ငါ့လူရယ်၊ အနည်းအပါး လောက်ပဲ ဆောင်းပါး ရေးဖူးသေးတယ်။ ဒီတော့ ပဌာန်းနဲ့စပ်သမျှ တွေကို တတ်နိုင်သရွေ့ ရှာဖွေဖတ်မှတ်နေရတာပေါ့'

'ဒါလိုဖြင့် မခက်ခဲဘူးဆိုရင် ကျွန်တော့်ကို အလွယ်ဆုံး ပဌာန်းကျင့်စဉ်တစ်ခုလောက် မျှဝေပေးပါဗျာ'

ဟု တောင်းဆိုလေ၏။

ထိုအခါ ကျွန်ုပ်က...

'ဆိုကြပါစို့ကွာ နှစ်ကျိပ်ရှစ်ဆူ ပွင့် တော်မူကုန်ကြပြီးတဲ့ ဘုရားရှင်တွေထဲက ဗုဒ္ဓဘာသာတိုင်းသိတဲ့ ဘုရားလေးဆူရှိတယ်။ အဲဒီ ဘုရားလေးဆူကလဲ နှစ်ကျိပ်ရှစ်ဆူ ဘုရားရှင်ကိုယ်တော်များရဲ့ နောက်ဆုံးမှာ ရှိနေတာဆိုတော့ ကိုရင်လဲ သိလောက်ပါတယ်'

'**သံ ဂုံ ပ မ**လို့ အတိုကောက် ရေးသားကြတဲ့ ဘုရား(၄)ဆူလား'

'အေး... ဟုတ်တာပေါ့ ဘွဲ့အမည်တော် အပြည့်အစုံကတော့...

၁။ ကကုသံမြတ်စွာဘုရား၊
၂။ ကောဏာဂုံမြတ်စွာဘုရား၊
၃။ ကဿပမြတ်စွာဘုရား၊
၄။ ဂေါတမမြတ်စွာဘုရား

ဆိုတဲ့ ဘုရား(၄)ဆူပါပဲ။ အဲဒီဘုရား(၄)ဆူနဲ့ ပဌာန်းကျင့်စဉ်ကို ဆရာတော်ကြီးက ချီးမြှင့်ထားဆိုတော့ အလွယ်ဆုံးပါပဲကွာ။

ကျင့်စဉ်အမည်ကိုတော့ "**ဗုဒ္ဓလေးဆူ အောင်တော်မူကျင့်စဉ်**"လို့ ပေးထားတယ်။



◆ သံ-ဂုံ-ပ-မ ဘုရားလေးဆူ ရုပ်တော်မှုံ

ကျင့်စဉ်တော်

၁။ ကျင့်စဉ် စတင်ရမည့်နေ့ကတော့ **စနေနေ့ မနက်(၆း၀၀)မှ (၇း၃၀) အချိန်**အတွင်း စတင်ရပါမည်။

၂။ တန်ခိုးကြီးစေတီတစ်ဆူ၏ အင်္ဂါထောင့်ဂြိုဟ်တိုင်မှာ အင်္ဂါနေ့ဖွား ကကုသံ မြတ်စွာဘုရားအား သောတ္ထိယ မြက်ထမ်းသမား လှူထားသော မြက်ရှစ်ဆုပ်ပလ္လင်တော်၌ ထိုင်တော်မူဟန်ပုံတော်ကို ရည်မှတ်၍ "**မိမိ၏ ဦးနှောက် ရတနာအိမ်တွင် တည်နေ စံနေတော်မူပါဘုရား**"ဟု မေတ္တာခံယူပါ။

၃။ နတ်မင်းကြီး(၄)ပါးနှင့် ဆန္ဒရှိရာ ဒေဝတာများကို ပင့်ဖိတ်ပါ။

၄။ မြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များဖြင့် ထွန်းညှိ ဆက်ကပ် လှူဒါန်းပါ။

၅။ သီလခံယူ၍ ပရိကံအမှု ပြီးသောအခါ အောက်ပါအတိုင်း ပုတီးစိပ်ပါ။

- **ဟေတုပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **အာရမ္မဏပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **အဓိပတိပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **အနန္တရပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **သမနန္တရပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **သဟဇာတပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။

ပြီးစီးပါက **ပဌာန်းပစ္စယုဒ္ဒေသ** (၉) ခေါက် ရွတ်ဆိုပူဇော်ပါ။

ဆုတောင်းရန်

'ကကုသံမြတ်စွာဘုရားရှင်၏ ဂုဏ်ဟိတ်များ၊ တန်ခိုးတေဇော် အာနုဘော်များကြောင့် တပည့်တော်အား ...ဆုကြီးရရှိပါစေသား'

ဟု မိမိအလိုရှိသော ဖြစ်နိုင်သည့်ဆုအား တောင်းပါ။

မေတ္တာပို့ အမျှဝေပါ၊

သာဓု အနုမောဒနာပြု၍ လိုရာဌာန ပြန်ပို့ပါ။

တနင်္ဂနွေနေ့

**နံနက် (၆း၀၀)နာရီမှ (၇း၃၀)**

www.burmeseclassic.com

**အချိန်အတွင်း ဗုဒ္ဓဟူးဂြိုဟ်တိုင်တွင်...**

ဗုဒ္ဓဟူးနေ့ ဖွားတော်မူသော **"ကောဏာဂုံ မြတ်စွာဘုရား"**အား ဖောမိပင်နှင့် ရွှေပလ္လင်ထက်ဝယ် တည်တော်မူပုံကို ရည်မှတ်၍ **"မိမိ၏ လက်ယာဘက် ရင်အုပ်ရတနာ ထက်တွင် တည်နေစံနေတော်မူပါ ဘုရား"**ဟု မေတ္တာခံယူပါ။

နတ်မင်းကြီးလေးပါးနှင့် ဆန္ဒရှိရာ ဒေဝတာများကို ပင့်ဖိတ်ပါ။

ဗုဒ္ဓဟူးနေ့ဖွား ကောဏာဂုံမြတ်စွာ ဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ ဆက်ကပ်လှူဒါန်းပါ။

သီလခံယူ၍ ပရိကံအမှုပြီးသော အခါ သမာဓိအား ထူထောင်၍ အောက်ပါအတိုင်း ပုတီးစိပ်ပူဇော်ပါ။

- **အညမညပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **နိဿယပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ဥပနိဿယပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ပုရေဇာတပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ပစ္ဆာဇာတပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **အာသေဝနပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။

ပြီးစီးပါက **ပဋ္ဌာန်းပစ္စယုဒ္ဒေသ** (၉) ခေါက် ရွတ်ဆိုပူဇော်ပါ။



◆ ဆရာတော်ကြီးဦးဥတ္တမသိဒ္ဓိအား နောက်ဆုံးဖူးမြော်ခဲ့စဉ်က ရိုက်ကူးထားသည့်ပုံဖြစ်ပါသည် [၁-၉-၂၀၀၉ရက်နေ့ နေရာ...ဆည် ပေါက်ရွာ၊ ပုသိမ်မြို့]

ဆုတောင်းရန်

'ကောဏာဂုံမြတ်စွာဘုရားရှင်၏ ဂုဏ်ပါဒ်များ တန်ခိုးတေဇော် အာနုဘော်များကြောင့် တပည့်တော်အား ...ဆုကြီး ရရှိရပါစေသား' ဟု မိမိအလိုရှိသော ဖြစ်နိုင်သည့် ဆုကို တောင်းပါ။

မေတ္တာပို့ အမျှဝေပါ၊

သာဓု အနုမောဒနာပြု၍ လိုရာဌာန ပြန်ပို့ပါ။

တနင်္လာနေ့

နံနက် (၆း၀၀)နာရီမှ (၇း၃၀)အချိန် အတွင်း...

ကြာသပတေး ဂြိုဟ်တိုင်ရှေ့တွင်...

ကြာသပတေးနေ့ ဖွားတော်မူသော **"ကဿပ မြတ်စွာဘုရား"**အာ မဟာပထဝီမြေထုအား သက်သေပြု နေဟန် ပုံတော်ကို ရည်မှတ်၍ **"မိမိ၏ လက်ဝဲဘက် ရင်အုပ်ရတနာထက် တွင်တည်နေစံနေတော်မူပါဘုရား"** ဟု မေတ္တာခံယူပါ။

နတ်မင်းကြီးလေးပါးနှင့် ဆန္ဒရှိရာ ဒေဝတာများကို ပင့်ဖိတ်ပါ။

ကြာသပတေးနေ့ဖွား **"ကဿပ မြတ်စွာဘုရား"**အား ဆွမ်း၊ ပန်း ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ ဆက်ကပ်လှူဒါန်းပါ။

သီလခံယူ၍ ပရိကံအမှုပြီးသော အခါ သမာဓိအားထူထောင်၍ အောက် ပါအတိုင်း ပုတီးစိပ်ပူဇော်ပါ။

- **ကမ္မပစ္စယော** တစ်ခေါက်ဆို ပုတီး တစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ဝိပါကပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **အာဟာရပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ဣန္ဒြိယပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **ဈာနပစ္စယော** တစ်ခေါက်ဆို ပုတီး တစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။
- **မဂ္ဂပစ္စယော** တစ်ခေါက်ဆို ပုတီး တစ်စေ့ချ၍ ပုတီး(၃)ပတ် စိပ်ပါ။

ပြီးစီးပါက **ပဋ္ဌာန်းပစ္စယုဒ္ဒေသ** (၉) ခေါက် ရွတ်ဆိုပူဇော်ပါ။

ဆုတောင်းရန်

'ကဿပမြတ်စွာဘုရားရှင်၏ ဂုဏ်ပါဒ် များ တန်ခိုးတေဇော် အာနုဘော်များကြောင့် တပည့်တော်အား ...ဆုကြီး ရရှိရပါစေ



www.burmeseclassic.com

www.burmeseclassic.com

ဟု မိမိအလိုရှိသော ဖြစ်နိုင်သည့်ဆုကို တောင်းပါ။

မေတ္တာပို့ အမျှဝေပါ၊

သာဓု အနုမောဒနာပြု၍ လိုရာဌာနပြန်ပို့ပါ။

**အင်္ဂါနေ့**

နံနက် (၆း၀၀)နာရီမှ (၇း၃၀)အချိန်အတွင်း...

တန့်ခိုးကြီးစေတီတော်၏ သောကြာဂြိုဟ်တိုင်ရှေ့တွင်...

'သောကြာနေ့ဖွားတော်မူသော "ဂေါတမမြတ်စွာဘုရား"အား ရဟန္တာအရှင်သူမြတ်တို့အား တရားဟောကြားနေပုံကို ရည်မှတ်၍ မိမိ၏ ရင်ဝရတနာထက်တွင် တည်နေစံနေတော်မူပါဘုရား'

ဟု မေတ္တာခံယူပါ။

နတ်မင်းကြီးလေးပါးနှင့် ဆန္ဒရှိရာဒေဝတာများကို ပင့်ဖိတ်ပါ။

• သောကြာနေ့ဖွား ရှင်တော်ဂေါတမမြတ်စွာဘုရားအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်များထွန်းညှိ ဆက်ကပ်လှူဒါန်းပါ။

သီလခံယူ၍ ပရိကံအမှုပြီးသောအခါ သမာဓိအားထူထောင်၍ အောက်ပါအတိုင်း ပုတီးစိပ်ပူဇော်ပါ။

- **သမ္မာသမ္ဗုဒ္ဓပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး (၃)ပတ်စိပ်ပါ။
- **ဝိပ္ပယုတ္တပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ်စိပ်ပါ။
- **အတ္ထိပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ်စိပ်ပါ။
- **နတ္ထိပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ်စိပ်ပါ။
- **ဝိဂတပစ္စယော** တစ်ခေါက်ဆို ပုတီးတစ်စေ့ချ၍ ပုတီး(၃)ပတ်စိပ်ပါ။
- **အဝိဂတပစ္စယော** တစ်ခေါက်ဆို ပုတီး တစ်စေ့ချ၍ ပုတီး(၃)ပတ်စိပ်ပါ။

ပြီးစီးပါက **ပဋ္ဌာန်းပစ္စယုဒ္ဒေသ** (၉)ခေါက် ရွတ်ဆိုပူဇော်ပါ။

**ဆုတောင်းရန်**

'ဂေါတမမြတ်စွာဘုရားရှင်၏ ဂုဏ်ဟိတ်များ တန်ခိုးတေဇော် အာနုဘော်များကြောင့် တပည့်တော်အား ...ဆုကြီး ရရှိရပါစေသား'

ဟု မိမိအလိုရှိသော ဖြစ်နိုင်သည့်ဆုကို တောင်းပါ။

မေတ္တာပို့ အမျှဝေပါ၊

သာဓု အနုမောဒနာပြု၍ လိုရာဌာနပြန်ပို့ပါ။

ကျင့်စဉ်တော်မှာ (၄)ရက်တည်းသာ ဖြစ်လေရာ အားထုတ်အဓိဋ္ဌာန်ရမည့်ရက်မှာ **စနေ၊ တနင်္ဂနွေ၊ တနင်္လာ** နှင့် **အင်္ဂါနေ့များ**သာ ဖြစ်လေ၏။

သို့ဖြစ်လေရာ ကျန်ရှိသော နေ့ရက်များတွင် မိမိတို့ စိတ်ဆန္ဒအားလျော်စွာ အားထုတ်နိုင်ကြပါသည်။

ဗုဒ္ဓလေးဆူ အောင်တော်မူ ပဋ္ဌာန်းကျင့်စဉ်တော်ကြီးကို (၇)ကြိမ်ပြည့်မြောက်အောင်အားထုတ်ကြည့်ပါကလက်တွေ့ အကျိုးတရားများကို ကိုယ်တွေ့ လက်ခံရရှိနိုင်ကြပေလိမ့်မည်။

(၇)ကြိမ်စေ့ပါက (၂၈)ရက်ရှိပြီဖြစ်လေရာ ပွင့်တော်မူပြီးကုန်သော နှစ်ဆယ့်ရှစ်ဆူဘုရားရှင်တို့အား ပူဇော်ပြီး ဖြစ်လေတော့၏။

(၂၈)ဆူသော ဘုရားရှင်ကိုယ်တော်မြတ်ကြီးများ၏ ဂုဏ်ဟိတ်တော်၊ တန်ခိုးအာနုဘော်တော်များ၏ ရအပ်သော အကျိုးများကိုသာမက "ထူးချွန်ထက်မြက်ခြင်း"တည်းဟူသော အသိအမြင်ပညာကိုပါ လက်ဆောင်ကောင်းအဖြစ် ရရှိနိုင်ပါကြောင်း မျှဝေလိုက်ရပါသည်။

ကျင့်စဉ်တော်၏ ထူးခြားချက်မှာ အံ့ဩဖွယ်ရာ မိတ်ဖက်များသာ ဖြစ်လေ၏။

"**အင်္ဂါနေ့ဖွား**" ကကုသံမြတ်စွာဘုရား၏မွေးနေ့သည် "**စနေနေ့**"နှင့် မိတ်ဖြစ်နေလေသည်။

"**ဗုဒ္ဓဟူးနေ့ဖွား**" ကောဏာဂုံမြတ်စွာဘုရား၏ မွေးနေ့သည် "**တနင်္ဂနွေ**" နှင့် မိတ်ဖက်ဖြစ်နေလေသည်။

"**ကြာသပတေးနေ့ဖွား**" ကဿပမြတ်စွာဘုရား၏ မွေးနေ့သည် "**တနင်္လာနေ့**"နှင့် မိတ်ဖက်ဖြစ်နေလေသည်။

"**သောကြာနေ့ဖွား**" ရှင်တော်ဂေါတမမြတ်စွာဘုရား၏ မွေးနေ့မှာလည်း "**အင်္ဂါနေ့**"နှင့် မိတ်ဖက်ဖြစ်နေကြောင်းကို တွေ့ရှိရပါလိမ့်မည်။

တစ်နည်းအားဖြင့်...

***

| | | |
|---|---|---|
| **အင်္ဂါ + စနေ** | = ၃+၇= | ၁၀ |
| **ဗုဒ္ဓဟူး + တနင်္ဂနွေ** | = ၄+၁= | ၅ |
| **ကြာသပတေး + တနင်္လာ** | = ၅+၂= | ၇ |
| **သောကြာ + အင်္ဂါ** | = ၆+၃= | ၉ |
| ပေါင်းလဒ် = | | ၃၁ = ၃+၁ = ၄ |

ဖြစ်လေရာ ၄ ကို တိုင်ထူကြည့်ပါက ၁နေ့တိုင်ထိပ် နဝင်းဖြစ်နေသောကြောင့် အောင်မြင်ခြင်း၏ အထိမ်းအမှတ်လက္ခဏာသာ ဖြစ်ပါကြောင်း ဉာဏ်မီသမျှ တင်ပြလိုက်ရပါသည်။ လိုရာဆန္ဒပြည့်ဝပြည့်စုံကြပါစေ။

**အောင်ရွှေမြတ်(စစ်ကိုင်းဓောင်)**

www.burmeseclassic.com

ယခင်လမှ အဆက်

ဟွာဂျင်ဝီ

# တရုတ်ကြိုးထုံးပညာ

အခြေခံ ကြိုးထုံးနည်း (၉၆)

福寿双全

Fú Shòv Shuāng Yú


ဖူ ရှိ ရွှမ်း ယို

## သုခသက်ရှည်မောင်နှံကြိုးထုံး


ချမ်းသာသုခနှင့် သက်ရှည်ကျန်းမာခြင်း မင်္ဂလာနှစ်ပါး ပေါင်းစည်းထားသော မောင်နှံကြိုးထုံးနည်းဖြစ်ရာ မင်္ဂလာနှစ်ပါး အမြွတ်ပြု၍ မိမိ လေးစားကြည်ညိုရသော အလေးအမြတ်ထားရသောအမှုကိစ္စ၊ လူပုဂ္ဂိုလ်များအတွက် အချိုပေါ် သကာလောင်း၍ လိုရာ အသုံးပြုနိုင်ကြပါမည်။

မိမိ အလိုရှိရာ ရောင်စုံကြိုးထုံးနှင့် အတူ **သွပ်နန်းကြိုး (သို့မဟုတ် အလားသဏ္ဍာန်တူ ညှပ်ကွေး၍ရသော သတ္တုချောင်း)**တစ်ချောင်း လိုအပ်ပါသည်။


အလျားမှာ မိမိပြုလုပ်လိုသော ကြိုးထုံးပမာဏနှင့် ချင့်ချိန်ရန်ဖြစ်သည်။ ယင်းကို ဘဲဥပုံကွေးထားပါ။ လက်ကောက်တစ်ကွင်းကို ဘဲဥပုံကွေးညှတ်





▲ ပုံ K(သက်ရှည်ကျန်းမာကြိုးထုံးပုံစံ)



▲ အခြေခံကြိုးထုံးနည်း









ပုံ Q


သုခ

နှစ်ထပ်

ကြိုးထုံး















www.burmeseclassic.com


www.burmeseclassic.com





၍လည်း ရပါသည်။

ရှေးဦးစွာ ထိုနန်းကြိုးကွင်းအတွင်း ထည့်သွင်းချည်နှောင်မည့် ကြိုးထုံးနည်းကို လေ့လာပါမည်။ ဤကြိုးထုံးပုံစံကို သက်ရှည် ကျန်းမာကြိုးထုံးဟု ခေါ်သည်။

ဤပုံကို K ဟု သတ်မှတ်ပါစို့…

***

အလယ်တွင် ပုံစံ(B)ကို ဗဟိုပြု၍ ပုံစံတူ(A)နှစ်ခု အထက်အောက် ကြေးမုံရိပ်ပြန်သကဲ့သို့ ထုံးနှောင်ထားသည်။

ဤပုံ K ကို ထုံးနှောင်ရန် အခြေခံ ကြိုးထုံးနည်းကို ဖော်ပြပါမည်။ လေ့လာကြည့်ပါ။

ထို့နောက် ပုံ(၁)မှ (၇)အထိကို သေချာစွာ ကြည့်၍ ထုံးနှောင်ပါ။ ပုံ အတွက် ဖြစ်၍ K(၁)၊ K(၂) စသဖြင့် ညွှန်းပါသည်။

***

K(၇)မှ ဆက်၍ ပုံ(K)ရအောင် ဆက်၍ထုံးပါ။ ပုံ K သည် သတ္တုကွင်း အလယ်အတွင်း ထည့်သွင်းရန်ဖြစ်၍ ယင်းသည် သက်ရှည်ကျန်းမာ ကြိုးထုံး ဖြစ်ပါသည်။

ထို့နောက် သုခနှစ်ထပ်ကြိုးထုံး နည်းကို ဆက်ပါမည်။ သုခနှစ်ထပ် ကြိုးထုံးပုံစံကို ပုံ Q ဟု သတ်မှတ်ကြပါစို့။

***

Q(၁)မှ Q(၅)အထိ သေချာစွာ ကြည့်ရှုထုံးနှောင်ပါ။


သက်ရှည်ကျန်းမာ ကြိုးထုံးပါဝင်သော သတ္တုကွင်း၏ အောက်တွင် ချည်နှောင်ရန်ဖြစ်သည်။ ပန်းပွား သို့မဟုတ် ဒဂါးပြားကို ချိတ်ဆွဲထားလေ့ရှိကြသဖြင့် ဒဂါးပြားနှင့် တွဲဖက် ထုံးနှောင်ပုံကို ဖော်ပြထားခြင်းဖြစ်၏။

သတ္တုကွင်းအထက်တွင်လည်း ဤ (သုခနှစ်ထပ်)ပုံစံအတိုင်း ချည်ထုံးပါ။ အပေါ် အထက်ပိုင်းဖြစ်၍ ဒဂါး၊ ပန်းပွား များ ချည်ရန် မလိုပါ။

အထက်ပိုင်းကို သတ္တုကွင်းနှင့် တွဲဖက် ထုံးနှောင်ခြင်းကို အောက်တွင် ကြည့်ပါ။

***

သုခသက်ရှည်မောင်နှံ ကြိုးထုံး (ပန်းပွားနှင့် တွဲဖက်ထားသည်။)




ပုံစံအသစ်တန်ဆာ

***


*အလိုရှိရာအတွက် မင်္ဂလာနိမိတ် ဆောင် သုံးစွဲနိုင်ကြပါစေ။*

**ဟူဂျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com





## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ

ဒီဇင်ဘာလတွင် ထီဆုကြီးများနှင့် နီးစပ်ကံထူးနိုင်ကြစေရန် ၇၊ ၂၊ ၁၊ ၅ ဂဏန်းခြေများကို ရွေးချယ်ကာ စ၊ ဓ၊ ဒ၊ ဝ အက္ခရာများနှင့် တွဲဖက်ကံစမ်းသင့်ပါသည်။

မိမိမွေးနှစ်အရ ကံအခွင့်အလမ်းများကို အသုံးချလိုပါလျှင် အောက်တွင် ကြည့်ပါ။

* * *



**ဥပမာ။ ။** ကြွက်နှစ်ဖွားသည့် မိမိ၏ နေအိမ်၏ မြောက်ဘက်(၁)လမ်းကျော်ရှိ ထီလက်မှတ်အရောင်းဆိုင်တွင် ဗုဒ္ဓဟူးနေ့၌ ထီထိုးနိုင်သည်။ အင်္ဂါသားသမီးတစ်ဦးကို အဖော်ပြုသွားခြင်း၊ သူနှင့် စပ်တူ ကံစမ်းခြင်းများ ပြုလုပ်နိုင်ပေသည်။

ထီလက်မှတ် အရောင်းဆိုင် တည်ရှိရာ ဌာနဗလအင်အား ရယူလိုပါက...

မြစ်ချောင်း၊ ပင်လယ်ကမ်းစပ်ရှိ ဆိုင်များ၊ ဆိပ်ကမ်း၊ လေဆိပ်ရေဆိပ် လှေသင်္ဘောများတွင် ရောင်းချသော ဆိုင်များ၊ စားသောက်ဆိုင်ကြီးများ အဖျော်ယမကာအရောင်းဆိုင်၊ ငါးငါးခြောက်၊ ရေထွက်ပစ္စည်း အရောင်းဆိုင်၊ ရေစက်၊ ရေပေးဝေရာဌာန ရေလှောင်ကန်များအနီးရှိ ဆိုင်များတွင် ရွေးချယ် ကံစမ်းနိုင်ပါသည်။

ဆိုင်မျက်နှာတွင် ပင်လယ်ကမ်းခြေ ရှုခင်းပုံများ၊ စိမ့်စမ်း ရေတံခွန်ပုံများ အပြာရောင်လွှမ်းသော အဆင်တန်ဆာများ တည်ရှိပါက ပို၍ လာဘ်ကောင်းစေပါလိမ့်မည်။ သို့မဟုတ် မြစ်ကူးချောင်းခြားခရီးသွားရစဉ် ကံစမ်းခြင်းလည်း အကျိုးထူးပေးပါလိမ့်မည်။

**ထီကံမြှင့်ယတြာ ပြုလိုပါက** ဗုဒ္ဓဟူးနေ့တွင် သောက်တော်ရေ (၉) ခွက်ကို ဘုရားရှင်အား ကပ်လှူကာ ဒါန၊ သီလ၊ ဘာဝနာကုသိုလ်တစ်ခု ပြုလုပ်ပါ။ ပြီးလျှင် သမ္မာဒေဝများထံ ငွေကြေး ပွင့်လင်းစေကြောင်း တိုင်တည် ဆုတောင်းပါလေ။

အများကိုးကွယ်သော စေတီပုထိုးတွင် ကပ်လှူလိုပါက တောင်အရပ် ဗုဒ္ဓဟူးဂြိုဟ်တိုင်အနီးမှ ကပ်လှူ ဆုတောင်းပါ။

| မွေးနှစ် | ကံပွင့်ဂဏန်း | လာဘ်ပွင့်အရောင် | ကံပွင့်အရပ် | တွဲဖက်ကံစမ်းသင့်သူ | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | ၁ | အပြာ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား ကျား | ၈ | အညို | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | ၃ | အစိမ်းနု | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး မြွေ | ၄ | အစိမ်းရင့် | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | ၉ | အနီ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် မျောက် | ၂ | မြေဝါ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | ၇ | ရွှေဝါ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး ဝက် | ၆ | အဖြူ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

***ငှယုင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



ကျွှတ်တစ်ထောင်ဂမုန်းပင်

လက်မြင်ကျော်စွာ

အိမ်မြေအေးချမ်း၍ ဘေးရန်ကင်းစေသည့်

# ကျွှတ်တစ်ထောင်ဂမုန်း

အပင်ပုံစံကား နာနတ်ရိုင်းပင်နှင့် တူသော်လည်း အရွက်အနား တစ်လျှောက်တွင် ကြမ်းတမ်းသော ဆူးများ မရှိပါ။ ရွက်စိမ်းဖားဖားကြီးများက ကိုယ်ရံကြီးရွက်နှင့် ဆင်တူသည်။

အရွက်အလယ်ပိုင်းသည် ကွေးဝိုက်(နေ)နေကာ ရွက်ဖျားက အထက်သို့ ကော့တက်နေသည်မှာ ကခြေသည်၏ ပျော့ပျောင်းသော လက်ချောင်း သဏ္ဌာန်အလား မြင်တွေ့ရတတ်သည်။

**သူ၏ ထူးခြားချက်ကား** နေရာရွှေ့ပြောင်းတတ်ခြင်း ဖြစ်သည်။ အပင်ကျွံသွားပြီး နောက်တစ်ဖန် ပြန်လည် ပေါက်ရောက် ရှင်သန်လာသောအခါ နေရာပြောင်းရွှေ့ ပေါက်ရောက်တတ်ခြင်း ဖြစ်သည်။


အချို့နေရာ ဒေသများတွင် စိုက်ပျိုးထားခြင်း မရှိသော်လည်း သူ့အလို အလျောက် ပေါက်ရောက်လာတတ်သည်။

**[ရွှေတောင်မြို့နယ် ဆင်သေရွာ၊ ဆည်ကြီးရွာတို့အနီးရှိ ရွှေစက်မြှောင် တောရ ရဟန္တာ(၈၀)သိမ်မြေအတွင်း အလယ်ဗဟို၌ရှိသော မြတ်စွာဘုရား ရုပ်ပွားတော်ကြီး သီတင်းသုံးရာ ဂန္ဓကုဋိတိုက် မျက်နှာစာ၌ တစ်ဖက်တစ်ချက်စီ ရံ၍ ပေါက်ရောက်နေသည်။ မည်သို့ ရောက်ရှိလာသည်၊ မည်သူ စိုက်ပျိုးခဲ့သည်ကို မသိရှိရကြောင်း တောရဆရာတော်ဦးကောဏ္ဍညက မိန့်ကြားတော်မူခဲ့သည်။]**

ကျွှတ်တစ်ထောင် ဂမုန်းပင် ကောင်းစွာ ရှင်သန်ပွားစီးသော အိမ်မြေသည် သန့်ရှင်း သာယာအေးချမ်း၍ ရန်အပေါင်းမှ ကင်းဝေးစေသည်။

နတ်ပြည်၌သာ ပေါက်ရောက်သော အာသာဝတီနွယ်နီနတ်ပန်းကို ကျွှတ်တစ်ထောင်ဂန်းရံ စောင့်ကြပ်သည် ဖြစ်ရာ ကျွှတ်တစ်ထောင် ဂမုန်းပင် ရှင်သန်သော မြေနေရာသည်လည်း

www.burmeseclassic.com



အာသာဝတီနတ်ပန်းရှိရာ နေရာကဲ့သို့ သန့်စင်အေးချမ်း ဘေးမသန်းဟု ဆိုခြင်း ဖြစ်သည်။

နေအိမ်ဂေဟာတွင် စိုက်ပျိုးပါက အိမ်မျက်နှာစာအဝင်ဝ တစ်ဖက်တစ်ချက်စီ၌ ဝဲယာရံ၍ စိုက်ပျိုးရသည်။ မိဘနှင့် သားသမီး၊ ဇနီးနှင့် ခင်ပွန်း၊ အတ္တနှင့် ပရ၊ လောကီအကျိုးနှင့် လောကုတ္တရာအကျိုးဘက်စုံ၊ မျက်နှာစာ စုံလင်ပြည့်ဝ ဝေဆာစေရန်ဖြစ်သည်။

လပြည့်လကွယ်နေ့များ (တတ်နိုင်ပါက ဥပုသ်နေ့တိုင်း)တွင် ဓာရဏပရိတ်တော်(၉)ခေါက် ရွတ်ဖတ် မွှန်းထုံထားသော ပရိတ်ရေ ပက်ဖျန်းပေးရသည်။

စတင် စိုက်ပျိုးသောအခါတွင်လည်း သန့်သောမြေကို ပရိတ်သဲနှင့်ရောကာ အောက်ခံပြု၍ စိုက်ပျိုးရသည်။ **သန့်သောမြေဟူသည်ကား...**

(၁) သုသာန်တစပြင်
(၂) စျေး
(၃) လမ်းဆုံလမ်းခွ
(၄) အညစ်အကြေးအမှိုက်သရိုက်များ စွန့်ပစ်ရာ (အမှိုက်ပုံ)

တို့နှင့် ကင်းဝေးသော မြေကို ဆိုလိုပေသည်။ သမ္မာဒေဝများ၏ ကာရကစွမ်းအားများ ရယူစိုက်ပျိုးခြင်းဖြစ်ရာ ထိုနေရာတို့နှင့် ဝေးသောနေရာမှ မြေကို ယူရလေသည်။

ဤသို့ကောင်းစွာ စိုက်ပျိုးပြုစုပါက အထက်ပါအကျိုးများ ခံစားရသည့်အပြင် ခရီးလမ်းသွားလာရာတွင် ရန်ဘေးကင်းဝေးစေကြောင်း အပင်ခြေ၌ ဓာရဏပရိတ်ရွတ်ဖတ်ပူဇော်ကာ တိုင်တည် ဆုတောင်းနိုင်သည်ဟု သိရ၏။

ထို့ကြောင့် ရွှေစက်မြှောင်တောရတွင် မြင်တွေ့ရသော ကုမ္ဘဏ်တစ်ထောင် ဂမုန်းပင်အနီးတွင် အိတ်ဆောင် ဝတ်ရွတ်စဉ်စာအုပ်ငယ်ကို ထုတ်ကာ ဓာရဏပရိတ်တော် ရွတ်ဖတ်ပူဇော်ခဲ့သည်။

ရွှေတောင်မြို့တွင် ခေတ္တနေထိုင်စဉ် ရန်သူမျိုးငါးပါးဘေးမှ လွတ်ကင်းစေရန်လည်း ဆုပန်ခဲ့လေသည်။

ထိုမှပြန်၍ ရွှေတောင်ဝန်းကျင်နေရာ တစ်ဝိုက်လှည့်လည် လေ့လာပြီးနောက် ပြန်မည့်နေ့တွင် ရန်သူတစ်ပါးဖြစ်သော "ခိုးသူ"အဖြစ် ယိုးစွပ်ခြင်းခံရသော်လည်း မကြာမတင် အချိန်တိုအတွင်းမှာပင် ကောင်းစွာ လွတ်ကင်းလွှန်မြောက်ခဲ့ပေသည်။

ကုမ္ဘဏ်တစ်ထောင် ဂမုန်းပင်
ကာရကပုဂ္ဂိုလ်များနှင့်တကွ ရွှေစ
မြှောင်တောရတွင်းရှိ ဝေနေယျအား
တို့အား ပြုပြီးသမျှ ကုသိုလ်အဖို့
အမျှပေးဝေပါ၏။ မိမိခန္ဓာန်ဝ
လွယ်ကူစွာ ထမ်းဆောင်နိုင်ကြပါ

**[ကုမ္ဘဏ်တစ်ထောင် ဂမု
အကြောင်းပြောပြသည့် ဆရာတော်
ဦးကောဏ္ဍညနှင့် အဘမောင်ငြိမ်း
(ဆင်သေရွာ)တို့အား ကျေး
အထူးတင်ရှိပါသည်။]**

**မှတ်ချက်** ။ ။ **ယက္ခငယ်ဘီလူး
နတ်မှုးငယ် ကုမ္ဘဏ်ဆို၏။ ယ
သည် သာမန်ဘီလူးသာ ဖြစ်ပါ
ဝိသေသပြုခွဲခြားပါက ဤသို့ ယူနိုင်
သည်ဟု စာရေးဆရာ သက်လုံ
ပြောပြဖူးသည်။**

'**ယက္ခ** ဆိုတာ **ရက္ခ (ရက်စက်ရှ
နီးစပ်သော အသံထွက်ရှိ၏)ဆို**
သက္ကတစကားကလာတာ ရေဘီလူ
လို့ ခေါ်တယ်။ ဒါကြောင့် ယက္ခ၊ ရ
ဆိုပြီး ကုန်းနေဘီလူး၊ ရေပျော်ဘီလူ
ရယ်လို့ ခွဲခြားရင်လဲ ဖြစ်နိုင်ပါတယ်
ဟု ဆိုလေသည်။

ကုမ္ဘဏ်ကား နတ်မှုးဖြစ်ပေသည်
နတ်ဘီလူးတို့၏ အကြီးအမှူးဖြစ်သည်
ဆို၏။ ယက္ခ၊ ဘီလူးများထက် ကမ္ဘ
တန်ခိုး ပိုမိုမြင့်မားကြသည်။

ထို့ကြောင့် ကုမ္ဘဏ်တစ်ထော
ဂမုန်းကို စိုက်ပျိုးသူသည် "**ပြုခဲ့သည်
ကံ မိမိထံ ပဲ့တင်ပြန်လာသည်**"ဟ
သတိမူကာ သုစရိုက်အမှုကိုအားထုတ်
ကြပါက ကောင်းကျိုးလိုရာ ဝေဆာ
ခံစားရရှိနိုင်ကြပေမည်သာတည်း။

**ထက်မင်းကျော်စွာ**





www.burmeseclassic.com

www.burmeseclassic.com

တိမ်လိုက်အပ်နှင့် ကုသသော

# ရှေးကြီး မျက်စိကုပညာ

သူရမောင်နိုင် (ဖျာပုံ)



ဓါးရုံတောမှ
မျက်စိကုဆရာကြီး ဦးနောင်

တစ်ရက်တွင် ကျွန်ုပ်သည် ဝန်ထမ်းဘဝက မိမိရေးမှတ်ထားခဲ့သော နေ့စဉ်မှတ်တမ်းစာအုပ်များကို စာရေးစားပွဲပေါ်တွင် အစီအရီချကာ ၁၉၈၆၊ ၈၇၊ ၈၈ ခုနှစ်များအတွင်းက မိမိကူးယူမှတ်သားခဲ့ဖူးသော မျက်စိရောဂါကုထုံးဂါထာတစ်ပုဒ်ကို ရှာဖွေနေမိသည်။ အချို့မှတ်တမ်းစာအုပ်များမှာ အဖုံးများမရှိတော့ပြီ။ အတွင်းစာမျက်နှာများလည်း ပြည့်ပြည့်စုံစုံ ရှိမည်မထင်တော့။ အချို့စာရွက်များ ကျွတ်ထွက်နေသည်ကို တွေ့ရသည်။ သို့ဖြစ်ရာ ကျွန်ုပ်သည် စာရွက်တစ်ရွက်ချင်း လှန်လှောကာ ရှာဖွေရတော့၏။

'ဘာတွေများ သဲကြီးမဲကြီး ရှာနေရတာလဲ ဦးသူရကြီးရဲ့။ ခင်ဗျား ကြည့်ရတာနဲ့ ခင်ဗျားအစား ကျုပ် ခေါင်းနောက်လှတယ်ဗျာ။ ဘာလဲ မှတ်တမ်းစာအုပ်တွေကြားမှာ ငွေစက္ကူတွေ ညှပ်ထားမိလို့များ ပြန်ရှာနေတာလား'

မိမိအနီး မည်သည့်အချိန်က ရောက်ရှိနေလိုက်မှန်း မသိသော ဓမ္မမိတ်ဆွေကြီး ဦးလှမောင်က မေးမြန်းလိုက်၏။

'ငွေစက္ကူ မဟုတ်ပါဘူး ဦးလှမောင်ရယ်၊ ကျုပ် ဖျာပုံမှာရှိစဉ်က မိတ်ဆွေ လက်ထောက် ပညာရေးမှူးတစ်ဦး ပေးထားတဲ့ မျက်စိရောဂါကု ဂါထာလေးနဲ့ ကုထုံးလေးတစ်ခုကို ရှာနေတာပါ။

အဲဒီ ကျုပ်မိတ်ဆွေ ပညာရေးမှူးမှာက မျက်စိတိမ်စွဲတဲ့ရောဂါ ဖြစ်ခဲ့ဖူးတယ်။ သူ့ရောဂါကို ဖျာပုံမြို့နယ်အတွင်း ကျေးရွာတစ်ရွာက ဆရာတစ်ယောက်ဆီမှာ ကုသမှုခံယူခဲ့ရသတဲ့။ အဲဒီဆရာ မျက်စိရောဂါကုပုံက ဂါထာမန်းထားတဲ့ ဆီမန်းနဲ့ ရောဂါရှိနေတဲ့ မျက်လုံးကို မှုတ်ပေးရတာပါပဲ။

ဆီမန်းပန်းကန်ကို အဝတ်ဖြူနဲ့ အုပ်ထားပြီး မျက်စိကို ဆရာလုပ်သူက အဝတ်ဖြူပေါ်က ဖြည်းဖြည်းချင်း မှုတ်ပေးရတယ်။ ခဏကြာလို့ အဝတ်စကို ဖယ်ပြီး ကြည့်လိုက်ရင်ပဲ ဆီပန်းကန်ထဲမှာ တိမ်အစအနတွေက ရောက်နေတော့သတဲ့ဗျို့။

ဒီလိုနဲ့ (၃)၊ (၄)ကြိမ် ရက်ဆက် မှုတ်ပေးပြီးတဲ့ အခါမှာတော့ သူ့မျက်စိစွဲတဲ့ရောဂါ သက်သာ ပျောက်ကင်းခဲ့ရတယ်လို့ ဆိုတာပါပဲဗျာ။

အဲဒီတုန်းက ရောဂါပျောက်သွားတော့ သူက ဆရာ့ဆီမှာ ဆီမန်းဂါထာလေးကို တောင်းတော့တာပေါ့။ ဆရာကလဲ စေတနာဆရာ ဖြစ်ဟန်တူပါရဲ့။ သူ့ကို အဲဒီဂါထာပေးခဲ့သတဲ့ဗျ။ ဒီတော့ သူက မျက်စိရောဂါသည် တွေ့တိုင်း လက်တည့်စမ်းတော့တာပေါ့ဗျာ။

အဲဒီဂါထာနဲ့ သူ ကုပေးလို့ သက်သာပျောက်ကင်းသွားတဲ့ ဝေဒနာရှင်တွေကလဲ မနည်းတော့ဘူးလို့ ဆိုတာပါပဲ။ ဒါနဲ့ ကျုပ်လဲ အဲဒီဂါထာလေး သူ့ဆီက တောင်းယူပြီး နေ့စဉ်မှတ်တမ်း စာအုပ်တစ်အုပ်ထဲမှာ ကူးယူထားမိတယ် ဦးလှမောင်ရေ။ လိုတဲ့အခါ သုံးဖို့ပေါ့ဗျာ။

ဟိုရက်ကတော့ ကျုပ်မိတ်ဆွေ စာပေသမားတစ်ယောက် ကျုပ်ဆီ အလည်ရောက်လာရင်း **သူ့မှာ မျက်စိအတွင်းတိမ်ရောဂါကြောင့်** စာမရေးနိုင်၊ စာမဖတ်နိုင်တော့တဲ့အကြောင်း ပြောသဗျ။ ဒါနဲ့ ကျုပ်က မန္တလေးမှာ သွားပြီး ခွဲစိတ်ကုသဖို့ ပြောတော့...

"ဦးသူရရယ် ကျုပ်မှာ အဲဒီ မျက်စိရောဂါ ကုဖို့ ငွေ နှစ်သိန်းမျိုး၊ သုံးသိန်းမျိုးက ဘယ်မှာရှိပါ့မလဲဗျာ။ ကျုပ်မှာ ဒီကနေ့ ထမင်းနပ်မှန်အောင် စားနိုင်ဖို့တောင် အနိုင်နိုင်ရယ်ပါ။ အဲသလောက်ငွေရဖို့ ဘယ်တတ်နိုင်ပါ့မလဲ"

သူက ပြောတော့တာဗျို့။ ကျုပ်လဲ သူပြောတာ ကြားရတာနဲ့ စိတ်မကောင်း ဖြစ်ရပါတယ်။ ဒါနဲ့ ငါ့မှာ ဟိုတုန်းက မျက်စိကု ဂါထာလေး တစ်ပုဒ် ရဖူးတာပဲ။ ပျောက်လို ပျောက်ငြား အဲဒီဂါထာလေးတော့ ပြန်ရှာနေတာဗျို့။ မတွေ့လို့ကတော့ ဖျာပုံက မိတ်ဆွေပညာရေးမှူးဆီ စာရေးတောင်းရတော့မှာပါပဲ'

ဟု ကျွန်ုပ်က ပြောမိသည်။

'ဦးသူရကြီး ခင်ဗျားဂါထာ ရှာမတွေ့လို့လဲ စိတ်မကောင်းဖြစ်မနေနဲ့။ ဖျာပုံက မိတ်ဆွေဆီလဲ တကူးတက စာရေးပြီး ...ကောင်းမနေပါနဲ့တော့ဗျာ။ **ကျုပ်တို့ ရမည်းသင်းမြို့က ဓါးရုံတောရွာမှာ မျက်စိကုသမားတော်ကြီးတစ်ဦး ရှိပါတယ်။**

အဲဒီဆရာကြီးနဲ့ ခင်ဗျားကို ကျုပ်ဆက်သွယ်ပေးမယ်။ အဲဒီဆရာကြီးကုလို့ ပျောက်တဲ့ မျက်စိရောဂါ ဝေဒနာရှင်တွေကလဲ ကျုပ်သိသလောက် မနည်းတော့ဘူးဗျ။ ပြီးတော့ အဲဒီ ဆရာကြီးနဲ့ ကုလို့က စောစောက ခင်ဗျားပြောသလိုမျိုး ငွေကြေး မကုန်ကျပါဘူး။ သူက စေတနာဆရာကြီးဗျ။ သူပြောတဲ့ စကားလေးတစ်ခွန်း ရှိတယ်။

"ကျုပ်က ဆေးကုနေတာ လူနာတွေဆီက ငွေလိုချင်လို့ မဟုတ်ပါဘူး။ ရောဂါဆိုရင် မုန်းလွန်းလို့"

တဲ့ဗျ။ ကျုပ်လဲ အဲဒီ သူ့စကားတစ်ခွန်းနဲ့ကိုပဲ သူ့ကို လေးစားသွားတော့တယ် ဦးသူရရေ။ အခုခေတ်မှာ ဒီလိုဆရာမျိုးကို ထမင်းထုပ်နဲ့ ရှာလဲ မတွေ့နိုင်တော့ပါဘူး'

ဟု ဦးလှမောင်က ပြောလေ၏။ သို့နှင့် အဆိုပါ ဆရာကြီးနှင့် တွေ့ဆုံပေးရန် ကျွန်ုပ်က သူ့ကို အပူကပ်ရတော့သည်။

တစ်ရက်တွင် **ရမည်းသင်းမြို့နယ်၊ ဝါးရုံတောအုပ်စု၊ ဝါးရုံတောရွာမှ မျက်စိကု မြန်မာသမားတော်ကြီး ဦးနောင်နှင့် သား ဆရာကိုထွေးမောင်**တို့ ကျွန်ုပ်၏ ရမည်းသင်း သရက်ခြံနေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာကြသည်။

သူတို့ကို ဦးလှမောင်က လွှတ်လိုက်ကြောင်း ပြော၏။ ဆရာကြီး **ဦးနောင်မှာ အသက်(၇၀)ရှိပြီ ဆိုသော်လည်း** သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ် တွေ့ရသည်။ သားဖြစ်သူ ဆရာကိုထွေးမောင်မှာ **အသက်(၃၀)မျှသာ** ရှိသေးကြောင်းသိရ၏။

ဆရာကြီးနှင့် ကျွန်ုပ်တို့ တစ်ဦးနှင့်တစ်ဦး ကိုယ်တိုင် မိတ်ဆက်အပြီး ဆရာကြီး၏ ပညာစဉ်ဆက်နှင့် ကုသနိုင်သော မျက်စိရောဂါအမျိုးမျိုးကို



◆ ဦးနောင်၏သား ဆရာ ကိုထွေးမောင်

ကျွန်ုပ်က မေးရသည်။

ဆရာကြီးက ကျွန်ုပ်ကို စာရေးသူတစ်ဦးအဖြစ်နှင့်သာ သိထားသည်ဖြစ်ရာ သူက...

'ကျုပ်ပညာ အနွယ်ကတော့ ကုလားလူမျိုး ဆရာကြီးတစ်ဦးဆီက ရခဲ့တာလို့ ပြောရမှာပဲ စာရေးဆရာရေ။ ကျွမ်းကျင်စစ်ကြီး မဖြစ်ခင် ကျုပ်တို့ရွာက (ဆရာဦးကျော်လှ)၊ တောင်တွင်းကြီးက ဗိန္ဒောဆရာ(ဦးရွှေချမ်း)နဲ့ ဝါးတောမှန်စီဘက်က(ဆရာလင်း)တို့ သူငယ်ချင်း(၃)ဦး အောက်ပြည်အောက်ရွာမှာ နယ်လှည့်ပြီး စုတ်ထိုး ဆေးကုကြရင်း မျက်စိ ရောဂါကုတဲ့ ကုလားဆရာကြီးတစ်ဦးနဲ့ တွေ့သတဲ့ဗျ။

မင်းတို့ စုတ်ထိုးတာ တစ်နေ့ ဘယ်လောက်ရသလဲ မေးတော့ ဆရာဦးကျော်လှက ပေါင် တစ်ပေါင်ထိုးရင် ငါးမတ်ရတယ်လို့ ပြောတယ်။ ကုလားဆရာကြီးက မင်းတို့ ပင်ပန်းပါတယ်ကွာ။ ငါနဲ့လိုက်ပြီး ငါ့အလုပ်ကို ကူပါ။ တစ်ယောက်ကို တစ်နေ့သုံးကျပ်ပေးမယ်။ မင်းတို့ငါ့ပညာလဲ ရမှာပေါ့လို့ ပြောတာနဲ့ အဲဒီသုံးယောက် ကုလားဆရာ ကြီးကို ကူညီရင်း ပညာသင်ခွင့်ရခဲ့ကြတယ်။

လေး၊ ငါးနှစ်လောက်အကြာ ပညာစုံတော့ ကုလားဆရာကြီးက **သူတို့သုံးဦးကို တိမ်လိုက်အပ်အပါအဝင် မျက်စိကု ပစ္စည်းတစ်စုံစီနဲ့ မျက်စိကုဆေးတစ်တောင့်စီ ပေးပြီး** မျက်စိကုစားကြပေတော့လို့ ပြောဆိုမှာကြားရင်း

လမ်းစရိတ် ဒင်္ဂါး(၁၅၀)စီပေးကာ ...
ချင်းခွဲကြသတဲ့။

အဲဒီ ကျုပ်တို့ရွာက ဆရာဦးကျော်...
လှ ရွာပြန်ရောက်လာတော့မှ ဦးကျော်...
လှက သူ့တူ ဦးလှရွှေကို ပညာ...
တယ်။ ကျုပ်က သူ့ဆီက တစ်ဆင့်...
သင်ရတာပါ။ နှစ်ပေါင်းငါးဆယ် ...
ပေါ့'

ဟု ဆရာကြီးက ပြောသည်။

'ဒါဆို ဆရာကြီးတို့ ပညာက ...
ပညာ ဘယ်ဟုတ်လို့လဲ'

ကျွန်ုပ်က ပြော၏။

'ကုလားဆရာကြီးဆီက ရခဲ့...
ဆိုတော့ ကုလားပညာရယ်လို့ ...
မယ်ဆိုလဲ ပြောနိုင်တာပေါ့ဗျာ။ ...
မယ့် အခု ဗမာ့လက်ထဲရောက်နေပြီ...
ဗမာ့ပညာဆိုရမှာပေါ့ စာရေးဆရာ...
ကိုယ့်လက်ထဲမှာရှိတဲ့ပစ္စည်း ကိုယ့်...
ပစ္စည်းပေပဲလေ။

အခု စာရေးဆရာ လက်ထဲ...
ဘောလ်ပင်လေးဟာ တစ်ချိန်က...
စတိုးဆိုင်ကပစ္စည်းပါပဲ။ အခု စာ...
ဆရာလက်ထဲ ရောက်နေမှ...
စာရေးဆရာ ပစ္စည်းပဲပေါ့။ ကျုပ်ပြော...
တာ ဟုတ်ရဲ့လား'

ဆရာကြီးပေးသော ဥပမာကို...
ကျွန်ုပ် ကြိုက်သွားရပါလေပြီ။

ဆရာကြီးက သူ ကုသပေးနိုင်သည့်...
မျက်စိရောဂါများနှင့် ပတ်သက်...
စကားဆက်သည်။

'ဝေဒနာရှင်ကသာ ကျုပ် ညွှန်ကြား...
တဲ့အတိုင်း လိုက်နာရင် ကျုပ် ကုမရ...
ဘူးဆိုတဲ့ ရောဂါက ခပ်နည်းနည်း...
စာရေးဆရာရေ။ ပဋိသန္ဓေကန်း...
လွဲရင် ရောဂါနုစဉ် ကုမယ်ဆိုရင်...
ကတော့ ကုလို့ရတာပါပဲ။ ပဋိသန္ဓေ...
ကန်းကဖြင့် ကုလို့မရပါဘူး။ ...
ရောဂါ ဆိုတာကတော့ မရှိမဟုတ်...
ဘူး။ ရှိတော့ ရှိပါတယ်။

www.burmeseclassic.com

တချို့ကတော့ တော်တော်ခက်တယ် စာရေးဆရာရေ။ ရောဂါတော့ ပျောက်ချင်တယ်။ ဒါပေမယ့် ဆရာက ဒါမလုပ်နဲ့ဆို လုပ်တယ်။ ဒါမစားနဲ့ဆို စားတယ်။ ဒီလိုလူမျိုးကိုတော့ ကျုပ် တာဝန်မယူပါဘူးဗျာ။ ကဲ...ကျုပ်ပြောတဲ့အတိုင်း လိုက်နာတဲ့ လူရှိရင်တော့ ဘယ်နှစ်ရက်အတွင်း ပျောက်မယ်ဆိုတာ ပျောက်တာပါပဲ။ မပျောက်မရှိပါဘူး။

'ကျုပ် ဆေးကုတဲ့ နေရာမှာ စားဆေးနဲ့သာ ကုသလို့ရမယ်ဆိုရင် စားဆေးနဲ့ပဲ ကုတယ်။ လိုအပ်မှသာ တိမ်လိုက်အပ်နဲ့ တိမ်တွေ ဖယ်ရှားပစ်တာမျိုး လုပ်ပါတယ်။ ဒီလို လုပ်ပေးမယ့် နာခြင်း ကျဉ်ခြင်း မရှိပါဘူး။ အဲသလို တိမ်လိုက်အပ် သုံးရလို့ကလဲ အွန္တရာယ် တစ်စုံတစ်ရာ မရှိဘူးဆိုတာ အာမခံပါတယ်' ဆရာကြီးက ပြော၏။

'ဆရာကြီးပညာကို ဆရာကြီးက ဒီလောက် အာမခံနိုင်တာ ဒီလို ပညာမျိုးနဲ့ မြို့ပေါ်မှာ လုပ်စားမယ်ဆိုရင် သူဌေးဖြစ်လောက်ပြီပေါ့ ဆရာကြီး။ ဘာဖြစ်လို့ မြို့ပေါ်မတက်ဘဲ တောမှာ နေရတာလဲ'

ဟု ကျွန်ုပ်က ပြောမိသည်။

'ခက်ပါလား စာရေးဆရာရယ်။ ကျုပ် ဒီ ဆေးအတတ်ပညာ သင်ထားပြီး ဆေးကုနေတာက လူနာတွေဆီက ငွေလိုချင်လို့ မဟုတ်ဘူး။ ရောဂါဆိုတဲ့စကား ကြားရတာကိုပဲ ကျုပ်က မုန်းလို့ပြီ။ ဒါကြောင့် လူသားတွေ ရောဂါဝေဒနာ မခံစားကြရလေအောင် ကျုပ်က ကုပေးနေတာ။

လူနာတွေဆီက ရတဲ့ ငွေနဲ့ ထမင်းစားရတာလဲ ကျုပ် ထမင်းမမြိန်ပါဘူးဗျာ။ ကျုပ်မှာ ထယ်လဲ ရှိတယ်၊ ယာလဲ ရှိတယ်၊ စပါးလဲ ရတယ်၊ နှမ်းလဲ ရတယ်၊ ပဲလဲ ရတယ်။ အဲဒီအလုပ်က ရတဲ့ ငွေနဲ့ ထမင်းစားရတာကိုပဲ ဝ,တယ် ထင်ပါတယ်။ ထမင်းလဲ မြိန်တယ်'

ဟု ဆရာကြီးက ပြောပြန်သည်။ ကျွန်ုပ်က...

'ဆရာကြီးပြောတဲ့အတိုင်းကဖြင့် ဒီပညာက လေးစားလောက်စရာပါပဲ။ ဆရာကြီးပညာကို ပညာအမွေခံဖို့ ဘယ်လိုများ စီစဉ်ထားပါသလဲ'

ကျွန်ုပ်က ယင်းသို့ မေးသည်ကို...

'ကျုပ် ချပေးထားတဲ့ စည်းကမ်းကို လိုက်နာမယ်ဆိုရင် ဘယ်သူ့ကိုမဆို ပညာပေးဖို့ ဝန်မလေးပါဘူး။ သင်ပေးနိုင်ပါတယ်။ ကျုပ် စည်းကမ်းက **ဒီပညာနဲ့ ဆေးကုရင် ရောဂါမပျောက်မချင်း လူနာဆီက ငွေကို မစားနဲ့။ လူနာ့ရောဂါအတွက်ပဲ သုံးရမယ်။ ရောဂါပျောက်ပြီဆိုမှဖြင့် လူနာ သဒ္ဓါလို့ ကန်တော့တာ စားပေါ့။ စားနိုင်ပါတယ်။** အဲဒီ စည်းကမ်းကို မလိုက်နာလို့ကတော့ သားသမီးပဲ ဖြစ်ပါစေ ကျုပ် ပညာမပေးနိုင်ပါဘူး။ လိုက်နာနိုင်မယ့် သူကို ပေးသွားပါ့မယ်'

ဟု ဆရာကြီးက ဖြေသည်။

ကျွန်ုပ်သည် ဆရာကြီး၏ ပညာကို လေးစား၏။ ပညာကို လေးစားသည်ထက် ဆရာကြီး၏ စိတ်ထားကို ပို၍ လေးစားမိသည်။ ဆေးရုံဆေးခန်းကြီးများတွင် တက်ရောက်ကုသရန် **ငွေကြေးမပြည့်စုံသူများ ဆရာကြီးနှင့် ဆက်သွယ် ကုသသင့်၏။**

**ဆရာကြီးက ပျောက်ကင်းနိုင်တာ ပျောက်ကင်းနိုင်ကြောင်း အာမခံနှင့် ကုသပေးသည်။ ရုပ်ဝေဝေအနာရှင်များ၊ ဆရာကြီးက အိမ်တွင် လက်ခံကုသပေးသလို ရုပ်ဆိုးဝေဒနာရှင်များကို အိမ်တိုင်ရာ ရောက်ကုသပေးနေကြောင်းသိရပါသည်။**

ဆရာကြီးက မျက်စိနှင့် ပတ်သက်၍ သတိပေးသည်မှာ...

'မျက်စိအသုံး နားအရှုံးတဲ့ဗျ စာရေးဆရာရဲ့ ဒီတော့ မျက်စိကို ဂရုစိုက်ကြပါ။ တွေ့ကရာ မျက်စဉ်းတွေ မခတ်ကြပါနဲ့။ ကျုပ်ဆီ ရောက်လာတဲ့ လူနာတွေမှာ မျက်စဉ်းခတ်မှားလို့ ဒုက္ခရောက်ရတဲ့ လူက မနည်းပါဘူး။ အဲဒီ လူနာမျိုးက ကုရတာ အခက်ဆုံးပါပဲ'

ဟူပါသတည်း။

**အာရောဂျံ ပရမံ လာဘံ၊ မျက်စိ အသုံး နားအရှုံး။**

မေတ္တာဖြင့်...

**သူရမင်းနိုင်(ဖျာပုံ)**

**စာရှုသူ သုတေသီ ပညာရှင်များသို့...**

ဤစာစုမှာ...

၂၀၀၄ ခုနှစ်ခန့်က ပေးပို့ထားသော စာမူဖြစ်ပါသည်။ အကြောင်းကြောင်း ကြောင့် မဖော်ပြနိုင်ခဲ့ပါ။

ယခု သိပ္ပံခေတ်ကြီးတွင် ခေတ်မီ အဆောက်အဦး မျက်စိကုပညာရပ်များ ထွန်းကားနေပြီး လွယ်ကူစွာ ကုသနိုင် နေပြီဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ ရှေးမြန်မာ တိုင်းရင်းဆေးပညာရပ်များတွင် ဤ ဆောင်းပါးပါ မျက်စိကုပညာနှင့် ပညာရှင်များရှိခဲ့ကြောင်း မှတ်တမ်းအဖြစ် ဖော်ပြခြင်းဖြစ်ပါသည်။

သို့ဖြစ်၍ မျက်စိကု တိုင်းရင်းဆေး ပညာရှင်များနှင့် ကုသနည်းများ ရှိပါကလည်း ရေးသားပေးပို့ပြီး မှတ်တမ်းတင်နိုင်ကြပါရန် လေးစားစွာ စိတ်ခေါ် အပ်ပါသည်။

**စာရှုသူများ ကျန်းမာ ချမ်းသာ ကြပါစေ။**

**ဦးကျော်မိုးသိန်း**
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**


www.burmeseclassic.com

www.burmeseclassic.com

# ဂန္ဓာရီ အဘိုးပုဏ္ဏ

အဆိပ်ပြီးကျင့်စဉ်

မျိုးတင့်
(ညောင်လေးပင်)



အဆိပ်သင့်ခြင်း အမျိုးမျိုးရှိသည်။ အစာ အဆိပ်သင့် ခြင်း၊ သတ္တဝါ အဆိပ်သင့်ခြင်း၊ လက်နက်အဆိပ်သင့်ခြင်း၊ သတ္တုများဖြစ်သော ခဲပြဒါးစသော အဆိပ်သင့်ခြင်း အမျိုးမျိုး ရှိသည်။

ထို အဆိပ်သင့်ခြင်း အမျိုးမျိုးတို့တွင် အစာ အဆိပ်သင့်ခြင်းမှာ အများဆုံး ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် အစာအာဟာရကိုသတ္တဝါတိုင်း မရှိမဖြစ် လိုအပ် စားသုံးရခြင်းကြောင့် ဖြစ်သည်။

ကျွန်ုပ် ငယ်စဉ်က **ပဲခူးတိုင်း ဒေသကြီး၊ ပျဉ်ပုံကြီးအနီး ထင်ရှားသော ဒေးစွန်ပါ တောင်တော်ကြီးတွင်** တရားဘာဝနာ ကျင့်ပွားအား ထုတ်နေသော ဂန္ဓာရီ အဘိုးပုကို သိကျွမ်းခဲ့ဖူးသည်။

ဒေးစွန်ပါ တောင်တော်တွင် အဘ ဦးဘိုးဦးဆိုသော သာသနာပြုပုဂ္ဂိုလ်ကြီးတစ်ဦး လွန်ခဲ့သော နှစ်(၅၀)လောက်က သာသနာပြုစခန်းကြီးဖွင့်၍ ထင်ရှားခဲ့ဖူးသည်။

ထိုဘိုးတော်ကြီးဦးဘိုးဦးကို ကျွန်ုပ်၏ ဖခင်ကြီးသည် လေးစားကိုးကွယ်ခဲ့သည်။ အဘိုးပုသည် ဘိုးတော်ကြီး ဦးဘိုးဦး၏ အစ်ကိုတော်တစ်ဦးဖြစ်သည်။ အဘိုးဦးဘိုးဦးကို သိသူများသလောက် အဘိုးပုကို သိသူနည်းပါသည်။

အဘိုးပုသည် ထိုင်လျက် စခန်းချအားထုတ်သူ မဟုတ်ဘဲ ဂန္ဓာရီ လှည့်လည်လျက် ဒေးစွန်ပါတောင်တော် လျှိုမြောင်၊ လိုဏ်ချောင်၊ ဂူ၊ ချုံ၊ သစ်ပင်များတွင် အလျဉ်းသင့်သလို သွားလာနေခဲ့သည်။

အဘိုးပုသည် ကျွန်ုပ်၏ ဖခင်ကြီးနှင့် ရင်းနှီးသူဖြစ်၍ ညောင်လေးပင်မြို့နယ်၊ ပုစွန်မြောင်းရွာကြီးရှိ ကျွန်ုပ်တို့အိမ်[...] ဖခင်ကြီး၏ ဖိတ်ကြားမှုကြောင့် ရော[...] ရှိနေထိုင်ခဲ့ဖူးသည်။

ထို့ကြောင့်ပင် ကျွန်ုပ်ငယ်စဉ်က[...] ပိတ်ဖြူစင်ကြယ်ဝတ်ထားသော [...] ပေစူးကလေးကို ပိတ်ဖြူစက[...] ပေါင်းထားသည့် အဘိုးပုကို [...] မှတ်မိနေခဲ့သည်။

အဘိုးပုသည် သူ၏ ထူးခြားသော[...]



www.burmeseclassic.com

www.burmeseclassic.com

ဂန္ဓာရီအတွေ့အကြုံများကို ကျွန်ုပ်အား ပြောပြသကဲ့သို့ ပြောပြလေ့ရှိသည်။ အဘိုးပြောသော အကြောင်းအရာများ ထဲမှ ယနေ့တိုင် မှတ်မိနေသေးသော **"အဆိပ်ပြီးကျင့်စဉ်"** ကို တင်ပြလိုပါသည်။

အဆိပ်ပြီးကျင့်စဉ်ဆို၍ ခက်ခဲနက်နဲ ထင်ပန်းသော ကျင့်စဉ်ကြီးဟု မယူမှတ်သင့်ပါ။ စိတ်ဝင်စားလျှင် လူတိုင်းလိုလို ကျင့်ကြံအားထုတ်နိုင်သော ကျင့်စဉ်မျိုးသာဖြစ်ပါသည်။

အဘိုးပုသည် သူ၏ ဂန္ဓာရီခရီးလမ်းတွင် ထမင်းအိုးမပါ၊ မီးမပါဘဲ ရေတစ်မျိုးကိုသာ သောက်သုံး၍ ဆီလျော်ရာ သစ်ဥ၊ သစ်သီး၊ သစ်ရွက်၊ သစ်နွယ်၊ သစ်ခေါက်တို့ကို စားသုံးခဲ့သည်။

လူသူမနီးသည့် ဒေးစွန်ပါတောင် တောကြီးမျက်မည်းအတွင်း တစ်ကိုယ်တော် ကျင့်ကြံအားထုတ်ခဲ့သည်။

အဘိုးသည် နဝင်္ဂသီလနှင့် နေထိုင်သူဖြစ်၍ အစာအာဟာရအတွက် ပူပန်မှုမရှိ နေမွန်းမတည့်မီ ကာလတွင်သာ သုံးဆောင်ခဲ့သည်။

သူ ဘာကို သုံးဆောင်ပါသနည်း။ တွေ့ရာမြင်ရာ အရွက် အသီးအပွင့်များကို ဟိုဟာနည်းနည်း၊ ဒီဟာနည်းနည်း ကြုံသလို စားသုံးခဲ့သည်။

အာဟာရကို တပ်မက်ခြင်း မပြုဘဲ ခန္ဓာကိုယ်တည်မြဲ၍ တရားဘာဝနာ ပွားနိုင်လျှင် တော်လှပြီဟု အာရုံပြု၍ သုံးဆောင်ခဲ့သည်။

ဒေးစွန်ပါတောင်တော် တစ်လျှောက် ပေါက်ရောက်နေကြသော အပင်အမျိုးမျိုး၊ ကျွဲတညင်း၊ သရက်၊ ဇီးခါး၊ တောရှောက်၊ ကနစို၊ တောငှက်ပျော၊ မျှောက်လုတ်သီးပင်၊ ဇွဲး ဆီးဖြူစသော အသီးအရွက် အပွင့်များကို တွေ့ရာဝါးစားပြီး ရေနှင့် မျိုချ



ခဲ့သည်။

ကြိမ်ပင်မှရသော ကြိမ်ခါးဖူး၊ ကင်ပွန်းရွက်၊ ကန်စွန်းရွက်၊ ခွေးတောက်ရွက်၊ မြက်နုမြက်ချိုများ၊ ကြိတ်မှန်ပင်၊ သမြားပင်၊ ကင်ပလင်းရွက်များလည်း ပါသည်ဟု ဆိုပါသည်။

ထို အဖူး,အညွန့်,အခေါက်,အသီး, အပွင့်များကို များပြားစွာ တစ်ခါတည်း စားသည်မဟုတ်ဘဲ တစ်မျိုးကို နည်းနည်းစီ အမျှအစုပြု၍ စားခြင်း ဖြစ်သည်။

ချိုသည်၊ ငန်သည်၊ ဖန်သည်၊ ခါးသည် စသည်ဖြင့် ရသမျိုးစုံကို အာရုံမခံစားဘဲ ကြုံသလို စားသုံးခဲ့သည်။

ထို အပင်အမျိုးမျိုးတို့တွင် လူနှင့်တည့်သော အပင်များရှိသကဲ့သို့ မတည့်သော ဓာတ်သဘာဝရှိသည့် အပင်များ၊ အဆိပ်သင့်အပင်များလည်း ပါဝင်နေတတ်သည်။

နေ့စဉ်လိုလို နှစ်,လ,ရက် ကြာမြင့်စွာ စားသုံးနေခြင်းကြောင့် အဘိုး၏ အစာအိမ်သည် အာဟာရအားလုံးကို လက်သင့်ခံနိုင်ပြီး သွေးသားညီညွတ်မျှတနေခဲ့ပါသည်။

သဘာဝကပေးသော အာဟာရကို သဘာဝအတိုင်း ပုံမှန်စားသုံးခဲ့ခြင်းမျိုး ဖြစ်သွားသည်။

အဘိုးပုစားသောက်သော အပင်များတွင် ကင်ပလင်းပင်သည် ထူးဆန်းသောသတ္တိရှိသည်။ မိုးဦးတွင် ပွင့်သီးသည်။အသီးမှာ ချိုချဉ်သော အရသာမျိုးရှိသည်။ အပင်ငယ်မျိုးဖြစ်သည်။ အရွက်မှာ (၆)လက်မခန့်ရှည်၍ (၄) လက်မလောက် ပြက်ကျယ်သည်။

ငရုတ်ကောင်းစေ့ခန့် အနီရောင် အသီးကလေးများသည် ရင့်သောအခါ အညိုရောင်ပြောင်းသွားသည်။ အရွက်သည် ကင်း စသော အဆိပ်ရှိသတ္တဝါများကိုက်လျှင် ပွတ်ခြေ အုံမံပေးရုံနှင့် သက်သာပျောက်ကင်းသည်။

မြန်မာ့ ကျေးလက်ဒေသနေသူများသည် **"ကင်ပလင်း၊ ဂုံမင်းတဲ့ရောရာ"** ဆိုသော ရှေးစာဆိုအရ ကင်ပလင်းရွက်ကို အတို့အမြှုပ်အဖြစ် လည်းကောင်း၊ ဟင်းချိုအဖြစ် သီးသန့် သော်လည်းကောင်း၊ ဂုံမင်းနှင့် ရောနှော၍ လည်းကောင်း ချက်ပြုတ်လေ့ ရှိသည်။

အမြစ်အခေါက်များသည် သွေးဆိပ်၊ လေဆိပ်၊ ပိုးမွှားဆိပ်များကို ပြေစေသည်ဟု အဘိုးပု ပြောပြခဲ့သည်။

အသုံးတည့်လှသော မြန်မာ့ဆေးဖက်ဝင် ကင်ပလင်းတွင် **"အနက်"** မျိုး များလည်း ရှိကြသည်။ ရှားပါးသော ဂမ္ဘီရဆေးပင်ဟု အဘိုးပုက ဆိုသည်။

အဘိုးပု သစ်သီးသစ်ရွက်များကို ရသလို ခူးဆွတ် စားသုံးခဲ့စဉ်က ကင်ပလင်းနက်ပင်များကိုလည်း တွေ့ရှိ၍ စားသုံးခဲ့ရသည်။

ကင်ပလင်း အစရှိသော နွယ်မြက် သစ်ပင်အမျိုးမျိုးတို့ကြောင့်ပင် အဘိုးပုကို မြွေကိုက်၍ အဆိပ်မတက်ခဲ့။ မည်သည့်အစာကိုစားစား အဆိပ်သင့်ခြင်း ဘေးမှဝေးသော ကျန်းမာရေးဖြစ်စဉ် တစ်ခုကို အောင်မြင်ပိုင်ဆိုင်ခဲ့သည်။

အဘိုးပုသည် အဆိပ်ပါသော၊ အဆိပ်သင့်စေသော အသီးအရွက်များကို အနည်းငယ်စီ စားထားခဲ့ရာမှ တစ်စတစ်စ ခံနိုင်ရည်ရှိလာသည်။

www.burmeseclassic.com

သူ၏ ကိုယ်ခံအားတွင် အဆိပ်ကို လက်သင့်ခံနိုင်သော စွမ်းအင်ထူးတစ်ခု ရလာသည်ဟု အဘိုးပုက ရှင်းပြခဲ့ပါသည်။

အဘိုးပုသည် ဒေးစွန်ပါတောင်တော်ကြီး၌ နှစ်ပေါင်းများစွာ တစ်ကိုယ်တော် မွေ့လျော်စွာ တရားအားထုတ်ခဲ့သည်။

ကျွန်ုပ်တို့ ရွာသို့ရောက်လာချိန်တွင် အဘိုးပု၏ အသက်သည် (၈၀)ကျော် နေပြီ တောက်ပသော မျက်လုံး အစုံနှင့် သွက်သွက်လက်လက်ပင် ရှိနေသည်။

ကျွန်ုပ် တက္ကသိုလ်ဝင်တန်းကျောင်းသားဘဝ ၁၉၆၀ ပြည့်နှစ်လောက်တွင် အဘိုးပုသည် ပဲခူးမြို့အနီး ရန်ကုန်ကားလမ်းမကြီးအနီး၌ရှိသော သူ၏ မွေးဇာတိရွာ ကျောက်တိုင်ကန်ရွာကလေးသို့ ပြန်လာခဲ့သည်။

တရားဓမ္မပြည့်ဝနေသော အဘိုးပုသည် သူ၏ နောက်ဆုံးမရဏကာလကို ကြိုတင် ခန့်မှန်းနိုင်ပုံရပါသည်။

သူ၏အိမ်တွင် တစ်ကိုယ်တော်တည်းပင် ငြိမ်းငြိမ်းချမ်းချမ်းနှင့် လအတန်ကြာ နေထိုင်သည်။

အနီးအပါးရှိ ရပ်ဆွေရပ်မျိုးများကလည်း အေးချမ်းသော သူတော်စင် အဘိုးပုကို လေးစားချစ်ခင်ကြသည်။

သူနှစ်သက်သလို အိမ်ကလေးသို့ ပြန်ချင်လျှင် ပြန်လာသည်။ မပြန်ချင်လျှင်လည်း ရက်လအတန်ကြာ ပျောက်နေတတ်သည်မို့ အဘိုးပုကို အိမ်နီးချင်းများကမူ သတိမထားမိကြဘဲရှိသည်။

တစ်နေ့တွင် အဘိုးပု၏ ခြံနီးချင်းမှ လူငယ်တစ်ယောက်သည် အဘိုးပု အိမ်တွင်း၌ ရှိ မရှိ သိလို၍ သွားရောက်ချောင်းမြောင်းကြည့်ရှုသည်။

အဘိုးပုသည် သူ၏ သက်ငယ်မိုးဝါးထရံကာ အိမ်ကလေးအတွင်း၌ ငြိမ်သက်စွာ လဲလျောင်းလျက်ရှိသည်။

အဘိုး၏ ဦးခေါင်းသည် ညာဘက်သို့ စောင်းငဲ့နေသည်။ အဘိုး၏ သွင်ပြင်ဟန်ပုံသဏ္ဌာန်မှာ ပက်လက်အနေအထား တရားရှုပွားနေပုံဖြစ်သည်။

သို့သော် အဘိုး၏ အရိုးစုခန္ဓာကြီးပေါ်တွင် အသားအမျှင်များ မရှိတော့၊ အရိုးစု အလောင်းကောင် ခန္ဓာကြီးမျှသာ ဖြစ်နေခဲ့သည်။

လူငယ်သည် ချောင်းမြောင်းကြည့်ရှုရာမှ ခေါင်းနားပန်းကြီးသွားသည် အဘိုးပု ထိုကဲ့သို့ အရိုးကျသည်အထိ တရားရှုပွားရင်း ဘဝတစ်ပါး ပြောင်းသွားခဲ့သည်ကို မည်သူမှ မသိကြ။

**အိမ်နီးနားချင်းများသည် အဘိုး၏ ကျန်းမာရေးမကောင်းသောအခါ ညည်းညူအော်ဟစ်သံတို့ကိုလည်း မကြားရပဲ၊ သေလွန်ချိန်လည်း လေထက် လေအောက် လေညာ သေညှီနံ့ အပုပ်နံ့ ဟူ၍ မှုန်စဉ်းမျှ မရခဲ့ကြ။**

အဘိုးပု လောကမှ ထွက်ခွာသွားပုံမှာ ခမ်းနား ထည်ဝါလွန်းပါသည်။ **အားကျဖွယ် ကောင်းပါသည်၊ ကြည်ညိုစရာဖြစ်ပါသည်။**

အဘိုးသည် တဏှာ အဆိပ်အတောက်များကိုပါ ဖယ်ခွာနိုင်ခဲ့ပါသည်။ ကျွန်ုပ်သည် ထိုဖြစ်စဉ်များကို တင်ပြရင်း အဘိုးကို အမှတ်တရ လက်အုပ်ချီမိုး ရှိခိုးကန်တော့လိုက်ပါသည်။

**မှတ်ချက်။** ။ *ဖြစ်ရပ်မှန် ဖြစ်ပါသည်။)*

*မေတ္တာရည်လျက်...*

**မျိုးတင့်(ညောင်လေးပင်)**

**စာရှုသူများသို့ . . .**

**ပေးပို့သော စာမူများကို မူပွားထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိပေးအပ်ပါသည်။**

လေးစားစွာဖြင့်...

**နှလုံးလှရောင်ခြည်မဂ္ဂဇင်း**




www.burmeseclassic.com

www.burmeseclassic.com

# ရဲဘွန့်စခန်းမှ

ဖြစ်ရပ်ဆန်း (၂)

ဝသုန္ဓာသက်လွင်



ယခင်လမှအဆက်

အရောက်တွင် ထိုသူသည် ခြေစုံရပ်လိုက်သည်။ အရှေ့ဘက်ရှိ ကင်းသမားများလည်း မြင်တွေ့ကြသည်။ ရွေ့လျားခြင်းမရှိသော ထိုအရာသည် လူတစ်ယောက်ဖြစ်ကြောင်း အတည်ပြုနိုင်သည်။

နောက်ပိုင်း အင်အားမပါဘဲ စခန်းကို မိုင်းထောင်ရန် ချဉ်းကပ်လာနိုင်ဖွယ်ရှိသဖြင့် ရဲဘော်များကို ပစ်ခတ်ခြင်း မပြုဘဲ အခြေအနေစောင့်ကြည့်ရန် ဆက်သွယ် အမိန့်ပေးထားလိုက်သည်။

ကျွန်ုပ်ကမူ လက်တွင် ကိုင်ထားသော ကာဘိုင်သေနတ်ပြောင်းဝကို ချဉ်းကပ်လာသူ၏ ရင်ဝသို့ တည့်မတ်စွာ ချိန်ထားလိုက်သည်။ ခလုတ်ပေါ်လက်တင်ကာ ပစ်မှတ်ချိန်သားကိုက်သည်နှင့် နှစ်ချက်ဆင့် ပစ်လိုက်ပါသည်။

'ဖန်း...ဖန်း'

ကျယ်လောင်သော သေနတ်သံနှစ်ချက်နှင့်အတူ မြေပြင်သို့ လဲပြိုကျသံကို ကျွန်ုပ်တို့ ရဲဘော်အားလုံး ကြားရသည်။ တစ်ဖက်မှ ပြန်လည် ပစ်ခတ်သံ မကြားရသဖြင့် ကျွန်ုပ်တို့ဘက်မှ

www.burmeseclassic.com

ထပ်မံ ပစ်ခတ်ခြင်းမပြုဘဲ အခြေအနေကို စောင့်ကြည့်နေကြသည်။

ရန်သူ၏ပရိယာယ်ကို မှန်းဆ၍ စစ်သည်အားလုံး သတိဖြင့် သေနတ်ကိုင် စောင့်နေကြသည်။

နံနက်(၅)နာရီခွဲခန့်ရှိ လာချိန်၌ အရာရာကို သဲကွဲစွာ မြင်လာနိုင်သည်။ သို့ဖြစ်၍ ကျွန်ုပ်နှင့် ရဲဘော်(၃)ဦး စခန်းပြင်ထွက်၍ ရန်သူလဲပြိုကျရာ နေရာသို့ ရှင်းလင်းရာ လောင်းကွတ်အင်္ကျီတစ်ထည်ကို တွေ့ရသဖြင့် ကောက်ယူလိုက်သောအခါ ဘယ်ဘက်ရင်အုံတွင် အပေါက်ရာကြီးတစ်ခုကို သွေးများ ပေကျံလျက် တွေ့ရသည်။

ကျွန်ုပ်ပစ်လိုက်သော ကာဘိုင်ကျည်ဖူးတစ်တောင့်ကိုလည်း တအံ့တဩ သွေးနှင့် လိမ်းကျံလျက်တွေ့လိုက်ရသည်။

ရန်သူသည် သေနတ်ထိမှန်သွားသည်မှာ သေချာ၏။ အင်္ကျီ၏အပေါက်ကိုကြည့်ခြင်းဖြင့် ချက်ကောင်းကို ထိမှန်၏။

သေနတ်ထိမှန်၍ မြေပြင်သို့ လဲကျခဲ့သည့်အသံကိုလည်း ကျွန်ုပ်တို့ မြင်တွေ့လိုက်ရသည်ဖြစ်ပါလျက် ထိုသူသည် အသက်ပြင်းဟန်တူ၏။

သူ၏ လောင်းကွတ်အင်္ကျီကို ချွတ်လျက် ထွက်ပြေး လွတ်မြောက်သွားခြင်းလည်း ဖြစ်နိုင်သည်။

ကျွန်ုပ်တို့သည် ထိုအင်္ကျီကြီးကို ယူ၍ စခန်းသို့ ပြန်ခဲ့ကြသည့်အချိန်တွင် ရဲမွန်ရွာဥက္ကဋ္ဌ နိုင်ထော်ရိုးနှင့် ကျေးရွာလူကြီးအချို့လည်း စခန်းသို့ ရောက်နေကြသည်။

ကျွန်ုပ် စခန်းရှိ ရုံးစခန်းထဲ၌ ထိုင်သည်နှင့် နိုင်ထော်ရိုးက…

'စခန်းဘက်က သေနတ်သံကြားလို့ ကျွန်တော်တို့ လာခဲ့ကြတာ'

'ဒီမနက်(၄)နာရီလောက်က ရွာတောင်ဘက်တောစပ်ကို ဖြတ်ပြီး ရန်သူဆယ်ယောက်ခန့်လောက်ရှိမယ် ထင်တယ်၊ ဖြတ်သွားကြတာကို ကျွန်တော့်လယ်တဲက မြင်လိုက်ရတယ်'

ရွာလူကြီးနိုင်ထော်ရိုးနှင့် ရွာသားတစ်ဦးက ပြောလာကြသည်။ တပ်ရင်းမှ သတင်းပေးချက်၊ ထင်းခုတ်ရွာသားတစ်ဦး၏ သတင်းပေးချက်နှင့်အတူ လယ်သမား၏ မြင်တွေ့ချက်တို့ကို ပေါင်းစပ်ကြည့်လျှင် ကွဲလွဲမှုမရှိ မှန်ကန်နေပြီဖြစ်သည်။

ဤသို့ဆိုလျှင် လောင်းကွတ်အင်္ကျီကြီးချွတ်၍ ထွက်ပြေးလွတ်မြောက်သွားသူသည် ထိုအဖွဲ့မှ တစ်ဦးဖြစ်နိုင်ကြောင်း သုံးသပ်ပြီး…

'အခုလို သတင်းထူးတာနဲ့ လာပြောကြတာ ကျေးဇူးတင်ပါတယ်။ တပ်နဲ့ပြည်သူ ပူးပေါင်းမှုရှိမှ နယ်မြေလဲ အေးချမ်းမှာပေါ့။ ခင်ဗျားတို့ ပေးတဲ့သတင်း မှန်တယ်။

ညတုန်းက လူတစ်ယောက် စခန်းကို ကပ်လာလို့ ပစ်လိုက်ရတယ်။ ထိတော့ ထိသွားတယ်။ ဒါပေမယ့် ဒီအင်္ကျီကြီးချွတ်ပြီး ပြေးသွားတယ်ဗျာ'

ကျွန်ုပ် ရွာလူကြီးများကို လောင်းကွတ်အင်္ကျီရှည်ကြီး ပြလိုက်သည်။ ထိုအခါ ဥက္ကဋ္ဌနိုင်ထော်ရိုးကာ ကျွန်ုပ်လက်မှ တောင်းယူပြီး တအံ့တဩ ကြည့်ကာ အတွင်းအိတ်များကို လက်ထိုးနှိုက်လိုက်ရာ ဓာတ်ပုံတစ်ပုံ ထွက်ကျလာပါသည်။

'ဟုတ်မှဟုတ်၊ ဟုတ်ပါတယ်။ ဒီ လောင်းကွတ်အင်္ကျီကြီးဟာ ဗိုလ်မင်းညို ဝတ်နေကျအင်္ကျီပဲ၊ ဂျပန်တွေ ပစ်သတ်ခဲ့တုန်းကလဲ ဒီအင်္ကျီဝတ်ထားရက်နဲ့ သေခဲ့တာပဲ။ ဓာတ်ပုံကလဲ ဒီရွာ သူကြီးဟောင်းဦးချမ်းမွန်သမီး နန်းမွန်ရဲ့ ဓာတ်ပုံပဲ'

ဓာတ်ပုံကို ကျွန်ုပ်ယူကြည့်ရာ အလွန် ချောမောလှသည့် မွန်တိုင်းရင်းသူပုံကို မြင်တွေ့ရသည်။

'ဘယ်လိုဖြစ်ရတာလဲ ဆရာကြီးရယ်၊ ဗိုလ်မင်းညိုက သေခဲ့ပြီးသော အခုတော့ ဒီအင်္ကျီနဲ့ ဒီဓာတ်ပုံက ဘယ်လိုဖြစ်ရတာလဲ အံ့ဩစရာတော ကောင်းနေပြီ'

ဦးထော်ရိုးတို့၏ ပြောစကားများကို ကျွန်ုပ်နှင့် ရဲဘော်များ၊ တစ်ယောက် မျက်နှာ တစ်ယောက်ကြည့်ကာ ပါး… အပေါင်းသားဖြင့် နားထောင်နေကြသည်။

မည်သို့ပင် အံ့ဩဖွယ်ဖြစ်ပါစေ ကျွန်ုပ်၏တာဝန်မှာ ရွာလူထု အထိတ် တလန့်ဖြစ်အောင် ကိုယ်တိုင် ကာဘိုင်ကျည်(၂)တောင့်ကို အသုံး… ပစ်ခတ်ခဲ့သည့်အတွက် တပ်ရင်းသို့ … နိုင်လုံသော အကြောင်းပြချက်ဖြင့် အစီရင်ခံရပေဦးမည်။

သို့ဖြစ်၍ ဗိုလ်မင်းညို၏ သက်သေ… ကျည်ထိမှန်ထားသည့် လောင်းကွတ် အင်္ကျီကြီးကို ခေါက်ကာ တန်းပေါ် တင်ထားလိုက်သည်။

နောက်နေ့မနက်တွင် ထိုအင်္ကျီကြီး… မှာ တန်းပေါ်တွင် မရှိတော့ပါ။ ရဲဘော် တစ်ဦးချင်းကို မေးသော်လည်း မည်သူ… မျှ မယူထားကြောင်း ငြင်းဆိုကြသည်။

အင်္ကျီကြီးနှင့်အတူ ကာဘိုင် ကျည်ဖူး၊ နန်းမွန်မွန်၏ဓာတ်ပုံ… ထူးဆန်းစွာ ပျောက်ဆုံးခဲ့သည်။

ထို ဆန်းကြယ်မှုများကြောင့် ဗိုလ်မင်းညို၏ အတိတ်ဖြစ်ရပ်များ… သိချင်လာသည်။ ဖက်ဆစ်ဂျပန်များ… လက်ချက်နှင့် သေခဲ့ရပြီဆိုသော ဗိုလ်မင်းညို…

'မင်းညို(သို့မဟုတ်) ဗိုလ်မင်းညို ဘ… လဲ'

* * *





www.burmeseclassic.com

www.burmeseclassic.com

ဒုတိယကမ္ဘာစစ်ကြီးကို အကြောင်းပြု၍ ဂျပန်အစိုးရသည် သံဖြူဇရပ်မှ ယိုးဒယားနိုင်ငံ (ယခု ထိုင်းနိုင်ငံ) ဘန်ပေါင်မြို့လေးအထိ (၁၅၅)မိုင် ရှည်လျားသော မီးရထားလမ်းကို စစ်ရေးအတွက် ဖောက်လုပ်ခဲ့သည်။

ဘုရားသုံးဆူတောင်ကြားလမ်းကို လူအင်အား ချွေးတပ်သားဖြင့် ဖောက်ခဲ့ရာတွင် ရာသီဥတုဒဏ်၊ ငှက်ဖျားဒဏ်၊ ဖက်ဆစ်ဂျပန် နှိပ်စက်မှုနှင့် ပင်ပန်းဆင်းရဲမှု ဒဏ်များဖြင့် မြန်မာနိုင်ငံသား ချွေးတပ်သားပေါင်း ရှစ်သောင်းကျော် သေဆုံးခဲ့ရသည်။

ထိုလမ်းကို **"သေမင်းတမန်လမ်း"** ဟု ကမ္ဘာသိအောင် ကျော်ကြားစေခဲ့သည်။

မြန်မာနိုင်ငံတွင်းသို့ မင်းသားခေါင်းစွပ်၍ ဝင်လာသော ဖက်ဆစ်ဂျပန်တို့သည် မကြာမီ ဖက်ဆစ်ဘီလူး ဇာတိရုပ်ကို ပြလာသည်။ ထိုဂျပန်များကို တော်လှန်ရန်အတွက် ဗမာ့မျိုးချစ်တပ်မတော်ကို ဖွဲ့စည်းခဲ့ရသည်။

တိုင်းကြီး(၁၀)တိုင်းကို သတ်မှတ်ပြီး တိုင်းအမှတ်(၅)ကို တိုင်းမှူးတင်ထွန်း (ထားဝယ်သား)နှင့် တပ်မတော်သားများ ရုပ်ဖျက်ကာ ဖက်ဆစ်ဂျပန်များနှင့် တိုက်ပွဲဆင်ခဲ့သည်။

ထိုစဉ်က သံဖြူဇရပ်–ကျိုက္ခမိရှိ တော်လှန်ရေးရဲဘော်များ ပြည်သူများက အသက်စွန့် ကူညီမှုပေးကြသည်။ ဖက်ဆစ်တော်လှန်ရေးတွင် ကျိုက္ခမိမှ ဗိုလ်အောင်ဘော်နှင့် သံဖြူဇရပ်မှ ဗိုလ်အောင်ဘုန်းကျော်တို့ ပါဝင်လှုပ်ရှားခဲ့ကြသည်။

မြန်မာနိုင်ငံ တိုင်းနှင့်ပြည်နယ် အသီးသီးမှ မျိုးချစ်တိုင်းရင်းသားများသည် အမိမြေနှင့် လူမျိုးဘာသာ



သာသနာအတွက် ကာကွယ်ရန် အလျှိုလျှို ပေါ်ထွန်းလာခဲ့ကြသည်။

တနင်္သာရီတိုင်းဒေသကြီး (ယခု မွန်ပြည်နယ်) မုဒုံ–သံဖြူဇရပ်–ကျိုက္ခမိ ဘက်၌ အသက်(၂၅)နှစ်ခန့်ရှိသော ယောက်ျားပီသသော ကိုယ်လုံးကိုယ်ထည် ဥပဓိရုပ်ခံ့ညားသော ချောမောသည့် မွန်တိုင်းရင်းသားတစ်ဦးလည်း မျိုးချစ်တပ်မတော်သားအဖြစ် ပါဝင်ခဲ့သည်။

ထိုလူငယ်သည် တိုင်းအမှတ်(၅) သံဖြူဇရပ်မှ ဗိုလ်အောင်ဘုန်းကျော်၏ ညီဝမ်းကွဲဖြစ်သည်။ မွန်လက်ဝှေ့၊ ဓားသိုင်း စသော ကိုယ်ခံပညာများကို သင်ယူတတ်မြောက်ကာ တစ်ကိုယ်တော်လှုပ်ရှားနေသည်။

အဘိုးဖြစ်သူ ပန်းပဲဆရာကြီး ဦးကျောက်ခဲ တီထွင်ပြုလုပ်ထားသော လုပ်သေနတ် တစ်လက်နှင့် ဖက်ဆစ်ဂျပန်များကို အမှည့်ခြွေ သတ်ဖြတ်နေသည်။

ဤသို့ အမျိုးသားရေးစိတ်ဖြင့် ရဲဝံ့စွန့်စားဂျပန်များကို တွန်းလှန်ရင်း စုံစမ်းထောက်လှမ်းရင်း ရဲမွန်ရွာကလေးသို့ ရောက်လာခဲ့သည်။

အကောင်းပကာတိ ရောက်လာခြင်းတော့ မဟုတ်ပါ။ ငှက်ဖျားတက်ပြီး ရွာပြင်ဇရပ်တွင် ခွေလျော့နေချိန် ရွာသားနှစ်ဦး ထင်းတိုက်အပြန် တွေ့ဆုံ၍ လှည်းဖြင့် သယ်ဆောင်ကာ သူကြီးအိမ်သို့ ပို့ခဲ့ကြသည်။

မွန်တိုင်းရင်းသားချင်းဖြစ်၍ သူကြီးက မွန်ဘာသာဖြင့် အကျိုးအကြောင်းမေးမြန်း၍ သနားချစ်ခင်ကာ အိမ်မှာပင် ပုန်းအောင်းစေခဲ့သည်။ ကိုယ်တိုင်ဆေးဖော်စပ်၍ ငှက်ဖျားရောဂါ ပျောက်ကင်းအောင် ကုသပေးသည်။

အားရှိလာမည့် စားသောက်ဖွယ်ရာများကို တစ်ဦးတည်း သမီးလေး နန်းမွန်မွန်က ချက်ပြုတ် ပြင်ဆင် ကျွေးမွေးပြုစုသည်။

ရဲမွန်ရွာ၏ ကွမ်းတောင်ကိုင် လှပျိုဖြူလေး၏ အစ်ကိုရင်းပမာ အပြုအစု အယုအယများ မေတ္တာစေတနာ ပက်ဖြန်းမှုဖြင့် မွန်မြန်မာသွေးပါ အဆိုပါ လူငယ်ကလေးသည် မကြာမီ ကျန်းမာလာသည်။

ထိုလူငယ်လေးနှင့် နန်းမွန်မွန်တို့သည် တစ်ဦးနှင့်တစ်ဦး သမုဒယ သံယောဇဉ်တွယ်ငြိရာမှ ချစ်သူဘဝသို့ ရောက်ခဲ့ကြသည်။

ထိုလူငယ်ကား နောင်တစ်ချိန်တွင် ဗိုလ်မင်းညိုဖြစ်လာမည့် ဗမာ့မျိုးချစ်တပ်မတော်တိုင်းအမှတ်(၅)မှ ရဲဘော်တစ်ဦး။

ဖက်ဆစ်ဂျပန်များကို ပျောက်ကျားတိုက်ခိုက်နေသော ထိုသူကို ဖက်ဆစ်ဂျပန်ကင်ပေတိုင်အဖွဲ့က အသေရရ၊ အရှင်ရရ မြေလှန်ရှာရင်း ရဲမွန်ရွာနှင့် မနီးမဝေးသို့ ရောက်လာကြသည်။

ထိုအချိန်တွင် သူကြီးသမီး နန်းမွန်

www.burmeseclassic.com

မွန်ကို ဖနီးမယားအဖြစ် သိမ်းပိုက်ချင်သူတစ်ဦးအတွက် အကွက်ဆိုက်လာသည်။ ထိုသူကား မြေပိုင်ရှင်မှဆိုးဖို **"ကွန်ဗလိုင်"**ပင် ဖြစ်သည်။

သူကြီးအိမ်တွင် မင်းညိုဆိုသူနှင့် နန်းမွန်မွန်တို့ တရင်းတနှီး စကားပြောနေသည်ကို မြင်တွေ့ခဲ့သည့် အချိန်မှစ၍ ရွာသားမဟုတ်သော ထိုလူစိမ်းကို အကဲခတ် စုံစမ်းနေခဲ့သည်။

မျိုးချစ်တပ်မတော်သား ဆိုသည့် သဲလွန်စ စကားသည် အမျိုးသားရေးသစ္စာဖောက်မည့် ကွန်ဗလိုင်အတွက် ဖက်ဆစ်ဂျပန်များကို မျက်နှာချိုသွေးချဉ်းကပ်နိုင်မည့် သတင်းကောင်း ဖြစ်ခဲ့လေပြီ။

ဖက်ဆစ်ဂျပန်များ ဗိုလ်မင်းညိုကို ဖမ်းမိသွားလျှင် နာမည်ကောင်း ဆုတံဆိပ်ရမည်။ အခွင့်အရေးများ တောင်းဆိုနိုင်မည်။

သူ့အတွက် ဆူးညှောင့်ခလုတ် ဖြစ်နေသည့် ဗိုလ်မင်းညို မရှိတော့လျှင် ပိုင်ရှင်မဲ့ပစ္စည်းအဖြစ် နန်းမွန်မွန်ကို အရယူနိုင်မည်ဟူသော အတ္တပီတိစိတ်တွေ လွှမ်းမိုးနေသည့် ကွန်ဗလိုင်သည် ဖက်ဆစ်ဂျပန်များကို သတင်းပေးလိုက်သည်။

သို့သော် ထာဝစဉ်သတိရှိသည့် ဗိုလ်မင်းညို ရှောင်တိမ်းနိုင်ခဲ့သည်။ နန်းမွန်မွန်၏ဖခင် ရွာသူကြီးအိမ်တွင် အသေအချာရှိမှန်း သိလျက် မဖမ်းမိသောအခါ ဖက်ဆစ်ဂျပန်များ၏ ပါးရိုက်ခြင်းကို ကွန်ဗလိုင် မရှုမလှ ခံလိုက်ရသည်။

ရွာသူကြီးကို အကြပ်ကိုင် စစ်ဆေးသည်။ ရွာသူကြီးက ရိုက်ပုတ်ညှင်းဆဲသည့်ဒဏ်ကို ကြံ့ကြံ့ခံလျက် ဘူးကွယ်သည်။

ဖက်ဆစ်ဂျပန်များ၏ ပါးအရိုက်ခံ



လိုက်ရပြီးဖြစ်သော ကွန်ဗလိုင်က နန်းမွန်မွန်ကို မာစာခံအဖြစ် ထားလျှင် ဗိုလ်မင်းညိုကို အလွယ်တကူ ဖမ်းနိုင်ကြောင်း အခါတော်ပေးပြန်သည်။

ထိုအခါ ဖက်ဆစ်ဂျပန်များက ကျွန်ုပ်တို့ ယခုရောက်ရှိနေသည့် ရဲမွန်စခန်းကို အခြေပြု ရုံးစိုက်လျက် နန်းမွန်မွန်ကို ဖမ်းဆီးစစ်ဆေးသည်။ ရွာဝန်းကျင်အနှံ့ ဝရမ်းပြေး မင်းညိုကို ဖမ်းဆီးပေးနိုင်လျှင် ဆုငွေပေးမည်ဟု ကြော်ငြာထားသည်။

နန်းမွန်မွန်မှာလည်း ဖခင်နည်းတူ ရိုက်ပုတ်ညှင်းဆဲခြင်းကို ခံရသော်လည်း ချစ်သူ၏သတင်းကို မပြောဘဲနေသည်။ ခိုင်မြဲသောချစ်မေတ္တာဖြင့် သစ္စာသက်သေတည်ခဲ့သည်။

နောက်ဆုံး နန်းမွန်မွန်ကို ဘယ်နေ့ဘယ်ရက်တွင် သတ်ပစ်မည်၊ မသေစေလိုက ဗိုလ်မင်းညိုကိုယ်တိုင် လာရောက်အဖမ်းခံလျှင် နန်းမွန်မွန်ကို လွှတ်ပေးမည်ဟု သတင်းလွှင့်လိုက်သည်။

သမီးဖြစ်သူအတွက် သူကြီးဦးချမ်းမွန် စိုးရိမ်ပူပန်သွားသည်။ ဤအကြောင်းကို သမီး၏ ချစ်ဦးသူမင်းညိုကို အသိပေးရန် ညမိုးချုပ်ချိန်တွင် နေအိမ်မှ တိတ်တဆိတ် ထွက်ခဲ့သည်။

ဗိုလ်မင်းညိုအတွက် အရေးကြ[...] ပုန်းခိုရန် ကြိုတင်စီစဉ်ပေးထား[...] ကောက်ရိုးပုံအောက်သို့ အချက်[...] ကာ ဝင်ခဲ့သည်။ နန်းမွန်မွန်၏ အ[...] အနေကို ပြောပြသည်။

ဗိုလ်မင်းညို ဆုံးဖြတ်ချက် ချလို[...] သည်။ သူ့ချစ်သူ နန်းမွန်မသေစေ[...] ဘယ်သောအခါမှ သူ့အတွက် မ[...] စေရ၊ အသက်ချင်းလဲ၍ ကာကွယ်[...] မည်ဟု ကတိပေးသည်။ နန်းမွန်[...] ချစ်မေတ္တာနှင့် ပြုသစ္စာ ခိုင်မာခဲ့သည်[...]

နောက်နေ့မနက်တွင် ဗိုလ်မင်း[...] သည့် မြင်းညိုကြီးကို ဒုန်းစိုင်း[...] လျက် လောင်းကွတ်အကျႌကြီး[...] ကာ သေနတ်တစ်လက်၊ ဓားတစ်[...] ကိုင်ပြီး ရဲမွန်စခန်းအတွင်းသို့ [...] ကိုယ်တော် ရဲဝံ့စွာ ဝင်ရောက်ခဲ့သည်[...]

သတ္တိရှိသော၊ ယောက်ျားပီ[...] သော၊ စွန့်လွှတ်စွန့်စားရဲသော ဗိုလ်မ[...] ညိုသည် ဖက်ဆစ်ဂျပန်စခန်းတွင်[...] ရုတ်တရက် ဝင်ရောက်လာသဖြ[...] ရုတ်တရက် ငေးငိုင်ကြည့်နေကြသည်[...] နန်းမွန်မွန်ကို ကြိုးတုပ်လျက် သစ်ပ[...] ကြီးတစ်ပင်တွင် တွဲလောင်းမြင်လိုက[...] သော ဗိုလ်မင်းညိုမှာ...

'ဟေ့... ဖက်ဆစ်တီလူးတွေ ဒီ မင်း[...] မင်းတို့ဖမ်းချင်နေတဲ့ ဗိုလ်မင်းညို ဒီလာ[...] နန်းမွန်ကို ကတိအတိုင်း အခုလွှတ်[...] လွှတ်ပေးကြစမ်း'

ဂျပန်စကားဖြင့် ပီသစွာ အော်ဟ[...] ပြောလိုက်သည်။

'သူရဲကောင်းကြီး ဗိုလ်မင်း[...] တဲ့လား၊ ဟား...ဟား... ဟား လွှ[...] ပေးမှာပေါ့ကွာ။ ဒါပေမယ့် ဒီအတိုင်[...] တော့ မလွှတ်ပေးဘူး။ မင်း အသ[...] ယားအောင်လုပ်ပြီးမှ လွှတ်ပေး[...]

ရဲမွန်စခန်းတွင်း ဖက်ဆစ်ဂျပန်မျ[...] နှင့်အတူရှိနေသော ကွန်ဗလိုင်[...]



www.burmeseclassic.com

www.burmeseclassic.com



အလိုတော်ရိပြီသစွာ ဟားတိုက် ရယ်မောရင်း ကြားဝင်ပြောလိုက်သည်။

မျက်နှာပေါက်ကြမ်းသော ဖက်ဆစ်ဂျပန်စစ်ဗိုလ်က သစ်ပင်တွင် ကြိုးတန်းလန်းဆွဲထားသော နန်းမွန်ကို မြေပြင်သို့ ချခိုင်းပြီး ပါးနှစ်ဖက်ကို ဘယ်ပြန်ညာပြန်ရိုက်ပြီးနောက် အဝတ်အစားများကို ဆုတ်ဖြဲပြီး မဖွယ်မရာ ပြုကျင့်ရန် ကြိုးစားသည်။

အသက်ပင်သေစေတော့ အရှက်ကိုကာကွယ်ရန် နန်းမွန် ရုန်းကန် အော်ဟစ်သည်။

ဗိုလ်မင်းညိုသည် ချစ်သူနန်းမွန်အတွက် အသက်ချင်းလဲရန် လာခဲ့သူဖြစ်၏။ ဖက်ဆစ်ဂျပန်များက ကတိအတိုင်း လွှတ်ပေးခြင်းမရှိဘဲ မိမိရှေ့မှာပင် လူမဆန်စွာ ရိုင်းစိုင်းယုတ်မာပြုလိုက်သောအခါ ဒေါသထွက်ပြီး မြင်းညိုကြီး၏ ဖက်ကြိုးကို ဆွဲ၍ နန်းမွန်ရှိရာသို့ ဦးတည်လိုက်သည်။ သခင့်အလိုသိသော မြင်းကြီးသည် ကဆုန်ပေါက်ပြေးသည်။

ဗိုလ်မင်းညိုသည် လူစိတ်ကင်းမဲ့လှသည့် ဖက်ဆစ်ဂျပန်ဗိုလ်နှင့် ကွန်ဗလိုင်တို့နှစ်ဦးလုံးကို သေနတ်နှင့် ပစ်ခတ်ပြီး ဓားနှင့် ဝင်ပိုင်းသည်။ သွေးသံရဲရဲဖြင့် မြေမှာလဲ သေခဲ့ကြသည်။

ကျန်သော ဖက်ဆစ်ဂျပန်တပ်သားများကိုလည်း တစ်ယောက်ပြီး တစ်ယောက် ပစ်လည်း ပစ်၊ ဓားနှင့်လည်း ဝင်ခုတ်ကာ နန်းမွန်ကို ချည်နှောင်ထားသည့် ကြိုးများကို ဖြည်ပေးနေစဉ် ရုတ်တရက် အငိုက်မိသွားသော ဖက်ဆစ်ဂျပန်များ သွေးရူးသွေးတန်းဖြင့် ပြန်လည်ပစ်ခတ်ကြသည်။

ပစ်ခတ်နေသော ကျည်ဆန်များကြားမှ နန်းမွန်ကို ပွေ့ချီ၍ မြင်းကြီးပေါ်သို့ တင်ပေးနေစဉ် ဗိုလ်မင်းညို၏ တစ်ကိုယ်လုံးတွင် ကျည်ထိမှန်ပြီး မြေပြင်မှာ ဒူးထောက် လဲကျသွားသည်။

မြင်းပေါ်ရောက်နေသော နန်းမွန်လဲ အမြန်ဆင်းကာ ချစ်သူကို ရင်ခွင်ထဲ၌ ပွေ့ပိုက်ထားစဉ် ဖက်ဆစ်ဂျပန်များက နန်းမွန်ကိုလည်း ပစ်သတ်လိုက်ကြသည်။

ဤသို့ဖြင့် ရဲမွန်စခန်း၌ ဗမာ့မျိုးချစ်တပ်မတော်သား ဗိုလ်မင်းညို သေဆုံးခဲ့ရသည်။

'ဗိုလ်မင်းညိုနဲ့ နန်းမွန် ချစ်သူနှစ်ဦးစလုံး တစ်ယောက်ကို တစ်ယောက် ပွေ့ဖက်ရင်း ဒီရဲမွန်စခန်းမှာ သေခဲ့ရတယ် ဆရာကြီး။ ဖက်ဆစ်ဂျပန်တွေ ဗိုလ်မင်းညိုလက်ချက်နဲ့ အတုံးအရုံး သေကုန်ပြီးနောက်၊ ဗိုလ်အောင်ဘုန်းကျော်ဦးစီးတဲ့ ဗမာ့မျိုးချစ်တပ်မတော်က ဒီဘက်ကို စစ်ရေးတာဝန်အရ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာကြတော့ ကျန်တဲ့ ဖက်ဆစ်ဂျပန်တွေ သူတို့ရဲ့ ရဲမွန်ကင်ပေတိုင်စခန်းကို စွန့်ခွာ ထွက်ပြေးခဲ့ရတယ်။

တော်လှန်ရေးကာလမှာ ကွဲကွာခဲ့ကြတဲ့ ညီအစ်ကိုနှစ်ယောက် ပြန်လည်ဆုံတွေ့ပြန်တော့ ညီမင်းညိုက သေခဲ့ပြီလေ။ ဗိုလ်အောင်ဘုန်းကျော် အစီအစဉ်အရ ညီနဲ့ နန်းမွန်တို့ကို ဒီစခန်းက လှမ်းမြင်ရတဲ့ စေတီရဲ့တောင်ဘက် အနန်းပင်အောက်မှာ ဂူသွင်းမြှုပ်နှံလိုက်တယ်။

မျိုးချစ်တပ်မတော်အားကိုးနဲ့ ရွာလုံးကျွတ်မျှ အသုဘလာကြတယ်။ ဗိုလ်အောင်ဘုန်းကျော်က သူ့ညီတော်မောင်ကို စစ်ထုံးစံအတိုင်း သူရဲကောင်းဗိုလ်မင်းညိုလို့ ဂုဏ်ပုဒ်တပ်ပြီး သူနဲ့အတူ တပ်မတော်သားတွေ အလေးပြုခဲ့ကြတယ်'

ကျွန်ုပ်သည် ရွာဥက္ကဋ္ဌ နိုင်ထော်ရိုးလက်ညှိုးညွှန်ပြရာ ထုံးဖြူဖြူစေတီကို လှမ်းမျှော်ကြည့်ကာ ရွာသားသက်ကြီးအိုတစ်ဦး၏ ကြားဝင် ပြောစကားများကို နားထောင်ရင်း ဗိုလ်မင်းညိုကို လေးစားဦးညွှတ်မိသည်။

**(မှတ်ချက်။ ။ နောင်အခါ ထိုနေရာသို့ ကျွန်ုပ်နှင့် ရဲဘော်များ ရောက်သွားချိန် အနန်းပင်အိုကြီးအောက်တွင် အုတ်ဂူနှစ်လုံးကို မြင်တွေ့ခဲ့ရသည်။**

**ဗမာ့မျိုးချစ်တပ်မတော်မှ စစ်သည်ဟောင်း ဗိုလ်မင်းညို၏ အုတ်ဂူကိုလည်း သမိုင်းတင်ကျန်ရစ်စေရန် ပြင်ဆင်မွမ်းမံမှုပြုရေး ဆောင်ရွက်သင့်ကြောင်း နိုင်ထော်ရိုးတို့အဖွဲ့အား အကြံပြုခဲ့ပါသည်။)**

**ရွှေလ ဆက်ဇတ်ပါရန်**

**ဝသုန်သက်လွင်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျောင်းမြသည်






**အဆောင်ယတြာ။** ။ အိမ်ရှိဘုရား သို့မဟုတ် စေတီ... ဆုတွင် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို တစ်ရှေ့ရှစ်... ကုံးဖြင့် (၃)ပတ် စိပ်ပေးပါ။

## [illegible]

**စီးပွားရေး။** ။ လုပ်မြဲ စီးပွားရေးလုပ်ငန်းများ အလုပ်... ကို ဆက်လက် လုပ်ကိုင်နေပါ။ လုပ်ငန်းမပြောင်း... လုပ်ငန်းတိုးချဲ့ခြင်း၊ လုပ်ငန်းသစ်များ စတင်ထူ... ခြင်း မလုပ်ပါနှင့်ဦး။ ငွေကြေးအခက်အခဲနှင့် ကြုံ... ရမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ၏ အရည်အချင်း... တာဝန်များ သတ်မှတ် ချိန်မတိုင်မီ ပြီးစီး၍ လူကြီး... အထင်ကြီးလေးစားခြင်းကို ခံရမည်။

**အိမ်တွင်းရေး။** ။ ဝင်ငွေထက် ထွက်ငွေက ပိုများ... နှစ်ဖက်ဆွေမျိုးများကြောင့် စိတ်ဆင်းရဲရတတ်သည်။ မိသား... ကျန်းမာရေး၊ ပညာရေး ကောင်းမည်။

**အချစ်ရေး။** ။ မနာလိုသူများကြောင့် အချစ်ရေးတွင် အဆင်မပြေ... တတ်သည်။ မစိုးရိမ်ပါနှင့်။ မိမိ၏ မေတ္တာသစ္စာကြောင့် အဆင်ပြေ... မည်။

**ပညာရေး။** ။ စက်မှုပိုင်းဆိုင်ရာ၊ အီလက်ထရောနစ်ပညာရပ်များ... လည်း ပူးတွဲ သင်ယူလေ့လာပါက ဘဝအတွက် အာမခံချက်... 

**ကျန်းမာရေး။** ။ ရင်ကျပ်ပန်းနာ ဖြစ်တတ်၍ အအေးစာများ၊ အချို... များကို လျှော့စားပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၆၊ ၉၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂... ၃၁။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၅၊ ၁၀၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆...

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၇၊ ၈၊ ၁၂၊ ၁၆၊ ၁၇၊ ၂၂၊ ၂၉... ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါ... ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဖခင်(သို့မဟုတ်)ဖခင်အရွယ်ရှိ ပုဂ္ဂိုလ်တစ်ဦးဦး... တစ်ထည် ဝယ်ပေးပါ။

## [illegible]

**စီးပွားရေး။** ။ အလုပ်ရုံစက်ရုံများ၊ ထွက်ကုန်များမည်။ ရောင်း... ကောင်းမည်။ မြေအရောင်းအဝယ်၊ အိမ်အရောင်းအဝယ် လုပ်... လုပ်ငန်းကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အထက်လူကြီးရော၊ လုပ်ဖော်ကိုင်ဖက်များ... အဆင်ပြေမည်။ လုပ်ငန်းတာဝန်များ အောင်မြင်ပြီးစီးမည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်နှင့် အဆင်ပြေရောကိစ္စများ ဖြစ်...

## [illegible]

**စီးပွားရေး။** ။ ဆန်စပါးလုပ်ငန်းများ၊ ဆေးဝါးထုတ်လုပ် ရောင်းဝယ် ဖောက်ကားရေးလုပ်ငန်းများ အောင်မြင်အကျိုးရှိမည်။

လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ အရောင်းအဝယ် ကောင်းမည်။ အကျိုးဆောင်၊ ကိုယ်စားလှယ်၊ ရွှေနေလုပ်ငန်းများ ငွေဝင်မည်။

**ဝန်ထမ်းရေးရာ။** ။မိမိအရည်အချင်းကြောင့် ဌာနဆိုင်ရာတွင် ငွေပိုဝင်မည်။ လူကြီးများ၏ အသိအမှတ်ပြုခြင်းကို ခံရမည်။

**အိမ်တွင်းရေး။** ။ အသုံးနှင့် အဖြုန်းကို ခွဲခြားသိ၍ ငွေပိုငွေလျှံများ ရရှိမည်။ ငွေကြေး စုဆောင်းမိမည်။ အိမ်တွင်းရေး သာယာမည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ နှစ်ဖက်လူကြီးမိဘများကလည်း သဘောတူမည်။ ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ ကူးပြောင်းသွားလိမ့်မည်။ အသင့်ပြင်ထားပါ။

**ပညာရေး။** ။ အခက်အခဲရှိလျှင် အထူးကြိုးစားလိုက်ပါ။ အောင်မြင်မှု ရရှိပါလိမ့်မည်။

**ကျန်းမာရေး။** ။ ရင်ဘတ်အောင့်ခြင်း၊ ဝမ်းပိုက်နာခြင်း ဖြစ်တတ်၍ လေပွစာများ၊ ဝမ်းနူးစာများကို မစားပါနှင့်ဦး။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၆၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ။ ကလေးများကို မြေပဲကြော် ကျွေးမွေးဒါန်ပြုပါ။ ဆောင်ရွက်ရန်ကိစ္စရှိလျှင် စံပယ်ပန်း (၆)ပွင့် ဆောင်သွားပါ။

## [illegible]

**စီးပွားရေး။** ။ အတိုက်အခံများ ရှိသော်လည်း လုပ်ငန်းများ အောင်မြင်မည်။ လုပ်ငန်းတွင် အလုပ်သမားပြဿနာ ပေါ်တတ်သည်။ ငွေကြေးအခက်အခဲ တွေ့တတ်သော်လည်း မကြာမီ ပြေလည်သွားမည်။ နေရာတကာမှာ တိုက်ပွဲရှိသည်။ နိုင်ငံခြားနှင့် အဆက်အသွယ်ရမည်။ အဂါနံ ဆန်,ဆီ,ဆား ရောင်းဝယ်သူများ စီးပွားတိုးမည်။

**ဝန်ထမ်းရေးရာ။** ။ နေရာကောင်းသို့ ပြောင်းရမည်။ ငွေကိုင်ရလျှင် စာရင်းကို မှန်အောင်လုပ်ပါ။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဖက်၏ အထင်အမြင်လွဲမှု ခံရတတ်သည်။ သားသမီးတို့၏ ပညာရေး၊ ကျန်းမာရေး ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေး အောင်မြင်မည်။ ချစ်သူဘဝမှ အိမ်ထောင်သည်ဘဝသို့ ရုတ်တရက် ပြောင်းသွားရတတ်သည်။

**ပညာရေး။** ။ ပညာသင်ကြားနေရင်း ဆရာပြန်လုပ်ရကိန်း ရှိနေသည်။ ငွေကြေးလည်း ရှာပါ။ ပညာရေးကိုလည်း ဆက်လက်ကြိုးစားပါ။

**ကျန်းမာရေး။** ။ သွေးနှင့် ပတ်သက်သော ရောဂါဟောင်းရှိလျှင် ပြန်ဖြစ်တတ်၍ ရောဂါဟောင်းမရှိလျှင် ယခုမှစ၍ သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊၁၃၊၁၆၊၁၉၊၂၁၊၂၄၊၂၇၊၂၉၊၃၁။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၆၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

သည်။ သားသမီးနှင့် နိုင်ငံခြားခရီးကြောင့် ထွက်ငွေများ ကြီးမည်။ ဆွေမျိုးများ၏ အကူအညီရမည်။

**အချစ်ရေး။** ။ ချစ်သူနှင့် ခရီးထွက်ပြီးနောက် မင်္ဂလာကိစ္စ ပေါ်လာတတ်သည်။ နှစ်ဖက်မိဘများ၏ သဘောတူညီမှု ရမည်။

**ပညာရေး။** ။ စက်မှုပညာသင်တန်း၊ စာရင်းကိုင်သင်တန်း၊ စီးပွားရေး ဆိုင်ရာသင်တန်းများ တက်နိုင်ပါသည်။ ထူးချွန် ပါလိမ့်မည်။

**ကျန်းမာရေး** ။ အစာမှား၊ ဆေးမှား ဖြစ်တတ်သည်။ သတိထား ဆင်ခြင်စဉ်းစားသောက်ပါ။ ဆေးသောက်လျှင် သည်း သတိထားပါ။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၇၊ ၁၀၊ ၁၂၊ ၁၆၊ ၁၉၊ ၂၁၊ ၂၅၊ ၂၈။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၈၊ ၁၁၊ ၁၃၊ ၁၇၊ ၂၀၊ ၂၂၊ ၂၆၊ ၂၉၊ ၃၁။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၃၊ ၇၊ ၉ ဂဏန်းများများ ပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဘုန်းတော်ကြီး တစ်ပါးပါးအား ကော်ဖီမစ် (၅)ထုပ်နှင့် ဒိတ်မုန့် (၅)ချပ် ကပ်လှူပါ။







## ကြာသပတေး

**စီးပွားရေး။** ။ လျှပ်စစ်ပစ္စည်းများ ထုတ်လုပ်ရေး၊ ရောင်းဝယ်ရေး အကျိုးအမြတ်များမည်။ ကိုယ်စားလှယ်၊ ပွဲစား၊ ရှေ့နေလုပ်ငန်းများ လုပ်ငန်းကောင်းမည်။ လုပ်ငန်းသစ်များတော့ မစတင်ပါနှင့်ဦး။

**ဝန်ထမ်းရေးရာ။** ။ ပြဿနာများကင်း၍ အလုပ်များကို အောင်မြင်စွာ အဆုံးသတ်နိုင်မည်။ လုပ်ဖော်ကိုင်ဖက်များ၏ အကူအညီကို ရရှိမည်။

**အိမ်တွင်းရေး။** ။ သားသမီးတို့၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး ကောင်းမည်။ အိမ်တွင်းရေး၊ အိမ်ထောင်ရေး သာယာသော ကာလ တစ်ခု ဖြစ်မည်။

**အချစ်ရေး။** ။ ဆွေမျိုးများ၏ ပယောဂဖြင့် အချစ်ရေးကို လာရောက် ထိခိုက်တတ်သည်။ ရိုးသားစွာ ရှင်းပြပေးပါ။

**ပညာရေး။** ။ မိသားစု၏ အားပေးကူညီမှုဖြင့် ပညာရေးကောင်းမည်။ နိုင်ငံခြားရှိ ကျောင်းများတွင် ပညာသင်နိုင်ခွင့် ရတတ်သည်။

**ကျန်းမာရေး။** ။ ခေါင်းကိုက်၊ ခေါင်းခဲ ရောဂါလောက်တော့ ဖြစ်မည်။ စိတ်ပင်ပန်း၊ လူပင်ပန်းမခံပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မေပြုံးပန်း (၁၉)ပွင့်ကို ဘုရားတွင် ကပ်လှူ၍ လိုရာဆု တောင်းပါ။

## သောကြာ

**စီးပွားရေး။** ။ ရှေ့နေရှေ့ရပ်များ အမှုအသစ်များ ရရှိမည်။ အကျိုး ဆောင်လုပ်ငန်း၊ ကိုယ်စားလှယ်လုပ်ငန်း၊ ပွဲစားလုပ်ငန်းများ ဝင်ငွေ ကောင်းမည်။ စက်ရုံပိုင်ရှင်များ အလုပ်သမား ပြဿနာပေါ် တတ်သည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ မူလတာဝန်များအပြင် အခြားတာဝန် များကို ပူးတွဲလုပ်ကိုင်ရလိမ့်မည်။ အရည်အချင်းကို ပြသနိုင် သော အခွင့်အရေးပါ။

**အိမ်တွင်းရေး။** ။ စကားကြောင့် အမှားပါတတ်သည်။ အိမ်ထောင်ဖက်နှင့် ပြဿနာဖြစ်တတ်သည် ရပ်ဝေးရှိသားသမီး များထံမှ သတင်းကောင်း ကြားရမည်။

**အချစ်ရေး။** ။ သူတစ်ပါးကြောင့် ချစ်သူအပေါ်တွင် သံသယ မဝင်ပါနှင့်။ လက်ထပ်ဖို့ အဆင်မပြေသေးပါ။

**ပညာရေး။** ။ ပညာရေး ကံဇာတာကောင်းသည်။ စာမေးပွဲများ ဖြေရန်ရှိက ဖြေဆိုပါ။ အောင်မြင်မည်။ သင်တန်းတက်လိုက တက်ပါ။ ထူးချွန်မည်။

**ကျန်းမာရေး။** ။ စိတ်ထောင်းတော့ ကိုယ်ကြေ ဖြစ်တတ်သည်။ စိတ်ရောကိုယ်ပါ အနားယူ အပန်းဖြေပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၇၊ ၉၊ ၁၂၊ ၁၆၊ ၁၈၊ ၂၁၊ ၂၅၊ ၂၇၊ ၂၉၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၈၊ ၁၀၊ ၁၃၊ ၁၇၊ ၁၉၊ ၂၂၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၆၊ ၁၁၊ ၁၄၊ ၁၅၊ ၂၀၊ ၂၃၊ ၂၄၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၆၊ ၇ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ပွက်များ ချိုင့်များဖြင့် ပျက်စီးနေသော လူသွားလမ်းကို ပြုပြင်ပေးပါ။

## စနေ

**စီးပွားရေး။** ။ ငွေကြေးလဲလှယ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ ငွေပန်းထိမ်လုပ်ငန်းများ အမြတ်များမည်။ အမျိုးသမီး အသုံးအဆောင် ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိဆရာသမားများ၏ အထောက်အပံ့ကြောင့် နေရာကောင်းရမည်။ ရာထူးတိုးတတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ၏ မင်္ဂလာပွဲရှိသည်။ နှစ်ဖက်ဆွေမျိုးများ၏ အကူအညီရမည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ နှစ်ဖက်သော မိဘများ၏ ကူညီထောက်ပံ့မှုကြောင့် ခမ်းခမ်းနားနား မင်္ဂလာပွဲ ကျင်းပရလိမ့်မည်။

**ပညာရေး။** ။ မိမိသင်ယူလိုသော ပညာရပ်ကို သင်ယူပါ။ တတ်ရောက် လိုသော သင်တန်းသို့တက်ပါ။ ထူးထူးချွန်ချွန် အောင်မြင်ပါလိမ့်မည်။

**ကျန်းမာရေး။** ။ ဗိုက်နာဗိုက်အောင့်ခြင်း ဖြစ်တတ်၍ ဝမ်းနှုးစာများကို မစားပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၂၊ ၂၅၊ ၂၇၊ ၂၉၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၃၊ ၂၄၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၃၊ ၇၊ ၁၀၊ ၁၃၊ ၁၅၊ ၁၈ ၂၁၊ ၂၅၊ ၂၇၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၄၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အိမ်ရှိ ကလေးလူကြီးများတို့ကို လိမ္မော်သီးတစ်လုံးစီ ကျွေးပါ။

*ကျန်းမာ ချမ်းသာပါစေ*

**ဆရာ ရောင်ခြည်**

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရသာ | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | အငန် | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |
| နွား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| ကျား | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အချို | အရှေ့မြောက် | နွား, မြွေ, ကြက် | တနင်္လာသားသမီး | စနေနေ့ |
| ယုန် | အသည်း | အစိမ်းနု | ၃ | ဂျုံ | အချဉ် | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ |
| နဂါး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြွေ | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အချဉ် | အရှေ့တောင် | မြွေ, နွား, ကြက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| မြင်း | နှလုံး | အနီ | ၉ | ပြောင်း | အခါး | တောင် | မြင်း, ခွေး, ကျား | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| ဆိတ် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ |
| မျောက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အချို | အနောက်တောင် | မျောက်, ကြွက်, နဂါး | စနေသားသမီး | တနင်္လာနေ့ |
| ကြက် | အူမ | ရွှေဝါ | ၇ | ဆန် | အစပ် | အနောက် | ကြက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ |
| ခွေး | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ခွေး, ကျား, မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| ဝက် | အဆုတ် | အဖြူ | ၆ | ဆန် | အစပ် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |

* * *

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် **ကြွက်နှစ်ဖွား၊ နွားနှစ်ဖွား၊ နဂါးနှစ်ဖွားတို့** ကျန်းမာရေး ညှိုးဖျင်းတတ်ကြသည်။ ဤလအတွက် ဇယားကို နဂါးနှစ်ဖွားတို့အား စံပြုရှင်းပြပါမည်။

**နဂါးနှစ်ဖွားတို့သည်** သည်းခြေနှင့် ပတ်သက်သော ရောဂါဝေဒနာများ သတိပြုကာကွယ်ပါ။ အစိမ်းရင့်ရောင်၊ (၄)ဂဏန်းနှင့် အရှေ့တောင်ထောင့် အရပ်တို့ ကံလာဘ်ပွင့်လင်းစေလိမ့်မည်။

ချဉ်သောအရသာ ဂျုံဖြင့် ပြုလုပ်ထားသည့် စားဖွယ်များက ကျန်းမာရေး အထောက်အကူ ဖြစ်စေပါမည်။



**နဂါး၊ မျောက်၊ ကြွက် နှစ်ဖွား**သည် မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြ အကူအညီ လိုအပ်ပါက တနင် သားသမီးတစ်ဦးက ကူညီပေးပါ မည်။ ကြာသပတေးနေ့မှာ နေ့ကော နေ့မြတ် ဖြစ်သည်။

ကျန်နှစ်ဖွားများ ဤပုံစံအတို ကောက်ချက်ချကြပါ။

***အာရောဂျ ဆုလာဘ်နှင့် ပြည့်စေ***

**ဝေး**

**ဟူကျင်းဇီ** *(Hu Jin Zhi)*



www.burmeseclassic.com

www.burmeseclassic.com



# ငှက်ပျော တစ်ပင်

ရွှေစင်က တစ်ဖလား (၂)

ရွှေတောင် ကြည်မောင်ဩး

**ယခင်လမှ အဆက်**

ဈေးနားမှာ ကားဂိတ်ထိုးလိုက်တာနဲ့ ကိုသိန်းဖံက လွတ်လပ်သွားပြီ။ ကားရှေ့ပိုင်းနောက်ပိုင်း ကျွန်းမာရေး စစ်ဆေးဖို့က ဒရိုင်ဘာနဲ့ စပယ်ယာ။ အုံနာဆိုတာ အလုပ်မရှိ။ ကားပစ္စည်းလိုရင်ဝယ်ဖို့ ငွေထုတ်ပေးတာပဲရှိ။

ကိုသိန်းဖံ အဘွားကြီးနောက်ကို အပြေးလေး လိုက်သွားတယ်။ အနားကိုလဲ ရောက်ရော...

'အဘွား ကျွန်တော် ဈေးလိုက်ဝယ်ပေးမယ်'

အဘွားကြီး အံ့သြသွားပုံပေါ်တယ်။ မော့ကြည့်တယ်။ နောက်တော့ လိုက်ခဲ့ပေါ့ ခေါင်းညိတ်တယ်။

အဘွားကြီးလက်ထဲက ထန်းခေါက်တောင်းကို ဦးသိန်းဖံ ယူလိုက်တယ်။ အဘွားကြီးသွားတဲ့နောက် တကောက်ကောက်လိုက်ပြီ။ ဈေးဝယ်ပြီ။

ဈေးထဲမှာ မီးဖိုချောင်သုံးပစ္စည်းတွေကို လျှောက်ဝယ်လိုက်တာ ပေါက်တန်းစေ့။ ကြက်သွန်နီ,ဖြူ။ ငါးခြောက် ငါးခြမ်း။ ငါးအစို ဝယ်ဝယ်ပြီး တောင်းထဲကိုထည့်။ တောင်းကလေးမောက်မောက်။ ကိုသိန်းဖံက လမ်းလျှောက်ရင်းထမ်း။

အထည့်တန်းဘက် လှမ်းပြန်ပြီ။ ထဘီ,အင်္ကျီဝယ်ပြန်ပြီ။ ဂျုံအိတ်ကလေးထဲထည့်။ တိုင်းရင်းဆေးကလဲ အမည့်စုံတယ်။ စားဖွယ်သောက်ဖွယ် ချိုချဉ်သစ်သီးမုန့်ပဲသရေစာ လိုတာတွေအကုန်ဝယ် ဝယ်လို့ပြီးတော့ မွန်းတည့်တော့မယ်။ (၁၂)နာရီနီးပြီ ထမင်းစားချိန်။

ကိုသိန်းဖံက အဘွားကြီးကို ထမင်းဆိုင် ခေါ်သွားတယ်။ ထမင်းကျွေး

www.burmeseclassic.com

တယ်။ ဝက်သား၊ ကြက်သား၊ ဘဲသား၊ အမဲသား မစားဘူး။ ငါးကြင်းသားချက်၊ ငါးပိချက်နဲ့တို့စရာ ဟင်းရည်ပါ သောက် သောက်ပြီး စားလိုက်တာ ကိုသိန်းဖံမှာ ဝမ်းတွေသာလို့…

ဝမ်းပန်းတသာနဲ့ အဘွားကြီး မျက်နှာ တစိမ့်စိမ့်ကြည့်ပြီး ထမင်းစား နေတဲ့ ကိုသိန်းဖံ နားမှာပန်ထားတဲ့ နားတောင်းကို သတိထားမိတယ်။

အဘွားကြီးနားတောင်းက ရွှေညစ် နားတောင်း၊ ခြယ်နားတောင်း ကျောက် တစ်လုံးနားတောင်း မဟုတ်ဘူး။ တစ်မျိုးကြီး ကိုသိန်းဖံ မမြင်ဖူးဘူး ဆန်းနေတယ်။ ရွှေတော့ ရွှေပဲ။

ထမင်းစားနေတဲ့ အဘွားကြီးက ခေါင်းအမော့ ကိုသိန်းဖံက အကြည့် မျက်လုံးချင်းအဆိုင် အဘွားကြီးက…

'သား ဘာတွေကြည့်တာလဲ'

'အဘွားနားတောင်းကို ကြည့်တာ'

'ဘာပြုလို့လဲ'

'သူများတွေ ပန်တဲ့နားတောင်းနဲ့ မတူလို့'

'ဒီနားတောင်းမျိုး သားမမြင်ဖူးဘူး လား'

'မမြင်ဖူးဘူး'

'ဖက်လိပ်နားတောင်း'

'…'

အဘွားကြီး ထမင်းစားလို့ ဝသွားပြီ။ ရေနွေးကြမ်းတစ်ပန်းကန်ငှဲ့ပြီး တစ်ငုံ သောက်တယ်။ သောက်နေရင်း တွေး တယ်။ ကိုသိန်းဖံကလဲ ငေးကြည့်နေ တယ်။

ဖက်လိပ်နားတောင်း အကြောင်း ကိုတော့ မေးနေပြီ။

ငယ်ကချစ် အချစ်တစ်ရာ မမေ့သာ တဲ့။ ငယ်ကပေါင်းခဲ့တာမို့ အနှစ်တစ် သောင်း ဘယ်မေ့ကောင်းနိုင်ပါ့။ မမေ့ ကောင်းသော်လဲ သေကွဲကွဲခဲ့ရ။ အနှစ် (၂၀)ကျော်ကာလ…

မေးသူကြောင့် အဟောင်းတွေ အသစ်အသစ် ဖြစ်ဖြစ်လာလိုက်တာ။ ရင်တွေပန်းတွေတောင် တုန်လို့။ ရောင်ရမ်းမှန်းဆ ကျေးဇူးကြီးလှတဲ့ ခင်ပွန်းသည် ဘဝခြားသွားလေသူကြီး ရေလို့ တမ်းတမိတယ်။

သတိကို အသိနဲ့ ထိန်းချုပ် လက် ကလေးလှုပ်လိုက်တယ်။ ဖက်လိပ် နားတောင်း နားကနေ ကောင်းကောင်း ကျွတ်ကျ။ လက်ထဲမှာ။ အသာအယာ ထမင်းစားပွဲပေါ်တင်။ ရွှေဖက်လိပ် ကလေးကို လိမ့်လိမ့်ပြီး အဖြည့်လိုက် ပျော့ပျောင်းလိုက်တာ ပြန့်သွားပြီ။

ကိုသိန်းဖံလဲ ကြည့်နေလိုက်တာ မျက်လုံးကြီးကို ပြူးလို့။ စူးစူးစိုက်စိုက် ကြည့်လိုက်ရင်း လက်ကမ်းကာ လှမ်း ယူလို့ လက်ဖဝါးပေါ်တင်။

ရွှေစင်ကအခေါက် နေပြောက် ကလေး တစ်ချက် အထိုးမှာ အဝါရေ ရောင်စုံယှက် ဝင်းလက်သွားတယ်။ ကိုသိန်းဖံ မက်မက်မောမော ကြည့်နေ တုန်း…

'အဘွားရဲ့ ခင်ပွန်းသည် အဘိုးကြီး လုပ်ပေးသွားတာ'

'အဖိုးက ပန်းထိမ်ဆရာလား'

အဘွားကြီးက ပြုံးတယ်။ကိုသိန်းဖံ အမေးကို သဘောကျသွားတဲ့ပုံနဲ့…

'ဟယ် ဘယ်ကလာ ဟုတ်ရမှာလဲ'

'ဒါဆိုရင်…'

'အဘိုးကြီး မသေခင်(၃)နှစ်ကျော် က အိမ်နောက်ဖေးက အိမ်သာကျင်း ပြည့်လာတယ်။ ကျင်းသစ်တူးပြီး အိမ်သာပြောင်းရတယ်။ ကျင်းဟောင်း မှာတော့ မစင်အပြည့်နဲ့။ နောက်(၆)လ လောက်ကြာတော့ အိမ်သာကျင်း ဟောင်းက လျော့ကျသွားလိုက်တာ တစ်တောင်သာသာ နိမ့်သွားတယ်။ အဲဒီမှာ အဘိုးကြီးလုပ်ငန်းစတော့တာ ပဲ နယုန်လ။

တစ်နေ့မှာတော့ ညနေ(၃)နာရီ လောက် သူ ရွာအရှေ့ပိုင်းကို သွား တယ်။ (၂)နာရီလောက်ကြာတော့ ပြန် လာတယ်။ ပခုံးပေါ်မှာ ငှက်ပျောပင် တစ်ပင်ကို ထမ်းလို့၊ ဘာလုပ်မလို့လဲ မေးတော့ ဘာမှ ပြန်မပြောဘူး။

လှမ်းကြည့်လိုက်တော့ ထမ်းလာ တာက **"သူငယ်စာငှက်ပျော"** သူငယ်စာငှက်ပျောက ရှားတယ်။ အိမ် တိုင်းမရှိဘူး။ ငှက်ပျောခြံတွေမှာရှိတာ။ ငှက်ပျောခြံစိုက်ရင် **သူငယ်စာ တစ်ရုံ တော့ ပါရတယ်။** ဒါမှ ခြံစွဲတယ်၊ ခြံမြဲတယ်။ စိုက်ကို စိုက်ရတယ်။ ရှေး ထုံးစံ။

သူငယ်စာငှက်ပျော တစ်ရုံလောက် မှ ထည့်မစိုက်ရင် အဲဒီငှက်ပျောခြံတော့ ပျက်ပြီပဲ သူက ခြံစောင့်။

သူ အရှေ့ပိုင်းက ဘကြီးအောင်တင့် ငှက်ပျောခြံကို သွားပြီး တောင်းတာ ဖြစ်ရမယ်။ ဟုတ်သလား မေးတော့ ခေါင်းညိတ်တယ်။ ဟုတ်တယ်။

ငှက်ပျောပင်ကို အိမ်ရှေ့ သရက်ပင် မှာ မှီပြီး ထောင်တယ်။ အဘွားအနား ကို ရောက်လာပြီး အိမ်ပေါ်ထပ်မှာရှိတဲ့ ကြေးနီလင်ပန်းကို ယူခိုင်းတယ်။ မင်္ဂလာလက်ဖွဲ့လင်ပန်း။ အဘွား ကြေးနီလင်ပန်းကို ယူပြီး သူ့အနားကို ရောက်တော့ ငှက်ပျောပင်ခေါင်းကို သူ ခေါင်းတုံး တုံးနေပြီ။

ကြေးနီလင်ပန်းကို တိုက်ချွတ်ပြီး ဆေး ပြောင်အောင်ဆေးလို့ ပြောတယ်။ မီးဖိုထဲကပြာနဲ့ သံနုနုနဲ့ တိုက်ခိုင်းတယ်။ အဘွားကလဲ ပြောင်နေအောင် တိုက်ပေးလိုက်တယ်။ အမြင့်တတ်လို့ သူ့ကို။

ငှက်ပျောပင်ကို သူက ထမ်းပြီး





www.burmeseclassic.com

www.burmeseclassic.com

အဘွားကို ကြေးနီလင်ပန်းကိုင်ခိုင်းတယ်။ အိမ်နောက်ဖေး အိမ်သာကျင်းဟောင်းဆီကို သွားကြပြီ။ ရောက်သွားလို့ ကြည့်လိုက်တော့ အိမ်သာကျင်းဟောင်းမှာ မျှောတိုင်(၃)ချောင်းချထားတာ တွေ့တယ်။

အိမ်ကိုပြန် နှီးတစ်ဖက် လက်တစ်ဆုပ် ရေဆွတ်ပြီး ယူခဲ့ခိုင်းတယ်။ အဘွား နှီးတွေရေစွတ်ပြီး ယူလာတော့ အိမ်သာကျင်းဟောင်း မျက်နှာပြင်ကို သူ ညှိတယ်။ ညီနေအောင်ကို ညှိတာ ကြေးမီလင်ပန်းကြီးတင်လိုက် ညှိလိုက် တစ်ဖက်စောင်းနှင်း ဖြစ်နေရင် ဖိလိုက် လှည့်လိုက်နဲ့ မျက်နှာပြင်ညီသွားတယ်။

ကြေးနီလင်ပန်းပေါ်မှာ သူငယ်စာ ငှက်ပျောပင်ကို တင်တယ်။ အဘွားကို ထိန်းပြီးကိုင်ခိုင်းတယ်။ သူကတော့ ငှက်ပျောခေါင်းပတ်ပတ်လည် မြေခွေးတွေ ထည့်တော့တာပဲ။ ကျင်းပြည့်သွားတော့ လက်ကလေးနဲ့ ဖိ,ဖိပေးတယ်။ တူးရွင်းနဲ့ထိုးပြီး မြေကို ကျစ်တယ်။

နောက် မျှောတိုင်တစ်လုံးကို ယူပြီး အိမ်သာကျင်းနှုတ်ခမ်းနဲ့ တစ်တောင့်ထွာလောက် မြေပြင်ကို မျှောအရင်းပိုင်းနဲ့ ထောက်လိုက်တယ်။ အဖျားပိုင်းကိုတော့ ငှက်ပျောပင် ပင်စည်အလယ်လောက်မှာ နှီးနဲ့ တုပ်တယ်။ ကျန်တဲ့ မျှောတိုင်(၂)တိုင်ကိုလဲ အဲဒီလိုလုပ်ပြီး ကျားကန်ထားတယ်။ သုံးချောင်းထောက် ဖိုခုံလောက်ဆိုင်။

လေတိုက်ရင် မလဲမပြိုအောင် ထိန်းထားတာလို့လဲ ပြောသေးတယ်။

ညစာစားကြတော့ ထမင်းဝိုင်းမှာ ငှက်ပျောပင်စိုက်တဲ့အကြောင်း အဘွားက မေးတယ်။

သူပြောတာက ရွှေဖြစ်အောင် စိုက်တာတဲ့။ ကြံကြီးစည်ရာတော်လို့ အဘွားက ပြောတော့ အေး...ရွှေဖြစ်



တယ်၊ မဖြစ်ဘူးဆိုတာ မင်း တစ်နေ့မှာတော့ တွေ့လိမ့်မယ်။ စောင့်ကြည့်တဲ့။

အဘွားကလဲ ကြည့်ကြသေးတာပေါ့။ စောင့်ကြည့်မယ်ပေါ့။

မယုံမကြည်ဖြစ်နေတဲ့ အဘွားရဲ့ မျက်နှာကို သူ့အကြည့်က စိမ်းစိမ်းကြီး။ အသက်သွေးခဲ အမြဲမရှိ။ ဘယ်နေ့သေမယ်ဆိုတာ လူတိုင်းမသိ။ မသေခင် ကြည့်ချင်မြင်ချင်လိုက်တာလို့လဲ ပြောသေးတယ်။

ဘယ်လောက် ကြာမှာတုန်းဆိုတော့ (၃)နှစ်နဲ့ (၆)လစောင့်ရမယ်တဲ့။ စောင့်ပေါ့လို့အဘွားက ပြောလိုက်တယ်။ ငေါ့တော့တော့လေး။

ငှက်ပျောစိုက်ပြီးကတည်းက သူ အလုပ်တစ်ခုပဲ လုပ်တယ်။ အဲဒါက သားတက်တွေ ထွက်ထွက်လာတိုင်း သတ်သတ်ပစ်တာပဲ။ သားတက်ထွက်ခါစ ပြူပြီဆိုတာနဲ့ သတ်တာပဲ။ လက်မနှေးဘူး။

ငှက်ပျောရွက်တွေ အလက်တွေ မပယ်ဘူး။ အဖူးမပယ်ဘူး။ အခိုင်ကိုလဲ မခုတ်ဘူး။ မြေပုံခွေး ထားတာပဲ။

ငှက်ပျောပင် အရွက်အလက်တွေ ခြောက်ခြောက်သွားပေမယ့် ပင်စည်က တော်တော်နဲ့ မခြောက်ဘူး။ (၂)နှစ်ကျော်ကျော်အကြာ မြေပြင်တညီ ငှက်ပျောပင် ပင်စည်ပတ်လည်မှာ ကျင်းကလေး ဖြစ်သွားတယ်။ ဒါပေမယ့် ငှက်ပျောငုတ်ကြီးက အစိုကြီး ရှိသေးတယ်။ အဲဒါ ကျင်းဝအောက် တစ်ထွာလောက်တောင် ရောက်နေပြီ။ အဘွားရဲ့ခင်ပွန်းက ကျင်းအဝကို မြေကြီးတွေ ထည့်ပြီး ပိတ်လိုက်တယ်။

ဖြစ်ချင်တော့ ငှက်ပျောပင် စိုက်ထားတာ (၃)နှစ်မပြည့်သေးဘူး။ မူးတယ် မူးတယ် ဆိုပြီး သူ ကွယ်လွန်သွားတယ်။ ဆေးတောင် မကုလိုက်ရဘူး။ ရုတ်တရက်ကြီး။

အဘွားတို့လဲ အိမ်ဦးနတ် ကွယ်ပျောက်တော့ ဒုက္ခတွေ ရောက်ကြရတာပေါ့။ ပထမတော့ ဖြေလို့ မရဘူး။ ဖြစ်ရလေခြင်း။ လောလောလတ်လတ်ကြီး ချက်ချင်းလက်ငင်းကြီး။

သားတစ်ယောက်နဲ့ သမီးတစ်ယောက်က အိုးခွဲအိမ်ခွဲ။ သမီးတစ်ယောက်က အပျိုကြီး၊ အတူနေ ကားဂိတ်လိုက်ပို့တာ သူပေါ့။

အငယ်ဆုံးမ သူ့ကြောင့်ပဲ ကြေးနီလင်ပန်းကို တူးယူဖြစ်တာ။ အဘွားကတော့ မေ့မေ့ပျောက်ပျောက် ဖြစ်နေပါပြီ။ အဘိုးကြီး ဆုံးပါးခဲ့ပြီး (၃)နှစ်ကျော်ကာလ။ သီတင်းကျွတ်လအခါရက် မုန့်ဆီကြော်၊ မုန့်လက်ကောက်တွေလုပ်မလို့ မုန့်နှံ့ဖို့က လင်ပန်းလိုတယ်။ ကြေးနီလင်ပန်း။

အငယ်ဆုံးမ သူက ဖြူနီးဆို ကြေးနီလင်ပန်းကို စိတ်မတန်းဘဲ သတိရလိုက်တယ်။ နောက်တစ်နေ့ မနက်ရောက်တော့...

သားအမိနှစ်ယောက် တူးရွင်းကိုယ်စီနဲ့ တူးကြတာပဲ။ မသက်သာဘူး မောင်ရေ... အပေါ်ယံမြေသားက မာလိုက်တာ လွန်ပါရော။ တူးလို့မရ၊ ဆွလို့မရ။ လက်မှိုင်ချရတော့မယ် အချိန်။ တော်ပါသေးရဲ့ အဘွားတို့



www.burmeseclassic.com

www.burmeseclassic.com

တူးနေတုန်း သားကြီးရောက်လာတယ်။

အမေတို့ ဖယ်ကြဆိုပြီး သူတူးတော့တာပေါ့။ တစ်ထွာသာသာလောက်ရောက်တော့ မြေသားက မမာတော့ဘူး။ မွလို့။

ကွမ်းတစ်ယာညက် မကြာလိုက်ဘူး လင်ပန်းကို မြင်ကြရပြီ။ ပုံပန်းကတော့ မပျက်ဘူး။ အရောင်ကတော့ ပြောင်နေတယ်။ ရွှေရောင်ဝင်းထိန်နေတဲ့ အကွက်လိုက် အကွက်လိုက်ကလေးတွေရှိသလို မဲမဲသဲသဲ အကွက်တွေလဲ ရှိနေတယ်။

ရက်ကြာကြာ မဆိုင်းဘူး။ နောက်တစ်နေ့ အဘွားနဲ့ သားကြီးတို့ အောင်လံမြို့ကို တက်သွားကြတယ်။ ရွှေဆိုင်ကိုဝင် မားနဲ့ ခုတ်ပြီး ဖွဲ့လာတဲ့ လင်ပန်းသားအစလေး ပြလိုက်တော့ "ရွှေ"တဲ့

* * *

ဦးသန်းစိန် စကားဆုံးတော့ ဖိုးဟန်က ဦးသက်နိုင်ဆီက သိထားတဲ့ နည်းပညာကို ပြန်ပြီး ပြောပြလိုက်တယ်။

ဖိုးဟန် တွေးပြီ။ နည်းပညာနှစ်ခုမှာ တူတာတွေရှိသလို မတူတာတွေ ရှိနေတယ်။ တူတာတွေကို ဘေးဖယ်။ မတူတာတွေကို ရွေးမယ်။

မတူတာတွေက ကြေးနီဖလားနဲ့ ကြေးနီလင်ပန်း လုပ်ငန်းခြင်းကလဲ မတူ။ သူငယ်စာငှက်ပျောနဲ့ ဦးသက်နိုင်ပြောတဲ့ ငှက်ပျောထိုထို ဘယ်ငှက်ပျောဆိုတာကလဲ မတူ။ သူငယ်စာက သက်တမ်းရင့် ငှက်ပျောတစ်နိုင်သား တစ်ထိုင်(၇)လ။ သွားငုတ်တုတ် လူငုတ်တုတ်။

ဦးသက်နိုင်ပြောတဲ့ ငှက်ပျောစိုက်ပုံက ကြေးဖလားထဲမှာ မစင်အပြည့်။ ကြေးဖလားအတွင်းထဲမှာ အပူ၊ ဥဏှာ



တေဇော။ ကြေးဖလားအပြင်ဘက်က မြေသားပထဝီ။ ကြေးဖလားအပေါ်မှာ ငှက်ပျောပင် အာပေါဓာတ်၊ သီတတေဇော။

ကိုကြီးသန်းရဲ့အဆိုက ကြေးနီလင်ပန်းပေါ်မှာ ငှက်ပျောပင်။ ငှက်ပျောပင်က ရေဓာတ် အာပေါ။ ကြေးနီလင်ပန်းအောက်မှာက အိမ်သာကျင်းဟောင်းထဲက မစင်ကျင်ကြီး။ အပူတေဇော၊ ဥဏှာတေဇော။

'တေဇောအပူ ဓာတ်ကိုပြု၏'

တဲ့။ ရှေးပညာရှင်များရဲ့ အဆိုအမိန့် နှုတ်ထွက်စကား။ ကျမ်းစာများထဲမှာလဲရှိ။ သီတတေဇော ဥဏှာတေဇော အအေးနဲ့အပူ အပေါ်နဲ့အောက် နှစ်လွှာညှပ်ပြီး ဓာတ်ပြုလိုက်တာ နှစ်ကာလကြာလာတော့ ကြေးနီလင်ပန်း တန်းပြီး "ရွှေ" ဖြစ်သွားတာပဲလို့ ဖိုးဟန်တွေးတယ်။ အတ္တနောမတိ၊ အများနဲ့တော့မညီ။

ကမ္ဘာ့နီယာမ သဘာဝတရားကို အသုံးချလိုက်တဲ့ ရှေးမြန်မာတို့ရဲ့ ဝိဇ္ဇာပညာရပ် အစွမ်းလေလား။ ကဲ... စမ်းကြည့်ကြမလား။ စာဖတ်ပရိသတ်များ။

* * *

**ဝန်ခံချက်။** ။ ဦးသက်နိုင် ကိုယ်တိုင်စိုက်တာ ရောဝတီမြစ်ရေမြုပ်လို့ အလုပ် မဖြစ်လိုက်ပါဘူး။

ရွှေတောင်က မိတ်ဆွေတစ်ဦးက ဦးသန်းစိန်ရဲ့နည်းနဲ့ စိုက်လိုက်တာ ငှက်ပျောပင်ကို ဝက်ကိုက်ကာ ဖျက်ဆီးလို့ တစ်ဝက်ခရီးတောင် မရောက်လိုက်ပါဘူး။

ဒီဝတ္ထုကို ရေးနေစဉ် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ(၂၇)ရက်၊ ကြာသပတေးနေ့က စာတည်းချုပ် ဆရာဦးကျော်မိုးသိန်းကို အကြောင်းအကျိုး အဆိုးအကောင်း သောင်းပြောင်းထွေလာ ဖုန်းနဲ့ တင်ပြပြောဆိုဖြစ်ပါတယ်။

စာတည်းချုပ်ရဲ့ နှုတ်ဖျားက "အဆိုးတန်အနုဋ္ဌစကား" ကြားလိုက်ရပါတယ်။

ဒီနည်းပညာမှာ **"လျှို့ဝှက်ချက်တစ်ခု"**တော့ ရှိလိမ့်မယ်တဲ့။

စာတည်းချုပ်ရဲ့စကား လေးစားလိုက်နာ၍ တောင်းပန်စကားဆိုပါစေ...

**တတ်သိပညာရှင် အပေါင်းတို့ ခင်များ...**

ရွှေတောင် ခင်မောင်ကြည် ရေးသားသော ဖြစ်ရပ်မှန်ဝတ္ထု ဤစာစုတွင် မြုပ်နေသော၊ မြုပ်ထားသော **"နည်းပညာ လျှို့ဝှက်ချက်များ"** ရှိပါက ဖြည့်စွက်ကာ ပညာပေးသောအားဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားဖော်ပြပေးကြပါရန် မေတ္တာဖြင့် တောင်းပန်အပ်ပါတယ်။

ဦးသက်နိုင် ကျောင်းအုပ်ဆရာကြီး (ငြိမ်း)သိပ္ပံရပ် တရုတ်မော်ရွာ ရွှေတောင်မြို့နယ်နဲ့ ကွယ်လွန်သူ ဦးသန်းစိန် အနောက်ရိုး၊ ဝက်ထီးကန်၊ ပြည်မြို့နယ်တို့အား ဤစာစုဖြင့် ဂါရဝပြုလိုက်ပါတယ်။

**ရွှေတောင် ကြည်ရောင်အေး**



www.burmeseclassic.com

www.burmeseclassic.com

# ထုံကျဉ်
# အကိုက်အခဲပျောက်စေသည်

ဆေးနည်း

၁၂-၃-၂၀၁၄နေ့ နံနက်ပိုင်းမှာ ဈေးသွားရင်း ဒေါ်တင်ရီ(အကြော်လုပ်ငန်း)အိမ်သို့ ကိုမေတ္တာတစ်ယောက် ရောက်သွားပါတယ်။ အိမ်ထဲသို့ ဝင်မိရင်ပဲ...

'ဟော့ မောင်မေတ္တာ... မလာတာ အတော်ကြာပါပြီကော'

ဟု ဒေါ်တင်ရီက စကားစလိုက်ပါသည်။

'မလာတာ အတော်ကြာဆိုကျွန်တော့်မှာ ခြေထောက်တစ်ဖက်နာနေလို့ မလာဖြစ်တာပါ၊ ဖြစ်တဲ့ခြေထောက်ကတော့ ဘယ်ခြေထောက်ပါ။ နာပုံက ပေါင်ရင်းမှာ နာလိုက်၊ အဲဒီအနာက ခြေသလုံးထဲ ရောက်လိုက်နဲ့ ရွှေ့ရွှေ့နေသလိုပဲ ဒေါ်လေးရေ'

'အဲဒါဂရုစိုက်ဟေ့... အခုခေတ်အခေါ် အကြောညပ်တာလို့ ပြောကြတယ်။ တို့ မြန်မာ့ဆေးပညာအရကတော့ အပူနာခေါ်တာပေါ့။

နေပူထဲ သွားလာလုပ်ကိုင်ခြင်း၊ အပူစာများကို အစားများခြင်းများ ပြုခဲ့ရင် အပူကြောင့် အကြောရောင်လာတယ်လေ။

အကြောထဲမှာ အပူဝင်တော့ သွားလာရာမှာ နာကျင်ကိုက်ခဲတာပေါ့။ အဲဒီလိုဖြစ်လာတဲ့ဝေဒနာကို ပေါ့ဆဆလုပ်နေခဲ့ရင် နောက်ပိုင်းမှာ လေဖြတ်ပြီး အောက်တစ်ပိုင်း သေတတ်တယ်ကွယ့်။

ငါ့မလဲ အသက်က (၇၀)ကျော်လာတော့ ခန္ဓာကိုယ်ကြီးက အတော်ထွေလာတယ်။ တော်တော်ကြာ ခါးနာလိုက်၊ တော်တော်ကြာ ဒူးနာလိုက်၊ တော်တော်ကြာ ထုံလာလိုက်၊ တော်တော်ကြာ နာကျင်ကိုက်ခဲလိုက်နဲ့ ဖြစ်နေတယ်။

ဒီလိုဖြစ်နေတာကို **မှန်ကင်းကျောင်းဆရာတော်ကြီးက** သိတော်မူလို့ ဆေးနည်းပေးတယ်။ အဲဒီဆေးကို အမှုန့်ပြုပျားရည်နဲ့တေပြီး ဆရာတော် အညွှန်းအတိုင်း နေ့စဉ်စားလို့ သက်သာနေတယ်။

မင်း အဲဒီဆေးနည်းလေးကို စာနဲ့ ကူးသွားပါလား။ အမြဲတမ်း အညွှန်းအတိုင်း ပုံမှန်စားနေရင် လေဖြတ်ခြင်းကိုတောင် ကာကွယ်တယ်'

'ဒီလိုဆို ဆေးနည်းလေးပေးပါဦး ခင်ဗျာ'

ကိုမေတ္တာသည် မှန်ကင်းကျောင်းဆရာတော်ပေးတော်မူသော ဆေးနည်းကလေးအား ဒေါ်တင်ရီထံမှ ကူးယူလိုက်ပါသည်။

'ထုံခြင်း၊ နာကျင်ခြင်း၊ လေဖြတ်ခြင်းဖြစ်တဲ့ပုဂ္ဂိုလ်များ တွေ့ရင်လဲ ဆေးနည်းလေးကို ဝေမျှပေးပါကွယ့် ကုသိုလ်ရတာပေါ့'

'ဒေါ်လေး အဲဒီလိုဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကနေ အများသိအောင် ဖြန့်ဝေလိုက်ရမလား'


'အေး ကောင်းတာပေါ့၊ သာဓု... သာဓု... သာဓုပါ မောင်ရာ'

---

ထုံကျဉ်အကိုက်အခဲ သက်သာပျောက်ကင်းသည့်ဆေးနည်း

---

| | | |
|---|---|---|
| ၁။ | စရိ | (၂၀)ကျပ်သား |
| ၂။ | နွားမြေရင်း | (၂၀)ကျပ်သား |
| ၃။ | သဘော်ချဉ်းခြောက် | (၂၀)ကျပ်သား |



အထက်ပါ ဆေး(၃)ပါးကို ဆတူချိန်တွယ်၍ နေပြ အခြောက်လှန်းပါ။ ခြောက်သွေ့လျှင် အမှုန့်ပြုပါ။

ယင်းဆေးမှုန့်ကို ပျားရည်နှင့် နယ်ပါ(တေပါ)။ **ရွှေးစေ့ကလေးများ အရွယ် အလုံးကလေးများ ပြုလုပ်ပြီး** လေလုံသော ဖန်ပုလင်းထဲတွင် ထည့်ထားပါ။

ဆေးအညွှန်း...

**ထုံကျဉ်ရုံဆိုလျှင် ညအိပ်ရာဝင် (၃)လုံးစားပါ။ ကိုက်ခဲလျှင် ညအိပ်ရာဝင် (၅)လုံးစားပါ။ လေဖြတ်လျှင်မနက်(၅)လုံး၊ ည(၅)လုံးစားပါ။**

ဤဆေးသည် ကိုယ်စောင့်တတ်မီးခေါ် ဥသ္မာတေဇောဓာတ်ကို ညီမျှစေသော စွမ်းအင်ရှိပါသည်။

***ကာကွယ်ခြင်းသည် ကုသခြင်းထက် အကျိုးရှိပါသည်။***

စလင်း ဦးကျော်

www.burmeseclassic.com

# သွားကိုက်သွားနော အရွက်

ကျော်နိုင်လင်း (ပေလီ)

## စွယ်တော်လေးဆူ ဂါထာတော်

'သွားကိုက်တာကို ရန်သူကိုတောင် မပေးချင်ပါဘူး'

သွားရောဂါနှင့်ပတ်သက်ပြီး ပြောတတ်ကြသည်။ အခံရခက်သော ရောဂါတစ်ခုဖြစ်သည်ကို သွားကိုက်ဖူးသူတိုင်း သိကြပါသည်။

သွားရောဂါနှင့် ပတ်သက်ပြီး ဆေးမြီးတိုများစွာ ရှိပါသည်။ တစ်ယောက်ကောင်းတိုင်း နောက်တစ်ယောက် ကောင်းချင်မှ ကောင်းသည်ကိုလည်း သိကြမှာပါ။

ကျွန်တော့်မှာလည်း ခဏခဏ မဟုတ်သည့်တိုင် တစ်လတစ်ခါ နှစ်လတစ်ခါတော့ ဖြစ်တတ်ပါသည်။ ဆေးမြီးတိုများကိုလည်း သုံးဖူးပါသည်။ တစ်ခါပျောက်တိုင်း နောက်တစ်ခါ ပျောက်သည် မဟုတ်ပါ။ ခုလည်း သွားကိုက်နေပြန်ပါပြီ။

'ဟေ့ နိုင်ကျော် ဒီနေ့ အလုပ်မသွားဘူးလား'

'ဟုတ်တယ် အမေကြီးရေ သွားကိုက်တာ နှစ်ရက်တောင်ရှိသွားပြီလေ။ အလုပ်မဆင်းနိုင်ဘူး ခွင့်ယူထားတယ်'

'မင်းမှာလဲ သွားကိုက်ရတာနဲ့ သွားဖုံးရောင်လို့ အစာမစားနိုင်ရတာနဲ့ လွှန်လွှန်းပါတယ်။ အလုပ်မဆင်းတော့ လုပ်ခမရဘူးပေါ့။ တို့များ သွားနာသွားကိုက် သွားဖုံးရောင်ဆိုတာ ကြားသာကြားဖူးတယ် မဖြစ်ဖူးပါဘူး။ ခုထိ ပဲလှော် တောင်ဝါးနိုင်တယ်ဆိုရင် ယုံချင်မှယုံကြမှာ သွားတောင်မကျိုးသေးဘူး တွေ့လား'


အမေကြီးဒေါ်သိန်းသည် ပါးစပ်ဟပြီး သွားများကို ဖြဲပြသည်။ အမေကြီးဒေါ်သိန်းအိမ်နှင့် ကျွန်တော်တို့အိမ်သည် မျက်နှာချင်းဆိုင် ဆိုပေသိ လမ်းတစ်ဖက်မှာဖြစ်သည်။

ကျွန်တော့်အမေနှင့် ခမ္မမိတ်ဆွေ ဘုရားသွား ကျောင်းသွားအတူတူ လက်ဖက်ရည်ကြမ်းသောက် တရားဆွေးနွေးရန် နေ့စဉ်လိုလို နံနက်တိုင်းရောက်သည်။ အသက်ခြောက်ဆယ်ကျော်ကြီး အမေကြီး ဒေါ်သိန်းမှာ အဟုတ် သွားမကျိုးသေးသည်ကို ကျွန်တော်မြင်ရသည်။ ညီညာဖြူဖွေးသော သွားများကိုမြင်ရ၍ ကျွန်တော် အံ့ဩမိသည်နှင့်...

'အမေကြီးက ပါရမီကောင်းတာကို'

'ဘာ ပါရမီဟုတ်လား။ ဘာပါရမီလဲ သန့်ရှင်းအောင် အမေ အဖေ လူကြီးသူမ ပြောတာကို နားထောင်တာ သိပြီလား။ မင်းတို့က လူအထင်ကြီးအောင်လုပ်နေကြတာကို။ ဘာသွားတိုက်ဆေးမှ ဘယ်သွားတိုက်တံနဲ့မှ ဆိုတာ လမ်းထွက်ပြီး ပြလိုက်ကြသေးတယ်လေ။

မိဘက အကျိုးအကြောင်း ပြောပြပြန်တော့လဲ ခေတ်မရှိရတာနဲ့ ခေတ်နောက်ပြန်လို့ အပြောတောင်ခံရသေး။ ရခိုင်စကားပုံတစ်ခုရှိတယ် သိလား



"မျက်စိမှာရှိ(ရေ)၊ နားမှာဆီ၊ ချိုး... ဆား၊ ဝမ်းမှာပျား"တဲ့ ကြားဖူး... လား မသိ။

အမေကြီးသွားတွေကို မြင်တ... မဟုတ်လား။ သွားနဲ့ပတ်သက်လို့ ... မဖြစ်ဖူးဘူး။ ထမင်းစားပြီးတာနဲ့ ... အနည်းငယ်ယူငုံပြီး ပလုတ်ကျင်း... ပဲ။ ခုတော့ မင်းတို့မှာက စားချင်... စားပြီး ပလုတ်ကျင်းဖို့ နေနေသာ... သွားပွတ်တံနဲ့ တိုက်ချင်သလို တိုက်... ကြတာပဲ မဟုတ်လား။ သွားခြေ... တွေ ပွန်းပဲ့တာပေါ့။

အမေကြီးကတော့ ခုထိ ဆားရည်... ငုံတယ်၊ အမှတ်ကြိတ်ထားတဲ့ဆားနဲ့လဲ ... တိုက်တယ်။ နောက်ပြီး အိပ်ရာမှ နံ... စောစောထရင် အမေသင်ပေးခဲ့တဲ့ ... ရှင်ရဲ့ စွယ်တော်လေးဆူ ဘုရားရှိခိုး... ကို မျက်နှာမသစ်ခင် အရှေ့ကို လ... ဖက်နှင့်ကိုင်ပြီး စွယ်တော်ဂါထာကို... ရွတ်တယ်။ သတ္တဝါကို ... မျက်နှာကို အေးသွားအောင် မျက်နှာ...



www.burmeseclassic.com

www.burmeseclassic.com

တော့တာပဲ။ စွယ်တော်ဂါထာဆိုတော့ ငုံလို့တော့ မတွေ့ဘူးပေါ့။ မျက်နှာကိုသာ ရောင်အောင် သစ်ပစ်တာပဲ။ ဒါကြောင့် ခုတိုင်အသက်ခြောက်ဆယ်ကျော်ပြီး သွားကိုစွန့်စိတ်မညစ်ရဘူးပေါ့'

'အမေကြီးရဲ့ စွယ်တော်လေးဆူဂါထာကို လိုချင်လိုက်တာ'

'လိုချင်ရင်ရမှာပေါ့ကွယ်။ ဂါထာက အရှည်ကြီး မဟုတ်ပါဘူး'

အမေကြီးဆိုပြသော ဂါထာကို နှုတ်ငုံဆောင်ပြီး မျက်နှာမသစ်ခင် အမေကြီးပြောသလို မျက်နှာသစ်သည်မှာ နှစ်နှစ်ကျော်ပြီးဖြစ်သည်။ ယုံယုံကြည်ကြည်နှင့် ရွတ်၍ ထင်ပါသည်။ သွားကိုစွနှင့် ယခင်ကလို မကြာခဏ ဒုက္ခဖြစ်တော့ပါ၍ ကျွန်တော် ပျော်ရွှင်နေပါတော့သည်။

စွယ်တော်လေးဆူဂါထာမှာ

> တာဝတိံသေ ဓကာဒါဠာ၊ ကော ဘုဇဂ ပူရဏေ။
> ဂန္ဓာရေ ဒ္ဓန္တပူရမ္ဘိ၊ တာပိဝန္ဒာမိ တတုယော။

ခက်ခဲသော ပါဠိအသံထွက်

**တာဝတိံသေ** =တာဝတိန်သေ
**ကောဒါဠာ** =အေကာဒါထာ
**ကောဘုဇဂ** = အေကာဘုဇဂ
**ဂန္ဓာရေ** =ဂန်ဓာရေ
**ဒန္တပူရမှိ** =ဒန်တပူရန်မှိ
**တာပိဝန္ဒာမိ** =တာပိဝန်ဒါမိ

**အနက်**

**ကောဒါဠာ** – အထက် လက်ယာ စွယ်တော်ဓာတ် တစ်ဆူသည်၊

**တာဝတိံသေ** – တာဝတိံသာ နတ်ပြည်၌၊

**တိဋ္ဌတိ** – တည်နေ ကိန်းဝပ်တော်မူ၏။

**ကောဒါဠာ** – အောက်လက်ယာ စွယ်တော်ဓာတ်တစ်ဆူသည်၊

**ဘုဇဂပူရကေ**– နဂါးပြည်၌၊

**တိဋ္ဌတိ** – တည်နေကိန်းဝပ်တော်မူ၏။

**ကောဒါဠာ** – အထက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူသည်၊

**ဂန္ဓာရေ** – ဂန္ဓာရတိုင်း၌(တရုတ်ပြည်)၊

**တိဋ္ဌတိ** – တည်နေကိန်းဝပ်တော်မူ၏။

**ကောဒါဠာ** – အောက်လက်ဝဲ စွယ်တော်ဓာတ်တစ်ဆူသည်၊

**ဒန္တပူရမှိ** – ကာလင်္ဂတိုင်း ဒန္တပူရပြည် (သီရိလင်္ကာ)၌၊

**တိဋ္ဌတိ** – တည်နေကိန်းဝပ်တော်မူ၏။

**တာပိဓာတုယော** – ထိုတိုင်းပြည်နိုင်ငံ ဒေသဌာနတို့၌ တည်နေကိန်းဝပ်တော်မူသော စွယ်တော်လေးဆူတို့ကို၊

**အဟံ** – အကျွန်ုပ်သည်၊

**ဝန္ဒာမိ** – ဦးခေါင်းညွှတ်ကျိုး လက်စုံမိုး၍ ရှိခိုးပါ၏ ဘုရား။

## စာမျက်နှာ (၂၃၂)မှ အဆက်

နိုသည်။ ရပ်ဝေးပြည်ပမှ သတင်းကောင်းများ ကြားရတတ်သည်။ သုံမပျိုတို့ ခင်ပွန်းရဖွယ်ရှိသည်။

**÷ ကြက်နှစ်ဖွား**



နေထိုင်မှု အဆင့်အတန်း မြင့်မားလာမည်။ ဇိမ်ခံပစ္စည်းများ ဝယ်နိုင်သည်။ အမွေအနှစ်များလည်း ရတတ်သည်။

နေအိမ်ဂေဟာသို့ ဂုဏ်သရေရှိသည့်ကောင်းစောင်ကောင်းများ ရောက်လာဖွယ်ရှိသည်။

ရေထွက်ပစ္စည်းများ အကျိုးပေးထက်သန်သောကာလ ဖြစ်သည်။ နားနှင့် အကြားအာရုံဆိုင်ရာဝေဒနာများ ခံစားတိုက် ကာကွယ်ကုသပါ။

**÷ ခွေးနှစ်ဖွား**



စူးစမ်းရှာဖွေ သုတေသနပြုလုပ်ငန်းများ အဆင်ပြေမည်။ စီးပွားရေးတွင် ကုန်စည်သစ်၊ ဈေးကွက်သစ်များမှ အမြတ်အစွန်းရရှိမည်။ အိုးသစ်အိမ်သစ် ရရှိနိုင်သည်။

ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသည့် အငြင်းအခုံ၊ သဘောထား ကွဲလွဲမှုများတွင် ခုံသမာဓိလူကြီးအဖြစ် ဖြေရှင်းပေးရတတ်သည်။ လူအများ လေးစား ယုံကြည်မှုခံရသောကာလ ဖြစ်သည်။

**÷ ဝက်နှစ်ဖွား**



ငွေကြေးလာဘ်လာဘ ရွှင်လန်းသောကာလ ဖြစ်သည်။ မြောက်မြားစွာ မရနိုင်စေကာမူ အတန်အသင့် အားရဖွယ်ကောင်းသော ပမာဏကို ပိုင်ဆိုင်ရဖွယ်ရှိသည်။

စည်သွတ် စားသောက်ဖွယ်များ၊ ရွှေ၊ငွေ၊ကြေး၊ သံသတ္တုပစ္စည်းများနှင့် အကျိုးပေးထက်သန်မည်။ အမျိုးသားများမှာ ဖနီးရကိန်းရှိ၍ အမျိုးသမီးများမှာ ယာဉ်၊ရထား ဝင်ကိန်းရှိပါသည်။

ဤလ ကံကြမ္မာနိမ့်ပါးနေသူတို့သည် အနီရောင်ပန်း(၉)ပွင့်ကို အင်္ဂါနေ့၌ ဘုရားကပ်လှူ ဆုတောင်းပါ။

သက်ကြီးပိုင်း အမျိုးသမီးတစ်ဦးအား (ကျန်းမာရေးအတွက် သုံးစွဲသော) ဆေးဝါး သို့မဟုတ်(ခါးသော အရသာရှိသည့်) ကော်ဖီမှုန့်(၉)ထုပ် လှူဒါန်းပါ။ ကံဆိုးအနှောင့်အယှက်များ ပျောက်ပျက်စေရန် သမ္မာဒေဝများထံ ဆုတောင်း တိုင်တည်ပါ။

**// ကျော်နိုင်လင်း (ပေဒီ) //**

*ကြံအောင်သမျှ အောင်မြင်ကြပါစေ*

**ဟူရျင်းဖီ**


www.burmeseclassic.com

www.burmeseclassic.com

## ဤလတွင်...



✣ ကြွက်နှစ်ဖွား

ငွေကြေးနှင့်ပတ်သက်၍ ဆုံးရှုံးနစ်နာမှု ကြီးမားစွာ ကြုံရတတ်သည်။

အလှူအစားပေးရခြင်း၊ လောင်းကစားမှုကဲ့သို့ ဥပဒေငြိစွန်းသော အမှုကိစ္စများ ကြုံဆုံရခြင်းတို့ကြောင့် ငွေကြေးဥစ္စာ လျော့ပါးရခြင်းကို သတိပြု ရှောင်ကြဉ်ပါ။

အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ဝေဒနာများလည်း သတိပြု ကာကွယ်သင့်သည်။



✣ နွားနှစ်ဖွား

သူတစ်ပါး နှိမ့်ချပြောဆိုခြင်း၊ အပြစ်တင်ခြင်းတို့ ခံရတတ်သည်။ ပတ်ဝန်းကျင်နှင့် ဆက်ဆံရာတွင် အထင်အမြင်လွဲမှားခံရခြင်းတို့ ကြုံရဖွယ်ရှိသဖြင့် အပြော၊ အနေ ဆင်ခြင်သင့်သော ကာလဖြစ်သည်။

မျက်စိနှင့် အမြင်အာရုံကြောဆိုင်ရာ ဝေဒနာများကို ကြိုတင်ကုသ ကာကွယ်ပါ။ အိမ်ရှင်မများ ဂုဏ်တုဂုဏ်ပြိုင်ကိစ္စ ဂရုစိုက်ပါ။



✣ ကျားနှစ်ဖွား

အိမ်၊ ခြံ၊ မြေ ဝင်ကိန်းရှိသည်။ အလှူကြီးအတန်းကြီး ပေးရတတ်သည်။ စီးပွားလုပ်ငန်းသစ်၊ ဈေးကွက်သစ်များ ဖြစ်ထွန်း အောင်မြင်သော ကာလ ဖြစ်သည်။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းများနှင့်ပတ်သက်၍ ငွေကြေးအမြတ်အစွန်း ရရှိမည်။ ငယ်သံယောဇဉ်များ အသစ်တစ်ဖန် ပြန်လည် ရှင်သန်လာတတ်ပါသည်။



✣ ယုန်နှစ်ဖွား

အကြံအစည် အောင်မြင်မည်။ ကတိစကား တည်ကြည်မှန်ကန်မှု




၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလအတွင်း

ဗုဒ္ဓရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကွင်းဇီ



ကြောင့် တုံ့ပြန်ကျေးဇူးများ ခံစားရဖွယ်ရှိသည်။

လွင်ပြင်ကျယ်ဒေသများသို့ အလည်အပတ် သွားရောက်ရတတ်သည်။ ချစ်မှုရေးရာ အဆင်ပြေသော ကာလဖြစ်၍ ပျိုရွယ်သူတို့ "မျက်နှာများသည်"ဟု အပြောအဆိုခံရကိန်း ရှိသည်။



✣ နဂါးနှစ်ဖွား

မိမိနှင့် သက်ဆိုင်မှုမရှိသော ကိစ္စများတွင် ပါဝင် ကူညီပေးခြင်းကို ရှောင်ရှားပါ။ စေတနာအမှားကြောင့် ဆုံးရှုံးနစ်နာရတတ်သည်။

စိတ်မချမ်းမြေ့ဖွယ် အဖြစ်အပျက်မြင်ကွင်းများ မြင်တွေ့ရကိန်းရှိသည်။ သစ်,ဝါး,ကြိမ် သစ်တောထွက်ပစ္စည်းများ အကျိုးပေးထက်သန်မည်။ ကြွက်သားများ နာကျင်ကိုက်ခဲခြင်း ဝေဒနာ ခံစားရဖွယ်ရှိသည်။



✣ မြွေနှစ်ဖွား

ရင်ဆိုင်ဖြေရှင်းနေရသော အခက်အခဲပြဿနာများ ပြေလည် အဆင်ပြေလာနိုင်သည်။ ဝတ်ကောင်းစားလှ ဝတ်စားဆင်ယင်၍ ပွဲနေပွဲထိုင် တက်ရောက်ရတတ်သည်။

လျှပ်စစ် အသုံးအဆောင်ပစ္စည်းများ ဝင်နိုင်သည်။ မင်းစိုးရာဇာများနှင့် ခင်မင်ရင်းနှီးခွင့်ရမည်။ နှလုံးနှင့် အ[illegible] ဆိုင်ရာရောဂါဝေဒနာများ ဂရုစိုက်[illegible]



✣ မြင်းနှစ်ဖွား

ကြံဆောင်သမျှ အောင်မြင်မှုရသော ကာလဖြစ်သ[illegible] အနာဂတ်အတွက် အရေးကြီးသော[illegible] စီမံကိန်းများ အကောင်အထည် ဖေ[illegible] သင့်သည်။

ပရဟိတလုပ်ငန်း များပြားနေမည်[illegible] မင်းပေါက်စိုးပေါက် ဖြစ်လိမ့်မည်[illegible] ဖန်ထည်မှန်ထည်ပစ္စည်းများနှင့် ပ[illegible] သက်၍ ငွေကြေး အမြတ်အစွန်း[illegible] တတ်သည်။



✣ ဆိတ်နှစ်ဖွား

လေ့လာမှတ်သားထားသော န[illegible] မှုလက်မှုပညာများကြောင့် ငွေကြေး[illegible] လာဘ်လာဘ အချို့ ဝင်ရောက်[illegible] သည်။ အခြွေအရံတပည့်တပန်း [illegible] တတ်သည်။

အထည်အလိပ်များနှင့် ပတ်သက်[illegible] အကျိုးအမြတ် ရရှိဖွယ်ရှိသည်။ ကြ[illegible] မှန်၊ မျက်မှန်၊ ရုပ်သံစက်များ လ[illegible] ဆောင်ရကိန်းရှိသည်။



✣ မျောက်နှစ်ဖွား

အလုပ်အကိုင်ရာထူး တိုးမြှင့်လာ[illegible] သည်။ သောကဖြစ်ဖွယ်ကိစ္စမျ[illegible] လျော့ပါး ပျောက်ပြယ်သွားလိမ့်မည်[illegible]

ငွေရကံ ပုံမှန်သာရှိသည်။ ပတ်[illegible] ကျင်တွင် လေးစားခင်မင်သူ ပေါ[illegible] သူတို့၏ အရေးကိစ္စများ၌ စိတ်[illegible] ကိုယ်ပါ ဝင်ရောက် ကူညီပေးရ[illegible]



www.burmeseclassic.com

www.burmeseclassic.com

# စုန်းကဝေ

တူသည်မှာ

ဝင့်ဝင့်အောင်
(ခေတ္တ-ဟားခါး)



သင်သိပါသလား...?။

စုန်းပညာတတ်သည်ဟု ဆိုလျှင် လူတိုင်း ကြောက်ရွံ့သွားတတ်ကြသည်ပင်၊ အရမ်းစွမ်းသောပညာသည်များဆိုလျှင် ကောင်းကင်မှ တံမြက်စည်းကိုစီးပြီး လိုရာကို ပျံသွားနိုင်ကြသည်ဟု ဆိုပါသည်။

အဲဒီလောက်တောင် စွမ်းသည့် ပညာတွေဆိုတော့ စိတ်ဝင်စားမိသည်။ စုန်း တတ်သူများ ကျိန်ဆဲလျှင် ဘုန်းကံနိမ့်သူဖြစ်ပါက သူတို့ပြောတိုင်း ခံရတတ်သည်ဟု ဆိုသည်။

အဲဒီပညာတွေနှင့် ရန်သူတွေကို တိုက်လျှင် ရနိုင်သလား၊ မိမိနိုင်ငံကို ကျူးကျော် စော်ကားလာသူတွေကို ဒီပညာတွေနှင့် အသုံးချပြီး ကျိန်ဆဲလိုက်လျှင် ရနိုင်သလား၊ စိတ်ဝင်စားမှုများစွာနှင့် လေ့လာမေးမြန်းမိပါသည်။

စုန်းကဝေတွေ ပေါများပါသည်ဟု နာမည်ကြီးသော ယောနယ်ဘက်မှ အလုပ်လာလုပ်သူများကို မေးမြန်းရာတွင် တကယ်ရှိပါသည်ဟု ပြောပါသည်။

သူတို့ပြောပြသည်မှာ ဤသို့ ဖြစ်ပါသည်။ အဲဒီနယ်ဘက်က ရွာလေးတစ်ရွာသို့ အလုပ်သွားလုပ်ကြရာ ရွာတွင် လင်မယားနှစ်ယောက်လုံး ပညာသည်များ ဖြစ်ကြသည့် အိမ်တွင် တည်းခိုကြရပါသည်။

တစ်ရွာလုံးကလည်း သူတို့ပညာသည်တွေ မှန်းသိ၍ ပြောဆိုဆက်ဆံမှု သိပ်မရှိပေ။ အလုပ်သမားများကို ထိုလင်မယားမှ မင်းတို့ယုံအောင် လုပ်ပြရမလားဟုမေးရာ ကြောက်ရွံ့သူများကတော့...

'မလုပ်ပါနဲ့ဗျာ။ ကျွန်တော်တို့က ခဏ စီးပွားလာရှာတာပါ'

ဟု ပြော၍ ဘာမှမဖြစ်ဘဲ မယုံပါဘူးဆိုသည့် အလုပ်သမားကလေးကတော့ ချက်ချင်း မျက်စိကွယ်သွား၍ အထက်လမ်းဆရာနှင့် ခေါ်ကုမှ မူလအကောင်းမကတိအတိုင်း ပြန်မြင်ရပါသည်။ လက်တွေ့ပါဟု ယင်းကလေးမှ ပြောပြပါသည်။

စုန်းမကြီးတစ်ယောက်ဆိုလျှင် သူ၏ သားဖြစ်သူ ဘုန်းကြီး၏ တစ်မြို့တစ်ရွာမှ အလှူကို အလှူရက်ဖြစ်မည့်နေ့မှ သိသောကြောင့် သူ၏ ပညာစွမ်းဖြင့်သွားရာ အလှူရေစက်ချအမီ ရောက်သွားပြီး ညနေအလှူပြီးမှ ရွာပြန်ရောက်လာဟု ပြောပါသည်။

ရွာတွင် ကျွဲ၊ နွားစသည်ဖြင့် တိရစ္ဆာန်များ မွေးမြူထားသော အိမ်များဆိုလျှင် တိရစ္ဆာန်များကို နာမကျန်းအောင် ပြုလုပ်ထားတတ်ပါသည်။ ရွာစာချတောင်းပန်မှ ချက်ချင်းပြန်ကောင်းသည်ဟု ဆိုပါသည်။

**(ရွာစာချသည်ဆိုသည်မှာ စုန်းအတတ်ဖြင့် ပြုစားထား၍ ယင်းတို့ကို ကျွေးမွေးကာ တောင်းပန်ရခြင်းပင် ဖြစ်ပါသည်။)**

စုန်းပညာသည်လည်း အဆင့်အလိုက် အမျိုးမျိုးရှိသည်ဟု ပြောပါသည်။ ဥပမာပြောရလျှင် မူကြိုအဆင့် မူလတန်းအဆင့်၊ အလယ်တန်း၊ အထက်တန်း စသည်ကဲ့သို့ ရှိသည်





www.burmeseclassic.com

www.burmeseclassic.com

ထင်ပါသည်။

တစ်ယောက်နှင့် တစ်ယောက် ပညာချင်း မတူညီကြပါ။ သူ့အဆင့်နှင့်သူ တတ်ကျွမ်းသူများ ရှိပါသည်တဲ့...။

မိမိနှင့် အလွန်ရင်းနှီးသော အသိတစ်ယောက်မှ ပြောပြရာတွင် သူမ၏ အဘွားအရင်း ဖြစ်သူသည် စုန်းပညာ တော်တော်အဆင့်မြင့်သော ပညာသည်ဖြစ်သည်ဟု ပြောပြပါသည်။

ယင်းမှ သူမ၏ ကိုယ်တွေ့များအား စိတ်ဝင်စားဖွယ်ရာ အောက်ပါအတိုင်း ပြောပြပါတော့သည်။

သူမ၏အဘွားကို စုန်းပညာတတ်သည်ဟု တစ်ရွာလုံးက သိထားကြပါသည်။ အဘွားသည် မြစ်ကမ်းနံဘေးက ရွာကလေးမှာ နေသောကြောင့် ငါးဒိုင်လုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုပါသည်။

တစ်နေ့ ဖောက်သည်ယူသည့် ငါးရောင်းသူ မိန်းမတစ်ယောက်မှ ပိုက်ဆံရှင်းမပေးဘဲနေရာ ပိုက်ဆံတောင်းသော်လည်း မရသဖြင့်...

'မြန်မြန်သေမယ့် ကောင်မ ငါ့ပညာကို စမ်းတယ်၊ ရှုပြီး သေပါစေ'

ဟု ကျိန်ဆိုလိုက်လေသည်။

နောက်တစ်နေ့၌ ထိုမိန်းမကြီးမှာ ဖျားနာပြီး သည်းခြေပျက်သလိုဖြစ်ကာ စိတ်နောက်သွားပါသည်။ နောက်ဆုံး ထိုရောဂါနှင့်ပင် သေရပါသည်။

နောက်တစ်ယောက်မှာလဲ ထိုကဲ့သို့ပင် ကျိန်ဆိုခဲ့ရကာ ယခုအချိန်ထိ ရှူးနေပြီး ရောဂါမပျောက်ဘဲ ရှိနေပါသေးသည်ဟု သိရပါသည်။

အထက်ဆရာများနှင့် ကုသော်လည်း ရောဂါကျွမ်းနေသောကြောင့် ပညာတွေ နုတ်မရတော့ပေ။ အဘွားဆုံးပြီးသည့်တိုင် ကုမရဘဲ ရှူးနောက်လျက် ရှိပါသည်တဲ့။

အဘွားသည် စိတ်ဆိုးလျှင် အလွန်ကြောက်ဖို့ကောင်းသည်။ တစ်ခါတွင် အဘွား၏ယောကျ်ား အဘိုးသည် အပျော်ငါးဖမ်းသွားရာ တစ်နေကုန်ပြီး မိုးချုပ်မှ ပြန်လာပါသည်။

နေ့စဉ်ရက်ဆက် ဖြစ်လာသဖြင့် အဘွားမှ မသွားဖို့အကြောင်း ပြောသည်ကို အဘိုးမှာ နားမထောင်ဘဲ ဝါသနာအလျောက် ငါးဖမ်းထွက်မြဲပင်။ ဒါကို အဘွားမှ စိတ်ဆိုးမကျေမနပ်ဖြစ်ပြီး **"ဖျားပြီး သေပါစေတော်"** ဟု ကျိန်ဆိုလိုက်ပါသည်။

နောက်တစ်ရက် အဘိုးပြန်လာသောအခါ ဖျားပါတော့သည်။ ထိုရောဂါနှင့်ပင် ကွယ်လွန်သွားပါသည်တဲ့...။ အဘွားမှာ အဘိုးဆုံးတော့ တော်တော် စိတ်ထိခိုက်သွားပုံရသည်။

သူ့ယောကျ်ား သွားတတ်သည့် မြစ်ကမ်းပါးသို့ ခဏခဏမျှော်ကြည့်ပြီး ငေးမော တွေးတောနေတတ်ပါသည်။ သူမကိုလည်း အဘိုးဝင်စားသူဖြစ်သည်ဟု ယုံကြည်ကာ အချစ်ပိုခဲ့ပါသည်။

သူမ ကိုယ်ဝန်မရှိမီ သူမ မိခင်မှ အိပ်မက်မက်ပါသည်။ အိပ်မက်ထဲတွင် အဘိုးမှ...

'နင်တို့နဲ့အတူ ငါလာနေမယ်။ နင့်အမေ ကျိန်ဆဲလို့ ငါသေရတာယ်'

လို့ အိပ်မက်ပြီး သူမကိုယ်ဝန်ရှိလာသည်ဟု ပြောပါသည်။

ထို့ကြောင့်ထင်သည် အဘွားမှာ မြေးများထဲတွင် သူမကို ပို၍သံယောဇဉ်ကြီးကာ အမြဲတမ်း လာခေါ်တတ်ပါသည်။

သူမ ငယ်စဉ်က အဘွားဖြစ်သူက မုန့်ကျွေးမည်ဟု ပြောကာ လာခေါ်သဖြင့် လိုက်သွားရာ အဘွားဖြစ်သူ၏ အိမ်တွင် အဒေါ်အပျိုကြီးတို့လည်း ရှိပါသည်။

သူမ ရောက်၍ မကြာမီ အဘွားမှာ သူ့သမီးအပျိုကြီးနှင့် ရန်ဖြစ် စကားများကြရာ အဘွားဖြစ်သူမှာ စိတ်ဆိုးလွန်း၍ ထ,ခုန်လိုက်ရာ ထဘီခြုံလျက်သား အိမ်ခေါင်ကိုဖောက်၍ ခေါင်မိုးပေါ်တွင် မတ်တပ်ရပ်လျက်သားရှိရာ အတန်ကြာမှ ခုန်ဆင်းလာရာ ခေါင်မိုးသည် အကောင်းပကတိ ရှိသည်ဟု ပြောပါသည်။

သူမလည်း ကြောက်လွန်း၍ မိမိအိမ်ရှိရာသို့ တချိုးတည်း ပြေးလာခဲ့သည်ဟုဆိုသည်။ အဲဒီလို ခဏခဏကြုံသည်။ ရွာထဲကလူတွေလည်း ခဏခဏမြင်တော့ သူ့အဘွားအိမ်သို့ ဘယ်သူမှ ကူးလူးဆက်ဆံခြင်း မရှိကြဘဲ ဘာသိဘာသာပဲ နေကြပါသတဲ့...။

သူ့မြေးမလေးကိုတော့ တော်တော်ချစ်ရှာတယ်။ တစ်နေ့ မုန့်စားရအောင်ဟုပြော၍ အိမ်လည်ခေါ်သွားပြန်ရာ သူမမှာ ကြာကြာမနေချင်ဘဲ ပြန်ချင်နေ၍ အဘွားမှ...

'ငါ့မြေး မပျင်းအောင်လုပ်ပြမယ်၊ ထို စင်ပေါ်က အရုပ်တွေကို ကြည့်စမ်း'

ဟု ဆိုကာ ကလေးပျော်အောင် လုပ်ပြပါတယ်တဲ့။ စင်ပေါ်တွင် ရွှံ့စေးဖြင့် လုပ်ထားသော ကျားရုပ်များ နွားရုပ်များ ရှိပါသည်။

ကျားနှစ်ကောင်မှာ မာန်ဖီပြီး သတ်ပုတ်နေပါသည်။ တကယ်တော့ ကျားကြီးများအလား ထင်ရပါသည်။ နွားရုပ်များမှာလည်း တစ်ကောင်နှင့် တစ်ကောင် ခွေ့၍နေသည်မှာ တခွပ်ခွပ်အသံများ မြည်နေပါသည်။

အဘွားမှာ သူ၏ပညာဖြင့် အရုပ်များကို အသက်သွင်း၍ ကလေးပျော်အောင် လုပ်ပြနေခြင်းပင် ဖြစ်သည်။

သူမလည်း အတန်ကြာအောင်ထိ စိတ်ဝင်စားစွာဖြင့် မှင်သက်ငေးမော



www.burmeseclassic.com

www.burmeseclassic.com

ကြည့်ရှုနေရာမှ သတိဝင်လာကာ ကြောက်ရွံ့လာသောကြောင့် အိမ်သို့ အဘွားမသိအောင် ဖနောင့်နင့်တင်ပါး တစ်သားတည်းကျအောင် ပြေးပါလေ တော့သည်။

နောင်တွင် အဘွားကိုမြင်လိုက်တာ နှင့် သူမအဖေရှိရာ ထန်းတောသို့ ပြေး၍ ပုန်းနေရလေသည်။ သူမ၏ဖခင်မှာ အဘွား၏သမက်ဖြစ်ကာ သူမအမေမှာ အဘွား၏သမီးအလတ် ဖြစ်ပါသည်။

သူမအဖေမှာ မိဘဆွေမျိုး မိတ်ဆွေ တွေ တားသည့်ကြားမှပင် အယုံ အကြည်မရှိဟုဆိုကာ သူမအမေနှင့် ခွတ်ယူလေသည်။

သူမအမေနှင့် ညားခါစ အဘွားအိမ် တွင်ပင် မခွဲဘဲ နေလာရာ နံနက်မိုး လင်းလျှင် သူမအဖေမှာ အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းသောလှေကား ခြေရင်းတွင် ရောက်နေပြီး မည်သူ လာဆွဲချမှန်းလည်း မသိရချေ။

ညတိုင်း ဖြစ်ပါများလာသောအခါ အဘွားအိမ်မှာ မနေရဲတော့ဘဲ ထန်း တောထဲတွင် တဲထိုး၍ နေကြကာ သားသမီးရှစ်ယောက် ပွားစည်းလာ သည့် ယခုအထိပင် ဖြစ်ပေသည်။ သားသမီးများကိုလည်း အဘွားအိမ်သို့ ဘယ်တော့မှ မသွားခိုင်းပေ။

အဘွားသည် သူ့ကိုယ်သူ သေမည့် နေ့ကိုလည်း ကြိုသိနေပေသည်။



ထမင်းဟင်းချက်နေရာမှ သူ့သမီး အပို့ကြီးအား…

'ငါ မနက်ဖြန်တစ်ရက်ပဲ နေရတော့မယ်။ ငါ့မြေးမလေးကို တွေ့ချင်လို့ ခေါ်ပေးပါ'

ဟုပြော၍ အဒေါ်အပို့ကြီးမှ လာ ခေါ်ရာ မလိုက်ချင် လိုက်ချင် ကြောက် ကြောက်ရွံ့ရွံ့ဖြင့် လိုက်သွားရာ အဘွားမှ…

'ငါ့မြေး အဘွားတော့ နောက် နှစ်ရက်ဆို သေရတော့မယ်။ ငါ့မြေးကို နားကပ်ကလေး တစ်ရံ ပေးချင်လို့ခေါ်တာ'

ဟုပြော၍ နားကပ်တစ်ရံ ပေးပါ သည်။

အိမ်ရောက်တော့ မဝတ်ရဲ၍ သေတ္တာ ထဲတွင် ထည့်သိမ်းထားလိုက်ရပါ သည်။ နောက်တစ်ရက်တွင် အဘွား ဆုံးပြီဟု ကြား၍ သွားကြည့်ရာ အဘွား မှာ အိပ်နေသကဲ့သို့ပင် တွေ့ရပါသည်။

သင်္ဂြိုဟ်ရန်အတွက် ခေါင်းတွင်း ထည့်ရာ ထည့်မရဘဲ ခြေထောက်များ မှာ ရှည်ထွက်လာသဖြင့် လူအများ အံ့သြကြရပါသည်။

နောက်မှ အဘွားမသေမီက သမီး အပို့ကြီးကို မှာထားခဲ့သည့်အတိုင်း နဖူးတွင် ရွှေကွပ်ချ၍ ကျင်းလေးထောင့် ၌ ငှက်ပျောလေးပင်စိုက်ကာ ကျင်းထဲ သို့ ပိတ်ဖြူတစ်တောင်ခင်း၍ ချမှ ခေါင်းထဲသို့ထည့်၍ရကာ မြေမြှုပ် သင်္ဂြိုဟ်ရပါသည်။

လူသေပေမယ့် ပညာအစွမ်းက မသေသေးဘူးဆိုသည့် သဘောကို ပြသည်လားမသိ။ သူပြောသလိုလုပ်မှ သူ့ပညာတွေ ပျောက်ပျက်ပြီး သင်္ဂြိုဟ် ၍ရတာဟု ပြောပြပါသည်။ တော်တော် အဆင့်ရောက်နေသော ပညာပင် လော…။

အဘွားဆုံးသွားသည့်တိုင် အဘွား အကြောင်းတွေးလျှင် သူမမှာ ကြက် သီးတဖြန်းဖြန်းထကာ ကြောက်ရွံ့နေ ကြောင်း၊ ယင်းအဖြစ်အပျက်များသည် လက်တွေ့ သူမကိုယ်တိုင် ရင်ဆိုင် ကြုံတွေ့ခဲ့ရသော သူမ၏ အဘွား အကြောင်းပင် ဖြစ်ပါသည်။ ဩော် စုန်းကဝေ ဟူသည်မှာ…

**[မှတ်ချက်။ ။ ပြောပြသူ၏ ဂုဏ် သိက္ခာကို ငဲ့သောအားဖြင့် အမည်၊ နေရပ် ထည့်မထားခြင်း ဖြစ်ပါသည်။]**

**ဝင့်ဝင့်အောင်(*ချွေး-ဟားခါး*)**

**စာရှုသူ သုတေသီနှင့် ပါဒနာရှင်များသို့ . . .**

**စုန်းကဝေပညာများမှာ ယခုအခါ ထိုအောက်လမ်းပညာရှင်များအတူ အတော်များများ ကွယ်ပျောက် သွားလောက်ပြီဟု ယူဆရပါသည်။ မှတ်တမ်းသဘောမျှသာ ဖော်ပြခြင်း ဖြစ်ပါသည်။ ဥပါဒါန်မစွဲစေလိုပါ။ ထိုအောက်လမ်းပညာများကို ရတနာသုံးပါးနှင့် ဗိပဿနာပွားများခြင်းများက ပပျောက်စေနိုင်ပါကြောင်း အသိပေးအပ်ပါသည်။**

***လေးစားစွာဖြင့်. . .***

**ဦးကျော်မိုးသိန်း**
**စာတည်းမှူး**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com



# ဈေးရောင်းကောင်းစေ

လက်ဖွဲ့အဆောင်

တစ်နေ့တွင် အင်းပညာ သင်ပေးခဲ့သူ သရက်ခရိုင်၊ ကံမမြို့၊ မန်ကျည်းကုန်းရပ်နေ ဆရာကြီးဦးတင်အုန်းမှ အောက်ပါကဗျာကလေးကို ရွတ်ပြပြီး အဓိပ္ပာယ်နှင့် အင်းဆန်သွင်းပုံကို စာရေးသူအား ပြောကြားခဲ့ပါသည်။

'လိုသမျှ နဝတဲ့သူ့အမည်၊ အက္ခရာစုံစဉ်
ထားစားတော့ ရှစ်လီ၊ အကြွင်းကိုတည်
လဒ်မှီလို့သွား၊ အလယ်ဝွေ သူ့အမည်
ရောက်ခါမှ ကျွှာပေါ် ကျော်ကာလွှားလိမ့်
အာဂယောကျ်ား'

ဟူ၍ ဖြစ်ပါသည်။

အဓိပ္ပာယ်မှာ **"ဈေးရောင်းကောင်းစေ"** ဆိုကြပါစို့။

**ဈေး** = စဆဇဈည၊
နံသင့်ဂဏန်း = ၃

**ရောင်း** = ယရ၊
နံသင့်ဂဏန်း = ၈

**ကောင်း** = ကခဂဃင၊
နံသင့်ဂဏန်း = ၂

**စေ** = စဆဇဈည၊
နံသင့်ဂဏန်း = ၃


**ဈေးရောင်းကောင်းစေ** = ၃၈၂၃ ရရှိပါသည်။ ယင်းကို ၈ နှင့်စားပါက ၃၈၂၃ ÷ ၈ = ၄၇၇ စားလဒ် အကြွင်း ၇ ရရှိပါသည်။

အကြွင်းကိုတည် လဒ်မှီ၍သွား ဟူသော စကားအရ...

၁။ ၇
၂။ ၇ + ၄၇၇ = ၄၈၄
၃။ ၄၈၄ + ၄၇၇ = ၉၆၁
၄။ ၉၆၁ + ၄၇၇ = ၁၄၃၈
၅။ ၁၄၃၈ + ၄၇၇ = ၁၉၁၅
၆။ ၁၉၁၅ + ၄၇၇ = ၂၃၉၂
၇။ ၂၃၉၂ + ၄၇၇ = ၂၈၆၉
၈။ ၂၈၆၉ + ၄၇၇ = ၃၃၄၆
၉။ ၃၃၄၆ + ၄၇၇ = ၃၈၂၃
ဖြစ်ပါသည်။

ဈေးရောင်းသူသည် တနင်္ဂနွေသားသမီးဖြစ်ပါက အလယ်အင်းကွက်တွင် တနင်္ဂနွေနံသင့်ဂဏန်း (၁)ကို ရေးထည့်ရပါသည်။

**"ဈေးရောင်းကောင်းစေ"** ဟူသော သင်္ချာဂဏန်းများကို ကိုးကွက်အင်းရေးဆွဲပြီး အင်းဆန်သွင်းလိုက်ပါက အောက်ပါအင်းကွက်အတိုင်း ဖြစ်လာပါသည်။



ငွေပြားပေါ်တွင်းရေးဆွဲပြီး ဈေး... ရောင်းရာတွင် ဆောင်ထားပါ... ဈေးရောင်း၍ အလွန် ကောင်း... ကြောင်း တွေ့ရှိရပါသည်။

ဤနည်းအတိုင်း **အခြားကိစ္စ... များတွင်လည်းလုပ်ဆောင်၍ရသ...** **"စေတိုင်းရအင်း"** သို့မဟုတ် **"ဣဋ္ဌာသယအင်း"** ဟု ခေါ်ကြော... ဆရာဖြစ်သူမှ ရှင်းလင်း ပြောကြား... ပါသည်။

**ဤဆောင်းပါးဖြင့် အင်းပည... ပါရမီရှင်၊ ဆရာကြီး ဦးတင်အု... အား ဦးညွှတ်ဂါရဝပြုပါသည်။**

**ဘုမ္မဝတီကိုကိုလေး**
**(ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com

ပန်းတနော် ရောင်လက်

# သံသရာတစ်ကွေ့

တွေ့ကြုံရာဝယ်



[၁]

'သေပြီးတဲ့လူက လူ့ဝင်းထဲပြန်ဝင်လို့ လူပြန်ဖြစ်လာတဲ့အခါ အဲဒီလူကို "လူဝင်စား"လို့ ခေါ်တယ်'

ဝင်စားခြင်းနှင့်ပတ်သက်ပြီး ဆရာတော်ကြီးက စာရေးသူကို ဩဝါဒပေးခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကြီးဦးရေဝတနှင့် စာရေးသူမှာ ဆရာရင်း တပည့်ရင်း ဖြစ်ခဲ့ကြသည်မှာ ကြာပြီ။ ကြာသည်မှာ စာရေးသူတို့မြို့သို့ ဆရာတော်ဦးရေဝတ ကိုရင်ဘဝဖြင့် စတင်ရောက်ရှိခဲ့စဉ် ကတည်းက ဖြစ်သည်။ ဆရာတော်က ဩဝါဒ ပေးခြင်းကို ရပ်မထား၊ စကားဆက်ခဲ့သည်။

'ဒကာကြီးက စာရေးနေတဲ့ သူဆိုတော့ စာရေးဖို့ ကျုပ်အကြောင်းနဲ့ ပတ်သက်တဲ့ လူဝင်စားအကြောင်း ပြောပြမယ်'

ဆရာတော်ကြီး ဦးရေဝတ ပြောပြသော လူဝင်စားအကြောင်းမှာ အလွန် စိတ်ဝင်စားဖွယ် ကောင်းပါသည်။

[၂]

ကျုပ်သီတင်းသုံးတဲ့ ကျောင်းက အရင်တုန်းက ရိုးရိုးဘုန်းတော်ကြီးကျောင်း၊ မဟာဝိသုဒ္ဓါရုံကျောင်းဆိုတာ ဒကာကြီး သိပြီးသား၊ သာသနာ့အကျိုးကို ပိုမို သယ်ပိုးဆောင်ရွက်နိုင်တဲ့ သံဃာတော် အရှင်သူမြတ်တွေကို မွေးထုတ်ပေးဖို့ စတင်ဆောင်ရွက်တဲ့ ကာလကနေ စာသင်တိုက်ဖြစ်လာတာ မဟုတ်လား...

စာသင်တိုက်ဖွင့်စနှစ် မတိုင်ခင် တစ်နှစ်ကစပြီး ဒကာကြီးက စီးပွားရေးအရ တောင်ကြီးမြို့ကို ပြောင်းသွားတာ၊ မနှစ်က နှစ်ဆန်းမှ ဒီမြို့ကို ပြန်ရောက်တာဆိုတော့ အဲဒီတုန်းက ကျုပ်နဲ့ပတ်သက်တဲ့ လူဝင်စား

www.burmeseclassic.com

အကြောင်း သိမှာ မဟုတ်သေးဘူး။

ဒါကြောင့် သိအောင် ပြောပြတာ၊ ဒီအကြောင်း မဂ္ဂဇင်းမှာရေး၊ တစ်ဖက်သားကို မထိခိုက်အောင် နာမည်တွေ၊ နေရပ်တွေပြောင်းရေး၊ ကျုပ်ဘွဲ့ကိုလဲ ပြောင်းရေးရင် ခွင့်ပြုတယ်။

စာသင်တိုက်ဖွင့်စက ကျောင်းထိုင်ဆရာတော်က ဆရာတော်ဦးမေဓာဝံသ၊ စာချဆရာတော်က ဦးအဂ္ဂစိတ္တ၊ ကျုပ်ကိုတော့ ဆွမ်းစားကျောင်း ဆရာတော်တဲ့။

ကျုပ်ရဲ့တာဝန်က စာသင်သား သံဃာတော်တွေအတွက်၊ ကျောင်းအတွက် သီးနှံပေါ်ချိန်ရောက်တိုင်း နယ်တွေကို ဆင်းပြီး ဆန်တွေ၊ ငရုတ်တွေ၊ ပဲတွေ၊ ဝတ္ထုငွေအလှူခံရတာ။

အလှူခံရတဲ့နယ်မှာ **"မင်းတိုင်ပင်"** ဆိုတဲ့ ရွာတစ်ရွာပါတယ်။ မင်းတိုင်ပင်ရွာက ရွာကြီး။ ရွာသူရွာသားတွေက လူမျိုးစုံတယ်။ ဗမာရော၊ ကရင်တိုင်းရင်းသားရော၊ တရုတ်လူမျိုးရော၊ ကုလားလူမျိုးရော အတူတူ ရောနှောနေကြတာ။

ဗုဒ္ဓဘာသာလဲ ရှိတယ်၊ ခရစ်ယာန်လဲ ရှိတယ်၊ ဟိန္ဒူလဲ ရှိတယ်၊ အစ္စလာမ်လဲ ရှိတယ်။

အားလုံးက လူညီတယ်။ စိတ်ညီတယ်။ အလှူအတန်းတစ်ခုခု ရှိပြီဆိုရင် ဝိုင်းဝန်းကူညီ ပါဝင်လုပ်ကိုင်ကြဖို့ လက်မနှေးတဲ့ရွာ။

တစ်ကြိမ်မှာ အဲဒီ မင်းတိုင်ပင်ရွာကို ကျုပ်နဲ့ သံဃာတော်တွေ ကြွသွားကြတယ်။ ကျောင်းအတွက် ဝေယျာဝစ္စ သုံးစွဲနိုင်ရအောင် အလှူခံဖို့။ အဲဒီမှာ အရင်တုန်းက မတွေ့ဘူးတဲ့ ကုလားမလေးတစ်ယောက်ကို တွေ့တယ်။ ကုလားမလေးက စကားပြောတတ်စ



အရွယ်လေး သုံးနှစ်တောင် မပြည့်သေးဘူး။

သူလေးက သူ့အဖော်တွေနဲ့ လမ်းဘေးမှာ ကစားနေရာက ကျုပ်ကို တွေ့တော့ သင်္ကန်းကို အတင်းလိုက်ဆွဲပြီး ဘာပြောတယ်ထင်လဲ။

**"သား"**၊ **"သား"**တဲ့။

[၃]

ကုလားမလေး ကျုပ်ရဲ့ သင်္ကန်းကို ဆွဲပြီး ကျုပ်ကို "သား"၊ "သား"လို့ လိုက်ခေါ်တာ သုံးနှစ်တိတိ၊ သုံးကြိမ်တိတိ။ ကျုပ်တို့က တစ်နှစ် တစ်ကြိမ် အလှူခံထွက်တာ၊ မင်းတိုင်ပင်ရွာမှာ တတိယမ္ပိ သုံးကြိမ်အထိ သင်္ကန်းလိုက်ဆွဲပြီး "သား" အခေါ်ခံရတော့ ကျုပ်စိတ်ထဲမှာ...

ဒီတော့ ကျုပ်တို့ အလှူခံကြွတိုင်း ကျုပ်တို့ကို လိုက်ပြီး ဘုန်းကြီးကျောင်းသားလို ကူညီတဲ့ ဗုဒ္ဓဘာသာဝင်လူကြီးတစ်ယောက်ကို မင်းတိုင်ပင်ရွာက **"ရတနာ့ဗိမာန်ကျောင်း"**ကို ပြန်ရောက်တာနဲ့ ပြောခဲ့တယ်။

'ဒကာကြီးဦးမောင်ရွှေ... ကျုပ်ရဲ့ သင်္ကန်းကို လိုက်ဆွဲပြီး ကျုပ်ကို သားလို့ ခေါ်တဲ့ ကုလားမလေးကို သိတ[illegible] မဟုတ်လား'

'သိပါတယ် ဘုရား... ဦးအိဗ္ဗ[illegible] ဒေါ်ဇိုမီတို့ရဲ့ သမီးအငယ်ပါ'

'အခု သွားခေါ်ပေးစမ်းပါ'

'တင်ပါ့ဘုရား'

ဦးမောင်ရွှေ ပြန်လာတော့ ကု[illegible] မလေး ပါလာတယ်။

'ဟဲ့ ကုလားမလေး... နင့်နာမည်[illegible] ဘာလဲ'

'ဆာဒါးဘီ'

'ဆာဒါးဘီ... ဘာလို့ ငါ့သင်္ကန်း[illegible] လိုက်လိုက် ဆွဲတာလဲ'

ကုလားမလေးက ခပ်တည်တည်[illegible] ပါပဲ။

"နင်က ငါ့သားမို့ ငါလိုက်ဆွဲတာ[illegible] ဘာဖြစ်လဲ"တဲ့။

'နင်မဟုတ်တာ မပြောနဲ့ ဆာဒါး[illegible] နင့်ကို ငါရိုက်မယ်'

'အောင်မယ်... နင်က ကိုယ့်အ[illegible] ကို ရိုက်မလို့လား။ ရိုက်ရင် နင် [illegible] ကြီးမယ် သိလား'

ခြောက်လို့ မကြောက်တဲ့ ဆာဒါး[illegible] ကို ကျုပ် မေးကြည့်ခဲ့တယ်။

'ငါတို့က ဗုဒ္ဓဘာသာ၊ နင်တို့[illegible] ဘာသာခြား နင့်မိဘတွေ သင်ထား[illegible] အတိုင်း နင် ပြောတာ,လုပ်တာ မဟု[illegible] လား '

'မဟုတ်ဘူး၊ နင်က ငါ့သားမို့ [illegible] သားလို့ ပြောတာ၊ နင့်ကို ငါလိုက်[illegible] တာ ဘာဖြစ်လဲ'

တော်တော်ရဲတင်းတဲ့ ကုလား[illegible] လေး။ ဒါကြောင့် ကျုပ်က မေးခွန်း[illegible] မေးတော့ သူက အဖြေတွေ[illegible] တယ်။

'နင်က ငါ့အမေဆိုရင် ငါ့အ[illegible] နာမည် နင်သိလား'



www.burmeseclassic.com

www.burmeseclassic.com

'သိတယ် "**ဒေါ်စိန်အိ**"'

ဒေါ်စိန်အိဆိုတာ ကျုပ်အမေရဲ့ နာမည်အမှန်ပဲ။ ဒါကို ဒကာကြီးတို့ သိသေးဘူး မဟုတ်လား၊ ဒါပေမယ့် ကျုပ်က နာမည်လွှဲပြောင်း ပြောကြည့် တယ်။

'မဟုတ်ဘူး... ငါ့အမေနာမည်က ဒေါ်ဒေါင်းစိန်'

ဒီတော့ ကုလားမလေးက လက် နှစ်ဖက်ကို ခါးထောက်ပြီး...

"နင်လိမ်တာ သက်နိုးဝတ်နဲ့ လိမ် နိုင် အပြစ်ပိုကြီးတယ်"တဲ့။

'နင်က ငါ့အမေဆိုရင် ငါ့လူနာမည် နင်သိလား'

'သိတယ် နင့်နာမည်အောင်မြတ်၊ နင့် ဘယ်ဘက်လက်မောင်းအရင်းမှာ မှဲ့ကြီးတစ်လုံးရှိလို့ မှဲ့ကြီးလို့လဲ ခေါ် တယ်။ နင်တို့ ညီအစ်ကိုနှစ်ယောက်၊ နင်က အငယ်၊ နင့်အစ်ကိုက ကျော် အောင်၊ ကျော်အောင်ထက် အကြီးက နှမ၊ မနှင်းအေးတဲ့။ နင် ဘာငြင်း လဲ'

တကယ်ပဲ ဒိုးဒိုးဒေါက်ဒေါက်နဲ့ မှန် တာတွေ ပြောသွားတဲ့ ကုလားမလေး။ ကျုပ်က နောက်ထပ် မေးခွန်းထုတ်ပါ တယ်။

'နင် ငါ့အမေဆိုရင် ငါ့အမေရဲ့ အစ်ကိုကြီးတွေရဲ့ နာမည်သိလား'

ဒါသက်သက်မဲ့ ကျုပ်မေးတာ၊ အမေ့မှာ အစ်ကိုကြီးတွေမရှိဘူး။ မမ တစ်ယောက်ပဲ ရှိတယ်။ ဒေါ်သင်းအိမ် တဲ့ အဲဒါ ကျုပ်ရဲ့ဒေါ်လေး။

"ဟဲ့...ငါ့မှာ ဘယ်တုန်းကမှ အစ်ကို ကြီးတွေ မရှိခဲ့ဘူး။ မမပဲ ရှိတယ်။ နာမည်က မမ,မသင်းအိမ်၊ ငါ့မှာ မောင်လေးတစ်ယောက်လဲ ရှိသေး တယ်။ အေးလွင်တဲ့။

အေးလွင်က ငယ်ငယ်တုန်း



အခေဘာ့သိပ်သန်တာ။ ဒါကြောင့် သူ့ ကို ငပြူး၊ ငပြူးလို့လဲ ခေါ်ကြတာ၊ ငပြူးကို ငါက မမ မသင်းအိမ်ထက် ပိုခင်တယ်၊ ပိုချစ်တယ်"တဲ့။

တကယ့်ကို မယုံနိုင်စရာပါပဲ။ အမှန် တွေချည်းပဲ ကရားရေလွှတ်သလို တတွတ်တွတ် ပြောသွားတာ၊ လူကြီး တွေ သင်ထားလို့ အလွတ်ရနေတာ ဆိုရင်တောင်မှ အထစ်အငေါ့မရှိ ပြန် ပြောပြတတ်ဖို့ မလွယ်ဘူး။ အသက်က သုံးနှစ်တောင်မှ မပြည့်သေးတာကိုး။

ယုံချင်သလို ဖြစ်မိပေမယ့် ကျုပ် စုံစမ်းပြန်ပါတယ်။

'ငါ့အမေ မသေသေးဘူး'

'ဟော... နင် ငါ့ကို ညာပြန်ပြီ၊ ငရဲ ကြီးတော့မှာပဲ။ နင့်အမေ ငါက သေပြီး အခု လူဝင်စားပြန်ဖြစ်တာ'

ကျုပ်က မင်းတိုင်ပင်ရွာပါဝင်တဲ့ မြို့ ကလေးက ဘုန်းကြီးကျောင်းကို ရောက်စက ကိုရင်လေး။ ကျုပ်အမေ မသေခင်က ရှင်ပြုပေးခဲ့လို့ ကိုရင်ဖြစ် တာ၊ အခု လူဝင်စားတယ်ဆိုတဲ့ ကုလားမလေးနဲ့တွေ့တဲ့ အချိန်မှာ ကျုပ်က ဆွမ်းကျောင်းဘုန်းကြီး ဖြစ် နေပြီ။

'ငါ့အမေ သေတယ်ဆိုရင် ဘယ်လို သေတာလဲ၊ ဘာလို့သေတာလဲ'

ဒီတော့လဲ ဆာဒါးဘီလေးက ဒိုးဒိုး ဒေါက်ဒေါက်နဲ့...

'ငါက မုဆိုးမ၊ နင်တို့ကို ဈေးတောင်း ခေါင်းရွက်ပြီး ရှာဖွေကျွေးမွေးခဲ့တာ၊ နွေရာသီတစ်နေ့ နေ့လယ်ခင်း နေပူ ကျဲကျဲကြီး ဈေးရောင်းပြီးပြန်လာတဲ့ငါ မောကလဲ မော၊ ဆာကလဲ ဆာနဲ့ ရွာ ထိပ်က ရေအိုင်မှာ ရေသောက်တယ်။

ရေအိုင်ဆိုပေမယ့် အိုင်ထဲမှာ ငါး တွေ ရှိတယ်၊ ချောင်းရေကွင်းရေလျှံပြီး ရေတက်တုန်းက ငါးတွေ အိုင်ထဲ ရောက်ခဲ့တာ၊ ငါးအကြီးတွေရော ငါး အသေးတွေပါ ရှိတယ်။

ရေသောက်ဖို့ အဲဒီအိုင်ကို ငါရောက် ချိန်က အိုင်က ငါးအကြီးတွေကို ဖမ်း ပြီးတဲ့အချိန်၊ ရေပက်ထုတ်ပြီး ဖမ်းတာ ရေနည်းနည်းပဲ ကျန်တာ၊ ကျန်တဲ့ရေ ပေါ်မှာ ပေါ်နေတာက သေနေတဲ့ ငါး ကလေးတွေ...

ငါးကလေးတွေ သေနေတာက ငါး ဖမ်းတဲ့လူတွေက ငါးအကြီးတွေ လိုချင် လို့ ရေထဲကို ပိုးသတ်ဆေးတွေထည့် ပြီး၊ အဆိပ်တွေထည့်ပြီး ငါးဖမ်းတာ ကြောင့် သေတာ...

ငါးသေကလေးတွေကိုတော့ ငါးဖမ်း တဲ့လူတွေက မယူဘဲ ထားခဲ့လို့ ကျန် နေတာ၊ ဒါကို ဆာနေ၊ မောနေ၊ ငတ် နေတဲ့ ငါက မသိဘူး၊ မသိဘဲ ရေ သောက်မိလို့ သေတာ။

ငါသေတော့ အလေးတွေရော၊ ချိန် ခွင်ရော၊ ပိုက်ဆံတွေရော ခံတောင်းထဲ ကျန်ခဲ့တာ၊ ငါသေတာ နင်တို့ ရုတ် တရက် မသိဘူး။ အိမ်ပြန်ရောက်ချိန်မှာ မရောက်ဘဲ ကြာနေလို့ လိုက်ရှာတော့ မှ သေနေတာကို တွေ့တာ...'

ကုလားမလေးက စကားဆက်ခဲ့ တယ်။ သူ့စကားက ကျုပ်ကို စိတ် လှုပ်ရှားစေခဲ့တာပေါ့။

'ငါသေပြီးတော့ နင်တို့က ထားခဲ့



www.burmeseclassic.com

www.burmeseclassic.com

တဲ့ ရွှေတွေ ထည့်ထားတဲ့ရွှေဘူးကို ရှာတယ်။ ဘူးထဲမှာ လက်စွပ်တွေ၊ ဆွဲကြိုးတွေ၊ နားကပ်တွေ အများကြီး။

အဲဒါတွေက ငါ့မိဘတွေ ငါ့ကို အမွေပေးထားတာရော၊ နင်တို့အဖေ မသေခင်က ရှာဖွေပေးခဲ့တာရော ငါမသုံးဘူး။ နင်တို့အတွက် လိုမှ သုံးဖို့ထားတာ၊ ရွှေဘူးရှိတယ်လို့တော့ နင်တို့ကို ပြောထားတာ၊ ဘယ်နေရာ မှာလဲလို့ နေရာပြ မပြောခဲ့ဘူး။

ဒါကြောင့် နင်တို့ အရှုံးအမူးရှာခဲ့ကြတာ၊ ရှာပေမယ့် မတွေ့ဘူး မဟုတ်လား။ ငါပြောမယ် အိမ်က သံမံတလင်း ခင်းထားတာ၊ အပေါ်ထပ်တက်တဲ့ လှေကားက အုတ်ခုံ၊ အဲဒီအုတ်ခုံကို နင့်အဖေကိုယ်တိုင် လုပ်တာ၊ အုတ်ခုံကို ဖြိုကြည့်၊ အပေါ်လွှာ အုတ်တစ်ချပ်ကို ဖယ်လိုက်တာနဲ့ တွေ့မယ်၊ ရွှေဘူးတွေ့မယ်'

အဲဒီအထိ ယုံရမလိုလို ဖြစ်ခဲ့တာ။

[၄]

ယုံဖို့ သက်သေပြစရာဖြစ်လာတာက နှစ်ခု၊ တစ်ခုက ကုလားမလေးပြောသလို ကျုပ်တို့ ပြန်ပြီး ရှာကြည့်တော့ တွေ့ရတာက ရွှေဘူး၊ ရွှေတွေရှိတဲ့ ရွှေဘူး။ နောက်တစ်ခုက သက်ရှိ ထင်ရှားရှိနေဆဲ ဦးလေး။

ကျုပ်က ဦးလေး ဦးအေးလွင်ကို သွားခေါ်တယ်။ အကြောင်းအကျိုး ပြောထားတယ်။ မြို့ထဲက ဒကာကြီးရဲ့ အဖေနဲ့ လူကြီးသုံးယောက်ကိုခေါ်ပြီး ကျုပ်ပါဆို ရှင်တစ်ဆူနဲ့ လူငါးယောက် မင်းတိုင်ပင်ရွာကို တစ်ခေါက်ပြန်သွားတယ်။

ရွာရောက်လို့ ဘုန်းတော်ကြီး ကျောင်းရောက်တာနဲ့ ကုလားမလေး ဆာဒါးဘီကို အခေါ်ခိုင်း ပြန်တယ်။ ရွာက ဒကာကြီးတွေကလဲ ခေါ်ပေးတာ



ပါပဲ။

ဆာဒါးဘီကျောင်းကို ရောက်မလာခင် ရွာကျောင်းဆရာတော်နဲ့ ကျုပ်က ဘေးချင်းယှဉ်ထိုင်နေတယ်။ ကျုပ်တို့ ရှေ့၊ ကျုပ်တို့ရဲ့ ဘယ်ဘက် ရှေ့နားမှာ ဘေးချင်းယှဉ် ထိုင်နေကြတာက ဦးလေး ဦးအေးလွင်နဲ့ မြို့က လိုက်လာတဲ့ ဒကာကြီးလေးယောက်။

ကျောင်းပေါ်ကိုရောက်တာနဲ့...

**"သား"**ဆိုပြီး ကုလားမလေး ကျုပ်ဆီကို တန်းတန်းမတ်မတ် ခေါ်ရင်းလာတယ်။ ကျုပ်ဆီ မရောက်ခင် ဘာလုပ်တယ်ထင်လဲ။ ထိုင်နေတဲ့ ဒကာကြီး ငါးယောက်ကို ကြည့်ရာက ဦးလေး ဦးအေးလွင်ရဲ့ ခေါင်းတုံးပြောင်နေတဲ့ ခေါင်းကို...

"ဒေါင်"ခနဲနေအောင် လက်နဲ့ ခေါက်ပြီး...

'သေနာကောင် ဖျော့ ငါကတော့ ငါ့မောင်လေးမို့ သတိရလိုက်ရတာ၊ နင်က ငါ့ကို မြင်တာတောင် မခေါ်ဘူး'

တဲ့။

ဦးလေးဦးအေးလွင်ဆိုတာ ကုလားမလေးရဲ့လက်ကို ကိုင်ရင်း**"မမရယ်"** လို့ ပြောပြောဆိုဆိုနဲ့ ငိုလိုက်တာ အရွယ်နဲ့ မလိုက်အောင်ပါပဲ။

အဲဒီတော့မှ ကျုပ်က ပိုင်ပိုင်နိုင်နိုင်ပဲ ကုလားမလေးဆာဒါးဘီဟာ ကျုပ်

အမေဒေါ်စိန်အိသေလို့ လူဝင်စား ပြ ဖြစ်တယ်ဆိုတာ ယုံတာ။ "ကုလား မလေးရယ်... နင်က ငါ့အမေသေ လူဝင်စား ပြန်ဖြစ်လာတာဆိုတာ ငါ ယုံပါပြီ။ ဒါပေမယ့် ငါမေးချင်တယ် ဆိုတော့...

"မေး"တဲ့။

'ငါ့အမေသေတာ ငါ ကိုရင်ဘ ဘဝကတည်းက အခု ငါက ဦးပဉ္စ ဖြစ်နေတာကြာပြီ။ အခုမှ နင့် အသက်က သုံးနှစ်တောင် မပြည့်သေ ဘူး။ လူဝင်စားမဖြစ်ခင် နင်ဘာ ဖြစ်ခဲ့သေးလဲ'

ဆာဒါးဘီလေးရဲ့ နှုတ်ဖျားက ထွ လာတာက စကားသုံးလုံးတည်း။

'မပြောဘူး'

ဘူးခါတဲ့ ကုလားမလေးကို ကျု က သူ့မိဘတွေဆီမှာ ခွင့်တောင် မုန့်ဖိုးငွေတွေနဲ့ မုန့်တွေ ကျွေးပါတ တခြားစားစရာတွေလဲ မကြာခဏ ခဲ့တာပါပဲ။ ရွှေဆွဲကြိုး တစ်ကုံ ပေးခဲ့တယ် ဆိုပါတော့။

ခုတော့ ဆာဒါးဘီတို့မိသား မင်းတိုင်ပင်ရွာက ပြောင်းသွား ကြာပါပြီ။ ဘယ်ကိုပြောင်းသွားတာ ကျုပ် မစုံစမ်းတော့ပါဘူး။ မိခင်ဟော ဖြစ်ဖြစ်၊ ဘာဖြစ်ဖြစ် သံယောဇဉ်ဆို ဖြတ်နိုင်မှ တော်ကာကျတာ မဟု လား။

[၅]

ဆရာတော်ကြီးဦးရေဝတ ဘ နန်းစံမြန်းခဲ့သည်မှာ ကြာပြီဖြစ် လည်း တပည့်ရင်းဖြစ်ခဲ့ဖူးသော သူက မမေ့သေး။

**ဆရာတော်ကောင်းရာ နန်း စံမြန်းနိုင်ပါစေ။**

**ပန်းတနော် မောင်လတ်**



www.burmeseclassic.com

www.burmeseclassic.com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အမှတ်(၂၁၃)၊ ၂၀၀၄ ခုနှစ်၊ ဧပြီလထုတ် စာမျက်နှာ(၃၀၅)တွင် ဝိဇ္ဇာမဟိဒ္ဓိ ဆရာကြီးဦးသန်းမြင့် (တိုင်းရင်းဆေး)၏ **"ရွှေအိုးစည်ဆရာ ဗေထုံကျမ်း"** ဆောင်းပါးကို ဖတ်ရှုရပါသည်။ ဆောင်းပါးအဆုံးတွင် **"တိုက်တွန်းနှိုးဆော်ချက်"**ဟူ၍ ဤကဲ့သို့ အစွမ်းထက်ဆေးကို ရောက်ရာဒေသ ဆရာ့ဆရာကြီးများထံ ချဉ်းကပ်လေ့လာသော်လည်း မတွေ့ရှိရကြောင်း၊ တွေ့ရှိသိရှိရပါက မြန်မာ့ဆေးစွမ်းကောင်းများ ပြန်လည်ဖော်ထုတ်ပါရန် စသည်ဖြင့် တိုက်တွန်းနှိုးဆော်ထားသည်ကို တွေ့ရှိ ဖတ်ရှုရပါသည်။

ယခု ရေးသားမည့် **"ကိုယ်တွေ့ မြန်မာဆေးတောင့်"** ကလေးမှာ သေးဦးတိုင် လက်ဆင့်ကမ်းသွားပြီ ဖြစ်သော်လည်း ယခုထိ ရှိနေသေး သဖြင့် လက်တွေ့ စမ်းသပ်လိုသူများ အတွက် မြန်မာ့ဆေးစွမ်းကြောင်း သိရှိစမ်းသပ်နိုင်ရန် ဖော်ပြပေးခြင်း ဖြစ်သည်။

အထက်ဖော်ပြပါ ဆရာကြီး ဦးသန်းမြင့်၏ ရွှေအိုးစည်ဆေးကဲ့သို့ပင် **"ရွှေအိုးစည်ဆေး"** ဟုတ်မဟုတ် သိရသော်လည်း **ရွှေအိုးစည်ဆေးကဲ့သို့ စေနိုင်းသလို တိုက်၍လုပ်သောဆေး** ဖြစ်သည်ကိုတော့ လက်တွေ့ အစမ်းသပ်ခံနိုင်ပါသည်။

ဆေးတောင့်၏ ပုံပန်းသဏ္ဌာန်နှင့် ရုပ်ပုံ

ဆောင်းပါးရှည်အံ့ထင်၍ အကျဉ်းချုံးဖော်ပြပါမည်။ **ဆေးတောင့်ပုံမှာ ဘီလူးရုပ် ထုထားပါသည်။ အညိုရောင်ဖြစ်ပါသည်။ ပလ္လင်ပါ အားလုံး (၂)လက်မနီးပါး မြင့်ပါသည်။**



ကိုယ်တွေ့ အစွမ်းထက်သော

# မြန်မာဆေးတောင့်

ဦးသန်းမြိုင် (ချောင်းနက်)

**အဝန်းအဝိုင်း (၁)လက်မသာသာ** ရှိပါသည်။ ဖန်ပုလင်းကလေးနှင့် ထည့်ထားပါသည်။

ပလ္လင်မှာ သွေးယူထားသဖြင့် တစ်ခြမ်းစောင်းနေပါပြီ။ ရရှိပုံ ရာဇဝင်ကြောင်းမှာ ရှည်လျားပါမည်။ စိတ်ရှည်စွာ ဖတ်ပါဦးခင်ဗျာ။

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ချောင်းနက် အရှေ့စုရွာတွင် လွန်ခဲ့သော နှစ်ပေါင်း(၅၀)ခန့်က ဦးပန်းအေး **[ထိုအချိန်က အသက်(၇၀)ခန့်]** ရှိခဲ့ပါသည်။

ထိုဦးပန်းအေး ငယ်စဉ်က ရှမ်းပြည်နယ်မြောက်ပိုင်းသို့ သွားရောက်ကာ ရှမ်းဆရာကြီးတစ်ဦးထံတွင် တပည့်ခံကာ ဆယ်နှစ်ဆယ်မိုးမျှ ဆေးအတတ်ပညာများကို သင်ယူခဲ့ပါသည်။

အသက်(၃၀)ခန့်တွင် မြန်မာနိုင်ငံမှ



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့ရွာသို့ ပြန်လည် ရောက်ရှိလာပါသည်။ ရွာသို့ ရောက်ရှိသောအခါ ဆေးကုစားပါသည်။ အထူးသဖြင့် ပယောဂရောဂါများကို ကုသပျောက်ကင်းပါသည်။

စာရေးသူ မှတ်မိနေသည်မှာ ထိုဦးပန်းအေး၏ အိမ်မှာ စာရေးသူ၏ အိမ်နှင့် တစ်ဝိုင်းကျော် လမ်းတစ်လမ်းခြား မျက်စောင်းထိုး အရှေ့မြောက်ဘက်အရပ်တွင် တည်ရှိပါသည်။ စာရေးသူ၏ မိဘများနှင့် အနီးဝိုင်းကျင်မှ သူများက "ဆေးဆရာကြီး ဦးပန်းအေး"ဟု ခေါ်ကြပါသည်။

ထိုအချိန်က ဦးပန်းအေးကား အသားမည်းမည်း၊ ခါးကုန်းကုန်း၊ မျက်လုံးပြူးပြူး၊ ခေါင်းတုံးနှင့် ဖြစ်ပါသည်။ စာရေးသူတို့ ကလေးဘဝကဆိုတော့ သူ့ကိုမြင်ရသည်မှာ ခပ်လန့်လန့် ဖြစ်ခဲ့ရပါသည်။

ဦးပန်းအေးကား ဇနီးသည် ဒေါ်မကလေးနှင့် နှစ်ဦးတည်းရှိ၍ သားသမီး မထွန်းကားပါ။ ဒေါ်မကလေး မတိုင်မီ ယခင်မိန်းမနှင့် သားတစ်ဦး ရှိပါသည်။ ဦးမြဟန်ပါတဲ့။ ယခုတော့ ဦးမြဟန်လည်း မရှိတော့ပါ။

ဦးပန်းအေးမှာ တစ်ဖက်က တောင်သူလုပ်ပါသည်။ တခြားတစ်ပါး **ပတ်ဝန်းကျင်နှင့် ရောရောနှောနှော မနေပါ။ သူတစ်ယောက်တည်း ခပ်အေးအေးသာ နေခဲ့သူဖြစ်ပါသည်။** ဦးပန်းအေး သေဆုံးခါနီးတွင် သူ၏ဆေးများကို ပေးသင့်ပေးရာသို့ ပေးစွန့်ခဲ့ပါသည်။

ရှည်အံ့ထင်၍ ဦးပန်းအေး ဆေးကုပုံများ မရေးတော့ပါ။ သူ့ဆေးများ ပေးစွန့်ခဲ့သူများတွင် **စာရေးသူနှင့် အိမ်နီးချင်း**(စာရေးသူ၏ အိမ်အရှေ့ဘက် ကပ်လျက်) ဦးကျော်သောင်း



လည်း အပါအဝင် ဖြစ်ပါသည်။

ဦးကျော်သောင်းမှာ ဦးအေးမောင်၊ ဒေါ်သေးတာတို့၏ သားနှစ်ဦးအနက်မှ သားအငယ် ဖြစ်ပါသည်။ ဦးကျော်သောင်းမှာ **အသက်(၇၀) ရှိပါပြီ။** ယခုအထိ ချောင်းနက်အရှေ့ရွာ ရွာလယ်တွင် ဇနီး၊ သားသမီး၊ မြေးမြစ်များနှင့် ပျော်ရွှင်စွာ နေလျက်ရှိပါသည်။

### ဆေးတောင့်တစ်ဆင့်ပြောင်း

သားသမီးမရှိသော ဦးပန်းအေး ဒေါ်မကလေးတို့က အိမ်နီးချင်းဖြစ်သူ မောင်ကျော်သောင်းအား သားအရင်းကဲ့သို့ ချစ်ခင်နေပါသည်။ ဦးပန်းအေး သေခါနီးတွင်...

'ဟဲ့...မောင်ကျော်သောင်း ငါကတော့ မနေရတော့ဘူးကွာ။ ဒါတွေကို မင်းလိုရာ သုံးပေတော့'

ဟု ဆိုကာ ဆေးထုပ်ကို ပေးခဲ့ပါသည်။ ထိုဆေးထုပ်တွင်...

၁။ ဘီလူးရုပ်ဆေးတောင့်၊
၂။ ပယ်ကုဝဇ်ရုပ်ဆေးတောင့်၊
၃။ ကြေးပြား(အင်းများနှင့်) တစ်ချပ်၊
၄။ (၂၀)လုံး လက်ဖွဲ့ကြိုးတစ်ခု၊
၅။ ဓာတ်လုံး(၂)ကျပ်သားခန့် သုံးလုံး
တို့ ဖြစ်ပါသည်။

ယခု ဆောင်းပါးတွင် ဘီလူးရုပ်ဆေးတောင့်တစ်ခုအကြောင်းသာ ဖော်ပြပါဦးမည်။ ကျန်ဆေးများကို နောင် အလျဉ်းသင့်မှ ဆက်လက်ဖော်ပြ မည်။

ထိုဆေးတောင့်အကြောင်း မ ပြမီ ဆေးတောင့် လက်ဝယ် ရှိ သူ ဆေးတောင့်ပိုင်ရှင်ဖြစ်သ ဦးကျော်သောင်းအကြောင်း အ အကျဉ်းမျှ ဖော်ပြဦးမှ ဆေးတော အစွမ်းထက်ပုံ ပိုမို၍ ပေါ်လွင် ဖြစ်ပါသည်။

မောင်ကျော်သောင်း (ယခု ဦးကျော် သောင်း)အကြောင်း ရေးလျှင် သူ့မိ များဖြစ်သော ဦးအေးမောင် ဒေါ်သေးတာ အကြောင်းပါ ရေး တော့မည်။ ဦးအေးမောင်မှာ သျှ တစောင်းနှင့် ရှေးမြန်မာလူကြီးတစ် ပါသည်။

ထိုအချိန်က ကျေးရွာကာကွယ် ခေါင်းဆောင် ဖြစ်ပါသည်။ ရိုင်ဖ သေနတ် ကိုင်ဆောင်ရသည့် ကာ သားကြီး ဖြစ်ပါသည်။ အခြေခံအာ စီးပွားရေး အသင့်အတင့် ချမ်းသာ ဖြစ်ပါသည်။

အိမ်မှ တောင်သူလုပ်ငန်း ဒေါ်သေးတာမှ သားသမီးများနှင့် ကိုင်ရပါသည်။ ဦးအေးမောင်မှာ အ လုပ်ငန်းပြန်မကြည့်၊ တပည့်တပ မြောက်မြားစွာနှင့် အချိန်ပြည့် အ ဝိုင်းနှင့်သာ ပြီးတော့၏။

ဦးအေးမောင်မှာ စာရေးသူအ အလွန်ချစ်ပါသည်။ စာရေးသူ အလွန်ငယ်ပါသေးသည်။ စာရေး အား ညနေကျလျှင် သူ၏ ပခုံးထ ထမ်းခေါ်ကာ အရက်ဝိုင်းသို့ ခေါ် ဖြစ်ပါသည်။

တစ်နေ့သောအခါ ဦးအေးမော ကျွေးမွေးထားသူ (ရုပ်မသိ ဦးလှမောင် ဆိုသူ ဦးအေးမော





www.burmeseclassic.com

www.burmeseclassic.com

အား ပြန်လှန်သဖြင့်(ပြန်ရိုက်သဖြင့်) ဦးအေးမောင်က ဦးလှမောင်အား မားဖြင့် အသေထိုးသတ်လိုက်သည်။ ထိုအမှုနှင့်ပင် ဦးအေးမောင် ထောင်နန်း စံရပါတော့သည်။ စာရေးသူ လွမ်း၍ ကျန်ရစ်ခဲ့ပါသည်။

ဦးအေးမောင် ထောင်က ပြန်လာသောအခါ **သျှောင်ဆံထုံးမရှိတော့ ခေါင်းတုံးနှင့် ဖြစ်ပါသည်။** ရွာပြန်ရောက်ချင်း အရင်ဆုံး နှုတ်ဆက်သူမှာ စာရေးသူပင် ဖြစ်ပါသည်။

ထောင်က ပြန်လာတော့လည်း ဦးအေးမောင်မှာ ယခင်ပုံစံအတိုင်း သောက်သောက်စားစား ဖြစ်ပါသည်။ ထောင်က ပြန်လာသောအခါ **စပါးကြိတ်သော ကြိတ်လုံးကို လုပ်တတ်လာသဖြင့် စပါးကြိတ်လုပ်ငန်းကို ပြန်လုပ်သည်။** တချို့လည်း ရောင်းရ၏။

တစ်နေ့သောအခါ ဂုံချင်းတန်း၊ ကြမ်းကြားရွာများရှိ မိတ်ဆွေများထံ စပါးကြိတ်လုံး အရောင်းသွား၏။ ညအချိန် ထမင်းစားအပြီး ရေနွေးသောက်နေစဉ် အိမ်ထရံကြားမှ လှံဖြင့် ထိုးသောကြောင့် ညာဘက် နံရိုးကြားလှံသွားဝင်ကာ ဒဏ်ရာ ပြင်းထန်စွာ ရခဲ့၏။

တောင်တွင်းကြီးဆေးရုံသို့ ညတွင်းချင်း အရောက်ပို့ကာ ဆေးကုရပါသည်။ မည်သည့် ရန်ငြိုးကြောင့်လော သေိပါ။ မိဘရင်းကဲ့သို့ ချစ်ရသူ စာရေးသူမှာ တောင်တွင်းကြီးဆေးရုံသို့ လူမမာမေး လိုက်ရပြန်ပါသည်။ စာရေးသူ ရောက်လျှင် ဦးအေးမောင် အကျေနပ်ကြီး ကျေနပ်၍ ပြုံးရွှင်နေသည်ကို တွေ့ရပါသည်။

ကိုင်း… ဆေးတောင့်အကြောင်း ရောက်ပါဦးမည်လား။ စာရှုသူရေ



သည်းခံ၍သာရှုပေတော့။ ဆေးတောင့်ပိုင်ရှင် ကိုကျော်သောင်းအကြောင်း ကျန်ပါသေးသည်။

ဦးကျော်သောင်း အကြောင်းမှာ ဦးအေးမောင်ထက် ရေးစရာ ပြောစရာ များပါသည်။ သို့သော် အလွန်ရှည်အံ့ထင်၍ အကျဉ်းမျှ ဖော်ပြပါမည်။

မောင်ကျော်သောင်းကား ရွာမှ မူလတန်းအောင်၍ တောင်တွင်းကြီးသို့ အလယ်တန်းပညာ ဆက်လက် သင်ကြားရပါသည်။ ချောင်းနက်နှင့် တောင်တွင်းကြီး (၆)မိုင် ဝေးပါသည်။ စက်ဘီးနှင့် အသွားအပြန် ကျောင်းတက်ပါသည်။

ထိုအချိန်က စက်ဘီးဝယ်စီးနိုင်သူ အလွန် ရှားပါသေးသည်။ တစ်နှစ်ကျော် နှစ်,နှစ်ရှိသောအခါ မောင်ကျော်သောင်း စက်ဘီးစီးရသည်မှာ ဖျင်းသည်ဟူ၍ ကျောင်းမနေတော့ပါ။ ကျောင်းကထွက်လျှင် ဖအေက ကာလသားဆိုတော့ ရှင်လူထွက်ပေါ့။

မောင်ကျော်သောင်း ကာလသားဖြစ်ရသည်မှာ အဆန်းမဟုတ်ပါပေ။ ကာလသား မောင်ကျော်သောင်းက ချမ်းသာသူဆိုတော့ (တိုက်နိုင်၊ ကျွေးနိုင်) သူ့နောက်မှ တပည့်တပန်းများလည်း မနည်းလှပါ။

ဒီလိုနှင့်တော့ မဖြစ်ဟု ဒေါ်သေးတာက မြင်းနှင့်လှည်း ဝယ်ပေးကာ မောင်ကျော်သောင်းအား မြင်းလှည်း မောင်းစေပါသည်။ ထိုအချိန်က တောင်တွင်းကြီးနှင့် ချောင်းနက် လူကြီးတစ်ယောက်မှ (၄၀)ပြားသာ ရပါသည်။ တစ်နေ့ (၄,၅)ကျပ်တော့ ရပါသည်။ မောင်ကျော်သောင်းအဖို့ အလွန် အဆင်ပြေပါသည်။

နံနက် မြင်းလှည်းထွက်၍ နေ့လယ်ပိုင်း၊ ညနေပိုင်းများမှာ မောင်ကျော်သောင်း လည်ရပတ်ရသည်။ မြင်းကိုတော့ နှမများဖြစ်သော မဝိုင်းတင်၊ မဝိုင်းရှင်တို့က ကျွေးမွေးရပါသည်။

မောင်ကျော်သောင်းမှာ မြင်းလှည်းမောင်းနေရင်း အိမ်ထောင်ကျပါတော့သည်။ ဒေါ်သေးတာမှာ ချွေးမကိုပါ အိမ်ခေါ် ကျွေးမွေးထားရပြန်ပါသည်။

မောင်ကျော်သောင်းမှာ မြင်းလှည်းမောင်းရင်းမှ ဆံသလုပ်ငန်းကို ကိုအေးဆိုသူနှင့်ပေါင်းကာ လုပ်ကိုင်ပြန်သည်။ ဆံပင်ညှပ်ရင်းမှ ပြောင်းဖူးဈေး၊ နှမ်း၊ ပဲကြီးဈေး ပွဲစားလုပ်ကာ ပွဲရုံထောင်ပြန်သည်။ အလုပ်မှာ မဆိုးလှပါ။

ထိုမှတစ်ဆင့် အလှူမဏ္ဍပ် အဆင်တိုက်ပုံစံများကို လုပ်ကိုင်၍ အငှားလိုက်ပြန်သည်။ တိုက်ပုံစံများကို ခေတ်မီဆေးရောင်စက္ကူ ကော်ကပ်ဖြင့် ကောင်းစွာ ပြုလုပ်ပါသည်။

ယင်းလုပ်ငန်းနှင့် တစ်ဆက်တည်း အသုဘ ယာယီဆင်ပါ ထောင်ထားပါသည်။ ကျေးရွာအလှူအတန်း ဘုန်းကြီးကန်တော့ပွဲများတွင် ကွဲရုပ်ကြီးများ ပြုလုပ်ကာ ကွဲခတ်ကပြခြင်း၊ အိုးစည်ဒိုးပတ်ဝိုင်းတွင် ခေါင်းဆောင်လုပ်ခြင်း စသည့် ကာလသားအလုပ်မျိုးသာ

www.burmeseclassic.com

လုပ်ခဲ့ပါသည်။

အရက် ထန်းရည်တင် မကတော့ပါ။ ဘိန်းပါ ရှူတတ်လာပါတော့သည်။ ဘိန်းရှူရုံတင်မျှမက ဘိန်းပါ ရောင်းတတ်လာပါတော့သည်။

ဆေးတောင့်အကြောင်း ရောက်ပါတော့မည်။ ဘိန်းကုန်ကူး၍ အစိုးရမှ ဖမ်းမိကာ ဦးကျော်သောင်း ထောင် (၅)နှစ် ကျသွားပါတော့သည်။

ထောင်မကျမီ တစ်နှစ်ခန့်တွင် သူ ရထားသော ဆေးများကို စမ်းသပ်ပြုကြည့်ပါသည်။ ဘီလူးရုပ်ဆေးတောင့် ခိုင်းစေပုံကို ရေးသားဖော်ပြပါတော့မည်။

ဦးကျော်သောင်းသည် ထိုဘီလူးရုပ်ဆေးတောင့်ကို သီးခြားခွဲထားပါသည်။ စေခိုင်းလိုသောနေ့ ညနေပိုင်းတွင် ထိုဘီလူးရုပ်ဆေးတောင့်ကို ဆန်ကောတစ်ချပ် အလယ်၌ ချထားကာ ဘေးပတ်လည်တွင် ထမင်း(၇)ဆုပ်၊ (...)ချထားကာ ကျွေးမွေးကာ...

'ဟဲ့ကောင် ဒီနေ့ ငါ ဘိန်းရှူသွားမယ်။ ငါ့နောက်လိုက်ခဲ့၊ ငါ့ကို စောင့်ရှောက်ရမယ်'

ဟု အမိန့်ပေးရပါသည်။ ထိုနေ့ ဘိန်းရှူသွားပါသည်။ သွားရာလမ်း၌ အိမ်ပေါင်း (၁၀)အိမ်မျှ ဖြတ်သွားရပါသည်။ ယင်းအိမ်များတွင် ခွေးဆိုးများ ရှိပါသည်။ ထိုနေ့အဖို့ ဦးကျော်သောင်းအား မည်သည့်ခွေးများ ကိုက်ဖို့ဝေးစွ ဟောင်ပင် မဟောင်တော့ပါ။

ဘိန်းရှူသော အိမ်ထဲ ဝင်ကတည်းက ထိုအိမ်မှ အိမ်မြှောင်များ ထူးဆန်းစွာ စုတ်ထိုးကြပါသည်။ အိမ်မြှောင် စုတ်ထိုးမှု ထူးခြားချက်ကို ဘိန်းဝိုင်းခံသူ အိမ်ရှင်များမှ ပြောပြ၍ သိရပါသည်။ ဦးကျော်သောင်းအား အခြားအန္တရာယ် မတွေ့ရသေးပါ။



နောက် တစ်နေ့သော ညနေခင်းမှာ ဦးကျော်သောင်း စိတ်ကူးပေါက်သဖြင့် ယင်းဘီလူးရုပ်ဆေးတောင့်ကို အထက်ပါအတိုင်း ကျွေးမွေးကာ...

'ဟဲ့ကောင် ငါ ဘိန်းရှူသွားဦးမယ်။ အနောက်ဘက်အိမ်ကို ခဲပေါက်နှင့်၊ ငါ ပြန်လာမှ ငါက တော်ဆိုမှ တော်ရမယ်'

ဟု အမိန့်ပေးခိုင်းခဲ့ပါသည်။ ဦးကျော်သောင်းလည်း ဘိန်းရှူထွက်ခဲ့ပါသည်။ မကြာမီ ဦးကျော်သောင်း အိမ်၏ အနောက်ဘက် လမ်းတစ်လမ်းခြား ဦးကျော်သိန်း၊ ဒေါ်သိန်း၏ သွပ်မိုးအိမ်ပေါ်သို့ ခဲများ ကျလာပါတော့သည်။ သွပ်မိုးအိမ်ဖြစ်၍ ခဲကျသံကို ပတ်ဝန်းကျင်မှ အားလုံး ကြားနေရပါသည်။

ဆွေမျိုးသားချင်းများနှင့် အိမ်ပတ်ဝန်းကျင်မှ လူအများ ခဲပစ်သူကို ဝိုင်းရှာကြ၏။ အိမ်ကြိုအိမ်ကြား လမ်းကြိုလမ်းကြားမကျန် ရှာကြပါသည်။

အိမ်နီးနားချင်းများထဲမှ ဦးကျော်သောင်းတစ်ယောက်သာ မပါရှိ ဖြစ်နေသည်ကို သိကြပါသည်။ ထို့ကြောင့် ဦးကျော်သောင်း ဘိန်းရှူရာသို့ အိမ်နီးနားချင်း ကိုကုလားဆိုသူ လိုက်ခေါ်ရပါသည်။

ဦးကျော်သောင်း ဘိန်းရှူရာမှ ... လိုက်လာပါသည်။ ခဲမှာ ရပ်လို... တစ်ခါ ပြန်ကျလာလိုက် ဖြစ်နေ... သည် ဦးကျော်သောင်းကား အကြော... သိဖြစ်၍...

'ကျွန်တော် အိမ်ပြန်လိုက်ဦးမယ်... ပြီးမှ ပြန်လာခဲ့မယ်'

ဟု ခဲပေါက်ရှာသူ အားလုံး... ပြောခဲ့၍ အိမ်ပြန်ကာ အရုပ်ရှိရာ... (အိမ်ရှေ့ဘက်)သွား၍...

'ဟဲ့ကောင် မင်းလဲ စားပြီးပြီ ခိုင်း... လုပ်ပြီးပြီ၊ ဒီနေ့ နားကြဦးစို့။ ပင်နေ... ပြီ'

ဟု အမိန့်ပေးလျက် ထမင်း... များကို လမ်းဘက်ကို လက်ပြန်... ပစ်လိုက်ကာ အရုပ်ကို သိမ်းလိုက်... သည်။

ထိုအချိန်မှစ၍ ခဲလည်း မကျ... ပါ။ ဦးကျော်သောင်းလည်း သူ့လုပ်... ကို မည်သူ့ကိုမျှ မပြောဝံ့ခဲ့ပါ။ ယ... ဦးကျော်သိန်း၊ ဒေါ်သိန်း အိမ်... ရှိပါသေးသည်။

သို့သော် ဦးကျော်သိန်းက... ယမန်နှစ်က သေဆုံးသွားပါပြီ။ ... အကြောင်း ယခုလက်ရှိ ဒေါ်သိန်း... မေးကြည့်နိုင်ပါသေးသည်။

## ဆေး တစ်ဆင့်ပြောင်းသွားပြီ...

ထိုဆေးတောင့်ကို ဦးကျော်သော... ၏သား ကိုးစိုးဝင်း အိပ်သော ခု... အထက်ဘက် ရက်မပေါ်တွင် ဖန်... နှင့် ထားခဲ့ပါသည်။ မကြာမီ ကို... စိတ်မကျန်းမမာဖြစ်ကာ ... တောင်တောင်နှင့် နေမကောင်း ဖြ... တော့သည်။ အသက်ကြီးသူများ...

'ယောင်ကျော်သောင်း မင်းရဲ့သား... ပယောဂ မိနေတာ။ နိုင်တဲ့ဆရာ ပင်...

ဟု ပြောကြပါသည်။ ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com

ပယောဂတွင် နာမည်ကြီးသော ချောင်းနက်အနောက်မှ **"ဦးကေလာ"** ဆိုသူ ပယောဂဆရာကြီးအား သွားပင့်ကြပါသည်။

ဦးကေလာ ကြွလာပါသည်။ သို့သော် ဦးကျော်သောင်း အိမ်ဝိုင်းထဲ ဝင်၍ မရပါ။ ဦးကေလာက...

'ဟဲ့ ကျော်သောင်း ငါ မင့်ဝိုင်းထဲ ဝင်မရဘူး။ မင့်အစောင့်တွေ ဖေးဖယ်ထားဦး'

ဟု ဆိုလာသဖြင့် ဦးကျော်သောင်းက ဆေးအားလုံးကို အိမ်တောင်ဘက် ဦးဖိုးယုံအိမ်ပေါ်သို့ သွားထားလိုက်ရပါသည်။

ထိုအခါကျမှ ဦးကေလာ အိမ်ဝိုင်းထဲသို့ ဝင်နိုင်ကာ မောင်စိုးဝင်းအား ဆေးကုနိုင်ပါတော့သည်။ မောင်စိုးဝင်းလည်း မကြာမီ နေကောင်းသွားပါသည်။

မောင်စိုးဝင်း နေမကောင်းသည်မှာ ဒီအရုပ်ကြောင့်ဟု ဦးကျော်သောင်း စိတ်ထင့်သွားပါသည်။ ဦးကေလာကလည်း ထိုအစောင့်ဆေးရုပ်ကို တောင်းပါတော့သည်။

ဦးကျော်သောင်းလည်း ယင်းဆေးရုပ်ကို ဦးကေလာသို့ ပေးလိုက်ခြင်းဖြင့် ယင်းဆေးမှာ လက်တစ်ဆင့် ကူးပြောင်းသွားပါတော့သည်။

## တစ်ဆင့် ထပ်ပြောင်းပြန်ပြီ

ဦးကေလာလည်း ယင်းဆေးတောင့်ကို ကိုင်ဆောင်ကာ စေတစ်လုံးဆရာကြီးဟု နာမည်ကြီးပြန်ပါသည်။ ဦးကေလာမှာ ဆေးကုရင်းဖြင့် လွန်ခဲ့သော (၁၀)နှစ်ခန့်က ဆုံးပါးသွားပါပြီ။ သူ၏ ဆေးအားလုံးနှင့် ပညာကို သူ၏ သားအရင်း **ဦးဆန်းအောင်**အား လွှဲအပ်ခဲ့ခြင်းဖြင့် ဘီလူးရုပ်ဆေးတောင့် လက်တစ်ဆင့် ပြောင်းပြန်ကာ ဦးဆန်းအောင်လက်သို့ ရောက်ရှိပြန်ပါသည်။

ဦးဆန်းအောင်မှာ ယခု **အသက် (၅၅)နှစ်ခန့်** ရှိပါပြီ။ **တောင်တွင်းကြီး မြို့နယ်၊ ချောင်းနက်အနောက် ကျေးရွာတွင် ဖခင်အမွေခံ ဆရာကြီး အဖြစ်** ဆေးကုသလျက် ရှိနေပြီး ဦးဆန်းအောင်မှာ သစ်လွှဆွဲအလုပ် လုပ်ပါသည်။ လူအေး လူရိုး လူဖြောင့် ဖြစ်ပါသည်။ စကား သိပ်မပြောပါ။

ဤဆေးတောင့်မှာ သွေး၍ စုတ်ဖြင့် ဆေးထိုးနှံထားပါက ရွှေအိုးစည်ဆေးကဲ့သို့ စေလိုရာစေ ခိုင်းလိုရာခိုင်း အမိန့်ပေးစေခိုင်းနိုင်သော ဆေးဖြစ်ကြောင်း ဆရာကြီး ဦးသန်းမြင့်နှင့် တကွ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီး သိရှိစေရန် မြန်မာ့ဆေး အစွမ်းထက်ကြောင်း ဖော်ပြလိုက်ပါသည်။

ဤ ဘီလူးရုပ်ဆေးတောင့် အကြောင်း သိရှိလို၍ လက်တွေ့ လေ့လာစမ်းသပ်ကြည့်လိုပါက **ယခု စာရေးသူနှင့် လည်းကောင်း၊ ချောင်းနက်အရှေ့ ရွာလယ်မှ ဦးကျော်သောင်းနှင့်သော် လည်းကောင်း၊ ချောင်းနက်အနောက် ကျေးရွာ ဆရာကြီး ဦးကေလာ၏ သားကြီး ဆေးဆရာ ဦးဆန်းအောင်နှင့်သော် လည်းကောင်း** တွေ့ဆုံ လေ့လာစမ်းသပ်၍ ရပါကြောင်း မြန်မာ့ဆေးများတွင် အစွမ်းထက် ဆေးများလည်း ရှိပါကြောင်း တင်ပြရင်း...

***အားလုံး ကျန်းမာ ချမ်းသာကြပါစေ။***

***ဦးသန်းစိုး(ချောင်းနက်)***

### စာရှုသူ သုတေသီ ဝါသနာရှင်များသို့...

ဤစာမူမှာ **၂၀၀၄ ခုနှစ်ခန့်က** ပေးပို့ခဲ့သောစာမူ ဖြစ်ပါသည်။ အကြောင်းကြောင်းကြောင့် ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။ စာရေးသူ စာရေးဆရာကြီး ဦးသန်းစိုး(ချောင်းနက်)မှာ ယခုအခါ ကွယ်လွန်ခဲ့ပြီ ဖြစ်ပါသည်။ ဆောင်းပါးကောင်းတစ်ခု မပျောက်ပျက်စေခြင်းငှာ မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

စာရေးဆရာကြီး **ဦးသန်းစိုး(ချောင်းနက်)** ကောင်းရာသုဂတိ လားပါစေ...။

***လေးစားစွာဖြင့်...***

**ဦးကျော်မိုးသိန်း**
***စာတည်းချုပ်***
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com



ရွှေဦး (မတ္တရာ)

# မိတ်ဆွေဖွဲ့သူ

ပြောမယုံ ကြုံဖူးမှသိ ဆိုသကဲ့သို့ပင် လောက၏ ဂမ္ဘီရဆန်စွာ လျှို့ဝှက်ဆန်းကြယ်မှု၊ နက်နဲ နက်ရှိုင်းမှုများစွာ ထဲမှ ကျွန်တော် ကြုံခဲ့ရသော အကြောင်းအရာ ဇာတ်လမ်းတစ်ပုဒ်က တကယ်ကြုံမှ ထူးဆန်းသည်ဟု ကျွန်တော်ကိုယ်တိုင် လက်ခံရပေတော့သည်။

သာမန် အကြားဇာတ်လမ်းလောက်နှင့်ဆိုလျှင် ကျွန်တော်တို့လို စစ်သားများက မယုံကြည်ကြပါ။

ကျွန်တော်သည် မွန်ပြည်နယ်၊ မုဒုံမြို့နယ်အတွင်းရှိ ခြေမြန်တပ်ရင်း (...)မှ ပင်စင်ယူပြီး တပ်နှင့် မနီးမဝေးတွင် ခြံဝင်းတစ်ခု ဝယ်ပါသည်။ ယင်းဝင်းခြံကို ဝယ်ယူစဉ်က အိမ်ကလေးတစ်လုံးလည်း ပါလာခဲ့လေသည်။

အိမ်ကလေးက အတော်ဟောင်းနေသဖြင့် ဖြိုဖျက်ကာ ကြမ်းခင်းပျဉ်များကိုသာ ပြန်လည် သုံးစွဲခဲ့ပါသည်။

အိမ်ဆောက်ပြီး ဝင်းထရံကာသည်
ထို့နောက် မိသားစုများ တပ်မှထွက်
တပ်ပြင်တွင် ရွှေ့ပြောင်း
နေထိုင်ကြပါသည်။
အိမ်သစ်သို့ရွှေ့
ပြောင်းသည့်ညမှာပင်
ဇာတ်လမ်း
စ,တော့သည်။
ကျွန်တော်တို့ မိသားစုတွင်
ကျွန်တော်၊ ဇနီးနှင့်
သားနှစ်ယောက်သာ
ဖြစ်ပါသည်။
အကြီးကောင်က (၈)နှစ်
အငယ်ကောင်က
(၃)နှစ်ဖြစ်သည်။ အိမ်မှာ
ယခုမှ ပြောင်းလာစလည်း
ဖြစ်သဖြင့် လျှပ်စစ်မီး
ကလည်းမရှိ။ ဖယောင်းတိုင်
သာလျှင် ထွန်းထားရသည်
ည(၈)နာရီခန့်တွင်
အငယ်ကောင်
အိမ်တစ်နေရာကို လက်ညှိုးထိုး၍
"**အရိုးအရိုး**"နှင့် ကြောက်
ထိတ်လန့်စွာ အော်နေသဖြင့် ကျွန်တော်
တို့မိသားစုမှာ ကြက်သီးတဖြန်းဖြန်း
ထခဲ့ကြရသည်။

ကျွန်တော်မှ သတိထား ဆင်ခြင်
ပြီး ကျွန်တော်၊ ဇနီးနှင့် သားကြီးတို့
သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ဖြိုင်ဖြိုင်
ရွတ်ကြပါသည်။ သားကြီးမှာ သူ့အမေ
က ယခင်ကတည်းက သင်ပေးထား
သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ရွတ်ဆို
နိုင်ခြင်း ဖြစ်ပါသည်။

ဂါထာတော်မြတ်ကို (၃)ခေါက်
ရွတ်အပြီးတွင် ကျွန်တော်မှ...

'ဤ အိမ်အဝန်းအဝိုင်းအတွင်း
မြင်အပ် မမြင်အပ်သော ပုဂ္ဂိုလ်များ
ဤအိမ်အဝန်းအဝိုင်းကို ကျွန်ုပ်တို့ မိသား



www.burmeseclassic.com

www.burmeseclassic.com

ပိုင်ဆိုင်ထားပြီး ဖြစ်ပါသည်။

သင်တို့သည် ကျွန်ုပ်တို့၏ အဝန်းအဝိုင်း အတွင်း နေသည်ဖြစ်ပါက ကောင်းမွန်စွာ နေကြပါ။ ကျွန်ုပ်တို့မိသားစုကိုလည်း ဒုက္ခ မပေးပါနှင့်။ သင်တို့ကိုလဲ ဒုက္ခမပေးပါ။ ကျွန်ုပ်တို့မိသားစုကိုလဲ ဆွေမျိုးမိတ်ဆွေလို သဘော ထားပြီး စောင့်ရှောက်ပါ'

ဟု ပြောအပြီးတွင် သားငယ်မှာလည်း ကောင်းမွန်စွာဖြင့် အိပ်ပျော်သွားသဖြင့် စိတ်အေးခဲ့ရပါတော့သည်။

ၚင်းပရလောကသားမှာ နောက်နောင်တွင် မိသားစုကို ဒုက္ခတော့ မပေးပါ။ သို့သော် ညညမှာတော့ အိမ်ပေါ်လမ်းလျှောက်သည့် ခြေသံတော့ ပေး၏။

အစပိုင်း၌ ကျွန်တော်တို့မှာ သတိမပြုမိခဲ့ပါ။ ကျွန်တော်မှာ တပ်မှထွက်ပြီး စီးပွားရေးအနေဖြင့် အိမ်ရှေ့တွင် အဖီဆွဲပြီး လက်ဖက်ရည်ဆိုင် ဖွင့်လှစ်ထားပါသည်။

နံနက်(၄)နာရီခန့်တွင် မီးသွေးမီးဖိုအား မီးမွှေးရ၏။ ထို့နောက် အကျရည်အိုး တည်ရ၏။ ထို့နောက် စမူဆာကြော်၊ ကော်ပြန့်လိပ်၊ အီကြာကွေးကြော်ရ၏။ ယင်းတို့ကိုတော့ လူငှားဖြင့် ကြော်နိုင်းရ၏။

ကျန်မုန့်များမှာ ပေါင်မုန့်ကြမ်း (အချပ်)၊ ပေါင်မုန့်အလုံး၊ ကိတ်မုန့်နှင့် ဘီစကစ်များကို ရောင်း၏။ တစ်နေကုန်ရောင်းပြီး ည(၉)နာရီမှသာ ဆိုင်ပိတ်ရတော့သည်။

ဆိုင်ပိတ်ပြီး နောက်တစ်နေ့အတွက် ပြင်ဆင်စရာ ရှိသည်များကို ပြင်ဆင်ရပြန်သည်။ ပြင်ဆင်ပြီးချိန်တွင် ည(၁၀)နာရီက ထိုးပေပြီ။ ပင်ပင်ပန်းပန်း အိပ်ရသဖြင့် အစပိုင်းတွင် ဘာမှ မသိရ။ တစ်နေ့ နံနက်တွင်တော့ ဇနီးဖြစ်သူမှ...



'ယောက်ျား ညတိုင်း အိမ်ပေါ်မှာ လမ်းလျှောက်သံ ကြားကြားနေရတာ ကျွန်မ သတိပြုမိတာ (၃,၄)ရက်ရှိပြီ'

ဟု ပြောပါသည်။ ကျွန်တော်မှ...

'ဒီဆို ညကျရင် ဖြစ်ဖြစ်ပေါ့ အသံကြားရင် ငါ့ကို လက်ကုတ်လိုက်ကွာ၊ ဓာတ်မီးနဲ့ ထိုးကြည့်မယ်'

ဟု ပြောပြီး နှစ်ယောက်သား ညှိနှိုင်းထားခဲ့ကြပါသည်။

ထိုညက ကျွန်တော့်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေစဉ် ပခုံးကို လက်နှင့်ကုတ်လိုက်သဖြင့် လန့်နိုးခဲ့ရပါသည်။

ကျွန်တော်မှ သိရှိကြောင်း လက်ပြန်ကုတ်ပြီး အိပ်ရာဘေးတွင် အသင့်ရှိသော ဓာတ်မီးကို ကိုင်လိုက်ပြီး စစ်ခြင်ထောင်ကို မ,၍ ခြေသံကြားရာ နေရာသို့ လျှပ်တစ်ပြက် ဓာတ်မီးဖြင့် ထိုးလိုက်ပါသည်။

ထူးဆန်းတော့ ထူးဆန်းသည်။ အိမ်ပေါ်တွင် တရှပ်ရှပ် သွားနေသော ခြေသံသည် ကျွန်တော် ဓာတ်မီးထိုးလိုက်သည့်အခါတွင် တရှပ်ရှပ်အသံ ရပ်သွားသည်။ ဘာမှလည်း မတွေ့ရ။

နောက်ညများတွင်လည်း အိမ်ပေါ်တွင် တရှပ်ရှပ်အသံများ အမြဲကြားရသည်။ ကြား၍ ဓာတ်မီးနှင့် ထိုးကြည့်လျှင်လည်း ခြေသံရပ်၍ ဘာမှ မတွေ့ရ။ တစ်ညတွင်တော့ ကျွန်တော့်ဆိုင်ရှေ့မှ...

'အောင်မယ်လေး ကြောက်ပါပြီဗျ။ ဘာကောင်ကြီးလဲဗျ'

ဟု အော်သံကြားရပြီး တဖုတ်ဖုတ်နှင့် ပြေးသွားသံ ကြားရသဖြင့် ထကြည့်ရာတွင် ဆိုင်တံခါး ပွင့်နေသည်ကို တွေ့ရသဖြင့် ခေါင်းနားပန်းကြီးသွားပါသည်။

အိမ်ထဲ သူခိုးဝင်သည်မှာ သေချာနေပါပြီ။ ဘာတွေများ ပါသွားသလဲဟု ကျွန်တော်တို့ လင်မယားနှစ်ယောက် စစ်ဆေးကြည့်ကြသည်။

ထူးဆန်းလေစွ။ ဘာမှ ပါမသွားပါ။ သူခိုးသည် ဘာကိုတွေ့၍ အော်ပြီး ထွက်ပြေးသွားရသနည်း။

ဒီအတိုင်းဆို မဖြစ်သေး။ နောက်တစ်ညမှာတော့ ဘုရားရှိခိုးပြီး (၃၁)ဘုံရှိ ဝေနေယျသတ္တဝါများကို အမျှအတန်း ပေးဝေသည်။ ပြီးနောက် ကျွန်တော့် အိမ်ခြံအတွင်းရှိ မြင်အပ် မမြင်အပ် သတ္တဝါများကို သီးသန့် အမျှပေးဝေပါသည်။ ပြီးနောက်...

'အိမ်ခြံဝင်းအတွင်း၌ နေထိုင်သော ပုဂ္ဂိုလ်များခင်ဗျား ဤအိမ်အဝန်းအဝိုင်းအတွင်း နေထိုင်သည် မှန်ပါက ကောင်းမွန်စွာ နေပါ။ ကျွန်တော်၏ မိသားစုများကို မခြောက်လှန့်ဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်ုပ်မှ ကောင်းမှုဒါနများ လုပ်ပေးစေလိုလျှင် သင်သည် မည်သူဖြစ်သည်ကို ကျွန်ုပ်အား ပြသပါ'

ဟု ပြောခဲ့ပါသည်။

ထိုညက အိပ်မက်ထဲတွင် ပရလောကသားကို ကျွန်တော် မြင်ရ၏။ အသက်(၇၀)ဝန်းကျင် ဆံပင်ဖြူဖြူနှင့် အဘွားကြီးတစ်ယောက်ကို မြင်ရ၏။ သူသည် ကျွန်တော့်အား စကားမပြော

www.burmeseclassic.com

ပါ။ သူမ၏ ရုပ်သွင်ကိုသာ ပြသ၍ ပျောက်ကွယ်သွား၏။

နောက်ပိုင်းတွင် အိမ်ပေါ်၌လည်း ခြေသံများ မကြားရတော့။ ကျွန်တော်နှင့် ဇနီးတို့မှလည်း ဘုရားရှိခိုးပြီးတိုင်း အမျှအတန်း ပေးဝေပါသည်။ အမျှအတန်းပေးဝေတိုင်းလည်း အိမ်နောက်ဘက် မန်ကျည်းပင်ပေါ်မှ တောက်တဲ့အော်သံ ကြားရ၏။

အိပ်မက်ထဲတွင် တွေ့ရသော အဘွားကြီးနှင့် ပတ်သက်၍ ဘေးအိမ်မှ ဦးမြင့်အောင်အား မေးကြည့်ရာ...

'ဆရာ အိပ်မက်ထဲမှာ တွေ့ရတဲ့ အဘွားကြီးဟာ တခြားသူမဟုတ်ဘူး။ ဒီအိမ်မှာ နေသွားတဲ့ မောင်ဌေးရဲ့အမေပဲ။ အဘွားကြီး ဆုံးသွားပြီး မောင်ဌေးတို့မိသားစုလဲ ဦးချစ်ဆီကို ဒီဝင်းရောင်းပြီး ရေးမြို့ကို ပြောင်းသွားကြတာပဲ။

ဦးချစ်က လူမနေဘဲ ဒီအတိုင်း ပစ်ထားခဲ့တယ်။ နောက်မှ ဆရာက သူ့ဆီက ပြန်ဝယ်ခဲ့တာပဲ။ ဆရာတို့မိသားစု ကြောက်မှာစိုးလို့ ကျွန်တော် မပြောတာ။ လူမရှိတဲ့ ဒီခြံထဲမှာ ညညဆို အဘွားကြီးကို ကျွန်တော်တို့မိသားစု ခဏခဏ တွေ့ခဲ့ရတယ်'

ဟု ပြောပါသည်။

နောက်မကြာမီ ကာလတွင် ကျွန်တော်တို့ လင်မယားနှစ်ယောက် တိုင်ပင်၍ ပရိတ်ရွတ်ရန် ဆုံးဖြတ်ကြ၏။ ဝင်းအသစ် အိမ်အသစ်တွင် အိမ်သစ်တက်ပွဲ မလုပ်ဖြစ်ခဲ့ရသည်ကို နောင်တရမိပါသည်။

ဘုန်းကြီး(၃)ပါးပင့်ပြီး ရပ်ကွက်မှ လူကြီးအချို့နှင့် အိမ်နီးချင်းများကို ဖိတ်ကြားကြ၏။ ဆွမ်းကပ်တရားနာပြီး ကျွန်တော့်ခြံအတွင်းမှ ပရလောကသား အမေကြီးအားလည်း နာမည်တပ်၍ အမျှအတန်း ပေးဝေပါသည်။

ညရောက်သော အခါ၌လည်း ရပ်ကွက်ဓမ္မစကြာအသင်းအား ဖိတ်၍ ဓမ္မစကြာရွတ်စေပါသည်။ ထိုကောင်းမှုကိုလည်း ယင်းအမေကြီးကို အမျှအတန်းပေးဝေခဲ့ပါသည်။

ထိုနေ့ည၏ နံနက်လင်းပိုင်းတွင် အိပ်မက် မက်ရာ ယင်းအမေကြီးသည် ပြောင်ပြောင်လက်လက် အဲဝတ်အစား များကို ဝတ်ဆင်ထားပြီး ကျွန်တော့်အား...

'သားသမီးထက်ကို ကျေးဇူးပြုပါပေတယ်။ မင်းတို့ကျေးဇူးကြောင့် ကောင်းရာဘုံဘဝကို သွားရတော့မယ်။ နှုတ်ဆက်ခဲ့ပါတယ်'

ဟု ပြော၍ ပျောက်ကွယ်သွား၏ သည်။

ထူးခြားချက်မှာ ထိုနေ့၏ နောက်ပိုင်းရက်များတွင် ကျွန်တော့်အိမ်နောက်ဘက်ရှိ မန်ကျည်းပင်မှ တောက်တဲ့၏ အော်သံကို မကြားရတော့သည်မှာ အံ့ဩစရာ ဖြစ်ခဲ့ရပါတော့သည်။

**ဦးစိုး(မဏ္ဍလာ)**

---

'ဗီဇာတွေထဲမှာ မှန့်ဗီဇာ၊ အင်းဗီဇာတွေဟာ အမြင့်ဆုံးပဲ။ သူတို့တွေ ဘာနဲ့ သိဒ္ဓိပေါက်မြောက်သလဲ။ တွေးကြည့်စမ်း'

**'အသံကွ၊ အသံနဲ့ထွက်တာ။ မန္တန်ရွတ်ရင်၊ စကားပြောရင် ထွက်သက်နဲ့ ပြောသလား။ ဝင်သက်နဲ့ ပြောသလား'**

'ထွက်သက်နဲ့ပါ'

'အေး ဝင်သက်က အပျက်၊ ထွက်သက်က အဖြစ်။ အောင်မြင်ဖြစ်ထွန်းလိုရင် ထွက်သက်ကို အဓိကထားရမယ်။ ဒါ ထူးခြားတဲ့ ပုဂ္ဂိုလ်ကိုယ်တိုင် ငါ့ကိုပေးခဲ့တဲ့ ကျင့်စဉ်။ သေသေချာချာ မှတ်ထားနော်။

၁ ၂ ၃ ၄ ၅
၁ ၂ ၃ ၄ ၅ ၆
၁ ၂ ၃ ၄ ၅ ၆ ၇
၁ ၂ ၃ ၄ ၅ ၆ ၇ ၈
၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉
၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉ ၁၀
၁ ၂ ၃ ၄ ၅ ၆ ၇ ၈ ၉
၁ ၂ ၃ ၄ ၅ ၆ ၇
၁ ၂ ၃ ၄ ၅ ၆
၁ ၂ ၃ ၄ ၅

## အထွတ်အထိပ်ရောက်
# အောင်မြင်စေသည့်
## ကျင့်စဉ်



အသက်ကို ဝအောင်ရှူပြီးရင် ဒီပုံစံအတိုင်း **အသက်ရှူ ထုတ်စဉ် (၁)လို့မှတ်၊ နောက် တစ်ကြိမ် ထွက်သက်မှာ (၂)၊ နောက် တစ်ကြိမ် ထွက်သက်မှာ (၃) စသဖြင့် (၅)အထိ မှတ်သွား။** နောက်တော့ ၁ ၂ ၃ ၄ ၅ ၆ ရယ်လို့ တစ်ခုတိုးပြီး (၆) အထိမှတ်။

**ပြီးရင်...**

၁ ကနေ ၇၊
၁ ကနေ ၈၊
၁ ကနေ ၉၊
၁ ကနေ ၁၀၊

**၁၀ ပြည့်ရင် ပြန်လျှော့...**

၁ ကနေ ၉၊
၁ ကနေ ၈၊

စသဖြင့် ၁ ကနေ ၅ အထိ ရော **အောင်ကျင့်ပါ။** ထွက်သက်ချည်း မှတ် နော်။ **စုစုပေါင်း(၈၀)၊** ဘုရားရှင်သက်တော် ကို ရည်မှန်းပြီး ကျင့်ရတာ။


**အိမ်မှူး အကြိမ်(၈၀)၊ တစ်နေ့တွင်း ရ ကျင့်ပါ။ ရက်ပေါင်း(၈၀)ပြည့်ရင် အသက်ကို အရှည်ရာသ မရတော့ဘူး။ ထက်ပြီး ကျ သွားရင် အထွတ်အထိပ်ရော အောင်မြင်ထွန်းပေါက် မယ်လို့ မှာသွားတ**

ဘုရားရှင်ရဲ့ အသက်တော်ကို ဘယ် မှ မဖျက်ဆီးနိုင်သလို၊ ဘုရားရှင်ရဲ့ တန်ခိုးကို ဘယ်သူမှ အန်မတုနိုင်သ ဘုရားရှင်ရဲ့ အရိပ်တော်မှီပြီး ကျင့်ရ ကျင့်စဉ်က ဘဝအောင်မြင်မှုကို ပေး မယ်၊ အပျက်တရား၊ အဆိုးတရားအ တွေ ပျောက်ကွယ်သွားပါလိမ့်မယ်'

*(ပျော်ဘွယ်၊ မြို့မရပ်မှ ဆေးဆ ဦးကျော်ညွန့် လက်ဆောင်ပေးသော ဖြစ်ပါသည်။)*

**ဇင်ညိုငယ်**

www.burmeseclassic.com



ကိုအောင်
(ရာမညမြေ)

မြန်မာ–ယိုးဒယား(ထိုင်း)နယ်စပ်မှ အံ့ဖွယ်ကောင်းသော

# ကျိန်စာသင့် စမ်းကျည်းပင်

၁၉၈၇ ခုနှစ်၊ ဒီဇင်ဘာလလောက်မှာ ကျွန်တော် အလုပ်ကိစ္စတစ်ခုဖြင့် ယိုးဒယား(ထိုင်း)–မြန်မာ နယ်စပ်ရှိ **ချောင်ချီ(ခေါ်) မွန်ရွာငယ်လေး** တစ်ရွာကို ရောက်ခဲ့ပါသည်။ အလုပ်ကိစ္စ ပြီးဆုံးသွားသဖြင့် ချောင်ချီရွာမှ ပြည်ကြီးမဏ္ဍိုင်သို့ အပြန်လမ်းခရီးတွင် ကြုံတွေ့သိခဲ့ရသော အကြောင်းအရာ တစ်ခုပါ။

ကျွန်တော် ဤရွာလေးကို လာခဲ့စဉ်က **မြိတ်–တနင်္သာရီ–ညောင်ပင်ကွင်းလမ်းဘက်မှ ရောက်ခဲ့ခြင်း** ဖြစ်ရာ ယခု ပြန်ရာတွင် ပြည်ကြီးမဏ္ဍိုင်မှ စက်လှေဖြင့် မြိတ်သို့ ပြန်ရန် ရည်ရွယ်သောခရီး ဖြစ်ပါသည်။

ဤခရီးကို တစ်ကြိမ်တစ်ခါမှ မသွားဘူး၊ မရောက်ဘူးပါ။ ဒါပေမယ့် ဒေသခံများ ပြောကြားချက်အရ ချောင်ချီရွာနှင့် ပြည်ကြီးမဏ္ဍိုင်ခရီးသည် နှစ်ရက်သွားရသော တောလမ်းခရီးဖြစ်ကြောင်း သိထားပါသည်။

(၁၅–၁၂–၈၇)နေ့တွင် ရိက္ခာဆန်အနည်းငယ်နှင့် စားစရာများ ဝယ်ယူခဲ့ပြီး ကိုကျော်အေး(ထားဝယ်)နှင့်အတူ ချောင်ချီရွာမှ နံနက်စောစော ထွက်လာခဲ့ပါသည်။

လမ်းတစ်လျှောက်တွင် တစ်တောဝင် တစ်တောထွက်ဖြင့် ချောင်းငယ်လေးများကို ဖြတ်ကျော်လာခဲ့ရသည်။ ချောင်းဆိုပေမယ့် တောင်ကျချောင်းငယ်လေးများဖြစ်သည်။ ရေတစ်ထွာခန့်သာ ရှိပါသည်။ ယင်းနေ့ ညနေ (၅)နာရီလောက်တွင် ညနေစာ စားကြပြီး တောထဲတွင် သင့်တော်ရာနေရာ ရှာအိပ်ကြရသည်။

ဤလမ်းခရီးသည် တောလမ်းမထင်ရှားသော လူသွားလမ်းများ၊ တောတိရစ္ဆာန်များ သွားထားသော လမ်းများအတိုင်း သွားနေရသဖြင့် မကြာခဏဆိုသလို လမ်းမှားပါသည်။ လမ်းစ ရှာဖွေသွားနေရသောကြောင့် ခရီးမတွင်ပါ။

နောက်တစ်နေ့ (၁၆–၁၂–၈၇)နေ့ မိုးလင်းသည်နှင့် ခရီးဆက်ထွက်ခဲ့ရာ (၉)နာရီကျော်လောက်တွင် ခရီးတစ်ထောက်နားနေစဉ် စမ်းချောင်းကို ဖြတ်ပြီး ကျွန်တော်တို့ နားနေရာဘက်ကမ်းပေါ်သို့ တက်လာသော ဝက်ဝံတစ်ကောင်ကို ရုတ်တရက် ကိုကျော်အေး တွေ့မြင်လိုက်ရ၍ ဝက်ဝံ ဝက်ဝံ ဆိုပြီး ကြောက်လန့် အော်ပြေးပါသည်။

ကျွန်တော်လည်း ကိုကျော်အေး ပြေးရာနောက် လိုက်ပြေးခဲ့ရာ လမ်းစ ပျောက်ပြီး တောင်ကြောများပေါ် တက်လိုက်ဆင်းလိုက်ဖြင့် လမ်းခရီးကို မှန်းဆ၍ ခရီးနှင်လာခဲ့ကြရာ မြေနီလမ်း တစ်ခုပေါ်သို့ ရောက်လာပါသည်။

မည်သည့်ဘက်သွားရမလဲ မသိသဖြင့် ကိုကျော်အေးကို မေးရာ...

'မသိဘူးလေဗျာ လမ်းဆုံးရင်တော့ ရွာရောက်မှာပေါ့'

ဆိုသော အဖြေသာ ရပါသည်။ သို့နှင့် မထူးတော့ပြီမို့ မြေနီလမ်းအတိုင်း ဆက်လျှောက်ခဲ့ကြရာ ကွင်းပြင်တစ်ခုကို ရောက်လာပါသည်။

ကွင်းပြင်ထဲတွင် နာနတ်ပင်များ စိုက်နေကြသော ခြံလုပ်သားတို့ကို တွေ့ရသဖြင့် ဝမ်းသာအားရနှင့် နာနတ်ခြံတွင်း ဝင်ရောက် အကူအညီတောင်းရာ ယိုးဒယား(ထိုင်း)လူမျိုးများ ဖြစ်နေ

www.burmeseclassic.com

သဖြင့် ကျွန်တော်တို့ စကားကို နားမလည်ပါ။ ယင်းတို့မှတစ်ဆင့် မြန်မာလုပ်သားအချို့ကိုခေါ်တွေ့ပေးပါသည်။

ဤတွင် ကိုစိုးထွန်း(တနင်္သာရီ)နှင့် တွေ့ရပြီး ပြည်ကြီးမဏ္ဍိုင်ကို သွားရာလမ်းမှားပြီး ဒီမှာဘက် ရောက်လာခဲ့ခြင်းဖြစ်ကြောင်း ပြောပြအကူအညီတောင်းရာ ကိုစိုးထွန်း ပြုံးပါသည်။

'ဘာဖြစ်လို့ ပြုံးရတာလဲ'

ဟု ကျွန်တော်မေးရာ...

'ဒါ ယိုးဒယား(ထိုင်း)နိုင်ငံအတွင်းမှာဗျ။ ဒီလမ်းအတိုင်းသာ ခင်ဗျားတို့ဆက်သွားမယ်ဆိုရင် ယိုးဒယား(ထိုင်း)နိုင်ငံ(ကော့ယီချင်း)ကို ရောက်သွားလိမ့်မယ်။

နောက်ပြန်လှည့်မယ် ဆိုရင်တော့ မြန်မာနိုင်ငံ ဘုတ်ပြင်းကို ရောက်မယ်။ အဲဒီကမှ မြေနီလမ်းအတိုင်း ဆက်သွားမယ်ဆိုရင် ပြည်ကြီးမဏ္ဍိုင်ကို ရောက်မယ်'

ဟု လမ်းညွှန်ပါသည်။

မှတ်ချက်

**[ကော့ယီချင်းမှာ ယိုးဒယား(ထိုင်း)နိုင်ငံမှ မြို့ငယ်တစ်မြို့**ဟု သိရသည်။]

ကျွန်တော်နှင့် ကိုကျော်အေး လူမောစိတ်မောဖြစ်ပြီး နာနတ်ခြံတွင် ခြေပစ်လက်ပစ် အနားယူလိုက်ပါသည်။ လက်မှနာရီကို ကြည့်ရာ (၁၂) နာရီ (၃၀)မိနစ်ကို ညွှန်ပြနေပါပြီ။

**ယိုးဒယား(ထိုင်း)တို့နာရီမှာ (၁၂) နာရီသာ ရှိသေးသဖြင့် ကိုစိုးထွန်းမှာ ထင်ရကြည့်ရာ မြန်မာနှင့် ယိုးဒယား (ထိုင်း) နာရီကွာခြားကြောင်း သိခဲ့ရသည်။**

အလုပ်သမားများထဲတွင် ယိုးဒယား(ထိုင်း)အမျိုးသမီးများကိုလည်း တွေ့ရသည်။ အမျိုးသမီးတို့၏ ဆံပင်များမှာ ဆံတိုများဖြစ်ကြပြီး အားလုံး ပုံစံတူနေသဖြင့် ကိုစိုးထွန်းကို မေးရာ...

'ခြေသုံး ဒါလား ခင်ဗျား အလောင်းတော်ရား ဦးအောင်ဇေယျအကြောင်း ကြားဖူးမှာပေါ့'

ကျွန်တော်လည်း **ကြားဖူးကြောင်း** ခေါင်းညိတ် အဖြေပေးလိုက်ရာ **အဲဒီ ဦးအောင်ဇေယျ ယိုးဒယား(ထိုင်း)နိုင်ငံကို စစ်ချီသည့် အချိန်ကာလက ကျိန်စာတိုက်ခဲ့ခြင်းကြောင့် ဖြစ်ကြောင်း** ရှင်းပြပါသည်။

သို့နှင့် ကျွန်တော်၊ ကိုစိုးထွန်းတို့ နေ့လယ်စာစားရာ တောင်ခြေသို့ လိုက်သွားရာ **မန်ကျည်းပင်ဘေးသက်နီးပင်အောက်တွင် ထမင်းစားနေကြသော ကိုစိုးထွန်း**နှင့် အဖွဲ့ကို တွေ့ရပါသည်။

ကိုစိုးထွန်းတို့အဖွဲ့မှ ထမင်းစားရန် ခေါ်ပါသည်။ ကျွန်တော်နှင့် ကိုကျော်အေးမှာ တောထဲတွင် စားခဲ့ကြပြီးဖြစ်သဖြင့် အမောပြေ မန်ကျည်းသီးများကိုသာ ခူးစားပါသည်။

မန်ကျည်းသီးများမှာ မချဉ်ပါ။ မန်ကျည်းအချိုပင် ဖြစ်ပါသည်။ ခဏအကြာတွင် ယိုးဒယား(ထိုင်း) အလုပ်သမားများနှင့် ကိုစိုးထွန်းထံသို့ ကျွန်တော်နှင့် ကိုကျော်အေး ခူးဆွတ်ထားသော မန်ကျည်းသီးများကို ကျွေးရာ ကိုစိုးထွန်းတစ်ယောက်သာ ယူစားပါသည်။ ယိုးဒယား(ထိုင်း)လူမျိုးမည်သူ တစ်ဦးတစ်ယောက်မျှ မယူမစားကြပါ။ ကိုစိုးထွန်းကို ပေးကျွေးခိုင်းရာ ယိုးဒယား(ထိုင်း)တို့မှ...

'ဤမန်ကျည်းသီးကိုစားလျှင် ဝမ်းသွားပြီး သေသည်အထိ ဖြစ်ကြသဖြင့် မစားရဲကြကြောင်း ပြောကြသည်'

ဟု (ကိုစိုးထွန်း ဘာသာပြန်ပေးခြင်းဖြင့်)သိခဲ့ရသည်။ ကျွန်တော်အလွန်အံ့သြရပါသည်။

မယုံကြည်စွာဖြင့် ကိုစိုးထွန်းကို ဆက်လက် မေးမြန်းရာ ဦးအောင်ဇေယျ ယိုးဒယား(ထိုင်း)နိုင်ငံကို စစ်ချီခဲ့စဉ်အခါက စိုက်ခဲ့သည့် မန်ကျည်းပင်ဖြစ်ကြောင်း၊ ယိုးဒယား(ထိုင်း)များကို စိတ်နာသဖြင့်...

'ဤ ကျွန်ုပ်စိုက်ခဲ့သော မန်ကျည်းပင်မှ မန်ကျည်းသီးကို ယိုးဒယား(ထိုင်း)တို့စားလျှင် ဝမ်းသွား၍ သေပါစေ၊ မြန်မာတိုင်းရင်းသားတို့စားလျှင် ချိုပါစေ၊ ဆေးရန်ကင်းပါစေ'

ဟု ကျိန်စာတိုက်ခဲ့သော မန်ကျည်းပင်ဖြစ်ကြောင်း၊ ကိုစိုးထွန်းတို့ ဘိုးဘွားများမှ ပြောပြထား၍ သိထားကြောင်း အစက ကိုစိုးထွန်းလည်း ကြားသာကြားဖူးပြီး အပင်ကို ဘယ်နေရာတွင် ရှိမှန်းမသိခဲ့ကြောင်း၊ ဤတွင် အလုပ်လာလုပ်မှသာ သေချာသိခဲ့ရကြောင်း ပြောပြသည်။ ထို့ပြင် ယိုးဒယား(ထိုင်း) လူမျိုးများ ပြောစကားအရ **မန်ကျည်း(၃)ပင်ရှိကြောင်း၊ တချို့ ယိုးဒယား(ထိုင်း)လူမျိုးများ မန်ကျည်းသီးကို စားပြီး ဝမ်းသွားသဖြင့် သေခဲ့ကြကြောင်း၊ ဒါကြောင့် မန်ကျည်းပင်ကို ခုတ်လှဲမီးရှို့ပစ်သဖြင့် ဒီတစ်ပင်သာ ကျန်တော့ကြောင်း၊ မန်ကျည်းပင် ခုတ်လှဲမီးရှို့သူများ လုပ်စားကိုင်စားမရဘဲ ဒုက္ခ ဖြစ်ကြသည်ကို တွေ့ရပြီး ဤခြံပိုင်ရှင်မှ မခုတ်လှဲဘဲထားခဲ့ကြောင်း ကိုစိုးထွန်း ပြောပြသဖြင့် သိခဲ့ရပါသည်။**

ဦးအောင်ဇေယျတပ်မှ **စစ်မြင်းများတိုက်ဆင်များထားရာ လိုဏ်ဂူများလည်း ယခုတိုင် ရှိနေသေးကြောင်း သိခဲ့ရသဖြင့်** အံ့သြဖွယ်ကောင်းသော ကျိန်စာသင့် မန်ကျည်းပင်အကြောင်း စာဖတ်ပရိသတ်အပေါင်းတို့ သိကြရန် ရေးသားတင်ပြလိုက်ပါသည်။


**ကိုအောင် (ရာညမြေ)**

F.32B. December, 2014.



www.burmeseclassic.com

www.burmeseclassic.com



ရှေဝန်းနီ

ဝမ်းခေါင်းအတွင်း၌ အူ,အသည်း မရှိသည့် ထူးဆန်းသော

# မြွေပွေးကြေးနီကြီး

မြွေနှင့်ပတ်သက်၍ ခန္ဓသုတ်ပရိတ်တော်လာ **ဝိရူပက္ခနဂါးမျိုး၊ ဧရာပထနဂါးမျိုး၊ ဆဗျာပုတ္တနဂါးမျိုး၊ ကဏှာဂေါတမနဂါးမျိုး** ဟူ၍ လေးမျိုးရှိကြောင်း အကြမ်းဖျင်း သိထားသော်လည်း ဂဃနဏ မသိရှိဘဲ အရပ်အခေါ် **ငန်း၊ ငန်းကျား၊ ငန်းနက်၊ မြွေဟောက်၊ မြွေပွေး၊ ငန်းတော် ကျား၊ လင်းမြွေ၊ ဂျပ်မြွေ၊ မြွေပတ္တဲ့၊ မြက်လျှော၊ သစ်တက်ငန်း၊ မြွေစိမ်း၊ ရွှေးမြွေ ဟောက်** အစရှိသည့် တောထဲတောင် ထဲတွင် အလွယ်တကူ တွေ့ရတတ် သည့် မြွေတို့ကိုသာ ကျွန်ုပ် သိရှိရ သည်။

ထိုသို့ သိရှိရသော်လည်း မည်သည့် မြွေမျိုးသည် အထက်ပါ ဘုရားရှင် ဟောကြားခဲ့သည့် သုတ်တော်လာ နဂါးလေးမျိုး၌ မည်သည့်နဂါးမျိုးတွင် ပါကြောင်း မသိရှိခဲ့ကြချေ။

ဖီးကုန်းမြို့၏ အနောက်တောင်ဘက် (၁၄)မိုင်ခန့်အကွာရှိ တောင်ယာတောရွာမှ မြွေကုသသည့် **ဦးအောင်ရှိန် ခေါ် မြွေဆရာကြီး၊ ဆရာကြီး ဦးအောင်ရှိန်**ကမူ မြွေကိုက်လူနာကို ခုနှစ်၊ နေ့စွဲ၊ အချိန်တို့ဖြင့် ရှင်,မရှင် ကုသ၍ ရ,မရကို ပြောပြဖူးသဖြင့် အောက်ပါအတိုင်း မှတ်သားခဲ့ရဖူးပါသည်။

၁။ **တနင်္ဂနွေနေ့နံနက် မြွေခဲမှု** ဆင်ပစ်မြွေသား မြွေပွေးတည်း မရှင်သေအံ့။ မွန်းလွဲခဲသော် ရေမြွေ

www.burmeseclassic.com

ပြောက်သားတည်း မသေ။ ညနေ နေဝင်ခါစ ခဲသော် မြွေပွေးသားတည်း၊ မရှင် သေအံ့။ သူငယ်အိပ်ချိန်ခဲသော် ငန်းတော်ကျားသားတည်း၊ မရှင် သေအံ့။

၂။ **တနင်္လာနေ့နံနက်ခဲမူ မသေ။** မွန်းတည့်ခဲသော် အဆိပ်မရှိသော မြွေမသာမီးတည်း။ နံနက်ခဲသည့် မြွေနှင့် မျိုးတူ မသေ၊ မွန်းမတည့် မီခဲသော် မြွေဟောက်သမီးတည်း မရှင် သေအံ့။

၃။ **အင်္ဂါနေ့ နံနက်ခဲသော်** အမိမြွေပွေး အဖမြွေဟောက် သားတည်း မရှင် သေအံ့။ တစ်ချက်တီးနှင့် နှစ်ချက်တီး အချိန်ခဲမူ အမိမြွေဟောက် အဖဆင်ပစ် မြွေသားတည်း။ မရှင်။ မွန်းတည့်ကနေ နေဝင်အတွင်းခဲမူ မြွေဥဒေါင်းကြီးသားတည်း၊ မသေ။ သူငယ်အိပ်ချိန်ခဲမူ မြွေပွေးကုပ်တိုသားတည်း၊ သေအံ့။ လင်းအားကြီးခဲမူ ဝံဘောသားတည်း၊ မရှင် သေအံ့။

၄။ **ဗုဒ္ဓဟူးနေ့ နံနက်မှစ၍ နေ့မွန်းလွဲသုံး ဗဟိုအထိခဲမူ** မြွေစိမ်းခေါင်းကြီးသာတည်း၊ မသေ။ မွန်းလွဲသုံးဗဟိုမှစ၍ အတွင်းခဲမူ မြွေပြဒါးသားတည်း မရှင်။

၅။ **ကြာသပတေးနေ့ နံနက်ကစ၍ နေဝင်စ အချိန်အထိအတွင်းခဲမူ** အမိမြွေပွေး အဖဆင်ပစ် မြွေသားတည်း၊ မရှင် သေအံ့။ သူငယ်အိပ်ချိန်မှစ၍ သန်းခေါင်အတွင်းခဲမူ မြွေစိမ်း ခေါင်းကြီးသားတည်း၊ မသေ ရှင်အံ့။

၆။ **သောကြာနေ့ အဝင်ကစ၍ နေဝင်ချိန်အတွင်းခဲမူ** မရှင် အမိက မြွေပွေး၊ အဖကား ငန်းပုပ်။ သူငယ်အိပ်ချိန်ကစ သန်းခေါင်ယံအတွင်းခဲမူ ရေမြွေပြောက်သားတည်း၊ မသေ။



၇။ **စနေနေ့အဝင် တိုင်ရှုံတွင်ခဲမူ** မြွေဟောက်သမီးတည်း၊ သေအံ့။ စနေနေ့မွန်းလွဲကသည် ညနှစ်ချက်တီးအတွင်းခဲမူ မသေ၊ မြွေငန်းကြားသားတည်း။ ညနေ ဗဟိုကသည့် တနင်္ဂနွေအဝင်ထိခဲမူ မြွေပွေးသားစစ်တည်း၊ မရှင် သေအံ့ဟူ၍ ဖြစ်ပါသည်။

ဗဟုသုတအလို့ငှာ တင်ပြခြင်း ဖြစ်ပါသည်။

သို့သော် ဆရာကြီး၏စကားထဲ၌ မည်သည့်မြွေသည် မည်သည့်နဂါး အမျိုးအစားထဲ၌ ပါကြောင်း ခွဲခြားပြသထားသည်ကို မတွေ့ရဘဲ သာမန်မြွေကိုက်လူနာကို ကုရ,မရလောက်သာ ပြသခဲ့ခြင်းဖြစ်သည်။

ဆရာကြီး၏မှတ်သားဖွယ် စကားထဲ၌ **မြွေပြဒါးသားတည်း**ဟူသော အဆိုအမိန့်တစ်ရပ် ပါရှိခဲ့ပါသည်။ ဗုဒ္ဓဟူးနေ့ နေမွန်းလွဲမှ နေဝင်အချိန်အတွင်း ခဲသည့် မြွေမှာ မြွေပြဒါးသားတည်းဟု ဆိုပါသည်။

ဆရာကြီး ဆိုလိုသော မြွေပြဒါးမှာ မည်သို့သော မြွေဖြစ်ကြောင်း အရေ အရောင်မှအစ မပါရှိသဖြင့် မြွေပြဒါး ဆိုသည်ကို မှတ်သားရ ခက်ခဲလှပါသည်။

* * *

စာရေးသူတို့ ခပ်ငယ်ငယ်က ထူးဆန်းသော အရှည်တစ်တောင်သာသာလောက်သာရှိပြီး လက်ကောက်ဝတ်ခန့် အလုံးရှိသည့် တစ်ကိုယ်လုံး ကြေးနီရောင်ပေါက် တောက်ပနေသော မြွေပွေးကွက်နှင့် ကျွန်ုပ်တို့အားလုံးမှ မြွေပွေးကြေးနီ အဖြစ် ခေါ်ဝေါ်ခဲ့ကြသည့် မြွေ တစ်ကောင် ရရှိခဲ့ကြပါသည်။

ထိုနေ့က ကျွန်ုပ်လည်း ကျောင်းပိတ်ရက် ဖြစ်သဖြင့် တင်စိန်၊ ဝင်းတင် ကိုမြ၊ ကိုသန်းအောင်၊ သိန်းရွှေတို့နှင့် အတူ ငှက်ပစ်ချင်၍ အဖေ့အား "ဒီနေ့ ကျောင်းပိတ်တုန်း နွားတွေကျောင်းဦးမယ်" ဟု ခွင့်တောင်းကာ နွားတွေ နွားစားကျက်တောကြီးအတွင်း လွှတ် ပါသည်။

ကျွန်ုပ်တို့လည်း ကလေးတွေ နွားတွေကို ဒီအတိုင်း လွှတ်ထား တောကြီးအတွင်း ဆက်ရက်



www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ဘုတ်ငှက်တို့ကို လိုက်လံပစ်ခတ်ကြပါသည်။

ငှက်ကလေးတွေကလည်း ဒီဘက်တောတန်းလေးကပစ်လိုက် ဟိုဘက်ပျံလိုက်၊ ဟိုဘက်တောတန်းကပစ်လိုက် ဒီဘက်ပျံလိုက်နှင့် ကြောက်လန့်တကြား ပျံသန်းနေကြပါသည်။

ကျွန်ုပ်တို့လည်း ငှက်တွေ ဟိုဘက်ဒီဘက် ကြောက်လန့်တကြား ပျံသန်းနေသည်ကို ကလေးတွေပီပီ ပျော်ရွှင်ကြည်နူးဝမ်းသာ၍ အော်ဟစ်နေကြပါသည်။

'ဟေ့ ကလေးတွေ မင်းတို့ တောထဲလာပြီး ပြေးလွှားနေရသလား။ ခြေခင်းလက်ခင်းက ကြောက်ဖို့ကောင်း,ကောင်းပါတိသနဲ့။ မနှစ်က ဒီတောထဲမှာ ကိုလှကို မြွေပွေးကိုက်လို့ သေသွားတာ သိတယ်မဟုတ်လား'

ကျွန်ုပ်တို့ ပြေးလွှားအော်ဟစ်နေစဉ် ကျွန်ုပ်တို့နှင့် ခပ်လှမ်းလှမ်းမှ ကျွဲတွေ ရွာဘက်ဆီ ပြန်လည်မောင်းသွင်းလာသော ဦးလှမောင်ကြီးက ကျွန်ုပ်တို့ကိုကြည့်ပြီး မာန်လိုက်ပါသည်။

ဒီတော့မှ ကျွန်ုပ်တို့လည်း မနှစ်က ဒီနွားစားကျက်တောထဲ၌ ရွာလယ်က ကိုလှဆိုသူ နွားကျောင်းရင်း မြွေပွေးကိုက် သေဆုံးသွားသည်ကို သတိရလိုက်ရပါသည်။ မြွေပွေးမှာ မြေကြီးမြက်တောထဲမှ ကိုက်သည်မဟုတ်ဘဲ နွားတွေ မောင်းလာသော ကိုလှ၏ တစ်ရပ်လောက်မှ ရှိခြံနဲ ဖြတ်ပျံရင်း ဦးခေါင်းကို ကိုက်သွားခြင်း ဖြစ်ပါသည်။

ကိုလှလည်း မြွေပွေးကိုက်လိုက်သည်နှင့် သူနှင့်အတူ ပါလာသော ဦးလှမောင်ကို…

'ဟာ ငါ့ကို မြွေကိုက်သွားတယ်၊ မြွေ…မြွေ'

ဟု တစ်ခွန်းသာ ပြောနိုင်ပြီး မြေပေါ် ဗုန်းခနဲ ပစ်ကျသွားကာ ချက်ချင်းသေဆုံးသွားပါသည်။

ဦးလှမောင်ကြီး သတိပေး မာန်မဲလိုက်မှ ကျွန်ုပ်တို့လည်း မြွေပွေးကိုက်ခံရ၍ ချက်ချင်းသေဆုံးခဲ့သော ကိုလှ အဖြစ်ကို သတိရကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း အပိုးသတ် ရပ်လိုက်ကြပါသည်။

ဒီနွားစားကျက်တောထဲ၌ မြွေပွေးရှိကြောင်း အဖေကလည်း ခဏခဏ ပြောပြခဲ့ဖူးပါသည်။

'တော်ကြရောပေါ့ကွာ၊ ခု ချိုးသုံးကောင်နဲ့ ခါနှစ်ကောင်ရတယ် မဟုတ်လား။ အိမ်ရောက်မှ အမေ့ကို ဆန်ပြုတ်ပြုတ်ခိုင်းမယ်။ မင်းတို့ ဘယ်လိုသဘောရလဲ'

ကျွန်ုပ်က အများ၏ဆန္ဒကို မေးလိုက်ပါသည်။

ထိုအခါ အားလုံးကပင်…

'အေး ကောင်းတယ်'

ဟု ထောက်ခံလိုက်ကြသဖြင့် ငှက်ပစ်ခြင်းကို ရပ်၍…

'ဒါဆို နွားသွင်းကြမယ်။ ဦးကြီးလှမောင်တောင် ကျွဲတွေ သွင်းနေပြီ'

ဟု ပြော၍ လူစုခွဲကာ ကိုယ့်ကျွဲ,နွားများ ရှိရာသို့ ကိုယ်ထွက်သွားကြပါတော့၏။

ဝင်းတင်နှင့် တင်စိန်က အရှေ့တောတန်းဘက်၊ ကျွန်ုပ်နှင့် ကျန်သူများက အလယ်ကြောဘက် ဖြစ်ပါသည်။ လူစုခွဲ၍မှ မကြာလိုက်ပါ။ ဝင်းတင်နှင့် တင်စိန် ပါးစပ်ကလည်း **"မြွေနီကြီး၊ မြွေနီကြီး"**ဟု အလန့်တကြား အော်ဟစ်ရင်း ပုဆိုးလည်ပင်းရောက်၍ အမောတကော ပြေးလာသည်ကို တွေ့လိုက်ရပါသည်။

ကျွန်ုပ်တို့လည်း သူတို့နှစ်ယောက်ကို ကြောင်ကြည့်နေမိကြပါသည်။

'ဟဲ့ ကောင်လေးတွေ၊ ဘယ်မှာလဲ မြွေနီကြီး'

ဝင်းတင်နှင့် တင်စိန်တို့၏ အော်ဟစ်သံကို ကြားသဖြင့် ဦးလှမောင်ကြီးက ပြေးလာရင်း မေးလိုက်ပါသည်။ ဝင်းတင်နှင့် တင်စိန်တို့လည်း "ဟိုဟို သစ်ပင်ကြီးပေါ်မှာ တန်းလန်းကြီး" ဟု အထစ်ထစ် အငေါ့ငေါ့နှင့် ဖြေလိုက်ကြသည်။

'မင်းတို့ တစ်ယောက်မှ မလိုက်ကြနဲ့၊ ဒီမှာနေခဲ့ကြ။ သစ်ပင် ခပ်ကြီးကြီးတွေရဲ့ ပင်စည်တွေမှာ ကွယ်နေကြ။ လူအပြင်မထွက်ကြနဲ့။ လောက်လေးတွေ ထုတ်ထား၊ ဟိုက ငါ လောက်လေးနဲ့ ပစ်လို့ မကျဘဲ ဒီဘက်

www.burmeseclassic.com

ရောက်လာရင် မင်းတို့က သေသေချာချာ ချိန်ပြီးပစ်ကြ'

ဦးလှမောင်ကြီးက ပြောရင်း သစ်ပင်ကြီးဆီ ပြေးကပ်သွားပါသည်။ ရောက်သည်နှင့် မြွေနီကြီးကို လေးနှင့်ပစ်ပါတော့သည်။ ကျွန်ုပ်တို့ရွာမှာတော့ လောက်လေးပစ်ရာတွင် လက်တည့်လှသဖြင့် ဦးလှမောင်ကြီးကို တစ်ရွာလုံးက **လောက်လေးဝိဇ္ဇာ**ဟု ကင်ပွန်းတပ်ခံရသူ ဖြစ်သည့်အတွက် ကျွန်ုပ်တို့လည်း သေချာပေါက် ဦးလှမောင်ကြီး လက်ချက်နှင့် မြွေနီကြီး ကိစ္စချောတော့မည်ဟု ထင်ခဲ့ကြပါသည်။

သို့သော်...

'ဟေ့ကောင်တွေ ဒီမြွေကြီး မှန်တာတောင် မကျဘူး။ သတိထားကြ'

ဟု ဦးလှမောင်ကြီးက လှမ်းအော်လိုက်သည့်အတွက် ကျွန်ုပ်တို့လည်း အံ့ဩသွားကြပါ၏။ ထိုအချိန်တွင်ပင် မြွေနီကြီးသည် ကျေးသားတာသလို ကိုယ်ကိုလွှဲ၍ ကျွန်ုပ်တို့ရှိရာ သစ်တိုက်ဆီသို့ ရှိခနဲ ပစ်၍ ပျံလာပြီး သစ်ပင်ကြီး၏ကိုင်းတွင် ဖတ်ခနဲ ကပ်နေပါတော့သည်။

ထိုအခါ ကျွန်ုပ်တို့က ပြိုင်တူ ထိုင်ပင်ကိုက်ချိန်ပြီး လောက်လေးနှင့် ပစ်လိုက်ကြပါသည်။

"ဘုတ် ဘုတ် ဘုတ်"အသံတွေနှင့်အတူ ကျွန်ုပ်တို့ ပစ်လိုက်သည့် လောက်စာလုံးများက မြွေနီကြီးကို သွားမှန်ကြပါသည်။ သို့သော် မြွေနီကြီးက မကျဘဲ တစ်ဖက် စစ်ပင်ကြီးဆီ ကျေးသားတာသလို ကိုယ်ကိုလွှဲပစ်ကာ ပျံသွားပြန်ပါသည်။ ဟိုဘက် ပျံလိုက် ဒီဘက်ပျံလိုက် လုပ်နေပါသည်။

ဒီလိုနှင့် ဟိုဘက်ပျံတော့ ဟိုဘက်ကပစ်လိုက်၊ ဒီဘက်ပျံတော့ ဒီဘက်က



ပစ်လိုက်နှင့် ဆယ့်ကိုးခါလောက် ပျံပြီးသည်နှင့် သူ မတတ်နိုင်တော့ဘဲ မြေကြီးပေါ်သို့ ဘုတ်ခနဲ ပြုတ်ကျလာပါတော့၏။

မြွေနီကြီး မြေကြီးပေါ်ကျလာသဖြင့် ဦးလှမောင်ကြီးက ပြေးလာပြီး...

'ဟေ့ မင်းတို့ ဘေးဖယ်ကြ'

ဟု ဆိုကာ သူ့ခါးတွင် ထိုးထားသော ဓါးရင်းတုတ်ဖြင့် မြွေကြီး၏ ဦးခေါင်းကို တဖောင်းဖောင်း သော့ရိုက်ချလိုက်ပါသည်။

ဒီတစ်ခါတော့ မြွေနီကြီးလည်း လုံးဝ မလှုပ်နိုင်တော့ဘဲ ငြိမ်ကျသွားပါတော့၏။

မြွေကြီး လုံးဝ မလှုပ်တော့ဘဲ ထိုမြွေနီကြီးကို အသေအချာ ကြည့်လိုက်ကြရာ အထက်တွင် တင်ပြခဲ့သလိုပင် အရှည်တစ်တောင်သာသာခန့် လုံးပတ်လက်ကောက်ဝတ်ခန့်နှင့် မျက်လုံးတွေကအစ ရဲရဲနီနေသော မြွေပွေး ကြေးနီကြီးတစ်ကောင် ဖြစ်နေသည်ကို တွေ့လိုက်ကြရပါသည်။ ၎င်း၏ အကြေးခွံများကလည်း လက်လက်တောက်နေကြသည်ကို တွေ့ရပါသည်။

အိမ်ရောက်သောအခါ ရွာထဲမှ မမြင်ဘူးသူများကို ကြည့်လိုကြည့်ရန် တစ်ရွာလုံးကို ခေါ်ပြပြီး ဦးလှမောင်ကြီးက ရင်ကိုခွဲရာ ထူးထူးဆန်းဆန်း ထိုမြွေနီကြီး၏ ရင်ခေါင်းထဲ၌ အူ,အသည်း စသည်တို့ လုံးဝ မပါဘဲ ဝမ်းခေါင်းကြီး အတိုင်း ဟာလာဟင်းလင်းကြီး ဖြစ်နေ သည်ကို အံ့ဩဖွယ် တွေ့လိုက်ကြရ သဖြင့် လာကြည့်သူအားလုံး "ဟာ ဟင်" ဖြစ်ကုန်ကြပါတော့၏။

ရွာလယ်က ကိုလှကိုကိုက်သော မြွေမှာ ထိုမြွေ ဖြစ်နိုင်ကြောင်း၊ ကိုက် သည့် နေ့ကလည်း ဗုဒ္ဓဟူးနေ့ ညနေ နေဝင်ခါနီးအချိန်ဖြစ်ကြောင်း ပြော သဖြင့် မြွေဆရာကြီး ဦးအောင်မြ ပြောသည့် မြွေပြဒါးလား၊ ပြဒါးမြွေ ဆိုသည်မှာ ထိုကဲ့သို့သော မြွေကိုပင် ခေါ်တာများလားဟု တွေးမိပါသည်။

ယခုတော့ မြွေကို ရိုက်သတ် ရင်ခွဲ ရသည့် ဦးလှမောင်ကြီးနှင့် ဝင်းတင် ကိုမြတို့ မရှိတော့ပါ။ သို့သော် မြွေ စတင် တွေ့သည့်မှ မြွေကို ပစ်ချနိုင် များထဲတွင် စာရေးသူ ကျွန်ုပ်နှင့် တင်စိန်၊ ကိုသန်းအောင်၊ သိန်းရွေ ယနေ့ထက်တိုင် **ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် မိုးသဲတောရွာ၌** ရှိပါကြောင်း၊ မေး လိုပါက မေးမြန်းနိုင်ပါကြောင်းနှင့်

စာရေးသူ ကျွန်ုပ် မရှင်းမလင်း ဖြစ်နေသည့် ထိုမြွေသည် **ပြဒါး ဟုတ်နိုင်,မဟုတ်နိုင်၊ ပြဒါးမြွေ သည်မှာ မည်သည့်မြွေမျိုးကို ကြောင်း၊ နဂါးလေးမျိုး၌ မည် သော နဂါးမျိုး၌ပါကြောင်း စသည့် အချက်များကို တတ်သိပညာရှ များမှ** ဤနဂ္ဂတွာရောင်ခြည်မဂ္ဂဇင်း တစ်ဆင့် ပြန်လည်ဖြေကြားပေးပါ မေတ္တာရပ်ခံရင်း လေးစားစွာ ပန်ကြား အပ်ပါသည်။

ပညာလို အိုသည်မရှိ

နေဝန်းနီ

www.burmeseclassic.com



ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကို ရုပ်မြင်သံကြားမှ ဖူးတွေ့ရပါကလည်း လက်အုပ်ချီ ကန်တော့လိုက်ပြီး မိသားစုများကို ယခင် အတိတ်ဘဝ အကြောင်းကို သနားစရာကောင်းအောင် ပြန်ပြောပြပါသည်။

ချို (အမရပူရ)

# လေယာဉ်ပျက်ကျရာမှ

## သေဆုံးသွားသော စစ်မှုထမ်းအရာရှိဝင်စားသော ကလေးငယ် ကိုတိုး

ကိုတိုးငယ်စဉ် ကလေးဘဝ (၃)နှစ်အရွယ်လောက်ကပင် အတိတ်အကြောင်းများကို မိသားစုကတဲ စိတ်လိုလက်ရ ပြောပြတတ်သည်။

အုံ့နေသောအချိန်များတွင် အိမ်ပေါက်မှ ကောင်းကင်ကို ကြည့်ပြီး ယခင်ဘဝ မိသားစုများအကြောင်းကို အရွယ်နှင့်မမျှ သနားစဖွယ် ပြောပြတတ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြားမှ နိုင်ငံတော်သီချင်းနှင့် နိုင်ငံတော်အလံကို ကြားပါမြင်ပါကလည်း စစ်သားများသဖွယ် အလေးပြုတတ်ပါသည်။

သူသည် တပ်မတော်မှ အရာရှိတစ်ဦးဖြစ်ပြီး နိုင်ငံတော်အကြီးအကဲ၏ ကိုယ်ရံတော်တပ်ဖွဲ့မှ စစ်မှုထမ်းအရာရှိတစ်ဦးဖြစ်ကြောင်းကို ထူးဆန်းစွာ ပြောပါသည်။

အားလပ်ရက်များတွင် မိသားစုများနှင့်အတူ ရွှေတိဂုံဘုရားသို့ ဘုရားသွားဖူးကြကြောင်းကို အလွမ်းပြေ ပြောပြတတ်ပါသည်။

သူ၏အမည်နှင့် ဇနီးသည်၏အမည်

www.burmeseclassic.com

များကို မမေးဘဲ ပြောပြပြီး သူ၏ ဇနီးသည် မင်္ဂလာ့ဂ်စစ်ဆေးရုံမှ စစ်သူနာပြုတစ်ယောက် ဖြစ်ကြောင်းလည်း ပြောပြပါသည်။

သားနှင့်သမီး နှစ်ဦးရှိပြီး မိသားစုနေထိုင်ရာ လိပ်စာကို မမေးဘဲ ပြောပြပါသည်။ ယခုဘဝ ဖခင်နှင့်မိခင်တို့က သနားပြီး ကိုတိုးအရွယ်ရောက်လျှင် ရန်ကုန်မြို့ရှိ မိသားစုများထံသို့ လိုက်ပို့ပေးပြီးမည်ဟု ကတိပေးထားကြပါသည်။

တစ်နေ့ မိသားစုများ အံ့သြရသည့် အဖြစ်အပျက်ကို တွေ့လိုက်ရပါသည်။ မိဘများ အဆောက်အအုံဆောက်ရန် အုတ်လာပို့သော ကားကြီးအိမ်ရှေ့တွင် ရပ်လိုက်ပါသည်။

အုတ်ကားမောင်းသူ၌ ကိုတိုးနှင့် အရွယ်တူ ကလေးငယ် ယောကျ်ားလေးတစ်ဦး ပါလာပါသည်။ သဲပုံပေါ် ဆော့နေသော ကိုတိုးကို ထိုကလေးငယ်က စစ်သားများ အလေးပြုသည့် အတိုင်း အလေးပြုနေသည်ကို မိဘများက တွေ့၍ မေးရာ ကိုယ်ရံတော်တပ်ဖွဲ့မှ ကျဆုံးသွားသည့်စစ်သည် တစ်ဦးဖြစ်ကြောင်း ပြောပါသည်။

မိုးအုံ့နေသော နေ့တစ်နေ့တွင် ကိုတိုး၏မိခင်က အတိတ်ဘဝ အကြောင်းကို သားငယ်အား မေးလိုက်ပါသည်။ နိုင်ငံတော်အကြီးအကဲ၏ မန္တလေးခရီးစဉ်တွင် ကိုတိုးသည် ကိုယ်ရံတော်တပ်ဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ပါသည်။

ရန်ကုန်အပြန်ခရီးစဉ်တွင် ချမ်းမြသာစည်လေယာဉ်ကွင်းမှ စစ်လေယာဉ်ဖြင့် ပြန်ခဲ့ကြပါသည်။ လေယာဉ်ကွင်းမှ စစ်လေယာဉ်တက်ပြီး မကြာခင် ချမ်းမြသာစည်လေယာဉ်ကွင်းအနီးရှိ မြို့ဟောင်းဘုတာအနီး ဆန်ကိုဒေါင်ပေါ်သို့ ပျက်ကျခဲ့ပါသည်။

ထိုခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲသည် လေယာဉ်နှင့် မပြန်ဘဲ ကားလမ်းခရီးစဉ်မှ ပြန်သွားကြောင်းကိုလည်း ပြောပြပါသည်။

ကိုတိုး၏ ယခုဘဝ ဖခင်ဖြစ်မည့် ဦးထွန်းသည် စက်ဘီးဖြင့် အိမ်နှင့် မဝေးသော လေယာဉ်ပျက်ကျရာ မြို့ဟောင်းဘူတာအနီးရှိ ဆန်ကိုဒေါင်သို့ သွားကြည့်ပါသည်။

ကိုတိုးဝင်စားမည့် အရာရှိစစ်မှုထမ်း ပရလောကသားသည် လာကြည့်ပြီး ပြန်သော ဖခင်၏ စက်ဘီး၏နောက်တွင် ထိုင်လိုက်ခဲ့ပါသည်။ ဖခင်၏ အိမ်ရှေ့တွင် ဗာဒံပင်တွင် တစ္ဆေဘဝဖြင့်နေရင်း မိခင်ကြီးထံတွင် နှစ်အတော်ကြာမှ ဝင်စားကြောင်း ကိုတိုးမှ ပြန်ပြောပြပါသည်။

ယခုဘဝ ဖခင်ကြီးမှ စစ်လေယာဉ်ပျက်သည့်နေ့တွင် သွားကြည့်ရာ သေဆုံးနေသော စစ်မှုထမ်းရုပ်အလောင်းများကို တွေ့ရပါသည်။ ထိုနေရာမှအပြန် စက်ဘီးစီးရာ စက်ဘီးသည် လူတစ်ယောက် နောက်မှ ထိုင်လိုက်သည့်ထက် ပိုလေးနေပြီး အားစိုက်နင်းရပါသည်။

အိမ်ရှေ့အရောက်တွင် စက်ဘီးမှာ ပေါ့သွားကြောင်း မိသားစုကို ပြောပြပါသည်။ စစ်မှုထမ်းအရာရှိ ပရလောကသားသည် စက်ဘီးပေါ်မှဆင်းပြီး ဗာဒံပင်တွင်နေကြောင်း ကိုတိုး ပြောပြသည်နှင့် တူညီနေပါသည်။

မြန်မာ့ရုပ်မြင်သံကြားမှ သတင်းများကို မိသားစုနှင့် ထိုင်ကြည့်ရင်း သတင်းများထဲတွင် အရာရှိစစ်မှုထမ်းများကို တွေ့လျှင် ထိုသူသည် သူ၏ သူငယ်ချင်း ဖြစ်ကြောင်း ကိုတိုးက ထူးဆန်းစွာ ပြောပြတတ်ပါသည်။

ယခင်ဘဝက မိသားစုများကို သတိရကြောင်း၊ လွမ်းကြောင်း၊ ပြန်သွားမည်ဆိုကြောင်းကို တဖွဖွ ပြော[illegible] တတ်ပါသည်။

ကိုတိုးပြောသော အတိတ်[illegible] အကြောင်းများသည် အမှန်တကယ် ဖြစ်ခဲ့သော အဖြစ်အပျက်များဖြစ်[illegible] ယခုဘဝမိသားစုများသည် ကိုတိုး[illegible] လက်လွှတ်ဆုံးရှုံးသွားမည်ကို စိုး[illegible] နေကြပါသည်။

ကိုတိုး၏ မိဘများသည် ကိုတိုး[illegible] အရွယ်ရောက်လျှင် ပို့ပေးမည်ဟု က[illegible] ပေးထားသော်လည်း မပို့ဖြစ်ခဲ့ကြ[illegible] အမှန်တကယ် ယခင်ဘဝ မိသားစု[illegible] ထံ ကိုတိုးပြောသော လိပ်စာအတိုင်း[illegible] သွားလျှင် တွေ့ရမည်ဖြစ်ပါသည်။

ကိုတိုးကို ယခင်အတိတ်[illegible] မိသားစုက ခေါ်ထားကြမည်ကို စိုး[illegible] ပြီး မပို့ဖြစ်ခဲ့ခြင်း ဖြစ်ပါသည်။ ကိုတိုး[illegible] သည် ချမ်းသာသော မိသားစုဝင်များ[illegible] ချစ်ခြင်းကို ခံရပြီး ယခုအခါ ဘွဲ့ရ[illegible] တတ်တစ်ဦး ဖြစ်နေပြီ ဖြစ်ပါသည်။

**[လွန်ခဲ့သော နှစ်ပေါင်း[illegible] ကျော် နံနက်စောစော(၅)[illegible] ပတ်ဝန်းကျင်တွင် တောင်[illegible] အင်းပေါ်သို့ မြောက်ဘက်မှ [illegible] လာသော လေယာဉ်တစ်စင်း[illegible] ကို ကြားရပါသည်။**

**ထိုလေယာဉ်သည် အင်းအ[illegible] မှ ပြန်ကွေ့ပြီး မြောက်ဘ[illegible] ပြန်မောင်းသွားပါသည်။ လေ[illegible] သံ ကြားနေရပြီး ဝုန်းခနဲ ပေါ[illegible] သံ ကြားခဲ့ရပါသည်။ နံနက်[illegible] လေယာဉ်ပျက်ကျသည့် သ[illegible] ကြားရပါသည်။]**

ချို (အုပ်မှူး)



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်ဝင်းမွန်
B.A (သမိုင်း)

ထူးဆန်းစွာ

# အရောင်များထွက်သည့် စေတီကလေးနှင့်

ကောကြောက်ခံရသည့် ဖြစ်ရပ်ဆန်း

လွန်ခဲ့သော နှစ်ပေါင်း (၂၅)နှစ် ကျော်ကျော် နှစ်(၃၀)ခန့် အချိန်က ဖြစ်ပါသည်။ ထိုစဉ်က ခင်လေး ဆရာမ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ရသော ရွာကလေးသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်အတွင်း ဧရာဝတီမြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။

ရွာသူရွာသားများမှာ ရှမ်းတိုင်းရင်းသား အနွယ်ဝင်များဖြစ်၍ ဖြူစင်ရိုးသားကြပါသည်။ အလွန် ရှေးဆန်ကြပါသည်။ ဘုရား၊ တရား ကြည်ညိုရုံမက နီးရာနတ်များကိုပါ ယုံကြည်စွဲလမ်းကြောက်ရွံ့ကြပါသည်။

ရွာတွင် အိမ်ကြီးအိမ်ကောင်း နည်းပါးသော်လည်း ရွာမြောက်ဘက်စွန်းတွင် ခံ့ညားထည်ဝါသော ဘုန်းတော်ကြီးကျောင်းနှင့် စေတီအို၊ စေတီဟောင်းများကို တွေ့ရပါသည်။ ဝမ်းနည်းစရာ ကောင်းသည်က ထိုစဉ် ဘုန်းတော်ကြီးကျောင်းမှာ ဘုန်းတော်ကြီး၊ ကိုရင် တစ်ပါးမှ မရှိသည့်ပြင် ကျောင်းမှာ ယိုယွင်းပျက်စီးနေပါသည်။

လက်ရှိအချိန်မှာ ယိုယွင်းပျက်စီးနေသော်လည်း ကျောင်းကြီးမှာ ကြီးမားခံ့ထည်ခဲ့ကြောင်း သိသာလှပါသည်။ စေတီအို၊ စေတီပျက်များနှင့် ကျောင်းအိုကြီးမှာ ပြုပြင်သူ ကင်းမဲ့လျက်ရှိပါသည်။

ရွာအနောက်ဘက်တွင် တောင်ပူစာကလေးတစ်လုံး ရှိ၍ တောင်ထိပ်တွင် စေတီငယ်တစ်ဆူကို ဖူးတွေ့ရပါသည်။

ထိုစေတီကလေးနှင့် ပတ်သက်၍ ရွာမှ သက်ကြီးရွယ်အို၊ အဘိုးအဘွားများကို မေးမြန်းကြည့်သော အခါတွင်မူ ရသေ့ကြီးတစ်ပါး ကြွရောက်လာပြီး တည်သွားသည်ဟုသာ သိရပြီး ဘာမှ ရေရေရာရာ မသိရပါ။

သို့သော် စေတီကလေးမှ အရောင်များ ထွက်လာပါက မကြာမီ ပြဿနာတစ်ခုခု ဖြစ်ပွားတတ်သည် ဟူသော အကြောင်းကိုတော့ အဘိုး၊ အဘွားတိုင်းက ပြောပြကြပါသည်။

www.burmeseclassic.com

နှစ်ပေါင်း (၅၀)တွင် တစ်ခါသာ ကြုံတွေ့ရသည်ဆိုသော ရောဝတီမြစ်ရေ အကြီးအကျယ် တက်သည့်အခါတွင်လည်း စေတီတော်ကလေးက ကြိုတင်၍ အလင်းတန်းများ လွှတ်၍ သတိပေးခဲ့ကြောင်း ပြောကြပါသည်။

ထိုစဉ်က အေးချမ်းမှု မရှိသေးသော အချိန် ဖြစ်ပါသည်။ ခင်လေးတို့ ရောက်ရှိနေသော ဒေသကလေးမှာ အဖြူရောင်နယ်မြေ မဟုတ်သေးပါ။

ထိုနေ့က ကျောင်းမှာ စာသင်နေချိန်တွင် တောင်ပေါ်စေတီကလေးမှ အလင်းရောင်များ ထွက်လာသည်ကို ကြုံတွေ့ကြရပါပြီ။

ခင်လေးတို့ ကျောင်းကလေးမှာ သက်ငယ်အမိုး ရှိသော်လည်း အကာမရှိပါ။ ကြမ်းမှ ဒူးဆစ်လောက်အမြင့်သာ အထိန်းအကွပ်သဘော ထရံတိုကလေးများဖြင့် ကာရံထားပါသည်။ စားပွဲမှာ လက်ထောက်၍ ထိုင်နေပါက တောင်ပေါ်စေတီကလေးကို လှမ်း၍ ဖူးမြော်နိုင်ပါသည်။

ကျောင်းက ရွာထိပ် တောစပ်မှာ တည်ရှိပါသဖြင့် တောစပ်က သစ်ပင်များပေါ်တွင် မြူးထူးကျက်စားနေလေ့ရှိသော မျောက်သတ္တဝါများ၊ ဒေါင်းငှက်များကို မကြာခဏ လှမ်း၍ မြင်တွေ့နိုင်ပါသည်။

မြင်ကွင်းစုံကို မြင်တွေ့နေရသော ကျောင်းကလေးမှာ စာသင်ရသည်မှာ နှစ်သက်ဖွယ် ကောင်းလှပါသည်။ သို့သော် ရင်သိမ့်တုန်ရသော နေ့များကိုလည်း တွေ့ကြရပါပြီ။

## တောင်ပေါ် စေတီကလေးမှ အလင်းရောင်များ လွှတ်သောနေ့

စေတီတော်ကလေးမှ အလင်းရောင်များ လွှတ်သည်ကို ကျောင်းသားကလေးများမှ စတင် တွေ့ခဲ့ကြခြင်း ဖြစ်သည်။ ကျောင်းသားများက ပြောကြသဖြင့် ခင်လေးတို့မှာ စေတီတော်ကလေးကို လှမ်း၍ ဖူးမြော်ကြရာ တကယ်ပင် အလင်းရောင်များ လွှတ်နေကြောင်း သိရပါသည်။



အလင်းရောင်မှာ အစိမ်းရောင်ဖြစ်၍ ထီးတော်အောက်မှ အစိမ်းရောင် အလင်းချောင်းကြီး လင်းလက်နေသလို တွေ့မြင်ရခြင်း ဖြစ်ပါသည်။ ပမာဆိုရသော် လျှပ်စစ်မီးချောင်းအစိမ်းရောင် လင်းလက်နေသလို ဖြစ်ပါသည်။

ခင်လေးတို့မှာ ကျောင်းကြမ်းပြင်ပေါ် ထိုင်ချကြပြီး စေတီတော်ကလေးကို ရှိခိုးဦးတင်မိကြပါသည်။ ထိုအချိန်က မှတ်မှတ်ရရ မွန်းလွဲ နှစ်နာရီအချိန် ဖြစ်သည်။ အလင်းရောင် ထွက်သည်မှာ (၁၅)မိနစ်ခန့် ကြာမြင့်ပါသည်။

ထိုနေ့ပြီးနောက် နှစ်ရက်ဆက်တိုက် မွန်းလွဲ နှစ်နာရီ အချိန်မှာပင် အလင်းရောင်များ လွှတ်ပါသည်။ သို့ဖြစ်၍ သုံးရက်တိုင် အလင်းရောင် လွှတ်ပြီးနောက်နေ့တွင် ရွာအနီး တောင်ပတ်တောစပ်တွင် ရောက်ရှိနေသော တပ်မတော် ကင်းအဖွဲ့နှင့် မြစ်လယ်သောင်ခုံပေါ်တွင် ရောက်ရှိနေသော တောဘက်မှလူများ အမှတ်မထင် တွေ့ရှိကြပြီး တိုက်ပွဲ ဖြစ်ကြပါသည်။

စတင် ပစ်ခတ်ကြချိန်မှာ နံနက် တစ်နာရီအချိန်ခန့်ဖြစ်၍ ခင်လေးတို့ ကျောင်းမသွားရသေးပါ။ ကံကောင်း[...] သည်ဟု ဆိုရမည်။ ခင်လေးတို့ ရောက်[...] စက မြစ်ကမ်းပါးတွင် နေစရာ တဲအိမ်[...] ငယ်ကို ရွာမှ ဆောက်ပေးထားသည်[...]

မိုးကာလ ကုန်လွန်၍ ဆောင်းဦး[...] အချိန်တွင်မူ ရွာကုန်းပေါ်မှာရှိသော အင်းသူကြီး၏ နှစ်ထပ်အိမ်ကြီးပေါ်မှာ နေစေပါသည်။ အင်းဖော်သောအခါ[...] ဖြစ်၍ အင်းသူကြီး မိသားစုက အင်း[...] ရှိရာသို့ ပြောင်းရွှေ့သွားကြသဖြင့် အိမ်[...] ကြီးမှာ အားလပ်နေပါသည်။ ခင်လေး[...] တို့ကို အစစ လုံခြုံစေရန် အိမ်ကြီးတွင် နေစေခြင်း ဖြစ်ပါသည်။

ခင်လေးတို့မှာ သေနတ်သံ[...] လက်နက်ကြီးသံများ စတင် ကြား[...] ကတည်းက အိမ်ကြီးပေါ်မှာ ဘာလုပ်[...] ၍ ဘာကိုင်ရမှန်းမသိ ဖြစ်ကြရပါသည်[...] အတွေ့အကြုံ မရှိသေးသဖြင့် အလွန်[...] အမင်း ကြောက်ရွံ့နေမိခဲ့ကြသည်[...] အိမ်ကြီးပေါ်တွင် ဟိုပြေးဒီပြေး လုပ်နေ[...] မိကြပါသည်။

'ဆရာမတို့ ဆရာမတို့ အိမ်ပေါ်မှာ မနေကြ[...] နဲ့လေ။ ဆင်းခဲ့ ဆင်းခဲ့၊ အိမ်ပေါ်မှာနေ[...] သေနတ်ကျည်ဆန် မှန်တတ်တယ်'

ဟု အော်ဟစ် သတိပေးရှာသော[...] အဘွား၏အသံကို ကြားကြမှ အိမ်ပေါ်[...] က အပြေးဆင်းခဲ့ကြသည်။

'လာ လာ၊ အဘွား အိမ်ဘက်ကို[...] လာခဲ့ကြ'

ခင်လေးတို့နှစ်ဦးကို စိတ်မချ[...] သော အဘွား၏ အိမ်ဘက်သို့ ခြံစည်း[...] ရိုးကို ဘယ်လိုတိုးပြီး ဝင်ရောက်သွား[...] မိသည် မသိ။ လက်တွေ၊ ခြေတွေ[...] ဆူး၊ ဝါး၊ သစ်ကိုင်းများ ခြစ်မိ ထိုးမိ[...] သွေးထွက်သံယို ဖြစ်နေမှန်း နောင်[...] သတိပြုမိကြသည်။

အဘွားက အိမ်နောက်ဖေး[...] အဆင်သင့် ရှိနေသော မြေကျင်းထဲ[...]





www.burmeseclassic.com

www.burmeseclassic.com

ဆင်းပြီး နေမိုင်းသဖြင့် ကျောင်းထဲမှာ ဝပ်ပြီး ဘုရားစာတွေကို ရွတ်ဖတ်နေမိကြပါသည်။ အသွားခမျာလည်း ဘုရားစာများကို ကတုန်ကယင် ရွတ်ဖတ်နေရှာပါသည်။

တိုက်ပွဲမှာ (၄၅)မိနစ်ခန့်သာ ကြာသဖြင့် တော်ပါသေးသည်။ သေနတ်သံများ တိတ်ဆိတ်ပြီး အတန်ကြာမှ ပုန်းခိုနေကြသော ရွာသူရွာသားများ ထွက်လာကြသည်။ ရွာတောင်ဘက် တောစပ်ကမ်းပါးနှင့် မြစ်လယ် သောင်ပေါ်မှ မြစ်ကို ကျော်၍ တိုက်ပွဲဖြစ်ခြင်း မှန်သော်လည်း ခင်လေးတို့ စိတ်ထဲတွင် ရွာပေါ်မှ စီး၍ ပစ်နေသည်ဟု ထင်မှတ်ရပါသည်။

တိုက်ဆိုင်သည်က စေတီတော်ကလေးမှ အရောင်များ မလွှတ်မီ နှစ်ရက်လောက်တွင် ခင်လေးတို့မှာ တောခြောက်ခံရသေးသည်။

ဖြစ်ပုံမှာ ထိုနေ့က ကျောင်းဆင်းပြီး ညနေပိုင်း ချက်ပြုတ် စားသောက်ပြီး အိမ်ရှေ့မှာ အေးအေးလူလူ ထိုင်နေကြစဉ် မျိုးလှိုင်ဝင်း အမည်ရှိ လူငယ်တစ်ဦး ရောက်လာသည်။ မျိုးလှိုင်ဝင်းက မြစ်ကြီးနားမှဖြစ်ပြီး ဒီရွာကလေးသို့ မှန်ညင်းစိုက်ရန် ရောက်ရှိနေခြင်း ဖြစ်သည်။

ဆောင်းဦးရာသီရောက်တိုင်း မျိုးလှိုင်ဝင်းတို့ ညီအစ်ကိုတစ်စု ဆွေမျိုးများရှိရာ ဤရွာကလေးသို့ နှစ်စဉ်လိုလို မှန်ညင်းအခင်း လာရောက် လုပ်ကိုင်လေ့ ရှိသည်။ မြစ်ကြီးနား တစ်မြို့တည်း နေကြသူများဖြစ်၍ ခင်လေးတို့နှင့် ခင်မင်နေသည်။

ခင်လေးတို့အိမ်သို့ မကြာမကြာ လာရောက် လည်ပတ်လေ့ ရှိသည်။ ယခုလည်း ခင်လေးတို့အိမ်ရှေ့ ဝါးလုံးတန်း၍ ကာရံထားသော ဝင်းတံခါးရှေ့



မှာ ရပ်၍ ခင်လေးတို့ရှိရာ အိမ်ပေါ်သို့ လှမ်း ကြည့်ပြီး...

'ဆရာမတို့ကို ပြောမလို့၊ ကျွန်တော် ဟိုဘက်ရွာကအပြန် တောစပ်မှာ သစ်ခွတွေ ပွင့်နေတာ တွေ့ခဲ့တယ်။ သိပ်မမြင့်ဘူး။ သစ်ဖြူပင်ပေါ်မှာ ပွင့်နေတာဗျ'

ဟု အော်ပြောပါသည်။ ခင်လေးတို့မှာလည်း မိန်းမသားပီပီ...

'ဟင် ဟုတ်လား'

ဟု စိတ်ဝင်စားစွာ ပြန်မေးမိကြသည်။

'အဝေးကြီးလားဟယ်'

'သိပ်မဝေးဘူး။ ဆရာမတို့ လိုချင်ရင် ကျွန်တော် လိုက်ကောက်ပေးမယ်'

ထိုဒေသမှာ ခူးသည်ကို ကောက်သည်ဟု သုံးနှုန်းပါသည်။ ကချင်ပြည်နယ်တွင်းရှိ ဒေသတိုင်း ဤကဲ့သို့ သုံးနှုန်းပါသည်။ ရေခပ်သည်ကိုလည်း ရေကောက်သည်ဟု သုံးပါသည်။

'ဟော့ ငါ့အတွက် ရေကောက်ခဲ့ပါ တစ်ခွက်လောက်'

စသဖြင့် သုံးနှုန်းကြပါသည်။

'ဆရာမတို့သာ ကျွန်တော်နဲ့ အဖော်လိုက်ခဲ့ပေးကြပါ'

ခင်လေးတို့နှစ်ဦး အိမ်ပေါ်က ဆင်းပြီးသား ဖြစ်ကြရသည်။ ဦးဆောင်၍ ရှေ့က ထွက်သွားသော မျိုးလှိုင်ဝင်း နောက်သို့ ဝမ်းသာအားရ လိုက်ပါသွားကြပါသည်။

မျိုးလှိုင်ဝင်းနှင့် ခင်လေး၊ မာသီတို့ ရွာတွင်းမှ ထွက်ပြီး တောင်ဘက်တောစပ်သို့ ဦးတည်ခဲ့ကြသည်။

မျိုးလှိုင်ဝင်း ပြောသော သစ်ဖြူပင်ကို ခင်လေးတို့ သိသည်။

ထို သစ်ဖြူပင်သို့ ရောက်ရန် သိပ်ဝေးဝေး သွားစရာ မလိုပါ။ အခုတော့ အတန်ပင် လျှောက်ခဲ့ကြသော်လည်း သစ်ဖြူပင်ကို မတွေ့ရသေး။

'ဟဲ့ မျိုးလှိုင်ဝင်း နင့်ဟာက ဟုတ်မှဟုတ်ရဲ့လား။ သစ်ဖြူပင်ရောက်ဖို့ ဒီလောက် မသွားရဘူး ထင်တယ်'

'ဟုတ်တယ် ဆရာမရဲ့ ကျွန်တော်လဲ အံ့သြနေမိတာ။ ကျွန်တော် တွေ့ခဲ့တာ ရွာနဲ့ နီးနီးလေးပါ'

ခင်လေးနှင့် မာသီ တစ်ဦးကနောက်လှည့်ကြည့်ပြီး မျက်နှာချင်း ဆိုင်မိကြသည်။ မနှစ်က အဖြစ်ကို သတိရမိကြသည်။ စိတ်ထဲမှာ ကြောက်သလိုလို ခံစားမိကြရသည်။ သစ်ခွပန်းကိုလည်း လိုချင်စိတ် မရှိတော့ဘဲ တုန်လှုပ်မှုက ပြင်းထန်လာကြသည်။

'မတွေ့ရင်လဲ ပြန်ကြရအောင်ပါ မျိုးလှိုင်ဝင်းရယ်၊ မိုးချုပ်ရင် မှောင်လာတော့မှာ၊ တို့ကြောက်တယ်'

လမ်း လျှောက်ခဲ့ကြသည်မှာ အတော်ဝေးကွာလာပြီဖြစ်၍ မျိုးလှိုင်ဝင်းက မငြင်းတော့ပါ။ အပြန်လမ်းကို ဦးလှည့်လိုက်ကြသည်။ အသွက်ဆုံးက ခင်လေး၊ ဒုတိယလိုက်သူက မာသီ၊ မျိုးလှိုင်ဝင်းက နောက်ဆုံးမှ ဖြစ်သည်။ လူသွားလမ်းကလေးက တစ်ယောက်သွားသာရုံဖြစ်၍ ရှေ့နောက် တစ်စီစီ စဉ်၍သာ လျှောက်ကြရသည်။

လမ်းဘေးတွင် မြက် ချုံပုတ်၊



www.burmeseclassic.com

www.burmeseclassic.com

သစ်ပင်ကြီးငယ်များ မထူမပါး ပေါက်ရောက်နေပါသည်။ ခင်လေးတို့စိတ်မှာ သိပ်ပြီး မသက်သာချင်တော့သဖြင့် နှုတ်ဆိတ်၍ အတွေးတွေ စုံအောင်တွေးကာ ခပ်သွက်သွက်ကလေး လှမ်းလာကြပါသည်။

ရုတ်တရက် "ဘုန်း"ဟူသော အသံကြီးကို ကြားလိုက်ကြရသည်။ အလွန်ကြီးမားသော သတ္တဝါကြီးတစ်ကောင် သစ်ပင်အမြင့်ကြီးပေါ်က ခုန်ဆင်းလိုက်သောအသံ ဖြစ်သည်။

"ဘုန်း"ဟူသော အသံကြီး ပေါ်ထွက်ပြီးနောက် ဆက်လက်၍ ခြေဖဝါးကြီးမားလှသော သတ္တဝါကြီး ပြေးလာသကဲ့သို့သော အသံကြီးကိုပါ တဘမ်းဘမ်းနှင့် ဆက်လက်၍ ကြားလိုက်ကြရပါသည်။

သွေးပျက်ခမန်း အသံများကြောင့် ရှေ့ဆုံးက ပြေးသူမှာ ခင်လေး၊ သွက်လိုက်သည့်ဖြစ်ခြင်း။ ဝဖိုင့်သော ခန္ဓာကိုယ်မှ အားမနာ ခင်လေးနောက် ထက်ကြပ်မကွာ လိုက်ပါလာသူက မာသီ၊ မျိုးလှိုင်ဝင်းကတော့ ယောက်ျားပီပီ ဣန္ဒြေရရပါပဲ။ ဒါပေမယ့် မပြေးရုံတမည် အမြန် လျှောက်လိုက်လာပါသည်။

တောစပ်ကို လွန်မှသာ သုံးယောက်သား အရှိန်လျှော့ပြီး အမောဖြေမိကြသည်။ ထိုင်မနေနိုင်အားဘဲ ရွာထဲရောက်အောင် ခပ်သွက်သွက် လှမ်းဝင်ခဲ့ကြပါသည်။ ရွာထဲရောက်တော့ မျိုးလှိုင်ဝင်း သူ့တည်းအိမ်သို့ တန်းပြန်သွားသည်။

ခင်လေးတို့ နှစ်ယောက်မှာတော့ ထုံးစံအတိုင်း အိမ်နီးချင်း အဘွားအိမ်ကို လှမ်းခဲ့ကြသည်။ အကျိုးအကြောင်း ပြောပြပြီးသောအခါ အဘွားက...

'ဆရာမတို့ကလဲလေ ခက်ပါတယ်။ အချိန်



မဟုတ် အခါမဟုတ် သွားပြန်တာကိုး။ သိပ်အရဲမကိုးကြပါနဲ့နော်။ တစ်ခုခု ဖြစ်သွားရင် မလွယ်ပါလား'

မြေးအရွယ် ခင်လေးတို့ကို အပြစ်တင်ပါသည်။ ကရုဏာဒေါသောနှင့် အပြစ်တင်သော်လည်း မောပန်း၍ ဆာလောင်လာသော ခင်လေးတို့ကို မီးဖိုနားမှာ ထိုင်စေပြီး ခေါ်ပုတ်ကင် ကျွေးပါသည်။

ရေနွေးတည်၍ အခါးရည် တိုက်သည်။ အဘွား၏ ရေနွေးအိုးက ဝါးပိုးဝါးနှင့် ပြုလုပ်ထားခြင်း ဖြစ်သည်။ မီးစားထားသဖြင့် အဆစ်ပိုင်း(ဖင်ပိုင်း)က လုံးလုံးချောချော ဖြစ်နေပါသည်။

ဝါးပိုးဝါးဆစ်ပိုင်းကို မီးဖိုမှာ တစောင်းထောင်ပြီး ရေနွေးကျိုခြင်း ဖြစ်သည်။ လက်ဖက်ခြောက်ကို ထည့်ပြီး ကျိုသဖြင့် ရေနွေးကြမ်းမှာ ညိုမည်းနေပါသည်။ လက်ဖက် အချဉ်ခြောက်ကို ခတ်ထားခြင်းဖြစ်၍ မွှေးနေပါသည်။

ဝါးဆစ်ဘူးနှင့် ကျိုထားသော ရေနွေးကြမ်းကို ဝါးဆစ်ခွက်ကလေးများနှင့် သောက်ရသော အရသာက နှစ်သက်စရာပါ။

'နောက်ကို တောထဲ လျှောက်လျှောက် မသွားကြနဲ့ သိလား။ တောက ပရိယာယ် သိပ်များတယ်။ အခုဟာက ဆရာမတို့ တောခြောက်ခံရတာ။ မျိုးလှိုင်ဝင်းကို သစ်ခွပန်းတွေ မြင်အောင် ပရိယာယ် လုပ်ထားတာ။

ဆရာမတို့ပါ ပါလာတော့ အသံနဲ့ ခြောက်ပြတာပေါ့။ အသံနဲ့ပဲ ခြောက်ခဲ့လို့တော်သေးတယ်။ အသံတင်မက အသွင်ပုံသဏ္ဌာန်ကြီးပါ ပြလိုက်ရင် တကယ် မလွယ်ဘူး။ ဆရာမတို့လို မြို့ပြများမှာ သေရှာတယ်။ သေလောက်ကုယူရမှာ'

အဘွား ပြောတာ မှန်နေသဖြင့် ခင်လေးတို့မှာ ခေါင်းငုံ့ပြီး အသာငြိမ်နေမိကြပါသည်။

'အဘွားကို စိတ်မကွက်ကြနဲ့နော် အဘွားက စိတ်ပူလို့ ပြောတာပါ'

နှစ်ဦးသား ငြိမ်နေသဖြင့် အဘွား ချော့ရှာပါသည်။ သြော်... ချစ်စရာကောင်းလှတဲ့ အဘွားရယ်ပါလား။ တောခြောက်သည်နှင့် ပတ်သက်သော အကြောင်းအရာတွေ အဘွားက ပဟုသုတဖြစ်ဖွယ် ပြောပြပါသေးသည်။ စိတ်ဝင်စားဖို့လည်းကောင်း တုန်လှုပ်စရာလည်း ကောင်းသော အကြောင်းအရာတွေ နားထောင်ပြီး အဘွားကပင် မီးခွက်ကလေးကိုင်ပြီး ပြန်လိုက်ပို့ပါသည်။

ခင်လေးတို့ မီးထွန်း၊ တံခါး အကုန်ပိတ်ပြီးမှ အဘွား ပြန်သွားသည်။ မကြာမီ နေ့စဉ် လာရောက် စောင့်အိပ်ပေးသော တပည့် သ နှင့် မြအေးတို့ ရောက်လာကြသည်။

ကလေးများကို စာ ခဏကျက်ပြီး စောစော အိပ်ရာဝင်ခဲ့ကြသည်။ တော်တော်နှင့်တော့ အိပ်မပျော်ခဲ့ပါ။ ဒီတစ်ခါလည်း မနှစ်က ဆုံစည်းသော အရှင်ကြီးကများ တောခြောက် လွှတ်လိုက်တာလားဟု နှစ်ဦးသား အတွေးတူနေကြပါတော့သည်။

**ဒေါ်ခင်ဝင်းမွန် B.A (သမိုင်း)**

www.burmeseclassic.com

www.burmeseclassic.com

ဝသန္တ မိုးရာသီ ရောက်ပြီဆိုလျှင် ရွှေလီမြစ်ရေသည် နှစ်စဉ်နှစ်တိုင်း ရေကြီး၍ ကမ်းပါးများ ပြိုလျက်ရှိပါသည်။ ပဲတောင်သူများသည် နှစ်စဉ်နှစ်တိုင်း ရေလွှတ်ရာသို့ ပြောင်းရွှေ့ရသည်မှာ အလုပ်တစ်ခုပင် ဖြစ်ပါသည်။ ရေတိုး၍ ကမ်းပါးစားပြီး အိမ်ခြေရာခြေများ ပျက်စီးဆုံးရှုံး၍ ဒုက္ခရောက်ကြရသော အချိန်ကာလပင် ဖြစ်ပေသည်။

ရွှေလီမြစ်ရေ တိုးလာသည်နှင့် ကွဲကူးကျေးရွာမှ ပဲတောင်သူတချို့တို့သည် ရွှေလီမြစ် ကမ်းနဖူးတွင် ဆောက်လုပ်ထားကြသော မိမိအိမ် ကမ်းပါးပြို၍ ရေထဲသို့ ပါသွားမည် စိုးရိမ်ကြ၍ ကမ်းပါးနှင့် တစ်ဖာလုံခန့် ဝေးရာ ရေလွှတ်မည့် လမ်းမကြီးအနီးသို့ ခေတ္တခဏ ရွှေ့ပြောင်းကာ တဲအိုများ ဆောက်လုပ်၍ နေထိုင်လျက် ရှိကြပါသည်။ ရေတက်လာချိန်မို့ မိသားစုအလိုက် ဖြစ်သလို စားသောက်နေထိုင် လာကြရသည်။

ပဲတောင်သူများသည် အဝေးပြေးကားလမ်းမကြီးအနီး၌ နေထိုင်၍ နွားစာကျွေးရင်း ရေနွေးအကြမ်း

# ငါးဝယ်ကြွေးမဟာရှင်

မဟူရာ (ရောဝတီ)
ကသာ



www.burmeseclassic.com



တစ်အိုးနှင့် ဝိုင်းဖွဲ့ကာ ရေဒီယိုဖွင့်၍ မိုးလေဝသသတင်း နားထောင်ခြင်း၊ ဗီစီဒီခွေတိပြား ဇာတ်လမ်းနှင့် မြို့သတင်း၊ ရွာသတင်း စသည်များ ကိုယ်အားသန်ရာ၊ သူအားသန်ရာ သတင်းများကို ပြောဆို ရယ်မြူးနေကြသည်မှာ ပဲတောင်သူတို့ဘဝအဖို့ ပျော်စရာ ကောင်းလှပေသည်။

အသစ် ဖောက်လုပ်ထားသော အဝေးပြေး လမ်းမကြီး၏ နံဘေးတွင် နှစ်ခန်းတဲ ဆောက်လုပ်ပြီး မုန့်မျိုးစုံ ဆေးလိပ်ကွမ်းယာ စသည့် ဝယ်ယူရရှိနိုင်သော ဈေးဆိုင်များလည်း ရှိပါသည်။ အဝေးပြေး ကားလမ်းမကြီးဖြစ်၍ ကားသံများ၊ ဆိုင်ကယ်သံများ ကြားရပြီး ညဒယ်ပို ပြေးဆွဲနေကြသည်။

ရွှေလီမြစ်ရေသည် တစ်စတစ်စ တိုးလာနေပြီး ကျွဲကူးကျေးရွာမှ ပဲတောင်သူတစ်ဦး ဖြစ်သော ဦးပိန်မောင်သည်ရွှေလီမြစ်ကမ်းပါးတွင် ဆောက်လုပ်ထားသော သူ၏အိမ် ရေစားတော့မည်ဖြစ်၍ ပစ္စည်းများအားလုံးနှင့် လူရောနွားပါ ရေလွတ်ရာသို့ ရွှေ့ပြောင်းလာခဲ့ပါသည်။

'လေးပိန်မောင် မရွှေ့စဖူး လူတွေ နွားတွေ ပစ္စည်းတွေ သိမ်းပြီး ရွှေ့လာပြီလား။ ဒီနေရာမှာတော့ ကမ်းပါးပြိုမှာ မစိုးရိမ်ရတော့ဘူး။ စိတ်ချလက်ချ နေရတာပေါ့ဗျာ။ ကားသံတွေလဲ ကြားရ ပျော်စရာပဲပေါ့လေ'

'ဟုတ်တယ်ဟေ့ ရွှေလီမြစ်ရေက တအားတိုးနေပြီ ကမ်းပါးတွေလဲ ပြိုကုန်ပြီ ထင်တယ်။ မင်းတို့၊ ငါတို့ အိမ်တွေလဲ ကမ်းပါးပြိုတဲ့အထဲ ပါပြီး ရေထဲ မျောသွားပြီထင်တယ် သာမောင်ရာ။ ဒီမြစ်ရေကို ငါ မပြောလိုက်ချင်ဘူး။ ရေကလဲတိုး ကမ်းပါးကလဲပြိုနဲ့ကွာ'

'ဦးလေးပိန်မောင်တို့ မိသားစုက ဘယ်မှာတဲထိုးပြီး နေမှာလဲ'

'ရွှေလီမြစ်ကမ်းနဲ့ မနီးမဝေး ရေလွတ်တဲ့ မြေကွက်လပ် ကျန်နေတယ်။ အဲဒီနေရာမှာ ဆောက်ရမှာ'

'ကောင်းပါတယ်... ကောင်းပါတယ်၊ ငါးလာရောင်းရင်လဲ ဝယ်ထားလိုက်၊ ကင်စားကြော်စားရတာပေါ့ဗျာ။ အဟင်း... အဟင်း'

'သာမောင် ဘာတွေပြောသွားတာလဲ မသိဘူး'

ပြောသွားသော သာမောင်စကားကို ခဏ စဉ်းစားလိုက်သည်။ အဖြေကို မသိပါ။ သာမောင်၏ စကားဝှက်ကို မစဉ်းစားဘဲ တဲထိုးပြီး ကျွဲ၊ နွားနှင့် ပစ္စည်းများကို ရွှေ့ပြောင်းရန်အလို့ငှာ ဆောင်ရွက်ရပေဦးမည်။

* * *

ကိုပိန်မောင် တဲဆောက်၍ ပြီးပြီ။ ရွှေလီမြစ်ကမ်းဘေးမှ ကျွဲ၊ နွား ပစ္စည်းအားလုံး ယူခဲ့ပြီးပြီ၊ အားလုံး အဆင်ပြေနေပြီ။ ရွှေလီမြစ်ရေ တိုက်စား၍ ကမ်းပါးပြိုမည်ကို မစိုးရိမ်ရတော့၊ အဝေးပြေး ကားလမ်းမကြီးနှင့် ရွှေလီကမ်းပါးအကြားတွင် ရောက်ရှိနေ၍ စိတ်ချလက်ချ ဖြစ်နေပြီ။

အဝေးပြေး ကားလမ်းမကြီးဘေးတွင် နွားများ၊ ကျွဲများကို စားကျက်သို့ မောင်းပို့ပြီး လက်ဖက်ရည်အခါ၊ ကြံ သကာ၊ မြေပဲယိုတို့နှင့် စားသောက်ရ... ရွာသားတို့ ဓလေ့အတိုင်း အပျော်ကြီ... ပျော်၍ ငြိမ့်နေကြသည်။

လူရွယ်များမှာ ညပိုင်းအချိန်တွင် ကားလမ်းနံဘေးရှိ စလောင်းစက်ရှိ... ဈေးဆိုင်သို့ ပြေးလေတော့သည်။ ကိုပိန်မောင်ကဲ့သို့ အသက်ငါးဆယ်... အရွယ် လူကြီးများမှာ မိမိတို့နှင့် ... ရသော တဲသို့သွား၍ ရေနွေးကြမ်း... တစ်အိုးနှင့် လေထန်နေကြသည်။

ည(၇)နာရီ အချိန်ခန့်၌ လေအနည်... ငယ် တိုက်၍ မိုးဖွဲဖွဲကျနေသောအချိ... ဖြစ်ပါသည်။

ကိုပိန်မောင်၏ နွားနှစ်ရှဉ်းသည်... သရက်ပင်အောက်၌ စားမြုံ့ပြန်နေကြ... သည်။ တဲတွင် အိပ်ဖော်အိပ်ဖက်ဖြ... သော ကိုပိန်မောင်၏တူ မောင်ဖု... လည်း ဂြိုဟ်တုစလောင်းရှိရာ ဆိုင်သို့... သွားလေပြီ။

ထို့ကြောင့် ကိုပိန်မောင် တစ်ယော... တည်းသာ သူ၏တဲတွင် မိုးအေးအေ... နှင့် စောင်ခြုံ၍ မှိန်းနေသည်။ အတွေ... ပေါင်းမျိုးစုံဖြင့် အိပ်၍ကား မပျော်သေး...

'ဦးလေး... ငါးဝယ်ဦးမလားရှင်...'

ပျော့ပျောင်းသော အသံကို ကြား... လိုက်ရ၍ ကိုပိန်မောင် မျက်စိ... ဖွင့်ကြည့်လိုက်စဉ် တဲရှေ့တွင် မိန်း...



www.burmeseclassic.com

www.burmeseclassic.com

ရွယ်တစ်ယောက် ရပ်နေသည်ကို မှုန်ဝါးဝါး မြင်ရသည်။

'မဝယ်သေးပါဘူးကွယ်'

'ဟုတ်... ဟုတ်ကဲ့ရှင့်'

မိန်းမရွယ်က ဟုတ်... ဟုတ်ကဲ့ရှင့် ဟု စကားကို ညင်သာစွာ ပြောပြီး "ငါးဝယ်ကြဦးမလားရှင်...၊ ငါးဝယ်ကြဦးမလားရှင်"ဟု အော်ရောင်းကာ ရွှေလီမြစ်ကမ်းဘေးသို့ ရှေ့ရှုသွားနေပါတော့သည်။

'ဒီမိန်းကလေးကို တို့ရွာမှာ မမြင်ဖူးပါဘူး။ ဘာဖြစ်ဖြစ်လေ ငါးရာအပြန် အခင်းတဲတွေကို ဝင်ပြီး ငါးရောင်းတာ ဖြစ်မှာပါပဲလေ'

ကိုပိန့်မောင် ခေတ္တစဉ်းစားပြီး အတွေးများ ပျောက်ပစ်လိုက်သည်။ မိုးမှာ သဲသဲမဲမဲ ရွာချနေတုန်းပင် ဖြစ်သည်။

* * *

'ကိုပိန့်မောင်ကြီး နေထိုင်ရတာ အဆင်ပြေရဲ့လား'

'ပြေပါတယ်ကွာ ပြေသမှ အလွန်ပြေပါတယ်။ အဝေးပြေး ကားလမ်းမနဲ့ နီးတော့ လူသံတွေ၊ ကားသံ ဆိုင်ကယ်သံတွေ ဆူဆူညံညံနဲ့ သိပ်ပျော်စရာ ကောင်းနေတာပေါ့ကွာ'

'ပျော်တယ်ဆိုရင်ပဲ ဝမ်းသာလှပါပြီ။ ဟဲ... ဟဲ... ဟဲ... ဟဲ'

မလှမ်းမကမ်းတဲမှ လူငယ်တစ်စုက ဤမျှလောက် ပြောဆိုမေးမြန်းပြီး သဘောကျလျက် ထွက်ခွာသွားကြတော့သည်။

အလကား စကားမရှိစကားရှာ ဒီကလေးတွေ ဘာစကားတွေ လာပြောနေမှန်း မသိဘူး၊ အကြောင်းကြောင်းနဲ့ ကြာပါတယ်ကွာ မစဉ်းစားတော့ဘူး။ ခပ်နောက်နောက် ပြောသွားကြတာ ဖြစ်မှာပါ။



ကိုပိန့်မောင် ရောက်လာသည်မှာ ဒီညဆိုလျှင် ငါးညရှိခဲ့ပါပြီ။ ရွှေလီမြစ်ရေကလည်း တက်နေပြီ။ မိုးကလည်း သဲသဲမဲမဲ ရွာနေသည်။ မြစ်ရေမှာလည်း တိုးသည်ထက် တိုးလာသည်။ မိုးတွင်းကာလ ဒီလိုအဖြစ်မျိုးနှင့် ကြုံရသည်မှာ ပဲတောင်သူများအနေဖြင့် အဆန်းမဟုတ်ပါ။

တစ်နေ့ကုန်၍ မိုးချုပ်တော့မည်။ ကိုပိန့်မောင်၏တူ မောင်ပုမှာလည်း လူငယ်ဘာဝအလျောက် အပေါင်းအဖော်များနှင့် ဗီဒီယိုရုံသို့ သွားကြသည်။ ကိုပိန့်မောင်သည် ဒီညမှာ အိပ်၍မပျော် ရေနွေးကြမ်းအိုးတစ်လုံးနှင့် တောင်တွေးမြောက်တွေး စဉ်းစားနေခိုက်...

'ဦးလေး... ငါးဝယ်ဦးမလားရှင့်'

ရောင်းလာပြန်ပြီ။

လွန်ခဲ့တဲ့ တစ်ညက ငါးရောင်းလာတဲ့ မိန်းကလေးတစ်ယောက်။ ဟိုတစ်စု၊ ဒီတစ်စု လင်းနေသော ကြယ်ရောင်အောက် မှုန်မှုန်ဝါးဝါး အမှောင်ညမှာ အဲဒီသူငယ်မ ရောက်လာပြန်ပြီ။ အင်္ကျီကမပါ လုံချည်ကို ရင်ရှား၍ ဒူးဆစ်အောက်နားထိ ဝတ်ထားသည်။

ငါးထည့်ထားဟန် တူသော ပလိုင်းတစ်ခု လွယ်ထားသည်။ လက်တစ်ဖက်က ယက်သဲ့ကိုင်ထားသည်။ ဆံပင်အား နောက်သို့ဖြန့်ထားသည်။ မျက်နှာကို သဲသဲကွဲကွဲ မမြင်ရ။

'မဝယ်သေးပါဘူးကွယ်'

'ဟုတ်... ဟုတ်ကဲ့ရှင့်'

သူငယ်မသည် စကားလေးလုံးအား ချိုသာစွာပြောဆိုပြီး "ငါးဝယ်ကြဦးမလားရှင်... ငါးဝယ်ကြဦးမလားရှင်" ဟု အော်ရောင်းရင်း ရွှေလီမြစ်ကမ်းပါး ဝဲကတော့ရှိရာသို့ တစ်စိုက်မတ်မတ် ထွက်ခွာပျောက်ကွယ်သွားတော့သည်။

ဒီတစ်ခါမှာဖြင့် ကိုပိန့်မောင်သည် အကြီးအကျယ် ကြောက်လန့်သွားပါတော့သည်။ ဘယ်က သူငယ်မပါလိမ့်ဟု အတွေးထဲ၌ စဉ်းစားစရာ ဖြစ်သွားပါသည်။

'ငါ့ကို သူသိလို့ ငါးရောင်းလာတာပဲ၊ ဘာမှ မဖြစ်နိုင်ပါဘူးလေ'

စဉ်းစားခန်းကို ထိုကဲ့သို့ ဖြတ်လိုက်သည်။

* * *

ထူးမောင်၏ တဲအတွင်းမှာပါ။ ကိုပိန့်မောင်နှင့်အတူ ပဲတောင်သူများ ရေနွေးကြမ်းသောက်ရင်း လူစုံနေ၍ ပြောနေကျအတိုင်း ဟိုရောက်ဒီရောက် ပြောဆိုနေကြပါသည်။ ပဲတောင်သူများ ဖြစ်ကြသော ကိုသန်းအောင်၊ ကိုမြင့်ငွေ၊ ကိုထူးနှင့် တင်အောင်။ တင်အောင်ကစ၍ စကားပြောလိုက်သည်။

'ကိုပိန့်မောင်ကြီး ညစဉ်ညတိုင်း အိပ်လို့ကောင်းရဲ့လား'

'အိပ်လို့ ကောင်းပါတယ် မောင်တင်အောင်ရာ၊ တောင်လေ တဖြူးဖြူး တိုက်လာတော့ အိပ်ကောင်းရုံတွင် မကဘူး အိပ်မက်တွေတောင် မက်လိုက်သေးသကွ'

'တစ်ဦးတစ်ယောက်က ခင်များကို လာပြီး မနှိုးဘူးလား'

ထို့နောက် သန်းအောင်က တဟား

www.burmeseclassic.com

ဟား ရယ်မောရင်း စကားကြောင်း လိုက်သည်မှာ...

'လူကိုတော့ နှိုးမှာ မဟုတ်ပါဘူးလေ။ ငါး တော့ ရောင်းချင်ရောင်းလာမှာပါ။ မဟုတ်ဘူး လား ကိုပိန်မောင်'

တင်အောင်နှင့် သန်းအောင်၏ စကားကြောင့် ကိုပိန်မောင် ခေါင်းမှ ဆံပင်များ ထောင်သွားပြီး ကြက်သီး မွေးညင်း ထသွားတော့သည်။

'ဒီမယ် သန်းအောင်နဲ့ တင်အောင် မင်းတို့ ဘယ်လိုပြောပြော ငါကတော့ လုံးဝ မကြောက်ဘူးဟေ့။ အဓိပ္ပာယ်မပြည့်စုံတဲ့ စကားတွေနဲ့ ငါ့ကိုလာမခြောက်နဲ့ လုံးဝ,လုံးဝ မကြောက်ဘူးမောင်'

'ဟုတ်ပါပြီ မကြောက်ရင်လဲ ဝမ်း သာပါတယ်။ ငါးရောင်းလာရင်လဲ ဝယ်ပေးလိုက်ပေါ့ဗျာ။ ဟဲဟဲ...ဟဲဟဲ... ဟီး'

'ဟုတ်တယ်ဟ ကောင်လေးတွေ မင်းတို့ပြောလို့ ပြောရဦးမယ်။ အင်္ကျီ မပါဘူးမောင်၊ လုံချည်ကို ရင်ရှားပြီး ဒူးဆစ်ထိဝတ်ထားတယ်မောင်၊ လက် တစ်ဖက်က ယက်သဲ့ကို ကိုင်ပြီး ပလိုင်းကို ခါးမှာချည်ထားတယ်။ ငါး ရောင်းလာတာ နှစ်ညရှိပြီ။ အဲဒီ သူငယ်မကို ငါလဲမသိဘူး'

အဲဒီလိုပြောလာမှ တဲအတွင်းမှာရှိ သည့် ပဲတောင်သူတွေ ကိုပိန်မောင်ကို ကြည့်လို့ တဟားဟား ရယ်မောလိုက် ကြသည်။

'ဟား...ဟား...ဟား...ဟား အမှန်တော့ ကိုပိန်မောင်ကို ရွှေလီမြစ်ကမ်းပါး ဝဲကတော့ က တစ္ဆေမ လာသွားပြီ ထင်တယ်ဟေ့'

'ဘယ်လို... ဘယ်လို ရွှေလီမြစ် ကမ်းပါး ဝဲကတော့က တစ္ဆေဆိုတာ'

'ရွှေလီမြစ်ကမ်းပါးက တစ္ဆေဆိုတာ ဦးလေးပိန် လုံးဝ မကြားလိုက် မသိ လိုက်ဘူးလား။ ကျွန်တော်ပြောပြမယ်။ လွန်ခဲ့တဲ့ လေးနှစ်လောက်က မိန်းက လေးတစ်ယောက် ငါးရှာလာရင်း မိုးဖွဲ ဖွဲနဲ့ လမိုက်ညကြီးမို့ အပြန်မှာ ရွှေလီ မြစ်ကမ်းပါး ပြိုကျပြီး ဝဲကတော့ထဲကို လိမ့်ကျ သေဆုံးသွားခဲ့ဖူးတယ်။ ခြောက် လှန့်လိုက်တာလဲ လွန်ရောတဲ့။ အဲဒီ ကမ်းပါးနားကို အနီးရှိ ပဲတောင်သူတွေ မသွားရဲကြဘူးတဲ့။ အခုမှ အခင်းတွေ များလာမှ လူတွေ မကြောက်ကြတာ တဲ့'

'ပရလောကသားက လူကို ငါး ရောင်းတတ်သလားကွာ'

'ငါးဝယ်ကြဦးမလားရှင့် ဆိုတဲ့ အသံကို ခင်ဗျားကိုယ်တိုင် ကြားခဲ့ရ တာပဲဗျာ'

လူတစ်စုက ကိုပိန်မောင် ကြောက် အားကြီးလာရန် စကားအပြောအဆို မြှင့်ပေးလိုက်သည်။

'မင်းတို့ ပြောလိုက်ကြတော့မှ ငါတို့ တူအရီးနှစ်ယောက် မအိပ်ရဲတော့ဘူး ကွာ။ ငါ့ကို ကူညီတဲ့အနေနဲ့ ဒီတစ်ည တော့ သန်းအောင်နဲ့ တင်အောင် မင်းတို့နှစ်ယောက် လာအိပ်ပေးကြဦး ကွာ'

'မအိပ်ရဲပါဘူးဗျာ။ ဘယ်သူမှ မနေရဲလို့ အဲဒီနေရာမှာ ကွက်လပ်ကြီး ဖြစ်နေတာပေါ့။ အခြောက်အလှန့်မရှိရင် အဲဒီမြေကွက်လပ် ကြီးမှာ တဲတွေပြည့်နေပြီ'

ကိုပိန်မောင် ကြောက်စိတ်တွေက ဒီရေလို မြင့်တက်နေပြီ။ အရေးကြုံမှ အပေါင်းအသင်း ရှာချင်ပြီ။ မျက်နှာ ငယ်ငယ်ဖြင့်...

'ငါ့ကို သနားကြပါကွာ ကူညီပေး ကြပါ။ မနက်ဖြန် မိုးလင်းလင်းချင်း တဲဖျက်ပြီး မင်းတို့အနားမှာ တဲဆောက် ရမှာပဲ။ ဒီတစ်ညတော့ လိုက်ပြီး အိပ်ပေးကြပါကွာ'

'အဲဒီလိုဆိုရင် အိပ်ပေးရမှာပေါ့။ မိုးလင်းရင် ကားလမ်းဘေးမှာ ရောင်း တဲ့လက်ဖက်ရည်အချိုရယ် ကောက်ညှင်း ပေါင်းနဲ့ အကြော်ကို ဝအောင်ကျွေး မယ်နော်'

'မင်းတို့သဘောပါ မောင်ရာ၊ ကြိုက် သလောက်စား ဦးလေးကျွေးပါ့မယ်'

'ပြောရမှာ ကျန်သေးတယ် ဦးလေး ရေ။ အဲဒီ ပရလောကသူက ငါးရောင်း မကဘူး တစ်ခါတလေ လသာတဲ့ည ရွှေလီမြစ်ကမ်းဘေးတစ်လျှောက် လမ်း လျှောက်ပြီး "ကယ်တော်မူကြပါရှင့် ကယ်တော်မူကြပါရှင့်"လို့ အော်ပြီး အကူအညီတောင်းသတဲ့ဗျာ'

'ဟုတ်ပါ့မလား မောင်တို့ရာ'

'မယုံရင် ခင်ဗျားတို့ တူအရီး နှစ်ယောက် အိပ်ကြလေ'

'ယုံပါတယ် မောင်တို့ရာ ယုံပါတယ် အသေဆိုးနဲ့ သေဆုံးသွားတဲ့ လူဟာ အဲဒီနေရာမှာ မကျွတ်မလွတ်ဘူး အမြဲ တမ်းရှိတယ်တဲ့။ ဘာကြောင့်လဲဆို တော့ အစိမ်းသေ, သေခဲ့လို့တဲ့ ပြောရင်းဆိုရင်း ငါကြက်သီးမွေးညင်း ထ,လာပြီ'

* * *

ကိုပိန်မောင်က ရွှေလီမြစ်ရေကြီး၍ ကမ်းပါးပြိုချိန်တွင် တွေ့ကြုံခဲ့ရသော အကြောင်းအရာများ ပြောပြနေပါ သည်။ နားထောင်ရင်း ကျွန်တော်က ပရလောကသားဆိုတာ ရှိနိုင်ပါတယ် သိပ္ပံပညာ၊ နည်းပညာတွေ ထွန်းကား တိုးတက်နေတဲ့ နိုင်ငံကြီးတွေတောင် ဝိညာဉ်ရှိမရှိ စမ်းသပ်ပြီး ရှိလို့ လက်ခံ နေကြပြီ။

**[ကွဲကူးရွာမှ ကိုပိန်မောင် ပြောပြ သော အကြောင်းအရာများအား အဆင်ပြေစွာ ဖတ်ရှုနိုင်ရန် အတွက် ကြိုးစား ရေးသားလိုက်ပါသည်။]**

**မဟူရာ(ရောဝတီ)ကသာ**



www.burmeseclassic.com

www.burmeseclassic.com

ရွှေခံကင်

# လက်ဖွဲ့

(၁)



> **စာရှုသူများသို့. . .**
>
> ဤစာမူမှာ ၂၀၁၂ ခုနှစ်၊ ဧပြီလထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ဖော်ပြပြီး ဖြစ်ပါသည်။
>
> သို့သော် ဒုတိယပိုင်းကို အကြောင်းကြောင်းကြောင့် ဖော်ပြနိုင်ခြင်း မရှိခဲ့ပါ။
>
> ယခုအခါ ဒုတိယပိုင်းကို ဖော်ပြနိုင်ပြီဖြစ်ပါ၍ ပထမပိုင်းကို ထပ်မံ ဖော်ပြလိုက်ရခြင်းကို ခွင့်လွှတ်ပါရန် ပန်ကြားအပ်ပါသည်။
>
> ***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

မြန်မာ လူမျိုးများသည် ရှေးအစဉ်အဆက် မြန်မာမင်းများ လက်ထက်မှသည် ယနေ့တိုင် လူမျိုးမရွေး၊ ဘာသာမရွေး ကိုယ်နှင့်မကွာ ဆောင်သော အဆောင်အယောင်များစွာ ရှိကြသည်။

တချို့က ကျောက်သံပတ္တမြား၊ ပုလဲ၊ နီလာ အစရှိသဖြင့် တန်ဖိုးကြီးသော ပစ္စည်းများကို သင့်တော်သလို ဆောင်ကြသည်။

တချို့သော လူများမှာ အဆိပ်ရှိသော သတ္တဝါများကို ကာကွယ်ရန်၊ ကိုက်လျှင် အသက်အန္တရာယ်မှ ကင်းလွတ်အောင် လက်ဖွဲ့၊ အင်းအိုင်များနှင့် ဆေးများ စုတ်ထိုးခြင်း။

တုတ်ပြီး၊ ဓားပြီး လက်ဖွဲ့များ ဆောင်ခြင်း၊ ထုံးမန်း၊ ရေမန်း၊ ဆန်မန်း၊ သွေးတိတ်မန်း၊ တစ်ပွဲတိုး အဆောင်များသည် ရှေးအဆက်ဆက်မှ ပေါ်ပေါက်ခဲ့ကြသည်။ ယခု စာရေးသူ တင်ပြမည့် အကြောင်းမှာ တုတ်ပြီး၊ ဓားပြီး လက်ဖွဲ့ အကြောင်းကို တင်ပြလိုပါသည်။

မြန်မာနိုင်ငံတွင် နယ်ချဲ့အင်္ဂလိပ်များ အုပ်စိုးသော အချိန်ကာလ ၁၂၉၀ပြည့်နှစ် ဆရာစံ တောင်သူလယ်သမား အရေးတော်ပုံကြီးနှင့် ၁၃၀၀ ပြည့်နှစ် ရေနံမြေသပိတ် ကြားကာလတွင် ဖြစ်ပွားခဲ့သော ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ကျေးရွာကြီး တစ်ရွာတွင် သူ့ကျွန်မခံ မျိုးချစ်စိတ်ဓာတ် ပြင်းပြသော လူငယ်လေးတစ်ဦး၏ ရင်နင့်ဖွယ်ရာ ဖြစ်ရပ်မှန် ဇာတ်လမ်းလေး တစ်ပုဒ်ကို စာချစ်သူပရိသတ်အား တင်ပြလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သူ့အမည်က မောင်စံမြိုင်၊ အရပ်အမောင်းက ခြောက်ပေနီးပါး။ အသားဖြူဖြူ။ ဗလကောင်းကောင်း။ မျက်ခုံး၊ မျက်လုံး ကောင်းသည်။ မဟာနဖူး ရှိသည်။ နှာတံပေါ်သည်။ မေးရိုးကား၊ နားရွက်ကားသည်။ လုပသော နှုတ်ခမ်းကို ပိုင်ဆိုင်သူဖြစ်သည်။

သတ္တိရှိခြင်း၊ ရဲစွမ်းခြင်း၊ စိတ် တည်ကြည်ခြင်း၊ သည်းခံစိတ် ထားရှိခြင်း၊ လုပ်ရဲကိုင်ရဲသော စိတ်ဓာတ်ဖြင့် အဘက်ဘက်မှ ပြည့်စုံသောကြောင့် ရွာသူ အပျိုချောများ ပိုးပိုးလည် လျက် ရှိသည်။

သူ့အသက်သည် လာမည့် တန်ခူးလတွင် (၂၅)နှစ်ပြည့်မည် ဖြစ်သည်။ အတန်းပညာများကိုလည်း ရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် သဒ္ဒါ၊ သင်္ဂြိုဟ်မှအစ ခေတ်ပညာနှင့် အင်္ဂလိပ်စာ အနည်းအကျဉ်းလည်း တတ်သည်။

အတန်းထဲတွင် ဉာဏ်ထက်မြက်သောကြောင့် သူ့အား ဆရာတော်ကြီးမှ အရေးပေးခြင်းကို ခံရသည်။ ဆရာတော်၏ ညာလက်ရုံးတစ်ဆူလည်း ဖြစ်သည်။ ထို့ကြောင့် သူ၏မိသားစု၊ ညီအစ်ကိုမောင်နှမများနှင့် သူငယ်ချင်းများ၏ ချစ်ခင်လေးစားခြင်းကို ခံရသည်။ ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကိုလည်း အမြဲမပြတ် လုပ်ဆောင်ပေးသည်။

မောင်စံမြိုင်သည် အရွယ်ကလေးရောက်လာပြီဖြစ်သည်အတွက် မိဘများကို တစ်ဖက်တစ်လမ်းမှ ကူညီနိုင်ရန် ရွာတွင်ရှိသော နာမည်ကြီး ရွှေပန်းထိမ်ဆရာကြီး ဦးဖိုးကျန်ထံတွင် တပည့်ခံယူကာ ပန်းထိမ်ပညာများကို လေ့လာသင်ယူခဲ့သည်။

ပန်းထိမ်ဆရာကြီး ဦးဖိုးကျန်ထံတွင်



သင်ယူသော တပည့်(၅)ဦး ရှိသည်။ မောင်စံခိုင်၊ မောင်စံမြိုင်၊ မောင်တင်ညို၊ မောင်ဖိုးကွန်း၊ ဖိုးမြတို့ ဖြစ်သည်။

မောင်စံခိုင်နှင့် မောင်စံမြိုင်သည် ညီအစ်ကိုအရင်း ဖြစ်သည်။ မောင်စံခိုင်သည် အကြီးဖြစ်ပြီး မောင်စံမြိုင်သည် အငယ်ဖြစ်သည်။ သူတို့ညီအစ်ကိုသည် တစ်ယောက်နှင့် တစ်ယောက် အလွန်ချစ်ကြသည်။ မောင်စံခိုင်သည် ဆံပင်ရှည်ထားပြီး သျှောင်ထုံးနှင့် ဖြစ်ပြီး မောင်စံမြိုင်သည် ဆံပင်ကို ဘိုကေ ထားသည်။

တစ်နေ့သောအခါတွင် မောင်စံမြိုင်တို့နေသော ရွာကြီးသို့ မျိုးချစ် တော်လှန်ရေးရဲဘော်တစ်ဦး ရောက်ရှိလာခဲ့သည်။

သူသည် ရွာတွင်ရှိသော လူငယ်များကို စည်းရုံးပြီး နယ်ချဲ့အင်္ဂလိပ်များကို တော်လှန်နိုင်ရန်အတွက် တုတ်၊ ဓားလက်နက်များကို ကိုင်ဆောင်ပြီး ကိုယ်ခံပညာဖြစ်သော သိုင်းပညာများကို သင်ကြား ပြသပေးလျက် ရှိသည်။ အဲဒီအထဲတွင် မောင်စံခိုင်နှင့် မောင်စံမြိုင်တို့လည်း ရှေ့ဆုံးမှ ပါဝင်ခဲ့သည်။

ရွာတွင်ရှိသော လူများသည် မျိုးချစ်စိတ်ဓာတ် ပြင်းပြစွာဖြင့် တက်တက်ကြွကြွဖြင့် ကိုယ်ခံပညာများကို တစ်စိုက်မတ်မတ် သင်ယူလေ့လာလိုက်တာ မကြာသော အချိန်ကာလမှာ အားလုံး တတ်မြောက်သွားကြသည်။

[၁]

ဆရာကြီးသည် တစ်နေ့သောအခါ တွင် သူ၏တပည့်များကို လူသူ ရှင်းလင်းသော လယ်ကွင်းပြင်ကြီးအတွင်းရှိ သစ်ပင်ကြီးတစ်ပင်အောက်သို့ ခေါ်ဆောင်ပြီး တီးတိုး ညှိနှိုင်းတိုင်ပင်ကြသည်။

'ကိုင်း...တပည့်တို့၊ ဆရာ မင်းတို့ကို သိုင်းပညာသင်ပေးတာ အချိန်တို အတွင်းမှာ အားလုံး တတ်မြောက်သွားတဲ့အတွက် ဆရာ မင်းတို့ကို အများကြီး ဂုဏ်ယူပါတယ်ကွာ။

အခု ငါ့တပည့်တွေကို ဆရာပြောချင်တာက ဆရာ မင်းတို့ကို တုတ်ပြီးဓားပြီး လက်ဖွဲ့ကို ပြုလုပ်ပေးချင်တယ်။ မင်းတို့ဘက်ကလဲ လုပ်ရင် အန္တရာယ်များတယ်၊ အဖျက်အဆီးတွေ ရှိတယ်။

ဒါကြောင့် ငါ့တပည့်တွေ သတ္တိရှိဖို့ လိုတယ်။ ဖွဲ့ရှိရမယ်၊ ကြောက်စိတ်တွေကို ကိုယ်ပေါ်ကနေ ဖယ်ထုတ်ပစ်နိုင်ရမယ်။ ဥပုသ်ရက်ရှည် စောင့်ရမယ်။ ငါးပါးသီလကိုလဲ လုံခြုံစွာ ထိန်းနိုင်ရမယ်။ ဘယ့်နှယ် လုပ်နိုင်ကြပါ့မလား'

'ဟုတ်ကဲ့ လုပ်နိုင်ပါတယ် ဆရာကြီး'

အားလုံးသော တပည့်အပေါင်း၏ အသံ မဟုတ်ပါ။ မောင်စံခိုင်နှင့် မောင်စံမြိုင်တို့ ညီအစ်ကိုနှစ်ယောက်မှ သံပြိုင် ထွက်ပေါ်လာသော အသံသာ ဖြစ်သည်။

'ကိုင်း...ကိုင်း ဒီလိုဆိုတော့လဲ မင်းတို့ ငါသတ်မှတ်ထားတဲ့ စည်းကမ်းကို မလိုက်နိုင်ဘူးဆိုတော့လဲ မင်းတို့ ဆရာ အတင်း မတိုက်တွန်းချင်ပါဘူးကွာ။ ဟုတ်တော့လဲ ဟုတ်ပါတယ် လေ။ အရက်မသောက်ရ၊ အမဲသား





www.burmeseclassic.com

www.burmeseclassic.com

ငါး မစားရ၊ ဥပုသ်ရက်ရှည် စောင့်ရမယ်ဆိုတော့လဲ လူတိုင်း ဘယ်လုပ်နိုင်ကြပါ့မလဲ။

အေးလေ...အဲဒါဆို မင်းတို့အားလုံး ပြန်လို့ရပြီ။ မောင်စံခိုင်နဲ့ မောင်စံမြိုင် မင်းတို့ညီအစ်ကို ဒီမှာ ဆရာကြီးနဲ့ နေခဲ့ပေတော့။ တို့တစ်တွေ လုပ်ဆောင်ရမယ့်အချက်တွေကို ဆရာကြီး အသေးစိတ် ပြောပြမယ်'

'ဟုတ်ကဲ့ပါ ဆရာကြီး။ ကျွန်တော်တို့ညီအစ်ကို ဆရာကြီးရဲ့စကားကို မြေဝယ်မကျ နားထောင်ပါ့မယ် ဆရာကြီး'

'ဒီလိုကွ... တပည့်တို့ရဲ့ မနက်ဖြန် တန်ဆောင်မုန်းလဆန်း (၁)ရက်နေ့ဆိုတော့ မင်းတို့ညီအစ်ကို မနက်ဖြန် မနက်ကစပြီး (၇)ရက်တိတိ သီလယူကြပေတော့။ ငါးပါးသီလကိုလဲ လုံခြုံအောင် ထိန်းကြနော်။ (၇)ရက်မြောက်တဲ့နေ့ကစပြီး တို့လုပ်ငန်း စကြမယ်။

အဲဒီနေ့မှာ မိုးချုပ်တာနဲ့ တစ်ပြိုင်နက် ပထမဆုံးအနေနဲ့ တို့ရွာဦးစေတီမှာ ဂါထာတစ်ထောင် ပုတီးစိပ်ရမယ်။ အဲဒီဂါထာတစ်ထောင်ကို (၃)ရက်ခွဲပြီး စိပ်ရမယ်။ ဘုရားမှာ (၃)ရက်နဲ့ ဂါထာတစ်ထောင်စိပ်ပြီး သွားရင် နောက် (၃)ရက်ကို လူခြေတိတ်တဲ့ မြစ်ဆိပ်ကမ်းနားမှာ သွားပြီး ဂါထာတစ်ထောင် ပုတီးထပ် စိပ်ရမယ်။ သေချာ မှတ်ထားကြနော်။

မြစ်ဆိပ်ပြီးသွားရင် နောက်ဆုံး (၃) ရက်ကိုတော့ တို့ရွာထိပ်က သချိုင်းကုန်းမှာ စိပ်ရမယ်၊ အဲဒီ သချိုင်းကုန်းမှာ နောက်ဆုံးနေ့ဟာ တန်ဆောင်မုန်းလပြည့်နေ့ ည(၁၂)နာရီ သန်းခေါင်အချိန်မှာ ပြီးစီး အောင်မြင်အောင် ဆောင်ရွက်ကြရမယ်။



ဘာဖြစ်လို့လဲဆိုတော့ အဲဒီနေ့ဟာ တန်ဆောင်မုန်းလပြည့်နေ့ ညဟာ နက္ခတ် ကြယ်တာရာနဲ့ ပြည့်စုံပြီး ဆေးပေါင်းခတဲ့ညလဲ ဖြစ်တယ်။ ဒါကြောင့် မင်းတို့ အဲဒီနောက်ဆုံးညကိုတော့ အထူးသတိထားပြီး အောင်မြင်အောင် လုပ်ဆောင်စေချင်တယ်။

အဲဒီညဟာ မင်းတို့အတွက် အရေးကြီးဆုံးနဲ့ အဖျက်အဆီး၊ အနှောင့်အယှက် အများဆုံး ဖြစ်လာနိုင်တယ်။ စိတ်ဓာတ် မကျပါနဲ့။ ဖွဲ့ဖွဲ့ရှိရှိနဲ့ အောင်မြင်အောင် ကြိုးစားကြပါလို့ ဆရာကြီး အထပ်ထပ် မှာချင်တယ်။

အဲဒီ (၇)ရက်ပြည့်မြောက်တဲ့နေ့မှာ မင်းတို့ ဘုရားကိုသွားပြီး အဓိဋ္ဌာန် မဝင်ခင်မှာ ညနေဘက် ဆရာကြီးဆီကို လာခဲ့ကြဦး။ ဆရာကြီး မင်းတို့ လုပ်ဆောင်ရမယ့် အစီအမံတွေ၊ ယူဆောင်သွားရမယ့်ပစ္စည်းတွေကို ဆရာကြီး အဆင်သင့် လုပ်ထားမယ်၊ နောက်ပြီး အသေးစိတ် တစ်ခါ ထပ်ပြောမယ်။ ကိုင်း...ကိုင်း နေ့လဲ အတော်စောင်းသွားပြီ။ တို့တစ်တွေ အိမ်ကို ပြန်ကြရအောင်'

'ဟုတ်ကဲ့... ကောင်းပါပြီ ဆရာကြီး။ ကျွန်တော်တို့ ဆရာကြီး မှာကြားတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ပါ့မယ် ခင်ဗျာ'

မောင်စံခိုင်နှင့် မောင်စံမြိုင်တို့ ညီအစ်ကိုနှစ်ယောက်သည် အိမ်သို့ တက်ကြွသော ခြေလှမ်းများဖြင့် အမြန်ဆုံးရောက်အောင် ပြန်ခဲ့ကြပါတော့သည်။

'အစ်ကိုကြီး၊ ကျွန်တော် ရေသွားခပ်လိုက်ဦးမယ်။ အစ်ကိုကြီးက ခြေရင်းမှာ ပုံထားတဲ့ ထင်းတွေကို အပြီးသတ် ခွဲလိုက်နော်'

ဟု မောင်စံမြိုင်မှ ပြောဆိုကာ ရေထမ်းပုံးကို ဆွဲပြီး ရေခပ်ရန် ထွက်သွားပါတော့သည်။

သူတို့ ညီအစ်ကိုနှစ်ယောက် တက်ညီလက်ညီနှင့် အိမ်အလုပ်များကို ဝိုင်းဝန်းလုပ်ကိုင်ကြရာ တစ်ခဏအတွင်း အားလုံး ပြီးမြောက်သွားသော် ရေမိုးချိုး၊ အဝတ်အစားလဲကာ ညစာကို မိသားစုများနှင့် မြိန်ရှက်စွာ စားသောက်ကြလေတော့သည်။

ထမင်းစားပြီးသောအခါ လက်ဖက်ရည်ဝိုင်းတွင် မိသားစု စုံလင်စွာ ရှိနေစဉ် မောင်စံခိုင်နှင့် မောင်စံမြိုင်တို့ ညီအစ်ကိုမှ စတင်၍ မိဘနှစ်ပါးအား သူတို့ လုပ်ဆောင်မည့်အကြောင်းကို ခွင့်ပန်ကြသည်။

မိဘများနှင့် ညီအစ်ကိုမောင်နှမများကလည်း အားလုံး သဘောတူညီကြသည်။ အထူးသဖြင့် ဖခင်ဖြစ်သူသည် သားနှစ်ယောက်၏ တက်ကြွစွာ ပြောဆိုနေသော စကားများကို နားထောင်ပြီး ဝမ်းသာပီတိဖြစ်နေပြီး ခေါင်းတညိတ်ညိတ်နှင့် ဖြစ်နေပါတော့သည်။

သားများ ပြောဆိုပြီးသောအခါ ဖခင်ဖြစ်သူမှ...

'ဒီမယ်... သားကြီးရော၊ သားငယ်ရော အဖေပြောမယ် နားထောင်။ ယောက်ျားဆိုတာ ကိုယ်လုပ်ရမယ့်

www.burmeseclassic.com

လုပ်ငန်းကို မလုပ်ခင်ကတည်းက ဒီအလုပ်ကို ငါတို့ ပြီးမြောက်အောင် လုပ်နိုင်ပါ့မလားဆိုတာကို အထပ်ထပ် စဉ်းစား။ အေး... ဆုံးဖြတ်ချက် ချပြီးရင်တော့ မပြင်နဲ့။ မဖြစ်,ဖြစ်အောင် လုပ်၊ အောင်မြင်အောင်လဲ ကြိုးစားနိုင်မှ ယောကျ်ားပီသမှာကွ။ ငါ့သားနှစ်ယောက်စလုံး ရည်မှန်းချက်ကြီး အောင်မြင်ပါစေလို့ အဖေ ဆုတောင်းနေပါ့မယ်ကွာ'

နောက်တစ်နေ့နံနက် မိုးသောက် အလင်းရောက်ပြီဆိုလျှင်ပဲ သူတို့ညီအစ်ကိုနှစ်ဦးသည် ရေချိုး၊ အဝတ်အစားလဲကာ ရွာဦးဘုန်းတော်ကြီးကျောင်းသို့ သီလယူရန် ထွက်ခဲ့ပါတော့သည်။

ဘုန်းတော်ကြီးကျောင်းသို့ ရောက်သောအခါ ဆရာတော်ကို အကျိုးအကြောင်း လျှောက်ထားပြီး သူတို့ လုပ်ဆောင်မည့် လုပ်ငန်းများကိုလည်း အသေးစိတ် ရှင်းလင်း တင်လျှောက်ကြသည်။ ပြီးလျှင် ပါလာသော လှူဖွယ် ဝတ္ထုပစ္စည်းများကိုလည်း ဆရာတော်ထံ ကပ်လှူပူဇော်ကြသည်။

ဆရာတော်ကြီး သီလပေးပြီးနောက် သူ၏ ဒကာနှစ်ဦးအား ဆုံးမသြဝါဒစကားများ ချီးမြှင့်ခဲ့ပြီး လုပ်ငန်းအောင်မြင် ဆောင်ရွက်နိုင်ရန် ပိုင်းဝန်းပြီး မေတ္တာပို့ခြင်း၊ ဆိုင်ရာပိုင်ရာများကို အပ်နှံခြင်း၊ အမျှဝေခြင်းများကို ပြုလုပ်ပြီး တပည့်နှစ်ဦးအား အနားသို့ ခေါ်ပြီး ဦးခေါင်းထိပ်သို့ လက်ကလေးနှင့် (၃) ကြိမ်၊ (၃)ခါစီ သပ်ပေးနေပါတော့သည်။

[၂]

ဒီနေ့သည် မောင်စံခိုင်နှင့် မောင်စံမြိုင်တို့ လုပ်ငန်း စတင်လုပ်ဆောင်ရမည့်နေ့ ဖြစ်သည်။ (၇)ရက်အတွင်း ငါးပါးသီလကိုလည်း လုံခြုံအောင် စောင့်ထိန်းနိုင်ခဲ့သည်။ နေလည်း စောင်းလာပြီ။ ရေမိုးချိုး အဝတ်အစားလဲပြီး ညစာကို မိသားစုနှင့်အတူ စောစီးစွာ စားသောက်ပြီး ဆရာကြီးနေထိုင်ရာ အိမ်သို့ လှမ်းခဲ့တော့သည်။

ဆရာကြီးသည် ခေါင်းရင်းခန်းတွင် ထိုင်ကာ ရေနွေးကြမ်းနှင့် အမြည်းငါးခြောက်ဖုတ်ကို စားပြီး စဉ်းစားခန်း ဝင်နေတော့သည်။ အိမ်ရှေ့မှ လာနေသော သူ့တပည့်နှစ်ဦးအား တွေ့လျှင် ဝမ်းသာအားရနှင့် ခရီးဦးကြိုပြုလိုက်သည်။

``လာကြဟေ့...ငါ့တပည့်တွေ၊ ဆရာလဲ မင်းတို့ကို မျှော်နေတာကွ။ ဒီမှာ ငါးခြောက်ဖုတ်နဲ့ ရေနွေးကြမ်းလေး သောက်လိုက်ဦးကွာ။ နေဦး...ငါ စီစဉ်ထားတဲ့ ပစ္စည်းလေးတွေ ယူလိုက်ဦးမယ်'

ဟု ပြောဆိုကာ လက်ဖက်ရည်ကြမ်းဝိုင်းမှ ထသွားပြီး အခန်းထဲသို့ ဝင်သွားပါတော့သည်။

တစ်အောင့်ကြာလျှင် လက်ထဲတွင် အိတ်ရှုံ့အနီရောင်လေး တစ်လုံးနှင့် ဖန်ခွက်(၂)လုံး ယူဆောင်ပြီး လက်ဖက်ရည်ဝိုင်းတွင် ပြန်ထိုင်လိုက်ပါသည်။ ပြီးလျှင် မောင်စံခိုင်ဘက်သို့ လှည့်ပြီး...

'စံခိုင်... မင်းလာ၊ အဲဒီဖန်ခွက်(၂)လုံးထဲကို သောက်ရေအိုးစင်က ရေသန့်သန့် မပြည့်တပြည့် သွားခပ်ချေ၊ ပြီးရင် ဒီကို ယူလာခဲ့၊ ဟုတ်ပြီလား'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော် သွားပြီး ခပ်ငှိုက်ပါ့မယ်'

ဟု ပြောဆိုပြီး မောင်စံမြိုင်သည် ဖန်ခွက်(၂)လုံးကို ယူကာ သောက်ရေအိုးစင်မှ ရေကို ဖန်ခွက်ထဲသို့ မပြည့်တပြည့်ထည့်ပြီး ဆရာကြီးကို ပေးလိုက်ပါသည်။

ဆရာကြီးသည် ဖန်ခွက်ကို လှမ်း... ပြီး ဖျာပေါ်သို့ ခေတ္တချကာ အနားတွင် ချထားသော အိတ်ရှုံ့အနီရောင်လေး... ကို ထိပ်မှ ကြိုးစလေးကို ဖြေချလိုက်... တော့သည်။

ခဏအကြာတွင် အိတ်ရှုံ့ကို မှောက်... ချလိုက်ရာ မည်သည့်အချိန်က စီ... ပြုလုပ်ထားသည် မသိရသော ကြေ... ပြားလေးများကို လိပ်ထားသည့် လက်... ဖွံ့ကလေးများ အောက်က ဖျာပေါ်သို့... ကျလာပါတော့သည်။ အလိပ်ကလေး... များသည် အရှည် လက်မဝက်ခန့်... ရှိသည်။

ဆရာကြီးသည် ထိုထဲမှ (၇)ခုစီကို... ဖန်ခွက်တစ်ခုအတွင်းသို့ ထည့်လိုက်... သည်။ ဖန်ခွက်(၂)လုံးဆိုတော့ (၁၄)... ခုဖြစ်သည်။ ကျန်ရှိသော လက်ဖွဲ့များ... ကို အိတ်ရှုံ့ထဲသို့ ပြန်ထည့်ကာ ထိပ်... ကြိုးစကို ပြန်ပြီး ချည်နှောင်လိုက်ပါ... သည်။

လက်ဖွဲ့ကလေးများသည် ရေထဲ... တွင် နစ်မြုပ်လျက် ဖန်ခွက်အတွင်း... ငြိမ်သက်စွာ နေရာယူလျက် ရှိပါသည်... ဆရာကြီးသည် ပြီးလျှင် တပည့် (၂)ဦး... ဘက်သို့ ပြန်ပြီး မျက်နှာမူကာ ရွတ်ဆို... ရမည့်ဂါထာကို နှုတ်တိုက် ချပေး... တော့သည်။

တပည့်များကလည်း ဉာဏ်ကောင်း... ကြသည့်အတွက် မကြာသောအချိန်... အတွင်းမှာပင် အားလုံး အလွတ် ရွတ်... ဆိုနိုင်ကြတော့သည်။

ဆရာကြီးမှ...

'အဓိဋ္ဌာန်ဝင်ရင် ဖန်ခွက်ကို ... ရှေ့တည့်တည့်မှ ချထားပါ။ ပြီး... အပေါ်ကနေ ဖန်ခွက်ရဲ့ အဝကို ... လက်နဲ့ အုပ်ထားပါ။ မပြီးမချင်း အုပ်... ထားသော လက်ကို မဖယ်ပါနဲ့။ ဘယ်... ဘက်လက်က ပုတီးကိုင်ပြီး ဂါထာ...

www.burmeseclassic.com

အပုဒ်ရေကို မှတ်ပါ။ တစ်နေ့တာ လုပ်ဆောင်ပြီးတိုင်း ဖန်ခွက်ကို မိမိအိမ် ဘုရားစင်ပေါ်မှာ တင်ထားပါ။

အိမ်ရဲ့ နောက်ဖေးဘက်၊ အိမ်ရဲ့ အောက်ဘက်တို့ကို ဖန်ခွက်မယူမိအောင် သတိရှိပါ။ ကိုယ် အဓိဋ္ဌာန်ဝင်နေတဲ့အချိန်မှာ ကိုယ့်ကို အဖျက်အဆီး အမျိုးမျိုးက တိုက်ခိုက်လိမ့်မယ်။ ကိုယ်ထိလက်ရောက် အန္တရာယ် ပြုကြလိမ့်မယ်။ မကြောက်ပါနဲ့။ သတ္တိရှိပါ။ ဖွဲ့ရှိပါ။ အောင်မြင်အောင် ကြိုးစားကြပါလို့ ဆရာကြီး မင်းတို့နှစ်ယောက်ကို နောက်ဆုံးအနေနဲ့ မှာချင်တယ်။

ကိုင်း... နေတောင် အတော်စောင်းနေပြီ တော်ကြာ မှောင်လာတော့မယ်။ မင်းတို့လဲ သတိဝီရိယနဲ့ သွားကြပေတော့။ ငါ့တပည့်တွေ အောင်မြင်ပါစေလို့ ဆရာ ဆုတောင်းနေပါ့မယ်'

'ဟုတ်ကဲ့ ဆရာကြီး၊ ကျွန်တော်တို့ နှစ်ယောက် ဆရာကြီးကို ကန်တော့ပါတယ်။ အောင်မြင်အောင်လဲ ကြိုးစားပါ့မယ်လို့ ကတိပေးပါတယ်'

မောင်စံခိုင်နှင့် မောင်စံမြိုင်တို့ (၂)ဦးသည် ဆရာကြီးနေအိမ်မှ ထွက်ခွာလာကြရာ ရွာဦးစေတီသို့ မှောင်ရီသန်းအချိန်သို့ ရောက်ရှိလာခဲ့သည်။ ဒီနေ့သည် တန်ဆောင်မုန်းလဆန်း(၇)ရက်နေ့ဖြစ်သည့်အတွက် လသည် သာနေပါသည်။

သူတို့(၂)ဦး ဘုရားကုန်းတော်ပေါ်တွင် နေရာယူကာ တစ်ယောက်နှင့်တစ်ယောက် အခက်အခဲရှိလျှင် ကူညီနိုင်ရန် (၁၀)ပေအကွာတွင် ထိုင်လိုက်ကြသည်။ ပြီးလျှင် ပါလာသော ဖန်ခွက်ကို မိမိ၏ရှေ့တည့်တည့်တွင် ချကာ ဘုရားကို အရင်ဆုံး ကန်တော့ကာ ငါးပါးသီလကို ထပ်ပြီး ယူလိုက်သည်။



ပြီးလျှင် ဖန်ခွက်ကို အနားသို့ တိုးပြီး ညာဘက်လက်ဝါးဖြင့် ဖန်ခွက်ကို အုပ်ကာ ဘယ်ဘက်မှလည်း ပုတီးကို ကိုင်လျက် မျက်စိစုံမှိတ်ပြီး ဂါထာများကို စတင် ရွတ်ဆိုကြတော့သည်။

သူတို့ ဂါထာရွတ်ချိန်တွင် မည်သည့် အနှောင့်အယှက်မှ မရှိဘဲ တစ်ခါတစ်ရံတွင် သူတို့ နှာခေါင်းအတွင်းသို့ မွှေးကြိုင်သော အနံ့များ၊ ညမွှေးပန်းနံ့များမှလွဲ၍ အခြားသောအနံ့များ မခံစားရဘဲ ဂုဏ်တော်တစ်ထောင်ကို ရွာဦးစေတီတွင် (၃)ရက်အတွင်း အောင်မြင်စွာ ပြီးမြောက်ခဲ့လေပြီ။

'အစ်ကိုကြီးရေ၊ ကျွန်တော်တို့ကော့ ပထမအဆင့်အနေနဲ့တော့ အောင်မြင်စွာ ပြီးမြောက်ခဲ့ပြီဗျာ။ ကျွန်တော်ဖြင့် ဝမ်းသာလိုက်တာ အစ်ကိုကြီးရာ မြန်မြန်တောင် ပြီးချင်လှပြီ'

'ဆန္ဒမစောပါနဲ့ ညီလေးရာ၊ ဒီကိစ္စက ကိုယ်ဖြစ်ချင်တိုင်း ဖြစ်လို့ရတာမှ မဟုတ်တာကွာ။ စိတ်ရှည်ရှည်ထားပါ ညီလေးရာ။ တစ်နေ့ကျတော့ အောင်မြင်မှာပါ'

'ကိုင်း... ဒီနေ့ တန်ဆောင်မုန်း လဆန်း(၁၀)ရက်နေ့နော်။ တို့တစ်တွေ ဒီနေ့ လူခြေတိတ်တဲ့ မြစ်ဆိပ်ကမ်းနားကို သွားရမှာနော်။ အဲဒီတော့ မှောင်ကလဲ မှောင်လာပြီဆိုတော့ သွားကြရအောင်။ တော်ကြာ နေရာလဲ ရှာရဦးမယ်ကွ။ နောက်ကျရင် မကောင်းဘူး။ မင်း ယူစရာရှိတာ သွားယူလိုက်ဦး၊ ပြီးရင် တို့သွားကြမယ်'

[၃]

သူတို့ညီအစ်ကိုနှစ်ဦးသည် အတွေးကိုယ်စီဖြင့် တစ်ယောက်နှင့် တစ်ယောက် စကားမပြောကြဘဲ တိတ်ဆိတ်စွာဖြင့် မြစ်ဆိပ်သို့ ရောက်ရှိလာခဲ့ကြသည်။

ရာသီဥတုကလည်း မိုးအကုန် ဆောင်းအကူးကာလ မြောက်လေကလည်း ဖြည်းညင်းစွာ တိုက်ခတ်လျက်ရှိသည်။ လရောင်ကြောင့် မြစ်အတွင်းမှာ လှိုင်းကြက်ခွပ်ကလေးများ ဘော်ငွေရောင် တဖျပ်ဖျပ်ဖြင့် လှုပ်ရှားလျက် ရှိသည်။

သူတို့(၂)ဦးသည် မြစ်ပြင်ကျယ်မှ တိုက်ခတ်လာသော လတ်ဆတ်သော လေကောင်းလေသန့်ကို တဝကြီး ရှူရှိုက်လိုက်ကြပြီး မြေပေါ်တွင် ဝါးတစ်ပြန်အကွာစီတွင် ထိုင်လိုက်ကြသည်။

ပြီးလျှင် လက်ထဲတွင် ယူဆောင်လာသော လက်ဖွဲ့ထည့်ထားသည့် ဖန်ခွက်ကို ရှေ့သို့ ချကာ ဖန်ခွက်ကို ညာဘက် လက်ဝါးဖြင့် အုပ်ပြီး ဘယ်ဘက်မှ ပုတီးကို ကိုင်ကာ ဂုဏ်တော်တစ်ထောင်ကို စတင် ရွတ်ပွားကြပါတော့သည်။

တစ်ခါတစ်ရံတွင် မိုးသားမိုးတိမ်များသည် လမင်းကြီးအား ဖုံးလွှမ်း၍ သွားသည်။ ထိုအခါ ပတ်ဝန်းကျင်တွင် မှောင်၍ သွားသည်။ မိုးသားများ လွင့်စဉ်သွားသည့်အခါ လသည် တစ်ဖန် ပြန်၍ လင်းလာခဲ့သည်။

ရွှေလ ဆက်ထုတ်ပါရန်

**ရွှေစံကင်း**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၄ ခုနှစ်၊ ဖွန်လ,လလယ်လောက်မှာ ဖြစ်သည်။ စာရေးသူသည် ထုံးစံအတိုင်း သမီးငယ်ရှိသော ရွှေပြည်သာရွာတွင် ရောက်နေပါသည်။ ကျောင်းဖွင့်စလည်းဖြစ်၊ ဆရာမအသစ်များလည်း တိုးလာသောကြောင့် ကျောင်းအတွက် လိုအပ်သည်များ ပြုလုပ်ကြရ၊ ဆရာမများနေ့ဖို့ အိမ်ဆောက်ကြရနှင့် တစ်ရွာလုံး အားကြသည်မရှိ။

ထို့အတူ ဘယ်သူတော့ဖြင့် ဘယ်သွားနေတာ၊ ရွာကို ပြန်မရောက်သေးဘူး စသည်ဖြင့် ပြောကြသည်ကိုလည်း ကြားရ၏။

ထိုအထဲတွင် ဦးညွန့်လွင် ပြန်မရောက်သေးကြောင်းလည်း ကြားရ၏။ မကြာပါချေ။ **"ဦးညွန့်လွင် ပြန်ရောက်လာပြီ၊ ဆိုင်ကယ်လဲပြီး ပေါင်ကျိုးသတဲ့"**ဟု သတင်းထွက်လာပါသည်။

ဦးညွန့်လွင်သည် ရွှေပြည်သာရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်၏ အစ်ကိုတစ်ဝမ်းကွဲတော်၏။ ကျောင်းကော်မတီဝင်တစ်ဦးလည်း ဖြစ်၏။ ဆရာမများ နေအိမ်ဆောက်ရန် လိုအပ်သော ပျဉ်ခွဲရန် ဦးညွန့်လွင်မရှိသဖြင့် တခြားရွာမှ လွှပိုင်းဆရာကို ငှား၍ လုပ်ရ၏။

ယခု ရွာပြန်ရောက်တော့လည်း ကြားရသည့်သတင်းက စိတ်မကောင်းစရာ။ သို့ဖြင့် တစ်ရက်သော နံနက်တွင် ဦးညွန့်လွင်အိမ်သို့ ဦးဝင်းနိုင်နှင့်အတူ ရောက်ဖြစ်သွားပါသည်။

'ဘယ့်နှယ် ဆိုင်ကယ်လဲပြီး ပေါင်ကျိုးလို့ဆို ခုတော့ ဖျားနေတာပါလား'

ဟု ဦးဝင်းနိုင်ကမေးရာ...

'ဆိုင်ကယ်လဲတာတော့ မှန်ပါတယ်။ ဒါပေမယ့် ဘာမှ မဖြစ်ပါဘူး။ ဖျားလျက်ကြီးနဲ့ ပြန်လာတာမို့ မထိန်း






# သူ့အရပ် သူ့ဒေသနှင့်

## သူ့နယ်မြေတို့၏ သူ့ဓလေ့ဆန်းများ

နိုင်လို့ လဲတာပါ။

ဒါပေမယ့် ဖြည်းဖြည်းမှန်မှန် သတိထားပြီး စီးတာမို့ ဘာမှတော့ မဖြစ်ဘူး။ လဲပြီး ပြန်ထရင် အားမရှိလို့ အားစိုက်ပြီး ထရတယ်'

ဟု ဦးညွန့်လွင်က ပြန်ဖြေပါသည်။

ကျွန်တော်က ဦးညွန့်လွင်အား "ဘယ်မှာသွားလုပ်တာလဲ"ဟု မေးရာ...

'ခေါ်တောရမ်းဘိုဘက်ကို သွားပြီး လွှပိုင်းဆရာ သွားလုပ်တာပါ'

ဟု ဦးညွန့်လွင်က ဖြေပါသည်။

'လုပ်ရတာကော အဆင်ပြေရဲ့လား'

ဟု ဦးဝင်းနိုင်က မေးပါသည်။

'လုပ်ရတာတော့ အဆင်ပြေပါတယ်'

'ဒီလို အဆင်ပြေနေတာများ ဆက်လုပ်ပါတော့ ဘာဖြစ်လို့ ပြန်လာရသလဲ'

ဟု စာရေးသူက ထောက်မေးလိုက်ပါသည်။

'ကျောင်းဖွင့်ရက် (ဖွန်လဆန်း)လဲ ရောက်လာပြီလေ၊ လေးတန်းအောင်ရော၊ ငါးတန်းအောင်ရော သူ့အဘိုးအဘွားတွေဆီ ပြောင်းထားရမှာ၊ ပြီးတော့ သစ်တင်သစ်ချ လုပ်တဲ့

ကောင်ဖလေးတွေကလဲ ပြန်ချင်ကြ

ဟု ဦးညွန့်လွင်က ဖြေပါသည်။

**'ပြန်မယ်လို့ မင်းအလုပ်ရှင်ကို ပြောတယ် မဟုတ်လား'**

ဟု ဦးဝင်းက မေးသည်မှာ အဓိပ္ပာယ် ရှိနေပါသည်။ သို့သော် စာရေးသူက သဘောမပေါက်ပါ။

'ကျွန်တော်ပြန်တော့မယ်လို့ သစ် စက်ပိုင်ရှင်ကတော်ကို ပြောရတာပေ့ သူက မပြန်စေချင်ဘူး။ ကောင်လေး တွေက ကျွန်တော်တို့က မိန်းမနဲ့ကလေး တွေ ကျန်ခဲ့တာ တစ်လရှိပြီ၊ ပြန်ချင် သေးတယ်လို့ ပြောတော့ ပိုင်ရှင် ကတော်က ပြုံးပြီး ဘာမှ မပြောတော့ ဘူး။

တန်စားနဲ့ ကျထားတဲ့ငွေတွေ ရှင်းပေးလိုက်တယ်။ ညကျတော့ လေးယောက်စလုံး အပူတွေတက်ပြီး ဖျားတော့တာပဲ။

ကျွန်တော်တို့ကလဲ ဖျားချင်ဖျား ပြန်မှဖြစ်မှာဆိုပြီး ဖွတ်ထပြန်လာ တာ။ အဲဒီမှာနေလို့ မဖြစ်တော့ဘူး တို့ကို စုန်းပြုစားတာမို့ ကောက်ခါငင် ဖျားတာပဲလို့ တွေးမိတယ်'

ဟု ဦးညွန့်တင်က ပြန်ခါနီး ဖြစ် ကို ပြောပြပါသည်။

'အဲဒါ စုန်းပြုစားတာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

**နတ်ကလုပ်တာ'**

ဟု ဦးဝင်းနိုင်က ဝင်ထောက်ပါသည်။ ဤသို့ ဦးဝင်းနိုင် ဝင်ထောက်လိုက်မှ စာရေးသူက သဘောပေါက်သယောင် ဖြစ်လာပါသည်။

'ဟုတ်တယ် အစကတော့ အလုပ်ရှင်အဘွားကြီးက ပြုစားတာလို့ ထင်သေးတယ်။ ဒါပေမယ့် ငါးအိုးရွာရောက်တော့ ထွန်းလွင်အိမ် ဝင်ပြီးနား၊ ဆေးဝယ်သောက်ပြီး ဖျားခဲ့တဲ့အကြောင်း ပြောပြတယ်။

ထွန်းလွင်မိန်းမ မိအေးက **"အဲဒါရှင်တို့ကို နတ်လုပ်လိုက်တာ"** လို့ ပြောတယ်။ **"နတ်က ဘာဖြစ်လို့ လုပ်တာလဲ"** မေးတော့ **အဲဒီဒေသ (မိုးမိတ်နယ်)မှာရှိတဲ့ နတ်က သူ့နယ်၊ သူ့ဒေသကို ရောက်ပြီးရင် ပြန်မယ်လို့ မပြောရဘူး။**

ပြန်ချင်ရင် အရင်ဆုံး နတ်ကို တိုင်တည်ရတယ်။ အများအယွင်း မလုပ်ခဲ့ပါဘူး။ လုပ်မိတာရှိရင် ခွင့်လွှတ်ပါ။ ပြန်ခွင့်ပြုပါပေါ့။ အဲဒီလိုဆိုရင် မဖျားဘူးတဲ့။

ဒါမှမဟုတ် ဘယ်သူ့ကိုမှ မပြောဘဲ ကောက်ခါငင်ခါ ထပြန်လာတဲ့အနေနဲ့ ပြန်ခဲ့ရင်လဲ ဘာမှ မဖြစ်ဘူးတဲ့'

ဟု ဦးညွန့်လွင်က ရှင်းပြမှ စာရေးသူက ပို၍ သဘောပေါက်ပြီး နားလည်သွားပါသည်။

'ဟုတ်တယ် ကျွန်တော်လဲ ကြုံခဲ့ဖူးတယ်။ **ထီးချိုင့်၊ မိုးမိတ်၊ တကောင်းနယ်စပ်မှာရှိတဲ့ မိုင်းတိုင်းရင်ခွင်ကို ရွှေကျင်သွားတုန်းက ကြုံခဲ့ရတာ'**

ဟု ဦးဝင်းနိုင်က အစပျိုးပါသည်။ စာရေးသူက ဒါမျိုးဆို သိချင်လာပြီလေ။ ဒါကြောင့် "ပြောပါဦး" ဟု ဝင်ထောက်လိုက်ပါသည်။

'ကျွန်တော့်အသက် (၁၈)နှစ်သားလောက်က မိုင်းတိုင်းရင်ခွင်ကို ကျွန်တော့်ဦးလေး တစ်ဝမ်းကွဲနဲ့အတူ ရွှေကျင်သွားခဲ့ရတယ်။ ဦးလေးရဲ့စကားကို အားလုံးက လိုက်နာကြရတယ်။

စားတာ၊ သွားတာ၊ ရေချိုးတာ၊ စကားပြောတာကအစ အားလုံး ဆင်ခြင်ကြရတယ်။ ဦးလေး မှာထားတဲ့အတိုင်း နေကြရတယ်။

မိုင်းတိုင်းရင်ခွင်လို့သာ ပြောရတယ်။ တစ်နေရာနဲ့ တစ်နေရာဝေးတယ်။ ရင်ခွင်ရွာမှာ စတည်းချပြီး တောထဲမှာ ရွှေကျင်ကြရတာပေါ့။ စရိတ်ပြတ်ရင် ရွာပြန်၊ လိုအပ်တာဝယ်ပြီး ရွှေကျင်တဲ့ဆီသွား၊ ဒီလိုနဲ့ နေလာတာ တစ်လနီးပါးကြာလာခဲ့ပြီ။ ရွှေကလဲ ထင်သလောက် မရပါဘူး'

ဟု ဦးဝင်းနိုင်က ပြောပြီး ရပ်ထားလိုက်ပြန်ပါသည်။ ကျွန်တော်တို့ကတော့ နားစွင့်နေဆဲပါ။

'ပါလာတဲ့လူတွေလဲ စိတ်ဓာတ်ကျလာကြပြီပေါ့။ ဒီကြားတဲ့ အိမ်ရှင်ရဲ့ သမီးက တစ်မျောင့်'

'ဘာဖြစ်ပြန်တာလဲ'

ဟု ဦးညွန့်လွင်က မေးပါသည်။

'အသက်က အစိတ်ကျော်၊ သုံးဆယ်နီးပါးရှိနေပြီ။ ရုပ်ကလဲ မလှ၊ ကျွန်တော်ဖြင့် ဘယ်လိုမှ ကြည့်မရဘူး။ ကျွန်တော့်ကို သဘောကျလို့တဲ့၊ သူ့မိဘတွေကလဲ သဘောတူတယ်ပေါ့။

ကျွန်တော်က ငယ်ပါသေးတယ်၊ မိဘကိုလဲ ထောက်ထားရသေးတယ်လို့ ပြောလို့လဲ မရဘူး။ ဒါနဲ့ ဦးလေးကို ကျွန်တော်က ပြန်တော့မယ်၊ ပြန်ချင်ပြီ ပြောတော့ ဦးလေးကလဲ သူကုန်ထားတာတွေနဲ့ အလုပ်တွေကလဲ မပြတ်သေးတော့ ကျွန်တော့်ကို ချော့ပြီး အလိုက်သင့်နေဖို့ ပြောတယ်။

ကျွန်တော်လဲ ကြံရာမရဖြစ်နေပြီ။ ဒါနဲ့ ကျွန်တော့်မိဘများကို တိုင်ပင်ပါဦးမယ်လို့ အချိုသတ်နဲ့ ပြန်မယ်ပြောရတာပေါ့။ ဦးလေးက မင်းတစ်ယောက်တည်း ပြန်လို့ဖြစ်မလားလို့ တားသေးတယ်။

ကျွန်တော်က ဘယ်လိုမှ အဲဒီမိန်းမကို မယူချင်ဘူး။ ဒါကြောင့် ပြန်ရဲတယ် ပြောပြီး ပြန်ဖို့လဲ အိမ်ရှင်တွေကို ပြောရတယ်။ နောက်နေ့ ပြန်မယ်ပြောပြီး ညကျတော့ ဖျားတော့တာပါပဲ။

ကျွန်တော်က ဘာဖြစ်ဖြစ် ပြန်မယ်ဆိုပြီး ဖွတ်ပြန်ခဲ့တာ စုန်းပြုစားတာ၊ နတ်လုပ်တာလို့ မထင်ခဲ့ပါဘူး'

ဟု ဦးဝင်းနိုင်က ပြောပြီး ရပ်လိုက်ပါသည်။

'ဒါဆို အခုတော့ နတ်လုပ်တာလို့ ဘာလို့ပြောခဲ့တာလဲ'

ဟု စာရေးသူ ဟ,လိုက်ပါသည်။

'ကျွန်တော့်အိမ်ရောက်မှ မိဘတွေက ပြောပြတာ အဖေက အဲဒီကို သွားဖူးနေကျမို့ သိတာ၊ ဦးလေးကိုလဲ ပြန်မယ်လို့ မပြောရဘူးလို့ မင်းတို့ကို မှာမထားဘူးလားဆိုပြီး အပြစ်တင်သေးတယ်။

တော်သေးတာပေါ့ ကျွန်တော်က အသောက်အစားလဲကင်းတယ်။ ရောက်လေရာ နတ်စင်တွေတိုင်း မေတ္တာပို့ တောင်းပန် တိုးလျှိုးပြီး သွားတာကိုး'

ဟု ဦးဝင်းနိုင်က ပြောပြီး ရပ်လိုက်ပါသည်။

ဒေသဆိုင်ရာ နတ်တို့ရဲ့သဘောကလဲ တစ်ကျောင်း တစ်ဂါထာ တစ်ရွာ တစ်ပုဒ်ဆန်းပါပဲလားဟု တွေးမိပါသည်။ **ရောက်လေရာတိုင်း ဒေသခံနတ်တို့၏ သဘောကို သိထားနိုင်ကြပါစေ။**

**ကသော သင်းမွှေး**

www.burmeseclassic.com

ရသေ့ကြီး ဦးညြ၏

# ရွှေသတ်နည်း



ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင်၊ မင်းလှမြို့ ဘူတာရုံ၏ အနောက်ဘက်တွင် စေတီဘုရားတစ်ဆူ တည်ရှိ၏။ အကြောင်းကြောင်းကြောင့် ထိုစေတီ ဌာပနာတိုက် ပေါက်လေသောအခါမှာ ယင်းစေတီ၏ ဌာပနာတိုက်အတွင်းမှ ကြေးပုရပိုက်တစ်ဆူ တွေ့ရှိခဲ့သည်။

ယင်းကြေးပုရပိုက်တွင် ပါရှိသည်မှာ ဆရာတော် ဦးကင်း၏တပည့် ရသေ့ကြီး ဦးညြ၏ ရွှေသတ်နည်းဖြစ်ကြောင်း သိရသဖြင့် မူရင်းအတိုင်း စာရှုသူအားလုံးနှင့် အဂ္ဂိရတ်ဝါသနာရှင်အပေါင်းတို့အား စေတနာရှေ့ထား၍ မျှဝေ တင်ပြလိုက်ပါသည်။ ယင်းပုရပိုက်မှ ရွှေသတ်နည်းများမှာ...

၁။ အခေါက်ရွှေစစ်စစ် (၁)ကျပ်သား
၂။ ဒုတ္တာ (၅)မူးသား
၃။ ယပ်စိမ်း (၃)မူးသား
၄။ ဟင်းရိုင်းမြေ (၁)မူးသား
၅။ လက်ချား (၁)မူးသား
၆။ ကန့် (၁)မူးသား
၇။ ဆေးဒန်းရွှေဝါ (၁)မူးသား
၈။ ဖဝက်သာ (၁)မူးသား
၉။ ကျောက်ချဉ် (၁)မူးသား
၁၀။ ပြဒါး (၁)မူးသား

ယင်းဓာတ်ဆေးအားလုံး ညက်စွာကြိတ်၍ အခေါက်ရွှေနှင့် ဓာတ်ဆေးအားလုံး အထက်အောက်နှီး၍ လုံပိတ် ဖော်မံပြီး မီးရှန်(မီးလျှံ)ထိုး၊ မီးသွေး(၂)တင်း ကုန်သွားအောင်ထိုး၊ ပြာကျ၏။ ယင်းရွှေနှင့် ဓာတ်ပြာအားလုံးကို လုံတစ်လုံမှာ ထည့်၍ လုံပိတ်ဖော်မံပြီး ဖွဲမီးမှာ (၇)ရက်စေ့အောင် မီးဖုတ်ပါ။ ပြာနုကျ၏။

**သုံးနည်းနှင့် အကျိုးအာနိသင်မှာ...**

ရွှေပြာ (၆)ရွေးသားကို ပျားရည် (၁၀)ကျပ်သားတွင် ထည့်၊ တစ်ညလုံး စိမ်ထား၊ နံနက်မိုးလင်းလျှင် ပျားရည်သည် ရေကဲ့သို့ ဖြစ်လာ၏။ သံပရာရည်မှာ ရွှေပြာထည့်စိမ်က ရေကဲ့သို့ ဖြစ်၏။ ငှက်ပျောသီးမှည့်တစ်လုံးတွင် ကွမ်းရိုးဖြင့် ရွှေပြာကို တို့၍ထား၊ လေလုံသောနေရာတွင် တစ်ညလောက် ထား၊ ငှက်ပျောသီးပြန်၍ စိမ်းပြန်၏။

ယင်း စိမ်ထားခဲ့သော ပျားရည်၊ သံပရာရည်၊ ငှက်ပျောသီးတို့ကို တစ်နေ့လျှင် (၁)မူးသားခန့်စား၊ (၁၀)မူးသားကုန်လျှင် အညောင်းအညာ၊ အကိုက်အခဲ၊ အထုံအကျဉ်ဟူသမျှ ပျောက်ကင်း၏။

နောက်ထပ် ရွှေပြာဖြင့် စိမ်ထားသော ပျားရည်၊ သံပရာရည်တို့ကို (၁၀)မူးသားကုန်အောင် စားလျှင် ပီယသိဒ္ဓိ၊ ကာယသိဒ္ဓိ၊ ပထဝီသိဒ္ဓိ၊ ဥဒကသိဒ္ဓိ ပြီးမြောက်၍ တောထွက်နိုင်၏။

သံပန်းသေ (၃)မူးသားခန့်ကို ရွှေပြာ(၁)ပဲသား ကျွေး၍ မီးသွေး(၂)တင်းကုန်သွားအောင် ထိုး၊ လုံကို အအေးခံ၍ ခွဲကြည့်လျှင် ကြယ်ရောင်ကဲ့သို့ တောက်ပ၏။ ယင်းနည်းအတိုင်း (၁၀)လုံစေ့အောင် ထိုးခဲ့သော် သံဓာတ်လုံး ဖမ်းလို့မနိုင်အောင် ဖြစ်လာသည်။ သိဒ္ဓိပေါက်၏။

အရသာရှိသော ပျားရည်၊ ထောပတ်မှာ စိမ်၍သောက်က အာယုပေါက်[illegible] အသက်ရှည် ကျန်းမာ၏။ နေသ[illegible] ရွှေကို အလိုရှိပါက သံဓာတ်လုံး[illegible] လုံတစ်လုံမှာ ထည့်၍ မီးသွေး(၆)အု[illegible] ထိုးပြီး ယင်းဓာတ်လုံး ထိုးထားသော လုံခွံနှင့် ဘော်ကိုထည့်၍ ကျင်းလျှင် ဘော်သည် ကိုးတက်ရွှေဖြစ်၏။

ဘော်ကို ကျင်းသည့်အခါ သံဓာတ်လုံးအလေးချိန် (၁)ကျပ်သား ရှိခဲ့လျှင် ဘော်ကို (၈)ပဲသားလောက်ပဲ ကျင်းပါ။ အမိထက် သားက မကြီးစေ[illegible] ဆိုသည်နှင့်အညီ ပြုလုပ်ရပါမည်။

စာရှုသူအားလုံးနှင့် အဂ္ဂိရတ်ဝါသနာရှင်များ ရွှေသတ်နည်းများ ရရှိသဖြင့် ငွေအရင်းအနှီးများ ရှိပါက ဤဖော်ပြပါနည်းအတိုင်း စမ်းသပ်၍ စီမံပြုလုပ်နိုင်ပါကြောင်း အသိပေး တင်ပြ ရေးသားလိုက်ရပါသည်။ အည[illegible] မည်း၊ စိတ်ဝေဖန်၊ ဝိဇ္ဇာမယံ၊ ဇော်ဂီ[illegible] ရသေ့ရှင်မွန်၊ လောကီချာန်၊ ခေ[illegible] အမတံ၊ ပြည်နိဗ္ဗာန်၊ ရောက်လ[illegible] ကေန်၊ မဂ်အလွန်၊ ဖိုလ်မွန်ရလွယ် ကျိုး၊ ထိုး၍သာ ကြံကြလေစေကု[illegible]

ဆရာ ဦးစန်းယု

*(ခေတ်မီ အဘိဓမ္မာ တော[illegible] တိုင်းရင်းဆေး၊ ကဲ[illegible]င်း)*



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတလား ငွေတလားနှင့်

## ထူးဆန်းသော ကျိန်စာ

မောင်မောင်သိန်း
(သတင်းထောက်-ဖီးကုန်း)



တန်ခူးလ၏ နေအပူရှိန်သည် ပူပြင်းလှသည်ဖြစ်၍ ဘယ်မှ မသွားတော့ဟု စိတ်ဆုံးဖြတ်ထားပါသော်လည်း ဘယ်လိုမှ မသွားမဖြစ်သော ကိစ္စတစ်ခုက ပေါ်လာသည်။

နှမဖြစ်သူ မကြည်ငွေး၏ ကိုယ်တိုင်ကိုယ်ကျ တကူးတက လာရောက်ဖိတ်ခေါ်မှုကြောင့် မသွားလျှင် ဘယ်လိုမှ မဖြစ်သဖြင့် တန်ခူး နေပူပူအောက်ဝယ် အလှူမင်္ဂလာပွဲသို့ လာခဲ့ရပေသည်။

ဆင်မြီးဆွဲတိုက်နယ် လယ်ဦးကျေးရွာမှ အမေ့ညီမမှ မွေးထားသည့် နှမများဖြစ်ကြသော မကြည်ငွေးနှင့် မရီသန်းတို့ ညီအစ်မများသည် ခင်ပွန်းသည်များအား ဒုလ္လဘရဟန်း ဝတ်စေပြီး ရင်နှစ်သည်းချာ သားလှရတနာလေးများကို ရှင်သာမဏေ ပြုပေးမည့် ပဥ္စင်းခံ ရှင်ပြုအလှူမင်္ဂလာပွဲပေတည်း။

ပြည်ခရိုင်တစ်ဝိုက်တွင် တောင်နုဝင်းဆည်ရေ၏ အကျိုးကျေးဇူးကြောင့် တောင်သူလယ်သမားတို့၏ နွေစပါးစိုက်ခင်း စိမ်းစိမ်းစိုစိုများသည် အိုအေစစ်သို့ ရောက်သွားရသည့်အလား ရင်ထဲတွင် စိုပြည်အေးမြ လန်းဆန်းခဲ့သည်။

ညဘက် အလှူအိမ်တွင် စကားဝိုင်းဖွဲ့ပြောနေကြရာမှ မကြည်ငွေး၏မောင် ကိုမြင့်ဝေမှ...

'အစ်ကို ခင်ဗျားကို အလှူပြီးရင် လိုက်ပြစရာရှိတယ်'

'ဘာများလဲ ညီလေးရဲ့ ဗဟုသုတဖြစ်စရာ စိတ်ဝင်စားစရာလား'

'ကျွန်တော်ကတော့ အတိအကျ မသိဘူး။ ရွာဦးဆရာတော်ကတော့ ရာဇဝင်ကိုသိတယ်'

'ဒီလိုဆို အလှူပြီးရင် သွားကြတာပေါ့ကွာ'

အလှူများ ပြီးဆုံးပြီးနောက် နောက်တစ်နေ့၏ နံနက်ခင်းတွင် ကိုမြင့်ဝေနှင့်အတူ စက်ဘီး တစ်ယောက်တစ်စီးဖြင့် ထွက်လာခဲ့ကြရာ တစ်နာရီခန့် ကြာသောအခါ **ကိုယ်ကြီးမြှုပ်ရွာ**ရောက်ခဲ့ကြသည်။

ကိုယ်ကြီးမြှုပ်ရွာ အပြင်ဘက် တစ်ခေါ်လောက်တွင် ကျင်းကြီးများ တူးထားသည်ကို တွေ့ရှိရပြီး ရေများအား ဘယ်လိုမှ စုပ်ထုတ်မရ၍ ပြန်သွားကြကြောင်း။ အဆိုပါအဖွဲ့သည် ရှေးဟောင်းသုတေသနအဖွဲ့မှဟု သိရှိရကြောင်း ပြောပြပါသည်။

**ဒီနေရာကို စတင် တူးသည့်အခါမှာ တန်ခူးလနွေရာသီမှာ ဆင်မြီးဆွဲနယ် တစ်ဝိုက်တွင် မိုးများ ရက်ဆက်အုံ့မှိုင်းနေပြီး နေမပွင့်တော့ဘဲ လျှပ်စစ်လျှပ်နွယ်များ ဝင်း လက်လျှက် မိုးသံလေသံများကို ကြားနေရကြောင်း ကိုမြင့်ဝေမှ ပြောပြပါသည်။**

ဤဖြစ်ရပ်အား စိတ်ဝင်စားလှသဖြင့် အပြန်တွင် ရွာဦးသိမ်ကုန်းကျောင်း ဆရာတော်ထံသို့ ဝင်ရောက်ဖူးမြော်ရင်း လာရင်းအကြောင်းကို လျှောက်ထားမေးမြန်းမိပါသည်။

သိမ်ကုန်းကျောင်း ဆရာတော်၏ ဘွဲ့အမည်မှာ **ဦးဝါသဝဖြစ်ပြီး သက်တော် မှာ(၈၀)ကျော်ပြီး** သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံသည့်ပြင် ဗဟုသုတနှင့်လည်း ပြည့်စုံကြွယ်ဝသော ဆရာတော်ကြီးတစ်ပါး ဖြစ်လေသည်။

ဆရာတော် ဦးဝါသဝသည် သမိုင်းစဉ် အဖြစ်အပျက်များအား ဤသို့ အစချီကာ အမိန့်ရှိပါသည်။

* * *

**ဂဝံပတော့၊ ရသေ့၊ သိကြား။ နဂါး။ ဂဠုန်၊ စန္ဒီ၊ ပရမေသုရာ** ဤ(၇)ယောက်သော သူမြတ်တို့သည် စုရုံးညီညွတ်စွာသော စည်၏ မျက်နှာပြင်ကဲ့သို့ မြေအပြင်ဝယ် မြို့တည်ထောင်ရန် စုရုံးညီညာစွာ ရောက်ရှိကြပြီး မြို့တည်ရန် စီမံကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com

သာယာညီညွတ်လှစွာသော မြေအပြင်ဝယ် သိကြားမင်းသည် စက်တိုင်၌ ရပ်နေပြီးလျှင် နဂါးကို စက်ကြိုးဖြင့် လှည့်လေသည်။ နဂါး စက်ကြိုးဖြင့် ရစ်လည်သော မြို့ရိုးသည် အချင်း တစ်ယူဇနာ၊ အဝန်းသုံးယူဇနာ ကျယ်ဝန်းလေသည်။

(၇)ယောက်သော သူမြတ်တို့သည် တံခါးကြီး(၃၂)တံခါး၊ တံခါးငယ်(၃၂)တံခါး၊ ကျုံး၊ မြောင်း၊ ပစ္စင်၊ ရင်လျှောက်၊ တန်ဆောင်း၊ ပြအိုး စသည့် မြို့အင်္ဂါ(၇)ပါးနှင့် တင့်တယ်လှစွာသော သရေခေတ္တရာ ရွှေမြို့တော်ကြီးကို **သာသနာသက္ကရာဇ် ၁၀၁ ခုနှစ်၊ တန်ခူးလဆန်းတစ်ရက်၊ တနင်္ဂနွေနေ့ နက္ခတ် တစ်ဆယ့်ခြောက်လုံး နေထွက်တပြုတွင် ရွှေနန်းတော်၊ မြို့၊ ကျုံး ဤသုံးဌာနကို တည်တော်မူ၏။** ***(မှန်နန်းရာဇဝင်)(မြို့တည် ရာဇဝင်ကွဲ ရှိပါသေးသည်။ သရုပ်ပြ အဘိဓာန်)***

ရွှေ၊ မိုး၊ ဆောင်း ဥတုသုံးပါးနှင့် ကိုက်ညီသော ပြာသာဒ်သုံးဆောင်နှင့် တကွ မြို့၏အင်္ဂါ နန်း၏အဆင်တန်ဆာတို့နှင့် ပြည့်စုံစွာ ခုနစ်ရက်အတွင်း ထူးဆန်း တင့်တယ်လှစွာသော သိကြားမင်းနေရာ သုဒဿနမြို့ကဲ့သို့ မြတ်သော အသရေကို ဆောင်သော **သရေခေတ္တရာရွှေမြို့တော်** တည်သည်။

ခုနစ်ရက်အတွင်း အပြီး တည်ဆောက်ပြီးသော် သိကြားမင်းသည် ဒွတ္တပေါင်မင်းကြီးအား လက်တော်မ,လျက် ရွှေနန်း တင်ပြီးသော် နှမတော် **စန္ဒာဒေဝီနှင့် နဂါးမင်းသမီး ဘေဒရီ**တို့ကို မိဖုရားအရာ ထား၍ ရာဇာဘိသိက် ခံလေသည်။

**ဒွတ္တပေါင်မင်းကြီးသည် သိကြားမင်း ဆက်သည့် အဓိဋ္ဌာနလုံ့တွင် အခွန်ကောက် ခံသော အမှာစာ ရေးထိုးချိတ်ဆွဲပြီး လုံ့ထိုး တောင်သို့ တက်တော်မူပြီး ဇမ္ဗူဒိပ်မြေ အပြင်ထယ်ရှိသော တစ်ရာသော မင်းတို့ထံ အခွန်ခံသောအခါ တစ်ရာသော မင်းတို့သည် သမီးကညာ၊ ရတနာ အဝရှိသော ဆင်၊ မြင်း၊ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြားတို့ကို အခွန်ဆက်သကြရလေ သည်။**

ဒွတ္တပေါင်မင်းကြီး၏ ဘုန်းတန်ခိုးကား ဇမ္ဗူဒိပါကျွန်းမှစ၍ အသုရာပြည်၊ နဂါး



ပြည်တိုင်အောင် အခွန်ကောက်ခံလေသောကြောင့် နှစ်တိုင်း နှစ်တိုင်းလျှင် ဆက်လာကြကုန်၏။

ထိုသို့ ဇမ္ဗူဒိပ်မြေအပြင် အတိုင်းတိုင်း အပြည်ပြည်တို့ တစ်နှစ်အတွင်း ဆက်သသော အခွန်ဘဏ္ဍာ ရွှေငွေပစ္စည်းတို့ကို စုပုံထားသည်ရှိသော် **အစောက်အမြင့် အတောင်လေးဆယ်ရှိသည် ဟူ၏။**

ဒွတ္တပေါင်မင်းကြီး စိုးစံအုပ်ချုပ်နေသော သရေခေတ္တရာ ရွှေမြို့တော်ကြီး နယ်ပယ်တစ်ဝိုက်တွင် တိုင်းသူပြည်သားများမှာ သာသနာတော်ကြီး စည်ပင်၍ ပြည်သူအများမှာလည်း စိတ်နှလုံး ချမ်းမြေ့စွာ နေထိုင်ကြလေသည်။

ငွေနှင်းမှုန်များ ကြဲပက်နေသည့် ကြယ်၊ လ၊ နက္ခတ်တာရာအပေါင်း စုံညီစွာ ထွန်းတောက်နေသော တန်ဆောင်မုန်းလ၏ နေ့တစ်နေ့တွင် ရှမ်းပြည်နယ်မှ စော်ဘွားကြီးသည် ပျိုမျစ်နုနယ် လှပချောမောသော ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသည့် သမီးချောကညာ **သုံးပန်လှ** သမီးတော်အား ဆင်၊ မြင်း၊ ခြွေရံသင်းပင်း၊ မှူးမတ်များနှင့်တကွ သရေခေတ္တရာပြည့်ရှင် ဘုရင် ဒွတ္တပေါင်မင်းကြီးအား ရွှေ၊ ငွေ၊ အခွန်ဘဏ္ဍာများနှင့်တကွ ဆက်သလာလေသည်။ သုံးပန်လှမင်းသမီးနှင့် တကွ ရွှေ ငွေ၊ ဘဏ္ဍာများ ဆက်သလာကြောင်း နားတော်လျှောက်သောအခါ ဒွတ္တပေါင်မင်းကြီးလည်း နောက်တစ်နေ့ နံနက်တွင် နေထွက်တပြုအချိန်တွင် မြို့တွင်းသို့ ဝင်ရောက်ဆက်သလာရန် အမတ်ကြီးများအား အမိန့်တော် ချမှတ်စေခိုင်းလိုက်လေသည်။

သုံးပန်လှမင်းသမီး ဆက်သလာကြောင်း မိဖုရားငယ်များ ကြားသိသော် ဒွတ္တပေါင်မင်းကြီးသည် မိမိတို့အပေါ် အချစ်တော် လျော့သွားမည်ကို စိုးရိမ်ကြောင့်ကြသောကြောင့် အမတ်ကြီးများအား တိတ်တဆိတ်ခေါ်ယူ၍ နံနက်ခါ သုံးပန်လှမင်းသမီးအား ဆက်သသော အခါ မြို့ဝင်တံခါးပေါက်အား ဆင် တစ်ကောင် တစ်ချက်စီး၍ မြို့တွင်းသွင်းရန် မှာထားပြီး ဆုလာဘ်များ ပေးလိုက်လေသည်။

သုံးပန်လှမင်းသမီး၏ ချောမောလှပသော သတင်းသည် နေပြည်တော်အတွင်း ပျံ့နှံ့လျက်ရှိရာ ပြည်သူအများနှင့် နန်းတွင်းသူ နန်းတွင်းသားတို့သည် အထူးပင် စိတ်ဝင်စားလျက် ရှိကြသည်။

နှင်းများကား ဇာပဝါးပါးပါး လွှာထားသလို မှုန်မွှားဝေဝါးနေပြီး အရှေ့လောကဓာတ်ဆီမှ နေမင်းကြီးကလည်း ထွက်ပြူစ,အချိန် နေရောင်ခြည်တို့ ရွှေရောင်ဆမ်းထားသလို တန်ဆောင်မုန်းလ၏ နံနက်ခင်း လောကဓာတ်တစ်ခွင် ကျက်သရေမင်္ဂလာတို့နှင့် ပြည့်စုံသာယာ လန်းဆန်းနေလေသည်။

ဒွတ္တပေါင်မင်းကြီးသည် နံနက်စောစော စက်တော်ခေါ်ရာ အဆောင်တော်မှ ထပြီး ဝတ်လဲတော်များ ဝတ်ဆင်ပြီး လေသာဆောင်မှနေ၍ တောင်ဘက် မြို့ရိုးပေါက်သို့ မောင်းမမိဿံ ခြွေရံမှူးကြီး မတ်ရာတို့နှင့် ရှုမျှော်နေလေသည်။ ပြည်သူပြည်သားတို့မှာလည်း အထူးပင် ကြိုဆိုလျက် နေကြလေသည်။

ထိုအချိန်တွင် တောင်ဘက် မြို့ရိုးတံခါးပေါက်မှ သုံးပန်လှမင်းသမီးအား ဆင် တစ်ဖက်တစ်ကောင်ရံ၍ မြို့တွင်းသို့ ဆက်သွင်းလာသည်။ ဒွတ္တပေါင်မင်းကြီးလည်း ရှုစားတော်မူနေရာ အနားတွင် ခစားနေကြသော အမတ်ကြီးများမှ...

'အရှင်မင်းကြီးဘုရား သုံးပန်လှမင်းသမီးသည် ချောမောလှပသလောက် ခန္ဓာကိုယ်ကြီးမား အကြီးကြီးပါလား ဘုရား မြို့ရိုးတံခါးပေါက်နှင့် တောင် မဆံ့ပါဘုရား'

ဒွတ္တပေါင်မင်းကြီးသည် လေသာဆောင်မှ ရှုစားတော်မူနေစဉ် နံနက်စောစော နှင်းမှုန်မှုန်ကြားဝယ် မပီဝိုးတဝါးလျှင်





www.burmeseclassic.com

www.burmeseclassic.com

မြင်နေရသော မြို့ရိုးတံခါးပေါက်ကြီးမှာ ပြည့်နေသဖြင့် အနားတွင် အသင့်ခစားနေသော မြင်းသည်တော်တပ်သား သုဒတ္တအား…

'ဟဲ့ သုဒတ္တ ဒီလောက် ခန္ဓာကိုယ် အတ္တဘောကြီးလှတဲ့မင်းသမီး မိဖုရားအရာနှင့် မတန်လေဘူး ယခုချက်ချင်း နေရပ်တိုင်းပြည်သို့ ပြန်စေ အမိန့်တော်'

ဒွတ္တပေါင်မင်းကြီးသည် အမိန့်တော်ချမှတ်ပြီး စိတ်မကောင်းကြီးစွာဖြင့် အတွင်းတော်သို့ ဝင်သွားလေသည်။ မိဖုရားငယ်တို့လည်း မိမိတို့ အကြံအစည် အောင်မြင်သွားပြီဖြစ်၍ ကြည်နူးနှစ်သိမ့်စွာ မိမိတို့ အဆောင်တော် အသီးသီးသို့ ပြန်သွားကြလေသည်။

မြင်းသည်တော် သုဒတ္တသည် မြင်းအား တောင်ဘက်မြို့ရိုးပေါက်သို့ အပြင်းဒုန်းစိုင်း၍သွားရောက်ပြီး သုံးပန်လှမင်းသမီးရှေ့မှောက် ရောက်သောအခါ မြင်းကိုရပ်တန့်ပြီး "အမိန့်တော်ပါသည်၊ အမိန့်တော်နာခံ" ထိုအခါ သုံးပန်လှမင်းသမီးနှင့် နောက်ပါ ခြွေရံသင်းပင်းမှူးမတ်တို့သည် ဒူးထောက်၍ နာခံနေလေသည်။

'အမိန့်တော်…သုံးပန်လှမင်းသမီးသည် မိဖုရားအရာနှင့် မတန်သောကြောင့် ယခုပင် နောက်ကြောင်းပြန်ဆုတ်၍ မိမိတိုင်းပြည်သို့ ပြန်စေ၊ ဘုရင်ထီးဘုရားကြီး အမိန့်တော်'

ထိုအခါ သုံးပန်လှမင်းသမီးနှင့် နောက်လိုက်ခြွေရံသင်းပင်းတို့သည် မမျှော်လင့်သော အမိန့်တော်အား ကြားကြရသဖြင့် အံ့အားသင့်နေကြသည်။ သုံးပန်လှမင်းသမီးသည် တစ်ယောက်နှင့် တစ်ယောက်မတွေ့ကြရသေးဘဲနှင့် ဘယ်အတွက်ကြောင့် ယခုလို အမိန့်တော် ချမှတ်သည်ကို ဝေခွဲမရဘဲ ရှိနေသည်။

သို့နှင့် "မောင်တော်တစ်ယောက် စိတ်တော်ပြေရင် လိုက်လာမှာပဲ"ဟု စိတ်ထဲမှ အောက်မေ့ပြီး ရံရွေတော်တစ်သင်းနှင့် တကွ မှူးကြီးမတ်ရာတို့အားခေါ်၍ နေရပ်တိုင်းပြည်သို့ နောက်ကြောင်း ပြန်လှည့်ခဲ့ကြလေသည်။

နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ကြရာ



နေအတော်မြင့်သောအခါ တောအုပ်ညိုညို့တွင် ဆင်မြင်းများအား နားပြီး စခန်းချရပ်နားကြလေသည်။ သုံးပန်းလှမင်းသမီးသည် နောက်မှ မောင်တော် လိုက်လာမှာပဲဆိုပြီး စခန်းချနားသော နေရာတွင် သဲကလေးများ လက်သည်းဖြင့် ဆယ်၍ဆယ်၍ တင်နေပြီး စောင့်မျှော်နေလေသည်။

***(ယခုအခါ အဆိုပါနေရာတွင် ဆယ်ဧကခန့် ကျယ်ဝန်းသော ရေကန်ကြီးသည် နွေ၊ မိုး၊ ဆောင်း မခန်းဘဲ ရှိခဲ့ရာ အဆိုပါကန်အား ယခုထက်တိုင် "လက်သည်းရေကန်" ဟု ခေါ်တွင်တည်ရှိနေပါသေးသည်။)***

သုံးပန်းလှမင်းသမီးနှင့် ရံရွေတော်တို့သည် ဆက်လက်ထွက်ခွာလာကြရာ ငါးမိုင်ခန့် ရောက်သောအခါ ရင်းတိုက်တောတစ်ခုသို့ ရောက်ရှိကြလေသည်။

ရင်းတိုက်တောသို့ ရောက်ရှိသောအခါ စခန်းချနားကြပြီး မင်းကြီး လိုက်အလာကို ရင်းတိုက်တောမှ သုံးပန်လှမင်းသမီး စောင့်မျှော်နေလေသည်။

***(ယခုအခါ ထိုနေရာအား ရင်းတိုက်မျှော်မှ ရင်းတုက်မျှော်ရွာဟုခေါ်တွင် တည်ရှိလေသည်။ ရင်းတိုက်မျှော်ရွာသည် ဆင်ဖြူးဆွဲမြို့နားတွင် ရှိလေသည်။)***

သုံးပန်းလှမင်းသမီးတို့သည် ဆက်လက်ထွက်ခွာလာရာ ငါးမိုင်ခန့်အကွာ တောအုပ်တစ်ခုသို့ ရောက်သောအခါ ဆင် မြင်းများအား နားပြီး စခန်းချနေကြလေသည်။

သုံးပန်လှမင်းသမီးသည် နောက်တော်မှ မောင်တော် လိုက်လာမည်လားဟု လည်ပင်းဆန့်၍ လှမ်းမျှော်စောင့်လင့်နေလေသည်။***(ယခုတိုင် ထိုနေရာအား လင်လင့်ကန်ရွာဟု ခေါ်တွင်တည်ရှိနေသည်။)***

သုံးပန်လှမင်းသမီးတို့လည်း ဆက်လက်ထွက်ခွာလာရာ ခရီးမှာ အလွန်ပင်ပန်းလှသဖြင့် တောအုပ်ကလေးတစ်ခုသို့ ရောက်သောအခါ…

'ရံရွေတော်များ သခင်မ ပင်ပန်းတော်မူလှတယ်ကွယ်။ ခေတ္တခဏ မှိန်းစက်တော်မူမယ်'

ဟု မိန့်ကြားကာ သုံးပန်လှမင်းသမီးသည် ခရီးပန်းလှသဖြင့် ရံရွေတော်များ ပြင်ပေးသော နေရာတွင် ခေတ္တ မှိန်းစက်နေလေသည်။

***(ယခုအခါ ထိုနေရာအား မှိန်းမပြေရွာဟု ခေါ်ဆိုလာခဲ့ကြရာမှ ကာလရွေ့လျောလာသဖြင့် မိမ္မပြေရွာဟု ခေါ်တွင်တည်ရှိလျက်ရှိသည်။)***

သုံးပန်လှမင်းသမီးသည် မှိန်းနေရာမှ အတန်ငယ် အမောပြေသွားသောအခါ…

'မင်းကြီးများ ဟိုနားက တောင်ကုန်းပေါ်က နေပြီး နောက်ကြောင်းကို လှမ်းအကြည့်ကြပါဦးကွယ်။ နောက်က မောင်တော်များ လိုက်လာမလား'

မင်းကြီးတို့လည်း မလှမ်းမကမ်းရှိ တောင်ကုန်းကလေးတစ်ခုပေါ်သို့ တက်ပြီး နောက်ကြောင်းသို့ ပြန်လည်အကြည့်ပြီး ဘာသံမှ မကြားရကြောင်း သုံးပန်လှမင်းသမီးအား ပြန်လည်လျှောက်တင်ကြလေသည်။***(ယခုတိုင် ထိုနေရာအား "မင်းအူကုန်း"ဟု ခေါ်ဆိုလာခဲ့ကြရာ ယခုအခါ မအူကုန်းဟု ခေါ်တွင်တည်ရှိလျက်ရှိသည်။)***

သုံးပန်လှမင်းသမီးနှင့် အဖွဲ့တို့လည်း ဆက်လက်ထွက်ခွာလာရာ သဲချောင်းကလေးသို့ ရောက်ရှိလာကြပြီး ဆင်မြင်းများ အပန်းဖြေ ရေတိုက်ပြီး ခေတ္တနားနေကြသည်။

သုံးပန်လှမင်းသမီးသည် မောင်တော် ဒွတ္တပေါင်မင်းကြီးအား စောင့်မျှော်၍ သဲကလေးများ လက်ကလေးဖြင့်ဆယ်၍ ဆယ်၍ တင်နေပြီး စောင့်မျှော်နေလေ



www.burmeseclassic.com

www.burmeseclassic.com

သည်။*(ယခုတိုင် ထိုနေရာအား သဲဆယ်ရွာဟု ခေါ်တွင်တည်ရှိလေသည်။)*

သုံးပန်လှမင်းသမီးနှင့် အဖွဲ့တို့သည် ဆင်မြင်းတို့အား ရေတိုက်အမောပြေပြီး ဆက်လက်ထွက်ခွာလာခဲ့ကြရာ တောအုပ်တစ်ခုသို့ ရောက်သောအခါ သုံးပန်လှမင်းသမီးမှာ ကိုယ်ရောစိတ်ပါ နွမ်းလျပြီး မင်းကြီးအပေါ် စိတ်နာကြည်းသွားလေသည်။

သုံးပန်လှမင်းသမီးမှ နွမ်းလျညှိုးငယ်ပြီး စိတ်အားငယ်ကာ စိတ်နှလုံးပင်ပန်းနွမ်းရိ မောဟိုက်လာလေသည်။

ဒွတ္တပေါင်မင်းကြီးသည် မြင်းသည်တော်လုဒ္ဒအား နောက်တစ်နေ့ ညီလာခံသဘင် ခေါ်ယူ၍ သုံးပန်လှမင်းသမီးအကြောင်း မေးမြန်းစုံစမ်းရာ **သုံးပန်လှမင်းသမီးသည် ကိုယ်လုံးကိုယ်ပေါက် အချိုးအစား ပြေပြစ်ပြီး ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော အင်မတန်ချောမောလှသည့် မင်းသမီးတစ်ပါးဖြစ်ကြောင်း** သံတော်ဦးတင် လျှောက်ထားလေသည်။

ဒွတ္တပေါင်မင်းကြီးသည် ညီလာခံသဘင်အား ချက်ချင်းရုပ်သိမ်းပြီး အမတ်ကြီးလေးယောက်နှင့်တကွ စစ်သည်ဗိုလ်ပါများအား ခေါ်ယူ၍ ကိုယ်တော်တိုင် ဖောင်းဝတ်မြင်းညိုကြီးစီးပြီး အပြင်းဒုန်းစိုင်း၍ ကုန်းရိုးကြောအတိုင်း အပြင်းလိုက်လေသည်။*(ယခုအခါ ထိုကုန်းရိုးတန်းအား "မြင်းစိုင်းပြင်ကုန်းတန်း"ဟု ခေါ်တွင်တည်ရှိ လျက်ရှိသည်။)*

သုံးပန်လှမင်းသမီးသည် ကိုယ်စိတ်နှလုံး ညှိုးနွမ်းချည့်နဲ့လာပြီး စိတ်နာကြည်းစွာဖြင့်...

'ဟယ် ဒင်းက ဘာမို့လို့လဲ၊ ရွှေလင်ဖြစ်ပစေ မယက်မောတော့ဘူး'

ဆိုပြီး ရံရွေတော်များနှင့် ဆက်လက်ထွက်ခွာလာခဲ့လေတော့သည်။*(ယခုတိုင် ထိုရွာအား "ရွှေလင်ရွာ"ဟု ခေါ်တွင်တည်ရှိနေသည်။)*

သုံးပန်လှမင်းသမီးသည် ရံရွေတော်များနှင့် ဆက်လက်ထွက်ခွာလာရာ



လွမ်းမောဆွတ်ပျံ့ဖွယ်ရာ ကောင်းသောတောအုပ်ကလေးသို့ ရောက်ရှိလာလေသည်။

တောအုပ်ကလေးမှာ စမ်းချောင်းကလေးက တသွင်သွင်စီးလျက် ပင်ယံထက်မှ ကျေးငှက်သာရကာတို့၏ ဘာသာဘာဝ ဖိုမခေါ်ထူး ပျော်မြူးသံများကို ကြည့်လျက်နေလေသည်။

စမ်းချောင်းအတွင်းမှ ရောင်စုံငါးကလေးများကလည်း ပျော်မြူးလှုပ်ရှားကူးခပ်သွားလာနေလျက် ရှိကြသည်။

ခရီးကြမ်းကို လျှောက်လှမ်းလာရသောကြောင့် ကိုယ်ခန္ဓာမှာ နွမ်းလျပင်ပန်းနေသည်ကတစ်ကြောင်း၊ ယခုလို လွမ်းမောဖွယ်ရာ တောအုပ်ကလေး ရောက်လာတော့ မောင်တော် ဒွတ္တပေါင်မင်းကြီးအား မျှော်လင့်တသ အောက်မေ့လွမ်းဆွတ်သည်က တစ်ကြောင်းတို့ကြောင့်...

ကိုယ့်နှင့်စိတ် မချိတင်ကဲ စိတ်သောကအား မထိန်းနိုင်တော့ဘဲ တောအုပ်အတွင်း စမ်းချောင်းကလေးဘေးတွင် သုံးပန်လှမင်းသမီး ရင်ကွဲနာကျ၍ ဆုံးပါးသွားလေသည်။

သုံးပန်လှမင်းသမီး ဆုံးပြီး၍ မကြာမီအချိန်မှာပင် ဒွတ္တပေါင်မင်းကြီးသည် အလာကောင်းပေမယ့် အခါနှောင်းသွားလေပြီ။ သုံးပန်လှမင်းသမီး၏ ဇီဝိန်ကင်းမဲ့နေသော ခန္ဓာကိုယ်ကလေးကိုသာ တွေ့ရှိရလေတော့သည်။

ဒွတ္တပေါင်မင်းကြီးလည်း သုံးပန်လှမင်းသမီးလေး၏ မျက်နှာတော်လေးအား စေ့စေ့ကြည့်၍ ရှုစားတော်မူရာ မောင်တော်အလာ ကြိုလင့်စောင့်စားနေသည့် မြူးယောင်ယောင်နှင့် နွမ်းလျလျ မျက်နှာထားကလေးအား ရှုစားမိတော်မူသဖြင့် မချိတင်ကဲ ဝမ်းနည်းပူဆွေး နှမြောတသ လွမ်းဆွတ်မိလေသည်။

**ဒွတ္တပေါင်မင်းကြီးသည် သုံးပန်လှမင်းသမီးအား သဂြိုဟ်ရန် မြင်းသင်ဆရာကြီး ဒိကြာမင်း ရောက်ရှိလာပြီး သုံးပန်လှမင်းသမီး၏ အလောင်းအား ရွှေတလား ငွေတလားတို့ဖြင့် ထည့်သွင်းမြှုပ်နှံရန် စီမံကြလေသည်။**

ဒွတ္တပေါင်မင်းကြီးသည် သုံးပန်လှမင်းသမီးလေးအား ရွှေတလား ငွေတလားဖြင့် ထည့်သွင်းမြှုပ်နှံပြီး အမတ်ကြီးလေးယောက်အား ထောင့်လေးထောင့်တို့တွင် တစ်ယောက်စီ ရွှေတလား ငွေတလားအား စောင့်ရန် စတေးလိုက်လေသည်။ *(ယခုထက်တိုင် ထိုနေရာအား "ကိုယ်ကြီးမြှုပ်ရွာ"ဟု ခေါ်တွင်တည်ရှိလေသည်။)*

ဒွတ္တပေါင်မင်းကြီးနှင့် သုံးပန်လှမင်းသမီးတို့၏ ကြေကွဲဝမ်းနည်းဖွယ်ရာ မှတ်တမ်းအား ယနေ့ထိတိုင် လူအများပြောဆိုနေကြသည်။ **ဒဏ္ဍာရီလဲ မဟုတ်၊ ပုံပြင်လဲမဆန်သော ဖြစ်ရပ်မှန်ကား သမိုင်းမတင်ခဲ့သော အချစ်ဇာတ်လမ်းတစ်ပုဒ်** ဖြစ်ပါတော့သည်။

စကားချပ်

*(ယခုအခါ သမိုင်းစဉ်တစ်လျှောက် ဖြစ်တည်ခဲ့သော ရင်းတိုက်မှော်ကျေးရွာ လင်လင့်ကန်ကျေးရွာ၊ မိမ္မပြေကျေးရွာ သဲဆယ်ကျေးရွာ၊ ရွှေလင်ကျေးရွာ ကိုယ်ကြီးမြှုပ်ကျေးရွာတို့သည် လယ်ယာဥယျာဉ်ခြံတို့ဖြင့် ဖွံ့ဖြိုးစည်ပင် သာယာလျက်ရှိသော ကျေးရွာကြီးများအဖြစ် တွေ့ရှိခဲ့ရပါသည်။*

*ဤသမိုင်းဇာတ်လမ်းအား အမိန့်ရှိ ပြောပြခဲ့သော ကျေးဖူးရှင် ဆရာတော် ဦးဝါသဝ သိမ်ကုန်းကျောင်းအား ဦးညွှတ်ကန်တော့ပါ၏။)*

မောင်မောင်သိန်း
*(သတင်းထောက်–ရိကုန်း)*



www.burmeseclassic.com

www.burmeseclassic.com

ဆယ်နှစ်ဆယ်မိုး

# ပရလောကရောက်သူတစ်ဦး

ကိုယယ်လွှမ်း



ကိုမောင်ကြည် ပရလောက ရောက်နေသည်မှာ ကြာပါပြီ။ ကိုမောင်ကြည်ဟုသာ ပြောရသော်လည်း ကျွန်တော် ကိုမောင်ကြည်ကို မမြင်ဘူးပါ။ မြင်ဘူးလျှင်လည်း မမှတ်မိနိုင်ပါ။ ကျွန်တော် ငယ်စဉ် နှစ်ခါလည်သားလောက် ရှိသေးသည်ဟု ကျွန်တော့်မမက ပြောဖူးပါသည်။

ကျွန်တော့်မမက ယခု ရှိမည်ဆိုလျှင် အသက်(၈၀)ခန့် ရှိပါမည်။ ကျွန်တော့်ထက် (၁၂)နှစ် ကြီးပါသည်။ ဘာကြောင့်ဆိုသော် ကျွန်တော်ပင်လျှင် ယခု အသက်(၆၈)နှစ်ထဲ (၇)လ ရောက်နေပါပြီ။

ကိုမောင်ကြည်က ကျွန်တော့်ထက် (၁၀)နှစ်လောက် ကြီးပါမည်။ သူ့ညီဖြစ်သူ ကိုမောင်ရီနှင့် သူ (၃)နှစ်ကွာပါသည်။ ကျွန်တော့်မမနှင့် ကိုမောင်ကြည်တို့သည် (၂)နှစ်မျှ ကွာတော့ ငယ်ငယ်က ကစားဖက်ဟု ပြောပါသည်။

ဂျပန်ခေတ်ပြီးတော့ ကျွန်တော်တို့ အရပ်ထဲ ပြန်ရောက်ကြပါသည်။ အရပ်ထဲ ပြန်ရောက်တော့ အိမ်ခြေ မရှိသေးပါ။ တစ်ကွက်လုံးမှာ (၇,၈)အိမ်ခန့်သာ ရှိပါသေးသည်။ ချုံတွေ ရှင်းလင်းပြီး အိမ်တစ်လုံးကို ဝိုင်းဝန်းဆောက်ကြရပါသည်။

လက်သမား ပန်းရန် ဟူ၍ မရှိသေးပါ။ ကျွန်တော့်အဖေ ယောက်ဖကလည်း လက်သမားဆရာဆိုတော့ ပို့ပြီး အဆင်ပြေပါသည်။ မခေါ်ရပါ။ သူ့ဘာသာသူလာပြီး အလိုက်သိစွာ လာကူပါသည်။

ကိုမောင်ကြည် အိမ်နှင့် လက်သမားဆရာဦးဘချစ်တို့က အိမ်ချင်းကပ်လျက် ကျွန်တော်တို့ကတော့ မသိသေးပါ။ ကိုမောင်ကြည်ကတော့ သိမည်၊ မြင်မည် ထင်ပါသည်။

ဘာကြောင့်ဆိုသော် ကိုမောင်ကြည်သည် နောင်တွင် သူတို့အိမ်နောက်က **ဆူးဖြူပင်မှာ နေသည်ဟု သူ ပူးပြောသောကြောင့် ဖြစ်ပါသည်။** ကျွန်တော်တို့အိမ်ကို ဆူးဖြူပင်မှ လှမ်းကြည့်လျှင် အထင်းသား မြင်နိုင်ပါသည်။ မျက်စောင်းထိုး (၄)အိမ်ကျော်လောက်မှာ ရှိပါသည်။

ထိုစဉ်က အရပ်ထဲတွင် ဝင်းမခတ်



www.burmeseclassic.com

www.burmeseclassic.com

ကြပါ။ ကိုမောင်ကြည်တို့ အိမ်နောက်က အဆောက်အအုံ မရှိသေးပါ။ ကွက်လပ်ပင် ရှိပါသေးသည်။ သစ်ပင်ချုံနွယ်များနှင့် ပြည့်နေပါသည်။

ကျွန်တော်တို့ နေတိုင်းလိုလို ဆော့ကြပါသည်။ တူတူပုန်းကြပါသည်။ ဒါတွေကို ကိုမောင်ကြည် ဆူးဖြူပင်မှ ကြည့်နေ မြင်နေသည်မှာ သေချာပါသည်။ ကျွန်တော်တို့ကသာ သူရှိမှန်း မသိပါ။ သူလည်း ဘယ်သူ့ကိုမှ ပူးခြင်း၊ ပြောခြင်း မရှိပါ။ ဒီလိုနှင့် တစ်နေ့...

တိုက်ဆိုင်ချင်တော့ လွန်ခဲ့သည့် နှစ်ပေါင်း (၄၅)နှစ်ခန့်လောက်က ပရလောကမှ ကိုမောင်ကြည်တစ်ယောက် ဘာစိတ်ကူး ပေါက်သည် မသိ။ ထိုညနေ နေဝင်ဖျိုးဖျ (၆,၇)နာရီလောက်တွင် သူ့ညီအရင်းဖြစ်သူ ကိုမောင်ရီကို ဝင်ပူး၍ ကျွန်တော့်အစ်ကိုဝမ်းကွဲတော်သူ ကိုအုန်းဖေ အိမ်ဘက်ကို အလာမှာ ပါလာပါတော့သည်။

ကျွန်တော်တို့လည်း ကိုမောင်ရီ အလာကို မျှော်နေကြသည်။ "ဒီကောင် မောင်ရီ ဘာလို့ ဒီနေ့ နောက်ကျနေပါလိမ့်" ပေါ့။ လက်ဖက်သုပ် စားရအောင် ကျွန်တော်က ရေနွေးကြမ်း ခတ်ပေးရပါသည်။ ကျွန်တော်က အငယ်ဆုံး ဖြစ်ပါသည်။ ကိုမောင်က ကျွန်တော့်ထက် (၃)နှစ်ခန့် ကြီးပါသည်။

ကျွန်တော်က အငယ်ဆုံးဖြစ်၍ ကျွန်တော်ပဲ ပြေးရပါသည်။ လက်ဖက်ရည်ဝိုင်းစ,ရန် မောင်ရီကို မျှော်နေကြပါသည်။

မျှော်နေရင်းမှာပင် ကိုမောင်ရီသည် ခေါင်းငိုက်စိုက်နှင့် ကိုအုန်းဖေတို့အိမ်ပေါက် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာပါသည်။

မျက်လုံးနီ၊ မျက်လုံးထောင့်နီကြီး



ဖြင့် ဟိုကြည့်ဒီကြည့် ဖြစ်နေပြီး အိမ်မှာရှိသည့် လူ(၅)ယောက်ကို တစ်ယောက်ပြီးတစ်ယောက် စိုက်၍ စိုက်၍ ကြည့်နေပါသည်။ ဘာမှ မပြောသေးပါ။

သူငယ်ချင်းတွေမှ နေရာပေး၍ အစ်ကို ကိုအုန်းဖေမှ...

'ဟေ့ မောင်ရီ လာလေကွာ။ ဘာလုပ်နေတာလဲ ထိုင်လေကွာ။ မင်းကို စောင့်နေတာ တို့ တီးဝိုင်းစ,ကြစို့'

ဟု ပြောလိုက်သည့်အခါ မောင်ရီ မဟုတ်သော မောင်ကြည်က...

'ဟာ... ငါ မောင်ရီ မဟုတ်ဘူးကွ။ မောင်ရီအစ်ကို မောင်ကြည်လေကွာ။ စစ်မဖြစ်ခင် (ဂျပန်ခေတ်) မတိုင်ခင်က ဆုံးသွားတာလေ။ မင်းတို့ ငါ့ကို မေ့လောက်ပြီပေါ့'

ဟု ပြောရင်းဆိုရင်း ငိုပါလေတော့သည်။ ရှိုက်ကြီးတငင်ဖြင့် ငိုပါလေတော့သည်။ ဘယ်လိုမှ ချော့၍ ဖျောင်းဖျ၍ မရတော့ပါ။ တစ်ဆယ့်ငါးမိနစ်လောက် တအား ရှိုက်၍ ရှိုက်၍ ငိုပါလေတော့သည်။

ဒီတော့ အစ်ကို ကိုအုန်းဖေက...

'မောင်ကြည် အခု မင်းက ဘယ်က လိုက်လာတာလဲ၊ မင်းက ဘယ်မှာနေတာလဲ။ ဘာမှလဲမသိ၊ ဘယ်သူ့မှလဲ အိပ်မက်မပေးဘဲ နေနိုင်လိုက်တာ မောင်ကြည်ရာ'

ဟု ပြန်ပြောပါသည်။

'ဘယ်သူ့မှ ဝင်လို့မရ၊ အိပ်မက်ပေးလို့
ဘူးကွ။ အခု ငါ... ငါတို့ အိမ်နောက်
ဆူးဖြူပင်မှာနေတယ်။ မင်းတို့ သွားလာ
တာကို ငါကတော့ မြင်သိနေတာပေါ့
ဒါပေမယ့် ဘယ်သူ့မှ ပူးလို့ မရဘူးကွ
အခုတော့ ငါ့ညီလေးနဲ့ အဆင်သင့်
လိုက်လာရတာကွ။ ကဲ မင်းတို့နဲ့တွေ့
ဘာကျွေးကြမှာလဲ'

ဆိုတော့ ကိုအုန်းဖေက...

'မင်း ဘာ စားချင်လဲ'

ဟု မေးကြည့်တော့ ကိုမောင်ကြည်က...

'ငါ ဘာမှ မစားချင်ပါဘူးကွ
ဘိလပ်ရည် အစိမ်းတစ်လုံးလော
သောက်ချင်တယ်'

ဟု ပြောရာ ကိုအုန်းဖေ
ကျွန်တော့်ကိုကြည့်ပြီး...

'ထွန်းကြည်ရေ ဘိလပ်ရည်တစ်
လောက် သောက်ချင်တယ်တဲ့။ မင်း
ကိုလေးတို့ဆိုင်က ဘိလပ်ရည် အစိမ်း
တစ်လုံးသွားပြီး ဝယ်ခဲ့ပါ'

ဟု ဆိုပြီး ကျွန်တော့်ကို ပိုက်
(၃၅)ပြား ထုတ်ပေးပါသည်။ ကျွန်တော်
လည်း ချက်ချင်း ဘိလပ်ရည် သွားဝ
ခဲ့ပါသည်။ ဝယ်ပြီး အိမ်ပြန်ရောက်
ဆိုသည်နှင့် ကိုမောင်ကြည်က ဘိ
ရည် အစိမ်းပုလင်းကို အငမ်းမရ စို
ပြီး မျက်လုံးကြီးကို ပြူးနေအော
စိုက်ကြည့်နေရှာသည်။

ဒီတော့ ကိုအုန်းဖေက ကျွန်တော်
ဆီက ဘိလပ်ရည်အစိမ်းပုလင်းယူ
ကိုမောင်ကြည်ကို ပေးလိုက်သ
ဆိုလျှင်ပဲ ကိုမောင်ကြည်က ယ
ဘိလပ်ရည်ကို တစ်ဆက်တည်
မော့ချလိုက်တာ ခဏတောင်
တော့ပါ။

ကျွန်တော်တို့လည်း ကိုမောင်ကြ
ကိုကြည့်ပြီး သနားနေကြပါသည်။

www.burmeseclassic.com

‘မောင်ကြည်ရယ်… မင်း ဒီလောက် သောက်ချင်နေတာများ အိပ်မက်ပေးပါတော့လား’

ဟု ပြောကြပါသည်။ မောင်ကြည်ကလည်း…

‘ငါ ဘယ်သူ့ကိုမှ ပြောလို့မရ ပူးလို့ မရလို့ပါကွာ။ သာနေတာ ကြာပါပြီကွာ’

ဟု ပြောဆို၍ တစ်ခါ ငိုပြန်ပါလေသည်။ ကိုအုန်းဖေက…

‘မောင်ကြည် ဘာလို့ ငိုရတာလဲ၊ မင်း ဘာလုပ်ချင်သေးလဲ’

ဟု မေးတော့…

‘ငါ ဝမ်းနည်းတယ်ကွာ။ ငါ့အစ်မ ငါ့ယောက်ဖတို့က ငါ့အတွက် ဘာကုသိုလ်မှုလဲမလုပ်၊ အလှူအတန်းလုပ်တော့လဲ အမျှအတန်းမဝေဘဲ လျစ်လျူရှုထားတယ်ကွာ။ ဒီတော့ ငါ ဘယ်လိုလုပ်ပြီး ဒီဘဝက ကျွတ်နိုင်မှာလဲကွာ။

အခုဆို ငါ ဒီဘဝ ရောက်နေတာ (၁၈)နှစ်၊ (၁၉)နှစ်လောက် ရှိတော့မယ်။ ဒီတော့ မင်းတို့လဲ အလှူအတန်းပြုလုပ်တဲ့အခါမှာ ငါ့နာမည်ခေါ်ပြီး အမျှအတန်းပေးဝေပါ။ ငါ ရောက်ရာအရပ်က သာဓုခေါ်လိုက်ရရင် ဒီဘဝက ကျွတ်နိုင်မှာပါကွာ။ ပြီးတော့ ငါ့အိမ်ကိုလဲ ပြောပေးပါ။

ဘုရားဆွမ်းတော်တင်ပြီး အမျှအတန်းပေးဝေပါလို့။ ဘုရားဆွမ်းတော်တင်တဲ့အခါ ငါကြိုက်တတ်တဲ့ ဘီလပ်ရည် အစိမ်းတစ်ပုလင်းထည့်ပြီး လှူပေးပါ။ အမျှအတန်းလဲ ဝေပေးပါ။ ဒီဆို တော်တော်လေး ကျွတ်ဖို့ နီးစပ်ပြီပေါ့ကွာ။ ငါ ကျွတ်ထိုက်ရင် ကျွတ်သွားမှာပါ။ သူတို့ အလှူအတန်းလုပ်လို့ အမျှဝေတာလဲ ရှိချင်ရှိမှာပေါ့ကွာ။ ငါ မရှိတဲ့အခါမှ မသိ၊ မကြားတော့ သာဓုခေါ်ပါတာလဲ ရှိမှာပေါ့နော်’

ဟု ပြောပြန်ပါသည်။ ဒီတော့



ကိုအုန်းဖေက…

‘အေး ကောင်းပါပြီ။ မင်းအိမ်က မင်းအစ်မ၊ မင်းအစ်ကို ကိုစံဝတို့ကိုလဲ ဆက်ဆက်ပြောပေးပါမယ်။ မင်းသာ သာဓုခေါ်ဆိုနိုင်အောင် ကြိုးစားပါ’

ဟု အားလုံးက ဝိုင်းပြောကြပါသည်။ ကိုမောင်ကြည် တော်တော်မောသွားပြီ ထင်ပါသည်။ ကိုမောင်ကြည်၏ ဝိညာဉ် ဝင်ပူးထားသည့် ကိုမောင်ရီကိုယ်လည်း တဆတ်ဆတ်တုန်နေပြီး မောနေဟန် တူပါသည်။ ကိုမောင်ရီ မဟုတ်သော ကိုမောင်ကြည်မှ…

‘ကောင်းပါပြီ သူငယ်ချင်းတို့ မင်းတို့ကို ကျေးဇူးတင်ပါတယ်။ ဘာမှ မလိုတော့ပါ။ ငါလဲ အတတ်နိုင်ဆုံး ဒီဝိညာဉ်ဘဝမှ ကျွတ်လွတ်အောင် မင်းတို့ လှူဒါန်းပြီး ပေးမယ့် အမျှတို့ကို သာဓုခေါ်ဆိုနိုင်အောင် ကြိုးစားပါ့မယ်။ ငါ့ကိုသာ မင်းတို့ ပေးထားတဲ့ ကတိအတိုင်း အလှူအတန်း ပြုလုပ်ပြီး အမျှပေးဝေကြပါ’

ဟု ပြောရင်း…

‘ငါ ပြန်တော့မယ်။ အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်’

ဟု ပြောပြီး ကိုအုန်းဖေတို့အိမ်မှ အပြီးထွက်သွားပါတော့သည်။

ဒီတော့မှ ကိုမောင်ရီအစစ်က မောဟိုက်ပြီး ကျန်ရစ်ခဲ့ပါတော့သည်။ ဒီတော့ ကိုမောင်ရီက…

‘ဟ… အုန်းဖေ ငါ ဘာဖြစ်တာလဲ၊ မောလိုက်တာကွာ။ ငါ့ကို ရေတစ်ခွက်လောက် ပေးတိုက်ကြပါ’

ဟု ဆိုပါတော့သည်။ ကျွန်တော်လည်း ပြေးပြီး သောက်ရေအိုးမှ ရေတစ်ခွက် ခပ်ပေးလိုက်ပါသည်။ ဒီတော့ ကိုမောင်ရီခမျာမှာ အမောတကော ရေတစ်ခွက်ကို သောက်ချလိုက်ပါတော့သည်။

ကိုမောင်ရီမှ “ဘာဖြစ်တာလဲ” ဆိုတော့ ကျွန်တော်တို့မှဖြစ်ကြောင်းကုန်စင် သူ့အစ်ကို ကိုမောင်ကြည် ဝင်ပူးလာကြောင်းနှင့် သူပြော၊ သူမှာသွားသော စကားများကို တစ်လုံးမကျန် ပြန်ပြောပြကြပါတော့သည်။

ဒီတော့ ကိုမောင်ရီလည်း သူ့အစ်ကို မကျွတ်မလွတ်သည့် ဝိညာဉ်လောကဘဝမှာ ရှိနေတာရယ်၊ ပြီးတော့ အိမ်နောက်ခြံစည်းရိုးမှာ ပေါက်နေသည့် ဆူးဖြူပင်မှာ နေရတာရယ် သိသွားတော့ သူလည်း စိတ်မကောင်းဖြစ်ပြီး မျက်ရည်များပင် တွေတွေ စီး၍စီး၍ ကျလာရှာပါတော့သည်။

ဩော်… သနားစရာကောင်းသည့် ညီအစ်ကိုနှစ်ယောက်ပါပေ။ ကျွန်တော်တို့တွေလည်း ကိုမောင်ကြည်တစ်ယောက် ကောင်းရာဘဝသို့ အမြန်ဆုံး ကူးပြောင်းနိုင်ပါစေဟု ရည်ရွယ်၍ သူ့အတွက် ကောင်းမှုကုသိုလ်များ ဘုရားဆွမ်းတော်တင်ပြီး အမျှအတန်းဝေ ဘုရားပွဲမှာလည်း သူ့အတွက် လှူဒါန်းပေးပြီး ကုသိုလ်များပြုခဲ့၊ အမျှဝေခဲ့သည့်အတွက် နောက်ထပ် ဘယ်သူ့မှ ပူးခြင်း၊ အိပ်မက်ပေးခြင်း မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com

ဒါကြောင့် ကိုမောင်ကြည်တစ်ယောက် ကောင်းရာဘဝသို့ မလွဲမသွေ ရောက်သွားပြီဟု ထင်မိပါတော့သည်။

ကိုမောင်ကြည်၏ အကြောင်းသာ ရေးနေရတာ အဲဒီတုန်းက သူ့ဘေးမှာ ရှိခဲ့ကြသည့် ကိုအုန်းဖေ၊ ကိုထင်အောင်၊ ကိုဆိုင်၊ ကိုမောင်ရီနှင့် ကိုဖေမောင်တို့ (၄)ယောက်စလုံး ယနေ့ ၂၀၀၆ ခုနှစ်မှာ တစ်ယောက်မှ မရှိတော့ပါ။

သူတို့တစ်တွေအတွက် ကျွန်တော်ကပဲ အလှူအတန်းပြုလုပ်တိုင်း အမျှဝေပေးနေရပါသည်။


သူတို့တစ်တွေလည်း ရှေ့နောက်တစ်ယောက်နှင့်တစ်ယောက် (၄၊၅)နှစ်ခြား၍ ဘဝတစ်ပါး ပြောင်းသွားကြပါလေတော့သည်။ ကိုမျိုးမြင့် (ခေါ်) ကိုဆိုင်တစ်ယောက်သာ ၂၀၀၅ ခုနှစ်၊ (၁၀)လပိုင်းလောက်က ဘဝကူးပြောင်းသွားခဲ့ပါသည်။

ကိုမျိုးမြင့် ခေါ် ကိုဆိုင်ကတော့ ကျွန်တော့်ကို (၃-၅-၀၆)ခု ညက အိပ်မက်ထဲမှာ ပြုံးလို့ရယ်လို့ ပြရှာပါသည်။ ကျန်သည့် စောစောက ဆုံးသွားကြသည့် (၄)ယောက်ကတော့ တစ်ယောက်မှ တစ်ခါမှ အိပ်မက်မပေးကြပါ။

သူတို့ထဲမှာ ကျွန်တော်တစ်ယောက်က အငယ်ဆုံးဖြစ်ပြီး ကျွန်တော်ပဲ တစ်ယောက်တည်း ကျန်ရစ်တော့ သူတို့ကို သတိရလျက် အမှတ်ရလျက် ရှိပါတော့သည်။

*အစဉ် လေးစားလျက်...*

**အိုပယ်ထွန်း**



# စပါးကြီးသည်းခြေသည်

## ဤသို့ အစွမ်းထက်၏

**စပါးကြီးသည်းခြေသည်...**

၁။ **ပိုးထိ၍ ဆီးမသွားသော်** စပါးကြီးသည်းခြေကို ရေနှင့်ပျစ်ပျစ်ရော၍ **ဆီးခုံနှင့် ဝမ်းဗိုက်၊ နောက်ကျောများ**ကို လိမ်းသပ်ချပေး။

၂။ **ဒုတ်စူး၍ ကျန်နေသော်** အနာ၊ အနာပတ်ဝန်းကျင်ကို လိမ်းပေး။

၃။ **ကိုယ်တစ်ခြမ်းသေရောဂါ** ဖြစ်သော် ဖြစ်သောဘက်ကို လိမ်းပေး။

၄။ **မေးခိုင်သော်** လျှာမှာ ပွတ်ပေး။

၅။ **မေးရွဲ့နေသော်** မေးကို လိမ်းလျက် လက်နှင့်တည့်ပေး။

၆။ **လေငန်းဖြစ်သော်** တောရှောက်မြစ်နှင့် ရောလိမ်း။

၇။ **ဆီးချုပ်ဖြစ်လျှင်** ဆီးခုံမှာလိမ်း၊ **ဆီးကျောက်တည်သော်** ဆန်ဆေးရည်နှင့် သွေးသောက်။

၈။ **မျက်စိနာသော်** ကွင်းပေး။

၉။ **ကိုယ်ပူလျှင်** ရေတွင်စိမ်သောက်။

၁၀။ **ကလေးသူငယ်နာ ဖြစ်လျှင်** လျှာမှာ ပွတ်ပေး။

၁၁။ **လေးဖက်နာဖြစ်လျှင်** ဆေးပန်းဥနှင့်သွေးလိမ်း။

၁၂။ **ကိုယ်ဖော ကိုယ်ရောင်လျှင်** ယူကလစ်ခေါက်နှင့် သွေးလိမ်း…

၁၃။ **အဆစ်အမြစ် ကိုက်လျှင်** ရှောက်ရည်နှင့်ရော စုတ်ပေါ်… ပေးပါ။

၁၄။ **ဖက်ကြောထိုး၊ ဖက်ကြော… တက်လျှင်** ကွမ်းရွက်ရည်နှ… သွေးလိမ်း။

၁၅။ **ကိုယ်ဝန်ဆောင်များ မီးဖွား… ခက်လျှင်** ချက်ပေါ်တင်ပေး…

၁၆။ **ဈေးရောင်း ကောင်းလိုလျှ…** စပါးကြီးသည်းခြေအစုံ အဖို အ… ကို ချိန်ခွင်မှာဖြစ်စေ၊ ဈေးတော… ထဲမှာဖြစ်စေ ထည့်ထား ချိတ်… ထားပါ။

စပါးကြီးသည်းခြေသည် ဖော်ပြ… ဝေဒနာ ခံစားနေရသူများအတွ… သက်သာပျောက်ကင်းစေပြီး တစ်စ… တစ်ပိုင်းအားဖြင့် စပါးကြီးသည်းခြ… သည် ဤသို့ အစွမ်းထက်ပါကြော… သိရှိလေ့လာ မှတ်သားထားသမျှ… စေတနာရှေ့ထား၍ ဗာရွှသူ… ဗဟုသုတ ယူနိုင်စေခြင်းအ… တင်ပြရပါသည်။

**မောင်စိုးနွယ်(ညာရေး)**



www.burmeseclassic.com

www.burmeseclassic.com



# ယောဂီဆောင်ထဲမှ

ပရလောကသားများ

## လက္ခဏာကြည့်ပေးသော ပရလောကသား

ကျွန်တော်သည် နှစ်စဉ် ဝါတွင်းကာလသို့ရောက်တိုင်း အဆင်ပြေရာ တရားစခန်း တစ်ခုခုသို့ သွားရောက်၍ တရားအားထုတ်ပါသည်။ အသက်ကြီးပြီး ကျန်းမာရေးမကောင်းသောကြောင့် လည်းကောင်း၊ မျက်စိဝေဒနာကြောင့် လည်းကောင်း တရားစခန်းတွင် တစ်လ(သို့မဟုတ်) နှစ်လခန့်သာလျှင် တရားဝင်နိုင်ပါသည်။

တရားစခန်းတွင် သတိပဋ္ဌာန်တရားနှင့် ဝိပဿနာတရားကို မှန်မှန်ကြိုးစားအားထုတ်သည်။ တရားစခန်း၏ စည်းကမ်းသတ်မှတ်ချက်အတိုင်း လိုက်နာကျင့်ကြံသည်။ ဖွဲ့စိတ်သန်သန် ဝီရိယရှိရှိ အားထုတ်သောကြောင့် ဝိပဿနာဉာဏ်စဉ်များ အတန်အသင့် တိုးတက်ပြီး ကုသိုလ်တရားတို့ကို ပွားများနိုင်ခဲ့ပါသည်။

ယခု ကျွန်တော် ရေးသားမည်မှာ တရားစခန်းတစ်ခုသို့ သွားရောက်တရားအားထုတ်စဉ် ပရလောကသားတစ်ဦးနှင့် ဆုံတွေ့ခဲ့သောအကြောင်းဖြစ်သည်။ တစ်ကြိမ်တည်း ဆုံတွေ့တာမဟုတ်ဘဲ ထို တရားစခန်းသို့ တရားသွားဝင်သော နှစ်,နှစ်အတွင်း သုံးကြိမ်ခန့် ကြုံတွေ့ခဲ့ခြင်း ဖြစ်သည်။

ဝိပဿနာတရား အားထုတ်ချိန်၌ ဆုံတွေ့ခြင်း မဟုတ်ဘဲ တရား ခေတ္တနားချိန်နှင့် ညအိပ်ချိန် အိပ်မက်ထဲ၌ ဆုံတွေ့ခြင်း ဖြစ်သည်။

ဝိပဿနာဘာဝနာနှင့် လုံးဝ မသက်ဆိုင်သောကြောင့် ပထမအကြိမ် ဆုံတွေ့သောအခါ အမှတ်တမဲ့နှင့် မေ့မေ့ပျောက်ပျောက်နေခဲ့သည်။

သို့သော် နောက်ပိုင်း၌ ထိုတရားစခန်းသို့ သွားရောက်တရားဝင်သော အချိန်များတွင်လည်း ထပ်မံဆုံတွေ့ပြန်သောကြောင့် ထိုပရလောကသားကို ကျွန်တော် သတိပြုမိသည်။

ထိုအကြောင်းကိုလည်း စိတ်ဝင်စားမိကာ အမှတ်တရဖြစ်ပြီး ယခု ဤစာမူကို ရေးသားလိုက်ပါသည်။

* * *

ယောဂီဆောင်ထဲမှ ပရလောကသားအကြောင်းကို မရေးသားမီ ၂၀၀၉ ခုနှစ်၊ မတ်လထုတ် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် ကျွန်တော် ရေးသားခဲ့သော **'မေတ္တာသုတ်နှင့် ကျွန်တော့် ကိုယ်တွေ့ဆန်းကြယ်ဖြစ်ရပ်များ'** စာမူမှ အကြောင်းအရာအချို့ကို အနည်းငယ်မျှ ရေးသားဖော်ပြလိုပါသည်။

ထိုစာမူထဲတွင် ၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း (၁)ရက် တနင်္ဂနွေနေ့၌ ဝဝဖိုင့်ဖိုင့်နှင့် အသားဖြူဖြူ အရပ်မြင့်မြင့် ကိုယ်လုံး တောင့်တင်းသော ပုဂ္ဂိုလ်တစ်ဦးက အိပ်မက်ထဲတွင် ကျွန်တော့်ကို စာရွက်တစ်ရွက် ကမ်းပေးသည်။

စာရွက်တွင် ဘာတွေ ရေးထားမှန်း မသိပါ။ အိပ်ရာမှနိုးချိန်တွင် မေ့သွား

www.burmeseclassic.com

ပါသည်။ စာရွက်အောက်ခြေ ဘယ်ဘက်ထောင့်၌ **'မေတ္တာတရားကို ပွားများအားထုတ်ပါ'**ဟု ရေးထားပြီး ညာဘက်အောက်ခြေတွင် **'သည်းခံစိတ် ခန္တီတရား ထားရှိပါ'**ဟု ဆိုသော စာတန်းနှစ်ခုကိုသာ မှတ်မိသည်။

ထိုအချိန်က ကျွန်တော်သည် တစ်လခွဲကြာမျှ တရားဝင်ခဲ့ပြီး ကျန်းမာရေးမကောင်းသဖြင့် အိမ်သို့ ပြန်ခဲ့သည်။ အိပ်မက်အကြောင်းကိုလည်း သာမန်မျှ ယူဆခဲ့သည်။

နောက်တစ်နှစ် ဝါတွင်းကာလ၌ အကြောင်းမတိုက်ဆိုင်သဖြင့် ထိုတရားစခန်းသို့ မသွားနိုင်ခဲ့ဘဲ အခြားတရားစခန်းတစ်ခုတွင် တရားအားထုတ်ခဲ့သည်။

ထိုတရားစခန်းတွင် တရားမဝင်လိုက်ရသဖြင့် ထိုတရားစခန်း ယောဂီဆောင်ထဲမှ အိပ်မက်အကြောင်းကိုလည်း သတိမရတော့ပေ။ လုံးဝမေ့လျော့နေခဲ့ပါသည်။

**၁၃၇၀ ပြည့်နှစ်တွင်** မိုးဦးစောစောကျခဲ့သည်။ မိုးဦးစောသဖြင့် ခြံထဲတွင် ဘာမှလုပ်စရာမရှိသေးဘဲ ကျွန်တော်အားလပ်ပါသည်။ ထို့ကြောင့် အလုပ်အားလပ်တုန်း ကုသိုလ်လည်းရအောင် ရည်ရွယ်၍ ဒုတိယအကြိမ်မြောက် ထိုတရားစခန်းသို့ ထပ်မံရောက်ရှိခဲ့ပါသည်။

ကျွန်တော် စတင် တရားအားထုတ်သောရက်မှာ ကဆုန်လဆန်း (၁၃) ရက်၊ စနေနေ့ ဖြစ်သဖြင့် ဝါဝင်ဖို့ နှစ်လနီးပါးခန့် လိုသည်။

တရားစခန်းထဲတွင် အလွန်တိတ်ဆိတ်အေးချမ်းပါသည်။ စည်းကမ်းကြီးသော တရားစခန်းလည်း ဖြစ်သည်။ ပထမအကြိမ် ယခင်တမြန်နှစ် တရားဝင်စဉ်က အမျိုးသားယောဂီများ ကျွန်တော်အပါအဝင် လေးဦးသာရှိသည်။ ယခု အမျိုးသားယောဂီများ (၁၅)ဦး ရှိသည်။

ယောဂီအရေအတွက် များသလို တရားလာအားထုတ်သော သံဃာတော်တွေလည်း ပိုမိုများပြားလာပါသည်။

အမျိုးသားယောဂီဆောင်မှာ ယခင်အတိုင်း ဘားတိုက်အရှည်ပင်ဖြစ်သည်။ ဘားတိုက် အလယ်အူကြောင်းလမ်း၏ ဟိုဘက်ဒီဘက် ပျဉ်ခင်းနှစ်ဖက်လုံးတွင် ယောဂီများ မျှ၍နေထိုင်ကြသည်။

ဘားတိုက်တောင်ဘက် အဝင်တံခါးပေါက်ဝမှ မျှော်ကြည့်လျှင် ဟိုဘက်ကိုက်နှစ်ရာ အကွာအဝေးတွင် ဆောက်လုပ်ဆဲ **သီလဝိသောဓနီသိမ်တော်ကြီး**ကို လှမ်းမြင်သည်။ လွန်ခဲ့သော (၃)နှစ်ခန့်မှ စတင်ဆောက်လုပ်ခဲ့ရာ အတော်ပြီးစီးနေပါပြီ။

အချို့သံဃာများ ထိုသိမ်တော်ကြီး၌ သီတင်းသုံးနေထိုင်သည်။ သိမ်တော်ကြီးနှင့် ယောဂီဆောင်အကြားတွင်လည်း တစ်ပါးဆောင်တိုက်ကျောင်းအသစ် (၄,၅)ကျောင်း တိုးလာပြီး နောက်ထပ်ဆောက်လုပ်ဆဲ တစ်ပါးဆောင် တိုက်ကျောင်းများ၊ သစ်သားကျောင်းများကိုလည်း တွေ့မြင်ရသည်။

တရားစခန်းအတွင်း သံဃာတော်များ၊ သီလရှင်များ၊ အမျိုးသမီးယောဂီဆောင် တစ်ပါးကျောင်း အများအပြားတိုးတက်လာသဖြင့် နှစ်ထောင်းအားရဝမ်းသာပီတိ ဖြစ်မိပါသည်။

ယခင် တရားအားထုတ်စဉ် ဘားတိုက်တောင်ဘက် အရှေ့ပျဉ်ခင်းပေါ်၌ နေရပြီး ယခု တရားဝင်ချိန်တွင် မြောက်ဘက်တံခါးပေါက် အနီးအနောက်ခြမ်း ပျဉ်ခင်းပေါ်တွင် နေရပါသည်။

နေထိုင်စားသောက်မှုမှာ လိုလေသေးမရှိအောင် အဆင်ပြေပါသည်။ ဆရာတော်ကြီးများ၏ ကြပ်မတ်လမ်းညွှန်မှုနှင့် ယောဂီများ၏ စည်းကမ်းကောင်းမွန်မှု၊ ကြိုးစားအားထုတ်မှုကိုလည်း အလွန်အားရမိသည်။

တရားထိုင်ချိန်တိုင်း မပျက်မကွက် မှန်မှန်တရားထိုင်သည်။ ကမ္မဋ္ဌာန်းဆရာတော်ထံ၌ တိတိကျကျမှန်မှန် တရားလျှောက်ပြီး ဆရာတော်၏ ညွှန်ကြားသင်ပြပေးမှုကို ခံယူသောကြောင့် ယောဂီများ တရားတိုးတက်သည်။ အားကျဖွယ်ပင်။

ကျွန်တော် ထိုတရားစခန်းသို့ ရောက်ရှိပြီး နှစ်ပတ်အကြာ ကဆုန်လဆုတ် (၁၄)ရက် နံနက်ပိုင်း အိပ်ရာမှမနိုးမီ အိပ်မက်တစ်ခုကို မြင်မက်ပါသည်။

အိပ်မက်ထဲတွင် ယခင် တမြန်နှစ် တရားလာဝင်စဉ်က အိပ်မက်ထဲတွင် တွေ့မြင်ခဲ့သော ဝဝဖိုင့်ဖိုင့် ပုဂ္ဂိုလ်ကြီးနှင့်အတူ အရပ်ပုပု အသက်ငယ်သူတစ်ယောက်ကို တွေ့သည်။ ထိုသူမှာ အနည်းငယ်ပိန်ပြီး ဦးထုပ်ချွန်ချွန်တစ်လုံးကို ခေါင်းတွင် ဆောင်းထားပါသည်။

သူ့ကို ကျွန်တော် မသိပါ။ တစ်ခါမျှလည်း မတွေ့ဖူးဘူးပါ။ ဝဝဖိုင့်ဖိုင့် ပုဂ္ဂိုလ်ကြီးကို ယခင် အိပ်မက်ထဲတွင် တွေ့ဖူးပြီး ယခု ထပ်မံမြင်မက်သောကြောင့် ကျွန်တော် အလွန်အံ့သြမိပါသည်။ သူ့ကို ဘယ်သူမှန်း မသိသော်လည်း သူ့ကို ကြည့်ရသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



တန်ခိုးအရှိန်အဝါ ကြီးမားဟန်ရှိသည်။

နှစ်ဦးလုံး ဘားတိုက်တောင်ဘက်မှ အလယ်အူကြောင်းလမ်းအတိုင်း ခပ်မှန်မှန်လျှောက်လာပြီး ကျွန်တော် အိပ်ပျော်ရာ ခြေရင်းသို့ရောက်လျှင် နှစ်ဦးလုံး ရပ်လိုက်ကြသည်။ ထို့နောက် ကျွန်တော့်ကို သေချာကြည့်ပြီး...

'သူရောက်တိုင်း ကျုပ်တို့ကို အမြဲမေတ္တာပို့တယ်။ အမျှအတန်း ပေးဝေတယ်။ သူ့ကုသိုလ်အပေါ် ကျုပ် ဝမ်းမြောက်ဝမ်းသာ သာဓု၊ သာဓု၊ သာဓု အကြိမ်ကြိမ် ခေါ်နိုင်ခဲ့တယ်။ ဒါကြောင့် သူ့ကို လက္ခဏာကြည့်ပေးလိုက်ပါဦး။ ဒီဘဝမှာ သူ တရားရနိုင်၊ မရနိုင် အထူးဂရုစိုက်ကြည့်ပေးပါ'

ဝဝဖိုင့်ဖိုင့် ပုဂ္ဂိုလ်ကြီးကပြောပြီး ကျွန်တော့်ကို ညင်ညင်သာသာ နှိုးပါသည်။ သူတို့လာစဉ်ကပင် ကြိုတင်သိမြင်ထားပြီမို့ ထိုပုဂ္ဂိုလ်ကြီး မနှိုးမီ အဆင်သင့်ထထိုင်ပြီး ဖြစ်ပါသည်။

ဦးထုပ်ချွန်ချွန်ပုဂ္ဂိုလ်က ကျွန်တော်၏ ဘယ်လက်ကိုဆွဲယူပြီး လက်ဖဝါးပြင်ကို ကြည့်ပါသည်။ ကျွန်တော့်အားလည်း လက်ဖဝါးပြင်ပေါ်ရှိ အရေးအကြောင်းများကို ပြသသည်။

သူ ပြသသော လက္ခဏာလမ်းကြောင်းမှာ လက်ကောက်ဝတ်အထက် လက်ခုံပေါ်မှ လမ်းကြောင်းတစ်ခု၊ လက်ချောင်းများဘက်သို့ ဆင်းသော လက္ခဏာလမ်းကြောင်း ဖြစ်သည်။

လက္ခဏာ မကြည့်တတ်သော်လည်း ထိုလမ်းကြောင်းမှာ အောင်မြင်ရေး ထီးရိုးလမ်းကြောင်း ဖြစ်သည်ကို မိတ်ဆွေတချို့ ပြောထားဖူးသောကြောင့် မှတ်မိပါသည်။

ထိုထီးရိုးလမ်းကြောင်းသည် လက်သန်းနှင့် လက်သူကြွယ် လက်ချောင်းနှစ်ခုအောက် အလယ်တည့်တည့် လက်ခုံပေါ်တွင် အဆုံးသတ်ပါသည်။

ထို အောင်မြင်ရေး ထီးရိုးလမ်းမျိုး ကျွန်တော် မတွေ့ဖူးဘူးပါ။ မူလကပင် ကျွန်တော့် လက်ဖဝါးပြင်၌ မပါရှိခဲ့ပါ။ ယခု အိပ်မက်ထဲတွင် ထိုပုဂ္ဂိုလ်ပြမှသာ တွေ့မြင်သဖြင့် အလွန်အံ့သြမိသည်။

အောင်မြင်ရေး လမ်းကြောင်း၏ အဆုံး လက်ခုံပေါ်တွင် ရွှေဝါရောင် အလင်းရောင်တို့ တောက်လက်နေသော ဝလုံးကွင်းတစ်ခုကိုပါ ထင်ထင်ရှားရှား မြင်ရသဖြင့် ပို၍ ထူးခြားနေပါသည်။ ကိုယ့်လက္ခဏာ ကိုယ်ကြည့်၍ ဟုတ်မှဟုတ်ပါလေစဟု သံသယဖြစ်မိသည်။

ဦးထုပ်ချွန်ချွန်ပုဂ္ဂိုလ်က လက္ခဏာကို သေသေချာချာ ထောက်ပြရင်း...

'ဒါက အသက် ဘယ်လောက်အထိနေမယ် ဆိုတာ ပြတယ်။ ဒီလမ်းကြောင်းကို လူ လက္ခဏာပညာရှင်တွေ မသိဘူး။ တို့က နတ်တွေမို့ သိတာ၊ သူ့ထိပ်က ရွှေရောင်ဝလုံးကွင်းက ဂမ္ဘီရအဝိုင်းကွင်း ဖြစ်တယ်။ အဲဒါ ဒီဘဝထဲမှာပဲ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရဖို့ သေချာတယ်'

ဟု ပြောဆိုရှင်းပြသည်။ ထို့နောက် ကျွန်တော့်အား တရားကို ကြိုးစားအားထုတ်ဖို့၊ ဖွဲ့မလျှော့ဖို့၊ စိတ်ကို တည်ငြိမ်အောင်၊ သမာဓိမြဲအောင် ဝီရိယရှိဖို့၊ သတိမြဲဖို့ ပြောဆိုမှာကြားပြီးနောက် မူလ သူတို့လာခဲ့ရာ ဘားတိုက် အလယ်အူကြောင်းလမ်းအတိုင်း နှစ်ဦးစလုံး ပြန်လှည့်ထွက်ခွာသွားကြသည်။

ယောဂီဆောင် ဘားတိုက်တောင်ဘက် တံခါးပေါက်သို့ မရောက်မီ ဒီဘက် (၆)ပေခန့်အကွာတွင် နှစ်ဦးစလုံး ပျောက်ကွယ်သွားသည်။ ထိုခဏ၌ နံနက် (၃)နာရီခွဲ တုံးခေါက်သံကြားသဖြင့် ကျွန်တော် အိပ်ပျော်ရာမှ နိုးခဲ့ပါသည်။

* * *

ထိုအိပ်မက်ကို မြင်မက်ခဲ့ပြီးသည့်နောက်ပိုင်း၌ တွေးစရာ၊ စဉ်းစားစရာတွေ များစွာရှိလာသည်။ ကျွန်တော်သည် ဗေဒင်လက္ခဏာကို လုံးဝမယုံကြည်ဘူးဟုလည်း မပြောလိုပါ။ အလွန့်အလွန် တစ်ဖက်သတ်ကြီးလည်း ယုံကြည်စိတ်မထားပါ။ အိပ်မက်ကိုလည်း သွေးလေချောက်ချား၍၊ အစွဲအလမ်းများ၍ မက်သည်ဟု သဘောပိုက်ပြီး အမှတ်မထားခဲ့ပါ။

သို့သော် ယခု ထိုအိပ်မက်ကို ဂရုပြုမိပါသည်။ အိပ်မက်ထဲမှ ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီးကိုလည်း တလေးတစားရှိမိသည်။ လွန်ခဲ့သော နှစ်,နှစ်ကျော်ခန့် ယခု တရားစခန်း၌ပင် ပထမအကြိမ် သူ့ကို အိပ်မက်ထဲ၌ တွေ့စဉ်က သတိမထားမိခဲ့သော်လည်း ယခုတော့ သူ့ကို ကျွန်တော် သတိပြုမိပါသည်။

ဟိုတုန်းကပင် ကျွန်တော်က ဘုရားဟော မေတ္တသုတ်နှင့် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့နည်းကို နေ့စဉ်

www.burmeseclassic.com

နံနက် တစ်ကြိမ်၊ ညအိပ်ခါနီး တစ်ကြိမ် အမြဲရွတ်ဆိုသည်။ သုံးဆယ့်တစ်ဘုံရှိ နတ်ဒေဝတာအပေါင်းနှင့် သတ္တဝါအားလုံးတို့ကို မေတ္တာပေးပို့ဖြန့်ဝေခဲ့သည်။

ယခုလည်း ရောက်ရှိသော နေ့မှစ၍ မပျက်မကွက် နံနက် တစ်ကြိမ်၊ ညဦးပိုင်း တစ်ကြိမ် ဘုရားဟောမေတ္တသုတ်နှင့် မင်းကွန်းဆရာတော်ကြီး၏ မေတ္တာပို့နည်းကို ရွတ်ဆို၍ မေတ္တာပို့ရာ၌ ထိုပုဂ္ဂိုလ်ကြီးနှင့် နတ်အပေါင်းတို့လည်း ရရှိကြလို့ပင် ဖြစ်ပေလိမ့်မည်။

ထို့ကြောင့် ယခု ထပ်မံအိပ်မက်ပေးတာလား၊ ဟိုတုန်းက အကြောင်းကို မေ့မေ့ပျောက်ပျောက် ရှိနေသောကြောင့် ယခု အိပ်မက်ဖြင့် ထပ်မံအသိပေးတာလားဟု တွေးမိပါသည်။

ထိုပုဂ္ဂိုလ်ကြီးကို ဘယ်သူမှန်း မသိသော်လည်း ယောဂီဆောင် ဘားတိုက်အတွင်း၌သာ နေရသည်ဟု ထင်စရာရှိပါသည်။ အိပ်မက်ထဲတွင် သူတို့နှစ်ဦးလုံး ကျွန်တော့်မျက်စိရှေ့တွင် ပျောက်ကွယ်သွားသည်မှာ ဘားတိုက်တောင်ဘက် အဝင်တံခါးပေါက်မရောက်မီ (၆)ပေခန့်အကွာ ဒီဘက်ပျဉ်ခင်းပေါ်မှာ ဖြစ်သောကြောင့် သူတို့နေသည်မှာ ထိုပျဉ်ခင်းနေရာပဲ ဖြစ်လိမ့်မည်ဟု ခန့်မှန်းမိပါသည်။

ဘားတိုက်၏ ထိုမှာဘက်ထိပ်တောင်ဘက် အဝင်တံခါးပေါက်ဘေးတွင် ယောဂီ ဦးကျော်စိုး အိပ်ပါသည်။ ဦးကျော်စိုးမှာ တရားစခန်းသို့ လပေါင်းအတော်ကြာကပင် ရောက်ရှိနေခဲ့ပါသည်။ တရားစခန်း၌ တရားအားထုတ်ရင်း တစ်ဖက်မှ ကျောင်းဝေယျာဝစ္စများကိုလည်း မပြတ်လုပ်ကိုင်ပါသည်။



ဦးကျော်စိုးကား အရပ်အလွန်မြင့်ပါသည်။ ယောဂီဆောင်အတွင်း အလယ်အူကြောင်းလမ်းဘက်သို့ ခြေထောက်ထားပြီး အိပ်လျှင် ပျဉ်ခင်းမဆံ့ပါ။

ထို့ကြောင့် ဘားတိုက်ပျဉ်ခင်းကို အလျားလိုက် ကျောခင်းအိပ်ရသည်။ တံခါးပေါက်ဘက်သို့ ဦးခေါင်းထားပြီး ဒီဘက်အတွင်း၌ ခြေထောက်ထားအိပ်သည်။

ဦးကျော်စိုး ခြေရင်းထားရာဘက်တွင် မည်သူမျှ မအိပ်ကြပါ။ ထိုနေရာတွင် ယောဂီတစ်ဦးစာ နေရာလွတ်နေပါသည်။ ကျွန်တော်ရောက်စ ထိုလွတ်သောနေရာ၌ အိပ်ရန်ပြုသော်လည်း အဆောင်မှူးက ဒီဘက် ယခုနေရာတွင် နေရာချပေးသဖြင့် ထိုနေရာမှာ သွားမအိပ်ဖြစ်ခဲ့ပါ။

ထိုအိပ်မက်ကို မြင်မက်ပြီး နောက် (၃)ရက်ခန့်အကြာတွင် မျက်စိဝေဒနာ အခြေအနေ အလွန်ဆိုးရွားလာသဖြင့် ဆရာတော်ကို သတင်းပို့ပြီး ထိုတရားစခန်းမှ အမြန်ဆုံးပြန်လည်ထွက်ခွာခဲ့သည်။

မျက်စိဝေဒနာကြောင့် နောက်ပိုင်းတွင် ထိုအိပ်မက်အကြောင်းကို ဆက်မတွေးနိုင်ခဲ့ပါ။ လောလောလတ်လတ်ဖြစ်ပေါ်ခံစားနေရသော မျက်စိဝေဒနာ သက်သာ ပျောက်ကင်းဖို့ကိုသာလျှင် အထူးဂရုစိုက်နေရသည်။

* * *

မော်လမြိုင်မြို့ထဲရှိ မျက်စိအထူးကုဆရာဝန်မကြီးထံ၌ မျက်စိကို ပြသခဲ့ပြီးနောက် ညာဘက်မျက်စိကို လုံးဝထုတ်ပစ်လိုက်သည်။ မျက်စိတစ်ဖက် အဆုံးခံလိုက်ရသော်လည်း ဝမ်းမနည်းမိပါ။ တရားဖြင့် ဖြေသိမ့်ပါသည်။ အသုဘကမ္မဋ္ဌာန်းကို ပွားများ၍ ဖြစ်ပျက်သဘော၊ သင်္ခါရသဘောကို ခန္ဓာထဲမှာ ရှာမိသည်။

ခန္ဓာရထားသမျှ အမြဲဖောက်ပြန်သည်။ ခန္ဓာမရှိမှ ငြိမ်းအေးမည်၊ သေခါနီး ဝေဒနာခံစားချိန်တွင် သတိမြဲဖို့၊ ပစ္စုပ္ပန်တည့်တည့် ရှုမှတ်နိုင်ဖို့ လိုရင်းဖြစ်သည်။

တရားစခန်းသို့ သွားမှသာလျှင် လွတ်လွတ်လပ်လပ် တရားအားထုတ်နိုင်မည်။ တရားသိမြင်မည်။ တရားစခန်းတုန်းက အိပ်မက်ထဲ၌ ဒီဘဝမှာပင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့ သေချာသည်ဟု ပြောသွားသည်ကလည်း တရားစခန်းသို့ ထပ်မံသွားရောက်ဖို့ အားတက်စေခဲ့ပါသည်။

သို့ဖြင့် တော်သလင်းလဆန်း (၁၀)ရက်နေ့တွင် ထပ်မံ တရားဝင်ခဲ့သည်။ သီတင်းမကျွတ်သေးသောကြောင့် တရားအားထုတ်ရန် အချိန်ရှိသေးသည်။ ရသမျှအချိန်ကလေးအတွင်း ကုသိုလ်ယူမည်။

ယခု တရားပြန်ဝင်ချိန်၌ ကျွန်တော်

www.burmeseclassic.com

နှင့် လွန်ခဲ့သော (၃,၄)နှစ်ခန့်က မော်လမြိုင် ဖားအောက်တောရ တရားစခန်းတွင် အတူတရားဝင်ခဲ့ကြသော ယောဂီ ဦးကျော်တင့်၊ ယောဂီ ဦးအုန်းစိန်တို့နှင့် ပြန်ဆုံသည်။

ထိုစဉ်တုန်းက တရားဆွေးနွေးဖော် ယောဂီများဖြစ်သည်။ ကျွန်တော့်ထက် တရားအတွေ့အကြုံ မြင့်မားသူများ ဖြစ်သည်။ ဦးကျော်တင့်မှာ မော်လမြိုင် ဖားအောက်တောရတွင် စတုတ္ထစျာန် အထိ တရားတက်ပြီးသူ ဖြစ်သည်။

ယခု တရားအားထုတ်ရသည်မှာ အေးအေးဆေးဆေး ရှိသည်။ မျက်စိဝေဒနာ မရှိတော့၍ မျက်စဉ်းဆေးလည်း မဆောင်ရပါ။ မျက်စိဆေးသောက်ဖို့၊ စားဖို့လည်း မလိုအပ်တော့ပါ။ မကောင်းသော မျက်စိကို လုံးဝထုတ်ပစ်လိုက်ပြီမို့ မျက်စိဒုက္ခ ပေးစရာလည်း မရှိတော့ပါ။

ကျန်သော မျက်စိတစ်ဖက်ကိုသာ ထပ်မဖြစ်အောင်၊ ဒုက္ခမပေးအောင် ဂရုစိုက်ရသည်။ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုစိုက်ရသည်။

ကျန်းမာရေးကို ဂရုစိုက်ရင်း တရားကို မလစ်ဟင်းအောင် ရှုမှတ်သည်။ နာသီးဖျားမှာ သတိကပ်လျက် ဝင်လေ ထွက်လေကို မပြတ်ရှုမှတ်သည့်အတွက် ပရိကမ္မနိမိတ်၊ ဥဂ္ဂဟနိမိတ် အလင်းများ ရရှိသည်။ သမာဓိတက်သည်။

တစ်နေ့ နေ့ဆွမ်းစားပြီးချိန်ဖြစ်သည်။ ထိုနေ့သည် သီတင်းကျွတ် လဆန်း (၄)ရက်ဖြစ်သည်။ ဆွမ်းစားပြီး၍ နားနားနေနေ တစ်ရေးတစ်မော အိပ်ခွင့်ရသဖြင့် ကျွန်တော်လည်း အိပ်ရာပေါ်တွင် ခဏမှေးလိုက်သည်။ တချို့ယောဂီများလည်း အိပ်နေကြပြီး၊



တစ်ယောက်တလေက ရေသွားချိုးနေကြသည်။

ကျွန်တော့်အိပ်ရာမှ ကြည့်လျှင် ဘားတိုက်၏တောင်ဘက် အပြင်တွင် အချို့သံဃာတော်များ ရေချိုးအုတ်ကန်မှ သူတို့၏ တစ်ပါးကျောင်းဘက်သို့ ပြန်သွားသည်ကို မြင်တွေ့နေသည်။

ယောဂီတချို့ သိမ်တော်ကြီး ဆောက်လုပ်သည့်ဘက်သို့ လမ်းလျှောက်ထွက်သွားသည်ကို လှမ်းမြင်သည်။ ယောဂီဆောင်ထဲတွင် အိပ်ပျော်နေသူများသာရှိပြီး လူသူကင်းရှင်းနေပါသည်။

ကျွန်တော်က အိပ်ရာပေါ်တွင် အတော်ကြာမျှ မှေးသော်လည်း အိပ်မပျော်သဖြင့် ထထိုင်ပြီး ဂုဏ်တော်ကိုးပါး ပုတီးစိပ်နေလိုက်သည်။ အားလပ်ချိန် ရသမျှလေးကို ပုတီးစိပ်၍ ကုသိုလ်ယူပါသည်။

ထိုအခိုက် ကျွန်တော့်မျက်စိကပင် အမြင်မှားသည်လား၊ စိတ်ကထင်သည်လား မခွဲခြားနိုင်ဘဲ လူတစ်ယောက်ကို ဘားတိုက်အတွင်း ဦးကျော်စိုး အိပ်ရာ၏ ဒီဘက်မှာ မြင်တွေ့သည်။ အိပ်မက်ထဲတွင် နှစ်ကြိမ်ခန့် မြင်မက်ခဲ့ဖူးသော ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီး ဖြစ်နေသည်။

မထင်မှတ်ဘဲ ထင်ထင်ရှားရှားကြီး တွေ့မြင်သောကြောင့် အလွန်အံ့ဩမိသည်။ ကျွန်တော် ကောင်းကောင်း မှတ်မိပါသည်။ လွန်ခဲ့သော နှစ်,နှစ် ကျော်ခန့်က အိပ်မက်ထဲတွင် ကျွန်တော့်ကို စာရွက်တစ်ရွက် ကမ်းပေးခဲ့သူ၊ ဒုတိယအကြိမ် ဝါဆိုမတိုင်မီ အိပ်မက်ထဲ၌ လက္ခဏာကြည့်ပေးသော ဦးထုပ်ချွန်ချွန် ပုဂ္ဂိုလ်ကို ခေါ်လာခဲ့သူ ဖြစ်သည်။

ကျွန်တော် မမေ့ပါ။ ဒုတိယအကြိမ် အိပ်မက် မက်ပြီးကတည်းက သူ့ကို အမှတ်ထင်ထင် ရှိခဲ့ပါသည်။ မည်သူမှန်း မသိသော်လည်း ယောဂီဆောင်ထဲ၌နေသော ပရလောကသားဟု ထင်ပါသည်။

နေ့လယ်ပိုင်း ယောဂီဆောင်ထဲ၌ လူသူကင်းရှင်းချိန် ဖြစ်သည်။ မယုံကြည်နိုင်ဖွယ်ရာ အလွန်ထူးဆန်းစွာ တွေ့မြင်သောကြောင့် သူ့ကို ငေးမောကြည့်မိသည်။

ကျွန်တော် ကြည့်နေဆဲ၌ပင် သူ့ပုံသဏ္ဌာန် တဖြည်းဖြည်း မှုန်ဝါးသွားသည်။ မီးခိုးလုံးလိုလို၊ မြူနှင်းငွေ့လိုလိုဖြစ်ပြီး ထိုနေရာ ခေါင်းရင်းပြတင်းပေါက်မှ ထွက်သွားသည်။

ခဏလေးမျှသာ တွေ့မြင်ပြီး ချက်ချင်း ပြန်လည်ပျောက်ကွယ်သွားသောကြောင့် ကိုယ့်ဘာသာ ဇဝေဇဝါဖြစ်မိသည်။ မြင်တွေ့ခဲ့သည်ကိုပင် ဟုတ်မှ ဟုတ်ပါလေစဟု သံသယဝင်မိသည်။

* * *

အထက်ဖော်ပြပါ ဖြစ်ရပ်များ ကြုံတွေ့ပြီး နောက် (၃,၄)ရက်ခန့်ကြာ ညနေပိုင်း (၄)နာရီမှ (၆)နာရီအထိ



www.burmeseclassic.com

www.burmeseclassic.com



တရားနာချိန်တွင် ယောဂီ ဦးကျော်တင့်နှင့် ကျွန်တော် တရားစခန်းအတွင်း အညောင်းပြေ ဟိုဟိုဒီဒီ လမ်းလျှောက်သည်။

လမ်းလျှောက်ရင်း ဟိုအကြောင်း ဒီအကြောင်း စကားပြောဆိုရင်းမှ ယောဂီဆောင်အတွင်း၌ ကျွန်တော် မြင်မက်ခဲ့သော အိပ်မက်များအကြောင်း၊ ဟိုတစ်နေ့ နေ့လယ်ပိုင်းက တွေ့ခဲ့သော ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီးအကြောင်းကို လွန်ခဲ့သော နှစ်,နှစ်ကျော်ကစပြီး ယခု နောက်ဆုံးတရားလာအားထုတ်ချိန်အထိ မြင်တွေ့ခဲ့ပုံအကြောင်းကို ပြောပြလိုက်သည်။

ကျွန်တော့်အနေနှင့် ထိုအိပ်မက်များနှင့် မြင်တွေ့ခဲ့သော အကြောင်းများ တကယ်ဖြစ်နိုင်၊ မဖြစ်နိုင် ဦးကျော်တင့်အမြင်ကို သိလိုသည်။ ကျွန်တော် ပြောပြလိုက်သဖြင့် ဦးကျော်တင့်လည်း အလွန်အံ့သြသွားပြီး...

'မင်း မြင်တွေ့တာတွေ အကုန်လုံး အမှန်ချည်းပဲကွ၊ ဘာလို့ဆိုတော့ အဲဒီမှာ ဦးကျော်စိုးကိုယ်တိုင် ညအိပ်တုန်း ခြေထောက်ကို လာဆွဲခံရလို့ပဲ။

လေးကြိမ်တောင် သူ့ခြေထောက်ကို လာဆွဲတာ၊ ပထမအကြိမ်က သူ အိပ်ပျော်နေတုန်းဖြစ်ပြီး နောက် သုံးကြိမ်လာဆွဲတာ သူနိုးနေပြီး အိပ်ရာပေါ်မှာ မှေးနေခိုက် လာဆွဲတာဖြစ်တယ်။

ဦးကျော်စိုးပြောတာ မနှစ်က ဓမ္မာရုံမှာ လမ်းလျှောက် တရားမှတ်ရင်း ကွယ်လွန်သွားတဲ့ ယောဂီတစ်ယောက် မကျွတ်မလွတ်ဖြစ်ပြီး သူ့ခြေထောက်ကို လာဆွဲတယ်လို့ပဲ ထင်တာ။

နောက် အဲဒီယောဂီ ကွယ်လွန်ပြီး မကြာခင် တရားလာဝင်တဲ့ ယောဂီတစ်ယောက်လဲ အခြောက်လှန့်ခံရလို့ ဆိုလားပဲ။ လန့်ဖျပ်ပြီး နောက်တစ်နေ့ တရားစခန်းက ပြန်ထွက်သွားတယ်။

အခု မင်းပြောပုံအတိုင်းဆိုရင် အဲဒီကိစ္စ ကွယ်လွန်တဲ့ယောဂီနဲ့ ဘာမှ မပတ်သက်ဘဲ ယောဂီဆောင်ထဲမှာ အရင်ကရှိနေတဲ့ ပရလောကသားတစ်ဦးက ကျော်စိုးခြေထောက်ကို လာဆွဲတာ၊ ခြောက်လှန့်တာပဲ ဖြစ်လိမ့်မယ်'

'အခြောက်လှန့်ခံရတဲ့ ယောဂီက ဘယ်နေရာမှာ အိပ်လို့ အခြောက်လှန့်ခံရတာလဲ'

'အင်း သူက ဦးကျော်စိုးအနားမှာ အိပ်တာ၊ ဦးကျော်စိုးက အရပ်မြင့်လွန်းတော့ မင်းမြင်တဲ့အတိုင်း ပျဉ်ခင်းပေါ်မှာ ပြတင်းပေါက်ဘက် ခေါင်းထားပြီး အိပ်လို့မရဘူး။ ဘားတိုက်ထဲမှာ အလျားလိုက် အိပ်တာဆိုတော့ အဲဒါ အခြောက်လှန့်ခံရတဲ့ ယောဂီက သူ့ခြေထောက်အောက်မှာ အိပ်သလိုဖြစ်နေတာ'

'ဟုတ်ပြီ အခုမှ ရှင်းတော့တယ်။ ဟိုနေ့က နေ့ခင်းကြီး ကျွန်တော် တွေ့တာလဲ အဲဒီ ယောဂီအိပ်တဲ့ နေရာမှာပဲ တွေ့တာဆိုတော့ အဲဒီနေရာဟာ ပရလောကသားရဲ့ နေရာပဲ ဖြစ်လိမ့်မယ်။

သူ့နေရာ ပျဉ်ခင်းပေါ်မှာ ဟိုယော... အိပ်တာမကြိုက်လို့ ခြောက်လှန့်... ပဲ ဖြစ်လိမ့်မယ်။ နောက် ဦးကျော်... ကလဲ သူ့ဘက်ကို ခြေထောက်... ပြီးအိပ်တော့ ပရလောကသား... သူ့ကို အဲဒီလိုမအိပ်ဖို့ သတိပေး... အနေနဲ့ ခြေထောက်ကို ဆွဲတာ... လိမ့်မယ်'

'မင်းပြောတာ သဘာဝကျပါတယ်... အဲဒီအကြောင်း ဦးကျော်စိုးကို... ပြောပြမှ ဖြစ်မယ်။ သူ နေရာပြော... အိပ်ဖို့ လိုအပ်ရင် ပြောင်းအိပ်နိုင်တာ... ပေါ့'

'အဲဒီ ပရလောကသားက ဘယ်... လိုဖြစ်ပြီး ယောဂီဆောင် အခင်း... ပေါ်ကို ရောက်တာလဲ'

ကျွန်တော်က မရှင်း၍ မေးလိုက်... ဦးကျော်တင့်က...

'ဒီဘားတိုက် စ,ဆောက်တုန်း... ခင်းတဲ့ပျဉ်ပေါ်မှာ စွဲပြီးပါလာတာ... မယ်။ ဒီပျဉ်ချပ်ခွဲဖို့ ဟိုမူလအစသစ်... ခုတ်တဲ့အချိန်မှာ အဲဒီသစ်ပင်မှာ... ရှိနေတဲ့ ပရလောကသားတစ်ဦး... နောက်ဆုံး ဒီပျဉ်ချပ်နဲ့ ကပ်ပါလာ... ပျဉ်ချပ်ကို ခင်းတဲ့နေရာမှာပဲ သူ... နေခဲ့တာဖြစ်မယ်'

'ဒါဖြင့် ကျွန်တော် ဟိုနေ့က... ခဲ့တာ အဲဒီ ပျဉ်ချပ်ထဲက ပုဂ္ဂိုလ်... နိုင်တာပေါ့နော်'

'ဟုတ်တာပေါ့၊ ဒါပေမယ့် မင်း... အချိန်မှာ သူ ကျွတ်လွတ်သွားပြီလေ... အခိုးအငွေ့လိုလို မြူနှင်းငွေ့လိုလို... ပြတင်းပေါက်က ထွက်သွားတယ်... စောစောက မင်းပြောတယ်မဟုတ်လား...

အဲဒါ သူ ကျွတ်လွတ်သွားပြီ ဒီဘား... ထဲမှာ မနေတော့လို့ မင်းကို ကိုယ်...



www.burmeseclassic.com

www.burmeseclassic.com

ပြီး နွတ်ဆက်ထွက်ခွာသွားတာပဲကွ'

'ဩော် ဒီလိုလား'

'မယုံရင် မင်း သတိထားစောင့်ကြည့်၊ နောက်ပိုင်းဆိုရင် ဦးကျော်စိုးကိုလဲ ခြေထောက် လာမဆွဲတော့ဘူး။ သူမရှိရင် ဘယ်သူ့ကိုမှလဲ မခြောက်လှန့်တော့ဘူး'

ဦးကျော်တင့်က ကျွန်တော့်ကို အကျိုးအကြောင်း အကုန်ရှင်းပြသည်။ သူနှင့် ကျွန်တော်သည် တရားစခန်း အဝင်မုခ်ဦးအထိ လမ်းလျှောက်ပြီးမှ တရားစခန်းဝင်းထဲသို့ ပြန်လှည့်လျှောက်လာပါသည်။

အညောင်းပြေကြပြီမို့ ယောဂီဆောင်ထဲသို့ ပြန်ဝင်သည်။ ဦးကျော်တင့်က သူ့အိပ်ရာပေါ်တွင် ဆက်လက်တရားမှတ်သည်။ ကျွန်တော်လည်း အိပ်ရာပေါ်တွင် လဲလျောင်းအနားယူရင်း ယောဂီဆောင်ထဲမှ ပရလောကသားအကြောင်းကို ဆက်လက်တွေးစားနေမိသည်။

ယောဂီဆောင်ထဲမှ ပရလောကသားအကြောင်း ပြီးဆုံးခဲ့ပါပြီ။ နောက်ပိုင်းအခြေအနေကို စောင့်ကြည့်ရမည်။ ထိုအကြောင်း ဦးကျော်တင့် တစ်ဦးတည်းကိုသာ အသိပေးထားပြီး အခြားမည်သူ့ကိုမျှ မပြောပြခဲ့ပါ။

ထိုရက်များအတွင်း တရားစခန်းသို့ အမျိုးသားယောဂီတစ်ဦး ထပ်မံရောက်ရှိလာသည်။ ထိုယောဂီအသစ်ကို ဦးကျော်စိုးအိပ်ရာ၏ အတွင်းဘက်တွင် နေရာချထားပေးသည်။

ထိုယောဂီအသစ် အိပ်သောနေရာမှာ ဝဝဖိုင့်ဖိုင့်ပုဂ္ဂိုလ်ကြီးကို ကျွန်တော် နောက်ဆုံးမြင်တွေ့ခဲ့သော နေရာ၊ မနှစ်က ယောဂီတစ်ဦး အခြောက်အလှန့်ခံရသောနေရာ ဖြစ်သည်။

ယခု ထိုနေရာတွင် ယောဂီအသစ်နေသောအခါ ဘာမှမဖြစ်ပါ။ အနှောင့်အယှက် အခြောက်အလှန့်လည်း မခံရပါ။ အေးအေးဆေးဆေး ဖြစ်သည်။

တရားစခန်း၌ ကျွန်တော် နောက်ထပ်တစ်လအထိ ဆက်လက်တရားအားထုတ်ပြီး ပြန်လည်ထွက်ခွာခဲ့ချိန်တိုင်အောင် ဦးကျော်စိုးကို ညအိပ်ချိန် ခြေထောက်လာဆွဲသည်ဟု မကြားသိတော့သဖြင့် ထိုနေရာ ပျဉ်ခင်းပေါ်၌ ပရလောကသား မရှိတော့ဟု ထင်ပါသည်။

ကျွန်တော် မြင်တွေ့ခဲ့သော မီးခိုးလုံးလိုလို၊ မြူနှင်းငွေ့လိုလိုဖြစ်ပြီး ထွက်သွားသည်က ဦးကျော်တင့် ပြောသလို တကယ်ပဲ ထိုပုဂ္ဂိုလ်ကြီး ကျွတ်လွတ်၍ နှုတ်ဆက်ထွက်ခွာသွားသည်လား ဉာဏ်မမီသဖြင့် ထိုမျှသာ တွေးထင်ရပါတော့သည်တကား။

*သုခီဟောန္တု၊ ဒုက္ခာမုစ္စန္တု*

**ချမ်းသာ**

# နွားများ ဆီးချုပ်၊ဝမ်းချုပ် ဖြစ်သော်

နတ်မောက်မြို့နယ်၊ စမ်းတောရွာသို့ ရောက်ရှိစဉ်က **ကျေးရွာ နွားဆေးသမား ဦးဆိုင်** ဆိုသူနှင့် တွေ့ရပါသည်။ ယင်းထံမှ ကျွဲ၊ နွား ဆေးနည်းများစွာ ရရှိ မှတ်သားခဲ့ရပြီး **နွေရာသီတွင် ဖြစ်တတ်သော နွားများ ဝမ်းချုပ်, ဆီးချုပ်**နှင့် ပတ်သက်သော ဆေးနည်းကို တင်ပြအပ်ပါသည်။

'အခုလို နွေရာသီမှာ နွားတွေ ဝမ်းချုပ်, ဆီးချုပ် အဖြစ်များတတ်ပါတယ်။ ဘာကြောင့်လဲဆိုရင် မြက်တွေက ခြောက်ကုန်ပြီ၊ ပြောင်းရိုး, ကောက်ရိုး, ပဲမှော်တွေမှာလဲ ရေဓာတ် ခန်းခြောက်ပြီး မာနေပါပြီ။

အဲဒါကို စားရတဲ့အပြင် ရေတွေကလဲ ခန်းခြောက်စပြုပြီး ရေပူ, ရေအေး မျှမတ သောက်မိတဲ့အခါ သောက်မိကြပါတယ်။

အစာရေစာ မမှန်တဲ့ အချိန်ပေါ့ဗျာ။ ရေဓာတ်ခန်းနေတဲ့ အစာမာတွေနဲ့ ရေပူတွေ သောက်ရတော့ ဝမ်း, ဆီး မမှန်နိုင်တော့ဘူး။ အဆင်မသင့်တဲ့ နွားတွေမှာ ဝမ်းဗိုက်တွေ ပြည့်တင်း ဖောင်းကားပြီး ခါးပိုင်းကုန်းကုန်းကြီးနဲ့ဆီးချုပ်, ဝမ်းချုပ် ရောဂါဝေဒနာ ဖြစ်တော့တာပဲ။ သခင်ဖြစ်သူက မသိဘဲ သုံး,လေးရက်ထိ ဆီး, ဝမ်းချုပ်ရင် အဲဒီနွား ပျက်စီးတတ်ပါတယ်ဗျာ။

အချိန်မီ နွားမှာ ဆီးချုပ်, ဝမ်းချုပ် ဖြစ်နေတာသိရင်လဲ ကုသရ လွယ်ကူပါတယ်။

ကျွဲဘောက်ပင်လို့ ခေါ်တဲ့ ဖြူကြီးပင်က အမြစ်အစို တစ်ထွာလောက်တူးယူ ဆင်တုံး



မနွယ်အစို တစ်ထွာလောက်နဲ့ နုပ်နုပ်စဉ်းပြီး ညက်အောင် ထောင်းရမယ်။ မီးဖိုချောင်သုံးဆား လက်ဖက်စား တစ်ဇွန်းထည့်၊ ရေနဲ့ ပျစ်ပျစ်ဖျော်ပြီး တိုက်ကျွေးပေးလိုက်ပါ။

တစ်နာရီ, နှစ်နာရီအတွင်း ဆီး,ဝမ်း လိုက်လာပါမယ်။ **ယာဂုကျဲကျဲ၊ နှမ်းဖတ်ရည်ကျဲကျဲနဲ့ အစာနုကျွေးပေးပါ။** နှစ်ရက်, သုံးရက်လောက် ဂရုတစိုက် ကုသလိုက်ရင် ဆီးချုပ်, ဝမ်းချုပ် ပျောက်သွားတာပါပဲ'

စမ်းတောရွာမှ လက်တွေ့ နွားများကို ဗိုဒ်တဒါန အခမဲ့ ကူညီ ဆေးကုပေးနေသော မြန်မာ့ရိုးရာ နွားဆေးသမား ဦးဆိုင် ပြောပြသမျှ မှတ်တမ်းတင် ဖော်ပြ ရေးသားလိုက်ရပါသည်။

***တိုးတက် ကြီးပွားကြပါစေ***

**နတ်မောက် ကောင်းမွန်မြင့်**

www.burmeseclassic.com

# မြွေအန္တရာယ်ကင်းစေသော စမ

ကျွန်ုပ်၏ဖခင်သည် တိုင်းရင်းဆေးပညာ၊ မြွေပညာတို့ဖြင့် အသက်မွေးခဲ့သူ ဖြစ်သည်။

ဖခင် ကွယ်လွန်သွားပြီးနောက် ဖခင်ရေးမှတ်ထားသော ဆေးနည်းများ၊ အစီအရင်များထဲမှ မြွေအန္တရာယ်ကင်းစေသော စမ စီရင်ပုံကို အသုံးလိုသူများ သိရှိစေရန် ရေးသား ဖော်ပြလိုက်ပါသည်။

---

စမစီရင်ပုံ အဆင့်ဆင့်မှာ

---

နတ်တော်လပြည့်နေ့ နံနက် (၉း၄၅)မိနစ်အချိန်တွင် မြတ်စွာဘုရားရှင်အား ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပြီး ကိုးပါးသီလခံယူဆောက်တည်ပါ။

သီလ ခံယူဆောက်တည်ပြီးနောက် ဘိုးတော်သိကြားမင်း၊ နတ်မင်းကြီး (၄)ပါး၊ ဝိဇ္ဇာပုဂ္ဂိုလ်တို့ကို ပင့်ဖိတ်ပါ။


ပင့်ဖိတ်ပြီးနောက် မေတ္တာသုတ်ကို (၉)ခေါက်၊ ခန္ဓသုတ်ကို (၉)ခေါက် ရွတ်ဆိုပါ။ မြွေများကို အထူးမေတ္တာပို့သပါ။ ပြုသမျှကုသိုလ်အဖို့ကို အမျှဝေပါ။

ပြီးနောက် **ကြေးပြား(သို့မဟုတ်) ငွေပြားကို** သန့်ရှင်းသော ခုံပေါ်တွင် တင်၍ စမကို ရေးဆွဲပါ။ စမကို ရေးဆွဲရင်း ပါးစပ်မှ သမ္ဗုဒ္ဓေဂါထာကို ရွတ်နေပါ။ ရေးဆွဲပြီးပါက သမ္ဗုဒ္ဓေဂါထာကို ထပ်မံ၍ (၉)ခေါက် ရွတ်ဆိုပြီး သိဒ္ဓိတင်ပါ။ သိဒ္ဓိတင်ပြီးနောက် ဆောင်လို့ရပြီ ဖြစ်ပါသည်။

**အထူးသတိချပ်ရန်မှာ** စမကို ဆောင်သောသူသည် နွားသား၊ ကျွဲသား၊ မြွေသားတို့ကို ရှောင်ရပါမည်။ ငါးပါးသီလကို အထူးလုံခြုံအောင် စောင့်ထိန်းရပါမည်။ ငါးပါးသီလ မလုံက မည်သည့်အဆောင်မှ အကျိုးမပေးနိုင်ပါ။

**စမကို (၄)ချပ်ရေးဆွဲပြီး** အိမ်တိုင်ထောင့်(၄)ထောင့်တွင် ကပ်ထားပါက အဆိပ်ရှိသောသတ္တဝါများ မဝင်ရောက်၊ မနှောင့်ယှက်နိုင်ဟု ဖခင်၏ မှတ်စု၌ ရေးသားထားပါသည်။

***




စမရေးဆွဲပုံ အစီအစဉ်

၁။ ပုံတွင်ပြထားသည့် အတိုင်း "စ" ပြထားသောနေရာမှ ပုံပါမြား အတိုင်း ရေးဆွဲပြီး "ဆုံး"ပြထား သောနေရာတွင် ဆုံးပါ။

၂။ စ၊ ဓ၊ ဗ၊ ဝကို အစီအစဉ် အတိုင်း ရေးသွင်းပါ။

၃။ ထို့နောက် က၊ ဃ၊ ဏ၊ ဠ ကို ပုံပါ အစီအစဉ်အတိုင်း ရေးဆွဲပါ။

၄။ အလယ်(၃)ကွက်တွင် ပု၊ ဒိ၊ အာ




ကို ထည့်ပါ။

၅။ ထို့နောက် "**နမော ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါ ကတာ မေရက္ခာ ကတံမေ ပရိ ပဋိက္ကမန္တု ဘူတာနိသော ဟံ**" ပတ်ပါ။

၆။ ပြီးက နဝင်းအညွန့်တင်ပါ။

ရေးဆွဲနည်းမှာ...

***




*[ကွယ်လွန်သူ ဖခင်ကြီးဦးမြအေ သတိရအောက်မေ့လျက်...]*

**မောင်အောင်ဇေျာ်**
**(အိင်ဗ)**



www.burmeseclassic.com

www.burmeseclassic.com



# စားပွဲနတ်

ထိလှာဦး

လွန်ခဲ့သော နှစ်ပေါင်း အတန်ကြာ (၁၉၇၂ ခုနှစ်ခန့်က) ဖြစ်ပါသည်။ ညနေဘက် ပျင်းပျင်းရှိကြသည်နှင့် အဆောင်နေသူငယ်ချင်းများ စကာလက်ဖက်ရည်ကြမ်းဝိုင်းဖွဲ့၍ ရောက်တတ်ရာရာတွေ ပြော်နေကြ၏။ ဤသို့ ပြောနေကြရင်းက ဝိညာဉ်များကို ခေါ်သောအကြောင်းများဘက်သို့ ရောက်သွားကြပြန်ပါသည်။

ထိုမှတစ်ဆင့် နတ်ပူးပုံ အမျိုးမျိုး ဖျာလိပ်နတ် စသည်တို့ဆီသို့ ရောက်သွားကြပြန်လေ၏။ ဤတွင် မောင်သောင်း ဆိုသူက **'မင်းတို့ စားပွဲနတ်ဆိုတာ ကြားဖူးကြလား'**ဟု ဝင်ပြောလေတော့၏။

ဒီကောင်မှာ မိတ္တီလာသားဖြစ်ပြီး အလွန် စကားနည်းလှသလို ပြောလိုက်လျှင်လည်း ပီသသာလေးဘေးပစ် ပြောတတ်ပါသည်။ ဖြီးဖြန်း၍ ပြောတတ်သူလည်းမဟုတ်။ ယခုလည်း သူပြောသည့် စားပွဲနတ်ဆိုသည်ကို ကျွန်တော်တို့ ကြားပင် မကြားဖူးကြ။ မသေချာဘဲနှင့်လည်း ပြောမည့်ကောင် မဟုတ်။ ထို့ကြောင့် ကျွန်တော်ကပင်...

www.burmeseclassic.com



'ဟော့ကောင် မောင်သောင်း ပေါက်ကရတွေ လာပြောမနေနဲ့ စားပွဲနတ်ဆိုတာ ရှိရောရှိလို့လား?'

ဟု ပြန်မေးလိုက်ပါသည်။

မောင်သောင်းက...

'ဟာ ရှိလိုက်တာမှ ရှိ ရှိ ရှိနဲ့တောင် မည်နေသေးဟေ့။ မင်းတို့ ကြည့်ချင်လို့လား ခု ချက်ချင်းတောင် ခေါ်ပြလို့ ရသေးတယ်'

ဟု ပြောလေတော့ရာ အားလုံး သဘောတူစွာပင် စားပွဲနတ်ကို ခေါ်ပြရန် သူ့အား ဝိုင်းပြောကြလေတော့၏။

မောင်သောင်းကား လူပြောမသန် လူသန်မပြောသမားပေတည်း။ စားပွဲနတ်၏ သမိုင်းကြောင်းကို သူမသိကြောင်း၊ အားလုံး ကြည့်ချင်ရင်တော့ ပြနိုင်ကြောင်း ပြောပြီး အဆောင်တွင်းမှ ခုံဖိနပ်တစ်ရန်ကို သွားယူကာ ကျွန်တော်တို့ ဝိုင်းဖွဲ့ ထိုင်နေကြသော စားပွဲ၏ ထောင့်ဖြတ်ခြေထောက်နှစ်ချောင်း အောက်တွင် ခုလိုက်ပါသည်။

ဤတွင် စားပွဲမှာ အခြေမညီတော့လေရကား လှုပ်နေပြီဖြစ်၏။ သူက သူ့လက်ဖဝါးနှစ်ဖက်ကို မှောက်ကာ စားပွဲပေါ်တွင် တင်ထားလိုက်ပြီး ကျန်လူများကိုလည်း သူ့လိုပင် လိုက်လုပ်ရန် ပြောလေသည်။

အားလုံး လက်ဖဝါးများ မှောက်လျက်ကလေးတွေ တင်မိကြသည်တွင် သူက မျက်စိမှိတ်ကာ ပါးစပ်မှ တတွတ်တွတ် ဆီမန်းမန်းသလို ရွတ်နေလေတော့၏။

ထိုသို့ ရွတ်နေသည်မှာ ငါးမိနစ်မျှပင် ကြာမည် ထင်ပါသည်။ ရွတ်ပြီးသည်တွင်မှ သူက အသံထွက်၍...

'ကဲ စားပွဲနတ်ကြီးရေ အားလုံး သိအောင် လှုပ်ပြလိုက်ပါဦး'

ဟု ပြောလိုက်ရာ စားပွဲကြီးမှာ ခြေထောက်နှစ်ချောင်း မြေကြီးနှင့် ထိကာ အသံမြည်အောင်ပင် လှုပ်သွားလေတော့၏။ လွတ်နေသော စားပွဲခြေထောက်နှင့် မြေကြီးနှင့် ရိုက်မိသံမှာ 'ဂေါက် ဂေါက်' ဟုပင် မြည်သွားသည်ကို အားလုံး ကြားကြရပါသည်။

မယုံကြည်သူတွေ အတော်ပင်ထိတ်သွားကြ၏။ ထို့နောက် ထုံးစံအတိုင်း မောင်သောင်းကပဲ စားပွဲကို ဖိပြီး လှုပ်လိုက်လေသလား။ ဟိုကောင်ကြောင့်၊ ဒီကောင်ကြောင့် စသည်ဖြင့် အသံတွေ ထွက်လာကြပြန်ရာ မောင်သောင်းက...

'ကဲ စားပွဲနတ်ကြီးရေ အကြောင်းပြလိုက်စမ်းပါဦး'

ဟု ပြုံးပြုံးကြီး အော်ပြန်လေရာ စားပွဲကြီးမှာ တဂေါက်ဂေါက်ဖြင့် မရပ်မနား လှုပ်ပြပြန်လေတော့သည်။

ထို့နောက် စားပွဲနတ်အား မောင်သောင်းက...

'ကဲ ကျုပ်တို့ မေးခွန်းတွေ မေးမယ်ဗျာ။ စားပွဲနတ်ကြီးက ပြန်ဖြေပေါ့။ အဲ ဖြေဖို့ကတော့ ဟုတ်တယ်။ မဟုတ်ဘူး ဆိုတာပဲဖြေ။ ဟုတ်တယ်ဆိုရင် တစ်ချက် အသံပေး။ မဟုတ်ဘူးဆိုရင် နှစ်ချက်ပေါ့ဗျာ။ ကဲ သဘောတူရင် တစ်ချက်။

ဟုပြောလိုက်ပြန်ရာ 'ဂေါက်' ခနဲ အသံကြားလိုက်ရပြီး ငြိမ်သွားပြန်လေတော့၏။

ဤတွင် မောင်သောင်းက...

'ကဲ မေးကြပေတော့ကွာ'

ဟု ဆိုလေရာ မေးလိုက်ကြသည့် မေးခွန်း မျိုးစုံသွားလေတော့သည်။ 'ဂေါက်၊ ဂေါက်၊ ဂေါက်' အသံတွေမှာလည်း ဆူညံ၍ နေလေတော့၏။

မေးသမျှတွေလည်း အားလုံးပင် မှန်နေလေရာ မောင်သောင်းကိုရော စားပွဲနတ်ကြီးကိုပါ လေးစားရလေတော့သည်။ မောင်သောင်းမှာကား ဘာမှ ဝင်မမေး။ ကျွန်တော်တို့ကို ကြည့်ကာ ပြုံးပြုံးကြီး လုပ်နေလေတော့၏။

ကျွန်တော်တို့အားလုံး အကြောက်အလန့်မရှိ တစ်မေးတည်း မေးနေကြရင်းနှင့် စားပွဲနတ်နှင့် အပြောအဆိုတွေမှာ ရင်းနှီးသောသူငယ်ချင်း တစ်ယောက်ကို ပြောနေဆိုနေသလိုပင် ဖြစ် လာကြလေတော့သည်။

အားလုံး မေးပြီး၍ မေးစရာပင် မရှိလောက်တော့အောင် ဖြစ်ချိန်တွင်မှ ကျွန်တော်တို့အထဲမှ အသက်အကြီးဆုံးဖြစ်သူ တင်ကိုကိုက...

'ကဲ စားပွဲနတ်ကြီးရေ ခင်ဗျားကို ပင့်တဲ့ မောင်သောင်းအကြောင်းကို မေးမယ်ဗျာ မောင်သောင်းမှာ မိန်းမ ရှိသလား'

ဟု မေးရာ 'ဂေါက်' ခနဲ အသံ တစ်ချက် ထွက်လာလေ၏။ အဓိပ္ပာယ်မှာ 'ရှိတယ်' ဆိုသည့် သဘောပင်။

ဒီတစ်ချီတော့ စားပွဲနတ်ကြီး မှား လေပြီ။ မောင်သောင်းမှာ မိန်းမ ထေ လို့ ဆွေမျိုးပင် ရှိပုံမရ။ ဘယ်ကမှ စာ မလာ၊ လက်ဆောင်မလာ လူစားဖြစ်


F.37B. December, 2014.
စာမျက်နှာ (၂၉၄) သို့

www.burmeseclassic.com

လောကကြီးသည် အလွန် ဆန်း ကြယ်လှပါသည်။ လောကကြီး၏ ဖြစ်ပျက်မှု သဘာဝအရာရာတိုင်းသည် လည်း အဆန်းတကြယ် ရှိကြပါ၏။ ဗုဒ္ဓမြတ်စွာဘုရား၏ မေတ္တသုတ်တော် တွင် မြင်ရသော သတ္တဝါများနှင့် မမြင်ရ သော သတ္တဝါများကို မေတ္တာပို့ထားပါ သည်။

မိမိကိုယ်တိုင် မြင်မှတွေ့မှ ယုံမည် ဆိုပြီး မျက်စိမှိတ် အောင်နေကြသူများ အနမတဂ္ဂ များလှပေ၏။ ကမ္ဘာကျော် စာရေးဆရာကြီးတစ်ဦး၏ လေသံနှင့် ပြောရလျှင်...

'လောကကြီးမှာ ငါသိတာတစ်ခုပဲ ရှိတယ်။ အဲဒါကတော့ ငါ ဘာမှ မသိသေးဘူး ဆိုတာပဲ'

ဟု ပြောရမည် ဖြစ်သည်။

တောင်ပိုင်း ရှမ်းပြည်နယ်အတွင်းရှိ စခန်းတစ်ခု၌ တာဝန်ကျနေစဉ် အမှတ် (...)ခြေမြန်တပ်ရင်းမှ တပ်ကြပ်ကြီး တစ်ဦးနှင့် ခင်မင်ရင်းနှီး စပ်မိစပ်ရာ စကားပြောကြရင်းမှ သူ၏ အတွေ့ အကြုံမှာ စိတ်ဝင်စားဖွယ်၊ အံ့သြဖွယ် ရာအကြောင်းကို သိကြားခဲ့ရပါသည်။

**ဆရာကြီးကျော်ဟိုး**တို့ တွေ့ကြုံ ခဲ့ရသော အဖြစ်အပျက်မျိုးမှာ **ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်**ဟု ဆိုအပ်သော ဘုံဌာနတို့တွင် တစ်ခုခု တော့ပါဝင်ပေမည်။ မည်သည့်ဘုံဌာန အတွင်း ပါဝင်သည်ဟု အတိအကျ ညွှန်းဆိုနိုင်ခြင်း မရှိပေ။

*　　*　　*

ဆရာကြီးကျော်ဟိုး။ သူ့ပုံစံက လူ ပုံက ဂင်တိုတို၊ ဗလကောင်းကောင်း။ အသားညိုညိုနှင့် အညာသားတစ် ယောက် ဖြစ်သည်။ လုပ်ရည်ကိုင်ရည် မဆိုး၍ အထက်လူကြီးများကလည်း သဘောကျ၊ လက်အောက်ငယ်သား



ကျော်လင်းထွန်း-
ရေးသည်

လူပုလေးလား

# မှင်တလား

တို့ကလည်း ချစ်ကြောက်ရိုသေကြ သည်။

ရှမ်းပြည်နယ်တောင်ပိုင်း ပင်လောင်း ကားလမ်း တစ်နေရာ၌ လမ်းလုံခြုံရေး၊ နယ်မြေလုံခြုံရေးအတွက် တပ်စုတစ်စု နှင့်အတူ စခန်းထိုင်နေရသည်။ စခန်း က တောင်ကုန်းတစ်နေရာ ကားလမ်း ဘေးတွင် ဆောက်ထားပြီး စခန်းပတ် လည်တွင် ဝါးတောသစ်တောများ၊ သစ်ကြီးဝါးကြီးများ ဝန်းပတ်ပိုင်းရံ မှိုင်းညို့လျက်ရှိသည်။

စခန်းအား ခြံစည်းရိုးကာ၊ ကြောင့် ကျင်းများတူး၍ သစ်ချွန်ဝါးချွန်များဖြင့် ကျင်းတွင်းစိုက်ကာ ကာကွယ်ထား သည်။ ကားလမ်းပေါ်၌ ဝါးပိုးဝါးအကြီး ကြီးတစ်လုံးအား ဂိတ်မောင်းတံသဖွယ် ပြုလုပ်ထားပြီး ယာဉ်၊ ကား၊ လူများကို စစ်ဆေးကြည့်ရှုပြီးမှ ဖြတ်သန်းခွင့်ပြု သည်။

စခန်းအောက် ချိုင့်ဝှမ်းထဲတွင် ရွာ တစ်ရွာရှိပြီး ညာဘက်တွင် **မီးနီချောင်း** က စီးဆင်းလျက်ရှိပြီး ဘယ်ဘက်တွင် **လွှဲကြီးချောင်း**က စီးဆင်းလျက် ရှိနေ သည်။ ထိုချောင်းသည် လွှဲကြီးရွာ အလယ်မှ ဖြတ်သန်းစီးဆင်းနေသဖြင့် ရွာကို နှစ်ပိုင်း ပိုင်းခြားထားသကဲ့သို့ ဖြစ်နေ၏။

ရွာကား ရှမ်း၊ ကရင်၊ ဗမာ တိုင်းရင်း သားမျိုးစုံ နေထိုင်ကြ၍ အမဲလိုက်ခြင်း၊ တောင်ယာလုပ်ကိုင်ခြင်း၊ [illegible]ချိုး ဝ,ဥ

www.burmeseclassic.com

တူး၊ မျှစ်ချဥ်လုပ်ငန်း လုပ်ကိုင်ခြင်းတို့ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။

စခန်းကုန်းမှ ရွာတွင်းသို့ ဆင်းလျှင် (၁၅)မိနစ်ခန့် ဆင်းရပြီး ပြန်တက်လျှင် တောင်တက်လမ်းမို့ (၂၅)မိနစ်ခန့် ပြန်တက်ရသည်။

ညဘက် ပိန်းပိတ်မှောင်မည်းမည်းတွင် ပိုးပုရစ်အော်သံ၊ ချေ(ဂျီ)ဟောက်သံများ၊ သစ်ပင်ဝါးပင်ကြီးများကို လေတိုးတိုက်သံများနှင့်အတူ လွှဲကြီးချောင်း၏ ဒေါသကြီးစွာ စီးဆင်းနေသော တဝေါဝေါ ရေစီးသံများကား မရိုးနိုင်သော သံစဥ်တစ်ပုဒ်ကို နားဆင်နေရသကဲ့သို့ ဖြစ်သည်။

ရံဖန်ရံခါ လေပြင်းများ တိုက်ခတ်လိုက်လျှင် ဝါးပင်ကြီးများ ပွတ်တိုက်ကြိတ်သံများက အအိပ်ကြီးသော လူတစ်ယောက်၏ သွားကြိတ်သံများနှင့် တူလှပေသည်။

*  *  *

ဒီနေ့မနက်ပိုင်း ဆရာကြီးကျော်ဟိုးနှင့် သူ့ရဲဘော်များ စခန်းဘေး ပတ်လည် ပစ်ကွင်း၊ မြင်ကွင်းများ ခုတ်ထွင်ရှင်းလင်း၊ ဆွေးမြည့်နေသော ခြံစည်းရိုးများ ပြန်လည်ကာရံခြင်းများ ပြုလုပ်ကြပြီးနောက် ညနေဘက်တွင် စခန်းအောက်ခြေရှိ လွှဲကြီးရွာသို့ ဆင်းလာခဲ့ကြသည်။

ဆရာကြီးကျော်ဟိုးသည် ရင်းနှီးသော ရှမ်းတိုင်းရင်းသားလင်မယားအိမ်သို့ ဝင်၍ စကားပြောနေရင်းမှ အိမ်ရှင်အစ်မကြီးက…

'ဟိုဘက်ကမ်းက မုဆိုးအိုက်ပီး တောဝက်ရတယ် ပြောတယ်ဆရာကြီး၊ ထမင်းစားပြီးမှ ပြန်ပါလား'

'ကျေးဇူးတင်ပါတယ် ပီနန်းလုံ (အစ်မကြီး) မစားတော့ပါဘူး။ ကျုပ်လဲ



အဲဒီဘက်ကမ်း အိုက်ပီးတို့ အိမ်သွားလိုက်ဦးမယ်'

ဆရာကြီးကျော်ဟိုးသည် အလိုက်သင့် ပြန်ပြောပြီး ပြောပြောဆိုဆိုပင် ထွက်လာခဲ့သည်။

မုဆိုးအိုက်ပီးတို့ အိမ်အောက်တွင် လူအများ ဝိုင်းအုံနေသည်။ တောဝက်ဖျက်နေခြင်းဖြစ်၍ ဟိုလူက တစ်ပိဿာ၊ ဒီလူက ငါးဆယ်သား စသည်ဖြင့် လုယက် ဝယ်ယူနေကြသည်။

ဒီနေရာ ဒီဒေသက ယင်းကဲ့သို့ သားကောင်၊ တောကောင်များ ရမှပင် ဟင်းစားရသည်။ ရံဖန်ရံခါပင် ချေ(ဂျီ)သား၊ ဆတ်သား၊ တောဝက်သားတို့ ရကြသည်။ ကျန်အချိန်များတွင် လမ်းပန်းဆက်သွယ်ရေး အနည်းငယ် ခက်ခဲသမို့ သားငါး ရှားပါးသည်။

'အိုက်ပီး ဝက်က တော်တော်ကြီးလား'

ဆရာကြီးကျော်ဟိုးသည် နှုတ်ဆက်မေး မေးလိုက်သည်။

'ဆရာကြီးပါလား၊ လာ ဆရာကြီး။ မဆိုးပါဘူး၊ အချိန် သုံး,လေးဆယ်လောက် ရမယ်ထင်တယ်'

အိုက်ပီး၏ ခုတ်ထစ်ပြီး ဝက်သားများကို သူ့မိန်းမဘက် ပစ်ပေးလိုက်၊ မိန်းမဖြစ်သူက အသားတွဲအား ဓားဦးချွန်ဖြင့်ထိုးကာ နှီးဖြင့်တွဲလိုက်၊ လိုချင်သူများအား ပေးလိုက်၊ အိုက်ပီးက ဆက်ခုတ်လိုက်နှင့်အလုပ်ရှုပ်နေကြသည်၊

ခုတ်ရင်း,ထစ်ရင်း, ချိန်ပေးရင်းနှင့်ပင် ကလီစာများ၊ တောဝက်ခေါင်းကြီး ခြေထောက်လေးချောင်းနှင့် အသားအနည်းငယ်သာ ကျန်တော့သည်။ ဆရာကြီးကျော်ဟိုးသည် ဝက်ခေါင်းကြီးအား ကိုင်ကာ ပါးစပ်ဖြဲ၍ တောဝက်အစွယ်များကို ကြည့်နေမိသည်။

'ဆရာကြီး ဘာတွေ ကြည့်နေတာတုံး'

အိုက်ပီးက မေးလိုက်သည်။

'ဘာရယ် ဟုတ်ပါဘူးဗျာ။ ဝက်စွယ်နားမှာ ဝိတ်တို့ ဘာတို့ဆိုတာ ကာယသိဒ္ဓိပြီးတယ်လို့ ကြားဖူးလို့ ဘယ်လို အစွယ်လဲလို့ ကြည့်နေတာ'

'ဟာ ဆရာကြီးကလဲ ဒီဝက် မပြီးလို့ ကျုပ်တူမီးနဲ့ တွေ့တာပေါ့ဗျ၊ ဟုတ်ဖူးလား'

ဟု ပြောပြီး အိုက်ပီးက တဟားဟားနှင့် သဘောကျစွာ ရယ်နေပါတော့သည်။

'ဟုတ်ပါပြီဗျာ ဟုတ်ပါပြီ'

ဆရာကြီးကျော်ဟိုးသည် ပြုံးရင်းပြန်ပြောလိုက်သည်။ အိုက်ပီးသည် သူ၏ မိန်းမအား တောဝက်ကလီစာအချို့အဝက်အား အမြန်ချက်ရန် ပြောနေသည်။

ကျန်သော တောဝက်ကလီစာများအား ဓားဦးချွန်ထိပ်ဖြင့် ထိုးကာ နှီးဖြင့်တွဲ၍အိမ်တိုင်တွင် ချိတ်ထားလိုက်သည်။

မကြာသော အချိန်အတွင်းမှာပင် ဒေသထွက် စပါးအရက်တစ်လုံးနှင့်အတူ မုဆိုးအိုက်ပီး၊ ဆရာကြီးကျော်ဟိုးနှင့် ဝိုင်းလုပ်ကိုင်ကူသော ရွာသားနှစ်ယောက်နှင့်အတူ စိုပြည်စည်ကားသော အရက်ဝိုင်းတစ်ဝိုင်း ဖြစ်သွားသည်။

'ဆရာကြီး လုပ်ပါဦး၊ ဒီမှာ ကလီစာဟင်းကလဲ ကောင်းမှကောင်း'



www.burmeseclassic.com

www.burmeseclassic.com

အိုက်ပီးသည် ငေးဝတ်ကျေးစွာပင် ငေးခံလို့ အားမရသေးဘဲ...

'ဆရာကြီးပြန်ရင် ကလီစာတစ်တွဲ လက်ဆောင်ပေးလိုက်ဦးမယ်။ သောက်မှာသောက် စားသာ စားစမ်းပါ'

သောက်ရင်းစားရင်း၊ စကားပြောရင်းနှင့်ပင် အချိန်မှာ ကုန်မှန်းမသိ ကုန်သွား၏။ အိုက်ပီးက...

'မိန်းမရေ မီးထွန်းပါဦးကွ၊ မှောင်နေပြီ'

ဆိုတော့မှပင် ဆရာကြီးကျော်ဟိုး သည်...

'အိုက်ပီးရေ ကျုပ် ပြန်လိုက်ဦးမယ်၊ မှောင်နေပြီဗျ'

'ဟာဗျာ ဆရာကြီးကလဲ စောပါ သေးတယ်'

'မစောတော့ဘူးဗျ။ ကျုပ် ပြန်လိုက်ဦးမယ်'

ပြောပြောဆိုဆိုပင် မတ်တတ် ထ,ရပ်လိုက်သည်။ ထိုအခါ အိုက်ပီးသည် အိမ်တိုင်တွင် ချိတ်ထားသော တောဝက်ကလီစာတွဲများ ဖြုတ်၍ပေးသည်။

ကလီစာတွဲအား လက်ကဆွဲ၍ ထွက်လာခဲ့ရာ အိမ်ထဲတွင် မှောင်နေသော်လည်း ရွာလယ် လမ်းမပေါ်မှာတော့ အလင်းရောင်က ရှိနေသေးသည်။ ရွာလယ်က တံတားနားတွင် မိမိ ရဲဘော်နှစ်ယောက်နှင့် တွေ့ရာ...

'ဟော့ကောင်တွေ တအား မိုးချုပ်အောင် မနေနဲ့နော်။ ငါတော့ တက်နှင့်ပြီ'

ရဲဘော်လေးများအား ပြောလိုက်သည်။

'ဟုတ်ကဲ့ ဆရာကြီး'

ရဲဘော်လေးများ၏ ပြန်ဖြေသံနှင့် ဆက်ထွက်လာခဲ့သည်။

*   *   *

တောဝက်ကလီစာတွဲအား ဆွဲကာ



ခပ်သွက်သွက်ပင် လှမ်းလာခဲ့ရာ ရွာပြင်တောစပ်သို့ ရောက်လာသည်။ တောင်ပေါ် ကားလမ်းမို့ အကွေ့အကောက် အတက်အဆင်း များလှသည်။ ပထမ ကားလမ်းအကွေ့သို့ ရောက်လာသည်။

သွားရင်းနှင့်ပင် အမှောင်က စိုးမိုးလာပြီး ကားလမ်းဘေး တစ်ဖက်တစ်ချက်ရှိ ဝါးပိုးဝါး၊ ကြသောင်းဝါးပင်ကြီးများက ဟိုဘက်ဒီဘက် ထိလုထိခင် အုပ်မိုးနေကြပြီး လေအဝှေ့တွင် ယိမ်းထိုး လှုပ်ယမ်းနေကြသည်မှာ တော်ရုံလူ စိတ်ချောက်ချားဖွယ်ဖြစ်သည်။

အောက်ဘက် လျှိုကြီးချောင်းဆီမှ ရေစီးဆင်းသံ တဝေါဝေါနှင့်အတူ ချေ (ဂျီ)တစ်ကောင်၏ အလန့်တကြား ထဟောက်သံကို ကြားလိုက်ရသည်။ လမိုက်ညမို့ အမှောင် စိုးမိုးလာမှုကလည်း မြန်လှသည်၊ ကားအသွားအလာလည်း ပြတ်သွားသည်။ ညနေဘက် (၆)နာရီကျော်လျှင် ကားများကို ဖြတ်သန်းခွင့် မပြုတော့ပေ။

ဆရာကြီးကျော်ဟိုးသည် စပါးအရက်အရှိန်လေး ထွေထွေနှင့် လျှောက်လာရင်း ခံတွင်းချဉ်လာသဖြင့် အိတ်ထဲမှ ဆေးလိပ်တိုကို ထုတ်ကာ ခေတ္တရပ်၍ မီးညှိ ဖွာရှိုက်လိုက်သည်။ ဆေးလိပ်တိုမီးညှိပြီး ခြေလှမ်းဆယ်လှမ်းခန့် လှမ်းပြီးသောအခါ မိမိနောက်မှ လူတစ်ယောက် ပြေးလိုက်လာသော ခြေသံများကို ကြားလိုက်၍ လှည့်ကြည့်လိုက်သောအခါ...

**အရပ် တစ်ပေကျော်ကျော်ခန့်သာ ရှိပြီး ဆံပင်ဖုတ်သိုက်နှင့် လူပုလေး တစ်ယောက် သို့မဟုတ် ကလေးငယ် တစ်ယောက်သည် ဝက်ကလီစာအတွဲအား လှမ်းဆွဲ ဆွဲလိုက်သည်ကို မြင်လိုက်ရသည်။**

ဆရာကြီးကျော်ဟိုးမှာ ဆံပင်မွေးများထောင်ကာ ခေါင်းလည်း ကြီးသွား၏။ ရုတ်တရက် လန့်ဖျပ် အံ့သြသွားကာ ကလီစာတွဲအား အပေါ်သို့ မြှင့်တင်လိုက်သည်။ လူပုကလေးသည် ရှေ့မှ ကာဆီးကာဆီးလုပ်ကာ ကလီစာတွဲအား လှမ်းခုန် လုနေသည်။

'ဟကောင် ဟကောင်'

ပါးစပ်မှ ရေရွတ်ရင်း ဆေးလိပ်တိုပင် လွတ်ကျသွားသည်။ ကလီစာတွဲအား ဘယ်လက်· ပြောင်းကိုင်လိုက်၊ ညာလက် ပြောင်းကိုင်လိုက် လုပ်ရင်းနှင့်ပင် ဆရာကြီးကျော်ဟိုးနှင့် လူပုလေးတို့သည် ဝိုင်းကြီးပတ်ချာလည် ဖြစ်နေကြ၏။ ရှေ့ဆက်သွား၍လည်း မရပေ။

သွေးမနည်းသော ဆရာကြီးကျော်ဟိုးသည် အသားတွဲအား ဘယ်ညာ ပြောင်းကိုင်လိုက်၊ ညာခြေ,ဘယ်ခြေတို့ဖြင့် တစ်လှည့်စီ ကန်ထည့်လိုက်လုပ်နေရသည်။

ကန်လိုက်သောအခါ ခြေထောက်နှင့် လူပုလေးတို့ ထိတွေ့မှုမှာ လူတစ်ယောက်ကို ကန်ရသကဲ့သို့ မဟုတ်ဘဲ ဖွဲအိတ်တစ်လုံးအား ကန်ရသကဲ့သို့ ရှိနေသည်။ ကလီစာတွဲအား လု၍မရသောအခါ လူပုလေးသည် ကန်လိုက်သော ဆရာကြီးကျော်ဟိုး၏ ညာခြေထောက်အား ဖမ်းကိုက်လိုက်သည်။

'ဟော့ကောင် ဟော့ကောင်'

ဟု အသံထွက်ပြီး ခြေထောက်အား ပြန်ဆွဲယူကာ လွတ်နေသော လက်

www.burmeseclassic.com

တစ်ဖက်က လူပုလေး၏ ခေါင်းအား ရိုက်ထုတ်လိုက်သည်။

ခေါင်းမှဆံပင်များမှာလည်း ဆံပင်နှင့် မတူပေ။ အမွေးအမှင်များ ထိတွေ့မှုက ကြမ်းတမ်းလွန်းလှသည်။ ဆရာကြီးကျော်ဟိုးမှာ စိတ်လည်းတို၊ မောလည်းမော စိတ်မောလူမောနှင့် ချွေးစေးများပင် ထွက်လာသည်။

ထိုအခိုက်မှာပင်...

'ဆရာကြီး ဆရာကြီး၊ ဘာဖြစ်နေတာလဲ'

ဆိုကာ ဓာတ်မီးရောင် လင်းလာပြီး ရဲဘော်လေးနှစ်ယောက် အနားရောက်လာသည်။

'ဆရာကြီး ခြေမြှောက်လိုက်၊ လက်မြှောက်လိုက် ခြေကားရားလက်ကားရားနဲ့ ဘာဖြစ်နေတာလဲ'

ဟု ထပ်ဆင့် မေးလာပြန်သည်။ အနားတွင် လူပုလေး မရှိတော့ပေ။ ဘယ်ပျောက်သွားသည်မသိ။ ဆရာကြီးကျော်ဟိုး သဘောပေါက်သွားသည်။

'အေး အေး ဘာမှ ဟုတ်ပါဘူးကွာ။ လာ သွားကြမယ်'

ဟု ပြောပြီးနောက် ရဲဘော်လေးနှစ်ယောက်က ဘေးမှ၊ ဆရာကြီးကျော်ဟိုးက အလယ်မှ ကားလမ်းအတိုင်း ဆက်တက်လာကြသည်။

ဝါးနှစ်ရိုက်ခန့် သွားပြီးသောအခါ ဆရာကြီးကျော်ဟိုးသည် "ခဏနေဦးကွ"ဟု ဆိုကာ ရဲဘော်လေးတစ်ယောက်အား လက်နှိပ်မီး ထိုးခိုင်း၍ ဝက်ကလီစာအတွဲမှ အသားတုံးငယ်တစ်တုံးအား ဆွဲဖြုတ်ကာ နောက်ဘက်သို့ ပစ်ချထားခဲ့သည်။

ထို့နောက် ဆက်ထွက်လာကြရာ ပြေးလိုက်လာသော ခြေသံကြား၍ ရဲဘော်လေးက လက်နှိပ်မီးဖြင့် နောက်သို့ လှမ်းထိုးလိုက်သည်။ လူပုလေးသည် ပစ်ချခဲ့သော အသားတုံးအားကောက်၍ လမ်းဘေး ချုံပုတ်ထဲသို့ စွတ်ခနဲ ဝင်သွားသည်ကို သုံးယောက်သား လှမ်းမြင်လိုက်ရသည်။

'မှင်စာကောင် တော်တော် ဒုက္ခပေးတယ်'

ဆရာကြီးကျော်ဟိုးပါးစပ်မှ ရေရွတ်လိုက်သောအခါ ရဲဘော်လေးများသည် လန့်သွားပြီး ဆရာကြီးကျော်ဟိုး အနီးသို့ ပိုကပ်လာကြသည်။

* * *

စခန်းကုန်းပေါ်သို့ ရောက်သောအခါ ရဲဘော်ဘေးနှစ်ယောက်၏ ပြော... ဆိုမှုကြောင့် ကျန်ရဲဘော်များ ဆရာကြီး... ကျော်ဟိုးအနားသို့ ရောက်လာကြပြီး... ထင်ရာမြင်ရာ တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့သည်။

'ဆရာကြီးက တော်တော် သတ္တိ... ကောင်းတာပဲကွ'

ရဲဘော်လေးများက ဝိုင်းပြောကြ... သော်လည်း ဆရာကြီးကျော်ဟိုးမှာ... ချွေးစေးများပြန်လျက် ရင်တုန်ပန်း... အမောဖြေနေရင်းမှ...

'ဟေ့ဟေ့ လက်နှိပ်မီးရဲဘော် ... ဦး။ လက်နှိပ်မီး ခဏပေးစမ်း'

လက်နှိပ်မီး တောင်းယူကာ **မိမိ... ညာဘက်ခြေထောက်အား ကြည့်... လိုက်သောအခါ ဒူးဆစ်အောက်... ခြေသလုံးသားတွင် ကလေးငယ်... တစ်ယောက်က ကိုက်လိုက်သည်... နှင့် တူလှသည့် သွားကိုက်ရာ... အား တွေ့လိုက်ရတော့သည်။**

***သုခီ အတ္တာနံ ပရိဟန္တု***

**ကျော်လင်းထွန်း–ရွှေသင်း**

**စာမျက်နှာ (၂၉၀)မှ အဆက်**

သည်။ ထို့ကြောင့် အားလုံးက စားပွဲနတ်ကို ဝိုင်းလှောင်ကြသော်လည်း စားပွဲနတ်ကြီးမှာ စိတ်ဆိုးပုံ မရ။

ထို့ကြောင့် ဆက်ပြီး မေးကြပြန်လေရာ...

မောင်သောင်းမှာ ကလေး တစ်ယောက် ရှိကြောင်း၊ မိန်းမမှာမူ အညာသူဖြစ်ကြောင်း၊ မောင်သောင်းက လှေကြီးဟန်ဆောင်နေကြောင်း စသည်ဖြင့် သိရလေတော့၏။

ကြာတော့ မောင်သောင်းလည်း စိတ်တိုလာဟန်ရှိပြီး စားပွဲနတ်ကို သူ နေရာသို့ ပြန်ရန် ခွင့်ပန်ကာ ပြန်လွှတ်လိုက်လေတော့၏။

ဤတွင် စားပွဲနတ်ဆိုသည်မှာ သူ့ကိုပင့်သောသူ၏ အကြောင်းကို အများတွေချည်းသာ ဖြေသွားကြောင်း၊ သူ မလာချင်ဘဲ ခေါ်သည့်အတွက် စိတ်ဆိုးကာ ထိုသို့ အရှက်ခွဲဟန်တူကြောင်း ပြောဆိုနေကြပြီးနောက် အားလုံး အိပ်ရာဝင်ကြလေတော့၏။

နောက်ထပ် ရက်သတ္တတစ်ပတ်ခန့် ကြာလေသော် စားပွဲနတ်ကို မေ့မေ့ပျောက်ပျောက် ဖြစ်သွားကြလေပြီ။ မောင်သောင်းသည်ပင်လျှင် သူ့ဇာတိ မိတ္ထီလာသို့ ခေတ္တ ပြန်သွား၏။

မောင်သောင်း ပြန်သွားပြီး နောက် နေ့တွင်ပင်လျှင် ကလေးငယ် တစ်ယောက်ကို ချီလာသော အသားညိုညို လုံးကြီးပေါက်လှ အမျိုးသမီးတစ်ဦး ပေါက် ချလာပါသည်။

သူက မောင်သောင်းကို မေး၏။

ကျွန်တော်တို့က မောင်သောင်း ... ပြန်သွားကြောင်းနှင့် ကိစ္စရှိ... ကျွန်တော်တို့ကို မှာထားနိုင်ကြ... ပြောကြလေရာ ထိုအမျိုးသမီးက...

'ကျွန်မတော့ မောင်သောင်း ဇနီး... သူသွားလေ။ ရွာပြန်မလာတော့ အ... ကြာတာနဲ့ လိုက်လာတာပါရှင်။ ကျွန်မ... တောင်းရဲလားလို့ပါ။ ပြီးတော့ ငွေ... လေးလဲ လိုလို့။ ခုတော့ လွဲပြီပေါ့... နေပြီး စောင့်လို့ မရရင်တော့ အ... လမ်းစရိတ်ကလဲ မရှိတော့ဘူးလေ'

ဟု ပြောလေရာ စားပွဲနတ်... အားလုံး ပြုံးသတိရလိုက်ကြပြီး... ယောက်လျှင် ငွေတစ်ရာ... ပေါင်း လှူဒါန်းလိုက်ကြရ...

**ထီလာဦး**



www.burmeseclassic.com

www.burmeseclassic.com

မြန်မာအမျိုးသမီးများအတွက်

# မီးယပ်ဆေးကျော်



ယခု တင်ပြလိုသော ဆေးနည်းမှာ မြန်မာအမျိုးသမီးတို့တွင် အတော်များများ ဖြစ်လေ့ဖြစ်ထရှိသော ရောဂါပင်ဖြစ်၏။ **"ယောကျ်ားမှာ ဒူလာ၊ မိန်းမ မီးယပ်"** ဆိုတဲ့အတိုင်း မီးယပ်ရောဂါ ဝေဒနာရှင်များအတွက် ဖော်စပ် သုံးစွဲနိုင်ရန်အတွက် မီးယပ်ဆေးကျော် ဆေးနည်းကို တင်ပြခြင်း ဖြစ်ပါတယ်။

သင့်မိသားစုကျန်းမာရေး၊ သင့်ကျန်းမာရေးအတွက် ရောဂါပျောက်ကင်းစေရန် ယုံကြည်စိတ်ချစွာ သုံးစွဲရန်အတွက် ဖြစ်ပါတယ်။

## မီးယပ်ဆေးနည်း ဖော်စပ်သုံးစွဲပုံ

**ဆေးအမျိုးအမည်များ**

| | |
|---|---|
| ၁။ ရှားစောင်းလက်ပပ်အနှစ် | (၅၀)ကျပ်သား |
| ၂။ မန်းကျည်းမှည့် | (၁၀)ကျပ်သား |
| ၃။ ထန်းလျက် | (၂၅)ကျပ်သား |
| ၄။ ပျားရည် | (၅၀)ကျပ်သား |
| ၅။ အိမ်သုံးဆားလှော် | (၁၅)ကျပ်သား |
| ၆။ စမုန်နံ့ပွင့်ပေါင်း | (၈)ပဲခ်ိ |
| ၇။ ကြိုကဈုက်သုံးပေါင်း | (၈)ပဲခ်ိ |
| ၈။ အလိုကျူ | (၁)ကျပ်သား |
| ၉။ ကြွေပုပ် | (၁)ကျပ်သား |
| ၁၀။ နှမ်းဆီ | (၁၅)ကျပ်သား |

အထက်ဖော်ပြပါ ဆေးပစ္စည်းတို့ကို **မြေအိုး (သို့မဟုတ်) ခန်အိုး**ထဲတွင် အလေးချိန်အတိုင်း ထည့်၍ မတူးမချစ်ရအောင် မီးမျှဉ်းမျှဉ်းနှင့် ချက်ရပါမည်။

ဆေးများမှာ ယိုကဲ့သို့ ပျစ်ခဲလာပါက ဆေးအိုးကို အောက်သို့ချပြီး အအေးခံရပါမည်။ ဆေးများ အေးခဲပါက ဖန်ဘူးနှင့် ထည့်၍ လေလုံစွာထားရပါမည်။

အမျိုးသမီးများ မီးယပ်နှင့် ပတ်သက်၍ မီးယပ် မမှန်ခြင်း၊ နည်းခြင်း၊ များခြင်း၊ ထိန်ခြင်း၊ ငုပ်ခြင်း၊ လွန်ခြင်း၊ မီးယပ်ပိန်၊ မီးယပ်ခြောက်၊ စားမဝင်၊ အိပ်မပျော်၊ စိတ်ကစဉ့်ကလျားဖြစ်ခြင်း၊ ကာမဂုဏ်စိတ်ကင်းမဲ့ခြင်း၊ ဆီး,ဝမ်း, မဖြောင့်ခြင်း၊ မမှန်ခြင်း၊ မီးယပ်နှင့် ပတ်သက်၍ ပွ,ချမ်း,တုန်ယင်ဖျားနာခြင်းတို့အတွက်...

ညအိပ်ရာဝင်ချိန်၌ဖြစ်စေ၊ နံနက် အိပ်ရာထ၌ဖြစ်စေ ဟင်းခပ်ဇွန်းဖြင့် တစ်ဇွန်း အချိန်မှန် ရေအေးဖြင့် သောက်ရမည်။

မီးယပ်ဝေဒနာ ရှိသူများအတွက် စားလျှင် နံနက်,ည တစ်နေ့နှစ်ကြိမ် စားရမည်။

မိမိတို့၏ ကျန်းမာရေးအတွက် ရောဂါမဖြစ်စေရန် ကြိုတင် ကာကွယ်မှု အခြေဖြင့် ဖော်စပ်သုံးစွဲကြည့်ပါက တစ်နေ့ တစ်ကြိမ်သာ သုံးစွဲ၍ အချိန်မှန်မှန် သောက်ရပါမည်။

**ရောမြေ ထွန်းထွန်း**

www.burmeseclassic.com



# သံနှင့်ဆေးဒန်း

## တွဲ၍ စီရင်နည်း

အဂ္ဂိရတ်ပညာရပ်သည် တိမ်မယောင်နှင့်နက်ပြီး လွယ်မယောင်နှင့်ခက်သောပညာရပ် ဖြစ်ပါသည်။

ထို့ကြောင့် အဂ္ဂိရတ်ကို ပြုလုပ်စီရင်မည့်သူသည် သီလ၊ သမာဓိ၊ ပညာ အထူးလိုအပ်ပါသည်။ သီလဆိုသည်မှာ ကိုယ်ကျင့်တရားကို ဆိုလိုပါသည်။ ကိုယ်ကျင့်တရားလည်း ကောင်းမွန်ရပါမည်။

သမာဓိဆိုသည်မှာ မိမိပြုလုပ်စီရင်မည့်ပညာရပ်တွင် စူးစူးစိုက်စိုက်နှင့် စိတ်ကို တည်ငြိမ်စွာထားရမည်ကို ဆိုလိုပါသည်။ ပညာဆိုသည်မှာ အဂ္ဂိရတ်ပညာရပ်ဖြစ်သော ဓာတ်တို့၏ သဘောသဘာဝ၊ မီးပေး၊ မီးယူ၊ မီးသွင်း စသော မီးအတတ်ပညာရပ်ကို ဆိုလိုပါသည်။

ထိုကဲ့သို့ ပြီးပြည့်စုံသော အဂ္ဂိရတ်ဆရာတစ်ယောက်အဖို့မှာ ရာနှုန်းပြည့် အောင်မြင်သည်ဟု မဆိုနိုင်သော်လည်း ရာနှုန်းရှစ်ဆယ်တော့ အောင်မြင်နိုင်ပါသည်။ ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် အားထုတ်ပြုလုပ်ပါက ရာနှုန်းပြည့်လည်း အောင်မြင်နိုင်ပါသည်။

ယခု စာရေးသူ ဖော်ပြမည့် **သံနှင့်ဆေးဒန်းတွဲ၍ စီရင်နည်းမှာ** ပြင်ဦးလွင်(မေမြို့) ဆင်ဖြူကံကျောင်း ဆရာတော် ဦးတေဇောဘာသ(ဓမ္မာစရိယ) ၏နည်းကို ဆရာတော်ကို မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

သံနု(၃)ကျပ်သား၊ ဆေးဒန်း(၃)ကျပ်သား၊ နာ(၃)ကျပ်သား ယင်းသုံးပါးကို (၃)လက်မလုံနှင့် သံကို အောက်ကထည့်၊ ဆေးဒန်းကို အလယ်ကထည့်၊ နာကို အပေါ်ကထည့်၊ လုံကို ဖော်မံ၍ မီးလျှံထိုး မီးသွေးနှစ်ပြည်ကုန်စေ။

ကုန်လျှင် နှပ်၍ထား။ အလိုအေးစေ၊ ခွဲ၍ယူ၊ သံ(၃)ကျပ်သားရမည်။ ဆေးဒန်းသတ္တု ယူ၍ထား။ ယင်းနည်း (၃)ကြိမ်ထိုးလေ၊ ဆေးဒန်း(၉)ကျပ်သား၊ နာ(၉)ကျပ်သား ကုန်၏။ သံပန်းငြိမ်း၏။

ယင်းသံသေကို ယူ၍ နွားချေးပြာ၊ ကောက်ရိုးပြာ၊ ကျွဲချေးပြာ၊ အလိုကျူပြာ၊ ညောင်ရွက်ပြာ၊ ငှက်ပျောသူငယ်စာပြာ ဆားချက်၍ ယင်းဆားနှင့် သံလုံးကို ပိတ်၍ထိုး၊ (၃)လုံထိုး သံနီ၍ပြင်း၏။ (၁၂)လုံထိုး ကြိုးပေါ်၏။

သံလုံးနီလာမှ လက်ချားချော်နှင့် လုံ(၅၀)ထိုးလေ။ လုံ(၅၀)ပြည့်က ရွှေ(၄)ပဲသားသတ်၍ ကျွေး၊ လုံခြောက်(၃၀)ထိုး။ ထို့နောက် ရွှေ(၄)ပဲသား ကျွေး၊ လုံခြောက်ထိုး ရွှေပြာကျ ရွှေပြာကို ညာဏ်ရှိသလို သုံးလေ။

***ဆင်းရဲကင်းပျောက် ချမ်းသာရေး ကြပါစေ။***

**ဝိဇ္ဇာမဟာဒွိ ဆရာဦးသ မြင့်**
***(တိုင်းရင်းဆေး)***



www.burmeseclassic.com

www.burmeseclassic.com



စောမိုးသွင် (ရန်ကုန်)

# အဖြူမီးလုံးများ

## နှင့် တွေ့ဆုံခဲ့ရသည့် ဖြစ်ရပ်ဆန်း

စာရေးသူ နေပြည်တော် ပျဉ်းမနား နှင့် မိုင်(၂၀)ကျော်ဝေးသည့် မြို့ငယ်လေးတစ်မြို့တွင် နေစဉ်က ဖြစ်ပါသည်။ ခြံဝန်းက ကျယ်၍ ခြံထဲတွင် ချဉ်ပေါင်၊ ဖရုံပင်၊ ရုံးပတီသီးပင်မှအစ စိုက်ထားခဲ့သည်။ မိမိရောက်မှ စိုက်ထားရ၍ အပင်ကြီးများ ခြံထဲတွင် မရှိပါ။

လသာသော ညဘက်များတွင် လရောင်ဖွေးဖွေးအောက် လမ်းထွက်လျှောက်သည့်အခါ အိမ်ဘေးမှကြည့်လျှင် လယ်ကွင်းကျယ်ကြီးများ ခြားနေသော ရွာမကို လှမ်းမြင်နေရသည်။ ရွာမရွာထဲတွင်တော့ ကြီးမားသော အပင်ကြီးများ ရှိသည်။

ထိုလယ်ကွင်းထဲတွင်ပင် တန်ဆောင်မုန်းလပွဲတော်ရက်တို့၊ သီတင်းကျွတ်လပွဲတော်ရက်တို့ဆိုလျှင် ပိတ်ကားထောင် ရုပ်ရှင်ကားများ ပြသသည်။ တစ်ခါတစ်ရံမှသာ ပြသ၍ လူတွေက ကြိတ်ကြိတ်တိုး လာကြည့်ကြသည်။ ကြောင်ရေရွာ၊ ရန်ကင်းရွာ၊ နောင်ဘိုရွာ စသည်ဖြင့် ပတ်ဝန်းကျင်ရွာမှ လူများက နွားလှည်းတို့ စက်ဘီးတို့ဖြင့် လာကြည့်ကြသည်။

ရုပ်ရှင်ကားလည်း နှစ်ကား၊ သုံးကား

www.burmeseclassic.com

ဆက်တိုက်ပြသည်ကိုး။ လွန်ခဲ့သော နှစ်ပေါင်း သုံးဆယ်ခန့်ကဖြစ်၍ ဆိုင်ကယ်တို့၊ တီဗွီတို့ သိပ်မရှိသေးသောကာလမို့ စက်ဘီး၊ နွားလှည်း၊ မြင်းလှည်းတို့ကိုသာ အားထားစီးကြရသည်။

လမိုက်ရက်ဖြစ်၍ ကြယ်ရောင်သာရှိသည်။ လရောင်ကမရှိ။ လယ်ကန်သင်းရိုးမှနေ၍ လယ်ကွက်များကို ကျော်ဖြတ်သွားလျှင် ကားလမ်းမကို ရောက်သည်။ ပျင်းပျင်းရှိသည်နှင့် ကားလမ်းမဘက်သို့ ကြည့်နေမိသည်။

မီးလုံးတစ်လုံးက အဖြူရောင်၊ အရွယ်အစားက ရှစ်ဆယ်အား မီးသီးလုံးလောက်သာ ကြီးသည်။ ထန်းပင်ဖျားလောက် မြင့်တက်လိုက်၊ ပြန်နိမ့်ဆင်းလိုက် ဖြစ်နေသည်ကို မြင်လိုက်ရ၍ တခြားလူတွေကို ခေါ်ပြမိသည်။

'စက်ဘီးက မီးရောင်နေမှာပေါ့။ ကားမီးဆို နှစ်လုံးမြင်ရမှာ။ စက်ဘီးက ကုန်းတက်ကုန်းဆင်းမို့ မြင့်လိုက်နိမ့်လိုက် ဖြစ်မှာပေါ့'

'မဖြစ်နိုင်ဘူး စက်ဘီးရဲ့ မီးရောင်က ထန်းပင်ဖျားအထိ တက်မလား၊ မြေက မြေပြန့်လေ။ တောင်ကုန်းဆိုရင်တော့ အနိမ့်အမြင့်မို့ နိမ့်လိုက်မြင့်လိုက် ဖြစ်နေတာလို့ ပြောလို့ရသေးတယ်။ ဒီလမ်းမကနေ သွားနေကျပဲဟာ ကုန်းဆင်းကုန်းတက်မှ မရှိတာ။ ဒါဆို ဘာမီးများ ဖြစ်မလဲ၊ စုန်းမီးလား'

'ညဘက်ကြီး ဘာတွေ ပြောနေကြတာလဲ၊ မိုးချုပ်နေပြီ မဟုတ်တာ မပြောနဲ့။ မနက်ဖြန် ရုံးတက်ကြရဦးမှာ အိမ်ထဲပြန်ဝင်ကြရအောင်'

ဒါတောင် တစ်ယောက်က ပြောဖြစ်အောင် ပြောလိုက်သေးသည်။

'ရွာတစ်ရွာမှာ အိမ်ခုနစ်အိမ်ရှိရင် စုန်းရှိတာပဲ'



တဲ့။

### ဒုတိယနှင့် တတိယအကြိမ် တွေ့ရှိခြင်း

မုံရွာနောက်ဘက်ကမ်းနှင့် ခုနစ်မိုင်ဝေးသည့် မြို့လေးသို့ အိမ်ပြောင်းလာရသည့်အခါ ညဘက် လမ်းထွက်လျှောက်တတ်သည့် စာရေးသူသည် အမှတ်မထင် အဝေးသို့ လှမ်းကြည့်မိရာ ခြံတစ်ခြံ၏ အိမ်ခေါင်မိုးပေါ်မှနေ၍ လမ်းကျယ်တစ်ဖက်ရှိ သစ်ပင်ပေါ်သို့ အဖြူလုံးကြီးတစ်လုံး ဖြတ်သွားပြီး တစ်ဖန် ထိုအိမ်ခေါင်မိုးဘက်သို့ ပြန်ကူးလာလိုက်၊ သစ်ပင်ဘက်သို့ ပြန်ကူးသွားလိုက် ဖြစ်နေသည်ကို မြင်လိုက်ရသည်။

ခြံဝင်းကျယ် တစ်ဝင်းစာ အကွာအဝေးဖြစ်၍ ကောင်းစွာ မြင်လိုက်ရသည်။ ရှေ့သို့တိုးကြည့်မိတော့ သစ်ပင်ထိပ်ဖျားနားမှာပင် ပျောက်ကွယ်သွားတော့သည်။

''ဘာလဲ''ဟု တွေးကြည့် မေးကြည့်တော့ ထုံးစံအတိုင်း စုန်းမီးဟု ပြောကြသည်။

'ညဘက် အပြင်သိပ်မထွက်နဲ့။ ဒီနေရာက အစက တောကြီး၊ ၁၉၇၈ ခုနှစ်လောက်ကမှ အိမ်တွေဆောက်ပြီး ဝန်ထမ်းအိမ်ရာတွေ ဖြစ်လာတာ'

သူတို့ ပြောသည်မှာလည်း ဟုတ်ပါသည်။ ၁၉၇၅ ခုနှစ်က ဘုရားဖူးရန် အလည်လိုက်လာတော့ စပယ်တောင်ကြီးပင် ရှိသေးသည်။ ထိုနေရာတွင် အိမ်တစ်လုံးမှ မဆောက်ရသေး။ ကားကို တောလမ်းမှ ဖြတ်မောင်းခဲ့ရသည်။

ညဘက် မထွက်နှင့် ဆိုသော်လည်း သားငယ်၏ ဆရာမတစ်ယောက် အိမ်လာလည်၍ စကားကောင်းနေသဖြင့် ည(၈)နာရီခန့်လောက်မှ သူက ပြန်ရာ တစ်ယောက်တည်း ပြန်ရမည်ဖြစ်၍ သူ့အိမ်နားအထိ လိုက်ပို့ခဲ့သည်။ ရန်ကုန်မှာဆိုလျှင်တော့ ဘတ်(စ်)ကား တစ်မှတ်တိုင်ခန့် ဝေးသည်။

အပြန်တွင် သားငယ်လေး အဖော်ပါ၍ ညဘက်ဆိုသော်လည်း ကြောက်စရာမလိုပါ။ သားကို လက်ဆွဲပြီး အတူပြန်လာကြရာ ဥသျှစ်သီးခန့် မီးလုံးကဲ့သို့ လင်းထိန်နေသည့် အဖြူလုံးကြီးတစ်လုံးက ခြံဝင်းထဲမှ ထွက်လာကာ အိမ်မရှိသည့် ကွင်းပြင်ထဲသို့ တစ်လိမ့်ချင်း လိမ့်သွားသည်ကို မြင်လိုက်ရ၍ ရပ်ကြည့်နေမိသည်။

မီးလုံးကြီးက ခပ်ဖြည်းဖြည်းသာ လမ်းမကို ဖြတ်ကူးပြီး လိမ့်သွားကာ ချုံပုတ်များ၊ သစ်ပင်များ ထူထပ်နေသော ချုံများကို တိုးကာ ပျောက်ကွယ်သွားပါသည်။ ထိုနေရာတွင် မျက်[illegible] ချင်းဆိုင်အိမ်များ မရှိ၍ [illegible]များ ထူထပ်စွာ ပေါက်နေပါသည်။

မကြောက်သော်[illegible]ည်း ထူးဆန်[illegible]

www.burmeseclassic.com

သည့်ထင်၍ အိမ်ရောက်ရောက်ချင်း ပြောပြမိသည်။

'ညဘက် အပြင်မထွက်ပါနဲ့ဆို ပြောမရဘူး။ ဆရာမကို လိုက်ပို့ချင်ရင် ကိုယ်လိုက်ပို့မှာပေါ့။ တော်တော် အတင့်ရဲ'

'အစောကြီး ရှိသေးတာပဲ'

'ဘာပဲဖြစ်ဖြစ် မှောင်ရင် အပြင်မထွက်နဲ့။ လမ်းလျှောက်ချင်ရင် ခြံဝင်းအကျယ်ကြီး ကိုယ့်ခြံထဲကိုယ် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်စမ်းပါ'

''ခြံထဲလျှောက်ရတာနဲ့ ခြံပြင်လျှောက်ရတာ ဘယ်တူပါ့မလဲ။ ခြံပြင်လမ်းလျှောက်တော့ ပတ်ဝန်းကျင်တို့၊ ကောင်းကင်တို့ မော့ကြည့်လိုက်ရင် စိတ်ထဲ လန်းဆန်းသွားတာကိုလို့'' စိတ်ထဲကနေ ပြောမိသည်။

ထိုအကြောင်း ရုံးရောက်တော့ ရုံးက အစ်မကြီးတို့ကို ပြောပြမိလိုက်တော့...

'ညီမလေး နင်မကြားဖူးဘူးလား၊ ဒလိမ့်စုန်းဆိုတာလေ၊ မြေမှာလိမ့်ပြီး သွားတာ။ ချီးစားစုန်းလို့လဲခေါ်တယ်။ သူများအိမ်သာတွေထဲ ဝင်စားတတ်တယ်လို့ ကြားဖူးတယ်။ မီးလုံးကြီးက မြေမှာ လိမ့်သွားရင် ဒလိမ့်စုန်းပဲ။ ဆူးခက်နဲ့ အုပ်ဖမ်းရင် အဲဒီစုန်းကို မိတယ်တဲ့'

'ဆူးခက်နဲ့ဖမ်းဖို့ နေနေသာသာ ထူးဆန်းပါတယ်လို့ ရပ်ကြည့်နေမိတာ။ ဖမ်းမိတော့လဲ ဘာလုပ်ရမှာလဲ ကိုယ်မှ မကိုင်ရဲတာပဲ'

'ညဘက် လမ်းတော့ ထွက်လျှောက်ရဲတယ်ပေါ့လေ'

အစ်မတို့ စ,တော့လည်း ဘာမှ ပြန်မပြောသာပါပေ။ လူတွေ သိပ်မမြင်ဘူးသော မီးလုံးအဖြူကြီးတွေကို ကိုယ်ကပဲ မြင်ဖူးတာ သုံးခါရှိပြီ ဖြစ်ပါသည်။



* * *

၁၉၈၈ အရေးအခင်း မဖြစ်မီ (၈)လပိုင်း မတိုင်မီက ဖြစ်ပါသည်။ ညနေဆိုမိသားစုအားလုံး ဆရာ့အိမ်သို့ မကြာခဏ သွားလည်ခဲ့ကြသည်။ ညဘက်တီဗွီကြည့်ပြီးမှ ပြန်ကြရာ၊ အိမ်နားရောက်တော့ ည(၁၀)နာရီခန့် ရှိပြီဖြစ်ပါသည်။

ခြံထဲသို့ ခြံတံခါးဖွင့် ဝင်မည် လုပ်နေစဉ် ကိုယ့်ရှေ့မှနေ၍ မီးလုံးကဲ့သို့ အဖြူကြီးနောက်မှ အလင်းတန်းကြီး တစ်တန်း အမြီးတန်းအရှည်ကြီးဖြင့် လူနှင့် နီးကပ်စွာ ဖြတ်ပြေးသွားရာ နေ့အလင်းရောင်ကဲ့သို့ လင်းထိန်သွားပါသည်။

ည(၁၀)နာရီခန့် ဆိုသော်လည်း မအိပ်ကြသေးဘဲ ဗီဒီယိုရုံမှ ပြန်လာကြသူများ၊ ခန်းမမှ တီဗွီကြည့် ပြန်လာသော လမ်းသွားလမ်းလာများလည်း ရှိနေကြ၍ သူတို့လည်း ထိုအလင်းတန်းကြီးကို တော်တော်များများ မြင်လိုက်ကြရသည်။

'ဥက္ကာပျံတာဟော့ မြင်ရခဲ့တယ်။ လင်းထိန်နေတာပဲ'

တချို့လူများက ဥက္ကာပျံသည် ပြောကြ၍ ဒါ ဥက္ကာပျံတာလားဟုပဲ မှတ်ထားလိုက်မိသည်။ တစ်ခါမှ မမြင်ဘူးတာကို။ ဥက္ကာပျံသည် ပြောကြ၍ ဒေါ်ကြီး ပြောပြဖူးသည့် ဥက္ကာပျံသည်နှင့် ပတ်သက်သော အကြောင်းအရာကိုလည်း သတိရမိသည်။

အမေ့အစ်မ ဒေါ်ကြီးက စကားပြောကောင်းသည်။ စာရေးသူကို ပြောပြဖူးသည့် စကားကို အမှတ်ရမိသည်။

'ဒေါ်ကြီးတို့ အမျိုးတွေ မန္တလေးမှာ အများကြီးရှိတယ်။ တို့များ ဘွားလေးတော်မလားဘဲ။ နာမည်က ဒေါ်ကြွင်းတဲ့။ မင်းတုန်းမင်းလက်ထက်က အပျိုတော်ကြီးပေါ့။ မင်းတုန်းမင်းကြီး နတ်ရွာစံခါနီးမှာ ဥက္ကာတွေလဲ ပျံတယ်တဲ့။

ဘုရင်က နာမကျန်း ဖြစ်နေတယ်ဆိုတော့ တိုင်းသူပြည်သားတွေ လန့်ပြီး တိုင်းပြည် မငြိမ်မသက် ဖြစ်မှာစိုးလို့ ဘဝရှင်မင်းတရားကြီး ထမင်းသုံးဆုပ် ဝင်ပါသေးတယ်လို့ တိုင်းပြည်ထဲမှာ မောင်းကြေးနင်း လိုက်ခတ်တယ်တဲ့။

မင်းတုန်းမင်းကြီး နတ်ရွာစံပြီး သီပေါမင်း နန်းတက်တဲ့အထိလဲ အပျိုတော်ကြီး လုပ်နေခဲ့တာ။ နန်းတော်ကို အင်္ဂလိပ်တပ်တွေ သိမ်းတော့ သီပေါမင်း ပါတော်မမူခင်မှာ နန်းတော်က ခေါ်မသွားခင် အပျိုတော်တွေကို ကိုယ်လိုချင်တဲ့ ပစ္စည်းယူပြီး နန်းတော်ထဲက ထွက်ခိုင်းတာ။ အနောက်တံခါးကနေ ထွက်ကြရတယ်တဲ့ တူမရဲ့။ တိုင်းပြည် မငြိမ်မသက်ဖြစ်မယ်၊ ထူးခြားမှုရှိမယ်တို့ဆိုရင် ဥက္ကာပျံတတ်တယ်'

ဒေါ်ကြီး ပြောပြစဉ်က အိမ်တွင် ချိတ်ထားသော ဓာတ်ပုံထဲမှာ



www.burmeseclassic.com

www.burmeseclassic.com

ထိုင်မသိမ်းလုံချည်၊ ခါးတောင်အင်္ကျီ ဝတ်ပြီး ဆံထုံးကြီးကြီး ထုံးထားသော ထိုင်လျက် ဓာတ်ပုံရိုက်ထားသည့် အပျိုတော်ကြီးဆိုသည့် ဒေါ်ကြွင်း၏ ဓာတ်ပုံကို ကြည့်ကာ ထိုစဉ်က တော်တော် ဒုက္ခရောက်ကြမှာပဲဟု တွေးမိသည်။ အခုတော့ ဉက္ကာပျံသည်ကို လည်း မြင်ဖူးခဲ့ရသည်။

## မီးသွားကြည့်ကြခြင်း

အမေရေယာဉ် ပွဲတော်သည် တပေါင်းလထဲတွင် ကျင်းပသည်။ သုံး့လေးရက်နေ့များတွင် အတွင်းနန်း (မောင်းတုံ)တွင် ပွဲတော်ကျင်းပပြီး ငါးရက်နေ့တွင် ချီးတော်ရေသုံးရန် အပူဇော်ခံနန်း (ဇီးတော)သို့ ထွက်သည်။

BURMESE CLASSIC

ရေစင်သောက်ထားသူများ တစ်နှစ်တစ်ခါ ဘယ်နေရာရောက်ရောက် အမေကြီးပွဲတော်သို့ လာကြရသည်ဟု ကြားဖူးပါသည်။ စာရေးသူတို့ကတော့ ရောက်ဖူးအောင် သွားကြခြင်းဖြစ်၍ ဘယ်ရေစင်မှ မသောက်ပါ။

နေ့ဘက်လည်းရောက်ဖူး၊ ညဘက်လည်း ရောက်ဖူးခဲ့ပါသည်။ အမေကြီး အတွင်းနန်းမှ အပြင်နန်းသို့ ထွက်သောနေ့သည် အစည်ကားဆုံးဟု ပြောကြသည်။

အမေကြီးပွဲတော်တွင် ကြက်တူရွေးများကို လှောင်အိမ်လေးများနှင့် ရောင်းသည်ကို တွေ့ရသလို ကြက်သွန်ဖြူ၊ မန်ကျည်းသီးမှည့်များ၊ မျှစ်ချဉ်၊ ဝါးနှင့်ရက်သောချိန်ခွင်၊ သင်ဖြူးဖျာ၊ ဖျာကြမ်းတို့ကိုလည်း ဝယ်နိုင်သည်။

နွားလှည်းများ၊ ကားများ၊ ဆိုင်ကယ်များနှင့် အမေကြီးပွဲ လာကြသည်ကို တွေ့ရသည်မှာ ပျော်စရာကောင်းလှသည်။ ဈေးသည်တို့ကလည်း ကြက်သွန်ဖြူတို့၊ မန်ကျည်းမှည့်တို့ ဝယ်လျှင် ဖောက်ထိုးကြီး ချိန်ပေးလိုက်ကြသည်။ ကိုယ့်အိမ်ရောက်၍ ပြန်ချိန်ကြည့်လျှင် သုံးဆယ်သားလောက် လျော့နေတတ်သည်။

'အမေက ရောင်းသူလဲပျော်၊ ဝယ်သူလဲ ပျော်ရအောင် လုပ်ပေးတာ။ အလေးပြည့်ချင်ရင် ကိုယ့်အလေးနဲ့ ကိုယ်လာဝယ်။ ဈေးကတော့ တစ်မျိုးပေးရမယ်။ ဒီဈေးနဲ့ မရဘူး'

ဟု ဆိုကြသည်။ တချို့ဈေးသည်များကတော့ အလေးပြည့်ပါသည်။ ကြိုက်ဈေးပြော ပြည့်အောင်ချိန်ပေးပါဟု ပြောရသည်။

တချို့ အမေကြီးပွဲကို ညဘက်မှ သွားကြသည်။ ညဉ့်နက်လာလျှင် အမေကြီးနန်းကို လာရောက်ဦးတိုက်သော မီးလုံးကြီးများကို ကြည့်ရှုကြရန် ညဘက်မှ သွားကြခြင်းဖြစ်သည်။ စာရေးသူတို့အဖွဲ့လည်း ညဘက်တစ်ခါသွားဖူးရာ **မီးလုံးအဖြူကြီးများ ကောင်းကင်အမြင့်တွင် တက်လိုက်ဆင်းလိုက်** ဖြစ်နေသည်ကို မြင်တွေ့ဖူးခဲ့သည်။

မီးလုံးကဲ့သို့ အဖြူလုံးကြီးများကို ထိုသို့ တွေ့ဖူးသော်လည်း သူများအပြောအဖြစ်သာ သိရသည်။ တကယ်တော့ ဘာဆိုသည်ကို တိကျစွာမသိပါ။ ထိုသို့ ကြုံခဲ့ဖူးသော်လည်း မကြောက်ခဲ့ဘူးပါ။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတွင် မီးလုံးအနီရောင် မြင်ဖူးသည့်အကြောင်း ရေထားသည်ကို ဖတ်ရ၍ စိတ်ဝင်စားပါသည်။ စာရေးသူကတော့ **မီးလုံးသဏ္ဌာန် အဖြူလုံးတွေကိုပဲ** မြင်ဖူးခဲ့ပါကြောင်း ရေးသားလိုက်ရပါသည်။

**စောမိသွင် (ရန်ကုန်)**



၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ



### အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအားအောက်ပါအတိုင်း တွက်ချက် ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၃၁၁ |
| **ဒီဇင်ဘာလ** | ၁၂ |
| **ခုနှစ်** | ၂၀၁၄ |
| | ၂၃၃၇ = ၁၅ = ၆ |

**အကြိမ်၊ လ၊ ခုနှစ်** များအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၆) ဂဏန်းရသည်။ သို့ဖြစ်၍ ၁၊ ၂၊ ၄၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။ ၁၊ ၂၊ ၆ ဂဏန်းများကို အထူး ရွေးချယ်ပါ။

ဥပမာ

| စ…ဆုံး | စ…ဆုံး | စ…ဆုံး | စ…ဆုံး |
|---|---|---|---|
| ၁…၁ | ၂…၁ | ၄…၁ | ၆…၁ |
| ၁…၂ | ၂…၂ | ၄…၂ | ၆…၂ |
| ၁…၄ | ၂…၄ | ၄…၄ | ၆…၄ |
| ၁…၆ | ၂…၆ | ၄…၆ | ၆…၆ |
| ၁…၈ | ၂…၈ | ၄…၈ | ၆…၈ |

မှတ်ချက် ။ ။ (…)ကွင်းအတွင်းတွင် ၁… ၄၊ ၆ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**"အကြိမ်"**ဂဏန်းမပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၁+ ၂+ ၂+ ၀+ ၁ +၄) = ၁၀=၁ ရသည်။ သို့ဖြစ်၍ **"၁"** ဂဏန်းမှာ ပိုအားကောင်းပါသည်။

စ… ဆုံး

| | | | | | |
|---|---|---|---|---|---|
| ၁… | ၁၊ | ၂၊ | ၄၊ | ၆၊ | ၈ |
| ၂… | ၂၊ | ၄၊ | ၆၊ | ၈၊ | ၁ |
| ၄… | ၄၊ | ၆၊ | ၈၊ | ၁၊ | ၂ |
| ၆… | ၆၊ | ၈၊ | ၁၊ | ၂၊ | ၄ |

ဤလတွင် **တနင်္ဂနွေနှင့် သောကြာသား သမီး**များ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ မိမိအိမ်ရှိဘုရားတွင် သစ်သီးတစ်မျိုးမျိုးဖြင့် ဆွမ်း(၆)ရက်ကပ်လှူပြီး သမ္ဗုဒ္ဓေ ဂါထာတော်ကို သက်စေ့ရွတ်ပွား ပူဇော်ပေး…

အထက်ပါအဓိဋ္ဌာန်ပြီးမှ ထီကံစမ်းရန်… ပါသည်။

အထူးဂဏန်း

✦ ၁၂၂၈၆၆ ✦ ၁၁၈၆၈၂ ✦ ၁၁၆…

***ထီကံ ပွင့်ပါစေ။***

**ဆရာရဲထက် (…တသီ)**

www.burmeseclassic.com



## ဒန့်သလွန်ပင်နှင့် သွေးတိုး

‘ဒန့်သလွန်ရွက်ဟင်းချိုချက်သောက်တာနဲ့ ကျွန်တော့် သွေးတိုးဲရောဂါအတော့်ကို သက်သာတယ်ဗျ။ ဒါကြောင့် ဒန့်သလွန်ရွက်ဟင်းချိုကို ထမင်းစားတိုင်း အိမ်မှာ ကျွန်တော်ကတော့ အမြဲစားလေ့ရှိတယ်ဗျ’

‘ကျွန်တော်လဲ အစားအသောက်မှားလို့ သွေးသိပ်တိုးနေပြီဆိုရင် ဒန့်သလွန်ခေါက်ကို သုံးခွက်တစ်ခွက်ကျိုသောက်တာနဲ့ တက်နေတဲ့ သွေးတိုး ချက်ချင်းကျသွားပြီး နေသာထိုင်သာ ဖြစ်သွားတယ်’

BURMESE CLASSIC

လက်ဖက်ရည်သောက်ရင်း တွေ့ရာလေးပါး ပြောဆိုနေကြရာမှ သူတို့မှ ဖြစ်နေကြသည့် ရောဂါတွေဘက် စကားရောက်သွားကြသည်။

ရောဂါနှင့်ပတ်သက်သော သူတို့ သုံးကြသည့် ဆေးနည်းတွေကို ပြောပြနေသာ ကိုထွေးမောင်နှင့် ကိုထွန်းကျော်တို့နှစ်ဦးကို တစ်ဖက်တွင် ထိုင်နေသည့် ကိုမြင့်ကျော်က ခေါင်းတညိတ်ညိတ်နှင့် နားထောင်နေရင်းက...

‘အသက် (၄၀)ကျော်လာပြီဆိုရင် ရောဂါဝေဒနာတွေက တစ်ခုမဟုတ်တစ်ခု ဖြစ်လာတတ်တာပဲလေ။ ခင်ဗျားတို့က ကျန်းမာရေး မလိုက်စားကြတော့ ခင်ဗျားတို့နှစ်ယောက်စလုံး ဝဖီးနေကြတာ။ စည်ကြီးတွေကို အဝတ်ပတ်ထားသလား အောက်မေ့ရတယ်။

သိပ်ဝလွန်းတဲ့သူဟာ ရောဂါတွေကို ဖိတ်ခေါ်နေတယ်လို့ပြောရင် အပြစ်တင်တယ်လို့ ထင်နိုင်တယ်ဗျ။ သွေးသားကြောင့် ဝ,တာမှန်ပေမယ့် အရွယ်လေး ရလာရင် မကောင်းဘူးဗျ။ ကိုယ့်ကျန်းမာရေးကို ကြိုတင်ကာကွယ်ဖို့ (၄၀)မကျော်ခင် ပြင်ဆင်ထားရမယ်လေဗျာ’

‘ပြောရင်လဲ ခံရမှာပါပဲဗျာ။ သွေးတိုးတဲ့၊ မတည့်တဲ့ အစားအစာကိုမှ ပါးစပ်က တောင့်တနေတာကို ခက်တယ်’

‘ကိုထွေးမောင်... အဲဒါကြောင့် ခက်တာပေါ့ဗျ။ လူဆိုတာ စဉ်းစားချင့်ချိန်နိုင်တဲ့၊ အသိဉာဏ်ရှိတဲ့ လူသားတွေလေဗျ။ စိတ်က တောင့်တတိုင်း ကိုယ်နဲ့မတည့်တာ သိလျက်နဲ့ မဆင်ချင်ဘဲ စားသောက်နေရင် မတောင့်တတဲ့ ရောဂါတွေနဲ့ ကိုယ့်မှာ ဖြစ်နေတဲ့ရောဂါ အားပေးသလိုဖြစ်တာပေါ့ဗျာ’

ကိုထွေးမောင်နှင့် ကိုထွန်းကျော်တို့က ကိုမြင့်ကျော်ပြောနေသည့် စကားတွေကို နှစ်ဦးသား ခေါင်းတညိတ်ညိတ်နှင့်ပင် ပြုံး၍ နားထောင်နေကြသည်။

‘သွေးတိုးရောဂါနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အဒေါ် သွေးသိပ်တိုးနေရင် သုံးတဲ့ ဆေးနည်းလေး ခင်ဗျားတို့ကို ပြောပြရဦးမယ်။ ခင်ဗျားတို့ သွေးတိုးရင် သုံးတဲ့ ဒန့်သလွန်ပင်ရဲ့ ဆေးပဲ’

‘ဒါဆို အမြစ်ကို သုံးခွက် တစ်ခွက် ကျိုသောက်တာမျိုးလား’

‘မဟုတ်ဘူး ကိုထင်ကျော်၊ အပင်ကြီးကြီး ဒန့်သလွန်ပင်တွေမှာ လေတိုးလို့ ကိုင်းတွေ ကျိုးကျတာ၊ ဒါမှမဟုတ် အကြောင်းတစ်ခုခုနဲ့ ဒန့်သလွန်ပင်ဟာ အနာဖြစ်ပြီးတော့ အဲဒီ အနာကနေ အစေးတွေ ထွက်နေတတ်တယ်။ ကြာတော့ အစေးတုံးကြီး ဖြစ်နေတာမျိုး ရှိသဗျ။

အဲဒီ ဒန့်သလွန်အစေးတုံးကို မန်ကျည်းစေ့တစ်စေ့ ကောင်းကောင်းလောက်ဖဲ့ ရေသန့်သန့်မှာ အချိန်နည်းနည်းကြာ စိမ်ပေးထားလိုက်ရင် ဒန့်သလွန်အစေးတုံးဟာ ပွလာပြီဆိုရင် အဲဒီအတိုင်း သောက်လိုက်ရုံပဲ။

အဒေါ်က သွေးတက်ပြီဆိုရင် ဇက်တွေခဲ၊ ခေါင်းတွေမူး၊ မျက်လုံးတွေက ကြည့်မကောင်းလို့ မှတ်ကို ထားရတာ။ သွေးတိုးမှန်း မသိခင်က နေမကောင်းဘူးပဲထင်နေတာ သွေးသိပ်တိုးနေရင် နေမကောင်းသလိုပဲ တချို့ထင်တတ်ကြတယ်။ ဆေးခန်းရောက်မှ သွေးတိုးဆိုတာ သိလာတာ။

သွေးတိုးရောဂါဟာ တိတ်တဆိတ်လူသတ်သမားလို့ တင်စားထားတာနော်။ သွေး သိပ်တိုးအားကြီးရင် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားနိုင်သလို လေဖြန်းတာ၊ လေဖြတ်တာတွေလဲ ဖြစ်တတ်တယ်။ သတိထားရမယ့်ရောဂါဗျာ။

ဒီဆေးနည်းကို တိုင်းရင်းသမားတော်ကြီးတစ်ဦးက အဒေါ်ကို ပြောပြတာတဲ့။ ကျွန်တော်တို့ အိမ်ဝိုင်းထဲမှာလဲ ဒန့်သလွန်ပင်ကြီးက ရှိနေ၊ အဒေါ်အတွက် အဆင်ပြေပေါ့။ ဒန့်သလွန်ပင်ဆိုတာက အကိုင်းအခက်တွေက သိပ်ဆတ်တာ၊ ကျိုးလွယ်၊ ပဲ့လွယ်တယ်လေ။

အဒေါ်အတွက်ဆေးကို ဒန့်သလွန်ပင်ပေါ် ကျွန်တော်တက်ပြီး ကိုင်းကျိုးပဲ့နေရာတွေမှာရှိတဲ့ ဒန့်သလွန်အစေးတုံးတွေ တက်,တက်ယူပေးခဲ့ရတာ။

ဒီဆေးကို အဒေါ်အမြဲ သုံးနေကျဗျ။ ခင်ဗျားတို့ သုံးကြည့်ပေါ့။ အဒေါ် ခုဆို အသက်(၈၀)ကျော်ရှိပြီ။ ဒီဆေးပဲ သုံးတာ။ **ဘယ်လောက် သွေးတိုးတိုး နာရီဝက်အတွင်း သွေးကျသက်သာသွားလိမ့်မယ်။ ဒါဟာ ကျွန်တော့် လက်တွေ့ဆေးနည်းပဲဗျာ’**

ဟု ကိုမြင့်ကျော်က သူ့အဒေါ် သုံးစွဲနေသော ဆေးနည်းကို ထိုကဲ့သို့ ပြောပြပါလေသည်။

**အေးချမ်းအောင် (ရမည်းသင်း)**



www.burmeseclassic.com

www.burmeseclassic.com

# ဆရာ ဦးဘိုလေး

## (B.A)၏ သူငယ်နာ အကြောပြင်နည်း

ရေးသူ-တောသိတစ်ဦး

**စစ်ကိုင်းမြို့၊ ဘော်ဂါရစ် ငါးထပ်ကြီးဘုရားအနီးနေ ဆရာဦးဘိုလေး (B.A)အား** သွားရောက်တွေ့ဆုံခဲ့ရာ ဖော်ရွေစွာ ကြိုဆို၍ ဆွေးနွေးပြောပြခဲ့သည်။

'ဆရာ့အမည်(B.A)ဆိုတာ တွေ့ရတယ်။ ဘာအဓိက ဘာသာရပ်နဲ့ ဆင်းတာလဲ'

'ကျွန်တော်တို့ ခေတ်တုန်းက အခုလို အဓိကဘာသာတို့၊ အထူးပြုဘာသာတို့ မရှိသေးပါဘူး။ **ဝိဇ္ဇာဘွဲ့(B.A)လို့**ပဲ ခေါ်ကြပါတယ်'

'ကျောင်းပြီးတော့ အလုပ်ဝင်သေးတာပေါ့နော်'

'ဟုတ်ကဲ့၊ ကုန်သွယ်ရေး မန်နေဂျာပါ။ ကုန်သွယ်ရေးဌာန ဖျက်သိမ်းတော့ ကုန်သွယ်လယ်ယာကို ပြောင်းရတယ်။ ၁၉၉၂ ခုနှစ်မှာ အသက်(၆၀)ပြည့် ပင်စင်ယူပါတယ်'

'ဆေးပညာကို **ဘယ်အချိန်ကစပြီး** သင်တာလဲ ဆရာ'

'ဖခင် ဦးချစ်ထွန်းဆီက သင်တာဆိုတော့ လူမှန်းသိတတ်စကတည်းက အမြင်အတွေ့ ရှိခဲ့ပါတယ်။ ကျောင်းတက်တော့ စာတွေ့ သင်ချင်တယ်လို့ ပူဆာပေမယ့် တက္ကသိုလ်ကျောင်းသားဗိန္ဒောဆေး မသင်ချင်ပါနဲ့၊ အရာရှိသာလုပ်ပါဆိုပြီး ငြင်းခဲ့တယ်။ မရမက ပူဆာလွန်းတော့ သင်ပေးပါတယ်။

ဆေးကုခန်း မဖွင့်ပေမယ့် နီးစပ်ရာ ကလေးလူနာတွေကို ကုသပေးခဲ့တယ်။ ဟိုတုန်းက အရာရှိတစ်ဦးဆိုတော့ လူတွေ တော်ရုံ မလာဝံ့ဘူး။ လုပ်ဖော်ကိုင်ဖက် မိသားစုထဲက ကြုံတွေ့ရသလောက်ပဲ ကုသပေးခဲ့ပါတယ်။



ဆရာဦးဘိုလေး(B.A)

အတွေ့အကြုံအနေနဲ့ အဖေလက်ထက်ကစပြီး မျက်မြင်ရှိခဲ့တာမို့ နှစ်ပေါင်း(၆၀)လောက်ရှိပြီလို့ ပြောရင်လဲ ရတာပေါ့'

'အခုလို ဆေးခန်းဖွင့်ပြီး လက်ခံကုတာက...'

'**သုံးနှစ်ပဲ ရှိပါသေးတယ်။** အနားယူစအချိန်နှစ်ပိုင်းတွေမှာလဲ ခုနကပြောသလို အရှိန်ကလေးက ရှိသေးတော့ လာမကုရဲကြဘူး။ ငွေကုန်ကြေးကျများမှာလဲ စိုးရိမ်ကြတယ်လေ'

'ဆေးဖိုးဝါးခ၊ ဥဏ်ပူဇော်ခကို ဘယ်လို သတ်မှတ်ထားပါသလဲ'

'**မရှိပါဘူး။** အဖေ့လက်ထုတ် အသက်ကယ်တဲ့ပညာကို ဆက်ခံပြီး ကုသိုလ်... ဘာပါ။ လူနာရှင်တွေကတော့ သိတ... ပါတယ်။ နှစ်ထောင်စ၊ သုံးထောင်... ကန်တော့ကြတယ်။ နွမ်းပါးသူတွေ... တော့ ပဲ၊နှမ်းစတဲ့ ယာထွက်သီး... ကလေးပေါ့'

'သူငယ်နာရောဂါနဲ့ ပတ်သက်ပြီး... နည်းနည်း ရှင်းပြပါဦး'

'ကျွန်တော် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကို ပို့လိုက်တဲ့ စာမူမှာ အတော်... ကလေးပြည့်စုံအောင်ရေးထားပါတယ်... အဓိက,ကတော့ **သူငယ်နာ အကြော... တက်ဝေဒနာကို အကြောပြင်ပေး... တာပါ။ ခေါင်းစောင်းမယ်၊ ရွဲ့မယ်... မျက်ဖြူလန်မယ်၊ မျက်စိစွေစောင်း... မယ်၊ အကြောဆွဲမယ်၊ တက်မယ်... ဝမ်းသွားမယ်။ ဒါတွေဟာ သူငယ်... နာ လက္ခဏာတွေပါ။**

သူငယ်နာကို ခေါင်းစဉ်ခွဲရင် သူငယ်... ကုပ်လန်၊ ကုပ်စောင်းရှိတယ်။ သူငယ်... အသက်ကိုလဲ ကြည့်သေးတာကိုး။ (၃)ရက်... (၆)ရက်၊ (၃)လ၊ (၆)လ သူငယ်နာ... ဆိုရင် ခက်ခဲတာများတယ်။ ဝေဒနာ... တယ်ပေါ့။ ဒါပေမယ့် လူတိုင်းတော့ မ... ပါဘူး။ ဂရုတစိုက် မပေါ့ဆတဲ့ ... ပျောက်နိုင်ပါတယ်။

**အတွင်းတက်၊ အပြင်တက်ဆို... နှစ်မျိုးရှိ**ရာ အပြင်တက်က သိ... တယ်။ မိဘတွေ ဂရုစိုက်ကြ... အတွင်းတက်က မှိန်းနေမယ်။ အိပ်... တယ်။ ကလေးအေးတယ်ဆိုပြီး ... အေးဆေးဆေး ထင်တတ်တယ်။ အ...



www.burmeseclassic.com

www.burmeseclassic.com

အနေဆိုးလာမှ ကျွန်တော့်ဆီ ရောက်လာကြတယ်။

ဒါကြောင့် မိခင်တွေကို ပြောချင်တာက ကလေးအမြဲတမ်း မျက်စိမှိတ်နေမယ်၊ ငြိမ်နေမယ်ဆိုရင် မပေါ့ပါနဲ့။ အပြင်တက်က ဒီ။ အဲ အော်တယ်။ ကော့လန်ပြီး ကွေးကောက်နေတယ်ဆိုတော့ စိုးရိမ်စရာဖြစ်ပေမယ့် အသိစောတယ်။ အတွင်းတက်က နောက်ကျပြီး မျက်ဖြူလန်မှ သိကြ သတိထားကြရတယ်လေ။ ဒါကြောင့် အတွင်းတက်ကို ဂရုစိုက်ကြပါလို့။

သုံးရက်သားကလေးက မီးတွင်းကလေးဆိုတော့ နုနယ်လွန်းတာမို့ ပိုပြီးဂရုစိုက်ရပါမယ်။ တချို့လဲ ဒီပညာပေါ် ယုံကြည်လို့ ကလေးကို ခေါ်လာတယ်။ မိခင်က မီးတွင်းမှာမို့ တခြားလူက ခေါ်လာရတယ်။ ဖြစ်စပြုနေရင် အကြောပြင်ပေးတယ်။ မဖြစ်သေးရင် ကြိုတင် အကြောဖြေပေးပြီး ကာကွယ်လို့ ရပါတယ်။

**ညှပ်ရိုးအောက်က သွေးကြော၊ လေကြောကလေးကို** ဖွင့်ပေးလိုက်တာပါ။

BURMESE CLASSIC

ကလေးလူနာတစ်ဦး တက်ပြီးရောက်လာတာနဲ့ ပထမဆုံးစမ်းတာက **ခြေဖဝါးခွကြော *(ခြေမနဲ့ ခြေညှိုးကြားအကြော)*ကို** နှိပ်ပေးတယ်။ **နောက် ခြေသလုံးကြော၊** ပြီးတော့ **ကုပ်ကြောလေး နည်းနည်း ဆွဲကြည့်တယ်။** ဒီအချိန်မှာ အိ.အဲ့အသံထွက်လာရင်တော့ ကိုယ့်ဘက်ပါပြီ။ လုံးလုံးအသံမထွက်ဘူးဆိုရင် စိတ်မချရသေးဘူး။

**တစ်ခုရှိပါတယ်။ ဆေးခန်းသွား ဆေးထိုး ဆေးစားသော်ရင် ရှိနေတာရှိတယ်။ ဆေးအက်ကြောင့် သက်ရောက်မှုရှိတာ တိုလဲ သတိထားရတာပေါ့'**

'ဆရာ့အတွေ့အကြုံအရ ကုသသမျှထဲက ဖိတ်စဉ်တာ တွေ့ကြုံဖူးသလား'

'မရှိပါဘူး။ လူနာနှစ်ထောင်လောက် ကုသပေးခဲ့တာ အားလုံး အောင်မြင်ပါတယ်။ တချို့က တက်ပြီး လုံးဝမလှုပ်နိုင်တဲ့အခြေအနေ အချိန်လွန်မှ ရောက်လာတာမျိုး၊ ကျွန်တော်လဲ ဘာမှမတတ်နိုင်ဘူး။ စမ်းသပ်ကြည့်လို့ ကိုယ့်ဘက်ပါမယ်၊ မလွန်သေးဘူးဆိုမှ ကုပေးတာဆိုတော့ အဖိတ်အစဉ် မရှိပါဘူး'

'ဆရာကြီး ဦးချစ်ထွန်းရဲ့ ပညာမွေခံ တပည့် ဘယ်နှစ်ယောက် ကျန်ခဲ့သလဲ'

'အဖေက ကျွန်တော်ရယ်၊ သူ့တူ ကျွန်တော့်ညီဝမ်းကွဲရယ်၊ တခြား တပည့်တစ်ယောက်ရယ် ဒါပဲ သင်ပေးခဲ့တယ်။ စိတ်ဝင်တစား သင်ယူတဲ့လူတွေ မရှိတာလဲပါတယ်။ ညီဝမ်းကွဲဆိုရင် ကောင်းမှုတော်အလွန်က ညောင်ပင်ဇင်ရွာမှာ ကုခန်းဖွင့်ထားတာ နှစ်(၂၀)လောက်ရှိပြီ။ နေ့စဉ် တန်းစီစောင့်ရတယ်။ ကျွန်တော်လဲ အခု သုံးနှစ်တွင်းမှ လူတွေ လာရကြတာရယ်၊ ညောင်ပင်ဇင် သွားဖို့ ကုန်းတစ်တန်၊ ရေတစ်တန် ခရီးဖင့်တာရယ်ကြောင့် ကျွန်တော်လဲ ဖိတ်ခေါ်၊ သူတို့လဲ တစ်စတစ်စနဲ့ သိပြီး ရောက်လာကြတာပါ'

'ဆရာ့အနေနဲ့ ဒီပညာကို ဝါသနာပါလို့ သင်ခဲ့တာလား'

**'ဝါသနာပါ ပါပါတယ်။ ကုသိုလ်လဲ ရတာယ်။** နောက်တစ်ချက်က အဖေ့ကို အထင်ကြီးရတာ။ ဟိုတုန်းက တိုင်းဝန်ထောက်တွေစတဲ့ အရာရှိကြီးတွေ ကိုယ်တိုင်ပင့်ပြီး ကုကြတယ်။ ရွှေမန်းတင်မောင်ဆိုရင် မိသားစု ဆရာဝန်ရှိတာပဲ၊ ဒါပေမယ့် ကလေးတွေ တစ်ခုခုဖြစ်တိုင်း အဖေ့ကို လာပင့်တာပဲ။ ညွှန့်ဝင်းလား၊ ဝင်းဗိုလ်လား မမှတ်မိတော့ဘူး။ ဦးတင်မောင်ကိုယ်တိုင် လာလာခေါ်တာ တွေ့ရတယ်။ ဒါကြောင့်လဲ လေးစားပြီး သင်ဖြစ်တာပါ'

**'သူငယ်နာ အကြောပြင်ပုံကလေး** ပြောပြနိုင်မလား ဆရာ'

'အကြောပြင်တာပါပဲ။ ကလေးဆိုတော့ အရိုးနုတယ်။ ဒါကို သတိပြုပြီး ကိုင်ရတယ်။ ခါးကြော၊ **ကုပ်ကြော၊ ပခုံးကြော လူကြီးနဲ့တူတူပဲ။** အခုလေးတင် တစ်ယောက်ပြန်သွားတာ။ ကြုံကြိုက်ရင် လက်တွေ့ပြနိုင်တာပေါ့။ အဓိက,ကတော့ အတွေ့အကြုံပါ။

ဒီအကြောပြင်လိုက်တာနဲ့ တုံ့ပြန်မှု ဘယ်လိုရှိတယ်။ ခေါင်းကလေး ယိုင်လာတယ်။ မျက်နှက်လေး လည်လာတယ် စသဖြင့် အကဲခတ်နိုင်တဲ့ ပညာသိ အတွေ့အကြုံပေါ့။ တချို့သူငယ်နာကျတော့ မျက်စိလုံးဝကွယ်သွားတာတွေရှိတယ်။ ဒါကို ပြန်မြင်အောင် ဖြည်းဖြည်းချင်း ပြင်ပေးရပါတယ်'

'ဆေးဝါးသုံးတာ ရှိသလား ဆရာ'

**'အကြောအားဆေး၊ ချွဲယိုင်ဆေး စသည်ဖြင့် သူငယ်နဲ့ဆိုင်တဲ့ဆေးတွေ နည်းနည်းပါးပါး သုံးပါတယ်။** ဒီအတွက် ဆိုင်းတန်းက ပရဆေးဆိုင်မှာ သူ့သမီးကလေးက တိုင်းရင်းဆေး ဒီပလိုမာ အောင်ထားတယ်။ သူနဲ့ တိုင်ပင်ပြီး သူငယ်နာလက္ခဏာနဲ့ သင့်တော်မယ့်ဆေးကို ဆွေးနွေးပြီး ဝယ်ပေးတာပါပဲ။

တိုင်းရင်းဆေးခန်းသုံး ဆေးဖုံတွေပါ။ ကျွန်တော်က အကြောသီးသန့်ဆိုတော့ ဆေးဝါးကိစ္စကို အခုလို တတ်ကျွမ်းသူတွေရဲ့ အကူအညီယူတာ အကောင်းဆုံးပေါ့'

အချိန်ရခိုက် ဆရာဦးဘိုလေးနှင့် ဆွေးနွေးခဲ့ရသမျှ အချက်အလက်များဖြစ်ပါသည်။ အရာရှိတစ်ဦး၏ အေးချမ်းသော အနားယူချိန်ကို အကျိုးရှိစွာ အသုံးပြုနိုင်သည့် ဆရာဦးဘိုလေးအား လေးစားစွာ ဂါရဝပြုလျက်...

**ဆေးသုတေသီတစ်ဦး**

www.burmeseclassic.com

ကင်ပွန်းရွက်နှင့်

# ဗိုက်ပွမှုဝေဒနာ

စာရေးသူသည် ၂၀၁၃ ခုနှစ်၊ မတ်လထဲမှာ **ဒေးဒရဲမြို့နယ်အပိုင်ထဲက ကျုံသင်ကျေးရွာမှာ** နေထိုင်ကြသော ကိုသန်းလှတို့၊ မတင်တင်မြတို့၏အိမ်ကို ရောက်ရှိဖြစ်ပါသည်။

သူတို့မိသားစုကလည်း စာရေးသူတို့ မိသားစုနှင့်ဆို မိသားစုတစ်စုတည်းကဲ့သို့ ခင်မင်ကြပါသည်။ သူတို့သည် လယ်ယာလုပ်ငန်းကို အေးဆေးစွာ လုပ်ကိုင်စားသောက်ကြပါသည်။

ထိုမိသားစုထဲတွင် အဖေ၊ အမေကလွဲပြီး အိမ်မှာရှိသည့် ယောကျ်ားလေး တစ်ယောက်၊ မိန်းကလေးနှစ်ယောက်တို့ကို ကျန်းမာရေးအရ သားသမီးများအဖြစ် စာရေးသူမှ ဝယ်ယူမွေးစားထားသော စာရေးသူ၏သားသမီးများ ဖြစ်ပါသည်။

ထို့ကြောင့်မို့လည်း ထိုသားသမီးများရှိရာကို မကြာခဏဆိုသလို ရောက်ဖြစ်ပါသည်။ ထိုကဲ့သို့ ရောက်နေသော တစ်ညနေစောင်းအချိန်၌ သားဖြစ်သူ မောင်အေးမင်းနိုင်မှ...

'ဒယ်ဒီ ကျွန်တော့်ဗိုက်က လေပွနေလား မသိဘူး။ အသက်ရှူလို့ကောင် သိပ်မကောင်းဘူး။ ဗိုက်ကလဲ ဘုံးဘုံး တုံးဘုံး ဖြစ်နေတာပဲ'

စိတ်ပူတတ်သော အဖေရင်းဖြစ်သည့် ကိုသန်းလှက...

'ဒါဆိုမဖြစ်ဘူး။ မြို့တက်ပြီး ဆေးခန်းပြမှ ဖြစ်မယ်'

'နေပါဦး ကိုသန်းလှရယ်၊ ခဏ ကြည့်ပါရစေဦး၊ ကဲ... မှန်းစမ်း'

ဟုတ်ပါ၏။ သား ဗိုက်ပွနေတာ ညနေစောင်းတော့ ပိုဆိုးတာပေါ့။

ကဲ... စာရေးသူ ဖတ်ရှုလေ့လာထားသည့် စာကောင်းပေမွန်တွေထဲက နည်းကောင်းလေးတစ်ခုကို ထုတ်နုတ်ပြီး ရဲရဲကြီး အသုံးပြုရန် ဆုံးဖြတ်လိုက်ပါ၏။

အချိန်ကလည်း ညနေငါးနာရီခွဲ ကျော်နေပြီ။

'ကဲ... ကလေးတို့ ခြံထဲမှာ ကင်ပွန်းချုံပင် ရှိတယ်မဟုတ်လား။ အရွက်ကို အနုအရင့် ပေါင်းပြီး လက်တွင်းနှစ်ဆုပ်စာလောက် ရအောင် ခူးခဲ့ကြ'

ခူးလာသော ကင်ပွန်းချဉ်ရွက်များကို ရေစင်စင်ဆေးပြီး ကျောက်ပျဉ်တွင် ညက်အောင်ကြိတ်ပါသည်။

ကြိတ်ဖတ်များကို မီးဖြင့် အပူနွေးဓာတ်ရအောင် လုပ်ပြီး ဝမ်းဗိုက်တပြင် လုံးကိုဖြန့်ပြီး အဝတ်စဖြင့် စည်းပတ်ထားပေးပြီး...

'ကဲ...သား မင်းအိပ်ရာထဲမှာ သွားအိပ်တော့ အိပ်ရာနိုးလာရင် ကောင်းသွားလိမ့်မယ်'



နံနက်မိုးလင်း၍ အိပ်ရာထတော့ မောင်အေးမင်းနိုင်မှ ဗိုက်လည်း မပွတော့၊ အသက်ရှူလို့လည်း မကျပ်တော့ နဂိုမူလအတိုင်း ဖြစ်နေသည်ကို မိမိကိုယ်တိုင် အံ့ဩစွာ တွေ့ရပါသည်။

ထို့ကြောင့် ဆေးရုံဆေးခန်းများနှင့် အလှမ်းဝေးနေပြီး ထိုကဲ့သို့ ဝမ်းဗိုက်ပွပြီး မရှူနိုင် မကယ်နိုင်ဖြစ်နေသော ဝေဒနာရှင်များနှင့် တိုက်ဆိုင်ခဲ့ပါလျှင် အရေးပေါ် ကုသကယ်မနိုင်ရန် ကရုဏာရှေ့ထား မေတ္တာပွားပြီး တင်ပြပေးလိုက်ပါ၏။

**ကျမ်းကိုး။** ။ (ဝဋ္ဋော သျှစ် ကျဋ္ဋော ဒပ...)

***သဗ္ဗေသတ္တာ အဝေရာဟုန္တု***

**ရောတီမ်ကျော်(မအူပင်)**



www.burmeseclassic.com